
www.burmeseclassic.com



# တင်မောင်မြင့်

# အတိတ်ခြေရာ – ၂

မဂ္ဂဇင်းဘာသာပြန်ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

**စာဝုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**

[ပထမအကြိမ်၊ ၂၀၀၇၊ ဒီဇင်ဘာလ၊ အုပ်ရေ ၅၀၀]

◈

စာမူခွင့်ပြုချက်အမှတ်

၅၀၀၆၁၅၀၁၅

◈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၃၁၉၁၀၀၇

◈

စီစဉ်ထုတ်လုပ်မှု

နီနီအောင်

◈

မျက်နှာဖုံးပန်းချီ

မောင်နိုး

◈

အတွင်းပုံနှိပ်

ရာပြည့်ပုံနှိပ်တိုက်

အမှတ်-၁၉၉၊ လမ်း (၅၀)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

◈

မျက်နှာဖုံးပုံနှိပ်

ဦးဇော်မြင့်ဝင်း (Colour Zone Offset)

အမှတ်-၁၈၄(ဘီ)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

◈

ထုတ်ဝေသူ

ဦးကြည်လွင်(ခ)မောင်လွမ်းခိုင်၊ သပြေညိုစာပေ

၆၃၄၊ စံရိပ်ငြိမ်လမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။

◈

ကွန်ပျူတာ 'ရွှေနဒီ'

အတွင်းဖလင် - 'ပုံရိပ်ရှင်'

စာအုပ်ချုပ် - ရွှေတြိဂံ

တန်ဖိုး - ၂၀၀၀ ကျပ်



## တင်မောင်မြင့်

ရေဝတီတိုင်းဟသာတခရိုင်စစ်ကျွန်းရွာတွင် အဖ ဦးမောင်မြေ၊ အမိဒေါ်ကျော့ စိန်တို့က ၁၉၃၁ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် မွေးဖွားသည်၊

ရန်ကုန်မြို့ ရေကျော်ဦးမောင်မောင် အလွတ်ပညာသင်ကျောင်းတွင် အလယ်တန်းအောင်ပြီး တောင်ကြီးမြို့အစိုးရအထက်တန်းကျောင်း(ယခုအထက - ၁)မှ ၁၉၅၈ - ခုနှစ်တွင်တက္ကသိုလ်ဝင်တန်းအောင်သည်၊ ၁၉[illegible] - ခုနှစ်တွင် ဘီအိုစီကုမ္ပဏီ (ယခု MOGE)တွင် အလုပ်ဝင်ပြီး ၁၉၉၄ - ခုနှစ်တွင် ငွေစာရင်းအရာရှိအဖြစ်နှင့် အငြိမ်းစားယူသည်၊

၁၉၈၅ - ခုနှစ်တွင် သည်းဦးပန်းမဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင်၊ ၁၉၈၈ - ခုနှစ်တွင် အထောက်တော်လုအောင်၏ သတင်းမဂ္ဂဇင်းတွင် ဒုတိယ အယ်ဒီတာချုပ် တာဝန်များ ထမ်းဆောင်ခဲ့သည်၊

၁၉၈၃ - ခုနှစ်တွင် နာမည်ရင်းဖြင့် ငွေကျွန် (World Rapers by Jonathan Black) ကိုမြတ်ငြိမ်းနှင့်တွဲပြီးဘာသာပြန်ခဲ့သည်။ ယနေ့အထိသံယောဇဉ်ကမ်းခြေ(၁၉၈၃) (Man on Fire by A.J. Quinnell)၊ အချစ်၏အခြား သော မျက်နှာစာ (၁၉၈၄) (Rendezvons by Evelyne Anthony)၊ ငယ်စာရင်းဝင်မို့ (၁၉၈၄) (Not as a Stranger by Morton Thompson)၊ သံမဏိလိပ်ပြာ (၁၉၈၇) (Philadeiphian by Richard Powell)၊ အရိပ်မဲ့ရုပ်ပုံလွှာ (၁၉၈၅) (Snap Shot by A.J.Quinnell)၊ မဟာရံတံတိုင်းကို ဖြတ်ကျော်ခြင်း (၁၉၈၅) (This Side of Glory by Gwen Bristow)၊ မေတ္တာရှာပုံတော် (၁၉၈၅) (Where Love has Gone by Herold Robin)၊ တမ်းတတတ်သည် (၁၉၈၅) (Remenberance by Dannielle Steel)၊ အချစ်များစွာနဲ့ဆရာ (၁၉၈၇) (To Sir With Love by E.R. Braithwaite)၊ နွေကန္တာ (၁၉၈၈) (Deep Summer by Gwen Bristow)၊ မာနမီးလျှံ (၁၉၉၉)၊ (Body of Love by Charles Keats)၊ မဒမ်ကျူရီ (၂၀၀၁)၊ (Madame Curie by Eve Curie)၊ ဓလေ့ရဟတ်နီ (၂၀၀၄) Moulin Rouge by Pierre la Mure)၊ တောင်ပံမဲ့သင်းကွဲတေးဆိုငှက် (၂၀၀၄)၊ (To Kill a Mocking Bird by Harper Lee)၊ စကားလက် (၂၀၀၆)၊ (Scarlett by A Lexandra Ripley) အပါအဝင် ဘာသာပြန်စာအုပ်ပေါင်း (၇၅)အုပ် ရေးသားခဲ့သည်။ ၂၀၀၁ - ခုနှစ်၊ အမျိုးသားစာပေဆု(ဘာသာပြန်၊ သုတ)ကိုမဒမ်ကျူရီစာအုပ်ဖြင့်လည်းကောင်း၊ ၂၀၀၄ ခုနှစ် (ဘာသာပြန်ရသ)ကိုတောင်ပံမဲ့သင်းကွဲတေးဆိုငှက် စာအုပ်ဖြင့်လည်းကောင်း ရရှိသည်။

www.burmeseclassic.com

# မာတိကာ


- အတိတ်ခြေရာ(၂) နှင့်ပတ်သက်၍

၁။ ရိုးပြာမြေဝယ်မြေ့စေတော့ (၁) ၇

Chairmender's Love by Guy de Maupassant

၂။ တကယ့်အလှ ၁၈

Hands by Alisha Kepiano

၃။ ကင်ဆာ ၂၈

From Adventures in Two Worlds by A.J Cromin

၄။ ခန်းဆီး ၄၀

The Curtain by Yash Pal

၅။ အချစ်နှင့်အရောင်အဆင်း ၄၈

The girl from Oade-Kraal by Ora Scheel

၆။ ပြန်တော့မယ်စုနန္ဒာ ၆၅

Brief moment of intimacy by Yash Pal

၇။ အချစ်တရားစီရင်ခန်း ၇၈

Judgement on Lovers by Garmett Radcliffe

၈။ လဝန်းနီနီ ၉၀

The Red Moon by Sotiris Patazis

၉။ ဒယီးဒယိုင် ၁၁၂

Reel by Xing Ge


www.burmeseclassic.com

www.burmeseclassic.com

၁၀။ ဦးရဲ့သမီး ၁၁၆
The case of Miss Lomas by H.E Bates
၁၁။ ဆရာမနဲ့ကျွန်တော့်အဖေ ၁၂၉
Dad and My teacher by Hugh Miller
၁၂။ ချစ်၍ခေါ်ရာ ၁၃၆
Kosobo Story by Tim Martin
၁၃။ ကျောက်ဆောင်ပေါ်မှာ ၁၄၇
On the Rocks by Dick Purnell
၁၄။ မျက်ကန်းဆရာဝန် ၁၅၃
You never can tell by J.Foster
၁၅။ တောင်ပေါ်ရွာကဆေးရုံကလေး ၁၅၇
When You dread failure by A.J Cronin
၁၆။ မေမေ့နှလုံးသား ၁၆၄
Mama's Heart by Toni Fulco
၁၇။ ရီးပြာခဲ့မြဲဝယ်မြဲစေတော့(၂) ၁၆၈
He Has not Left me by Joice Brothers
၁၈။ ချမ်းမြေ့ရိပ်မြုံ ၁၇၆
Where the Heart Is by Brenda Nicholes Aniley
၁၉။ နာမည်ကလေးတော့သိသင့်တာပေါ့ ၁၈၂
I Don't even know your name by Jean C. Fultan
၂၀။ လက်စွပ်ကလေးပြောသောဇာတ်လမ်း ၁၈၈
Ring of Truth by Henry Hurt
၂၁။ ဖွေရှာပျော် ၂၀၁
The Prisoners of Differdange by Edwin Muller
၂၂။ အဝေးပြေးလမ်းပေါ်မှာ ၂၁၂
Never stop on the Motorway by Rose Wyne
၂၃။ နှင်းဆီတစ်ပွင့်၏ဒဏ္ဍာရီ ၂၂၃
Legend of the Rose of the Alhambra by Washington Irvin
၂၄။ တံမြက်စည်းလှဲသူ ၂၄၀
Clean Sweep Ignatius by Jeffery Archer7

## အတိတ်ခြေရာ(၂) နှင့်ပတ်သက်၍

အတိတ်ခြေရာ(၁)ကို ရွှေမှုန်စာပေက ၂၀၀၆ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။ စာအုပ်တစ်အုပ်ကို ဘာသာပြန်ပြီး နာမည်မပေးတတ်၍ ကျွန်တော့်ဆရာသမားများ ဖြစ်ကြသည့် ဆရာလူအောင်တို့၊ ဆရာမြတ်ငြိမ်းတို့အား တိုက်ကျွေးပြီး (လက်ဖက်ရည်မဟုတ်ပါ) နာမကရဏ မင်္ဂလာချီးမြှင့်ပါရန် စာအုပ်ရေးပြီးတိုင်း နာမည်တောင်းရကြောင်း ကျွန်တော် ရေးခဲ့ဖူးပါသည်။

အလုပ်မှ ပင်စင်ယူပြီးနောက် အပေါင်းအသင်းများကောင်းမှုဖြင့် ဘာသာပြန်စာအုပ်အချို့ကို တိုက်အသီးသီးမှ ထုတ်ဝေဖြစ်ခဲ့ပါသည်။ သမီးတစ်ယောက်က DTP လုပ်နေသဖြင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို စိတ်ဝင်စားသည်။ ထို့ကြောင့် အဖေ့စာအုပ်တွေ ပြန်ထုတ်ချင်သည်ဆိုသဖြင့် ကျွန်တော် ကြိုက်သည့်စာအုပ်အချို့ကို ဘယ်တိုက်မှ မပေးဘဲ ဖယ်ထားခဲ့ပါသည်။ သို့သော် တစ်အုပ်၊ နှစ်အုပ်သာထွက်ပြီး အကြောင်းကြောင်းသော အကြောင်းများကြောင့် ဆက်မထွက်နိုင်ခဲ့ပါ။

သမီးကိုယ်တိုင် ကွန်ပျူတာရိုက်ပြီး၊ အချို့စိစစ်ရေးတင်ပြီးသား၊ အချို့ကျပြီးသားများလက်ထဲတွင် ရှိနေသည်။ ယင်းတို့အထဲတွင် ဝတ္ထုတိုပေါင်းချုပ် နှစ်အုပ်ပါသည်။ ကျွန်တော်က ထုံးစံအတိုင်း "... နှင့် အခြားဝတ္ထုတိုများ" ဟု ရိုးရိုးကြီးနာမည်ပေးသည်။ တချို့မှာ သူမမွေးခင် ၁၉၇၀ ပြည့်လွန်နှစ်များ၊ မဂ္ဂဇင်းဝတ္ထုများဖြစ်သဖြင့် မချောက သူ့သဘောနှင့်သူ နာမည်ပေးလိုက်ပါသည်။ 'အတိတ်ခြေရာ' တဲ့။ သူ့အဖေ၏ ယမ်မှုလက်ရာများကို အမှတ်တရဖြစ်စေလိုဟန်တူပါသည်။ ဤသို့ဖြင့် အတိတ်ခြေရာ(၂) ကို ရန်အောင်စာပေ(၂) မှ ထုတ်ဝေလိုသည်ဆို၍ စာဖတ်သူများလက်ထဲသို့ ရောက်လာခြင်းဖြစ်ပါသည်။ ပြန့်ကျဲနေသည့် စာမူများကို ရှာဖွေစုစောင်းပေးသည့် နီတာဦး (ဥက္ကာမြေ) နှင့် ထုတ်ဝေပေးဖော်ရသည့် ရန်အောင်စာပေ(၂) အား ကျေးဇူးစကား ဆိုအပ်ပါသည်။

အားလုံးကိုလေးစားလျက်
တင်မောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

# ရှိးပြာမြေဝယ် မြေ့စေတော့ (၁)

ဘက်ထရမ်မြို့စားကြီး၏အိမ်တွင် ကျင်းပသည့် ညစာစားပွဲမှာ အမဲလိုက်ရာသီကို ကြိုဆိုသည့် အထိမ်းအမှတ်ပွဲ ဖြစ်သည်။ ဧည့်သည်များထဲတွင် မြို့နယ်ဆရာဝန်ကြီးလည်း ပါဝင်လေသည်။

စားသောက်၍ ပြီးကြသောအခါ သစ်သီးဝလံ ပန်းမန်အလှတို့ဖြင့် ဖုံးလွှမ်းနေသော ရောမစားပွဲဝိုင်းကြီးတွင် ဝိုင်းဖွဲ့ကာ အာလာပသလ္လာပများကို ပြောဆိုနေကြလေသည်။

သူတို့သည် ရောက်တတ်ရာရာ ပြောရင်းပြောရင်း အကြောင်းအရာတစ်ခုကို ဦးတည်၍သွားကြသည်။ သူတို့စပ်မိသော အကြောင်းအရာမှာ အသားအကြောင်းအရာတည်း။

တစ်စုံတစ်ယောက်သည် **တကယ်စစ်မှန်နက်နဲသော မေတ္တာကြောင့် အကြိမ်ကြိမ်ချစ်၍ ရမည်လော။ တစ်ကြိမ်တည်းသာ ချစ်နိုင်မည်လောဟု** သည့် **ပြဿနာဖြစ်၏**။

ဤသို့ဖြင့် မီးခိုးမဆုံး မိုးမဆုံးသော အကြောင်းအရာကို စကားရွှေလုပွဲကလေးတစ်ခုပမာ အခြေအတင် ငြင်းခုံကြလေသည်။ တစ်သက်တွင် တစ်ကြိမ်သာချစ်၍ရသည်ဟု ယုံကြည်သူများက သူတို့အတွေ့အကြုံများကို တင်ပြကြပြီး၊ အကြိမ်ကြိမ်ချစ်၍ရသည်၊ အကြိမ်ကြိမ်တိုင်းလည်း နှစ်နှစ်သာသာ ချစ်၍ရသည်ဟု ယူဆသူများကလည်း သူတို့၏အယူအဆများကို အခိုင်အမာ တင်ပြကြလေသည်။

www.burmeseclassic.com



အမျိုးသားများက ယင်းဂိမ့်မျိုးမှာ 'ဤအရာကား တားဆီး၍မရပါ' ဟူသကဲ့သို့ အကြိမ်ကြိမ် ငြီးငွေ့ယ်လွှမ်းမိုးနိုင်ကြောင်း။ ဝေဒနာတစ်ခုတည်းက လူတစ်ယောက်ကို အခါခါဒုက္ခပေးနိုင်ပြီး ယင်းဝေဒနာကို သေချာစွာ တားကွယ်တားဆီးခြင်း မပြုနိုင်ပါလျှင် အသက်ကိုပင် အန္တရာယ်ပြုနိုင်ကြောင်း စသည် စသည်ဖြင့် သူတို့၏အယူအဆကို တင်ပြကြ၏။

နှစ်ဖက်စလုံး အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ဆွေးနွေးကြသည်။ အမျိုးသမီးပိုင်းကမူ ကဗျာလင်္ကာများတွင် တွေ့ရတတ်သည့်အချစ်မျိုးကို ညွှန်ပြငြင်းခုံကြပြန်သည်။ စစ်မှန်၍ အဆင့်အတန်းမြင့်မားဖြူစင်သည့် အချစ်မျိုးသည် တစ်သက်တွင် တစ်ခါသာပေါ်နိုင်ပြီး ဤအချစ်မျိုးဖြင့် ချစ်ဖူးသော နှလုံးသားသည်လည်း မိုးကြိုးခသည့်နှယ် လောင်ကျွမ်းပျက်ကြွေသွားတော့ကြောင်း၊ ယင်းနေရာတွင် အဘယ်အချစ်စို့ အချစ်ညှောင့်ကလေးများမှ ပြန်လည်ပေါက်ဖွားရှင်သန်နိုင်တော့မည် မဟုတ်ကြောင်းဖြင့် အဆိုပြုကြသည်။

၎င်းအဆိုနှင့်ပတ်သက်၍ မြာပွေ့သူ အိမ်ရှင်မြို့စားကြီးက အပြင်းအထန် ဆန့်ကျင် ငြင်းခုံလေတော့သည်။

"ကျုပ် ကိုယ်တွေ့ပြောရရင်တော့ အကြိမ်ကြိမ် ချစ်နိုင်တယ်ဆိုတာ သိပ်ဖြစ်နိုင်တယ်၊ ဖြစ်နိုင်သမျှ အကြိမ်တိုင်းလည်း နှစ်နှစ်ကာကာ ပြင်းပြင်းပြပြ ရှိရှိလမ်းလမ်းကို ချစ်လို့ရနိုင်တယ်ခင်ဗျ။ နှစ်ခါပြန် မချစ်နိုင်ကြောင်းကို အချစ်အတွက် အသက်စတေးသွားကြသူတွေကို သာဓကအဖြစ်နဲ့ ခင်ဗျားတို့ ထောက်ပြကြတယ်၊ သိပ်မှားတာပေါ့ဗျာ။ ဒီမယ် .. ကျုပ်ပြောမယ်၊ သူတို့တစ်တွေ အဲဒီလို ရူးရူးနှမ်းနှမ်း မလုပ်မိကြရင် အချိန်က သူတို့ဝေဒနာကို ကုစားပေးမှာ မုချဗျ။ အဲ .. ပြီးတော့ သူတို့ရဲ့အချစ်စိတ်ဟာ နာလန်ထလာပြီး ထပ်ခါတလဲလဲ ချစ်နိုင်ဦးမှာသေချာတယ်။ လောကမှာ မသောက်ရ မနေနိုင်သလို မချစ်ရမနေနိုင်သူတွေ ဒုနဲ့ဒေး ခင်ဗျ။ အရက်ရဲ့အရသာကို ရေရေလည်လည် သိသွားတဲ့ လူတစ်ယောက်ဟာ အရက်ကို အမြဲသောက်ချင်နေသလို အချစ်ရဲ့ အရသာကို မြည်းဖူးသူတိုင်းဟာလည်း အမြဲတမ်းချစ်ချင်နေမှာပဲ။ ဒါက စိတ်နဲ့ဆိုင်တဲ့ကိစ္စဗျ"

ယခုအချိန်ထိ တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ဆွေးနွေးခြင်းမပြုသေးသော ဆရာဝန်ကြီး၏ သဘောထားကို ဧည့်သည်များက မေးမြန်းကြပြန်သည်။ ဆရာဝန်ကြီးမှာ ပါရီနေပြည်တော်သားတစ်ဦးဖြစ်ပြီး သူ့ဘဝကို ဆောမြို့ကလေးတွင် လာရောက်မြှုပ်နှံထားသူဖြစ်၏။





"အင်း .. မြို့စားကြီးပြောသလိုပါပဲ။ ဒီအချစ်ဆိုတဲ့ ခံစားမှုဟာ စိတ်ရဲ့ အာဟာရတစ်မျိုးပဲခင်ဗျ" ဟု အစချီ၍ ဆရာဝန်ကြီးကပါ ဝင်ဆွေးနွေးလေသည်။

"အင်မတန် ခိုင်ကျည်ပြင်းပြတဲ့ အချစ်မျိုးကို ကျွန်တော် တွေ့ဖူးတယ်ခင်ဗျ။ တစ်ရက်မှ မမေ့မလျော့ဘဲ ငါးဆယ့်ငါးနှစ်လုံးလုံး ချစ်သွားတဲ့အချစ်မျိုး၊ သေတဲ့အထိချစ်သွားတဲ့ အချစ်မျိုး၊ တစ်နည်းပြောရရင် ချစ်ရင်းသေသွားတဲ့ အချစ်မျိုးဆိုပါတော့"

အိမ်ရှင် မြို့စားကတော်သည် ဆရာဝန်ကြီးအား ဝမ်းသာအားရ ထောက်ခံအားပေးရင်း "ကြည့်စမ်း၊ ဘယ်လောက်များ အားကျစရာကောင်းသလဲ။ အဲဒီလိုအချစ်မျိုးနဲ့များ အချစ်ခံချင်လိုက်စမ်းပါဘိ။ ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲလို့၊ ငါးဆယ့်ငါးနှစ်လုံးလုံး ထွေးထွေးနွေးနွေးနဲ့ သာ ချစ်ခံရရင် သူ့ဘဝဟာ ဘယ်လောက်များ ကြည်နူးနှစ်သိမ့်စရာ ကောင်းလိုက်မလဲနော် ဆရာ"

ဆရာဝန်ကြီးက ပြုံးလိုက်သည်။

"ဟုတ်ပါတယ် မြို့စားကတော်၊ ကျွန်တော့်ဇာတ်လမ်းရဲ့ ဇာတ်လိုက်ဟာ တခြားလူမဟုတ်ပါဘူး၊ ဒီကဧည့်သည်တွေ အားလုံးသိကြတဲ့ မြို့ထဲက ဆေးတိုက်ပိုင်ရှင် 'မွန်ဆာချူးကွတ်' ပါပဲ။ ပြီးတော့ အမျိုးသမီးကိုလည်း သိကြပါလိမ့်မယ် ထင်တယ်။ ဒီကို တစ်နှစ်တစ်ခေါက်လောက် ရောက်ရောက်လာတတ်တဲ့ ကုလားထိုင်ပြင်တဲ့ မိန်းမကြီးလေ"

မျှော်လင့်တကြီး စောင့်မျှော်နားဆင်နေကြသော ပရိသတ်မှာ စိတ်ပျက်သွားပုံရသည်။ သူတို့က သူတို့အလွှာမှကြေးရတတ်လူတန်းစား အချစ်ဇာတ်လမ်းကို စောင့်မျှော်နေကြခြင်းဖြစ်၏။ အောက်တန်းစားများတွင် 'အချစ်' မရှိနိုင်ဟူ၍ထင်နေကြသူတွေဖြစ်၏။ အကင်းပါးလှသော ဆရာဝန်ကြီးက "စိတ်မပျက်ကြပါနဲ့ဦးလေ၊ နားထောင်ကြည့်ပါဦး" ဟုဆိုကာ သူ၏ အချစ်ဇာတ်လမ်းကို ဆက်လက်ပြောလေသည်။

"လွန်ခဲ့တဲ့ သုံးလလောက်ကပေါ့၊ ကျွန်တော် အဲဒီ အမျိုးသမီးကို သွားကြည့်ခဲ့ရတယ်။ ကျွန်တော်ရောက်တော့ သူ့အခြေအနေက တော်တော်ဆိုးနေပါပြီ။ သူဒီကိုရောက်လာတာ နှစ်ရက်ရှိပြီတဲ့၊ သူ့မြင်းကြီးက အိုလှပြီ၊ လှည်းပေါ်မှာ သူ့ရဲ့မိတ်ဆွေလည်းဟုတ်၊ ရဲဘော်၊ ရဲဘက်လည်းဟုတ်တဲ့ ခွေးကြီးနှစ်ကောင်လည်းပါတယ်။ တကယ်တော့ ဒီလှည်းကြီးဟာ သူ့ရဲ့အိမ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ရောက်တော့ သူ့အနားမှာဘုန်းကြီးတစ်ပါး ရောက်နှင့်နေပြီ။ ကျွန်တော်တို့နှစ်ယောက်ကပဲ သူ့သေတမ်းစာကိုယူရတယ်။ အဲဒီမှာ သူ့ရဲ့ နောက်ဆုံးဆန္ဒနဲ့ သူ့ဘဝဖြစ်စဉ်ကို သိရတော့တာပါပဲ၊ ကျွန်တော်ကြားဖူးသမျှထဲမှာတော့ ရင်နာစရာအကောင်းဆုံးနဲ့ အထူးဆန်းဆုံးအဖြစ်အပျက်ပဲ။

"သူတို့မိသားစုဟာ ခြေသလုံးအိမ်တိုင်ဘဝနဲ့ပဲ နေခဲ့ကြရတယ်။ သူ့အဖေလက်ထက်ကတည်းက ဒီလှည်းကြီးပေါ်မှာပဲ ဒီအလုပ်ကို လုပ်ခဲ့ကြတာတဲ့၊ သူလည်း ဒီလှည်းပေါ်မှာပဲ မွေးဖွားကြီးပြင်းခဲ့တယ်။ သူ့ခမျာ ငယ်ငယ်လေးထဲက စုတ်ချာချာနဲ့ ဖြစ်ကတတ်ဆန်းပဲ နေခဲ့ရတယ်။ သူတို့ မိသားစုဟာ လှည်းကြီးကို ရွာစည်းရိုးအပြင်မှာရပ်၊ မြင်းကို လှည်းကဖြုတ်ပြီး အစာကျွေးလေ့ရှိတယ်။ အဲဒီအခါမှာ ခွေးနှစ်ကောင်ဟာ ရှေ့လက်နှစ်ဖက်ကြားမှာမေးချပြီး အိပ်တော့တာပဲ။ အဖေနဲ့အမေက နီးရာသစ်ပင်ရိပ်မှာ ကုလားထိုင်တွေကို ဖာထေး ပြုပြင်နေတဲ့အခါ ကလေးမဟာ မြက်တောထဲမှာ တစ်ယောက်တည်း ကစားနေရတယ်။ သူတို့ မိသားစုဟာ တစ်ယောက်နဲ့တစ်ယောက် စကားပြောချိန်ရယ်လို့ သိပ်မရှိဘူး။ အလုပ်ကိစ္စနဲ့ရွာထဲကို ဘယ်သူသွားမယ်ဆိုတာလောက်ပဲ ပြောဖြစ်ကြတယ်။ သူတို့ကရွာရိုးလျှောက်ပြီး 'ကုလားထိုင်တွေပြင်တယ်၊ ဖာတယ်၊ ထေးတယ်' လို့ လိုက်အော်ရတာကိုး။

"ကိုယ့်အလုပ်နဲ့ကိုယ်မို့ စကားမပြောနိုင်ဘဲရှိကြတဲ့ အဖေနဲ့အမေရဲ့ အလစ်မှာ ရွာအပြင်ထွက်လာတဲ့ ကလေးတွေနဲ့ရောနှောပြီး ကစားချင်တာပေါ့။ အဲဒီအခါကျရင် 'ဟဲ့ .. သေနာမလေး .. လာခဲ့' ဟု အဖေလုပ်တဲ့သူက ဆူဆဲပြီး ဟန့်တားလေ့ရှိတယ်။ သူငယ်စဉ်မှာ မိဘဆီကကြားနေကျကတော့ အဲဒီ 'ဟဲ့ .. သေနာမလေး .. လာခဲ့' ဆိုတဲ့ စကားလုံးမျိုးတွေပဲ။

"အဲ .. သူနည်းနည်းလေးကြီးလာတော့ သူ့အဖေနဲ့အမေဟာ သူ့ကို ရွာထဲလွှတ်ပြီး ပြင်မယ့်ကုလားထိုင်တွေကို သယ်ခိုင်းတယ်။ အဲဒီလိုအခါတွေမှာတော့ သူဟာရွာထဲက ကလေးတွေနဲ့ စကားပြောခွင့်ရတဲ့အခါ ရတယ်ပေါ့လေ။ ဒါပေမယ့် လူကြီးတွေတွေ့သွားရင် သူတို့ကလေးတွေကို 'ကြည့်စမ်း .. လာခဲ့ .. လာခဲ့၊ ခွေးကောင်လေး၊ ဒီသူတောင်းစားမလေးနဲ့ နောက်တစ်ခါ စကားပြောတာတွေ့ရင် နင်တော့အသေပဲ' လို့ အော်ရင်းငေါက်ရင်း သူတို့ကလေးတွေကို ပြန်ခေါ်သွားကြလေ့ရှိတယ်။

"တချို့ ခပ်ဆိုးဆိုးကောင်လေးတွေဆိုရင် သူ့ကိုမြင်တာနဲ့ ခဲနဲ့ ပိုင်းပေါက်ကြတာပဲ၊ ဒါပေမယ့် ရွာထဲကစိတ်ကောင်း နှလုံးကောင်းရှိကြတဲ့ မိန်းမကြီး





တချို့ကတော့ သူ့ကိုသနားပြီး အကြွေကလေး၊ အနုပ်ကလေး ပေးကမ်းလေ့ရှိတယ်။ အဲဒီအခါမျိုးကျရင် သူဟာ ရသမျှပိုက်ဆံကလေးကို ကျစ်ကျစ်ပါအောင် စုထားလေ့ရှိတယ်။

"အဲဒီလိုနဲ့ သူ ဆယ့်တစ်နှစ်သမီးအရွယ်ကို ရောက်လာတယ်။ တစ်နေ့တော့ ရွာထိပ်သင်္ချိုင်းနားမှာ သူနဲ့ရွယ်တူကောင်လေးတစ်ယောက် ငိုနေတာကို သူတွေ့သတဲ့၊ ကောင်လေးက သူ့မုန့်ဖိုးကို သူများတွေလုသွားလို့ ငိုနေတာဆိုပဲ။ အဲဒီကောင်လေးဟာ ဒီနေ့မြို့ထဲကဆေးတိုက်ပိုင်ရှင် မွန်ဆွာချူးကွတ်ပဲခင်ဗျ။

"ကလေးမဟာ ငိုနေတဲ့ကောင်လေးကိုကြည့်ပြီး သိပ်အံ့သြသွားတယ်။ သူက ဒီလိုလူရည်တတ်ကလေးတွေဟာ အမြဲတမ်းပျော်ရွှင်နေမှာပဲလို့ ထင်နေတာကိုး၊ ကောင်လေး ငိုနေရတဲ့အကြောင်းကို သူလည်းသိရော ခါးကြားထဲက ပိုက်ဆံ ခုနစ်ပြားထုတ်ပေးပြီး ကောင်လေးလက်ထဲကို ထည့်လိုက်တယ်။ ကောင်လေးက အသာတကြည်ယူလိုက်ပြီး အငိုလည်းတိတ်၊ ရွှင်ရွှင်ပျပျလည်း ဖြစ်သွားသတဲ့၊ ကလေးမဟာ အဲဒီအခါမှာ ဣန္ဒြေမဆောင်နိုင်လောက်အောင် ဝမ်းသာသွားပြီး ဘာမပြော ညာမပြောနဲ့ ကောင်လေးကိုဖက်ပြီး နမ်းလိုက်တယ်။ ကောင်လေးကတော့ သူ့လက်ထဲက ပြားစေ့တွေကို ရေတွက်နေရတာနဲ့ အံ့အားသင့်ဖို့တောင် သတိမရလိုက်ဘူးပေါ့။ ကောင်မလေးဟာ အထပ်ထပ်အခါခါ ပွေ့ဖက်ရင်း သူ့ရင်ထဲမှာ အားရကျေနပ်သွားတဲ့အထိ နမ်းပြီး တစ်ချိုးတည်း ထွက်ပြေးသွားတယ်။

"ကလေးမရဲ့ရင်ထဲမှာ ဘယ်လိုမျိုး လှိုင်းခတ်လှုပ်ရှားသွားတယ်ဆိုတာ စဉ်းစားစရာပဲ။ သူချမ်းသာသမျှ ငွေစကလေးနဲ့ ချာတိတ်ကလေးကို ကူညီလိုက်ရလို့ပဲလား။ ဒါမှမဟုတ် သူ့ဘဝရဲ့ပထမဆုံးအနမ်းကို ဆက်သခွင့်ရလိုက်လို့ပဲလားမသိဘူး။ သူ့ခမျာ ချူးကွတ်ကလေးကို တစ်ခါတည်း ချစ်မိရှာတာပေါ့။ ဒီလိုကိစ္စမျိုးဆိုတာလည်း နားလည်ရခက်သားကလားဗျာ။ ဒီနေရာမှာတော့ ကလေးတွေတင်မဟုတ်ဘူး။ လူကြီးတွေလည်း အတူတူပါပဲ။

"ကောင်မလေးဟာ အဲဒီသင်္ချိုင်းထောင့်နေရာကလေးကို ရော ကောင်လေးကိုပါ လပေါင်းများစွာ တသသဖြစ်နေရှာတယ်။ ဒါပေမယ့် အိပ်မက်ထဲက လွဲပြီး မတွေ့ရတော့ဘူး။ ကောင်လေးကို နောက်ထပ်တွေ့ရဖို့နဲ့ သူဟာ နောက်ပိုင်းမှာ ရသမျှပိုက်ဆံကို ကုပ်ကုပ်ကပ်ကပ်စုထားသတဲ့။ နှစ်[illegible]လောက် စုမိတဲ့တစ်နေ့မှာ ဆေးဆိုင်ရဲ့ပြတင်းပေါက်နားမှာ ကောင်လေးကို လှမ်းမြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ အကောင်ပလောင်တွေကို ဆေးရည်စိမ်ထားတဲ့ ဖန်ပုလင်းကြီးတွေရဲ့ အရောင်အမျိုးမျိုးဟပ်နေတဲ့ ချူးကွတ်ကလေးဟာ ပိုပြီးတော့လှနေသတဲ့။ ဒီတော့ သူ့ခမျာ ပိုလို့သာ ချစ်မိရှာတာပေါ့ဗျာ။ အဲဒီလို မြင်လိုက်ရတော့ မနှစ်တုန်းဆီက အဖြစ်အပျက်ကို သူသွားပြီး သတိရတယ်။

"တစ်နေ့ ကျောင်းနံဘေးမှာ ကောင်လေးဟာ သူ့အဖော်တွေနဲ့ ကျောက်ဒိုးပစ်နေသတဲ့။ အဲဒီအချိန်မှာ သူဟာ ကောင်လေးဆီကို တစ်ရှိန်ထိုးပြေးသွားပြီး တအားပွေ့ဖက်နမ်းရှုပ်နေမိတယ်ဆိုပဲ။

"ကောင်ကလေးက ပထမတော့ ရှက်ရှက်နဲ့ လန့်အော်တာပေါ့။ ဒါပေမယ့် သူက သုံးဖရန့်နဲ့ဆင့်နှစ်ဆယ် လက်ထဲထည့်လိုက်တော့ ငနဲကလေးက မျက်လုံးကလေး ကလယ်ကလယ်နဲ့ သဘောခွေ့သွားတာပေါ့။

'ပွဲပါသွားတာမှတ်လို့၊ သူနမ်းချင်သလောက် နမ်းပါစေ။ ငါမုန့်ဖိုးရနေသားပဲ' ဆိုပြီး ကောင်လေးက ငြိမ်နေတာပေါ့။ လေးနှစ်လုံးလုံး သူတို့ဒီလိုပဲ စခန်းသွားနေကြတယ်။ ကောင်လေးက သူ့ကိုယ်ကိုယ် ကလေးမရဲ့ရင်ခွင်မှာ ယုယထွေးပိုက်ခွင့်ပေးပြီး ပိုက်ဆံယူတယ်။ ကလေးမက သူမစားရက် မသောက်ရက် စုထားတဲ့ ငွေစကလေးတွေကို သူ့ချစ်သူဖောဖောသီသီ သုံးနိုင်အောင်ပေးပြီး သူ့ရဲ့ စိတ်ချမ်းသာမှုကို ရယူတယ်ဆိုပါတော့။ တစ်ခါတလေ ဖရန့်ဒင်္ဂါးတစ်ပြားနဲ့ နှစ်ပြားသာပေးနိုင်တယ်။ တစ်ခါတုန်းကတော့ ဆင့်ခုနစ်ဆယ်တည်းပေးနိုင်ရှာတယ်။ (အဲဒီတုန်းကများ သူ့ချစ်သူ အထင်အမြင် သေးသွားမှာစိုးပြီး ဝမ်းနည်းပက်လက် ငိုမိရှာသတဲ့)

"နောက်ဆုံးသူနဲ့တွေ့တဲ့ အကြိမ်တုန်းကတော့ ငါးဖရန့်ဒင်္ဂါးကြီးကို ပေးနိုင်ခဲ့တယ်။ ကောင်လေးက ပျော်လို့ပြုံးလို့ပေါ့။ သူ့ခမျာ ဒီကောင်လေးအကြောင်းကလွဲပြီး တွေးစရာရယ်လို့ ဘာမှမရှိဘူး။ ကောင်လေးဟာ သူ့ရဲ့ဘဝပဲ။ ကောင်းလေးကလည်း သူ့ကိုပဲ မျှော်နေတတ်တယ်။ သူ့ကိုတွေ့လိုက်ရလို့ ကောင်လေး သူ့ဆီများပြေးလာရင် ကလေးမဟာ ရင်မှာ တသိမ့်သိမ့်ဝမ်းသာရရှာတယ်လေ။

"တစ်နေ့တော့ ကောင်လေးဟာ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပါလေရော။ သူ့မိဘတွေက မြို့ကျောင်းကို ပြောင်းထားလိုက်ကြတာကိုး။ ကလေးမလေးဟာ ကောင်လေးကျောင်းပိတ်ရက်နဲ့ သူတို့ဒီရွာအဝင်နဲ့ဆုံအောင် ကြိုးစားကြံဖန်ပေမယ့် တစ်ခါမှ မတွေ့ရဘူးတဲ့။ အဲဒီလိုနဲ့ပဲ နှစ်နှစ်လောက်ကြာသွားတယ်။ ဒါပေမယ့် တစ်နေ့တော့ သူကလေးရဲ့ ဆန္ဒဟာ





ပြည့်ဝခဲ့တယ်။ ကောင်လေးကို သူမနည်းရပ်ဖမ်းယူရတယ်ဆိုပဲ။ သိပ်ထွားလာတာကိုး။ ရွှေရောင်ကြယ်သီးတွေ ရင်ဘတ်မှာ တဝင်းဝင်းနဲ့ ကျောင်းဝတ်စုံကို ဝတ်ထားတဲ့ သူ့ချစ်သူဟာ သိပ်ပြီးကျက်သရေရှိနေတာကိုး။

"ဒါပေမယ့် ခမျာ ခဲလေသမျှသဲရေကျ ဖြစ်ရရှာတော့တာပါပဲ။ ကောင်လေးဟာ သူ့ကို လုံးဝမှတ်မိဟန်မပြဘဲ မသိကျိုးကျွံပြုပြီး ဖြတ်လျှောက်သွားသတဲ့။ အဲဒီကစပြီး သူဟာအချစ်ရဲ့ ပူလောင်ပြင်းပြတဲ့ ဝေဒနာတစ်မျိုးကို ပထမဆုံး ခံစားရတော့တာပါပဲ။ အဲဒီတုန်းက သူဟာ နှစ်ရက်လုံးလုံး မအိပ်နိုင် မစားနိုင်ဘဲ ကျိတ်ငိုနေရှာသတဲ့။

"သူဒီကို တစ်နှစ်တစ်ခေါက်လောက် မှန်မှန်ရောက်ပေမယ့် နှုတ်လည်း မဆက်ရဲရှာတော့ဘူးပေါ့။ ကောင်လေးက သူ့ကို ဖုတ်လေသည့်ငပိရှိလေသည် မထင်တော့ဘဲကိုး။ သူ့ခမျာမတော့ ဖွဲဖွဲလမ်းလမ်းနဲ့ကို ချစ်မိနေပြီလေ။ 'ကျွန်မဘဝမှာ တစ်ခါပဲချစ်ခဲ့ဖူးပါတယ် ဆရာရယ်။ သူကလွဲပြီးဘာမှ တွယ်တာစရာရယ်လို့လည်း မရှိခဲ့ပါဘူး။ အဲဒီအရွယ်ကစပြီး ခုချိန်ထိတစ်ရက်မှ မေ့လို့မရခဲ့ပါဘူး ဆရာ' လို့ သူ့အချစ်ကိုဖွင့်ဆိုပြီး ဇာတ်လမ်းဆက်ပြောတယ် ခင်ဗျ။

"အဲဒီလိုနဲ့ပဲ အချိန်တွေ တရွေ့ရွေ့ကုန်ပြီး သူ့မိဘနှစ်ပါး ကွယ်လွန်သွားတော့ သူလည်း ဒီအလုပ်ကိုပဲ ဆက်လုပ်ရတာပေါ့။ ရောမခွေးကြီးနှစ်ကောင်ကြောင့် ဘယ်သူမှသူ့ကို စော်ကားမော်ကားမလုပ်ရဲကြဘူး။

"တစ်နေ့တော့ ချစ်သူရှိရာကို ရောက်ခဲ့ပြန်တယ်။ အင်မတန်မှ ရွှေသွား နောက်လိုက်ညီတဲ့ လုလင်တစ်ဦးနဲ့ လုံမငယ်တစ်ဦးဟာ ချူးကွတ်ဆေးဆိုင်ထဲကနေ တစ်ယောက်ခါးတစ်ယောက်ဖက်ပြီး ထွက်လာတာကို သူတွေ့လိုက်တယ်။ လက်စသတ်တော့ သူ့ချစ်သူဟာ ကြေးရတတ်မိန်းကလေးတစ်ဦးနဲ့ လက်ထပ်လိုက်ပြီကိုး။

"အဲဒီညမှာ သူ့စိတ်ကိုယ် သူမထိန်းနိုင်ရှာတော့ဘဲ ရွာနံဘေးက ရေကန်ထဲကို ခုန်ချပြီး သေကြောင်းကြံခဲ့တယ်။ ဒါပေမယ့် သေကံမရောက်ခဲ့ပါဘူး။ အမူးသမားတွေက ဝိုင်းဆယ်ပြီး ဆေးတိုက်ပို့လိုက်ကြတယ်။

"မွန်ဆာချူးကွတ်ဟာ အဲဒီတုန်းက ငယ်ငယ်ရွယ်ရွယ် ဖျတ်ဖျတ်လတ်လတ်ပေါ့။ ဝတ်ရုံဖြူကို ကောက်ဖွပ်ပြီး အောက်ထပ်ကိုဆင်းလာတယ်။ လူနာဟာ ဘယ်သူဘယ်ဝါဆိုတာ လုံးဝမသိဘူးပေါ့။ အမျိုးသမီးရဲ့အဝတ်တွေကိုချွတ်ပြီး တစ်ကိုယ်လုံး အရက်ပြန်နဲ့ပွတ်တိုက်ပေးရင်း 'မင်းတယ်မိုက်မဲတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပဲ၊ ဘာပြုလို့ ရှုးရှုးမိုက်မိုက်လုပ်ချင်ရတာလဲ' ဘာလဲ ညာလဲပေါ့ဗျာ။ ဆုပ္ပုကြိမ်းမောင်းသတဲ့။

"ဘာပဲဖြစ်ဖြစ် သူ့အောက်မေ့တမ်းတလှပြီဖြစ်တဲ့ ချစ်သူရဲ့စကားသံကို မကြားရတာကြာပြီမို့ သူ့စိတ်ထဲ ကျေနပ်လို့တောင်သွားသေးတယ်။ ရက်ရှည်လများ သူ့ရင်ထဲမှာ ကြည်နူးစွဲလမ်းနေမိရှာတယ်။

"သူက ဆေးဖိုးဝါးခ ပေးပေမယ့် ဆရာချူးကွတ်က မယူလိုက်ဘူးတဲ့၊ ဒီလိုနဲ့ပဲ သူ့ဘဝဟာ တစ်ရွာဝင်တစ်ရွာထွက်နဲ့ ဆက်ပြီး အချိန်တွေကုန်ရတာပေါ့။ ချစ်သူကိုတော့ အိပ်မက်ကမ္ဘာမှာဘဲ ရှာဖွေရတော့တယ်။ ဒီကိုရောက်လာတိုင်း ဆေးဆိုင်မှာ တောက်တိုမယ်ရဆေးဝါးကလေးတွကို ရမယ်ရှာပြီး ဝယ်လေ့ရှိတယ်။ ဒါမှလည်း ချစ်သူကို နီးနီးကပ်ကပ်တိတ်တခိုး ဖူးတွေ့ခွင့် စကားဆိုခွင့်ရမှာကိုး။ ပုံသဏ္ဌာန်တစ်မျိုးနဲ့ သူ့ချစ်သူကို ပိုက်ဆံပေးခွင့်ရပြန်တယ် ဆိုပါတော့လေ။ နောက်ဆုံးတော့ ဇာတ်လမ်းအစမှာ ပြောခဲ့တဲ့အတိုင်း ပြီးခဲ့တဲ့ နွေဦးပေါက်မှာ အဲဒီ အမျိုးသမီးကြီး ဆုံးသွားရှာတယ်။ သူ့ ဇာတ်လမ်းကို ပြောအပြီးမှာ သူတစ်သက်လုံးစုဆောင်းထားခဲ့တဲ့ ငွေတွေကို ကျွန်တော့် လက်ထဲထည့်သွားတယ်။ လက်စသတ်တော့ သူ့ခမျာ မစားရက် မသောက်ရက် စုဆောင်းထားတဲ့ ရည်ရွယ်ချက်က ဒီငွေကို သူသေသွားပြီးတဲ့နောက်မှာ သူ့ချစ်သူကို ပေးခဲ့ဖို့ကိုးဗျ။ သူအသက်ရှင်နေတုန်းမှာ ရင်မှဖြစ်တဲ့ချစ်မေတ္တာကို ထုတ်ဖော်လှစ်ဟခွင့် မရခဲ့ပေမဲ့ အနည်းဆုံး သူသေသွားပြီးတဲ့နောက်မှာတော့ သူဘယ်လောက်ချစ်ခဲ့ရတယ်ဆိုတာ ချစ်သူသိစေချင်ရှာသတဲ့ဗျာ။ ငွေတွေက နည်းတာမဟုတ်ဘူး။ နှစ်ထောင့် သုံးရာ နှစ်ဆယ့်ခုနစ်ဖရန့်တောင် ခင်ဗျ။ သင်္ကြိုဟ်စရိတ်နဲ့ သရဏဂုံတင်တဲ့ ခင်ကြီးကို လှူလိုက်တာနှစ်ဆယ့်ခုနစ်ဖရန့်ဆိုတော့ နှစ်ထောင့်သုံးရာဖရန့်တိတိ ကျန်တာပေါ့။

"နောက်တစ်နေ့ မွန်ဆာချူးကွတ်ဆေးတိုက်ကို ကျွန်တော် ရောက်သွားတော့ သူတို့လင်မယားနေ့လည်စာစားပြီးလို့ အေးအေးလူလူ ထိုင်နေတာတွေ့ရတယ်။ အထက်တန်းကျကျ ခမ်းခမ်းနားနား ထည်ထည်ဝါဝါပဲ။ စားစရာသောက်စရာတွေ ချက်ချင်းလာချပြီး ကျွန်တော့်ကို ဧည့်ဝတ်ပြုကြပါတယ်။ သူတို့တစ်တွေ စိတ်မကောင်းဖြစ်ကြဦးမယ်၊ မျက်ရည်ဝဲကြဦးမယ်ဆိုတာ သိပေမယ့် ကျွန်တော်က ဖြစ်ကြောင်းရယ်မှကုန်စင်ကို မပြောမပြီး မတီးမခြည်ဆိုသလို ပြောရတာပေါ့။

"ကျွန်တော့် အထင်နဲ့အမြင် တက်တက်စင်လွဲပါလေရောဗျာတို့။ လမ်း





ဆါက ကလေကချေမိန်းမတစ်ယောက်က သူ့ကိုချစ်ခဲ့တယ်၊ သူနဲ့ ပတ်သက်ခဲ့တယ်ဆိုတာ သူ့ဂုဏ်သရေကို သက်သက်ဖျက်ဆီးတာပဲဆိုပြီး ချူးကွတ်က ဒေါသပုန်ထတော့တာပဲ။ ကိုယ်တော့်ချောက ဒါသူ့ကိုသက်သက်မဲ့ သိက္ခာချတာဆိုပြီး ယမ်းပုံမီးကျဖြစ်တာကိုး။

"သူ့အတွက် ဂုဏ်တို့ ပကာသနတို့ဆိုတာတွေဟာ တကယ့် အရှိဘဝက ပကတိအမြစ်မှန်တွေထက် ပိုအရေးကြီးနေထင်ပါ့ဗျာ။ အဲ .. ပြီးတော့ သူ့မိန်းမကလည်း တစ်မျိုးဗျ။ ပေါက်လွှတ်ပဲစားမ၊ အပျက်မနဲ့။ အို စုံလို့ စုံလို့။ ထွက်လာလိုက်တဲ့ အယုတ္တ အနတ္တတွေ၊ အံ့ရောဗျာ။

"ချူးကွတ်ကလည်း စိတ်ကိုမထိန်းနိုင်သလို ထပြီးလမ်းလျှောက်ရင်း 'ဆရာပဲ ကျွန်တော့်ဘက်က ဝင်ကြည့်ပါဦး ဆရာရယ်။ ကျွန်တော့်အတွက်ကောင်းနိုင်သေးရဲ့လား ခင်ဗျာ။ တောက် .. ဒီမိန်းမ မသေခင်သာ ကျွန်တော်သိရင်ဖမ်းပြီး ထောင်ချပစ်တယ် သိလား' တဲ့။

"ဘကြီးနွား အလကားကျောင်းပေးမိတဲ့ ကျွန်တော်လည်း မမျှော်လင့်တဲ့ တုံ့ပြန်မှုကြောင့် တော်တော်လေးဦးနှောက်ခြောက်သွားတယ်။ ဒါပေမယ့် စကားက မကုန်သေးတော့ ဆက်ပြောရတာပေါ့။

"နောက်ပြီးတော့ သူစုထားတဲ့ငွေတွေအားလုံးကို ခင်ဗျားအတွက်ဆိုပြီးထားခဲ့တယ်။ ဖရန့်နှစ်ထောင့်သုံးရာအတိပဲ။ အင်း ... ခုလို ကျုပ်လာပြောတဲ့ ကိစ္စအတွက် ခင်ဗျားတို့စိတ်အနှောက်အယှက် ဖြစ်ရတယ်ဆိုရင်လည်း ဒါတွေကို ဘုရားရှိခိုးကျောင်း လှူပစ်လိုက်တာ အကောင်းဆုံးနေမှာပါပဲ။'

"အဲဒီလိုလည်း ကျွန်တော် စလိုက်ရော သူတို့လင်မယားနှစ်ယောက်လုံး ကျွန်တော့်ကို စိုက်ကြည့်နေကြတယ် ခင်ဗျ။ ကျွန်တော်က ငွေထုပ်ကို အိတ်ထဲက နှိုက်ထုတ်လိုက်တယ်။ တောမှာဖြစ်သလို စုဆောင်းထားတာဆိုတော့ ငွေတွေက အကြွေတွေရော၊ စက္ကူတွေရောဗျ။ ဒါနဲ့ ကျွန်တော်က ကဲ .. ဘယ်လိုလုပ်ကြမှာတုံးလို့မေးလိုက်တော့ မဒမ်ချူးကွတ်က စကားစတယ်။

" 'ဒီလိုဆိုရင်လည်း ဆရာရယ်၊ သူ့နောက်ဆုံးဆန္ဒကို အင်း .. ကျွန်မတို့ အနေနဲ့ ငြင်းရခက်သားပဲ။ ပြီးတော့ အို .. ငြင်းရင်လည်း ရိုင်းရာကျမှာပေါ့' တဲ့ ဗျား။

"သူ့ ယောက်ျားကလည်း ဘယ်လောက် အရှက်နည်းသလဲဆိုရင် 'အင်း .. ဒီလောက်ဆိုရင် ကလေးတွေအတွက် တစ်ခုခု ဝယ်ပေးနိုင်တာပေါ့' တဲ့ ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ခင်ဗျားတို့သဘောပဲလို့ ကျွန်တော်က ခပ်ပြတ်ပြတ်ပဲ ပြောလိုက်တယ်။ ဒီတော့မှ ငနဲသားက 'ကဲပါ ဆရာရယ်၊ သူ့ ဆန္ဒအတိုင်း ကျွန်တော့်ကိုသာ ပေးခဲ့ပါတော့' လို့ မျက်နှာပြောင်တိုက်ပြီး ပြောလာတယ်။ ငွေထုပ်ကိုထားခဲ့ပြီး ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ ချက်ချင်း ထပြန်လာခဲ့တယ်။

"နောက်တစ်နေ့မှာ လုံးဝမမျှော်လင့်ဘဲ မွန်ဆာချူးကွတ် ကျွန်တော့် အိမ်ကိုပေါက်ချလာတယ်။ ဆိုင်းမဆင့်ဗုံမဆင့်နဲ့ 'ဆရာရေ .. အဲဒီ မိန်းမကြီး မှာ လှည်းကြီးလည်းကျန်ခဲ့သေးတယ် မဟုတ်လား၊ ဆရာဘာလုပ်မယ် စိတ် ကူးထားလဲ' လို့ မေးလာတယ်။

"ကျုပ်ကလား ဒါကြီးဘာလုပ်ရမှာလဲ၊ ခင်ဗျားလိုချင်ရင် ယူသွား ပေါ့လို့ပြောတော့ သူက 'ဟာ .. ဒါဖြင့်အတော်ပဲ ဆရာ၊ ကျွန်တော့် ခြံထဲမှာ တဲတစ်လုံး ဆောက်နေတယ်။ ပစ္စည်းတွေထားဖို့လေ။ အဲဒီမှာ ကောင်းကောင်း အသုံးကျမှာပဲ'။

"ပြောပြောဆိုဆိုနဲ့ သူထွက်သွားမယ်လုပ်တော့ ကျွန်တော်က လှမ်း တားလိုက်ပြီး သူ့မှာ မြင်းအိုကြီးနဲ့ ခွေးကြီးနှစ်ကောင်လည်းရှိသေးတယ်လေ၊ ခင်ဗျား လိုချင်ယူသွားဦးပေါ့လို့ ခပ်ချဉ်ချဉ်နဲ့ပြောလိုက်တယ်။ သူကစပ်ဖြဲဖြဲ နဲ့ 'ဟာ ဆရာကလည်း ဘာလုပ်ဖို့လဲ။ အဲဒါတွေ ဆရာပဲကြည့်လုပ်လိုက်ပါ' တဲ့။ ပြီးတော့ သူ့လက်ကို ကျွန်တော့်ကမ်းပေးတယ်။ တစ်မြို့ထဲက ဆရာဝန် နဲ့ဆေးဆိုင်ဟာ ဘယ်လိုမှ မကင်းနိုင်တာမို့ ကျွန်တော်လည်း သူ့လက်ကို လှမ်းဆုတ်လိုက်ရတယ်။

"ဒါနဲ့ ကျွန်တော်က ခွေးကြီးနှစ်ကောင်ကိုယူပြီး မြင်းအိုကြီးကတော့ ခင်ကြီး လှူလိုက်တယ်။ လှည်းကြီးကတော့ တစ်စစီဖြစ်သွားပြီး တဲအဖြစ်နဲ့ ဇာတ်သိမ်းသွားရှာတယ်။ ငွေတွေကတော့ မီးရထားကုမ္ပဏီတစ်ခုမှာ ချူးကွတ် ရဲ့ အစုရှယ်ယာတွေ ဖြစ်သွားတယ်။

"ကျွန်တော့် တစ်သက်မှာတော့ ဒီလောက်လေးနက်ခိုင်ကျည်တဲ့ အချစ် မျိုး ဒီတစ်ခါပဲကြုံဖူးပါတယ်"

* * *





ဆရာဝန်ကြီးက သူ့ဇာတ်လမ်းကို နိဂုံးချုပ်၍ပြီးသွားသောအခါ မျက်ရည်ဝဲဝဲ ဖြင့် နားဆင်နေသော မြို့စားကတော်က ဤသို့မှတ်ချက်ချသည်။

"တကယ်တော့ ဘယ်လိုချစ်ရမယ်ဆိုတာ မိန်းမသားတွေသာ သိကြတာပါရှင်"

*Chairmender's Love by Guy de Maupassant*

၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ငွေတာရီမဂ္ဂဇင်း

www.burmeseclassic.com

## တကယ့်အလှ

မိလာနိလို မိန်းကလေးက စကားပြောမကြည့်လျှင် မည်သည့် ထူးခြားချက်ကိုမျှ ရှာမရသည့် မိန်းကလေးမျိုးဖြစ်၏။ လမ်းတွင်တွေ့လျှင် နှစ်ခါပြန်ကြည့်ရလောက်သည့် ရုပ်ရည်ပိုင်ရှင်မျိုးလည်း မဟုတ်။ တကယ့် ရွက်ကြမ်းရေကျိုရုပ်ကလေး ဖြစ်၏။ အရုပ်ဆိုးသည့်ဘက်ကိုပင် လုနေသေးသည်။

သို့သော် နောက်မှ မိန်းကလေးတစ်သိုက်လိုက်လာ၍ သူတို့ထဲက ထူးထူးခြားခြား အသံတစ်သံကြောင့် ရင်မှာလှိုင်းထပြီး လှည့်ကြည့်မိလျှင် အရုပ်ပုပု နှာခေါင်းရှည်ရှည်နှင့် အသံရှင်မိလာနိကို တွေ့ရမည်ဖြစ်သည်။ မိလာနိ၏ အသံသည် အသံလာရာဆီကို မကြည့်ဘဲမနေနိုင်သည့် အသံမျိုးဖြစ်သည်။

ထို့ကြောင့်လည်း သူငယ်ချင်းများက မိလာနိအား ကောင်းကင်မှာ နေလတွေကွယ်ခါမှ၊ ဒါမှမဟုတ် ရုပ်မမြင်ဘဲ တယ်လီဖုန်းတွင် ချစ်ရေးဆိုသူ ပေါ်ပါမှ 'စွံ' တော့မည်ဟု စကြနောက်ကြသည်။

မိလာနိ၏အသက်မှာ ၂၁ နှစ်သာရှိသေး၏။ အကျည်းတန်မကလေးသည် နတ်ရေကန်ထဲမှ တက်လာပြီး ရင်သပ်ရှုမောရလောက်အောင် လှသည့် အိပ်မက်မျိုးကို ငယ်စဉ်ကပင် မြင်မက်ခဲ့ဖူးပါသည်။ ယင်းအိပ်မက်ထဲမှ မိလာနိကိုသာ ကောင်ကလေးတွေ တွေ့ရလျှင် ဝိုင်းဝိုင်းလည်နေမည်ဟု သူထင်သည်။

အိပ်မက်ထဲမှမိန်းမချောလေးကို မိလာနိကိုယ်တိုင် ချစ်ခင်နေမိ၏။ သို့သော် အိပ်မက်သည် အိပ်မက်သာဖြစ်နေ၍ နောက်ဆုံးတွင် ရင်နာနာနှင့် ငိုရသည်ချည်းဖြစ်၏။





မိလာနိသည် သူ့ကိုယ်သူ မှန်ထဲတွင်ပြန်ကြည့်မိသည်။ မှန်းစရာကောင်းလှသည့် မျက်ခုံးမွေးထူထူကြီးတွေ အောက်မှ မျက်ပေါက်ကျဉ်းကျဉ်းကလေးများကိုတွေ့ရသည်။ ပြီးတော့ နှုတ်ခမ်းထူထူကြီးတွေနှင့် ပုတိုတိုခြေဆံလက်ဆံတွေကိုမြင်ရပြန်သည်။ ဒါတွေကြောင့်လည်း ယောကျ်ားကလေးများကို ဝေးရာမကဲဝေးစွာ ရှောင်ကြဉ်ခြင်းဖြစ်သည်။

ခပ်ချောချောကောင်လေးတွေနှင့် တွေ့ပြီဆိုလျှင် မိလာနိမှာ အလိုလိုရှက်သွေးဖြာနေတတ်သည်။ စကားလည်း မပြောရဲ။ မော်လည်းမကြည့်ရဲ။ ကံခေလှသည့် ဘဝအကျိုးပေးအတွက်သာ ယူကျုံးမရဖြစ်နေရှာသည်။

သည်တော့ သူ့ခမျာရွှေငှက်ဟသာ၊ ရေမဲ့ရာ၌၊ မျက်နှာအောက်ချ၊ စိတ်အားငယ်ရှာရသည်ပေါ့။

မိလာနိသည် သူ့ကိုယ်သူ ပြုပြုပြင်ပြင်၊ ဖြီးဖြီးလိမ်းလိမ်းနေရန် မကြိုးစားတော့။ ဆံပင်လည်းမပြင်၊ နှုတ်ခမ်းနီ လက်သည်းနီလည်း မဆိုးတော့။ သည်အလုပ်များသည် မိန်းမလှကလေးများအတွက်သာ ဖြစ်သည်ဟု ယူဆထားလိုက်တော့သည်။

သို့သော် သူ့ဘဝကို သူခင်တွယ်သည်တော့အမှန်။ ဗာဆိုကို စက်ရုံမှာ နေ့တိုင်းတွေ့နိုင်သည် မဟုတ်လား၊ ကလပ်မှာလည်း သူနှင့်ညနေတိုင်း ဆုံနိုင်သေးသည် မဟုတ်လား။

ပြီးတော့ သူ့အတွက် ရဲဘော်ရဲဘက်လည်းဟုတ်၊ အချစ်တော်လည်းဟုတ်သည့် ယက်ကန်းစင်ကလေးလည်း ရှိသေးသည်မဟုတ်လား။

အားနှင့်ခွန်နှင့် ခွန်စိုက်အားစိုက် လုပ်နေလျှင် တက်တက်ကြွကြွ လုပ်အားပေးသော ယက်ကန်းစင်ကလေး။ အနားပေးချိန်၌ ကလေးငယ်လို ငြိမ်ငြိမ်သက်သက်ကလေး အိပ်စက်နေသည့် ယက်ကန်းစင်ကလေး။

ဤယက်ကန်းစင်ကလေးကပင် သူ့ဘဝအတွက် ယုံကြည်ကိုးစားစရာ၊ ဂုဏ်ယူအားထားစရာဖြစ်သည်။ သူ့ကို ထမင်းကျွေး၍ အဝတ်အစားဝယ်ပေးနေသည်မှာလည်း ထိုယက်ကန်းစင်၊ ငွေပိုငွေလျှံလေးလည်း နည်းနည်းပါးပါးကလေး စုဆောင်းမိပြီး ပြဇာတ်ကလေး၊ ရုပ်ရှင်ကလေး ကြည့်နိုင်သည်မှာလည်း ဤယက်ကန်းစင်ကလေး၏ ကျေးဇူးပင်မဟုတ်ပါလား။

သစ်သားခုတင်နှစ်လုံး ဝယ်နိုင်ခဲ့သေးသည်။ အိပ်ရာအတွက် ခင်းဖို့ လွှာကိုတော့ အစိမ်းရောင်ဖြင့် ကိုယ်တိုင်ချုပ်ယူလိုက်သည်။ ပန်းကန်တွေကို သည်လိုပဲ တဖြည်းဖြည်းစုရမည်။ တစ်ခါတွင်တော့ မိလာနိက လျှပ်စစ်မုတ်ဆိတ်ရိတ်စားလေးတစ်စုံကို ရှက်ကိုးရှက်ကန်းနှင့် ဝယ်လာသည်။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြု၍ ဖြစ်မည်တော့မဟုတ်။ လှလှပပကလေး ပြောင်ပြောင်လက်လက်ကလေးမို့ ချစ်လို့ ဝယ်လာခြင်းသာ ဖြစ်သည်။ ဝယ်ပြီးမှ မသုံးတာကြာလျှင် ပျက်သွားမလားဆိုပြီး စိုးရိမ်နေရသည်။

ဗာဆိုက လျှပ်စစ်ဌာနမှ လုပ်သားတစ်ဦးဖြစ်ပါသည်။ ပိုက်ဆံကို ကျစ်ကျစ်ပါအောင်စုပြီး ဘယ်တော့မှပြောင်ပြောင်လက်လက် မရှိ၊ ဝတ်စုံကောင်းကောင်းတစ်စုံပင် မရှိ။ ကလပ်ကိုလာလျှင်လည်း တစ်ပတ်နွမ်းအဝတ်အစားနှင့်ပဲ လာတတ်သည်။ တစ်ခါတလေများ သူ့အဝတ်အစားတွေက အရက်စော်နံလို့။

သူ ဘာလို့များ လက်မထပ်ပါလိမ့်။ မိန်းမယူလိုက်လျှင် သေသေသပ်သပ်ဖြစ်သွားမှာ။ သားနှင့်မယားနှင့်ဆိုတော့ တစ်မျိုးဖြစ်လာမှာပေါ့နော်။

တစ်နေ့တုန်းက ပြန်ကြားရေးသတင်းဌာနမှ ရုပ်ရှင်အဖွဲ့ မိလာနိုတို့စက်ရုံသို့ရောက်လာသည်။ စက်ရုံထဲသို့ ရုပ်ရှင်ရိုက်သည့် ကင်မရာကြီးတစ်လုံးပါသွင်းလာသည်။

ဗာဆိုက ထုံးစံအတိုင်းသူ့ကိုယ်သူ တကယ့်အရေးပါသည့် ပုဂ္ဂိုလ်ကြီးလို ခပ်တည်တည်ဖြင့် သုံးချောင်းထောက်ကင်မရာကြီးကို လျှပ်စစ်ကြိုးတွေ ဆက်ပေးနေသည်။

လည်ပင်းရှည်ရှည်နှင့် ကင်မရာဆရာကြီးသည် စက်ရုံမှူးနှင့် လက်ချင်းချိတ်ပြီး စက်ရုံကိုလှည့်ပတ်ကြည့်နေသည်။ စက်ရုံစစ်ဆေးနေသလိုလိုနှင့် ယဉ်သွားတွေကိုကြည့်ပြီး ကင်မရာဆရာကြီးက တတွတ်တွတ်ပြောနေသည်။ သို့သော် စက်သံတွေကြောင့် ဘာမှမကြားရ။

နောက်ဆုံး သူတို့နှစ်ယောက် မိလာနို၏ယက်ကန်းစင်အနီးတွင် ရပ်လိုက်ကြသည်။ မိလာနိုက ခေါင်းငုံ့ထားလိုက်၏။ သို့သော် ဖိုမင်လုပ်သူက မိမိကိုလက်ညှိုးထိုးပြီး တစ်ခုခုပြောနေမှန်း သူသိနေသည်။ သူက စက်ရုံ၏ 'စံပြ' အလုပ်သမကလေးမဟုတ်လား။ ရင်တွေခုန်နေသည်။ အလုပ်ဆက်လုပ်နေရမလား၊ သည်အတိုင်း ခေါင်းကြီးငုံ့နေရမလား။ မဝေခွဲတတ်အောင် ဖြစ်နေ၏။

တော်သေး၏။ တစ်ယောက်ယောက်က သူတို့ကိုလှမ်းခေါ်လိုက်ဟန်တူသည်။ မိလာနိုအနီးမှ သူတို့ထွက်ခွာသွားကြပြီး ဆီဟာလာ၏ ယက်ကန်းစင်ဘက်သို့ လျှောက်သွားကြသည်။ ဆီဟာလာမှာ မျက်လုံးပြာကလေးနှင့် ကျက်သရေရှိလှသော မိန်းမချောလေးဖြစ်၏။ စက်ရုံလုပ်သားတိုင်း သူ့ကိုမိုးဖူး မပန်းဖူးသူမရှိ။ ထိုအထဲတွင် ဗာဆိုလည်းအပါအဝင်ဖြစ်သည်။ ဤသို့





ဆီဟာလာ၏အနီးတွင် ကာလသားတွေ ဝိုင်းဝိုင်းလည်နေလေ၊ မိလာနို၏ အိပ်မက်ကမ္ဘာမှ မိန်းမလှကလေးက ပို၍ချောမောလှပလာလေဖြစ်နေတော့၏။

"ကျွန်တော်တို့ ဒီကလေးမရဲ့ပုံကို ရိုက်ကြရအောင်" ဟု ပြောသံကြားလိုက်သည်။ ကင်မရာဆရာ၏ အသံဟုထင်ရသည်။ စက်ရုံမှူးလုပ်သူက မိမိကိုလက်ညှိုးထိုးပြီး "သူ့ကိုလား" ဟု ပြန်မေးနေမည်လားဟု မိလာနိုတွေးနေ၏။

ကင်မရာဆရာက မုချခေါင်းခါလိမ့်မည်။ "ဟာ.. သူနဲ့ဘယ်ဖြစ်မလဲ" ဟု ပြောလိမ့်မည်။

မအောင့်နိုင်တော့သဖြင့် လှည့်ကြည့်လိုက်သည်။ ကင်မရာဆရာကြီးနှင့် ဆီဟာလာတို့ စကားပြောနေကြသည်။ ဆီဟာလာက ပြုံးလို့မြုံးလို့၊ ချယ်ရီရောင်ပြေးနေသည့် ပါးပြင်သည် ဆီဟာလာ၏အလှကို ပိုပြီးတောက်ပပေါ်လွင်စေသည်။ ဝမ်းသာလုံးဆို့ပြီး ခုန်ဆွ ခုန်ဆွဖြစ်နေ၏။

ဗာဆိုက ဆီဟာလာအနီးသို့ လျှောက်သွားပြီး အားရပါးရပြုံးကာ ပခုံးကို ပုတ်လိုက်သည်။ မိလာနိုရင်ထဲက နင့်သွား၏။

ယက်ကန်းစင်ဘက်သို့ ပြန်လှည့်လိုက်ပြီး ကျောက်ရုပ်တစ်ရုပ်လို အတောင့်သားရပ်နေမိသည်။ ကိုယ့်ကိုယ်ကိုယ် အရှက်ကွဲခံရသလို၊ အစော်ကားခံရသလို ခံစားနေရ၏။

ယခုမှ ဆူညံနေသည့် စက်သံတွေကို ပြန်သတိရလာသည်။ လွန်းကြောင်းတစ်လျှောက်တွင် ပိုးချည်မျှင်တန်းလန်း တန်းလန်းနှင့် လွန်းကလေးတအစုန်အဆန် ပြေးလွှားနေသည်။

ဖြောင်းဖြောင်း၊ ဖြောင်းဖြောင်း။

တဖြောင်းဖြောင်းနှင့် လွန်းရိုက်သံ၊ ယဉ်သွားခတ်သံတို့နှင့်အပြိုင် မိလာနို၏ ရင်တွေခုန်နေသည်။

စိတ်အစဉ်သည် ချည်မျှင်ကလေးများနှင့်အတူ ယောက်ယက်ခတ်ပြေးလွှားနေသည်။

"အလှအပဟာ ဒီလောက်ပဲ အဓိကကျရသလား"

ဖြောင်းဖြောင်း၊ ဖြောင်းဖြောင်း။

"အလှအပကလွဲပြီး တခြားတန်ဖိုးထားစရာ ဘာမှမရှိကြတော့ဘူးလား"

ဖြောင်းဖြောင်း၊ ဖြောင်းဖြောင်း။

"ငါဟာ အားလုံးကို စေတနာထားခဲ့တယ်၊ အလုပ်ကိုလည်း ကြိုးကြိုးစားစားလုပ်ခဲ့တယ်။ ဒါထက်ပိုပြီးတော့ကော ဘာများတတ်နိုင်ဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ချည်မျှင်တစ်မျှင်သည် တွန့်လိမ်ကောက်ကွေး၍ လေထဲတွင် လွင့်ပျံသွားသည်ကို ရိပ်ခနဲ တွေ့လိုက်သည်။ တစ်ဆက်တည်းတွင် ရက်လုပ်ပြီး ဖျင်စတစ်နေရာတွင် ချည်ကျော်ရေစီးကြောင်းကြီး ထင်းခနဲပေါ်လာတော့သည်။ မီလာနီက ကျင်လည်စွာဖြင့် လျှပ်စစ်ခလုတ်ကိုပိတ်လိုက်ပြီး ပြတ်သွားသည့် ချည်စနှစ်ခုကိုလှည့်၍ အမိဖမ်းလိုက်သည်။ ထို့နောက် သူ့လက်ချောင်းကလေးများသည် မျက်စိပါသည့်နှယ် အလိုအလျောက်ရွေ့လျားရင်း ချည်ပြတ်နှစ်စကို လျင်မြန်စွာဆက်လိုက်သည်။ ထို့နောက် ရက်ဖောက်ထဲသို့ ထိုးသွင်းထားပြီး တစ်ဆက်တည်း လွန်းအိမ်အတွင်းသို့ သွင်းလိုက်သည်။ လွန်းကလေးသည် မူလ စံချိန်အတိုင်း ရှန်ဆန်ပြေးလွှားနေလေပြီ။ ဖျင်စတစ်နေရာမှ ပုရွက်ကြောင်းသည်လည်း ရုတ်ခြည်းပျောက်ကွယ်သွားပြီး ပကတိဖြူဖွေး ချောမွတ်၍ သွားတော့သည်။

ရပ်ရှင်ဆရာတို့က သူတို့စက်များကို အဆင်သင့်ပြင်၍ လည်ရှည်ရှည်နှင့်ခေါင်းဆောင် ကင်မရာဆရာကြီး၏ အမိန့်ကို စောင့်ဆိုင်းနေသည်။ သုံးချောင်းထောက်ပေါ်မှ ကင်မရာ၏မှန်ဘီလူးသည် ဆီဟာလာဘက်သို့ အသင့်ချိန်ထားသည်။

မီလာနီက မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ကလေးဖြစ်ဖြစ် ရုပ်ရှင်ကားထဲ ပါစေချင်သည်။ ခဏတစ်ဖြုတ်ဖြစ်ဖြစ် ဖလင်ကော်ပြားပေါ်တွင် သူ့ရုပ်သွင် ထင်ကျန်စေချင်သည်။ လူတွေသူ့ကို ဂရုတစိုက်ဖြစ်လာစေချင်သည့်ဆန္ဒလည်း ပေါ်လာသည်။

သို့သော် ကင်မရာဆရာကြီးသည် ညှို့ငင်ဆွဲယူခြင်းခံရသလို ဆီဟာလာဆီသို့ တရွေ့ရွေ့ချဉ်းကပ်သွားသည်။ ဗာဆိုကိုလည်း ဤနည်းနှင့်ပင် ဆီဟာလာညို့ယူ ဖမ်းစားထားလေရော့သလား။

မီးမောင်းကြီးများကို ဖွင့်လိုက်သည့်အခါ ဆီဟာလာ၏ဆံပင်သည် ရွှေရောင်သို့ ပြောင်းသွားသည်။ သူ့မျက်လုံးအစုံမှာ သောက်ရူးကြွယ်အစုံလို တလက်လက် တောက်ပရွှန်းလက်နေသည်။ ဝင်းဝင်းပပလှသော ဆီဟာလာနှင့် သူ့ယက်ကန်းစင်ကလွှဲပြီး စက်ရုံတစ်ခုလုံးအမှောင်ကျသွားသည်။ ကင်မရာဆရာကိုလည်ပင်းရှည်ကြီးသည် ပစ္စည်းတန်ဆာပလာများနှင့် အလုပ်ရှုပ်နေလေပြီ။ ဆီဟာလာ၏ပုံကို ထောင့်အမျိုးမျိုးမှနေ၍ အနီးအဝေး အမျိုးမျိုးဖြင့် ရိုက်ယူသည်။ နောက်ဆုံးတွင် မျက်နှာတစ်ခုတည်းကို အနီးကပ် ရိုက်ယူသည်။ ရယ်နေပုံ၊ ပြုံးနေပုံ၊ တွေးနေပုံ၊ ငေးနေပုံတွေကို အတောမသတ် ရိုက်နေသည်။ ကလေးမမှာ မြူးကြွနေသည်။





သူ့လွန်းကလေးကို စိုက်ကြည့်နေရာမှ မီလာနီသည် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ ပြီးတော့ သူ့ဘာသာ သူဆက်၍ အလုပ်လုပ်နေသည်။ ယဉ်သွားနှင့်လွန်းပျံတို့ စိန်ပြေးတမ်းကစားရင်းပင် ချည်မျှင်များသည် အထည်ဘဝသို့ လျင်မြန်စွာပြောင်းလဲနေသည်။

မီလာနီအလေးအနက်တွေးနေ၏။ တွေးနေသည်ဆိုရာ၌ အဖြေရှာမရနိုင်သည့်မေးခွန်းတွင် တရစ်ဝဲဝဲ ဖြစ်နေခြင်းသာဖြစ်သည်။

ဤအတွေးဝင်လာလျှင် ဝေဒနာဆိုးတစ်ရပ်က သူ့ရင်ကိုပူပူပြင်းပြင်းလောင်မြိုက်လေ့ရှိသည်။ စင်စစ်စိတ်အလှကိုသာ ပိုင်ဆိုင်ကြရသည့် အရုပ်ဆိုးမကလေးတို့တွင် စွဲကပ်တတ်သည့် ဝေဒနာတစ်မျိုးသာလျှင်ဖြစ်သည်။

ရုတ်ခြည်းပင် ရူးရူးရှရှ ဝင်းထိန်သွားသော အလင်းရောင်ကြောင့် မီလာနီ၏မျက်လုံးတွေ ပြာဝေသွားသည်။ အလင်းရောင်တန်းကြီးသည် သူ့အပေါ်သို့ တန်းတန်းမတ်မတ် ထိုးဆင်းလာသည်။ သူ့မျက်နှာတစ်ခုလုံး ထူပူသွားသည်။ ထိန်လင်းနေသည့် အလင်းရောင်တန်းအောက်မှ သူ့ယက်ကန်းစင်မှာလည်း ဖိတ်ဖိတ်တောက်နေသည်။ ပိုးချည်မျှင်ကလေးများက ဝင်းဝင်းလက်နေကြ၏။

မီလာနီ၏ပခုံးကို တစ်ယောက်ယောက်က ပုတ်လိုက်သည်။ လည်ပင်းရှည်ရှည်နှင့် ကင်မရာဆရာကြီးက "တို့ မင်းကိုပါရိုက်ကြမလို့" ဟု စက်သံတွေ ကြားက အော်ပြောလိုက်သည်။

ရုပ်ရှင်ဆရာတို့၏ ကင်မရာကြီးသည် မီလာနီဆီသို့ လှည့်ပြီးတန်းတန်းမတ်မတ်ချိန်ရွယ်ထားလေပြီ။

စက်ရုံတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ပြီး သူ့ကိုဝိုင်းကြည့်နေကြသည်။ ဗာဆိုက သူ့ဆီသို့လျှောက်လာပြီး ပခုံးကိုပုတ်၍ အားပေးသွားသည်။ သူ့မျက်နှာတွင် ရှက်သွေးဖြာပြီး ဝမ်းသာခြင်း၊ ရှက်ရွံ့ခြင်းတို့ကို ဗလုံးဗထွေးခံစားလိုက်ရသည်။

သူ့ကိုယ်သူလည်း "ကြည့်စမ်း၊ ငါဟာ သူများကိုသက်သက် မနာလိုဝန်တိုဖြစ်မိတယ်" ဟု နောင်တရနေမိသည်။ ကင်မရာဆရာကြီးက "ခုတင်ကပြတ်သွားတဲ့ချည်ကို မင်းချက်ချင်းပြန်ဆက်လိုက်တာ ကျုပ်မြင်လိုက်တယ်။ ကဲ .. တဆိတ် ပြန်လုပ်ပြစမ်းပါ" ဟု အော်ပြောလိုက်သည်။

တကယ့်တကယ်ကျတော့ မီလာနီ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ "ရှင်.. ပြန်လုပ်ပြရမယ်၊ ဟုတ်လား။ ကျွန်မ ဘယ်လုပ်တတ်မလဲ၊ ချည်ပြတ်မှ မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကွယ် ... ဖြတ်လိုက်ပေါ့။ မင်းချည်ဆက်တဲ့ပုံကိုရိုက်မလို့တဲ့" ဟု ဖိုမင်လုပ်သူက ဝင်ပြောသည်။

ရုပ်ရှင်ဆရာတို့က မီလာနီကို အနီးအဝေးမျိုးစုံရိုက်ကြသည်။ ပြီးတော့ သူချည်ဆက်နေသည့်လက်ချောင်းကလေးများကို သီးသန့် ရိုက်ယူကြပြန်သည်။ ရိုက်သမျှပုံတွေကို အမျိုးမျိုး။

"ငါ့ဟာ တကယ့်ကိုဝန်တိုတဲ့ မိန်းကလေးပါလား။ သိပ်ရှက်စရာကောင်းတာပဲ"

သူ့အတွေးကို စက်သံတွေက ဝါးမျိုသွားလေတော့သည်။

* * *

တစ်ညနေခင်း အလုပ်မှအပြန်တွင် အိမ်နီးနားချင်း မိန်းမတစ်ယောက်က လှမ်းပြောသည်။

"မီလာနီ၊ ညည်းကိုဓာတ်ရှင်ရိုက်သွားတယ်ဆို။ တို့သွားကြည့်တော့လည်း ညည်းရုပ်လည်း မပါပါလားအေ"

"ဟင် ကျွန်မပုံမပါဘူး၊ ဟုတ်လား" မီလာနီ အံ့ဩသွားသည်။

"ညည်းနာမည်တော့ ထည့်ကြေငြာပါရဲ့၊ ရုပ်တော့မပြဘူးအေ့" ဟု လှောင်သလိုလို လေသံဖြင့်ပြောလေသည်။

"ရှင် ဘယ်ရုံမှာကြည့်ခဲ့တာလဲ" ဟု မီလာနီကသူ၏ ရှက်ရွံ့အားငယ်စိတ်ကိုဖုံးကွယ်ပြီး အမှတ်မထင်လေသံဖြင့် မေးလိုက်သည်။

ထိုညနေတွင် မီလာနီတစ်ယောက်ရုပ်ရှင်ရုံသို့ တစ်ကိုယ်တည်းလာခဲ့သည်။ အပေါ်ထပ်နောက်ဆုံးတန်းတွင် နေရာယူလိုက်သည်။ စက်ရုံအဖွဲ့သားတွေနှင့်လည်း တိုးနေဦးမလားဟု စိုးရိမ်တကြီး ရှာကြည့်မိသေးသည်။ ဘာကြောင့် သူ့ကို လူတွေတွေ့မှာ စိုးရိမ်နေမိသည်ကို သူကိုယ်တိုင်မဝေခွဲတတ်။

တဖြည်းဖြည်းလူတွေ ပြည့်လာသည်။ ပွဲစရန် စက္ကန့်အနည်းငယ်သာ လိုတော့သည်။ မီလာနီ၏ရင်သည် တလုပ်လုပ်နှင့်ဖြစ်နေပြီ။ ရုပ်ရှင်အဖွဲ့သားတို့က ဖလင်များမပါဘဲများ သူ့ကိုအရှုက်ခွဲလေရော့သလား။ စက်ရုံမှူးလုပ်သူ ကျေနပ်ရုံသာ ဟန်ပြရိုက်သွားတာများလား .. ဒီလိုတော့ မလုပ်တန်ကောင်းပါဘူးလေ။

မီးတွေပိတ်သွားပြီ။ ပိတ်ကားပေါ်တွင် ဘီလီစီပိုးထည်စက်ရုံကြီး၏





ဝင်းတံခါးပေါက်ကြီးပေါ်လာသည်။ စက်ရုံအကြောင်း၊ လုပ်သားတွေရဲ့ အောင်မြင်မှုအကြောင်းတွေ ပြောသံဟိန်းထွက်လာသည်။ ထို့နောက် ဆီဟာလာ၏ ပုံ ပေါ်လာသည်။

ယက်ကန်းစင်၏နောက်မှ ဆီဟာလာကပြုံးလို့ ရွှင်လို့။ အလုပ်ခွင်တွင် ရိုက်ကူးထားမှန်းသိသော်လည်း သူ့လက်တွေလှုပ်ရှားမှုပုံကိုမပြ။ ချစ်စရာကောင်းလှသည့် သူ့မျက်နှာကလေးသည် ခပ်စောင်းစောင်းအနေအထားဖြင့် ပိတ်ကားအပြည့်ပေါ်လာသည်။ ဆီဟာလာသည် ပိတ်ကားပေါ်မှနေ၍ သူ့မျက်လုံးရွှဲကြီးများဖြင့် မီလာနီအားစိုက်ကြည့်နေသည်။

မီလာနီက သူငယ်ချင်းဖြစ်သူအား အောင့်သက်သက်နှင့် ပြန်ပြုံးပြလိုက်သည်။ သို့သော် သူ့ရင်ထဲတွင်အလိုလို ဝမ်းနည်းကြေကွဲနေသည်။ စိုးရိမ်ပူပန်နေသည်။

ဟော .. သူ့ပုံပေါ်လာပြီ။

ဟင်.. ပျောက်သွားပြန်ပြီ။ ခဏလေးပါလား။

သူ့ခမျာ အသက်ရှုဖို့ပင် မေ့နေသည်။ သူ့ပုံမှဟုတ်ပါလေစဟု ပြန်၍ သံသယဝင်မိပြန်သည်။ တစ်ဆက်တည်းတွင် နောက်ခံစကားပြောသူက သူ့အမည်ကိုကော၊ သူ၏ထူးထူးခြားခြား ကျွမ်းကျင်မှုနှင့် သူ့လက်ချောင်းကလေးများ၏ အလှကိုပါ ဟိမဝန္တာချီးမွမ်းခန်းဖွင့်တော့သည်။ သည်တွင်မှ သူစိတ်အေးရသည်။

ထို့နောက် လျှပ်စစ်လက်သလို ဖျတ်လတ်လျင်မြန်လှသည့် သူ့လက်ချောင်းကလေးများသည် ချည်စကလေးများကို ကိုင်တွယ်ဆက်နေသည့်ပုံ ပေါ်လာသည်။ ပြီးတော့ အနှေးပုံဖြင့် နောက်တစ်ကြိမ်ထပ်၍ ပြန်ပြပြန်သည်။ ထိုအခါမှ မီလာနီ၏လက်ချောင်းကလေးများ ဖြည်းညင်းစွာ ရွေ့လျားနေပုံ၊ ချည်စကလေးတွေကို ညင်ညင်သာသာ သိမ်းယူလိုက်ပုံနှင့် လွန်းအိမ်ထဲသို့ သွင်းလိုက်ပုံ စသည်တို့ကို အသေးစိတ် မြင်တွေ့ရတော့သည်။

နောက်ခံတေးနှင့် လက်ချောင်းကလေးများ လှုပ်ရှားဟန်တို့မှာ စည်းဝါးကိုက်နေသည်။ ဝေ့ကာဝိုက်ကာဖြင့် ချည်စကလေးများကို ဖမ်းယူဆက်သွယ်နေသော လက်ချောင်းကလေးများမှာ သွယ်ပျောင်းလှ၊ သိမ်မွေ့လှ၏။

ဘုရား၊ ဘုရား ငါ့လက်ချောင်းကလေးတွေမှ ဟုတ်ပါလေစ၊ ဒီလိုလှပတဲ့လက်ချောင်းကလေးတွေ ငါ့ရှိနေတာကော တကယ် ဟုတ်ရဲ့လား။ အို .. နောက်ခံစကားပြောသူ၏ ချီးမွမ်းပုံကိုလည်း ကြည့်ပါဦးကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မိလာနီမျော ရင်သပ်ရှုမောဖြစ်နေရှာသည်။

သူ့လက်ချောင်းကလေးတွေ ဤမျှလှပသွယ်ပျောင်းလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။ ရုပ်ရှင်ပိတ်ကားပေါ်မို့ ပို၍များ လှပနေရော့သလား။

မိလာနီသည် ပေါင်ပေါ်တင်ထားသည့် သူ့လက်ချောင်းကလေးများကို ငုံ့ကြည့်လိုက်သည်။ အမှောင်ထဲတွင် ရေးရေးမျှသာမြင်ရ၏။

သူ့ရုပ်လုံးပုံကို ပိတ်ကားပေါ်တွင်ခဏကလေးမျှသာ မြင်လိုက်ရသော်လည်း သူ့လက်ချောင်းကလေးတွေကိုမူ အမျိုးမျိုးအဖုံဖုံစုံလင်ကြာမြင့်စွာ တွေ့မြင်ရသည်။ ဆီဟာလာ၏အနီးကပ် မျက်နှာထက်ပင်ပို၍ ပေရှည်လိမ့်မည်ထင်သည်။

သူ့လက်ချောင်းကလေးများ၏ အလှသည် ဆီဟာလာ၏ မျက်နှာအလှနှင့် နှိုင်းယှဉ်နိုင်ကြောင်းကို ယခုမှပင် မိလာနီသတိထားမိတော့သည်။

မိလာနီက သူ့လက်များမှ မမြင်နိုင်သည့် အရည်အချင်းတစ်ခုကို ရှာဖွေနေသည့်အလား မျက်နှာနှင့်ကပ်ကြည့်လိုက်၊ ခွာကြည့်လိုက် လုပ်နေသည်။

ပြီးတော့ ကလေးဆန်ဆန် ပြုံးပြလိုက်သည်။

ရုပ်ရှင်ရုံမှထွက်လာသောအခါ အပြင်တွင်မိုးတွေရွာနေသည်။ ညကာလ၏လမ်းမကြီးသည် လမ်းမီးရောင်အောက်တွင် မှန်တစ်ချပ်လိုကြည်လင်နေသည်။

မိလာနီက လမ်းလျှောက်ရင်းစဉ်းစားလာသည်။ သူ့အတွေးမြင်ကွင်းတွင် ရုပ်ရှင်အဖွဲ့မှ ကင်မရာဆရာကြီးပေါ်လာသည်။ ကျွန်မရုပ်ကို ခဏလေး ရိုက်ပြတဲ့အတွက် ကျွန်မစိတ်မဆိုးတော့ပါဘူး။ ကျွန်မဒါလောက် ရုပ်မဆိုးဘူး ဆိုတာလည်း နားလည်ပါပြီ။ ဒါကြောင့် ဆရာကြီးကို ကျေးဇူးတင်နေပါတယ်။

"ဟုတ်ပါတယ်ကွဲ့။ မင်းဒါလောက် ရုပ်မဆိုးပါဘူး။ မင်းရုပ်က မာတ်ပုံစားတဲ့ ရုပ်မျိုးပါ။ ဒါပေမယ့် သတင်းကားဆိုတာ တစ်ယောက်တည်း ရိုက်ပြလို့ မပြီးဘူးကွယ့်။ ဒီလိုပဲမျှပြီး ရိုက်ရတာပဲ" ဟုပြောရင်း မိလာနီကို ဦးညွှတ်ပြီး ပျောက်ကွယ်သွားသည်။

နောက်သူ့အတွေးအာရုံတွင်ပေါ်လာသူက သူ့အိမ်အနီးမှ မိန်းမကြီးဖြစ်၏။ "ငါညည်းကို မမြင်လိုက်မိလို့ ပြောမိတာပါအေ" ဟု အားတုံ့အားနာနှင့် ပြောနေသည့်ပုံ။

မိလာနီ၏အာရုံသည် စက်ရုံထဲသို့ရောက်သွားပြန်သည်။ အလုပ်သမားတွေ ဝိုင်းဝိုင်းလည်ချီးကျူးနေကြသည်။ ဗာဆိုက ဝတ်စုံသစ်တွေ ဘာတွေနှင့် မှတ်ဆိတ်ကျင်စွယ်များလည်း ရိတ်လို့။ သူ့ဆီသို့ လျှောက်လာပြီး သူ့လက်ကို ဆွဲယူနမ်းသည်။





"အို .. ဗာဆိုကလည်းကွယ်၊ ဖယ်စမ်းပါ"

နူတ်မှလွှတ်ခနဲ အသံထွက်သွားသည်။ ပြီးတော့ သူ့ရယ်သံကို သူပြန်ကြားလိုက်ရသည်။ သည်တော့မှ သတိပြန်ဝင်လာပြီး လမ်းပေါ်မှ လူသွားလူလာတွေကို သတိရပါသည်။

လူတစ်ယောက်က မိလာနီကိုကြည့်ပြီး ကြောင်နေသည်။ ထိုလူငယ်သည် သူ့ကိုကြည့်ကာရယ်နေသည်ဟု ထင်လိုက်၏။ ထို့ကြောင့် မျက်နှာပေါ်တွင် တစ်စုံတစ်ခုများပေကျံနေမလား အထင်နှင့်လက်ကိုင်ပုဝါကို ထုတ်ပြီး သုတ်လိုက်သည်။

မိလာနီတစ်ယောက် ပျော်လွန်းသဖြင့် စိတ်လှုပ်ရှားနေသည်။ ပေါ့ပါးရွှင်လန်းနေသည်။ သူက အရယ်ရပ်လိုက်ပြီး ဣန္ဒြေဆည်လိုက်၏။ ဘေးလူတွေ တစ်မျိုးတစ်မည်ထင်မှာလည်း စိုးရသေးသည်မဟုတ်လား။ သို့သော် သူ့နူတ်ခမ်းအစုံကမူ ပြုံးရွှင်နေဆဲ။ ရင်ထဲတွင် ရယ်မောနေဆဲ။

တရှိန်ရှိန်ဖြစ်နေသော သူ့ပါးပြင်ပေါ်သို့ မိုးပေါက်ကလေးတွေ ကျလာသောအခါ အေးမြမြခံစားလိုက်ရသည်။

ပြတင်းပေါက်အကျယ်ကြီးတွေနှင့် အိမ်တစ်ဆောင်ရှေ့သို့ရောက်သောအခါ မိလာနီကရပ်လိုက်ပြီး အိမ်ထဲသို့လှမ်းကြည့်လိုက်သည်။ ချောမောလှသည့် မိန်းကလေးတစ်ယောက်သည် မှန်တင်ခုံတွင်ထိုင်၍ သူ့လက်ချောင်းလှလှကလေးတွေကို ရှေ့သို့ ဆန့်တန်းပေးထားသည်။ ဝတ်ရုံဖြူနှင့် မိန်းမကြီးတစ်ယောက်က ကလေးမအား လက်သည်းနီ ဆိုးပေးနေသည်။

မိလာနီရင်ထဲတွင် နွေးခနဲဖြစ်သွားရပြန်သည်။ သူ့လက်ကလေးများကို သေသေချာချာ ကြည့်မိပြန်သည်။ ပြီးတော့ ဗာဆိုကဆွဲပြီး နမ်းရှုပ်နေသည့် မြင်ကွင်းကိုလည်း မြင်ယောင်လာပြန်သည်။

"အို.. ဗာဆိုကလည်း သွားစမ်းပါကွယ်.."

သူက အသံလွင်လွင်ကလေးဖြင့် ရယ်လိုက်သည်။

အခန်းသို့ပြန်ရောက်သောအခါ တံခါးကိုအသာဖွင့်၍ မှန်တင်ခုံရှိရာသို့ အမှတ်မထင်လျှောက်သွားလေတော့သည်။

*Hands by* ဂျော်ဂျီယန်စာရေးဆရာ *Alisha Kepiano*

၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ၊ မဟေသီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ကင်ဆာ

စကော့တို့သည် အဖက်ဖက်တွင် ထူးဆန်းသော လူမျိုးများ ဖြစ်သည်။ အိမ်နီးချင်း အင်္ဂလိပ်တို့နှင့် ရာစုနှစ်ပေါင်းများစွာ စစ်တိုက်ခဲ့ကြသူများ ဖြစ်သည်။ အင်္ဂလိပ်အား အောင့်ကာနမ်းရသည့် ဆက်ဆံရေးမျိုးဖြင့် ဆက်ဆံနေရသော်လည်း သူတို့ ရင်ထဲတွင်တော့ ဥဒါန်း မကြေကြပေ။ ၁၃ ရာစုနှစ်က အင်္ဂလိပ်ကို အောင်နိုင်ခဲ့သည့် စကော့တလန်သူရဲကောင်း 'ဘရုစ်' ကိုရော တိုက်ပွဲကြီးများ ဖြစ်ပွားရာနှင့် သူတို့၏အောင်မြေဟု ဆိုအပ်သော 'ဘမ်းနော့' လွင်ပြင်ကို ယနေ့တိုင် မမေ့နိုင်ကြဘဲ ဂုဏ်ယူမဆုံး ရှိနေကြဆဲ။ သမိုင်းဝင် မော်ကွန်းကြီးများအဖြစ် ကိုးကွယ်နေကြဆဲ။

စင်စစ် စကော့တလန်သည် စုလစ်မွန်းချွန် တောင်စွန်တောင်ထွတ်တို့ဖြင့်ပြီးသည့် ဆင်းရဲသောတောင်ပေါ်နိုင်ငံငယ်ကလေးသာဖြစ်၏။ ကမ်းရိုးတန်းတစ်လျှောက်မှာ ကျောက်ဆောင်ကျောက်တန်းများဖြင့် ဝန်းရံ ပိတ်ဆို့လျက်။ ပင်လယ်ရေလှိုင်းတို့က ကမ်းခြေကိုဒေါသတကြီး ခြိမ်းခြောက်လျက်။

စကော့လူမျိုးတို့သည် ပြောစမှတ်ပြုရလောက်အောင် ကြံ့ခိုင်သန်စွမ်းသူများ ဖြစ်သည်။ ရဲရင့်ဖျတ်လတ်သည်။ စီးပွားရေးတွင် ခြိုးခြံ စုဆောင်းတတ်သည်။ အသုံးအစွဲ ကျစ်လျစ်သိပ်သည်းသည်။ ထို့ပြင် စကော့လူမျိုးတို့အား မဟုတ်တန်းတရား အပုပ်ချသည့် ပါးစပ်ဒဏ္ဍာရီများစွာ ရှိသေးသည်။ ဘာမှ ခြေခြေမြစ်မြစ် ရှိကြသည်တော့ မဟုတ်။ ဤ အခြေအမြစ် မရှိသည့် လံကြုတ်ပုံပြင်များမှာ အသားထဲက လောက်ထွက်သည့် ကိုယ့်ပေါင်ကိုယ်လှန်သည့် တိစ္ဆမျိုး ဖြစ်သည်။ စကော့တလန်ပြည်၏ အသေးစား စက်မှုလုပ်ငန်းတစ်ခုမှာ





မိမိနိုင်ငံ မကောင်းကြောင်း လုပ်ဇာတ်များကို နိုင်ငံခြားသို့ ထုတ်လုပ် တင်ပို့သည့်လုပ်ငန်းဟု အဆိုရှိခဲ့သည် မဟုတ်ပါလား။

ဥပမာ .. စကော့လူမျိုးတို့သည် အထုံအအ များဖြစ်သည်။ အသိဉာဏ် ခေါင်းပါးသော နလပိန်းတုံးများ ဖြစ်သည်။ အေးစက်မာကြောသူများ ဖြစ်သည်။ မိုက်ရူးရဲသူများဖြစ်သည် စသည့်အမျိုးမျိုးသော နာမဝိသေသနများ။ စင်စစ် ဤသည်တို့မှာ လူမျိုးရေးအရ သက်သက်နှိမ်၍ သွားပုပ်လေလွင့် ပြောဆိုခဲ့ခြင်းများသာဖြစ်ပါ၏။ သို့သော် သူတို့သည် ထူးဆန်းသော လူမျိုးများ ဖြစ်သည်မှာတော့အမှန်။ 'တန်နီဘရေ' မြို့ကလေးတွင် ကျွန်တော်နေခဲ့စဉ်က စကော့လူမျိုးတစ်ယောက်နှင့် တွေ့ဆုံခဲ့ဖူးပါသည်။ သူနှင့်ပတ်သက်သည့် အဖြစ်ဆန်းကလေးကို ဖောက်သည်ချပါမည်။

တစ်ခုသောမတ်လ၏ ညနေခင်းတွင် ဝီလီခရိုက်သည် ကျွန်တော် အလုပ်လုပ်နေသည့် 'အာဒန်' ဆေးတိုက်၏လူခေါ်ခေါင်းလောင်းကို နှိပ်သည်။ သူ့ အမူအရာမှာ ထုံးစံအတိုင်း ဘာမှမဖြစ်သလို မထုံတက်သေးနှင့်။ သူက ဆရာမကြီးဂျက်နက်အား နေကောင်းရဲ့လားဟု မေးရင်းဝင်လာသည်။

"ဆရာ ရှိရဲ့လား"

"ရှင် ဘယ်ဆရာဝန်နဲ့ တွေ့ချင်တာလဲ မစ္စတာခရိုက်"

"ဘယ်သူနဲ့ဖြစ်ဖြစ်ပါ။ သူတို့နှစ်ယောက်စလုံးကို ကျုပ်သဘောကျပါတယ်"

"ခွဲစိတ်တာနဲ့ ပတ်သက်လို့ ဒီညဆရာဝန်လေးအလှည့်ရှင့်၊ ဒါပေမယ့် ရှင်ဆရာဝန်ကြီးနဲ့ တွေ့ချင်ရင် ကျွန်မသွားခေါ်ပေးမယ်လေ"

သူက ခေါင်းခါသည်။ သူခေါင်းခါပုံမှာ ခေါင်းကို ငုံ့သည်ဆိုရုံကလေး ငုံ့လိုက်ခြင်းဖြစ်၏။

"ကျုပ်အတွက် သူတို့နှစ်ယောက်စလုံး အတူတူပါပဲ"

ဆရာမကြီးက သူ့ကိုကြည့်ပြီး သဘောကျသွားသည်။ ဂျက်နက်သည် အေးဆေးတည်ငြိမ်သူတို့အား အလွန်သဘောကျသူဖြစ်၏။ ထို့ကြောင့် ဝီလီအား အထူးအနေဖြင့် ထမင်းစားခန်းတွင် ထိုင်စောင့်စေသည်။

အိတ်တွင်းသို့ လက်နှစ်ဖက်နှိုက်ရင်း ဝီလီထိုင်စောင့်နေသည်။ သူ၏ မျက်လုံးများက မီးလင်းဖိုပေါ်တွင် ဆွဲချိတ်ထားသည့် ထရောပြားကလေးကို စိတ်မပါတပါငေးကြည့်လျက်။

သူသည် အသက်(၃၇)နှစ်အရွယ်ရှိ လူပုပုသေးသေးကလေး ဖြစ်သည်။ မုတ်ဆိတ်ကျင်စွယ်ကို သေသပ်စွာရိတ်ပြီး မီးခိုးရောင်တိတ်စုံကို အကျ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားပြီး၊ မျက်နှာက ဖြူရော်ရော်။ ဝီလီမှာ မုန့်ဖိုပိုင်ရှင် ဖြစ်သည်။ လမ်းမကြီးပေါ်တွင် တည်ရှိသည့် သူ၏မုန့်ဆိုင်မှာ သပ်ရပ်ခန့်ညားလှသည်။ ငွေသိမ်းစားပွဲတွင် သူ့ဇနီးထိုင်၏။ ဝီလီကမူ ဆိုင်နောက်ဘက် မုန့်ဖိုထဲတွင် ကိုယ်တိုင် ကြီးကြပ်သည်။ ဝီလီခရိုက်၏ ဆိတ်သားမုန့်မှာ သည်မြို့တွင် ထိပ်တန်း၊ သူ့ကိတ်မုန့်များမှာလည်း သည်နယ်တစ်ရိုးတွင် ဘယ်သူမှ လိုက်မမှီနိုင်အောင် လူကြိုက်များသည်။ ဝီလီသည် နာမည်ကျော် မုန့်ဖိုပိုင်ရှင် ဖြစ်သည့်အပြင် အရောင်းအဝယ်နှင့် ပတ်သက်၍လည်း နာမည်ကောင်းသူ တစ်ယောက်ဖြစ်သည်။ သို့သော် မြို့ပေါ်တွင် သူနာမည်ကြီးနေသည်မှာ သည်အရည်အချင်းများကြောင့်မဟုတ်။

သူနာမည်ကြီးသည်မှာ အေးစက်စက်နိုင်လွန်းခြင်းကြောင့် ဖြစ်သည်။ ဝီလီခရိုက်လောက် တုံဏှိဘာဝေ နိုင်တဲ့လူကိုတော့ လောကမှာ မတွေ့ဘူး ပေါင်ဗျာဟု တစ်မြို့လုံးက မှတ်ချက်ချထားသည်။ ဥပမာ ပုလင်းပုံသဏ္ဍာန် သစ်သားတုံးများကို ထောင်၍ဘောလုံးနှင့်ပစ်ရသည့် မြို့နယ်ဘောလုံးပစ်ပွဲတွင် ဝီလီက နောက်ဆုံးဗိုလ်လုပွဲ၌ ဂေါ်ဒွန်ကို လက်မတင်ကလေးကပ်နိုင်၏။ တစ်မြို့လုံး မဆုံးနိုင်အောင် လက်ခုပ်တီးသြဘာပေးကြ၏။ ရှုံးသူ ဂေါ်ဒွန် ဆွေ့ဆွေ့ခုန်နေချိန်တွင် နိုင်သူဝီလီတစ်ချက်ကလေးမျှ ဣန္ဒြေမပျက်၊ သူ့ထုံးစံအတိုင်း မတုန်မလှုပ် ကျောက်ရုပ်။

နောက်ပိုင်းတွင် ဂေါ်ဒွန်က ကလပ်ထဲ၌ ခပ်တွေတွေကလေးနှင့် သည်အကြောင်းကို ပြန်ပြောရင်း ...

"ဝီလီက လူမဟုတ်ပါဘူးဗျာ .. ဒီပြင်လူတွေ ခံစားသလို သူမခံစားတတ်ပါဘူး၊ သူဟာ ရေခဲရိုက်ထားတဲ့ငါးတစ်ကောင်နဲ့ ဘာမှမထူးဘူး" ဟု မှတ်ချက်ချ၏။ ဤသို့ ဝီလီကို ခံစားမှုကင်းသောလူ၊ ထုံထိုင်းသောလူအဖြစ် တစ်မြို့လုံးက လက်ခံထားကြသည်။ ယခုသူသည် အာဒန်ဆေးခန်းတွင် ကျွန်တော်နှင့်တွေ့ရန် အတောင့်သားထိုင်စောင့်နေသည်။

"ဒီဘက်ကိုကြွပါ မစ္စတာခရိုက်"

ဂျက်နက်က ကျွန်တော့်အခန်းသို့ သူ့ကိုခေါ်လာသည်။ သူ ထလိုက်လာ၏။

"ကဲ .. ထိုင်၊ ဆိုစမ်း .. ဘာဖြစ်သလဲ"

အလုပ်ကလည်း ပင်ပန်းလှပြီ။ လုံးလုံး အနားမရသဖြင့် ကျွန်တော်က အလုပ်သဘောအရ ခပ်ပြတ်ပြတ်ပင် သူ့ကို မေးလိုက်သည်။ သို့သော် ကျွန်တော်၏ တိုတောင်းမှုကို စိုးစဉ်းမျှ ဂရုစိုက်ပုံမရ။





"ကျွန်တော့် လျှာပါဆရာ၊ လျှာအဖျားမှာ တစ်ခုခုဖြစ်နေသလားလို့"

"နာသလား"

"ဟုတ်ကဲ့ .. နာတယ်ဆိုပါတော့"

"ကဲ .. ဒါဖြင့် .. ကြည့်ရအောင်"

ကျွန်တော် စားပွဲပေါ်မှကုန်း၍ သူ့လျှာကို ကြည့်လိုက်သည်။ သေသေချာချာ ကြည့်သည်။ ထို့နောက် ကျွန်တော်ကလေသံတစ်မျိုးဖြင့် ..

"ဒါဖြစ်တာ ဘယ်လောက်ကြာပြီလဲ"

"အဲ .. ကျွန်တော် သတိပြုမိသလောက်ဆိုရင် ခြောက်ပတ်လောက်ရှိပြီ ထင်တယ်။ တဖြည်းဖြည်း ဆိုးဆိုးလာတယ်ဆရာ"

"ခင်ဗျား ဆေးလိပ်သောက်သလား"

"ဟုတ်ကဲ့ .. သောက်ပါတယ်၊ မပြတ်တမ်း သောက်ပါတယ်ဆရာ"

"ဆေးလိပ်လား၊ ဆေးတံလား"

"ဆေးတံပါ"

ကျွန်တော်က ခဏလေးစဉ်းစားပြီး ပစ္စည်းဗီရိုဆီသို့ ထသွားသည်။ အားကောင်းကောင်းမှန်ဘီလူး တစ်လက်ကိုယူပြီး သူ့လျှာကို သေသေချာချာ ထပ်ကြည့်သည်။ လျှာအဖျားတွင် သွေးနီဥလေးတစ်ခု ရဲရဲနီနေသည်။ ထိကြည့်တော့ မာနေသည်။ အတွေ့အကြုံများပြီဖြစ်သော ကျွန်တော့် မျက်လုံးများက ယင်းအနီစက်ကလေး၏ အန္တရာယ်ကို ကြိုတင် သိမြင်လိုက်ပြီ။ မှန်ဘီလူးကိုချပြီး ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။ ကျွန်တော်လုပ်စရာ နှစ်လမ်းရှိသည်။ သူ့ကို နှစ်သိမ့်လွှတ်ရမလား၊ အမှန်အတိုင်းဖွင့်ပြောရမလား။ ကျွန်တော်က ဝီလီကို ငေးကြည့်နေရင်း ချီတုံချတုံဖြစ်နေ၏။ ဝီလီက တည်ငြိမ်မှုတွင် နာမည်တစ်လုံးနှင့်နေသူ။ ကျွန်တော်က အမှန်အတိုင်းပြောရန် ဆုံးဖြတ်လိုက်၏။

"ဝီလီ ခင်ဗျားလျှာပေါ်က အစက်ကလေးဟာ .. တော်တော်ဒုက္ခပေးနိုင်တယ်နော်။ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့လေ"

ဝီလီက ထိုအချိန်ထိ တုတ်တုတ်မှမလှုပ်။ အတန်ကြာမှ ..

"ဒါကြောင့် ကျွန်တော်လာတာပါ ဆရာ၊ ကျွန်တော် သေသေချာချာ သိချင်ပါတယ်"

"ကျွန်တော်လည်း သိချင်တာပါပဲ။ ကျွန်တော် ခင်ဗျား လျှာပေါ်က အသားကလေး နည်းနည်း လှီးယူရလိမ့်မယ်၊ မနာစေရပါဘူး။ ပြီးတော့ ကျောင်းဓာတ်ခွဲခန်းကို ပို့ပြီး နှစ်ရက်လောက်ကြာရင် အဖြေရအောင် လုပ်ပေးပါမယ်၊ အဲဒီတော့မှ စိုးရိမ်နေတာ ဟုတ် မဟုတ်ကိုလည်း ထပ်ပြောပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဆရာ လုပ်ပါ၊ ဆရာ သင့်တော်သလိုလုပ်ပါ"

စမ်းသပ်ခန်းထဲတွင် အပ်ကျသံမျှ ကြားရလောက်အောင် ဆိတ်ငြိမ်သွားပြန်သည်။ ကျွန်တော်က ဝီလီ၏ အေးစက်စက် မျက်လုံးများထဲသို့ စိုက်ကြည့်လိုက်ပြီး ကျွန်တော်၏သံသယကို ပြောချလိုက်သည်။

"ခင်ဗျားလျှာပေါ်က အစက်ကလေးဟာ ကင်ဆာများ ဖြစ်နေမလားလို့ ကျွန်တော်စိုးရိမ်နေတယ်"

"အော် .. ဟုတ်လား၊ ဒါဆိုရင်တော့ သိပ်မလွယ်ဘူးပေါ့။ ကင်ဆာဆိုတော့ ဘာလုပ်ရမလဲဆရာ"

"ကင်ဆာမှန်ရင်တော့ ခွဲရမှာပေါ့"

"ခွဲရမယ်ဆိုတော့ လျှာဖြတ်ရမှာပေါ့ .. ဟုတ်လားဆရာ"

ကျွန်တော် ခေါင်းညိတ်လိုက်ရသည်။

"အင်း .. အနည်းနဲ့အများ ဆိုသလိုပေါ့၊ ဒါပေမယ့် မသေချာရင် ကျွန်တော်တို့ဘာမှ မလုပ်ပါဘူး"

ဝီလီသည် သူ၏လုပပြောင်လက်နေသည့် ဖိနပ်ဦးကို အကြာကြီး ငုံ့ကြည့်နေသည်။ နောက်မှ ခေါင်းမော့လာပြီး ..

"ကောင်းပါပြီ ခင်ဗျား၊ ဆရာ လုပ်စရာရှိတာသာ လုပ်ပါတော့"

ကျွန်တော်က ထရပ်လိုက်ပြီး ဆေးတင်ပြီးသားပစ္စည်းတစ်ခုကို ယူ၍ ဝီလီ၏လျှာကို အိသာကလိုရိုက် ဖျန်းလိုက်သည်။ ထို့နောက် လျှာဖျားရှိ အနီပြောက်ကလေးမှ အသားမျှင်လေးတစ်ခုကို လှီးထုတ်လိုက်သည်။

"ဟင် .. ဆရာ့ဥစ္စာက တယ်မြန်ပါလား"

သူက ပြောပြောဆိုဆို အလုပ်ကျင်းပြီး ဦးထုပ်ကိုကောက်ဆောင်းကာ သွားရန် ဟန်ပြင်လိုက်သည်။

"ဒီနေ့ တနင်္လာနေ့ဆိုတော့ ကြာသပတေးနေ့လောက် လာကြည့်ပေါ့။ ကျွန်တော်အဖြေပေးပါ့မယ်"

"ဘာမှ မဟုတ်ပါစေနဲ့လို့ ဆုတောင်းရတာပဲဆရာ"

"ကျွန်တော်လည်း ဆုတောင်းပါတယ်ဗျာ"

"ကဲ .. သွားမယ် ဆရာ"

"ကောင်းပြီ"

သူထွက်သွားတော့ ကျွန်တော်ကလမ်းပေါ်အထိ သူ့ကိုငေးကြည့်နေမိသည်။ သူသည် ခြံတံခါးကို ဂရုတစိုက်ပိတ်ပြီးမှ ထွက်သွားသည်။ သူ၏ သတ္တိနှင့် တည်ငြိမ်မှုကိုကြည့်ပြီး ကျွန်တော်က သဘောမကျဘဲ မနေနိုင်





အောင်ဖြစ်သွားသည်။ ဤသို့ အကဲဖြတ်ရာတွင် ဘယ်အတိုင်းအတာအထိ အား ကျွန်တော်မှန်ပါသလဲ။

* * *

အေးစက်ထုံထိုင်းရာတွင် နာမည်ကြီးသော စဉ်းစားဆင်ခြင်မှုမရှိဟုဆိုသော ဝီလီသည်နှုတ်ခမ်းကို တင်းတင်းစေ့လျက်ခေါင်းကို ခပ်မော့မော့ထားကာ ဏမ္ဍေမပျက် လမ်းလျှောက် ပြန်လာခဲ့သည်။ သူ၏ ဗဟိဒ္ဓအသွင်အပြင်သည် ထုံးစံအတိုင်း တည်ငြိမ်လျက်၊ အေးဆေးလျက်။ သို့သော် တကယ် ခံစားနေရသည်က ထောင်ပေါင်းများစွာသော တူများဖြင့် သူ့ဦးခေါင်းအား ရက်ရက်စက်စက် ထုနက်နေဘိသို့။

နားထဲတွင်လည်း ထောင်ပေါင်းများစွာသော အသံတို့သည် မိုးကြိုးပစ်သည့်နှယ် အဆက်မပြတ် ပဲ့တင်ထပ်လျက်။

ကင်ဆာ .. ကင်ဆာ .. ကင်ဆာ ..။

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။ နှလုံးခုန်သံသည် ရင်ထဲတွင် တဒိုင်းဒိုင်းမြည်လာသည်။ ဝတ်ကျောင်းလမ်းထဲသို့ ချိုးဝင်လိုက်သော အခါ ခေါင်းတွေ မူးဝေနောက်ကျိလာသည်။ တစ်ခါတွင် မူးမိုက်မေ့မြော သွားမတတ် ခံစားလိုက်ရသည်။

"ဟေ့ .. ဝီလီ .. ရာသီဥတုမကောင်းလားဗျို့၊ ဘောလုံးပစ်ဖို့လေ"

ဘောလီဆိုသည့် မိတ်ဆွေတစ်ယောက်က လမ်းတစ်ဘက်ရှိ သူ့ရုံးခန်းအပြင်မှ အော်ပြောသည်။ ဝီလီ၏ မျက်စိထဲတွင် ဘောလီတစ်ယောက်တည်းမဟုတ်၊ ဘောလီတွေ အများကြီးမြင်နေရ၏။ သူ့ကို ရွံမဲ့ပြီးပြောင်ပြနေသလိုလည်း စိတ်ထဲထင်နေသည်။

"လာမယ့် စနေနေ့ကျရင် ခင်ဗျားပွဲကို လာကြည့်ရမယ်ဗျို့"

"လာကြည့်ပါ့။ ကျွန်တော်ကစားမှာပါ"

ဘာတွေပြောမိပြီး ဘယ်လိုစကားလုံးတွေ ပါးစပ်က ထွက်သွားသည် မသိ။ ဆက်လျှောက်သွားသည်။ တစ်ကိုယ်လုံးမှာ ချွေးစေးတို့ဖြင့် စိုရွှဲလျက်။ ပါးပြင်ပေါ်မှ ကြွက်သားများပင် တွန့်လိမ် နာကျင်လာသည်ထင်ရသည်။ စိတ်ကို သူ မထိန်းနိုင်တော့။ တစ်ကိုယ်လုံး အရည်ပျော်သွားသလို ခံစားလိုက်ရသည်။

သူသည် ဘဝတစ်လျှောက်လုံး အသေအလဲ တိုက်ပွဲဝင်ခဲ့ရသူဖြစ်သည်။ သူ တိုက်ခဲ့ရသည့် ရန်သူမှာ ပြင်ပရန်သူမဟုတ်။ သူ့အား အမြဲဒုက္ခပေး



www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည့် ကိုယ်တွင်းမှ စိတ်လှုပ်ရှားလွယ်မှုနှင့် တည်ငြိမ်မှုဖြစ်သည်။ ထို ရန်သူသည် သူ့အား အမြဲတစေ ခြောက်လှန့်နေခဲ့သည်။ သူသည် ပင်ကိုယ် အားဖြင့် စိတ်လှုပ်ရှားလွယ်လွန်းသူဖြစ်သည်။ သာမန်ကိစ္စမျိုးကလေးများကပင် သူ့စိတ်ကို ကတိမ်းကပါးဖြစ်စေ၏။ ဘောလုံးပစ် ချန်ပီယံဘွဲ့ရစဉ်ကလည်း နောက်ဆုံး တစ်လုံးကို ဘယ်လိုပစ်ရမှန်း မသိအောင် သူ့ အတွင်းစိတ်က ဆောက်တည်ရာမရ ဖြစ်နေ၏။ သို့သော် ထုံးစံအတိုင်း ဟန်ဆောင်တည်ငြိမ်မှု က သူ့ကိုလွှမ်းမိုးပြီး ဣန္ဒြေမပျက် ဆက်ကစားသည်။ ယခုကိစ္စတွင်မူ မည်သို့ မျှ ဟန်ဆောင်၍မရတော့။ နှလုံးသွေး ပျက်ချင်စရာကောင်းလှသည့် စကား နှစ်လုံးသည် သူ့ နားထဲတွင် ပဲ့တင်ဟည်း၍ ဝင်လာပြန်သည်။

မှန့်ဆိုင်ပိတ်၍ ဆိုင်အပေါ်ထပ်သို့ တိတ်ဆိတ်စွာ တက်လာခဲ့သည်။ ကုလားထိုင်ပေါ်တွင် အရုပ်ကြိုးပြတ်ထိုင်ချလိုက်ပြီး ကတ္တီပါ ခြေညှပ်ဖိနပ်ကို ပြောင်းစီးလိုက်သည်။

"ဟင်.. ရှင် ဒီနေ့ဘောလုံးပွဲကပြန်လာတာ တယ်စောပါလား ဝီလီ"

ဇနီးဖြစ်သူ ဘက်စီက သတင်းစာဖတ်နေရာမှ ခေါင်းထောင်မကြည့်ဘဲ ခပ်ရွှင်ရွှင်ကလေး လှမ်းပြောလိုက်သည်။

ဘာပဲဖြစ်ဖြစ် ချစ်ဇနီးကိုတော့ အသိပေး၍ မဖြစ်။

"ကိုယ်ဘောပစ်ပွဲကို ဒီနေ့မသွားပါဘူး၊ လမ်းထွက်လျှောက်တာပါ"

"ချယ်နီတို့ဆိုင်က ကြော်ငြာထားတဲ့ ဦးထုပ်ကလေးတွေက သိပ်လှတာပဲရှင်၊ ငှက်မွေးအတွန့်တွန့်ကလေးတွေနဲ့ ဈေးလည်း သက်သာတယ်။ ကျွန်မအတွက် တစ်လုံးဝယ်မလားလို့"

ဝီလီက မီးဖိုကိုစိုက်ကြည့်နေရင်း စိတ်ကိုငြိမ်အောင် တင်းထားသည်။ ထိုအခါ မယုံကြည်နိုင်လောက်အောင်ပင် သမာဓိရလာသည်။

"ဝယ်ပေါ့ကွာ၊ မင်းဘာမှ မဝယ်တာကြာပြီပဲ"

ဤသို့ ရက်ရက်ရောရော ခွင့်ပြုလိုက်သဖြင့် ဇနီးက ကြည်ကြည်လင်လင်ပြုံးလိုက်သည်။

"ဝယ်ဖြစ်ချင်မှ ဝယ်ဖြစ်မှာပါရှင်၊ အလှအပအတွက် ကျွန်မဘယ်တုန်းက ဖြုန်းဖူးလို့လဲ၊ မိုးလေးဘလေးများ ရွာတဲ့နေ့မှာ အသုံးကျမလားလို့ပါ။ တကယ်တော့ ဒါတွေကအရေးကြီးတာ မဟုတ်ပါဘူးလေ။ အရေးကြီးတာက ကျွန်မတို့မိသားစု တစ်သက်လုံး ဒီမုန့်ဖိုအပေါ်ထပ်မှာချည်း နေသွားလို့ မဖြစ်ဘူး။ ဝင်းကလေးခြံကလေးနဲ့ အဆင့်အတန်းမီမီ အိမ်တစ်လုံးလောက်ဝယ်နိုင်အောင် လုပ်ရမယ်။ မဟုတ်ဘူးလား ဝီလီ၊ တစ်နှစ် နှစ်နှစ်အတွင်းလောက်မှာပေါ့"





တစ်နှစ်၊ နှစ်နှစ်အတွင်းတဲ့ ထူးထူးဆန်းဆန်းမဟုတ်သော ဤစကား လုံးကလေးများ သူ့ရင်ဝကို ဓားနှင့်ထိုးလိုက်သလို ခံလိုက်ရသည်။ အင်း — နောက် တစ်နှစ်၊ နှစ်နှစ်၊ အဲဒီအခါ သူဘယ်ဘဝသို့ရောက်နေမည်နည်း။ သူ မျက်ရည်ကို အနိုင်နိုင်ထိန်းနေစဉ် ဇနီးဖြစ်သူက သတင်းစာကို ခေါက်လိုက်ပြီး ရယ်နေသည်။

"အဲဒီလို အပြောင်းအလဲရှိမှ ရှင်လည်းပြောင်းလဲလာမှာ၊ နို့မဟုတ်ရင် ရှင် တစ်သက်လုံး ဗိုက်ဘာဝေဘာဝက တက်မှာမဟုတ်ဘူး"

သူသည် မနက်အစောကြီးဖုန့်ဖိုသို့ ဆင်းရသဖြင့် စောစောအိပ်ရာဝင် လေ့ရှိသည်။ ဘယ်တော့မှ ၁၀ နာရီထက်နောက်ကျလေ့မရှိ။ သို့သော် သည် ညတော့ ၉ နာရီတွင် အိပ်ရာဝင်ခဲ့သည်။ သို့သော် အိပ်မပျော်၊ ဇနီးသည်တက် လာသည်အထိ အိပ်၍ မပျော်သေး။ အသာအိပ်ချင်ယောင်ဆောင်နေလိုက် သည်။ မျက်စိကိုမှေး၍ ဇနီးသည်၏ လုပ်ရိုးလုပ်စဉ် လှုပ်ရှားမှုကလေးများကို နားစွင့်နေသည်။ ရင်မှဝေဒနာသည် ဆိုးရွားပြင်းထန်နေလျက်ပင် ရှိသေးသည်။ ဘက်စီက ပထမ နာရီကို သော့ပေးသည်။ ပြီးတော့ အညောင်းဆန့်ကာ ဘစ်ချက်သန်းလိုက်ပြီး ခေါင်းမှ ဆံထိုးဆံညှပ်များကို ဖြုတ်၍ မီးလင်းဖိုပေါ်မှ ခွက်ငယ်ထဲသို့ထည့်သည်။ ပြီးတော့ ချစ်လင်မနိုးစေရန် သာသာငြိမ့်ငြိမ့်ကလေး အိပ်ရာပေါ်တက်သည်။ နာရီဝက်ခန့်အတွင်း အသက်မှန်မှန်ရှူကာ အိပ်ပျော် သွားသည်။

သူ့နားထဲတွင် သူ၏ ဒုတိယအသံကို ကြားနေသည်။ ငါ မင်း ထင်သလို အေးစက် မာကျောတဲ့ လူတစ်ယောက်မဟုတ်ပါဘူး ဘက်စီရယ်၊ ဘယ်ကိစ္စမှာဖြစ်ဖြစ် ခံစားတတ်ပါတယ်။ တကယ်ခံစားတတ်ပါတယ်။ ခု ကြည့်လေ .. ငါ သိပ်ကြောက်နေပြီ။ သိပ်ကိုကြောက်နေပြီ။ ကလေးငယ် တစ်ယောက်လို ဆတ်ဆတ်တုန်နေပြီ။ ငါဟာ ကလေးငယ်တစ်ယောက်လို အမြဲတမ်းကြောက်တတ်ခဲ့တယ်။ တကယ်တော့ ငါဟာသိပ်စိတ်လှုပ်ရှားတတ်တဲ့ စိတ်နုတဲ့လူတစ်ယောက်ပါ။ ဒါကိုလူတွေသိမှာစိုးလို့ တမင်စိတ်ကို ဖုံးကွယ် ဟန်ဆောင်ပြီးနေခဲ့တာပါကွာ။ ခုငါ့မှာ ကင်ဆာ၊ ကင်ဆာရောဂါရနေပြီတဲ့။

ဇနီးသည်မှာ ငြိမ်းချမ်းငြိမ်သက်စွာ အိပ်မောကျလျက်။ ဝီလီကမူ သေမင်းနဲ့ ရင်ဆိုင်ရမည့်အရေးကို တွေးပြီး ဆောက်တည်ရာမရ တုန်လှုပ် ချောက်ချားနေ၏။ အသံထွက်မသွားအောင် ပါးစပ်ကိုလက်ဖြင့် ပိတ်ထားလိုက် ၏။ သူ့ကိုယ်မှာ သိမ့်သိမ့်တုန်နေသည်။ ပရိဒေဝမျက်ရည်ပူတို့သည် မျက်လုံး အစုံမှ တသွင်သွင် စီးကျလျက်ရှိသည်၊ နားထဲတွင်ကား တော်လံပဲ့တင်သံတို့

www.burmeseclassic.com



ဖြင့် ဆူညံတုန်ဟည်းလျက်။ သူ၏အမှောင်ထုသည် သူ့အား ဝါးမျိုထားသည်။ တစ်မေးကလေးမှ အိပ်၍မရ။ တစ်စက္ကန့်ကလေးမှ သည်အဖြစ်ဆိုးကို မေ့လို့ မရ။

မနက်လေးနာရီတွင် အိပ်ရာမှထပြီး အလုပ်အဝတ်အစားလဲကာ ဖုန့်မှိုထဲသို့ ဆင်းလာခဲ့၏။ တစ်နေ့တာအလုပ်သည် သောကကို တဒင်္ဂသက်သာရာရစေနိုင်လိမ့်မည်ဟု သူထင်ခဲ့သည်။

သို့သော် မဟုတ်။ တစ်နေ့သာ ကုန်သွားသည်။ တစ်ရုံတစ်ဆစ်ကလေးမှ မေ့၍မရ။ ခံစားမှုက ပို၍သာ ဆိုးရွားပြင်းထန်၍လာသည်။ အပြင်ပန်းအားဖြင့် သူသည် ခါတိုင်းလိုလိုပင် ပြောဆိုလှုပ်ရှားနေ၏။ သူ့ခန္ဓာကိုယ် အတွင်းဘောကြီးမှာ စက်ရုပ်ကြီးတစ်ခုသဖွယ် သွားလာနေ၏။ ကင်ဆာရောဂါရနေပြီဟူသော အသိကအဲ့ကို တစ်ရုံတစ်ဆစ်ကလေးမှ အလစ်မပေး။ အချိန်ရတိုင်း အပေါ်ထပ်တက်ပြီး မှန်ရှေ့တွင် လျှာကိုထုတ်၍ ကြည့်နေမိသည်။ ပို၍ ကျယ်ပြန့်လာသော လျှာပေါ်မှ အနီဝိုင်းကလေးကို သူ အထိတ်တလန့် စိုက်ကြည့်နေ၏။

လူကြီးတစ်ယောက်မှန်ထဲတွင် လျှာထုတ်ပြနေသည့် မြင်ကွင်းမှာ ရယ်စရာလား၊ သနားစရာလား။ တအား အော်ရယ်ပစ်လိုက်ချင်သည်။ သို့သော် မရယ်အား၊ လျှာကို စူးစူးစိုက်စိုက် ကြည့်နေသည်။

ပိုများ ဆိုးလာသလား၊ ပိုများ ယောင်လာသလား၊ အရင်အတိုင်းပဲလား၊ နည်းနည်းတော့ ပိုနာလာတာအမှန်။ လျှာပေါ်က အသားစကလေး လှီးဖြတ်ထားလို့များလား မပြောတတ်။ စိတ်ထဲကပဲ ထင်နေလို့လားမသိ။ ထူးဆန်းသည်။ အလွန်ထူးဆန်းလှသည်။ ဘာမျှမဖြစ်လောက်သည့် အနီစက်ကလေးသည် လူ့အသက်ကို သေစေနိုင်သည်တဲ့။ နောက်ဆုံးတွင် သူ့လျှာကို သူမကြည့်ရဲသလို ဖြစ်လာကာ အောက်ထပ်သို့ ဆင်းခဲ့ပြန်သည်။

ထိုညတွင်လည်း သူအိပ်မပျော်။ နံနက်စာ စားပွဲတွင် ဇနီးဖြစ်သူက သူ့ကိုအကြင်နာမျက်လုံးများဖြင့် ကြည့်၍ ..

"ခုတလော အစားအသောက် သိပ်နည်းတယ်၊ နေမကောင်းဘူးလား"

"အို .. မဟုတ်ပါဘူး ..မင်းစိတ်ထင်လို့ပါ" ဟု သူက ဖုံးကွယ်လိုက်၏။ ပြီးတော့ ဝက်ပေါင်ခြောက်နှင့် ကြက်ဥကို ယူစားလိုက်သည်။ သို့သော် ပါးစပ်ထဲတွင် ဘာအရသာမှမရှိ။

ကင်ဆာဟူသည့်အသိမှလွဲပြီး အခြားအရာတို့သည် သူ့အသိအာရုံဝိုင်းတွင် ဝိုးဝါးရီဝေနေလေပြီ၊ သူ့စိတ်မှာလည်း နဂိုအတိုင်းမဟုတ်တော့ပေ။





ဆိုးစားတွေးတောရလွန်းသဖြင့် ရူးချင်သလိုလို ဖြစ်နေပြီ။ ဆရာဝန်ကလည်း ခွဲရမည်ဟုဆိုသည်။ မျက်လုံးကို အသာမှေးကာ မျှော်ကြည့်လိုက်သည်။

* * *

ဆေးရုံပေါ်က အိပ်ရာကျဉ်းကျဉ်းကလေးပေါ်တွင် တင်ထားမည်။ ခွဲစိတ်မည့်ရက်ကို စောင့်ရမည်။ ခွဲစိတ်ခန်းထဲသို့ တွန်းယူသွားကြမည်။ ခွဲစိတ် ဆရာဝန်ကြီးက လိပ်ပြာလွင့်မတတ် ခြောက်လှန့်နေဦးမည်။ ပြီးတော့ ဘာတဲ့.. ကလိုရိုဖောင်းဆိုလား ဘာလား။ ပျို့အန်ချင်စရာကောင်းတဲ့ မေ့ဆေးနဲ့သူ့ကို မေ့အောင်လုပ်ကြမည်။ မေ့သွားတဲ့ နောက်ပိုင်း သူ့ပါးစပ်ကို တအားဖြဲပြီး ဓားတဝင်းဝင်းနဲ့ အမဲဖျက်သလို ဖျက်ကြလိမ့်မည်။ လျှာအရင်းထိ လှီးဖြတ်ကြလိမ့်မည်။ အရင်းမှ လှီးဖြတ်ထားသော သွေးရဲရဲ သံရဲရဲလျှာကြီးကို မြင်ယောင်လာတော့ နှလုံးသွေးပျက်မတတ် ထိတ်လန့်သွားပြီး မျက်လုံးအစုံကို လက်တစ်ဖက်ဖြင့် ပိတ်လိုက်မိသည်။ ပြီးတော့ တစ်ချက် ရှိုက်လိုက်၏။

ခွဲစိတ်ပြီးပြီ ဆိုပါစို့။ ခုတင်ပေါ်တွင် သတိပြန်ရလာမည်။ ထိုအခါတွင်တော့ သူသည် မုချသနားစရာ ဒုက္ခိတ လုံးလုံးဖြစ်သွားရှာတော့မည်။ လျှာမရှိတော့ဘူးလေ။ စကားမပြောနိုင်တော့သော အအကြီးတစ်ယောက်။ ဝူးဝူးဝါးဝါး အသံမှလွဲ၍ ဘာမှပြောနိုင်မည် မဟုတ်တော့။

"ဘုရား .. ဘုရား၊ ဆိုးလှတဲ့အဖြစ်ပါကလား"

အတွေးဥ္စနစ်မြောနေစဉ် အချိန်ဟူသည့် စက်ယန္တရားသည် မနားမနေ နေ့တွေကို ကျော်လွှားခဲ့သည်။ ဤသို့ဖြင့် ဗုဒ္ဓဟူးနေ့ညသည် ကုန်လွန်ခဲ့၏။ ထိုရက်ပိုင်းကလေးကို နှစ်တစ်ရာမက ကြာမြင့်လှသည်ဟု ထင်နေသည်။

ဆရာဝန်ချိန်းထားသည့် ကြာသပတေးနေ့။

ဝေဒနာကို ဘယ်သူနှင့်မှ မျှဝေခံစားစေခြင်း မပြုဘဲ၊ တစ်ကိုယ်တည်း ကြိတ်မှိတ်ခံနေသည်။

နေ့လယ်စာ စားပြီးသည်နှင့် မြစ်ဆိပ်ကမ်းဘက်သို့ ထွက်လာခဲ့သည်။ ဒီရေတက်ချိန်ဖြစ်သဖြင့် မြစ်ရေသည် သင်္ဘောဆိပ်ကို တရိပ်ရိပ်ဝါးမျိုနေသည်။ သူရပ်နေသည့်နေရာနှင့် ပေအနည်းငယ်သာ လိုတော့သည်။ ရေပြင်ကို စိုက်ကြည့်နေသည်။ နောက်ထပ်ခြေတစ်လှမ်းသည် သူ့ဘဝကို အဆုံးအဖြတ်ပေးမည့် ခြေတစ်လှမ်း။ တံတားတိုင်များကို တဝုန်းဝုန်းရိုက်ခတ်နေသည့် လှိုင်းကြက်ခွပ်တွေ ရေဝဲဂယက်တွေက သူ့ကို လက်ယပ်ခေါ်နေသို့။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူ့နံဘေးမှ အသံတစ်သံကြားလိုက်သည်။

"လေကောင်းလေသန့် လာရှူနေတယ်ထင်တယ် ဝီလီ၊ ဟုတ်စ"

ထိုသူမှာ သူ့မိတ်ဆွေ ပီတာဖြစ်သည်။ ပီတာက သူ့ကို ပြုံးပြသည်။ အိပ်မက်မှ လန့်နိုးလာသူလို ပါးစပ်ကပြောမိပြောရာ စွတ်ပြောလိုက်သည်။

"အေးဗျာ .. ဒီညနေ မုန့်ဖိုမှာ ပူလွန်းလို့"

သူတို့နှစ်ဦးသား အတန်ကြာအောင် ယှဉ်ရပ်နေကြသည်။ ပြီးမှ ပီတာကစ၍ ..

"ကျွန်တော်လည်း ခင်ဗျားတို့ လမ်းက လှည့်ပြန်မယ်။ အတူတူ လျှောက်ကြရအောင်"

ပီတာသည် တစ်လမ်းလုံး ရောက်တတ်ရာရာတွေ ပြောလာသည်။ ဝီလီအတွက်တော့ ပြောစရာစကား မရှိတော့ပေ။ အိမ်ပြန်ရောက်လျှင် ရောက်ချင်း လက်ဖက်ရည်တစ်ခွက်သောက်ပြီး အဝတ်အစား လဲလိုက်သည်။ သူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။ သေချင်သေပါစေ၊ ခွဲစိတ်ကုသမှုကိုတော့ဖြင့် မခံတော့ပြီ။ ကင်ဆာရောဂါကို ခွဲစိတ်ကုသမှုဖြင့် မတတ်နိုင်ကြောင်း သူ ရတ်တရက် နားလည်လိုက်သည်။ မှန်သည်။ ကင်ဆာသည် ဘယ်တော့မှ အပြီးအပိုင် မောင်းထုတ်၍မရ။

ညနေ ၆ နာရီခွဲတွင် လမ်းထွက်လျှောက်ဦးမည်ဟု ဇနီးအား ပြောလိုက်သည်။

ထိုညနေရာသီဥတုမှာ သာယာနေသည်။ လမ်းတွင် တွေ့သမျှ အသိအကျွမ်းတွေကို ခေါင်းညိတ်နှုတ်ဆက်၍ လျှောက်လာခဲ့သည်။ ခြေလှမ်းတွေက စက်ရုပ်ခြေလှမ်းများ။ ကိုယ့်မသာ ကိုယ်ပို့နေရသည့် ခြေလှမ်းမျိုး။ အညှဉ်းဆဲခံနေရသည့် သူ့စိတ်အစဉ်မှာ မငြိမ်မဆန် အလုပ်လုပ်နေဆဲ။ ရုပ်ပတ်ဝန်းကျင် တစ်ခုလုံးကို သူက သုညကမ္ဘာအဖြစ်သာ မြင်နေတော့သည်။ ဟုတ်သည်။ လူတစ်ယောက်သေလုမြောပါး ဖြစ်နေသည်ကို ဘယ်သူမှမသိကြဘူး ဆိုတော့ ထိုပတ်ဝန်းကျင်သည် သုညပတ်ဝန်းကျင်ပေါ့။

"ဆရာရှိလား ဂျက်နက်"

ဘာမှအဓိပ္ပာယ်မရှိသည့် ထိုမေးခွန်းကို မေးရပြန်ပြီ။ ထမင်းစားခန်းထဲတွင်ထိုင်ရင်း မီးလင်းဖိုပေါ်မှ တယောကို အဓိပ္ပာယ်မရှိ ငေးကြည့်နေရပြန်ပြီ။ ပြီးတော့ ဆရာဝန်အခန်းထဲမှ စားပွဲရှေ့တွင် တရားခံတစ်ယောက်လို မတ်တတ်ရပ်နေရပြန်ပြီ။

* * *

ရန်အောင်စာပေ (၂)



ကျွန်တော် သူ့ကိုအကြာကြီး စိုက်ကြည့်နေမိသည်။ ကျွန်တော့် မျက်နှာအမူအရာမှာ လေးနက် တည်ကြည်နေမည်မှာ မုချ။ ပြီးတော့ မတ်တတ်ထပြီး သူ့ကို လက်ကမ်းပေးလိုက်သည်။

"ခင်ဗျားအတွက် သတင်းကောင်းပဲ ဝီလီ။ ဓာတ်ခွဲခန်းက စစ်ဆေးချက်တွေအားလုံးရပြီ။ ကင်ဆာနဲ့ပတ်သက်လို့ ဘာမှ မတွေ့ပါဘူး။ ရိုးရိုးအနာကလေးပါ။ တစ်ပတ် နှစ်ပတ်လောက် ဆေးထိုးလိုက်ရင်ပျောက်သွားမှာပါ"

ဝီလီ၏ အသိအာရုံတွင် လျှပ်ပြက်သလို လင်းသွားသည်။ ရောမ ပျော်ရွှင်မှု လှိုင်းလုံးကြီးရင်ထဲမှ လိမ့်၍ လိမ့်၍တက်လာသည်။ ငရဲမှ လွတ်မြောက်လာသူလို ပျော်လွန်းသဖြင့် မေ့မြောသွားမတတ် ခံစားလိုက်ရသည်။ သို့ရာတွင် ဖြူရော်ရော် သူ့မျက်နှာပေါ်တွင် မည်သည့်အရိပ်အရောင်မှ ထင်ဟပ်မလာ။

"ကျွန်တော် .. ကျွန်တော် ဆရာ့ကို သိပ်ကျေးဇူးတင်တယ် ဆရာ။ ကျွန်တော် ..ကျွန်တော် တကယ်ပြောနေတာပါ" ဟု ခြေမကိုင်မိ လက်မကိုင်မိ ပြောနေသည်။

"ဒီနှစ်ရက်အတွင်း ခင်ဗျား သိပ်စိတ်မပူနေဘူးမို့လား" ဟု ကျွန်တော် မေးလိုက်သည်။ ပြီးတော့ ..

"ခင်ဗျားသာ သူရဲဘောကြောင်တဲ့လူ၊ စိတ်လှုပ်ရှားတတ်တဲ့လူ တစ်ယောက်ဖြစ်ရင်လည်း ကျွန်တော်က မသေချာသေးဘဲနဲ့ ဘယ်ပြောပါ့မလဲ" ဟု တဆက်တည်းပြောလိုက်သည်။

"ကိစ္စမရှိပါဘူး ဆရာ" ဟု ဝီလီက ဗလုံးဗထွေးပြောလိုက်ပြီး မျက်နှာကိုချ၍ ..

"ကျွန်တော် သူရဲဘောကြောင်တတ်တဲ့လူ ဟုတ် မဟုတ်တော့ မသိဘူးဆရာ။ ကျွန်တော့်ကို လူတွေက ဦးနှောက်မရှိဘူး။ ဆင်ခြင်တုံတရားမရှိဘူး လို့တော့ ပြောကြတယ်" ဟု အစချီပြီး အထက်ပါအဖြစ်အပျက်ကို တုန်တုန်ရီရီဖြင့် ကျွန်တော့်အား ပြန်ပြောပြခြင်းဖြစ်ပါသည်။

*From Adventures in two World by A.J. Cronin*

၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မဟေသီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## ခန်းဆီး

ချောက်ဒရိပိယာဘွတ်ရှ်၏ အဘိုးသည် အကောက်ခွန်ဌာန အင်စပက်တော်ဖြစ်၏။ သူသည် စီးပွားရေးချောင်လည်သူဖြစ်၍ အိမ်ကလေးတစ်လုံး ဆောက်နိုင်ခဲ့သည်။ သားများကို ပညာသင်ပေးနိုင်ခဲ့သည်။

အကြီးကောင် ဖေဇယ်ကွာဘန် ၁၀ တန်းအောင်ပြီး မီးရထားဌာနတွင် စာရေးအလုပ်ရသည်။ အငယ်ကောင် အီလာဟီဘွတ်ရှ်လည်း စာတိုက်ကြီးတွင် အလုပ်ရသွားသည်။

ချောက်ဒရီသည် သားများကို အသီးသီး မိန်းမပေးစားပြီး အဘိုးဘဝကို ကျေနပ်စွာ ခံယူနေ၏။ သို့သော် သားတွေ ရာထူးဌာနတွေ့ရ မတိုးဘဲ သုံးဆယ်စား၊ လေးဆယ်စားဘဝက မတက်သည်ကိုတော့ မကျေနပ်။

သည်တော့ အဘချောက်ဒရီသည် ငယ်ငယ်က ရွှေထီးဆောင်းခဲ့ဖူးသည့် ဘဝကို ပြန်လည်တမ်းတတတ်သည်။

"တို့ခေတ်တုန်းကဆို ၇ တန်းအောင်ရင် ဝန်ထောက်ဖြစ်နိုင်တာကွ။ အင်း .. ခုများတော့ ၁၀ တန်းသမားတွေတောင် အင်္ဂလိပ်စာ အလွန် တော်ပါမှ စာရေးအလုပ်ကို အနိုင်နိုင်ရယ်။ ပြီးတော့လည်း စာရေးဘဝနဲ့ပဲ အရိုးဆွေးရော"

ခေတ်ကို မကျေမချမ်းနှင့်ပင် အဘိုးကြီးချောက်ဒရီ ကွယ်လွန်သွားခဲ့သည်။





သို့သော် အဂ္ဂ ၊အရှင်မြတ်၏ ကျေးဇူးတော်က ကြီးမားလှဘိသည်။ သားများလက်ထက်တွင် လုပ်ငန်းကိုင်ငန်း မတိုးတက်သော်လည်း သားသမီးရတနာတွေ ပွားစီးချမ်းသာလာလေ၏။

ဖေဇယ်ကွာဘန်က သား ၄ ယောက်၊ သမီး ၃ ယောက်။ အီလာဟီဘွတ်ရှ်က သား ၄ ယောက်၊ သမီး ၂ ယောက်။

ချောင်ဒရီ ညီအစ်ကိုက သူတို့အိမ်ကလေးကို 'ဟော်နန်း' ဟု တင်စား ခေါ်ဝေါ်လေ့ရှိ၏။ အိမ်မှာအားလုံး အခန်းနှစ်ခန်းသာပါသည်။ အတွင်းက အမျိုးသမီးဆောင်။ အပြင်ခန်းက အဘိုးကြီးမငသမီ ဆေးတံရှည်ကြီးခဲပြီး တစ်နေ့ကုန် ထိုင်နေသည့် အမျိုးသားဆောင်။

အဘိုးကြီးဆုံးသွားပြီးနောက်ပိုင်း မိသားစုက ပိုများလာသည်။ ရှေ့ခန်းကို ပိုင်းပြီး ခန်းဆီးကာ၍ အခန်းဖွဲ့လိုက်ရတော့၏။ သို့မှလည်း လူမြင်လို့ကောင်းမည်ကိုး။ ခန်းဆီးမှာ သူတို့အိမ်အတွက် အရေးကြီးဆုံးဖြစ်၏။ သည်တော့ ကော်ဇောဟောင်းကြီးသည် အလွယ်တကူ ခန်းဆီးဖြစ်သွားလေသည်။

ကွယ်လွန်သူ အဘိုးအို၏ မြေးများလက်ထက်တွင် အိမ်ကလေးမှာ ကြုတ်ထဲကျွဲသိပ် ဖြစ်လာသည်။ တစ်ယောက်ပြီး တစ်ယောက်အလျှိုအလျှို အိမ်ထောင်ရက်သား ကျကုန်သည်မဟုတ်လား။

သည်တော့ အချို့မှာ နေရာရှာ၍ မဖြစ်တော့သည့် အခြေသို့ ဆိုက်လာသည်။ အီလာဟီဘွတ်ရှ်၏ သားအကြီးက ၁၀ တန်းအောင်ပြီး စာတိုက်တွင်ပင် တစ်လ နှစ်ဆယ်စား အလုပ်ရသည်။ ဒုတိယကောင်က ဆေးရုံတွင် ဆေးစပ်သမား။ တတိယကောင်က စာတော်သည်။ ပညာသင်ဆုရသည်။ အလယ်တန်းအောင်ပြီးနောက် ရွာတစ်ရွာတွင် ကျောင်းဆရာအလုပ်ရသည်။

အငယ်ဆုံး ချောက်ဒရီပီယာဘွတ်ရှ်အလှည့်တွင် မူလတန်းထက်ပို၍ မထားနိုင်တော့။ ကျောင်းလခတွေ မြင့်လာသည်။ စာအုပ်ဈေးတွေ တက်လာသည်။ စာရေးကိရိယာဈေးတွေ ခေါင်ခိုက်လာသည်။ အဖေတစ်ယောက်အနေဖြင့် ဘာမှ မတတ်နိုင်တော့သည့်အခြေအနေ။

မည်သို့ဖြစ်စေ အချိန်တန်တော့ ပီယာဘွတ်ရှ်လည်း မိန်းမတော့ယူဖြစ်သည်။ ကြာကြာ မစောင့်လိုက်ရပါ။ ဘုရားသခင် ဂုဏ်ကျေးဇူးကြောင့်လည်း သူလည်း သားသည်အဖေ ဖြစ်လာပြန်၏။

ပီယာဘွတ်ရှ်သည် မျိုးရိုးဂုဏ်ကို ထိန်းသိမ်းလို၍ အလုပ်ကြမ်းလုပ်ဖို့စိတ်မကူးဘဲ ဆီစက်တစ်ခုတွင် အလုပ်ဝင်သည်။ ရသည့်လခ တစ်လဆယ့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကျွဲခြင်း အိမ်ထောင်တစ်ခုကို မည်သို့မျှ မဖန်တီးနိုင်ပါ။ သို့သော် အခြေအနေ အရ အိမ်ရှာ ငှားရတော့၏။

တစ်လနှစ်ကျပ်ဖြင့် မိသားစုကျောချစရာ တဲအိမ်တစ်လုံးရသည်။ အောက်တန်းစား ပျံကျအလုပ်သမားရပ်ကွက်တွင် ဖြစ်၏။ ခြင် တရုန်းရုန်း၊ ယင် တသောသောနှင့်။ အိမ်ရှေ့ဒိုဘီသမားအိမ်မှ အဝတ်ပေါင်းအိုးက ကော့စတစ်ဆိုဒါနံ့ တထောင်းထောင်း။

ညာဘက်တွင် ဖိနပ်ဟောင်းချုပ်သည့် တဲအိမ်များရှိပြီး ဘယ်ဘက်တွင် ပခုံးထမ်းအလုပ်သမားတွေ နေကြသည်။

* * *

သူတို့ရပ်ကွက်တွင် ကျောပေါ်အင်္ကျီတင်နိုင်ပြီး သေစာရှင်စာဖတ်နိုင်သူမှာ ပီယာဘွတ်ရှိတစ်ယောက်သာ ရှိ၏။ ပြီးတော့ သူတို့အိမ်သည် ရပ်ကွက်ထဲတွင် အခမ်းနားဆုံး။ အဝင်တံခါးပေါက်တွင် ခန်းဆီးကာထားနိုင်သည်လေ။

အားလုံးက ပီယာဘွတ်ရှိကို တလေးတစားဆက်ဆံကြသည်။ ပီယာဘွတ်ရှိအိမ်မှ အမျိုးသမီးများသည် အလွန် ဗိုင်းကောင်းကျောက်ဖိရှိကြ၏။ ဘယ်တော့မှ အပြင်သို့ထွက်သည်ကို မတွေ့ရ။ ပီယာဘွတ်ရှိကတော်ကို ဘုရားသခင်က မိန်းကလေးတွေ ပေးသနားတော်မူ၏။

ပီယာဘွတ်ရှိ၏ သမီးများသည် ၆ နှစ်၊ ၇ နှစ်အထိသာ လမ်းပေါ်တွင် ကစားပြီး နောက်ပိုင်းတွင်အိမ်တွင်းပုန်းကြသည်သာ။ မနက်တိုင်း ပီယာဘွတ်ရှိကိုယ်တိုင် ရေဆွဲသည်။ လုပ်သက် ၁၅ နှစ်ရလာပြီ။ လစာမှာ ဆယ့်နှစ်ကျပ်မှ နှစ်ဆယ်ဖြစ်လာပြီ။ ဘုရားသခင်ကလည်း ရတနာများ ပေးသနားနေဆဲ။

၁၅ နှစ်အတွင်း သမီး ၃ ယောက်၊ သား ၂ ယောက်ထွန်းကားခဲ့၏။ ပီယာဘွတ်ရှိတစ်ယောက် မနည်းရုန်းကန်လှုပ်ရှားနေရ၏။ ရံဖန်ရံခါ ကလေးတွေ ဖျားကြ နာကြသည်။ ကလေးတွေ မဖျားလျှင် မိန်းမက ချူချာသည်။ ဆရာဝန် ခြေကြွခနှင့် ဆေးဖိုးက ထောင်းလှပြီ။

ဆီစက်အလုပ်သမားများ၏ လခထုတ်ရက်မှာ လဆန်း ၇ ရက်ဖြစ်၏။ ဘယ်သူမှ ပိုက်ဆံကြိုမတောင်းရဲကြ။ စက်ပိုင်ရှင်က ဒေါသူပုန်ထတတ်သည်။

သည်တော့ ငွေလိုလျှင် အိမ်သုံးပစ္စည်းကလေးများကို အပေါင်ဆိုင်





ပို့ရ၏။ အပေါင်ဆိုင်က တစ်ကျပ်တန်သည့် ပစ္စည်းအတွက် ငါးမူးပဲပေးသည်။ အတိုးတက်လာတော့ တစ်ကျပ်တန်သည့် တစ်ကျပ်မကတော့။ ဤသို့ဖြင့် အပေါင်ဆိုင်ရောက်သွားသည့် ပစ္စည်းသည် ပြန်လာရိုးထုံးစံမရှိတော့ပေ။

သို့သော် သည်ရပ်ကွက်တွင် လူရိုသေ ရှင်ရိုသေဘဝကိုတော့ သူဆုပ်ကိုင်ထားနိုင်ဆဲ။ ပေါက်ပြဲစုတ်ပြတ်နေသည့်တိုင် တံခါးပေါက်ကို ခန်းဆီး ဘပ်နိုင်သည်မှာ သူ့ တစ်အိမ်သာ ရှိသည်မဟုတ်ပါလား။

စုတ်ပြဲပြတ်သတ်နေပြီဖြစ်သည့် ခန်းဆီးစ လေအဝှေ့တွင် တစ်စစီ လွင့်ပျံ့တော့မည်ဆိုလျှင် အတွင်းဘက်မှ လက်ကလေးတွေ ပေါ်လာပြီး ဆွဲဆေ့ထားတတ်၏။

တဖြည်းဖြည်းနှင့် တံခါးဘောင်တွေ ဆွေးမြည့်လာပြီ။ အိမ်ရှင်က လှည့်မကြည့်။ သည်အတွက် ပြင်ပေးဖို့ ပီယာဘွတ်ရှိ တောင်းဆိုတော့ အိမ်ရှင်က သရော်တော်တော်လေသံဖြင့် ....

"မင်းကို ငါတစ်လနှစ်ကျပ်ထဲနဲ့ ငှားထားတာ၊ ဘယ်လိုလုပ်ပြီး ပြင်ပေးနိုင်မလဲ၊ အဲဒီနှစ်ကျပ်ကော မင်းမှန်မှန်ပေးလို့လား၊ မနေချင်ရင် ဆင်းလေ" တဲ့။

တစ်ညတွင် တံခါးရွက်ကြီး ပတ္တာမှပြုတ်ကျသွားတော့၏။ ပီယာဘွတ်ရှိ ချက်ချင်းကောက်ယူလိုက်သည်။ တံခါးဘောင်တွင် အသာပြန်ထည့်ထားသည်။ သူခိုးတက်မှဖြင့်ဆိုပြီး တစ်ညလုံးအိပ်မပျော်။ စင်စစ် သူခိုးတက်ရန်ထက် သူပိုပြီး စိုးရိမ်နေသည်မှာ သူ့သိက္ခာကို ထိပါးမည့်အရေးဖြစ်၏။

တံခါးမရှိတော့သော တံခါးပေါက်မှ ခန်းဆီးသည် သူ၏ဂုဏ်သိက္ခာကို နောက်ဆုံးအကာအကွယ်ပေးနေသည့် မဟာရံတံတိုင်းကြီးပေတည်း။

တစ်ညတွင် မုန်တိုင်းကျသည်။ ခန်းဆီးစအစိတ်စိတ် အမွှာမွှာ ဖြစ်သွား၏။ မိုးလင်းတော့ ကော်ဇောစုတ်တစ်ထည် အစားတပ်ပြီးသား ဖြစ်နေ၏။ နောက်ဆုံးကျန်ရှိသည့် မိမွေဘမွေ ကော်ဇောစုတ်ကြီး။

အိမ်နီးနားချင်းတွေက ဝိုင်းပြောကြသည်။

"ဆရာရယ် ဒီလောက်ကျပ်တည်း ရှားပါးနေချိန်မှာ ကော်ဇောကြီးနဲ့မြောစရာဗျာ၊ ဈေးထဲမှာ တာလပတ်ဖြစ်ဖြစ်၊ ဂုန်နီစဖြစ်ဖြစ် ဝယ်ပြီး ခန်းဆီး ချုပ်လိုက်ပါလား"

တာလပတ်ဈေးကို သူအကြိမ်ကြိမ်မေးပြီးပြီ။ မတတ်နိုင်၍ မဝယ် ဖြစ်ခြင်းဖြစ်၏။ တာလပတ်အဟောင်း နှစ်ကိုက်အတွက် ပိုက်ဆံငါးဆယ် သူမသုံးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူက ရယ်ပြီး ပြန်ဖြေသည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့မိသားစု အစဉ်အလာရှိတယ်၊ ကော်ဖောကိုပဲ ခန်းဆီးလုပ်လေ့ရှိတယ်ဗျ"

မိန်းမနှင့် သားသမီးများ၏ အဝတ်အစားများသည် စုတ်သည်ထက် စုတ်လာပြီ။ လခမှာ ဂျုံနှပ်ကျော်စားဖို့ပင် အလျှင်မမီတော့။ အဝတ်အစား ဝယ်ဖို့ စိတ်တောင်မကူးရဲ။ သူ့ကိုယ်ပေါ်မှ အင်္ကျီနှင့်ဘောင်းဘီမှာ အဖာတစ်ရာ ထပ်နေပြီ။ သို့သော် နောက်ထပ်ဖာဖို့လိုနေဆဲ။

ဒုတိယသမီးမွေးကတည်းက ချွေးမကို ပြုစုရန်ဟုဆိုကာ အမေရောက်လာခဲ့၏။ အဘွားကြီးကို ဘယ်သားကမှ ပြန်မခေါ်ကြတော့။ သည်တော့ သားထွေးအိမ်တွင် အဘွားကြီးတစ်သက်လုံး သောင်တင်နေတော့၏။

လူမွဲတစ်ယောက် ချွတ်ခြုံကျလာပြီဆိုလျှင် သူ၏မှီခိုအားထားရာသည် ငွေရှင်ကြွေးရှင်သာလျှင် ဖြစ်၏။

ဒုတိယသားဘာရက်ကို မွေးတော့ ဘာဘာရာလီခန်းထံမှ ငွေလေးကျပ် ချေးယူခဲ့ရသည်။ ဘာဘာရာလီခန်းမှာ တစ်ရပ်ကွက်လုံး အားထားနေရသည့် ကယ်တင်ရှင်ကြီးဖြစ်၏။ အလွန်ရက်စက်သည့် အတိုးကြီးစား သွေးစုတ်ကောင်ကြီးမှန်း ပီယာဘွတ်ရှ် သိပါ၏။

သို့သော် မချေးမဖြစ်သည့် အခြေအနေမို့ ငွေလေးကျပ်ကို ၂၅ ရာခိုင်နှုန်းအတိုးဖြင့် ၈ လခွဲဆပ်ပါမည်ဟူသော ပဋိညာဉ်ဖြင့် ချေးလိုက်ရ၏။

၇ လအထိ စီမံကိန်းအတိုင်း ဆပ်နိုင်ခဲ့ပါသည်။ သို့သော် အဋ္ဌမမြောက်လတွင် ဆန်ဈေးထိုးတက်သွားသဖြင့် ဘယ်လိုမှ မဆပ်နိုင်တော့။

ဘာဘာရာလီခန်း ရောက်လာပြီး အတင်းတောင်းသည်။ နောက်လတွင် မပျက်မကွက်ပေးပါမည့်အကြောင်း ဘုရားသခင်ကို တိုင်တည်ပြော၏။ ကျသင့်သည့် အတိုးကိုလည်း ထပ်ဆောင်းပေးပါမည်ဟု တောင်းတောင်းပန်ပန် ပြောသည်။ သည်တော့မှ ကျေနပ်ပြီးပြန်သွားသည်။

နောက်လတွင် ပီယာဘွတ်ရှ်၏ အခြေအနေမှာ ပိုဆိုးလာသည်။ မိန်းမက အားနည်းသည်ထက် နည်းလာသည်။ ဂျုံနှင့်လုပ်သည့် ချပါတီကို ကျွေးရမည့်ကိန်း ဆိုက်လာသည်။ ဂျုံဈေးမှာ ရွှေဈေးတမျှဖြစ်နေ၏။

တစ်ပတ်လုံးလုံး သူတို့မိသားစု မငတ်ရုံတမည်ကလေး စားနေကြရ၏။ ရံဖန်ရံခါ ဟင်းရွက်ပြုတ်နှင့် ဆန်ပြုတ်ရေကျဲကိုသာ လွေးနိုင်သည်။ ကြွေးဆပ်ဖို့ ဘယ်လိုမှ စိတ်မကူးနိုင်တော့။

လခထုတ်သည့်နေ့တွင် အလုပ်ရုံမှအပြန်တွင် ဈေးထဲဝင်ပြီး ဂျုံဝယ်





သည်။ ကြွေးရှင်ကိုဆပ်ဖို့ ချိန်းထားသည့်နေ့။ ကြွေးရှင် ပြန်သွားချိန်လောက်တွင်မှ အိမ်သို့ပြန်လာခဲ့၏။ သူ့ခြေလှမ်းတွေမှာ လေးလံနှေးကွေးနေပြီ။

ငတ်နေသည့် ကလေး ၄ ယောက်နှင့် နို့မျက်နေသည့် အငယ်ဆုံးကလေးကို မြင်ယောင်နေ၏။ အာဟာရခေတ်ပြတ်နေသဖြင့် စိတ် ကယောင်ချောက်ချားဖြစ်နေသော အမေ့မျက်နှာသည်လည်း သူ့မျက်လုံးထဲတွင် တရစ်ဝဲ။

"ငါ့ဒုက္ခတွေကို အလ္လာအရှင်မြတ် သိပါတယ်။ ကိုယ်တော်ရဲ့ အလိုအတိုင်းပေါ့လေ" ဟု တွေးရင်း ကြောက်အားပိုလာသည်။

ညက မတွေ့သဖြင့် ဘာဘာရာလီခန်း မနက်အစောကြီး ပေါက်ချလာသည်။ ပီယာဘွတ်ရှ်သည် တစ်ညလုံးအိပ်မပျော်။ ကြွေးရှင်ကို ဘယ်လိုပြောရပါ့ဟု စဉ်းစားရင်း မိုးလင်းသွားသည်။

"ကျွန်တော်တို့စက်ရုံပိုင်ရှင် ခရီးထွက်သွားတာ ၄ ရက်ရှိပြီ။ ဒါကြောင့် လခထုတ်မရလို့ မပေးနိုင်သေးတာပါဗျာ။ ရရချင်း ကျွန်တော် လာဆပ်ပါ့မယ် ဆရာကြီးရယ်"

သူ့အကြောင်းပြချက်မှာ ခိုင်လုံလှသည်။ သို့သော် ဘာဘာရာလီခန်းက လက်မခံ။

"ငါ တစ်နယ်တစ်ကျေးကနေ ဒီအရပ်လာနေတာ ငါ့ပိုက်ဆံတွေ အလဟဿပေးကမ်းပစ်ဖို့ မဟုတ်ဘူးကွ။ ငါလည်း ငါ့မိသားစုကို ကျွေးရအုံးမယ်၊ ၄ ရက်အတွင်း မဆပ်ရင် မင်းကောင်းကောင်းကြီး ဒုက္ခတွေ့ပြီသာမှတ်" ဟု အော်ဟစ်ကြိမ်းမောင်းပြီး ပြန်သွားသည်။

ပဉ္စမမြောက်နေ့သို့ရောက်လာသော်လည်း သူ့လက်ထဲတွင် တစ်ပြားမှ မရှိ။ ဆဋ္ဌမမြောက်နေ့သည် ကံအားလျော်စွာ တနင်္ဂနွေနေ့ဖြစ်၏။ အလုပ်ပိတ်ရက်ဖြစ်သော်လည်း အိမ်မှအစောကြီးလစ်ထွက်ခဲ့သည်။ မိတ်ဆွေ အပေါင်းအသင်းများအိမ်သို့ လမ်းကြုံလို့ဝင်လာသလို ပုံစံဖြင့် ထွေရာလေးပါး စကားပြောရင်း ငွေစကလေးအနည်းအကျဉ်း ချေးကြည့်သည်။

"စကားမစပ်ဗျာ ပိုက်ဆံငါးမတ်လောက်များ မလွယ်ဘူးလား၊ လွယ်ရင် တစ်ပတ်လောက်လှည့်စမ်းပါ။ မထင်ဘဲနဲ့ သုံးစရာကလေးပေါ်လာလို့"

သို့သော် ဘယ်သူ့ဆီကမှ မရ။ တစ်ပုံစံတည်းသော အဖြေကိုသာ ကြားရသည်။

"အင်း .. အခုချိန်မှာ ငွေပိုငွေလျှံရှိတဲ့လူဟာ အလွန်ကုသိုလ်ထူးတဲ့လူပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် တစ်အိမ်ဝင်တစ်အိမ်ထွက်သွားရင်း မွန်းလွဲပိုင်းသို့ ရောက်ခဲ့သည်။ အိမ်ကိုပြန်ဖို့ ပီယာဘွတ်ရှ် သူ့ကိုယ်သူအားတင်းလိုက်၏။ ကြွေးရှင် ဘာဘာရာလီခန်း တစ်နာရီခန့်စောင့်နေကြောင်း အော်ဟစ်ဆဲဆိုသွားကြောင်း သိရသည်။

ခန်းဆီးအတွင်းမှ အဘွားကြီးက သားဖြစ်သူ ငွေရှာထွက်နေကြောင်း ပြောတော့ ဘာဘာရာလီခန်းက...

"အဲဒီ ခွေးသားအခန်းထဲမှာ ပုန်းနေတာဖြစ်ရမယ်။ အဲဒီအခါမှ မင်း မပေးရင် နောက် ၄ နာရီကြာရင် ငါပြန်လာခဲ့မယ်။ မင်းကိုသတ်ပြီး မင်းရဲ့ အရေပြားကို ဈေးထဲမှာ ချရောင်းမယ်" ဟု ပြောပြီး ပြန်သွား၏။

သူပြောသည့်အတိုင်း ၄ နာရီအကြာတွင် ပြန်ရောက်လာသည်။

"ဟေ့ကောင် ချောက်ဒရီပီယာဘွတ်ရှ်"

လက်ထဲတွင် ကိုင်လာသည့်တုတ်နှင့် ခန်းဆီးကို လှမ်းရိုက်ပြီး ကြောက်မက်ဖွယ် ခြိမ်းခြောက်သံနှင့် အော်ခေါ်လိုက်သည်။ လိပ်ပြာလွင့်မတတ် ကြောက်ရွံ့နေသော်လည်း ပီယာဘွတ်ရှ် လေးလံသောခြေလှမ်းများဖြင့် ထွက်လာခဲ့ရ၏။

"ခွေးသား၊ မင်း ငါ့ကို ပုန်းနေတယ်ပေါ့လေ"

ကြွေးရှင်က အယုတ္တ အနတ္တစကားလုံးတွေဖြင့် ဆဲရေးတိုင်းထွာ၏။ ပီယာဘွတ်ရှ် ခေါင်းငုံ့ပြီး တောင်းပန်သည်။ ဤသို့တောင်းပန်လေ ဘာဘာရာလီခန်း ဒေါသထွက်လေလေ။ အိမ်နီးနားချင်းတွေ ဝိုင်းအုံပြီး ကြည့်နေကြသည်။

"မင်း မပေးနိုင်ဘဲနဲ့ ဘာဖြစ်လို့ ငွေချေးလဲ"

သူ့အသံမှာ မိုးချုန်းသည့်နှယ် လက်ကိုင်တုတ်ကို မြေကြီးသို့ ထောက်လိုက်သည်။

"ဘယ်မလဲ မင်းလခ၊ ခွေးသူတောင်းစား .. ခုမှလာပြီး ငါ့ကို မျက်ရည်ခံထိုးမနေနဲ့"

ခန်းဆီးကို တုတ်နှင့်ထိုးပြီး...

"မလိုချင်ဘူး၊ မင်းမိန်းမ လက်ဝတ်လက်စားတွေ ငါယူမယ်။ မရှိရင် အိုးခွက် ပန်းကန်တွေသိမ်းမယ်။ ငါ့ပိုက်ဆံတော့ အဆုံးမခံနိုင်ဘူး။ ဘာရရ ယူရမှာပဲ"

ချောက်ဒရီဘွတ်ရှ်သည် လက်နှစ်ဖက်ကို ကောင်းကင်သို့ ဆန့်တန်းပြီး ဘုရားသခင်ကို တမ်းတပြန်သည်။ သူ့တွင် ငွေလည်းမရှိ၊ အိုးခွက် ပန်းကန်





လည်းမရှိ။ ပေးဆပ်စရာ အဝတ်အထည်လည်းမရှိကြောင်း တိုင်တည်ပြောဆိုသည်။ ကြွေးရှင်အနေဖြင့် သူပြောသည့်အတိုင်း မိမိအသက်ကို သတ်ပြီး အရေပြားကို ဈေးတင်ရောင်းချင်လည်း ရောင်းပါ။ ကြွေးဆပ်ရန်ကား မတတ်နိုင်ပြီ။

"ဟေ့ .. ခုမှ ဘုရားတမနေနဲ့။ မင်း အရေပြား ငါက ဘာလုပ်ရမှာလဲ၊ ဖိနပ်ချုပ်လို့လည်း ရတာမဟုတ်ဘူး။ ဟောဒီခန်းဆီးကမှ ငါ့အတွက် အသုံးကျချင်ကျဦးမယ်"

ပြောပြောဆိုဆို ဘာဘာရာလီခန်းက ခန်းဆီးစကို တအားဆောင့်ဆွဲလိုက်သည်။ ခန်းဆီးပြုတ်ကျလာသည်နှင့် ချောက်ဒရီဘွတ်ရှ်သည်လည်း မြေကြီးပေါ်သို့ လဲပြိုကျသွားတော့၏။

အဖြစ်အပျက်ကို လမ်းပေါ်တွင် ရပ်ကြည့်နေသူအားလုံး 'ဟာ' ခနဲ ဖြစ်သွားသည်။ ချောက်ဒရီ၏ အမေ၊ ဇနီးနှင့် သမီးများသည် တစ်စုံတစ်ယောက်က သူတို့၏အဝတ်တွေကို ဆွဲချွတ်လိုက်သည့်အလား အခန်းထောင့်တွင် စုပြုံ တိုးဝှေ့နေကြသည်။ စင်စစ် သူတို့အရှက်ကို အကာအကွယ်ပေးထားသည့် တစ်ခုတည်းသောအဝတ်မှာ ခန်းဆီးကော်ဇောဟောင်းကြီးသာ မဟုတ်လား။

ရပ်ကြည့်နေသူအားလုံး မျက်နှာလွှဲလိုက်ကြသည်။ ဘာဘာရာလီခန်းက ခန်းဆီးကိုပစ်ချလိုက်ပြီး ထွီကနဲ တံတွေးထွေးလိုက်သည်။

"ဘုရား .. ဘုရား၊ စက်ဆုပ်ရွံရှာဖွယ် ကောင်းလှပါကလား" ဟု စိတ်ပျက်လက်ပျက် ညည်းတွားလိုက်၏။

ချက်ချင်းလူစုကွဲသွားသည်။ ပီယာဘွတ်ရှ် သတိပြန်ရလာတော့ ခန်းဆီးကော်ဇောစုတ်ကို တံခါးဝတွင် ပုံလျက်သားတွေ့ရသည်။ သို့သော် ပြန်တပ်ချင်စိတ် မရှိတော့။ မလိုတော့ဘူး ထင်ပါတယ်လေ။

*The Curtain by Yash Pal*

၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ၊ သည်းဦးပန်းမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## အချစ်နှင့်အရောင်အခင်း

တောင်အာဖရိက စာရေးဆရာ Ora Scheel \The Girl from Oude-Kraal ဝတ္ထုတိုမှာ The New York Herald Tribune သတင်းစာကြီးက စုဆောင်းရွေးချယ်ထုတ်ဝေသည့် World Price Stories မှ တစ်ပုဒ်ဖြစ်ပါသည်။

တောင်အာဖရိကနိုင်ငံသည် ၁၈၄၁ ခုနှစ်တွင် ဗြိတိသျှကုမ္ပဏီများ၏ ခြယ်လှယ်မှုအောက်သို့ ကျရောက်ခဲ့သည်။ ကမ္ဘာကျော်စိန်တွင်းများနှင့် ရွှေမိုင်းများ၊ ယူရေနီယံနှင့် အခြားအဖိုးတန် သယံဇာတပစ္စည်း ပေါကြွယ်သည့်နိုင်ငံဖြစ်သည်။

ဒေသခံ တိုင်းရင်းသားလူမျိုးများက နယ်ချဲ့လူဖြူတို့အား ၁၈၉၉ ခုနှစ်မှ ၁၉၀၂ ခုနှစ်အထိ တော်လှန်စစ်ပွဲ ဆင်နွှဲကြသည်။ လူမည်းတို့အုံကြွမှုကို ဗြိတိသျှတို့က ချေမှုန်းပြီး ၁၉၁၀ ခုနှစ်တွင် တိုင်းပြည်ကို တောင်အာဖရိကပြည်ထောင်စုဟု အမည်တပ်ကာအုပ်ချုပ်ရေးအာဏာကို လုံးဝသိမ်းပိုက်လိုက်သည်။

ထိုမှစ၍ လူဖြူ လူမည်း ပဋိပက္ခသည် ယနေ့တိုင် မရပ်မနားပေါက်ပေါက်လော့်သလို ထိန်းမနိုင်သိမ်းမရ ဖြစ်ပွားလျက်ရှိသည်။

လူဖြူအစိုးရက ဥပဒေပြုကာ လူမျိုးစုများ မဲပေးနိုင်ခွင့်ကို ကန့်သတ်သည်။ လူဖြူများအတွက် စာသင်ကျောင်းများ၊ တက္ကသိုလ်များနှင့် စားသောက်ဆိုင်များသို့ လူမည်းများဝင်ခွင့်မရှိ။ လူဖြူ လူမည်း တရားဝင်လက်ထပ်ခွင့်မရှိ။

လူမည်းတို့၏ လွတ်လပ်ရေးတိုက်ပွဲမှာ ရာစုနှစ်တစ်ခုနီးပါး ရှည်ကြာခဲ့ပြီ။





ဝတ္ထုရေးဆရာက တောင်အာဖရိကကိုနောက်ခံပြု၍ ကြေကွဲဖွယ် ဇာတ်လမ်းကလေးကို ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

* * *

မီးရထားသည် တောဘူတာရုံကလေးတစ်ခုတွင် ရပ်နေ၏။ အထက်တန်းတွဲထဲတွင် အတောင့်သားထိုင်ရင်း လက်တီတစ်ယောက် ဝရန်တာမှ ခြေသံများကို နားစွင့်လျက်ရှိသည်။ ခရီးသည်တွေများ တက်လာကြဦးမလား မသိဘူး။

ဘုရားသိကြားမလို့ ဘယ်သူမှဝင်မလာပါစေနဲ့။ လာရင်လည်း ရှာကလူတွေမပါ ပါစေနဲ့။ အို ဘုရားသခင် တပည့်တော်မကို ကယ်တော်မူပါ။

လက်တီ ကြိတ်၍ ဆုတောင်းလိုက်သည်။

သည်လို ဆုတောင်းခဲ့သည်မှာ သည်ဘူတာရောက်မှ မဟုတ်။ ကိတ်တောင်းမှ ထွက်လာကတည်းကဖြစ်၏။

မိမိ၏ ဆုတောင်းသံကို ဘုရားသခင်ကြားတော်မူဟန် မတူ။ ခုမှ မဟုတ်ပါဘူးလေ။ ဘုရားသခင်နှင့် အလှမ်းကွာပြီး သည်လို စိုးတထိတ်ထိတ်ဘဝဖြင့် ကျီးလန့်စာစားနေခဲ့ရသည်မှာ ကြာပြီပဲ။

ရင်ထဲတွင် ကျောက်ခဲကြီးဆွဲထားရသလို စိတ်လေးနေခဲ့ရသည့်ဘဝ၊ တံခါးခေါက်သံကြားတော့ အလန့်တကြား လှမ်းကြည့်မိသည်။

"မမလေး၊ နေ့လယ်စာ သုံးဆောင်တော့မလား ခင်ဗျ"

ရုတ်ချည်း ဘာပြန်ပြောရမှန်းမသိအောင် လက်တီ ကြောင်နေသည်။

"နေကောင်းပါရဲ့လား ခင်ဗျ၊ မနက်ကတည်းက ဘာမှစားတာလည်း မတွေ့ဘူး၊ တစ်ခုခု ထွက်စားလိုက်ပါ မမလေး"

"နေမကောင်းလို့ မဟုတ်ပါဘူး၊ ကျေးဇူးတင်ပါတယ်ရှင်၊ ဘာမှ မစားချင်လို့ပါ"

သည့်ထက်ပိုပြီး ဘာဆက်ပြောရမှန်း မသိ။

စားသောက်ခန်း တွဲထဲကို သွားစားရမယ်တဲ့။ အို.. မဖြစ်နိုင်တာ၊ အသိတွေနဲ့ တိုးနေရင် ဘယ့်နှယ်လုပ်ပါ့မလဲ။ အလို .. မီဗရွဝင်းနစ် ခေါ်မွေးထားတဲ့ အော်ဒီခရောက ကောင်မလေးမဟုတ်လား၊ လူဖြူတွေရဲ့စားသောက်ခန်းထဲ ဘယ်လို ရောက်နေပါလိမ့်လို့ ပြောကြမှာပေါ့။

"စားသောက်ခန်းက စားပွဲထိုးတစ်ယောက်ကို ကျွန်တော်စားစရာလာပို့ခိုင်းလိုက်ရမလား မမလေး၊ စွပ်ပြုတ်နဲ့အသားညှပ်မုန့်တော့ အနည်းဆုံးစားလိုက်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



လက်တီ ပါးပြင်ပေါ်က မျက်ရည်ဥတွေကို လှမ်းမြင်လိုက်သည့် တွဲစောင့်သူငယ်က ဂရုတစိုက်ဆက်မေးနေသည်။

လက်တီ ခေါင်းကို သွက်သွက်ညိတ်လိုက်သည်။ ပြီးတော့ တွဲစောင့်သူငယ်ကို ကြိုးစားပြီး ပြုံးပြလိုက်သည်။

တံခါးပိတ်သွားသည်နှင့် ဝုန်းခနဲထပြီး မျက်နှာကိုမှန်ထဲတွင် ကြည့်သည်။

သည်တစ်ပတ်အတွင်း ခုလိုမှန်ကြည့်မိသည့်အကြိမ်ပေါင်း ဘယ်လောက်ရှိခဲ့ပြီလဲ။ တစ်နာရီတစ်ခါလောက်ရှိမည် ထင်သည်။ ဟင့်အင်း ..ဘယ်ကမလဲ။ မိနစ်တိုင်း မှန်နဲ့မျက်နှာခွာသည်မှ မရှိခဲ့ပဲ။ အိမ်မှာတွင်သာမဟုတ်။ အလုပ်သွားလျှင်ပင် လမ်းတစ်လျှောက်မှာရှိတဲ့ ဆိုင်ကြီးတွေရဲ့ မှန်ချပ်ကြီးများထဲကို စောင်းငန်းစောင်းငန်းနှင့် ကြည့်ဖြစ်အောင် ကြည့်သွားမိသေးသည်။

သို့ပြားလည်း စိတ်နှလုံးတုံးတုံးချပြီး ဘဝင်မအေးနိုင်ခဲ့။

မှန်နှင့် နီးနိုင်သမျှနီးအောင် ကပ်ပြီးကြည့်သည်။ ဆံပင်တွေကို သေသေချာချာကြည့်၏။

လိုင်းကလေးတွေထလို့ပါနော်၊ တွန့်လိမ်ရှုပ်ထွေးနေအောင် ကောက်တဲ့ဆံပင်မျိုး မဟုတ်ပါဘူး။

အသားအရေကို ကြည့်ဦးမလား။ ပင်လယ်ကမ်းခြေမှာ နေစာလှုံတဲ့လူတွေလောက် မဆိုးပါဘူး။

စင်စစ် လက်တီမှာ အသားအတော်ဖြူသည့် မိန်းကလေးဖြစ်ပါ၏။ ဆံပင်က ညိုရောင်ဖျော့ဖျော့။ မျက်လုံးအစုံမှာမူ အပြာရောင်။ လက်တီက သူ့မျက်လုံးတွေကို အစိမ်းဘက်ပါသည် ထင်နေ၏။

တစ်ခုပဲရှိသည်။ သူ့ရွှေလည်တိုင် ကြော့ကြော့ရှင်းကလေး လည်ပင်းတစ်လျှောက်မှာ မျက်နှာထက်ပိုပြီး ညိုမောင်းနေ၏။

အဝတ်သေတ္တာကိုဖွင့်၍ ပုလင်းတစ်လုံးနှင့် တို့ဖတ်တစ်ခု ထုတ်ယူလိုက်သည်။ မျက်ဝန်းများထဲတွင် မျက်ရည်တွေ စို့လာပြန်၏။

လည်တိုင်တလျှောက်ကို ပေါင်ဒါရည်ဖြင့် လိမ်းကျံပြီး တို့ဖတ်ဖြင့် တဖတ်ဖတ် ရိုက်သည်။

မဖြစ်ဘူး။ အားတိုင်းငိုနေလို့ မဖြစ်ဘူး။ အစီအစဉ်တွေအားလုံး ပျက်ကုန်လိမ့်မယ်။ အမေလေး မီဇရူလည်း ငါငိုတာကို ကြိုက်မှာမဟုတ်ဘူး။ ဘာပြုလို့ ဒါလောက် မျက်ရည်လွယ်နေပါလိမ့်။ လွန်ခဲ့တဲ့ တစ်ပတ်လုံးလုံး အိပ်မပျော်လို့ ထင်ပါရဲ့လေ။ အိပ်မပျော်ရတဲ့ အကြောင်းရင်းကတော့ ပီယက်ကြောင့်ပေါ့။





ပီယက်နှင့်သာ မတွေ့ကြုံ မဆုံဆည်းခဲ့လျှင် သည်လိုအိပ်မပျော်သည့် ညတွေနှင့် ကြုံရဆုံရမည်မဟုတ်ပါချေ။ ခုလိုအတိတ်တလန့်ဘဝနှင့်လည်း ရင်ဆိုင်ရမည်မဟုတ်ပါ။

သူ့ကို ချစ်မိ၍ သည်ဘဝကို ရောက်ခဲ့ရခြင်းဖြစ်ပါ၏။ ပီယက်က မီးရထား အလုပ်သမားတစ်ဦး။ သူ့ရထား ကိတ်တောင်းသို့ ဆိုက်သည်နှင့် လက်တီ အလုပ်လုပ်သည့်စားသောက်ဆိုင်သို့ အပြေးရောက်လာတတ်သည်။

လက်တီက သူ့ကို ဂရုတစိုက် ကျွေးမွေးသည်။ အခြားလုပ်ဖော်ကိုင်ဖက် ကောင်မလေးတွေက သူတို့ဆက်ဆံရေးကို ရိပ်မိကြ၏။ သို့သော် ဘာမှ အနှောင့်အယှက်မပေးကြ။ သူတို့ ဆိုင်ဝန်ထမ်းတစ်သိုက်မှာ စည်းစည်းလုံးလုံး ရှိကြသည်။ ရင်းရင်းနှီးနှီးရှိကြသည်။

ပီယက်က ကိတ်တောင်းသို့ တစ်ပတ်လျှင် နှစ်ခေါက်လာသည်။ ရထားပေါ်တွင် စားသွားဖို့ စားကောင်းသောက်ဖွယ်တွေ၊ သစ်သီးဝလံ လတ်လတ်ဆတ်ဆတ်တွေကို လက်တီထည့်ပေးလေ့ရှိ၏။

ဆိုင်ရှင် မမကလည်း သူတို့နှစ်ယောက်ကို လုံးဝမငြူစူ။ ကြည်ဖြူသည်။ ငွေရေးကြေးရေးတွင် စိတ်ချယုံကြည်ရပြီး အလွန်နှစ်လိုဖွယ်ကောင်းသည့် လူငယ်တစ်ဦးဖြစ်သော ပီယက်ကို ဆိုင်ရှင်မမ သဘောကျသည်။ သူ့အပြုံးကို ခင်မင်သည်။

လက်တီ့အပေါင်းအသင်း ကောင်မလေးတွေကလည်း သူ့ကိုခင်မင်ကြ၏။ အသားရွှေညိုရောင် မျက်လုံးနက်နက်နှင့် သူ့ကို ဂျစ်ပစီနှင့်တူသည်ဟု ဝိုင်းစကြသည်။

"ရှင်က ချောလည်းချောတယ်၊ အရပ်အမောင်းလည်း ကောင်းတယ်၊ အသားလည်းဖြူတယ်။ အသားရောင်ခွဲခြားမှု ဥပဒေကိုလည်း ရှင်တို့နှစ်ယောက် မှုစရာမလိုဘူး"

ဤသို့ဖြင့် အလှော်ကောင်းသော အပေါင်းအသင်းများကြောင့် သူတို့ ဇာတ်လမ်းစ ဖြစ်ခဲ့ကြသည်။

အသားရောင်ခွဲခြားမှု ဥပဒေတဲ့။ လက်တီ သည်ဥပဒေကို ဘာမှန်းမသိ။ ယခုမှ ကြားဖူးခြင်းဖြစ်၏။ သတင်းစာမှ ဟုတ်တိပတ်တိ မဖတ်တာ၊ သူကြိုက်သည်က ရုပ်စုံမဂ္ဂဇင်းတွေ။

"အသားရောင်ခွဲခြားမှု ဥပဒေဆိုတာ ဘာလဲဟင်"

သူနှင့်ပီယက်တို့၏ အချစ်ဇာတ်လမ်းနှင့် ဘာမှမပတ်သက်သလို လက်တီ ခပ်ပြုံးပြုံးမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲလစ်ဆိုသည့် ကောင်မလေးက ..

"သေတော့မှာပဲ၊ နင် ဒါမှမသိဘူးလား။ တစ်နိုင်ငံလုံး အုတ်အုတ်ကျက်ကျက် ဖြစ်နေတဲ့ဥစ္စာ။ မျိုးဆက်သွေး သန့်ရှင်းအောင်လုပ်တာပေါ့ဟ။ လူမည်းတွေကို လူဖြူတွေ လက်ထပ်ခွင့်မရှိတော့ဘူး။ ဘယ်လောက်ကောင်းလဲ.. ဟဲ့၊ နင် ဘာဖြစ်လို့ အလန့်တကြား ဖြစ်သွားရတာတုန်း။ နင်ရော ပီယက်ရော အသားဖြူကြတာပဲ။ ဘာဂရုစိုက်စရာရှိလဲ"

ဟော်ပါသေးသည်။ လက်တီ အလိုက်အထိုက် ပြုံးပြနိုင်လိုက်၏။ မြေစာတွေ ဣန္ဒြေမပျက်ဆက်ရေးနေသည်။ သူ့လက်ချောင်းများ တုန်နေသည်ကို ဘယ်သူမှ သတိမထားမိကြ။

ကြောက်မက်ဖွယ် အရိပ်ကြီးသည် လက်တီဘဝကို လွှမ်းမိုး ခြိမ်းခြောက်လေပြီ။

* * *

သတင်းစာတွေကို ဂရုတစိုက် ဖတ်ရတော့၏။ အသားအရောင် ခွဲခြားမှုဥပဒေနှင့် ပတ်သက်သည့် ရှင်းလင်းချက်တွေ ဆောင်းပါးတွေကို ရှာဖတ်သည်။ တချို့တစ်ဝက်သာ နားလည်၏။

မှတ်ပုံတင်ကဒ်ပြားတွေ လုပ်ရတော့မည်တဲ့။

အဖေ အမေရဲ့ အမျိုးအမည်တွေ ပေးရတော့မည်တဲ့။

ညအခါများတွင် အခန်းကျဉ်းလေးထဲ၌ ဘယ်လူးညာလှိမ့်နှင့် အတွေးစက်ဝိုင်းများ ချာချာလည်နေမိသည်။

ဘာပဲဖြစ်ဖြစ် ဖြစ်ကြောင်းကုန်စင်ကို ပီယက်အား ဖွင့်ပြောမှ ဖြစ်တော့မည်။ အစိုးရမင်းများထံသို့လည်း စာရေးရမည်။

**လူကြီးမင်းများရှင့်**

ကျွန်မအသက် ၇ နှစ်အရွယ်တွင် ကျေးရွာတရားသူကြီးကတော်က မွေးစားခဲ့ပါသည်။

အို .... ဒီလိုရေးလို့လည်း မဖြစ်သေးဘူး။ တရားဝင်မွေးစားခဲ့တာမှ မဟုတ်ဘဲ။

**အစိုးရမင်းများရှင့်**

ကျွန်မကို ကျွန်မ၏နေအိမ်မှ တရားသူကြီးကတော် မိဗရူဝင်းနစ်ခေါ်သွားစဉ်က ကျွန်မအသက်မှာ ၇ နှစ်သာရှိပါသေးသည်။ ကျွန်မ၏ ငယ်





ဘဝကို များများစားစား မမှတ်မိပါရှင့်။ အဖေ့ကို ကျွန်မမသိပါ။ အမေ့မျက်လုံးများက အပြာရောင်ဖြစ်ပါသည်ရှင့်။

ကျွန်မကို နောက်ထပ်ဘာမှမမေးဖို့ တောင်းပန်ပါသည်ရှင့်။ ကျွန်မ သူမည်းတစ်ယောက် မဟုတ်ပါကြောင်း ပြောရဲပါသည်။ ပီယက်ကို ကျွန်မချစ်ပါသည်။ ပီယက်ကတော့ သူ့အဖေကိုရော အဘိုးအဘွားများကိုပါ သိသူဖြစ်ပါသည်ရှင့်။ ..

စာကိုရပ်ပြီး မှန်ထဲကြည့်ပြန်သည်။ ပါးစပ်ကျယ်ကျယ်တစ်ဝိုက်မှ နှုတ်ခမ်းသားများက ခပ်ထူထူ။ နှာတံကတော့ ပေါ်ပါတယ်နော်၊ တန်းနေတာပဲ။

ကြောက်ရွံ့အားငယ်စိတ်တွေ တဖြည်းဖြည်း လွင့်ပြယ်သွားပြန်သည်။

တစ်ညလုံး အိပ်မပျော်။ မျက်လုံးအကြောင်သားနှင့် အစိုးရမင်းများထံ တောင်းပန်တိုးလျှိုးနေမိ၏။

မဖြစ်ဘူး။ အားလုံးဖွင့်ချမှ။ တစ်လုံးမကျန် ဖွင့်ပြောမှပါလေ။

* * *

ကျွန်မအမေ မျက်လုံးပြာသည်က အမှန်ဖြစ်ပါသည်။ ကျွန်မတို့အိမ်က လူမနီးသူမနီး တောင်ခြေ တစ်နေရာမှာပါ။ ကျွန်မတို့နေတဲ့ ယာတောမြေကို အော်ဒီခရာယာတောဟုခေါ်ကြပါတယ်။ ရွာထိပ်မှာစမ်းချောင်းကလေးရှိပြီး ချောင်းရိုးတစ်လျှောက်မှာရော ချောင်းထဲမှာပါ ပေါ်ပလာပင်တွေ ပေါက်နေပါတယ်။

ဟိုဘက်ကမ်းကို ဖြတ်လျှောက်သွားပြီး လှိုဏ်ကြီးထဲဝင်၊ တောင်ကြောပေါ်တက် နောက်တောလမ်းအတိုင်း ဆက်သွားမှ ရွာကို ရောက်ပါတယ်။

လှိုဏ်ကြီးထဲမှာ ကျွန်မ ဆိတ်ကျောင်းရပါတယ်။ ကျွန်မငယ်ငယ်က ဆိတ်တွေနဲ့အတူ ခုန်ပေါက်ကစားလေ့ရှိပါတယ်။ တစ်နေ့မှာ တောင်ကြောပေါ်က ဆင်းလာတဲ့ အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်လိုက်ပါတယ်။

အထက်တန်းကျကျ ဝတ်စားထားတဲ့ အမျိုးသမီးလက်ထဲမှာ ထီးနဲ့။ ဆိတ်တွေနဲ့အတူ ဆော့နေတာကို သူများမြင်သွားမလားဆိုပြီး ကျွန်မလည်း ရှက်ရှက်နဲ့ အသာကလေးလှိုဏ်ထဲမှာ ပုနေလိုက်ပါတယ်။

ရွာထဲကို ကျွန်မတို့သွားလေ့မရှိပါဘူး။ အဝတ်လျှော်ဖို့နဲ့ လျှော်ပြီးသား အဝတ်တွေ ပြန်ပို့ဖို့အမေတစ်ယောက်သာ ရွာထဲကို သွားတတ်ပါတယ်။ ခါးကျင်ကျင် စကတ်ရှည်ကြီးနဲ့ ကိုယ်ကျပ်ဘလောက်စ်အင်္ကျီကိုဝတ်ပြီး အမေ ရွာထဲသွားလေ့ရှိပါတယ်။ အမေဟာ ကိုယ်လုံးကိုယ်ပေါက်လှပြီး အလွန်တောင့်တင်းတဲ့ အမျိုးသမီးတစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ထုပ်ကြီးရွက်ပြီး ရွာကိုသွားတဲ့အခါ အမေ့စကတ်ရှည်ကြီးဟာ လမ်းနံဘေးက မြက်ပင်တွေပေါ်မှာ ဒရွတ်တိုက် သွားလေ့ရှိပါတယ်။

ကျွန်မတို့အိမ်က လူကြီးကတော့ အရမ်းအသားမည်းတဲ့ လူမည်းကြီးပါ။ နက်ကြုတ်ကြုတ်ကလေးတွေချည်းပါပဲ။

တစ်နေ့မှာ ကျွန်မတို့ယာတောကို ရွာက တရားသူကြီးကတော် မီဗရှုဝင်းနစ်ဆိုတဲ့ အမျိုးသမီးရောက်လာပါတယ်။ လက်အိတ်စွပ်ထားတဲ့ လက်နဲ့ ထီးအကြားကြီးဆောင်းလို့။ ချောင်းကို ခဲရာမဲဆစ်ဖြတ်လာပုံရပါတယ်။ ကျွန်မ တောင်ကြောပေါ်မှာ မြင်လိုက်တဲ့အမျိုးသမီးပါ။

အဝတ်လျှော်နေတဲ့ အမေ့နားရောက်တော့ –

"ငါ နင့်ကို ပြောစရာရှိလို့လာခဲ့တာ အန်ဂျီ၊ သေသေချာချာ နားထောင်၊ နင့်ရဲ့အကြီးဆုံးမလေး လက်တီဟာ ဘယ်နည်းနဲ့မှ နင့်ယောကျ်ား ဟင်းဒရစ်ရဲ့ ကလေးမဟုတ်နိုင်ဘူး။ သူ့အဖေဟာ မျက်နှာဖြူတစ်ယောက်ပဲ။ ဆံပင်ရောင်ကြည့်မလား၊ အသားရောင်ကြည့်မလား။ ဒီကလေးကို နင်လူမည်းတွေနဲ့ရောပြီး မထားသင့်ဘူး အန်ဂျီ။ ဒါကြောင့် ငါ့ကိုပေးဖို့ လာပြောတာ။ နင် ငါ့စကား နားထောင်ပါ အန်ဂျီ"

ကျွန်မအကြောင်းပြောနေမှန်း ကျွန်မ သိလိုက်ပါတယ်။ အမေ့မျက်နှာကို ကျွန်မ လှမ်းကြည့်လိုက်ပါတယ်။ အမေ့ကို ပထမဆုံးစေ့စေ့ကြည့်ဖြစ်ခြင်းလားမသိပါ။

အသားရောင်က ဝါဖျော့ဖျော့၊ မျက်နှာ သွယ်သွယ်၊ မျက်တွင်းနက်နက်ထဲက မျက်လုံးအစုံက အပြာရောင်။

လက်က ဆပ်ပြာမြှုပ်တွေကိုသုတ်ရင်း အမေတိုးတိုးကလေး ပြန်ပြောပါသည်။ အမေစကားပြောတာကို ကြားရခဲ့ပါတယ်။

"ဟင်းဒရစ်က ပေးမယ်မထင်ပါဘူး အစ်မရယ်။ သူက အကြီးမအတွက် သိပ်ဂုဏ်ယူနေတာ"

အမျိုးသမီးက ထီးကိုပိတ်ပြီးနံဘေးနားမှာ ချထားလိုက်ပါတယ်။ လက်ကိုင်ပဝါထုတ်ပြီး မျက်နှာကိုသုတ်တော့ ပျံ့လွင့်လာတဲ့ရေမွှေးနံ့ကို ကျွန်မ သတိထားလိုက်မိပါတယ်။ အဲဒီ အနံ့ဟာ ကျွန်မနှာခေါင်းထဲမှာ ခုထက်ထိ မွှေးနေတုန်းပါပဲ။

"ဟဲ့ .. ငါတို့က ကလေးကို ကောင်းကောင်းမွေးမှာပါဟဲ့။ အိမ်အလုပ်ရော၊ အချုပ်အလုပ်ရော သင်ပေးမယ်။ သူအရွယ်ရောက်လာရင် တို့ဆီမှာ ပြန်အလုပ်လုပ်နိုင်တာပေါ့။ တို့က ကောင်းကောင်းဆင်ပြီး ကောင်း





ကောင်းကျွေးမှာပါ အန်ဂျီ။ သူအတတ်ပညာစုံလို့ အပြင်မှာ အလုပ်ထွက်လုပ်ချင်ရင်လည်း တို့ခွင့်ပြုမယ်"

အမေက ကျောက်တုံးတစ်တုံးပေါ်မှာ ရေတစ်ပိုင်းကုန်းတစ်ပိုင်းထိုင်ပြီး–

"ဒါဖြင့်လည်း ဟင်းဒရစ်ကို အစ်မပြောပါလားဟင်"

"အို .. နင့်ယောကျ်ားကို ငါမပြောချင်ဘူး။ ငါ လက်တီကို ခေါ်သွားမယ်လေ။ သူ ပြန်လာတော့ အကျိုးအကြောင်း ပြောပြလိုက်ပေါ့။ ဒါမှ သူမကျေနပ်ရင် သူ့ကို တို့အိမ်လွှတ်လိုက်"

"တစ်ခါတည်းတော့ ခေါ်မသွားပါနဲ့အစ်မရယ်။ ကျွန်မ သူ့ကိုနားဝင်အောင် ဒီညပြောပါ့မယ်"

"ကောင်းပြီလေ နင်သေချာအောင်လုပ်နော် အန်ဂျီ။ မနက်ဖြန်နော်"

စမ်းချောင်းကလေးကို ဖြတ်ခင်းထားတဲ့ ကျောက်တုံးတွေပေါ် နင်းပြီး ပြန်သွားတဲ့ အမျိုးသမီးကို ကျွန်မ ငေးကြည့်နေမိပါတယ်။ ဟိုဘက်ကမ်းရောက်မှ သူ ထီးဖွင့်ပါတယ်။ ပေါ်ပလာပင်တွေထဲမှာ သူပျောက်ကွယ်သွားတဲ့အထိ ကျွန်မ ငေးနေမိတယ်လေ။

ဟင်းဒရစ်အကြောင်း ကျွန်မ သိပ်မပြောလိုပါ။ ကျွန်မ မှတ်မိသလောက် သူနဲ့အမေ အဲဒီညမှာ ခွန်းကြီးခွန်းငယ်ဖြစ်ကြတယ်လို့တော့ ကျွန်မ မထင်ပါ။

နောက်တစ်နေ့ မနက်မှာ အမေ ကျွန်မကို သေသေချာချာ ခေါင်းလျှော်ပေးပါသည်။ နောက် အဝတ်လှလှလေးဝတ်ပေးပြီး ကျွန်မတို့သားအမိ ရွာဘက်ကို ထွက်ခဲ့ပါတယ်။ အငယ်လေးတွေက ကျွန်မတို့ကို ငေးကျန်ရစ်ပါတယ်။

ရွာထဲရောက်တော့ တရားသူကြီးအိမ်ကို နောက်ဖေးပေါက်က ဝင်ကြရပါတယ်။

"လက်တီအတွက် အစ်မတို့ဆီမှာ ထားတာပိုကောင်းပါတယ်လို့ ကျွန်မယောကျ်ားက ပြောပါတယ်ရှင့်" လို့ပြောပြီး အမေက ကျွန်မကို တရားသူကြီး လက်ထဲအပ်လိုက်ပါသည်။ ကျွန်မ အမေ့ဘက် ပြန်လှည့်ကြည့်တော့ အမေ မရှိတော့ပါဘူး။

ရောက်စညက အခန်းကျဉ်းကလေးထဲမှာ ကြောက်လိုက်တာ မပြောနဲ့တော့။ အခန်းကလည်း လုံလိုက်တာ ပိတ်လို့။ ကျွန်မတို့ အိမ်မှာဆိုရင် ခေါင်မိုးက ကြယ်မြင်၊ လမြင်၊ လင်းလင်းချင်းချင်း။

ဒါပေမယ့် ရေချိုးခန်းထဲမှာ ရေချိုးရတာရယ်၊ ဆပ်ပြာမွှေးနံ့ရယ်၊ ညဝတ်အင်္ကျီအသစ်ရယ်ဆိုတော့ ကျွန်မ သဘောကျနေမိတာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ကျွန်မရဲ့ မွေးချင်းကလေးတွေ ခြံဝကို ရောက်လာကြပါတယ်။ ကျွန်မထွက်တွေ့တော့ ကျွန်မရဲ့မွေးစားမိခင် အမေလေး မီဗရူလည်း ထွက်လိုက်လာပါတယ်။ သူ့လက်ထဲမှာ မုန့်တွေချိုချဉ်တွေ ပါလာပါတယ်။ ကလေးတွေကို အမေလေးက တိုးတိုးတိုးတိုးနဲ့ ချော့ပြောပါတယ်။ ဘာတွေ ပြောမှန်းတော့ ကျွန်မ မသိပါ။ အဲဒီနောက် ကျွန်မ သူတို့နဲ့ လုံးဝ ပြန်မတွေ့ရ တော့ပါဘူး။

တစ်နေ့ တရားသူကြီးမီနီယာက ကျွန်မအတွက် ယမင်းရုပ်လှလှက လေး ဝယ်လာပေးပါတယ်။

ဝယ်ပေးလို့သာပေးတယ်။ သူ ကျွန်မကို စကားများများ ပြောလေ့ မရှိပါဘူး။ ဒါကြောင့် ကျွန်မဒီအိမ်မှာနေတာကို မလိုလားဘူးထင်ပြီး စောစော ပိုင်းက ကျွန်မ စိတ်အားငယ်ခဲ့ပါတယ်။

ဒါပေမယ့် ခုတော့ သူကျွန်မကို ခင်မင်နှစ်လိုကြောင်း ထင်ရှား နေပါပြီ။

ကျွန်မရောက်လာပြီးကတည်းက သည်အိမ်ကြီးကို အမေတစ်ခေါက် မှ မလာတော့ပါ။

အမေ့ကို အမေလေးပြောခဲ့တဲ့ စကားလုံးတွေ ကျွန်မနားထဲမှာ စွဲနေပါ တယ်။

"လက်တီ့အမေဟာ မျက်နှာဖြူတစ်ယောက်" တဲ့။

**အစိုးရမင်းများရှင်** —

ကျွန်မဟာ လူဖြူတစ်ယောက်ဖြစ်ကြောင်း သံသယ မရှိကြပါနဲ့ရှင့်။

နောက်တစ်ခု ကျွန်မသတိရနေသေးတာရှိပါတယ်။ တစ်နေ့ ဧည့်သည် တွေကို အမေလေးပြောပြနေတာ ကျွန်မ နားနဲ့ဆတ်ဆတ် ကြားခဲ့တာပါ။ ကျွန်မရဲ့ အမေဟာ လူဖြူသွေးများတယ်တဲ့။ အမေလေးက အခိုင်အမာ ပြောနေတာလေ။ ကံမကောင်း အကြောင်းမလှလို့ အမေဟာ လူမည်းတွေထဲမှာ ကြီးပြင်းခဲ့ရတာတဲ့။

"သူတို့ သားအမိဟာ တကယ့်ကို သနားစရာပါရှင်။ အန်ဂျီက ဘဝ အကျိုးပေးမကောင်းလို့ ဦးနှောက်ကျပ်မပြည့်ရှာဘူး။ ဒါကို လူတွေ သိပ်သတိမထားမိကြပေမယ့် ကျွန်မကတော့ သိနေတယ်လေ။ ဒါကြောင့် လက်တီကို ခေါ်ထားဖို့ ကျွန်မယောကျ်ားနဲ့တိုင်ပင်တော့ သူက သဘောမတူဘဲ အထိတ်တလန့်နဲ့ကြည့်နေတယ်။ ဒါပေမယ့် ကျွန်မနည်း ကျွန်မဟန်နဲ့ ဖြစ်အောင် ခေါ်ယူလိုက်တယ်လေ။ လက်တီလို အဖြူသွေးများတဲ့ ကလေးမလေး ဒီဘဝ





ထဲ နစ်နေမှာ ကျွန်မ မကြည့်ရက်လို့ပါပဲ" အမေလေးက အဲဒီအတိုင်းပြောခဲ့ပါ တယ်။ အဲဒါကြောင့် ..

**အစိုးရမင်းများရှင်** ...

* * *

ဤသို့ဖြင့် လက်တီတစ်ယောက် အိပ်မပျော်သည့် ညတွေ များသည်ထက်များ လာသည်။ တစ်ဝက်တစ်ပျက်သာ မှတ်မိတော့သော ကလေးဘဝ ပုံရိပ်များကို အပိုင်းပိုင်းအစစ မြင်ယောင်လျက်။ အစိုးရမင်းများထံ အသနားခံစာတွေ ရေး လျက်။ ချစ်သူပီယက်ကို ချစ်သည့်စိတ်ဖြင့် ပူလောင်လျက်။

ပီယက် တကယ်ရောက်လာတော့ လက်တီ့ခမျှာ ဆောက်တည်ရာ မရ တုန်လှုပ်နေရှာ၏။

"ဘယ်လိုဖြစ်နေတာလဲ အချစ်ရယ်၊ ဒီနေ့ မင်းကြည့်ရတာ တစ်မျိုးပဲ" ပီယက်က စိုးရိမ်တကြီး မေးရှာသည်။

"ကြိုးကြိုးစားစား ပြုံးပြပြီး

"နေမကောင်းလို့ပါ အစ်ကိုရယ်" ဟု အကြောင်းပြကာ စားသောက် ခန်းထဲမှ ရှောင်ထွက်ခဲ့ရ၏။

"ကျွန်မ ဒုက္ခဖြစ်နေပြီ မမရယ်၊ ကျွန်မကို ကယ်ပါဦး"

မမ၏ရုံးခန်းထဲတွင် တရှုပ်ရှုပ်ငိုရင်း ဖြစ်ကြောင်းကုန်စင်ကို လက်တီ ရင်ဖွင့်တော့၏။ အဖြစ်မှန်အားလုံးကို အန်ထုတ်ရသည်မို့ ချွေးသီးချွေးပေါက် တွေ ကျလျက်။

ခဲတံဖြင့်စားပွဲကို တခေါက်ခေါက်ခေါက်ရင်း ... ...သိလားဟင် သည်။ ပြီးမှ သက်ပြင်းချသည်။

"အေးလေ .. မမ ကိုယ်ချင်းစာပါတယ်။ ပီယက်ကို မင်းသိပ်ချစ်နေ တော့ ပိုဆိုးတာပေါ့"

မမ အကြင်နာစကားဆိုသည်။ ဆိုင်ရှင်မမမှာ အလွန်သဘောကောင်း သည့် ဂရိအမျိုးသမီးကြီးဖြစ်၏။

"မမ မေးပါရစေဦး။ မင်း အဖေဘယ်သူဖြစ်မယ်ဆိုတာ မင်း လုံးလုံး မခန့်မှန်းနိုင်ဘူးလား"

လက်တီ မခန့်မှန်းတတ်ပါ။ ငယ်ငယ်ကတည်းက အပေါင်းအသင်း နည်းသည့် အထီးကျန်ဘဝကို ဖြတ်သန်းခဲ့ရသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှ အဖြူမလေးတွေက သူ့ကိုတွေ့လျှင် နောက်ကြ ပြောင်ကြသည်။ တစ်ခါတွင် အမေလေးရဲ့ယောကျ်ား မိန်းမယာမြင်သွားသည်။ သို့သော် ဘာမှမပြော၊ မျက်နှာတော့ ပျက်နေသည်ဟု လက်တီ အကဲခတ်လိုက်မိ၏။

သူ့နောက်မှကပ်ပြီး လက်တီ အိမ်ထဲပြန်ဝင်ခဲ့သည်။ အိမ်ထဲရောက် ရောက်ချင်း အရက်ကို ဖန်ခွက်အပြည့်ထည့်ပြီး သူမော့နေသည်ကို လက်တီ မှတ်မိနေသေး၏။

"မင်းကို သူတို့ ကျောင်းမထားပေးဘူးလား"

"မထားပေးဘူး မမ။ အမေလေးက အိမ်မှာ သင်ပေးပါတယ်ရှင်။ တစ်ခါတလေ အမေလေးရဲ့ယောကျ်ားတရားသူကြီးမင်းက ကျွန်မ စာကျက်နေတာကို လာကြည့်တတ်ပါတယ်။ တစ်ခါတလေပါ။ သူက အလုပ်သိပ်များတာပဲ မမရဲ့။ အမေလေးက အချုပ်အလုပ်လည်း သင်ပေးပါတယ်။ သူတို့နှစ်ယောက်လုံး ကျွန်မအပေါ်မှာ သိပ်ကောင်းကြပါတယ် မမရယ်"

"အင်း .. မမ သိပါတယ်လေ။ မိဗရှုက မင်းဆီခုထိစာတွေ မှန်မှန်ရေးနေသေးတာပဲ"

"ဟုတ်တယ် မမ၊ နှစ်ပတ်တစ်စောင်ရေးပါတယ်။ ကျွန်မ ၂၁ နှစ်ပြည့်မှ သူတို့အိမ်ကထွက်လာတာလေ။ အပြင်လောကကြီးထဲကို ဝင်ကြည့်ဖို့သင့်ပြီဆိုပြီး သူတို့လင်မယား ကျွန်မကိုခွင့်ပေးလို့သာ ထွက်လာခဲ့တာပါ"

မမ နောက်တစ်ကြိမ် သက်ပြင်းချပြန်ပါသည်။

"အင်း .. နောက်ထုတ်တဲ့ ဥပဒေကလည်း ဒီလောက်ကြီး ပြင်းထန်မယ် မထင်ပါဘူးဟယ်။ ငါလည်း သိပ်နားမလည်ဘူး။ မင်း ဒီလောက်စိတ်သောကရောက်နေရင် ရွာပြန်ပြီး မင်းအဖေဘယ်သူ ဘယ်ဝါဆိုတာ စုံစမ်းပါလား၊ အမေလေးပြော်တော့လွယ်မှာ မဟုတ်ဘူး။ ဒါထက် အဲဒီမိန်းမကြီး ကျွန်မရဲ့မင်းအမေ ခုထိရှိနေသေးလား"

"ရှိလိမ့်ဦးမယ် ထင်ပါတယ်မမ၊ ကျွန်မ ရွာကထွက်လာတဲ့အထိတော့ သူတို့အော်ဒီခရာမှာ ရှိနေကြတုန်းပဲ"

* * *

ဤသို့ဖြင့် လက်တီတစ်ယောက် ရွာသို့ ပြန်လာခဲ့ခြင်းဖြစ်၏။ အထက်တန်းတွဲထဲတွင် တစ်ယောက်တည်း။ ရင်တွေတထိတ်ထိတ်ခုန်လိုက်၊ ရုံဖန်ရုံခါ ပေါင်ဒါရည်များ လည်ပင်းကိုလိမ်းကျံလိုက်၊ ဟိုးအဝေးမှ တောင်တန်းတွေကို





ငေးမောလိုက်နှင့်။ မီးရထားက ရွာနှင့်တဖြည်းဖြည်းနီးသည်ထက် နီးလာပြီ၊

ဘူတာရုံတွင် အမေလေးလာကြိုနေသည်ကို တွေ့ရ၏။ ဆံပင်တွေ ဖြူစပြုနေပါပြီ။ သို့သော် ကိုယ်နေဟန်က လှပနေဆဲ။ ကြင်နာတတ်သည့် အပြုံးကို ဆင်မြန်းထားမြဲ။

အမေလေးဆီသို့ ပြေးချသွားပြီး လည်ပင်းကိုသိုင်းဖက်ကာ ငိုချလိုက်ချင်၏။ သို့သော် သည်လိုမလုပ်ကောင်းမှန်းသိနေ၍ စိတ်ကို ထိန်းထားလိုက်သည်။ အမေလေးသည် မိမိအား ကြင်ကြင်နာနာ ဆက်ဆံသော်လည်း မှတ်မိသလောက် ဘယ်တုန်းကမှ ထွေးထွေးပိုက်ပိုက် မနေဖူးခဲ့ပါ။

အမေလေး မောင်းလာသည့်ကားမှာ ကားအသစ်ဖြစ်သည်။ ၁၂ မိုင်ဝေးသောရွာသို့ မြွေလိမ်မြွေကောက် တောင်ပေါ်လမ်းအတိုင်း အမေလေးမောင်းနေပါသည်။

မီးရထားလမ်းကို ကျော်လာခဲ့ပြီးနောက် မျက်စိကိုရှေ့တည့်တည့်သို့ စိုက်ကြည့်နေရင်း အမေလေးစကားစသည်။

"ကဲ .. ဆိုစမ်းပါဦး လက်တီ။ ညည်း ဘာဖြစ်လာတာလဲ"

နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ လက်တီ့ရင်ထဲတွင် တင်းတင်းကျပ်ကျပ်ကြီးဖြစ်နေ၏။ အသက်ရှူလို့မဝတော့။ ရင်တွေ တဒိုင်းဒိုင်းခုန်လျက်က ..

"ပီယက်ကို ကျွန်မ ဘယ်လိုပြောရမလဲ အမေလေး။ သူနဲ့ကျွန်မအကြောင်း အမေလေးကို အများကြီး ရေးပြပြီးပါပြီ။ သူက ကျွန်မကို လက်ထပ်ချင်တယ်တဲ့ အမေလေးရယ်၊ ခုထုတ်တဲ့ ဥပဒေသစ်တွေနဲ့ ကျွန်မတို့တော့ ဒုက္ခပဲ။ မျိုးဆက်သွေး သန့်ရှင်းရေးဆိုလား ဘာလားမသိဘူး။ ကျွန်မ မှတ်ပုံတင်လုပ်ရတော့မယ် အမေလေးရဲ့။ အမေလေး တစ်ခါကပြောဖူးတယ်နော်၊ ကျွန်မ အဖေက လူဖြူဆို။ အဖေနာမည်ကို အမေလေးသိလားဟင်"

တောစပ်မှာဘာရိတ်ကို ဆောင့်နင်းပြီး အမေလေးကားထိုးရပ်လိုက်သည်။ ပြီးတော့ ကျွန်မပခုံးကို သိုင်းဖက်လာပါသည်။ အမေလေး၏ယုယမှုကို ပထမဆုံး ကျွန်မခံစားရခြင်း။

"အို .. ကလေးရယ်၊ မင်းအဖြစ်က ဆိုးလှချည်လားကွယ်"

ကျွန်မရင်ထဲ သိမ့်ကနဲ နွေးသွားသည်။ သည်အတိုင်းအကြာကြီး ဆက်ထိုင်နေချင်လှပါ၏။ ပုစဉ်းရင်ကွဲတွေ အော်သံမှလွဲ၍ လောကသည် ဆွတ်ပျံ့သာမောဖွယ်အတိဖြင့် ဆိတ်ငြိမ်နေပါသည်။ ကျွန်မဘဝတွင် တစ်ခါမှ သည်လို နွေးထွေးလုံခြုံခြင်းမျိုးကို မခံစားခဲ့ရဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



"အို.. အမေလေးရယ်၊ ဘာပြုလို့ ကျွန်မလူ့ဘ၀ကို ရောက်လာရတာလဲဟင်"

အမေလေးက တခြားဘက်ကို မျက်နှာလွှဲလိုက်ပြီး စကားဆက်ပြန်၏ သည်။

"တို့အိမ်ရောက်မှ အမျိုးသားနဲ့ တိုင်ပင်ကြတာပေါ့။ ဟစ်ခုခုတော့ ဖြစ်ရမှာပေါ့အေ။ ဒါထက် ညည်းအကြောင်း ပီယက်သိနေပြီလား"

"မသိသေးဘူး အမေလေး။ ကျွန်မအနားယူဖို့ ရွာ့ဇာပြန်မယ်လို့ ပြောခဲ့တယ်"

အိမ်ရောက်တော့ အမေလေး၏ယောက်ျား တရားသူကြီးမင်းကို ယခုမှ ပထမဆုံးအကြိမ်မြင်ဖူးသလို လက်တီ စိုက်ကြည့်နေသည်။ သူကညီပါ့မလား၊ ဘာများပြောလေမလဲ။

သူ့ရုပ်ရည်မှာ အများကြီးကျသွားသည်။ ထိပ်မှာပြောင်သထက် ပြောင်လာသည်။ တစ်စုံတစ်ခုအတွက် ပူပင်သောကရောက်နေပုံလည်းရ၏။ ထုံးစံအတိုင်း ညစာစားပြီးသည်နှင့် စာကြည့်ခန်းထဲသို့ တန်း၀င်သွားသည်။

အမေလေးစာကြည့်ခန်းထဲသို့ လိုက်သွားသည်။ လက်တီက သူ့မှူလအခန်းကျဉ်းလေးထဲတွင် ထိုင်စောင့်နေရ၏။ အမေလေးကို ထုတ်ပြသည့် ပီယက်၏ဓာတ်ပုံကို ငေးကြည့်လျက်။

ပါလာသည့်အဝတ်သေတ္တာကို ဖွင့်ဖို့လည်းသတိမရ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေ၏။

သူတို့ဘယ်လိုများ စီစဉ်ကြမှာပါလိမ့်။

တရားသူကြီး မစ္စတာမီနီယာသည် ဘယ်လိုလူစားမျိုးပါလိမ့်။

နှစ်ရှည်လများ သည်အိမ်ကြီးတွင်နေခဲ့ပေမယ့် သူ့အကြောင်းကို လက်တီ လုံး၀မသိ။

အမေ့ဆီကို သူသွားမေးပါ့မလား။

အမေက စိတ်အနေမမှန်ဘူးဆိုလျှင် ပြောပါ့မလား။

ဟော .. စာကြည့်ခန်းတံခါး ဖွင့်သံကြားရပြီ။ အမေလေး၏ပေါ့ပါးသွက်လက်သော ခြေသံကိုပါ တစ်ဆက်တည်းကြားရ၏။

"မစ္စတာမီနီယာကတော့ ပီယက်ကို အားလုံး ဖွင့်ပြောလိုက်တာ အကောင်းဆုံးပဲလို့ပြောတယ် လက်တီ။ အန်ဂျီကိုမေးလည်း ရမှာမဟုတ်ဘူးတဲ့။ မေးလည်း မမေးနဲ့တဲ့။ ဘယ်တော့မှ အမှန်ကို ပြောမှာမဟုတ်ဘူးတဲ့။ သူပေးတဲ့ အကြံက မဆိုးဘူး လက်တီ။ ပီယက်ကို ဖွင့်ပြောလို့လက်ခံမယ်ဆိုရင် လက်ထပ်





ဖြစ်အောင် သူစီစဉ်ပေးမယ်တဲ့။ ရိုဒီရှားမှာဖြစ်ဖြစ်၊ အင်္ဂလန်မှာဖြစ်ဖြစ် ခဏသွားနေပြီး အဲဒီမှာ လက်ထပ်ကြပေါ့တဲ့။ ညည်းတို့နှစ်ယောက်စလုံး အလုပ်ရဖို့ သူတာဝန်ယူတယ်တဲ့၊ မငိုပါနဲ့ကလေးရယ် ပြီးတော့ ဒီနိုင်ငံကိုပြန်လာလို့ ဘောပဲဟာ။ တိတ်၊ တိတ်နော်"

လက်တီ့လက်ထဲမှ ပီယက်၏ဓာတ်ပုံကို အမေလေး ယူကြည့်သည်။ အင်း .. လူချောကလေးပဲ။

ဓာတ်ပုံကိုချပြီး အမေလေးစကားဆက်သည်။

"ဒီမယ်၊ လက်တီ၊ အဲဒါက သူ့သဘောထားလေ။ ငါကတော့ အန်ဂျီကို သွားမေးချင်တယ်။ နေဦး ဒီည သူအစည်းအဝေးရှိတယ်။ အပြင်သွားမှာမယ်။ ၁၁ နာရီမှ ပြန်လာမှာ။ ညည်းနဲ့ငါနဲ့ သွားကြမယ်။ လ လည်း သာနေသားပဲ။ လက်နှိပ်ဓာတ်မီးလည်း ယူခဲ့တာပေါ့"

* * *

နှစ်ပေါင်းများစွာကြာမှ သည်လျှိုလမ်းနှင့် သည်စမ်းချောင်းကို လက်တီ ပြန်ရောက်ဖြစ်ခြင်း။ ချောင်းကိုဖြတ်သည့် ကျောက်ရိုးတန်းကလေးမှာ ဟိုတုန်းကလို ခနော်ခနဲ့မဟုတ်တော့။ အခိုင်အမာ ဖြစ်နေပြီ။ လထိန်ထိန်သာနေသဖြင့် ဓာတ်မီးထိုးစရာမလိုပဲ ဖြစ်နေသည်။

ခြံထဲကို ၀င်လိုက်သည်နှင့် ငယ်ငယ်ကရင်းနှီးခဲ့သည့် ဆိတ်ခြံနံ့နှင့် ထင်းမီးနံ့က လက်တီကို ဆီးကြိုနေသည်။ ရုတ်ခြည်း သူ့ခြေလှမ်းတွေ တုံ့သွားသည်။ အိပ်မက်ထဲတွင် လမ်းလျှောက်နေရသလို ဖြစ်သွား၏။

အမေလေးက တံခါးကိုထုပြီး အော်ခေါ်သည်။

"အန်ဂျီ၊ အန်ဂျီ။ ခဏဖွင့်ပါဟဲ့"

အတွင်းမှ ဘာသံမျှမကြားရ။

"ဟဲ့ .. အန်ဂျီ၊ ငါပါဟဲ့။ မီဗရူပါ"

သည်တော့မှ တံခါးပွင့်လာသည်။ အရိုးပေါ်အရေတင်နေသည့် မိန်းမအိုကြီးတစ်ဦး ဖယောင်းတိုင်ပင့်ပြီး အပြင်သို့ကြည့်သည်။

"အပြင်ခဏထွက်ခဲ့ပါအုံးဟဲ့။ ငါ နင့်ကိုပြောစရာရှိလို့" သည်တော့မှ အန်ဂျီအပြင်သို့ ထွက်လာသည်။ မျက်တွင်းဟောက်ပက်နှင့် ဖယောင်းရုပ်တစ်ခုနှင့်တူသည့် အန်ဂျီ၏မျက်နှာကို လက်တီငေးကြည့်နေသည်။ ဆံပင်တွေ ခေါင်းပေါ်တွင် ချုပ်ခဲကြီးဖြစ်လျက်၊ အဝတ်တွေကလည်း စုတ်ပြတ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"လာ .. လာ။ အန်ဂျီ လာ"

အမေလေးက တိုးတိုးရော့ပြီး ခြံထဲသို့ခေါ်လာသည်။

"ဒီမှာကြည့်စမ်း အန်ဂျီ၊ ဒါ ဘယ်သူလေးလဲ။ မှတ်မိလား၊ ညည်း သမီးလေးလေ၊ လက်တီလေ"

ဟိုတုန်းကလို အမေ့အသံက တိုးတိုးလေး။ တုန်တုန်ယင်ယင်ဖြင့်..

"ဩော်"

"သေသေချာချာကြည့်စမ်း၊ ညည်း သမီးကလေး မလှဘူးလား"

ဂုဏ်ယူသည့် အပြုံးမျိုး အမေပြုံးသည်။ သူ့ပါးစပ်ထဲတွင် သွားတွေ မရှိတော့။

"ငါပြောတာ သေသေချာချာနားထောင် အန်ဂျီ။ နင့်သမီးလေး ဒုက္ခ တွေ့နေရှာတယ်။ သူ့အဖေဘယ်သူလဲဆိုတာ အစိုးရကို ထုတ်ပြောရတော့ မယ်။ ဒီတော့ သူ့အဖေကိုလက်တီသိဖို့လိုလာပြီ အန်ဂျီ။ မဟုတ်ရင် သူဒုက္ခ ရောက်တော့မယ်။ ငါပြောတာ နင်နားလည်တယ်နော်။ ကဲ .. ဘယ်သူလဲ မှန်မှန်ပြော"

အန်ဂျီသည် ကျောက်ဆစ်ရုပ်တစ်ရုပ်လို မလှုပ်မယှက်တွေလျက် ရပ် နေ၏။ နေ့လယ်နေ့ခင်းတွင် အရိပ်ခိုနေသည့် တောရိုင်းတိရစ္ဆာန်တစ်ကောင် နှင့်လည်း တူနေသည်။ မျက်တွင်းချိုင့်ထဲမှ မျက်လုံးပြာတွင် အရောင်လက်လာ သည်ဟု လက်တီထင်လိုက်သည်။ သူတို့နှစ်ယောက်ကို အန်ဂျီတလှည့်စီကြည့် နေသည်။ လုံးဝ မျက်တောင်မခတ်။

"ပြောလေဟယ်၊ နင့်သမီးလေးရဲ့ရှေ့ရေးဟဲ့ အန်ဂျီ။ သူလက်ထပ် တော့မှာ။ သူ့အဖေလူဖြူဆိုတာ မဖော်နိုင်ရင် သူလုံးဝ အိမ်ထောင်မပြုနိုင် ဘူး"

အမေလေးအသံက တိုးညင်းသော်လည်း အမိန့်ပေးသံပါနေ၏။

ဝမ်းသာ၍လား၊ ဝမ်းနည်း၍လားမသိ အန်ဂျီ ရယ်ချလိုက်သည်။

"ဩော် .. သူလက်ထပ်တော့မှာကိုး"

"ဟုတ်တယ် အန်ဂျီ၊ လက်တီကို ဘယ်မှာမွေးတာလဲ"

"ဟိုဘက် တောင်ခြေက သာသနာပြုဆေးရုံမှာ"

ပေါ်ပလာပင်ကြီးများကပါ သူတို့ကို စိတ်ဝင်စားနေသလို မားမား ကြီးရပ်ပြီး နားထောင်နေကြ၏။ လရောင်အောက်တွင် စမ်းချောင်းကလေး သည် တလက်လက်တောက်ပစွာ စီးဆင်းလျက်။

လက်တီ စိတ်ခတ်ကျစ ပြုလာသည်။





ဘုရား၊ ဘုရား။ သည် စိတ်မနှံ့တဲ့မိန်းမကြီးဟာ ငါ့အဖေဆိုတာ ပီယက်သိသွားရင်၊ သည်ဆိတ်ချေးနံ့ဟောင်နေတဲ့ နေရာဟာ ငါ့အိမ်ဆိုတာသူ သိရင်...။

"ဘာပြုလို့ လက်တီကို တခြားကလေးတွေ မွေးသလို နင်ဒီမှာ မမွေးတာလဲ။ ဘာပြုလို့ သာသနာပြုဆေးရုံမှာ သွားမွေးရတာလဲ"

"ကျွန်မကို အဲဒီမှာသွားမွေးဖို့ ပိုက်ဆံပေးတယ်လေ။ မွေးပြီးရင် ကလေးကို ဆေးရုံမှာ ထားခဲ့ရမယ်တဲ့"

အန်ဂျီ့အသံသည် တိုးသည်ထက် တိုးလာသည်။ ပြီးတော့ တုံ့ဆိုင်း တုံ့ဆိုင်း ဖြစ်လာသည်။

"ဒါပေမယ့် ကျွန်မကလေးကို မထားခဲ့ပဲ ခေါ်ဆင်းလာတယ်။ ပြီးတော့ ဒီနေရာမှာ ဟင်းဒရစ်နှင့်အတူ အခြေချတယ်ဆိုပါတော့"

သူတို့နှစ်ယောက် အသာစောင့်နားထောင်နေကြ၏။ အန်ဂျီသည် သည်မျှစကားပြောသည်ကို ခုမှတွေ့ဖူးကြသည်။

"ဒီတော့ ကျွန်မ ပိုက်ဆံမရတော့ဘူးပေါ့။ ပိုက်ဆံမရရုံတင် မက ဘူး၊ သည်အကြောင်းတွေကို ဖွင့်ပြောရင် ကျွန်မကို သတ်မယ်တဲ့"

ခံပြင်းသည့်လေသံ သိသိသာသာ စွက်လာသည်။

လက်တီက သူ့အမေလေး၏လက်မောင်းကို လှမ်းဆုပ်လိုက်ပြီး အသက်မရှူနိုင်ဘဲဖြစ်နေ၏။

"နင့်ကို ဘယ်သူမှမသတ်စေရဘူး အန်ဂျီ၊ ငါတာဝန်ယူတယ်"

အမေလေးက ပြောပြောဆိုဆို လက်မှနာရီကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ပြီး ဆက်ပြောသည်။

"၂၃ နှစ်တောင်ကြာခဲ့ပြီပဲ အန်ဂျီရယ်။ နင့်ကို ဘယ်သူမှ ရန်မရှာ တော့ပါဘူး။ ငါတာဝန်ယူပါတယ်။ သမီးလေးအတွက် နင်ကူညီပါဟယ်"

အရိပ်တစ်ခုနှင့်တူသည့် အန်ဂျီ၏ ရှည်မျောမျောခန္ဓာကိုယ် ရှေ့သို့ တိုးလာသည်။

"ကျွန်မ ဖွင့်ပြောလိုက်ရင် ကျွန်မကို ပထမဆုံးသတ်မှာက အစ်မပဲရှင့်"

"အို .. ဒုက္ခပါပဲ၊ အမေလေးရယ် သွားကြပါစို့။ အမေ စိတ်မမှန် တော့ဘူးထင်ပါတယ်"

လက်တီက အမေလေးလက်မောင်းကိုဆွဲပြီး အလောတကြီး ပြော လိုက်သည်။

"ဟုတ်တယ်၊ ကျုပ် ရူးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



အန့်ဂျီက တိုးတိုးလေးပြောရင်း အိမ်ဘက်သို့ လျှောက်သွားသည်။

"ဒါပေမယ့် အားလုံး မှတ်မိတယ် သိလား။ အစ်မရော မှတ်မိရဲ့လား ဟင်။ အစ်မတစ်နှစ်မှာ အိမ်က အကြာကြီးထွက်သွားတယ်လေ။ အစ်မတို့ အိမ်မှာ ကျွန်မ အဝတ်လျှော်ရတယ်လေ။ အဲဒီတုန်းက ကျွန်မ အရွယ်ကောင်း တုန်းပေါ့"

အန့်ဂျီ အိမ်ထဲဝင်မည်ပြုပြီးမှ တံခါးဝတွင်ရပ်၍ သူတို့နှစ်ယောက် ကို သမင်လည်ပြန်ကြည့်သည်။

"အဲဒီတုန်းက ကျွန်မက လှလည်းလှတယ်လေ"

တံခါးပိတ်သွားသည်။ အတွင်းမှ နောက်ထပ်အသံမျှ မကြားရတော့။

*The Girl from Oade-Kraal by* တောင်အာဖရိကစာရေးဆရာ *Ora Scheel*

၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ၊ မဟေသီမဂ္ဂဇင်း

## ပြန်တော့မယ် စုန္ဒာ

မီးရထားဘူတာရုံအနီးတွင် ဘတ်စ်ကားထိုးဆိုက်လိုက်သည်။

အနှစ်နှစ်ဆယ်ကြာမှ သည်နေရာသို့ ပြန်လည်ရောက်ရှိခြင်း။ ဘာမှ မပြောင်းလဲသေးပါကလား။ အားလုံး ဟိုယခင်က အတိုင်းပင်။ ဘူတာရုံ ဈေးဆိုင်များမှာလည်း ဟိုတုန်းကလိုပင် ဖုန်တွေထူထပ်လျက်။

နယာဂိုအန်သို့ထွက်သည့် လော်ကယ်ရထားဖြင့် ခရီးဆက်ရမည်။ မာယာဂတ်သို့ရောက်မှ ဆိုက်ကားဖြင့် ခရီးဆက်ရမည်။ သို့မဟုတ် တံလုပ် တွေ တဖျပ်ဖျပ်ထနေသည့် သောင်ပြင်ကိုဖြတ်ပြီး ခြေကျင်လျှောက်လျှင်လည်း ရသည်။ ပြီးမှ ကုတို့သင်္ဘောဖြင့် ဟိုဘက်ကမ်းသို့ကူးရမည်။ ဟိုဘက်ကမ်း ရောက်လျှင်တော့ 'ရမ်ပါ'သို့ သွားဖို့မခက်တော့။ ရထားစီးစီး ဘတ်စ်ကား စီးစီး။

ရမ်ပါဆိုတာက ယောက္ခမတွေ၊ ယောက်ဖတွေနေသည့် မြို့လေး။ ယောက္ခမတွေ အကြောင်းတွေးမိတော့ သူအလိုလို ပြုံးလိုက်မိ၏။ အင်း .. အမျိုးတွေ၊ အမျိုးတွေ။ မိန်းမဘက်က အမျိုးတွေ .. ဘာလိုလိုနှင့် ဒီပါဆုံးခဲ့ သည်မှာ အနှစ်နှစ်ဆယ်တောင် ရှိခဲ့ပါပြီကော။ သည်တစ်ချိန်လုံး မိမိကို သူ တို့တစ်တွေ လုံးဝ အဆက်အသွယ်ဖြတ်ထားခဲ့ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သဘော်ဆိပ်သို့ရောက်သည်နှင့် ပစ္စည်းတွေကို အလုပ်သမား တစ်ယောက်အား ထမ်းခိုင်းပြီး သဘော်ဆီသို့ သူလျှောက်သွားသည်။ ထိုတဒင်္ဂတွင်တော့ သူ့ 'ရမ်ပါ' ခရီးစဉ်မှာ သီးပွင့်ဝေဆာမည့် ခရီးစဉ်ဖြစ်မည်ဟု အတွေးပေါက်လိုက်မိ၏။

စင်စစ် ဒီပါမရှိသည့်နောက် သူ့အနေဖြင့် သည်လိုမတွေးသင့်တော့။ သူတို့တစ်တွေ မိမိကို သူစိမ်းပြင်ပြင်တော့ မဆက်ဆံစကောင်းပါဘူးလေဟူသည့် အကောင်းမြင်ဝါဒဖြင့် သူတွေးလိုက်ခြင်းသာဖြစ်၏။ ရမ်ပါတွင် ရစရာကလေးတွေ ရှိသေးသည်။ သည်တော့လည်း ရသင့်ရထိုက်သည်ကလေးများကို တောင်းဆိုရမည်ပ။ သည်အတွက် ရမ်ပါသို့ ထွက်ခဲ့ခြင်းမဟုတ်ပါလား။

ဒီပါဆုံးပြီးကတည်းက ဘဝကို ခင်တွယ်စိတ်မရှိတော့။ လုံးဝ မပျော်တော့။ အသက်နှင့်မလိုက်အောင် အရွယ်ကျသွားသည်ဟု အားလုံးက မှတ်ချက်ချကြရသည်အထိပင်။ ဆံပင်တွေမကာ မုတ်ဆိတ်ကျင်စွယ်တွေပါ ဖြူစပြုလာပြီ။ နှစ်ရက် သုံးရက်မှ မုတ်ဆိတ်မရိတ်ဘဲ နေမိလျှင် ကိုယ့်ရုပ်ကို မှန်ထဲမကြည့်ရဲတော့။

ချစ်စွာသော ဒီပါဆုံးပြီးကတည်းက ပစ်စလက်ခတ်နေခဲ့သည်မှာ ယနေ့တိုင်ပင်။ ဘာထူးတော့မည်နည်း။ ဘဝမှာ ဘာမျှမှ မကျန်တော့တာ။

အင်း .. ရမ်ပါကို ရောက်မည့်အချိန်က ညကြီးမင်းကြီးပါကလား။ ဒီအသိုင်းအဝန်းကို ဒီပုံစံနဲ့ဝင်သွားရင်တော့ နှာခေါင်းရှုံ့ကြလိမ့်မယ်။

လက်ဆွဲအိတ်ထဲမှ မုတ်ဆိတ်ရိတ်ဓားကိုထုတ်ပြီး ပြင်ဆင်သည်။ ရေ ဘုံပိုင်ဆီသို့ လာခဲ့သည်။ တစ္ဆေရုပ်ပေါက်နေသည့် မျက်နှာကိုကြည့်ပျော် ရှုပျော်ဖြစ်သွားအောင် လုပ်မှဖြစ်မည်။

နံဘေးရေပိုက်ခေါင်းတွင် အမျိုးသမီးတစ်ဦး သောက်ရေလာထည့်နေသည်ကို သတိထားမိလိုက်၏။ မတ်ခွက်တွင် ရေဖြည့်ပြီး ပြန်လာခဲ့သည်။ အမျိုးသမီးကိုတစ်နေရာတွင် မြင်ဖူးပါတယ်ဟု ထင်လိုက်မိသည်။

အမျိုးသမီးကလည်း ကွက်ကြည့်ကွက်ကြည့်နှင့် သူ့အသိ အာရုံတွင် အလင်းတန်းတစ်ခု ဖျတ်ခနဲ လက်သွားသည်။ စုနန္ဒာ၊ စုနန္ဒာနဲ့တူလိုက်တာ။

နေရာတွင်ပြန်ထိုင်ပြီး မုတ်ဆိတ်ရိတ်နေခြင်းဖြစ်၏။ တစ်ဝက်တစ်ပျက်ရှိသာပြီးသေးသည်။ အမျိုးသမီး ထိုင်နေသည့် နေရာနှင့် သိပ်မဝေးလှ။ သူကလေးကလည်း နည်းနည်းချင်းခိုးကြည့်နေ၏။ မုတ်ဆိတ်ရိတ်ပြီးတော့ မျက်နှာသစ်ရန် ရေဘုံပိုင်ဆီသို့ နောက်တစ်ခါသွားရပြန်သည်။ မအဝှာကလည်း ရေဘူးတစ်လုံးဖြင့် ရေဘုံပိုင်သို့ ရောက်လာပြန်သည်။





သိချင်စိတ်ကို အောင့်အည်းမျိုသိပ်နိုင်စွမ်း မရှိတော့။

“တဆိတ်ခင်ဗျာ၊ မှားရင်လည်း ခွင့်လွှတ်ပါနော်၊ စုနန္ဒာများလားလို့”

အရဲစွန့်မေးလိုက်ခြင်းဖြစ်၏။ သူ့မျက်နှာတစ်ခုလုံး နီရဲနေပြီ။ အမျိုးသမီး ပါးစပ်အဟောင်းသားနှင့် ကြက်သေသေနေသည်။ ပြီးမှ မယုံနိုင်လောက်အောင်အံ့သြလွန်းသည့် အမူအရာဖြင့် ..

“ကြည့်စမ်း .. အစ်ကို .. အစ်ကိုသိက္ခာ မဟုတ်လားဟင်”

“ဟုတ်ပါတယ် ကိုယ် သိက္ခာပါ၊ ဒါဖြင့် စုနန္ဒာ ဟုတ်ပါတယ်နော်”

“ဖြစ်ရလေ အစ်ကိုသိက္ခာရယ်၊ မနည်းပုံဖမ်းယူရတယ်။ နေပါဦး အစ်ကိုသိက္ခာရှိရင် လေးဆယ့်လေး၊ လေးဆယ့်ငါးပေါ့။ ခုတော့ တကယ့်အဘိုးကြီးကျနေတာပဲ။ ဘယ်ရုတ်တရက်မှတ်မိပါ့မလဲ”

သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်သည်။

“ကံကြမ္မာပေါ့ ခင်ဗျာ၊ စုနန္ဒာတစ်ယောက်တည်း ပြန်မှာပါလား”

သူက တလေးတစား အမူအရာပြုပြီး စကားပြောနေခြင်းဖြစ်သည်။

“ဩော် .. အစ်ကိုသိက္ခာရယ်၊ သူများအနေရကျပ်အောင် ဘာလို့သူစိမ်းဆန်ဆန်လုပ်နေရတာလဲ”

သည်တော့မှ သူရယ်ပြီး ..

“ခု တစ်ယောက်တည်းလား၊ သူကော မပါဘူးလား”

စုနန္ဒာ ဂင်္ဂါမြစ်ရေပြင်ကို ငေးကြည့်နေသည်။ အတန်ကြာမှ ..

“သူဆုံးတာကြာပြီပဲ အစ်ကိုသိက္ခာ၊ အင်းလေ ဒီပါဆုံးပြီးကတည်းက အဆက်အသွယ် ပြတ်သွားကြတာကိုး။ စုနန္ဒာ ရမ်ပါမှာ မနေတော့ဘူးလေ။ ကမ်ပူရမှာ ရောက်နေတယ်။ မိန်းကလေးကျောင်းမှာ ကျောင်းအုပ်လုပ်နေတယ်။ ရမ်ပါနဲ့ မိုင်သုံးဆယ်လောက်ဝေးတယ် အစ်ကိုသိက္ခာ”

စုနန္ဒာ သူ့ဇာတ်ကြောင်းကို ဆက်ပြောပြသည်။

ဒီပါလက်ထပ်ပြီး နှစ်နှစ်ခွဲအကြာတွင် မြို့နီးချုပ်စပ်မှ မြေပိုင်ရှင်ကြီးတစ်ဦး၏သားနှင့် စုနန္ဒာ လက်ထပ်ခဲ့သည်။ လက်ထပ်ပြီး သုံးလေးလအကြာတွင် သူတို့အိမ်ကြီးကို ဓားပြတိုက်ခံရသည်။ ခုခံတိုက်ခိုက်ရင်း စုနန္ဒာ၏ယောကျ်ား ကျည်သင့်သေဆုံးခဲ့ရသည်။

အမင်္ဂလာဇာတ်ကြောင်းကို ပြန်ပြောင်းပြောဆိုနေရခြင်းအတွက် စုနန္ဒာစိတ်မကောင်းဖြစ်လာသည်။ စကားလမ်းကြောင်းပြောင်းသည့်အနေဖြင့် ..

“အဆန်မို့ ထင်ပါရဲ့ သဘော်ကလည်း နှေးလိုက်တာ အစ်ကိုသိက္ခာရယ်၊ စုနန္ဒာစိတ်ထဲမှာ ရွေ့တယ်လို့ကိုမထင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘဝရေဆန်ကို ကူးနေရတဲ့လူတွေလည်း ဒီလိုပါပဲ စုနန္ဒာ" အစ်ကိုသိက္ခာ၏ ရင်ထဲမှထွက်လာသည့် စကားလုံးများဖြစ်ကြောင်း စုနန္ဒာခံစားသိမြင်သိလိုက်သည်။

"အခန်းထဲမှာလည်း အေး၊ အပြင်မှာလည်း မိုးတွေလေတွေကကြောက်စရာ၊ အစ်ကိုသိက္ခာ လက်ဖက်ရည်ကြိုက်တတ်တာ စုနန္ဒာမှတ်မိတယ်။ လက်ဖက်ရည်နှစ်ခွက်သွားဝယ်လိုက်မယ်နော်"

* * *

အငွေ့တစ်ထောင်းထောင်း လက်ဖက်ရည်နှစ်ခွက်နှင့် ပြန်ရောက်လာသည်။

"ကဲ အစ်ကိုသိက္ခာ အကြောင်းပြောပါဦး၊ အနှစ်နှစ်ဆယ်လုံးလုံး ဘာတွေလုပ်နေသလဲ"

"ဒီပါ သမီးလေးမျက်နှာမြင်တာတော့ မင်းကြားမှာပေါ့ စုနန္ဒာ၊ အဲ.. မီးဖွားပြီး လေး ငါးလအကြာမှာ သူကင်ဆာဖြစ်နေကြောင်း ဆရာဝန်တွေဆီက ကိုယ်သိရတယ်။ အကောင်းဆုံးဆရာဝန်ကြီးတွေနဲ့ သူ့အသက် ို ကယ်ဖို့ ကိုယ်ကြိုးစားသေးတယ် စုနန္ဒာ။ ဒါပေမယ့် မရပါဘူး။ ဒီပါ ဆုံးတော့ ကိုယ့်ဘဝမှာ ဘာမှ မကျန်ရစ်သလိုပဲ။ သိပ်ရင်နာစရာကောင်းတဲ့ အဖြစ်မျိုးပါကွာ။ သူ့အသက်ကုန်ခါနီးမှာ ကိုယ့်ကို တစ်ခုပြောသွားတယ်။ ကိုယ်တို့သမီးလေးကို မယ်သီလ်မျိုးရိုးထဲကနဲ့ လက်ထပ်ပေးပါတဲ့။ သမီးကလေးရဲ့နာမည်ကိုလည်း သူကိုယ်တိုင်ပေးသွားတာ၊ မင်ကီတဲ့ စုနန္ဒာရဲ့။

"သမီးကလေးကို အမိမဲ့ကလေးများအတွက် သီးသန့်ဖွင့်ထားတဲ့ ကျောင်းမှာကျောင်းအိပ်ကျောင်းစားထားပြီး ကိုယ်က စနေ၊ တနင်္ဂနွေနေ့တိုင်း ကျောင်းမှာသွားနေတယ်လေ။ မင်ကီကလေး ၁၀ နှစ်အရွယ်မှာ ကိုယ်အိမ်ပြန်ခေါ်လာတယ်"

"တိုက်ပဲတိုက်ဆိုင်လွန်းတယ် စုနန္ဒာရယ်။ သမီးကလေး အရွယ်ရောက်တော့ သူနဲ့ကျောင်းနေဖက် သူငယ်ကလေးတစ်ယောက်နဲ့ ရည်ငံကြတယ်။ ဒီပါရဲ့ဆုတောင်းပြည့်တယ်ပဲဆိုပါစို့။ ကောင်လေးက မယ်သီလ်မျိုးရိုး၊ နီပေါမြေပိုင်ရှင် မင်းမျိုးမင်းနွယ်ပျား၊ ခတ္တာမန်ဒူကို ကိုယ်တိုင်လိုက်သွားပြီး စေ့စပ်ကြောင်းလမ်းဖို့ လုပ်တော့ အလွယ်တကူသဘောတူတဲ့ သူငယ်ကလေးရဲ့ အဖေကို ကိုယ်အံ့သြခဲ့ရသေးတယ်လေကွယ်"

"ခု မင်ကီ ဘယ်မှာလဲဟင် အစ်ကိုသိက္ခာ"





စုနန္ဒာ စိတ်ထက်သန်စွာ ဝင်မေးသည်။

"ခတ္တာမန်ဒူမှာပဲလေ။ သူ့ယောကျ်ားကလေးနာမည်က ဆမားတဲ့၊ ဆမားက အင်္ဂလန်ကို ပညာတော်သင် သွားရမယ်။ မင်ကီကို လိုက်သွားနိုင်အောင် ကိုယ်ကြိုးစားနေတယ်။ ကိုယ့်စရိတ်နဲ့ပေါ့။ ဒါမှ သူတို့ အတူတူနေကြရမှာ မဟုတ်လား။ သူ့အမေ ကြာကြာမခံစားလိုက်ရတဲ့ ပျော်ရွှင်မှုမျိုး သမီးလေး အပြည့်အဝ ခံစားစေချင်တယ် စုနန္ဒာ၊ သူ့ဆန္ဒအတိုင်း သူ့သမီးကလေးကို ဆင်စီးမြင်းရံဘဝ ရောက်နေတာကို ဒီပါမြင်စေချင်တယ် စုနန္ဒာရယ်"

ရှေ့စကားမဆက်နိုင်ဘဲ သူငိုင်နေသည်။ စုနန္ဒာလည်း ဟိုအဝေးကြီးကို လှမ်းငေးနေ၏။ အလျင်သတိဝင်လာသူက စုနန္ဒာ။ အမှတ်မထင်လေသံဖြင့် မေးလိုက်သည်။

"ဪ .. အစ်ကိုသိက္ခာကို မေးတောင်မမေးရသေးဘူး၊ ခုဘယ်အထိစီးမှာလဲ"

"ရမ်ပါကိုသွားမှာ စုနန္ဒာ။ မင်ကီအတွက်ပါပဲ၊ ဒီပါ လက်ထပ်ချိန်မှာ ဒီပါနာမည်နဲ့ မြေကေတော်တော်များများ လွှဲပေးခဲ့တယ်။ ယောက်ဖတော်ဆာတစ်ရှိဆီက သိရတယ်လေ။ လွန်ခဲ့တဲ့ နှစ်နှစ်ကမှ သိရတာ။ အဲဒီမြေကွက်တွေကရတဲ့ နှစ်စဉ်ဝင်ငွေတွေကိုတောင် ကိုယ့်ဆီပို့ပေးခဲ့သေးတယ်။ အဲဒီမြေတွေ ရောင်းပြီး မင်ကီအတွက် ပေးလိုက်မယ်လေ"

"ဪ .. ဒါကြောင့် အစ်ကိုသိက္ခာ ရမ်ပါကို သွားမှာကိုး။ ထားပါလေ၊ အစ်ကိုသိက္ခာဆီက စုနန္ဒာ တစ်ခုတောင်းဆိုမယ်၊ လိုက်လျောမလားဟင်"

စုနန္ဒာအားတက်သရော မေးသည်။

"ဘာများလဲ စုနန္ဒာရဲ့"

"ရမ်ပါကို မသွားခင် ကမ်ပူရကိုတစ်ရက်နှစ်ရက်လောက် ဝင်လည်ပါလို့။ ကျောင်းတွေလည်း မဖွင့်သေးတော့ စုနန္ဒာ အားနေတယ်။ တစ်ရက်နှစ်ရက်နေပြီးမှ ရမ်ပါကို ဆက်သွားပေါ့။ နောင်လည်း ဘယ်တော့ဆုံကြမလဲဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး မဟုတ်လား။ အစ်ကိုသိက္ခာ နေနိုင်မယ်ဆိုရင်တော့ စုနန္ဒာ သိပ်ပျော်မှာပဲ"

စုနန္ဒာ အတင်းအကျပ်ပြောလာသည်။

သူကမတုန်လှုပ်၊ ကျောက်ရုပ်။

မကြာခင် ၁၀ နာရီထိုးတော့မည်။ ဂင်္ဂါမြစ်ရေစီးဆင်းပုံက ဟန်ပန်ပြင်းသထက် ပြင်းလာ၏။ သဘောင်္ကြီးရွေ့နေပုံက နှေးသည်ထက်နှေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



စတွက်သည်မှာ နှစ်နာရီကျော် သုံးနာရီရှိပြီ။ သည်ဘက်ကမ်းမှ ဝေးဝေးသို့ မရောက်သေး။ စုနန္ဒာအမျိုးသမီးခန်းတွင် သွားအိပ်သင့်ပြီဖြစ်ကြောင်း သူက သတိပေးလိုက်သည်။

"မနက်မိုးလင်းဆို ရောက်တော့မှာ မဟုတ်လား၊ သွားအိပ်လေ"

တန်ဖိုးရှိလှသော ဤအချိန်ကလေးကို စုနန္ဒာ မဖြုန်းတီးနိုင်ပါ။

"ဟင့်အင်း .. အစ်ကိုသိက္ခာ နံဘေးမှာပဲ ထိုင်ငိုက်လိုက်မယ်"

မကြာခင်စုနန္ဒာ အိပ်ပျော်သွားသည်။ သေတ္တာထဲမှ စောင်တစ်ထည် ထုတ်ပြီး စုနန္ဒာကို အသာလွှမ်းပေးလိုက်သည်။ သူက အိပ်စင်ထောင့် တစ်နေရာတွင် မှီထိုင်ရင်းအတိတ်တွင် လွင့်မျောဖြစ်သည်။

* * *

အနှစ်နှစ်ဆယ်လုံး စုနန္ဒာကို သူမေ့နေခဲ့သည်။ ရံဖန်ရံခါသာ သတိရတတ်၏။ သို့သော် သူ့ဘဝစာမျက်နှာတစ်ခုတွင် စုနန္ဒာသည် အဓိကဇာတ်ကောင်အဖြစ် ကြီးစိုးခဲ့ဖူးလေသည်။

ဟဲရစ်အကြောင်းက စတင်ရမည်ထင်သည်။ ဟဲရစ်က ပန်တာ တက္ကသိုလ်တွင် တစ်ဆောင်တည်းနေ သူငယ်ချင်း၊ ကြာလေ တစ်ယောက် အကြောင်းသိလေ ပို၍ရင်းနှီးလာလေလေ။ ဤသို့ဖြင့် တစ်ယောက်ကို တစ် ယောက် အချစ်ဆုံးသူငယ်ချင်းဟု အသိအမှတ်ပြုကြသည်အထိ။ ကျောင်းပိတ်ရက် များတွင် အိမ်မပြန်ဘဲ ဟဲရစ်တို့မြို့တွင် လိုက်နေဖြစ်သည်အထိ။

ဟဲရစ်၏အဖေမှာ ဂျိုးဂက်ရှ်ဘာဘူမှာ မြေဧကများစွာပိုင်သည့် ကြေး ရတတ် မြေပိုင်ရှင်ကြီးတစ်ယောက်ဖြစ်သည်။ သူ့လယ်မြေတွေမှာ စပါးနှင့် ဂုန်လျှော် အလွန်အောင်သည့် မြေတွေ ဖြစ်၏။ သားကိုလည်း အလွန်ချစ်သည့် အဘိုးကြီး၊ သားနှင့်နွယ်ပြီး သိက္ခာကိုလည်း သံယောဇဉ်ဖြစ်နေသည်။ ဇာတ်တူ 'မယ်သီလ် ဗြဟ္မဏ' မျိုးနွယ်များ မဟုတ်လား။

သို့သော် သိက္ခာတို့၏ဘိုးဘေးများသည် ရန်ကုန်သို့ နှစ်ပေါင်းများစွာ က သွားရောက်၍ နေထိုင်ခဲ့ခြင်းကြောင့်သာ မယ်သီလ်မျိုးနွယ်များနှင့် အဆက် ပြတ်နေခြင်းဖြစ်ကြောင်း သားဖြစ်သူထံမှ ဂျိုးဂက်ရှ်ဘာဘူ သိထားပြီး ဖြစ် သည်။

ဒီပါက ဟဲရစ်၏နမ၊ ဒီပါနှင့်လက်ထပ်ဖြစ်မည်ဟု သိက္ခာအိပ်မက်မျှ ပင်မမက်ဖူးခဲ့ပါ။





စုနန္ဒာက ဒီပါ၏အချစ်ဆုံး သူငယ်ချင်း၊ စုနန္ဒာမှာ ငယ်ငယ်ကလေး ကတည်းက အမေဆုံးသွားကြောင်း။ အဖေက နောက်အိမ်ထောင်ပြုသဖြင့် အဘွား နှင့် ရမ်ပါတွင်နေကြောင်း သိက္ခာသိထားသည်။

စုနန္ဒာနှင့်ဒီပါ တွဲလိုက်ပုံမှာလည်း ကျောင်းတွင်မသိသူများက ညီအစ်မ ထင်ကြသည်အထိ။ စုနန္ဒာက ရှင်သည်၊ သွက်သည်၊ သိက္ခာကို အမြဲတမ်း ကျီစယ်နှောက်ပြောင်တတ်သည်။ သိက္ခာက ရှက်တတ်သည်။

သို့သော် သူ့ရင်ထဲက စုနန္ဒာကို ကျိတ်စွဲလမ်းနေသည်။ ဒီပါကိုမူ စိတ်ပင်မကူးကြည့်ဖူး။

ကျောင်းတွင် ထူးချွန်သူတစ်ယောက်ဖြစ်သည့်ပြင် ရိုးသားဖြောင့်မတ် သူလည်းဖြစ်ကြောင်း ထောက်ခံပြီး ဒီပါနှင့်လက်ဆက်ဖို့ ဖအေလုပ်သူကို ဟဲရစ် က အဆိုပြုသည်ဆို၏။

ဂျိုးဂက်ရှ်ဘာဘူက ပထမသဘောမတူ၊ လူမှုဆက်ဆံရေးနယ်ပယ် တွင် တန်းမတူဟု တွက်ထားသောကြောင့်ဖြစ်၏။

သို့သော် ဟဲရစ်က နောက်တစ်ဆင့်တက်၍ ဖအေလုပ်သူကို စည်းရုံး သည်။ သိက္ခာမှာ အိုင်၊ အေ၊ အက်စ်အောင်ဖို့ ဆေးစစ်ရန်သာ ကျန်တော့ ကြောင်း၊ အောင်ပြီးလျှင် ခရိုင်ကော်လိပ်တော်အရာရှိဖြစ်ဖို့ သေချာနေပြီဖြစ် ကြောင်းဖြင့် ကိုင်သောအခါ အဘိုးကြီးပျော့ကျသွားတော့၏။

ဂျိုးဂက်ရှ်ဘာဘူသည် အလွန်အကွက်မြင်သော အဘိုးကြီး ဖြစ်၏။ မြို့မျက်နှာဖုံးလူကြီးများကိုဖိတ်ပြီး မျိုးတူ ဇာတ်တူဖြစ်သည့် ကော်လိတ်တော် အရာရှိလောင်းနှင့် သမီးဖြစ်သူအား လက်ထပ်ထိမ်းမြားပေးရန် အစီအစဉ်ရှိ ကြောင်း ကြေငြာလိုက်သည်။

ဂုဏ်သရေရှိလူကြီးလူကောင်းများအနေနှင့် နေနှင့်လ၊ ရွှေနှင့်မြသဖွယ် တင့်တယ်ပါပေကြောင်း ကောင်းချီးပေးကြသည်။ ဤသို့ဖြင့် သိက္ခာနှင့်ဒီပါ တို့ ကတိုက်ကရိုက် လက်ထပ်ခဲ့ကြခြင်း ဖြစ်၏။

မကြာပါချေ။ သိက္ခာသည် ဗြဟ္မဏမယ်သီလ်မျိုးရိုးဟန်ဆောင်နေ သည့် 'ဆာရာရူပါရင်' ဇာတ်နိမ့်တစ်ဦးဖြစ်ကြောင်း တီးတိုးသတင်းများ မြို့လုံး အနှံ့ ထွက်လာတော့သည်။

ကံကြမ္မာသည် သိက္ခာကိုရက်ရက်စက်စက် လှောင်ပြောင်လေပြီ။ ဒေလီသို့ ဆေးစစ်ခံသွားရာ အမြင်အာရုံကျပ်မပြည့်သဖြင့် မအောင်မြင်ဘဲ ပြန် လာခဲ့ရသည်။ သူ၏စိတ်ကူးအိပ်မက်တွေ ပြိုပျက်လွင့်စဉ်ကုန်လေပြီ။

ထိုသတင်းကိုကြားရတော့ ဂျိုးဂက်ရှ်ဘာဘူတစ်ယောက် သူ့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကို သူ့လက်နှင့်အကြိမ်ကြိမ်ထုရိုက်မှလွဲ၍ ဘာမှမတတ်နိုင်တော့။ သို့ဖြင့်သိက္ခာ တစ်ယောက်အရာရှိဖြစ်မလာဘဲ သာမန်ကျောင်းဆရာတစ်ယောက်အဖြစ် အသက် မွေးရတော့၏။

လင်မယားနှစ်ယောက် ရမ်ပါသို့အကြိမ်ကြိမ် အလည်အပတ်ရောက်ကြသည်။ သို့သော် ဒီပါ၏အိမ်သားများက သိက္ခာကို ဝတ်ကျေတန်းကျေမျှသာ ဆက်ဆံကြ၏။ ဒီပါသည် အလွန်မာနကြီးသည့် မိန်းကလေးဖြစ်သည်။ လင်ကို တန်းတူရည်တူဆက်ဆံခြင်းမပြုကြသည့် မိမိပတ်ဝန်းကျင်ကို ခွင့်မလွှတ်နိုင်ဘဲ ရမ်ပါနှင့် အဆက်ဖြတ်လိုက်သည်။ ထို့နောက်ပင် ဒီပါဆုံးပြီးနောက်ပိုင်း ရမ်ပါသို့ သိက္ခာမရောက်ခဲ့ခြင်းဖြစ်၏။

မလှပသည့်အတိတ်ကို စားမြုံ့ပြန်ရင်း ဘယ်အချိန်အိပ်ပျော်သွားသည် မသိလိုက်။ ဆူဆူညံညံအသံတွေကြားလို့ နိုးလာတော့ မိုးလင်းနေပြီ။ သင်္ဘောကြီးဆိပ်ကမ်းကို ဆိုက်ကပ်ပြီးနေပြီ။ ရထားနေရာရဖို့အတွက် လူတွေသင်္ဘောပေါ်မှ အပြေးအလွှားဆင်းနေကြပြီ။ စုနန္ဒာက မနိုးသေး။ သည်တော့ သူလှုပ်နှိုးရတော့သည်။

"စုနန္ဒာ၊ စုနန္ဒာ"

ဒီပါကို အရမ်းသတိရမိသည့် တဒင်္ဂ။ လင်မယားနှစ်ယောက် ဒီခရီးကို လာတိုင်း သည်လိုပင် ဒီပါ့ကိုသူနှိုးခဲ့ရသည်။

အလုပ်သမားတစ်ယောက် ရောက်လာပြီးမေးသည်။

"ဆရာတို့ ရထားစီးကြမှာလား၊ ဘတ်စ်ကား စီးကြမှာလားခင်ဗျ"

"ငါ့ပစ္စည်းတွေကို ရမ်ပါထွက်မယ့် ကားပေါ်တင်ကွာ၊ ဆရာမ ပစ္စည်းတွေကိုတော့ ရထားပေါ်တင်ပေးပါ၊ အမျိုးသမီးတွဲကို"

"မဟုတ်ဘူး၊ မဟုတ်ဘူး အားလုံးရထားပေါ်တင်၊ တို့က ရမ်ပါကို သွားမှာ"

စုနန္ဒာက ပိုင်စိုးပိုင်နင်းဝင်ပြီး စီစဉ်သည်။

"စုနန္ဒာ"

သိက္ခာက တစ်စုံတစ်ခုပြောဖို့ ကြိုးစားသည်။

"အစ်ကိုသိက္ခာ ဘာပြောမယ်ဆိုတာ စုနန္ဒာသိပါတယ်"

"စုနန္ဒာကို ပတ်ဝန်းကျင်က ကဲ့ရဲ့သဂြိုလ်အတင်းစကား ဆိုကြမှာ အစ်ကိုသိက္ခာ စိုးရိမ်တာမဟုတ်လား"

"ဟုတ်တယ် စုနန္ဒာ"

"အို .. အဲဒါ မပူစမ်းပါနဲ့၊ စုနန္ဒာအကြောင်း အစ်ကိုသိက္ခာ မေ့နေပြီ





လား၊ ငယ်ငယ်ကတည်းက ဘယ်သူ့မှ ဂရုမစိုက်ခဲ့တာဘဲ။ ပြီးတော့ အစ်ကို့ သိက္ခာကို စုနန္ဒာ မပိုင်ပေမယ့် ဆိုင်သေးတယ်လို့ ထင်တယ်လေ။ ဘာလို့မှန်း တော့ မသိဘူး။ ဒီပါဆုံးပြီးကတည်းက အဲဒီအတိုင်းပဲ ခံစားရတယ်။ ပြီးတော့..."

ဆက်မပြောတော့ပဲ အသံတိမ်ဝင်သွားသည်။ မျက်လုံးရွဲကြီးများထဲ ဘွင် မျက်ရည်တွေပြည့်လျှံလာသည်။

"အေးပါလေ၊ မင်းလိုက်စေချင်ရင် ကိုယ်လိုက်ခဲ့ပါ့မယ်။ ဒါပေမယ့် ရမ်ပါကိုတော့ ခပ်မြန်မြန် ဆက်သွားရလိမ့်မယ် စုနန္ဒာ။ ကျောင်းမဖွင့်ခင် ရန်ချီကို အရောက်ပြန်ရမှာကလည်း ရှိသေးတယ်မဟုတ်လား"

တစ်ရက် နှစ်ရက်နေမည်ဆိုပြီး ကမ်ပူရသို့ လိုက်ခဲ့ခြင်းဖြစ်၏။ သို့သော် အချိန်တွေ သည်မျှကုန်လွယ်ကြောင်း သူဘယ်တုန်းကမှ မသိခဲ့။ သြော်... ဒနန္ဒာ၊ စုနန္ဒာ၊ ဧည့်ဝတ်တွေ ကျေပွန်လွန်းလှတဲ့ စုနန္ဒာ။

နှစ်ပတ်တိတိကြာသွားသည်။

"ကိုယ်သွားပါရစေတော့ စုနန္ဒာရယ်၊ ဘဝအခြေအနေပေးတာနဲ့ တစ်ပြိုင်နက် ကိုယ် မင်းဆီ ပြန်လာခဲ့ပါ့မယ်။ ပြီးတော့လေ .. မင်းနဲ့အတူနေခဲ့ရတဲ့ ဒီကာလပိုင်းကို ကိုယ် အမြဲတမ်း သတိရ တသနေပါ့မယ် စုနန္ဒာ"

"အစ်ကိုသိက္ခာကို တစ်ခုမေးချင်သေးတယ်။ မေးချင်တာ ကြာခဲ့ပါပြီလေ၊ ဒါပေမယ့် မမေးဖြစ်ခဲ့ဘူး"

မျက်လွှာချသည်။ မျက်တောင်ကော့ကြီးများ စင်းသွား၏။

"ဘာများလဲ စုနန္ဒာရဲ့"

သိချင်ဇောနှင့် သူမေးသည်။

"ရန်ချီမှာ စုနန္ဒာ အလုပ်မရနိုင်ဘူးလားဟင်"

သူဘာမှ ပြန်မပြောနိုင်ဘဲနိုင်နေသည်။ သည်တော့မှ စုနန္ဒာ စကားဆက်သည်။

"ထားပါလေ၊ အဲဒီကိစ္စကို မေ့လိုက်ပါ။ စုနန္ဒာ အဓိပ္ပာယ်မရှိ လျှောက်ပြောနေမိတာပါ။ ဒါပေမဲ့ ရမ်ပါက အပြန်တော့ဝင်ဦးနော်.. အချိန် ရသလောက်နေသွားပါ အစ်ကိုသိက္ခာရယ်"

ပါးပြင် နုညက်ညက်ပေါ်တွင် မျက်ရည်ဥကြီးတွေ လိမ့်ဆင်းနေပြီ။ စုနန္ဒာ မျက်နှာလွှဲလိုက်၏။

"စုနန္ဒာ မင်းကိုယ့်ကို အထင်လွဲနေပြီ။ ကိုယ်က တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတစ်ပါးကို လွယ်လွယ်ကူကူကောက်တွေ့ပြီး အဲဒီအဖြစ်ဟာ ဘာကယ်လား အိပ်မက်လားဆိုတာ ဝေခွဲမရဖြစ်နေတဲ့ ငမိုက်သားပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. အစ်ကိုသိက္ခာရယ်"

စုနန္ဒာ သူ့လည်ပင်းကို သိုင်းဖက်သည်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုကြွေးသည်။

စုနန္ဒာ၏လက်ကို တင်းတင်းပြန်ဆုပ်ပြီး သူမေးသည်။

"မင်းကိုယ်မင်း တကယ်ယုံရဲ့လား စုနန္ဒာ။ ပတ်ဝန်းကျင်ကို မင်း တကယ်ရင်ဆိုင်ရဲမှာလား"

"ပတ်ဝန်းကျင်ဆိုတာ ဘာလဲ အစ်ကိုသိက္ခာ၊ အို .. စုနန္ဒာ ဘာကိုမှ မကြောက်ဘူး၊ ဘယ်သူ့ကိုမှ မကြောက်ဘူး။ ရမ်ပူက အပြန် ဆက်ဆက်ဝင်ခဲ့ပါ အစ်ကိုသိက္ခာ၊ စုနန္ဒာ မျှော်နေမယ်နော်"

သူ မျက်ရည်မဆည်နိုင်တော့၊ ဘာမှလည်း ပြောမထွက်တော့။ ဆို့နင့်ရီဝေစွာဖြင့် စုနန္ဒာကို ငေးကြည့်နေသည်။

သွားခါနီးတွင် "ပြန်လာခဲ့ပါမယ် စုနန္ဒာ" ဟူသည့် စကားလုံးများကို အနိုင်နိုင်အားယူ၍ ပြောခဲ့ရ၏။

စုနန္ဒာက ဆာရီကို ခေါင်းပေါ်ဆွဲခြုံပြီး ထိုင်ချလိုက်သည်။ သူ့ခြေ အစုံကို ဆုပ်နယ်ကာ ..

"ပြန်လာခဲ့ပါ အစ်ကို၊ စုနန္ဒာမျှော်နေပါ့မယ်"

* * *

ရမ်ပါကိုရောက်တော့ မုန်းချက်နှင့်နမ်းထွက် တခြားစီဖြစ်ရသည်။ ရက်ဖို့ ကောင်းလိုက်သည့်ဖြစ်ခြင်း၊ ယောက်ဖအကြီး ဆာတစ်ရှိက အတွေ့မခံ၊ ရှစ်ရက်လုံးလုံး မတွေ့ရ။ ကိုးရက်မြောက်နေ့တွင် ဖွတ်သွားတွေ့တော့ ရိုင်းပျစွာ ဆက်ဆံသည်။ မောင်းမထုတ်ရုံတမယ်၊ ဘာကိစ္စလဲဟု မေးသည်။

သူမယုံကြည်နိုင်အောင် ဖြစ်နေ၏။ သမီးယောက်ဖအချင်းချင်း နောက်ပြောင်တတ်တဲ့အလေ့အထကို သတိရပြီး သူကအပြုံးဖြင့် လာရင်း ကိစ္စကို ပြောသည်။

"အစ်ကိုကြီး ကျွန်တော့်စာရတယ်မဟုတ်လား၊ ဒီပါနာမည်နဲ့ ထားတဲ့ မြေကလေးအရောင်းအဝယ် လုပ်ဖို့ကိစ္စအတွက်လေ"

ဆာတစ်ရှိဘာဘူ ဒေါသူပုန်ထပါလေတော့၏။

"ဟေ့ ရန်ချီမှာ အရှုးထောင်တစ်ခုရှိတယ်လို့ ငါကြားဖူးတယ်၊ မင်း အဲဒီက တန်းလာတာလားကွ၊ ဟေ.. ဘာမြေလဲ၊ ဘာပတ်သက်လဲ၊ မင်းလို





ကောင်နဲ့ ဒီပါလက်ထပ်ကတည်းက ငါတို့ဂုဏ်သိက္ခာတွေ ဘယ်လောက် အရောင်အဆင်း ပျက်ခဲ့ရသလဲ၊ မင်းကို မြေကိစ္စ ငါဘာလို့ ရေးလိုက်သလဲ သိလား၊ မင်းဆီက လက်မှတ်တစ်ချက်လိုချင်လို့ကွ နားလည်လား။ ဒီမြေက ထွက်တဲ့ ထွက်ကုန်အတွက် ဝင်ငွေကို မင်းရရှိနေတယ်ဆိုတဲ့ လက်မှတ်လေ၊ မြေယာဥပဒေအရ မင်းဘယ်တော့မှ ရောင်းလို့မရတော့ဘူး၊ ရှင်းပြီလား"

ခြေထောက်အောက်မှ မြေကြီးတွေရွေ့လျားနေသည့်အလား သိက္ခာ တစ်ယောက် ဆောက်တည်ရာမရ ဖြစ်သွားသည်။

ဆာတစ်ရှိဘာဘူက အစာငတ်နေသည့် ဝံပုလွေကြီးတစ်ကောင်လို ဆက်လက်ဟိန်းဟောက်သည်။

"မင်းအရေခွံ အခွာမခံချင်ရင် အေးအေးဆေးဆေးပြန်ပြီး စာသင်ချေ တော့ ကျောင်းဆရာ"

လှည့်ထွက်ခါနီးတွင် မိုးခြိမ်းသံကိုကြားရပြန်သေးသည်။

"မင်း မြဲမြဲမှတ်ထား၊ အဲဒီမြေအကြောင်း ဒီမြို့ခံတစ်ယောက်ယောက် ကို မင်းပြောတာနဲ့ ရမ်ပူက ပြန်လမ်းမရှိတော့ဘူးမှတ်"

သွေးရောင်လွှမ်းနေသည့် မျက်လုံးအစုံကို တစ်ချက်မော့ကြည့်ပြီး တပ်ခေါက်ပြန်ခဲ့ရသည်။

တစ်ညလုံး အိပ်မပျော်၊ ကမ်ပူရသို့ထွက်မည့် ဘတ်စ်ကားက မနက် ၄ နာရီမှရှိသည်။ မြေလည်းမရ၊ ငွေလည်းမရဘဲ လက်ချည်းပြန်ရမည့်ဘဝ၊ သို့သော် စုနန္ဒာနှင့်ဆုံရသည့်အဖြစ်က ဘဝသစ်၏ အလင်းရောင်ပါကလား၊ သူ့အတွက် အားတက်ဖွယ်၊ ရင်ခုန်လွှမ်းမောဖွယ်အကောင်းဆုံးအဖြစ်။

* * *

ရမ်ပါမှထွက်ပြီး ၁၀ မိုင်အရောက်တွင် ဘတ်စ်ကား ဆက်မသွားနိုင်တော့။ ရှေ့မှာလမ်းပျက်နေသည်တဲ့။ ခရီးသည်များပြောကြသဖြင့် 'ဤစီ' ရေကာတာ ကြီး ကျိုးသွား၍ တစ်ပတ်လုံးလုံး ရေလျှံသွားကြောင်း။ သည်တစ်ပတ်အတွင်း ကြောက်မက်ဖွယ်ရေဘေးနှင့် တစ်နယ်လုံးရင်ဆိုင်ခဲ့ရကြောင်းများ သိရသည်။ ယခုတော့ ရေကျသွားပြီ။ သို့သော် လမ်းတွေကို မပြင်ရသေး။

ခရီးသည်တွေ ဖြစ်သလိုခရီးဆက်ကြရသည်။ နွားလှည်းတစ်စီး ငှားပြီး သူလည်းခရီးကြမ်းကိုဆက်၍ နှင်ခဲ့သည်။ ကမ်ပူရသို့ ညနေစောင်းမှ ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စုနန္ဒာရေ၊ စုနန္ဒာ၊ အစ်ကိုသိက္ခာပြန်လာပြီလေ"

တံခါးခေါက်ရင်း အလောတကြီး အော်ခေါ်သည်။ စုနန္ဒာ၏အိမ်ဖော်မကြီးက တံခါးဖွင့်ပေးသည်။ သူ့ကိုမြင်တော့ အတင်းဖက်ပြီး တအားအော်ငိုသည်။

"ဆရာ၊ ဆရာနောက်ကျသွားပြီ ဆရာ"

"ဗျာ .. ကြီးတော် ဘာပြောတယ်၊ စုနန္ဒာရောဟင်"

ဖြစ်ကြောင်းကုန်စင်ကို စုနန္ဒာ၏အိမ်ဖော်အဒေါ်ကြီးက တရှုပ်ရှုပ်ငိုရင်း ပြောပြရှာသည်။

"စုနန္ဒာလေ ပျော်နေလိုက်တာ၊ ဆရာမကြီးနဲ့မတူတော့တဲ့ ကျောင်းသူလေးတစ်ယောက်လိုပါပဲ ဆရာရယ်။ ဆရာ ရမ်ပါကို ထွက်သွားပြီးကတည်းက စိတ်ကူးတွေယဉ်ပြီး အိမ်ကို ဘယ်လိုပြုပြင်မယ်၊ ဘယ်လိုအခန်းဖွဲ့မယ်နဲ့ တတွတ်တွတ်ပြောရှာတယ်ကွယ်၊ မြို့တက်ပြီး ဆရာ့အတွက် အဝတ်အစားတွေ ဝယ်ဖို့ ကြီးတော်ကို လွှတ်တယ်လေ။ ဆရာဟာ ကိုယ့်ကိုယ်ကို ပစ်စလက်ခတ် နေနေတာတဲ့၊ နောက်ဆို မနေရတော့ဘူးတဲ့၊ သူကိုယ်တိုင် ပြုစုမယ်တဲ့လေ။ ရေကာတာ ကျိုးတဲ့သတင်းကြားတော့ သက်ဆိုင်ရာတွေက အသံချဲ့စက်တွေနဲ့ လိုက်အော်တယ်။ အိမ်ထဲက အမြန်ဆုံးထွက်ပြီး တောင်ပေါ်ရွာဆီကို ပြေးဖို့ တိုက်တွန်းတယ်။ အဲဒီတုန်းက ကြီးတော်မရှိဘူးလေ၊ မြို့ရောက်နေတယ်။

"စုနန္ဒာရဲ့ကျောင်းက ပြာတာရမ်ဒတ်စ်က သူ့ဆရာမကို အတင်းခေါ်တယ်။ အားလုံးနဲ့အတူ သွားကြဖို့ပေါ့လေ။ စုနန္ဒာကို ဘယ်သူမှ နားချလို့မရဘူးတဲ့ ဆရာရယ်၊ ဆရာပြန်လာတော့မှာတဲ့။ အိမ်မှာမတွေ့ရင် ဆရာနဲ့လွဲသွားမှာစိုးလို့တဲ့လေ။

"ရွာသားတွေက လေ့နဲ့တစ်မျိုး၊ လှည်းနဲ့တစ်ဖုံ တောင်ပေါ်ရွာ ရွှေ့နေချိန်မှာ စုနန္ဒာဟာ ကျောင်းခေါင်မိုးပေါ်တက်ပြီး ကားလမ်းဆီကိုပဲ မျှော်နေသတဲ့ ဆရာရယ်၊ ဆရာရောက်မယ့်နေ့ကို သူ ကျိန်းသေတွက်ထားတာကိုး။

"ဩော် .. စုနန္ဒာ စုနန္ဒာ၊ ရွာကလူကြီးတွေ နောက်တစ်ခေါက်ပြန်လာပြီး ခေါ်လည်း မလိုက်ဘူးတဲ့။ နှစ်ရက်လုံးလုံး ဘာမှမစားဘဲ ကျောင်းခေါင်မိုးပေါ်မှာပဲ လည်ပင်းတဆန့်ဆန့်နဲ့ နေသတဲ့လေ၊ အဲဒီမှာ ရေလုံးကြီးတစ်လုံး လိမ့်ဆင်းလာပြီး ဟီး.. ဟီး.."

ရင်ထဲမှ လှိုက်တက်လာ၏။ လည်ချောင်းဝတွင် တစ်ဆို့နေသည်။ ကုလားထိုင်တစ်လုံးတွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်၏။





အိမ်ဖော်အဒေါ်ကြီး အခန်းထဲ ဝင်သွားသည်။ ဒိုဘီအသစ် တစ်ထည်နှင့် ပိုးအင်္ကျီတွေကိုင်ပြီး ပြန်ထွက်လာသည်။

"စုနန္ဒာစိတ်ကြိုက် ကြီးတော် ဝယ်လာတာတွေပါကွယ်"

သူဘယ်လိုမှ မငြင်းနိုင်တော့။

"ရထားတွေလည်း အချိန်မမှန်တော့ပါဘူး ဆရာရယ်၊ ဒီမှာ တစ်ညတော့အိပ်သွားပါနော်"

"ဩော် .. ကြီးတော်ရယ်၊ ကျွန်တော်မနေပါရစေနဲ့ ခင်ဗျာ၊ ဘယ်သူ့အတွက် ကျွန်တော် နေရမှာလဲဟင်"

သူ့ ပါးပြင်ပေါ်တွင် မျက်ရည်တွေ တသွင်သွင် စီးကျနေ၏။ အဘွားကြီးမမြင်အောင် မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်သည်။

သည်လို စိတ်ဒုက္ခမျိုး၊ သည်လိုအထီးကျန်ဝေဒနာမျိုး၊ တွယ်ရာမဲ့ခြင်းမျိုးကို ခံစားခဲ့ဖူးပါ၏။ သို့သော် ခုတစ်ကြိမ်လောက် ဘယ်တုန်းကမှ မနက်ရှိုင်းခဲ့ပါချေ။

ဘူတာရုံဆီသို့ သူထွက်ခဲ့သည်။ သူလျှောက်နေသည့် ခြေလှမ်းများက စက်ရုပ်ခြေလှမ်းများ။

*Brief Moment of Intimacy by Yash Pal*

၁၉၈၆ ခုနှစ်၊ ဩဂုတ်လ၊ မဟေသီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## အချစ်တရားစီရင်ခန်း

ဇူလေခါကို သင်းအုပ်ဆရာတွမ်လင်ဆန် ပထမဦးဆုံးအကြိမ် မြင်ဖူးခဲ့စက ဆယ့်ခြောက်နှစ်သမီးမျှသာ ရှိသေးသည်။ ထိုစဉ်က ဇူလေခါကလေးမှာ မြူးမြူးရွှရွှအပျိုသွေးကြွစ ချစ်စဖွယ် ကောင်မလေးတစ်ယောက်ဖြစ်၏။

သူ့ကို သဲကန္တာရထဲမှ ကုလားအုပ်များအစာကျွေးမည့် ဒစ်ကန်ရွာကလေးတွင် တွေ့ခဲ့ခြင်းဖြစ်သည်။ ကွက်လပ်တစ်ခုထဲတွင် အာရပ်ကာလသား တစ်သိုက်နှင့် လုံမငယ်ကလေးများ စုဝေးကခုန်နေသည့် မြင်ကွင်းထဲမှ ဒီကလေးမကို ထူးထူးခြားခြားစိတ်ဝင်စားပြီး စကားပြန်လုပ်သူထံတွင် စပ်စုမိလိုက်ခြင်းဖြစ် သည်။

စကားပြန်လုပ်သူမှာ ပါရှန်လူမျိုးဆာဒူဒင်ဖြစ်၏။ အေဒင်နှင့် အိုမန်အကြားရှိ သဲကန္တာရတစ်ခွင်မှ ကုလားအုပ်အားလုံး၏ အမည်ကို အလွတ်ရသူဖြစ်သည်။

"အဲဒီ တစ်ယောက်လားဆရာ၊ လက်သမားဆရာ အိုမာရဲ့ သမီးလေ။ အလီဘတ်ဆိုတဲ့ကောင်လေးနဲ့ ဖြစ်နေတယ်ကြားတယ်။ ဟောဟိုဘက်အစွန်မှာ ရပ်နေတဲ့ အရပ်မြင့်မြင့်ကောင်လေးပေါ့ဆရာ"

သင်းအုပ်ဆရာ တွမ်လင်ဆန် ပြုံးလိုက်သည်။ သူက ခုမှ ရောက်လာသည့် သာသနာပြုအဖွဲ့ဝင်။ အော်ဒီအာရေဗျတောင်ပိုင်းကမ်းခြေဒေသ၏ အထာကို မကျွမ်းသေး။ ဒေသကိုတော့ သူသဘောကျနေပြီ။ ရွာသားတွေက ချစ်စရာကောင်းသည်။ ဖော်ရွေသည်။ အနောက်တိုင်းဆန်သည့် မြို့နေအာရပ်တွေနှင့် တခြားစီ။





"ကောင်လေးကြည့်ရတာ သမင်တစ်ကောင်နဲ့ မတူဘူးလား။ ကောင်မလေးနဲ့ သူနဲ့ နှစ်ယောက်တည်းဆိုရင် သမင်ဖိုကလေးနဲ့ ဒရယ်မကလေး တွဲကသလိုနေမှာပဲ။ ဒါထက် နေပါဦးကွ .. ဒီရွာကဒစ်ကန်နော်။ ဥဒါလီလူမျိုးစုဝင်တွေပဲလား"

သင်းအုပ်ဆရာက စကားပြန်ကို မေးလိုက်သည်။

"ဟုတ်ပါတယ် ဆရာ၊ ဒါပေမယ့် သူတို့က ခဲပစ်သမားတွေပါ၊ ခုကနေတာလည်း 'ခဲပစ်တရားစီရင်ပွဲ' ပဲလေ။ သူတို့ ဝိုင်းကနေတဲ့အလယ်မှာ ကျောက်တုံးတွေ တွေ့တယ်မဟုတ်လား ဆရာ၊ အဲဒါဟာ သူတို့အတွက် တရားခံရဲ့ ဦးခေါင်းပဲဆရာ။ တရားခံရဲ့ တစ်ကိုယ်လုံး လည်ပင်းအထိ သဲထဲမြှုပ်ထားရတယ်လေ"

သင်းအုပ်ဆရာတွမ်လင်ဆန် တစ်ချက်တွန့်သွားသည်။ ထူးဆန်းအံ့သြဖွယ်များဖြင့်ပြီးသည့် တိုင်းပြည်တွင် ချစ်စရာအလှအပတွေ များပြားသလောက် ရက်စက်မှု ထူပြောလှကြောင်း ပြန်သတိရလိုက်သည်။ အေဒင်သာသနာရေးအသင်းတော်မှ အထက်အရာရှိတစ်ဦး ပြောလိုက်သည့် ခဲပစ်တရားစီရင်ရေးအကြောင်းများကို ပြန်လည်ကြားယောင်လာသည်။ အလွန်ရှေးကျပြီး ရက်စက် ကြမ်းကြုတ်သည့် ဓမ္မသတ်ဟု သင်းအုပ်ဆရာက မြင်သည်။

"သိပ်ကြောက်စရာကောင်းတဲ့ အပြစ်ပေးနည်းပဲ။ လူတစ်ကိုယ်လုံးမြေကြီးထဲ မတ်တတ်မြှုပ်ခံလိုက်ရပြီဆိုကတည်းက သေတာနဲ့ ဘာထူးတော့လဲ။ ဒါဟာ လူသတ်မှုပဲ။ တရားစီရင်မှု မဟုတ်ဘူး။ ကျုပ်ကြားဖူးသလောက်ဆိုရင် အဲဒီအာရပ်တွေဟာ ခဲပစ်ကို ဘယ်လောက်လေ့ကျင့်ထားသလဲဆိုရင် ပျံနေတဲ့ ငှက်တစ်ကောင်ကို ဖုတ်ခနဲ ကျအောင်ပစ်နိုင်သတဲ့။ ပြေးနေတဲ့ မြင်းတစ်ကောင်ကို ကျွမ်းပြန်ကျသွားအောင် ခြေထောက်ကို ပစ်ချိုးနိုင်သတဲ့"

စကားပြန် ဆာဒူဒင်က ထပ်ပြီးအလေးအနက် ပြုပြန်၏။

"ခဲပစ်သမားတွေ လက်ဖြောင့်တယ်ဆိုတာ အမြဲတမ်း မဟုတ်ပါဘူးဆရာ။ အလ္လာအရှင်မြတ်ရဲ့ အလိုတော်နဲ့ ကိုက်ညီတဲ့အခါမှပါ။ အပြစ်မရှိတဲ့လူဆိုရင် ကျောက်ခဲဟာ ဘယ်တော့မှမထိပါဘူး"

သင်းအုပ်ဆရာ ဘဝင်မကျနိုင်ဘဲဖြစ်နေ၏။ ဘာမှပြန်ပြောဖို့မလိုဘဲ အာရုံပြောင်းစရာတစ်ခုပေါ်လာ၍ သူ့အတွက်ခံသာသွားသည်။

ဇူလေခါ ကနေရင်း ကုလားအုပ်ချေးတစ်ဆုပ် ကောက်ယူလုံးချေပြီး အလီဘတ်ကို ပေါက်လိုက်သည်။ အပစ်အခတ်တွင် လေ့ကျင့်ကျွမ်းကျင်ပြီးသား မျိုးဆက်သွေးဖြစ်၍ ဇူလေခါလက်ဖြောင့်လှ၏။



www.burmeseclassic.com

www.burmeseclassic.com

အလီဘတ်က ရယ်ပြီး ဓူလေခါကို လိုက်ဖမ်းသည်။ သိန်းငှက်တစ်ကောင် သားကောင်ကို လိုက်လံထိုးသုတ်သည်နှင့် တူလှ၏။ ဓူလေခါကလည်း လျင်မြန်စွာ တိမ်းရှောင်သည်။ ဒူးချင်းရိုက်ကာ .. လက်ခုပ်တီးကာဖြင့် သံပြိုင်တေးကို သီကြွေးရင်း ကခုန်နေကြသည့် လုလင်ပျို၊ လုံမပျိုတို့၏ အတန်းနှစ်တန်းကြားတွင် ပြေးလွှားရှောင်ပုန်း၏။

မိလုမိခင်ဆဲဆဲတွင် အထိတ်တလန့်ဟန်မျိုးဖြင့် ဓူလေခါအတန်းထဲမှ ထွက်ပြေးသည်။ သာမန်အားဖြင့် အာရပ်မိန်းကလေးများသည် မျက်နှာဖြူများအား ကြောက်ရွံ့တတ်ကြသော်လည်း စိတ်လှုပ်ရှား ပျော်ရွှင်နေသည့် ဓူလေခါသည် ရှက်ရွံ့ကြောက်လန့်ရမှန်းမသိတော့ဘဲ တွမ်လင်ဆန်ဆီသို့ တန်းပြေးလာပြီး အရပ်ရှည်ရှည် မျက်နှာဖြူ သင်းအုပ်ဆရာအား သဲထဲတွင် စိုက်ထားသည့် ဓာတ်တိုင်တစ်ခုအလား လှည့်ပတ်ဝေ့ဝိုက် ပြေးလွှားနေလေတော့၏။

သင်းအုပ်ဆရာ တွမ်လင်ဆန်အဖို့ အလွန်အံ့ဩစရာ တဒင်္ဂဖြစ်သည်။ ရင်ထဲတွင် လှုပ်လှုပ်ရှားရှားလည်း ဖြစ်ရသည်။ အမည်တပ်၍ မရသော ခံစားမှုတစ်မျိုးဖြင့် ကြည်နူးသလိုလို ဖြစ်ရသည်။ ဩော် .. ကန္တာရကလေးငယ်များပါ ကလား။ သူတို့ကလေးတွေကို အကာအကွယ်ပေးရမည်။ မေတ္တာထားရမည်။ မေတ္တာတရားနှင့် တရားမျှတခြင်းတို့၏ အဓိပ္ပာယ်ကို သင်ကြားပေးရမည်။

ပြီးတော့ ..

နောက် တစ်နှစ်အကြာတွင် ကံကြမ္မာက တွမ်လင်ဆန်အား သည်ဒေသသို့ ဒုတိယအကြိမ် ပို့လိုက်ပြန်သည်။ (စင်စစ်အသင်းတော်က ငယ်ရွယ်နုပျိုသည့် သာသနာပြုများကို သည်ဒေသနှင့်အံဝင်သည်ဟု ယုံကြည်ကြခြင်းကြောင့် ဖြစ်၏။)

သည်တစ်ခေါက်တော့ သူ့အတွဲမှာ စကားပြန်မဟုတ်ဘဲ အင်္ဂလိပ်လူမျိုးတစ်ယောက် ဖြစ်သည်။ သို့သော် သူတွဲချင်၍တွဲလာရသူတော့ မဟုတ်။ တောင်ပိုင်းအာရေဗျ စစ်တပ်မှ ဗိုလ်မှူးဂရန့်မှာ သူနှင့်အမြင်ချင်း မတူလှ။ ပိန်ပိန်ရှည်ရှည်နှင့် အလွန်စကားနည်းသူဖြစ်သည်။ မျက်လုံးများက ခံစားမှုနည်းလွန်းဟန်ရှိပြီး သဲကန္တာရရောင်ပေါက်နေ၏။

စကားနည်းနည်းပြောသလောက် အရက်ကိုမူ အလွန်အကျွံသောက်သည်။ သို့သော် အာရပ်လူမျိုးများကို အုပ်ချုပ်ရာတွင် အလွန်ပါးနပ်လိမ္မာသူတစ်ယောက်အဖြစ် နာမည်ကြီးသူဖြစ်၏။





မော်တော်ကားနှင့် အထမ်းသမားများကို စခန်း၌ထားခဲ့ပြီး ဒစ်ကန်ရွာထဲသို့ သူတို့နှစ်ယောက်လျှောက်လာခဲ့ကြ၏။ သူက ဗိုလ်မှူးဂရန့်ဘက်သို့ လှည့်ပြီး ..

"အရင်တစ်ခေါက်တုန်းက ဒီရွာကို ကျွန်တော် ရောက်ဖူးတယ် ဗိုလ်မှူး။ နေဝင်ချိန်သဲကန္တာရထဲမှာ အာရပ်လူငယ် လုံမငယ်တွေ ကနေကြတဲ့ မြင်ကွင်းကို ခုထိ မြင်ယောင်နေသေးတယ်။ တယ်ကြည့်လို့ ကောင်းတာပဲ။ အဲဒီအထဲက ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ကို ကျွန်တော် သိပ်သဘောကျသွားတယ်။ အဲဒီ ကပွဲရဲ့ အဓိပ္ပာယ်ကို စကားပြန်က ပြောပြတော့မှ ကောင်းကင်ဘုံမှာ မြွေတစ်ကောင်ကိုတွေ့လိုက်ရသလို ကျွန်တော် လန့်သွားမိတယ်ဗျ"

"သူတို့အကတိုင်းမှာ အဓိပ္ပာယ်ရှိတယ် ဆရာ။ ဘယ်လို အကမျိုးကို ဆရာကြည့်ခဲ့တာလဲ။ 'သတို့သမီး ပွဲထုတ်' အကလား"

"မဟုတ်ဘူး ဗိုလ်မှူး၊ 'ခဲပစ်တရားစီရင်ခန်းအက' တဲ့။ ကွက်လပ်ထဲမှာ ကျောက်ခဲတွေ စုပုံထားတယ်။ အဲဒါကို လူတစ်ယောက်ရဲ့ ဦးခေါင်းလို့ သဘောထားပြီး ကျောက်ခဲနဲ့ အသေပိုင်းပစ်ကြတာတဲ့"

"အဲဒါ ဘာဖြစ်တုံး ဆရာ။ တရားခံကို ခဲနဲ့ပစ်ပြီးစီရင်တဲ့ အလေ့အထ အာရပ်ကမ္ဘာမှာ ရှိခဲ့တာ ကြာပြီပဲ။ သူတို့ပစ်တဲ့ ကျောက်ခဲတွေရဲ့ အသက်လောက်တောင် ရှိရော့မယ်"

"အို ..ဘယ်လောက်ကြာကြာ အဓိပ္ပာယ်မရှိပါဘူး ဗိုလ်မှူး။ ကျွန်တော်တွေ့ဖူးသမျှထဲမှာ အယုတ်မာ အရိုင်းစိုင်းဆုံးပဲ။ အင်္ဂလိပ်အာဏာပိုင်တွေက ဒီစနစ်ကို ဘာလို့ လက်ပိုက်ကြည့်နေတာလဲ။ ဖျက်သိမ်းပစ်ရမှာပေါ့"

"မလုပ်ရဲလို့ပေါ့ ဆရာရဲ့။ ဒီဘက်မှာ အစိုးရအာဏာသက်ရောက်မှု သိပ်ရှိတာမဟုတ်ဘူးလေ။ နောက်တစ်ခုက သူ့ဓလေ့နဲ့သူ ဟုတ်နေတာပဲ။ ဦးခေါင်းခွံထုလို့ တော်ရုံတန်ရုံခဲချက်နဲ့ ခေါင်းကွဲမသေတဲ့ လူကို အလ္လာအရှင်မြတ်က မပြစ်မရှိဘူးဆိုပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ်လေ။ ဒီလိုဆိုတော့လည်း သူ့တို့ဟာက ဟုတ်နေပြန်ရောလေ ဆရာ"

"ဗိုလ်မှူးက ဒီလောက်ရိုင်းစိုင်းယုတ်မာတဲ့ ဓလေ့ကို ထောက်ခံတယ်ပေါ့၊ ဟုတ်လား"

တွမ်လင်ဆန်က အေးစက်စက်လေသံဖြင့် မေးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သူတို့လုပ်တာ လက်တွေ့ကျတယ်လေ၊ သူတို့ အယူအဆနဲ့ သူတို့ကိုး။ သစ်သားအား ကြိုးစင်တိုင်ဖြစ်ရမှာ ကြောက်တယ်တဲ့။


www.burmeseclassic.com

www.burmeseclassic.com



လက်နက်ခဲယမ်း မီးကျောက်ဟာ စိန်၊ ရွှေ၊ ရတနာလိုပဲ တန်ဖိုးရှိသတဲ့၊ ကျောက်တုံးသာ တရားခံကိုဖော်ဖို့ အထိရောက်ဆုံးလက်နက်ပစ္စည်းတဲ့။ ဘာတတ်နိုင်မှာလဲ၊ ဒါက သူတို့ အရိုးထဲထိ စွဲနေတဲ့ ယုံကြည်မှုတွေ"

"အို .. ဒီလိုအပြစ်ပေးတဲ့ ပုံသဏ္ဌာန်အားလုံးကို ကျွန်တော်ဆန့်ကျင်တယ် ဗိုလ်မှူး"

"သဲကန္တာရ အာရပ်တွေက အကျဉ်းထောင်တွေကို သေဒဏ်ထက် ရက်စက်တယ်လို့ထင်တာ ဆရာ၊ ဒါကြောင့် သူတို့ရဲ့ လူမျိုးစု ဓလေ့ထုံးဟမ်းကိစ္စတွေမှာ ကျွန်တော်ဘယ်တော့မှ ဝင်မစွက်ဘူး"

အင်း .. ဗြိတိသျှ အစိုးရအရာရှိတစ်ဦးရဲ့ ခပ်ပေါ့ပေါ့အမြင်ပဲဟု သင်းအုပ်ဆရာ ထင်လိုက်၏။ ဟုတ်မှာပေါ့လေ။ ဗိုလ်မှူးတစ်ယောက်အနေနဲ့ ဌာနေစစ်သား စုဆောင်းရေးကိစ္စကလည်း ရှိနေသေးတော့ နယ်ခံတွေနဲ့ ဘယ်ပြဿနာအဖြစ် ခံမလဲ။ ထုံးစံအတိုင်းပါပဲ။ အမှန်တရားက အဓိကမကျဘဲ ရိုးရာဓလေ့က အရေးကြီးနေတဲ့ သဘောပေါ့။

ညနေပိုင်းတွင် ရွာထဲသို့တစ်ယောက်တည်း လမ်းလျှောက်ထွက်လာခဲ့သည်။ ရှုလေခါနှင့် အလီဘတ်တို့နှစ်ယောက် သူ့ယင်ချင်းတစ်သိုက်နှင့် ကခုန်နေသည့် မြင်ကွင်းကို မြင်ရလိုမြင်ငြားဟူသည့် မျှော်လင့်ချက်ဖြင့်....

သို့သော် မျှော်လင့်ထားသည့် မြင်ကွင်းကို မတွေ့ရသဖြင့် စိတ်ပျက်သွားသည်။ အာရပ်ရွာကလေးသည် ထူးထူးခြားခြား တိတ်ဆိတ်နေ၏။ ရွာသားအချို့သည် မျက်နှာဖြူတစ်ဦးကို ခါတိုင်းလို လိုက်ကြည့်နေချိန်မရအောင် တစ်စုံတစ်ခုတွင် အာရုံစိုက်နေကြ၏။

မနေ့က သူတို့ တပျော်တပါးကခုန်ခဲ့ကြသည့် ကွက်လပ်ထဲတွင် လူတစ်စု တွင်းတူးနေကြ၏။ ဒါကို လူအုပ်ကြီးက တိတ်ဆိတ်စွာ စောင့်ကြည့်နေကြသည်။ တူးနေကြသည့် တွင်းနှစ်တွင်းမှာ တစ်တွင်းနှင့်တစ်တွင်း ပေအနည်းငယ်သာကွာသည်။

တွင်းများမှာ အာရပ်သင်္ချိုင်းများတွင် အလောင်းကောင်ကို မြေမြှုပ်သည့် တွင်းများနှင့် တစ်ပုံစံတည်းဖြစ်ကြောင်း တွမ်လင်ဆန်သတိထားမိလိုက်သည်။ ဥဒါလီအာရပ်တို့သည် အလောင်းကို မက္ကာဝတ်ကျောင်းတော်ရှိရာဘက်သို့ မျက်နှာမူ၍ မတ်တတ်မြှုပ်ကြ၏။

သိချင်စိတ်ပြင်းပြနေသော်လည်း သူမမေးရဲ။ အာရပ်တိုင်းပြည်တွင် စပ်စုခြင်းကို အလွန်ရိုင်းပျသည်ဟု ယူဆကြသည်မဟုတ်လား။

ခပ်လှမ်းလှမ်းမှ အသာစောင့်ကြည့်နေလိုက်သည်။ အင်း .. တော်





တော်ဆန်းတာပဲ။ ပလီနောက်ကရွာသင်္ချိုင်းမှာ မမြှုပ်ဘဲ ဘာလို့ရွာထဲမှာ မြှုပ်ကြမှာပါလိမ့်။

ဝင်လုလုနေရောင်ခြည်သည် သဲကန္တာရတစ်ခွင်ကို ပန်းနုရောင်ဆိုးလေပြီ။ မှောင်စပြုသည်နှင့် အာရပ်တစ်ယောက်သည် ကုလားအုပ်နှစ်ကောင်ကို ဆွဲကာ လူအုပ်ကြီးရှိရာ ကွက်လပ်ဆီသို့ လျှောက်လာသည်။

ကွက်လပ်အလယ်သို့ အရောက်တွင် ကုလားအုပ်နှစ်ကောင်ကို ဒူးထောက်စေပြီး သူတို့ကျောပေါ်မှ လေးလံလှသည့် အိတ်တစ်လုံးစီကို လူအချို့ကဆွဲချကြသည်။ ပြီးတော့ အိတ်နှစ်လုံးကို မြေပေါ်သို့ သွန်ချကြ၏။

မီးသွေးအိတ်တွေတော့ ဟုတ်ဟန်မတူ။ လူတစ်ယောက်က ကုန်းကောက်ယူပြီး သင်္ချိုင်းဆီသို့ လက်တည့်စမ်းလိုက်သည်။ လူအချို့က ဝါးခနဲဝိုင်းရယ်ကြသည်။ ဟင် .. ကျောက်ခဲတွေပါလား။ ဘုရား ..ဘုရား.. ခပ်စစ်တရားစီရင်ပွဲ လုပ်ကြတော့မှာပါလား။

စိတ်ထဲတွင် ဆောက်တည်ရာမရ ဖြစ်လာပြီး စခန်းချထားသည့်တဲရှိရာသို့ ပြန်လာခဲ့သည်။ တစ်တဲတည်းနေ ဗိုလ်မှူးဂရန့်က ဝီစကီကလေးတမြမြနှင့် ဆေးတံခဲလျက် သူနှင့်အတူ ဧည့်သည်တစ်ယောက်လည်း ရှိနေ၏။ ဧည့်သည်မှာ ဒစ်ကန့်ရွာသူကြီး အဒူခမ်းဖြစ်သည်။ မုတ်ဆိတ်ရှည်နှင့် အလွန်တုတ်ခိုင်သည့် အာရပ်ကြီး။ မျက်လုံးအစုံက အရောင်တဖျပ်ဖျပ်တောက်လို့။ ခါးတွင် ကနုတ်ပန်းနွယ်ဖောင်းကြွ အရိုးဖြင့် ခါးကောက်ကြီးကတွဲလဲ။

အလျင်တစ်ခေါက်က သင်းအုပ်ဆရာတွမ်လင်ဆန်သည် ရွာသူကြီးနှင့် စကားပြောဖူးသည်။ သိပ်သဘော မတွေ့လှ။ လောကွတ်များလွန်းပြီး ပြုံးချိုလွန်းသည်။ အင်္ဂလိပ်စကားကို ကပေါက်တိကပေါက်ချာပြောပြီး အင်္ဂလိပ်စီးကရက်ကို အလွန်ကြိုက်သူဖြစ်၏။

ခုလည်း ပါးစပ်တွင် စီးကရက် ခဲလျက်။ သူသောက်နေသည့် မတ်ခွက်ထဲကအရည်တွေကတော့ ... လက်ဖက်ရည်မှ ဟုတ်ရဲ့လားမသိ။

သင်းအုပ်ဆရာကိုမြင်တော့ ရွာသူကြီးက မတ်တတ်ထပြီး ကန္တာရအာရပ်တို့၏ ထုံးစံအတိုင်း အလွန်အကျူး ယဉ်ကျေးပြကာ ခါးကို အရမ်းညွတ်လျက် နေရာဖယ်ပေးသည်။

တွမ်လင်ဆန်က ကုလားထိုင်တွင် ဝင်မထိုင်ဘဲ ဗိုလ်မှူးဂရန့်ကို လှမ်းပြီးအရေးဆိုသည်။ သူ့မျက်နှာမှာ မှန်အိမ်အလင်းရောင်တွင် ဖြူပြီ ဖြူရော် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ခဲပစ်တရား စီရင်ခန်း တစ်ခုလုပ်တော့မယ် ဗိုလ်မှူး၊ အဲဒါ ခင်ဗျား တားပေးပါ"

တဲထဲတွင် ခဏငယ်မျှ တိတ်ဆိတ်သွား၏။ အာရပ်ကြီးမျက်နှာပေါ်မှ အပြုံးရိပ်တွေ ချက်ချင်း ပျောက်ကွယ်သွား၏။ ဗိုလ်မှူးဂရန့်၏ မျက်နှာမှာမူ ခါတိုင်းလိုပင် အဓိပ္ပာယ်ကောက်ရခက်ခဲလျက်...

"ကျွန်တော် ဘာမှ မလုပ်နိုင်ပါဘူး ဆရာ။ ဟောဒီ ကျွန်တော့် မိတ်ဆွေ ဒစ်ကန်ရွာသူကြီးဆီက ကျွန်တော်သိရသလောက် ပြစ်မှုက သိပ် ထင်ရှားနေတယ်လေ၊ အလ္လာအရှင်မြတ်ရဲ့ အလိုတော်အတိုင်းဖြစ်ရတော့မှာပဲ"

"မဟုတ်ဘူး .. ဒါဟာ မိစ္ဆာဒိဋ္ဌိအယူဝါဒ သက်သက်ပဲ၊ ဒါလောက် သွေးအေးအေးနဲ့ ရက်စက်တဲ့လူသတ်မှုကို ခင်ဗျားက ဘုရားသခင်အလိုတော် အရလို့ ဖွတ်ပြောနေတာလား ဗိုလ်မှူး"

ဗိုလ်မှူးက သင်းအုပ်ဆရာကို စိုက်ကြည့်နေသည်။ သူ့အမူအရာတွေက သဲကန္တာရလိုပင် ဘာမှလှုပ်ရှားမှုမရှိ။ ပြောင်းလဲမှု မရှိ။ ဤတွင်မှ အာရပ် ရွာသူကြီးကဝင်ပြီး မရွံ့မရဲလေသံဖြင့် –

"ဒီလိုရှိပါတယ် ဆရာ။ ဒီနှစ်ယောက်ဟာ ကျွန်တော်တို့ ရိုးရာ ဓလေ့ကို ပြောင်ပြောင်တင်းတင်း စော်ကားကြပါတယ်။ မိန်းကလေးကို သူ့ အဖေက မြို့က ကုန်သည်ကြီးတစ်ဦးရဲ့သားနဲ့ ပေးစားဖို့ သဘောတူထားပြီး သားပါ။ ကောင်မလေးက သိပ်ဆိုးတယ်ဆရာရဲ့။ အဖေစကား နားမထောင် ဘူး၊ အဖေလုပ်တဲ့သူက တံခါးပိတ်ပြီး လှောင်ထားလည်း အလျှော့မပေးဘူး။ အစာငတ်ခံပြီး ဆန္ဒပြတယ်လေ။ အဲဒီမှာ တစ်ရွာတည်းသား သူ့ရည်းစားက ခိုးပြေးတယ်။ သူတို့ပြေးတဲ့ ကုလားအုတ်ထက်မြန်တဲ့ ကုလားအုတ်တွေနဲ့ ရွာသားတွေက ဝိုင်းလိုက်တော့မိတာပေါ့။ ဂူထဲမှာဝင်ပုန်းပြီး ကျားသစ်နှစ်ကောင် လို ပြန်ခုခံတယ်လေ။ ရွာသားနှစ်ယောက် ဓားထိုးခံလိုက်ရတယ် ဆရာ။ ဒါထက်ဆိုးတဲ့ ရာဇဝတ်မှု ဘယ်မှာရှိပါတော့မလဲ ဆရာ"

သင်းအုပ်ဆရာ ပါးစပ်အဟောင်းသား ဖြစ်နေသည်။ ခေါင်းထဲတွင် ရုတ်ခြည်း အလင်းတန်းတစ်ခု ဖြတ်သန်းသွားသလို ခံစားလိုက်ရ၏။ အထိတ် တလန့်အမူအရာဖြင့် ..

"သူတို့နှစ်ယောက် နာမည်တွေက ဘယ်သူတွေလဲ"

"လက်သမားဆရာ အိုမာရဲ့သမီး ဇူလေခါနဲ့ အလီဘာတ်ဆိုတဲ့ ကောင် လေးပါ။ ဘာပြုလို့လဲ ဆရာ"

"ကျုပ် သူတို့နှစ်ယောက်ကို သိတယ်။ မနှစ်က ကျုပ်ဒီရောက်တုန်း





က .. သူတို့ နှစ်ယောက်ဟာ .. နေပါဦး၊ သူတို့ ဘာပြစ်မှုကျူးလွန်လဲ၊ အင်္ဂလန်မှာ ဆိုရင်.."

ဗိုလ်မှူးက အေးစက်စက်လေသံဖြင့် ..

"ဒါ အင်္ဂလန်မဟုတ်ဘူး ဆရာ၊ ကျွန်တော် ဆရာ့ကို တောင်းပန်ပါ ရစေ။ ဒီကိစ္စမှာ လုံးဝဝင်မစွက်ပါနဲ့၊ ပြဿနာတွေ ပိုရှုပ်ပြီး လူမျိုးရေး အဓိကရုဏ်းအထိ ဖြစ်လာနိုင်တယ်"

သင်းအုပ်ဆရာ သက်ပြင်းချရပြန်သည်။ ဗိုလ်မှူးဂရန့်ဟာ အာရပ် တွေကို အုပ်ချုပ်တဲ့နေရာမှာ ပုံစံကျ အင်္ဂလိပ်စစ်ဗိုလ် တစ်ယောက်ပါကလား။ ဒီဗိုလ်မှူး၏ အကူအညီမပါဘဲ မိမိအနေဖြင့် ဘာမှလုပ်လို့မရနိုင်ကြောင်း ဘွမ်လင်ဆန် သဘောပေါက်လိုက်၏။ သို့သော် မိမိက သာသနာပြုဝန်ထမ်း။ တစ်စုံတစ်ခုတော့ လုပ်ရမည်။ ရွာသူကြီးဘက်သို့ လှည့်ပြီး ..

"ကျုပ် ဒီကလေးနှစ်ယောက်ကို မသေခင်တွေ့ချင်တယ်။ ကျုပ် သူတို့အတွက် ဘုရားသခင်ထံမှာ ဆုတောင်းပေးရဦးမယ်"

ရွာသူကြီး ခဏတွေသွားသည်။ ပြီးမှ ..

"ရပါတယ်လေ။ ကျွန်တော်တို့ဘာသာဝင် မဟုတ်သည့်တိုင်အောင် ဆုတောင်းခြင်းဟာ ဆုတောင်းသူရဲ့ အသည်းနှလုံးထဲကလာရင် ကောင်းမြတ် ခြင်းကို ဖြစ်စေပါတယ်။ လာ .. ဆရာ ကျွန်တော်နဲ့လိုက်ခဲ့ပါ"

ဒစ်ကန်ရွာကလေးသည် အမင်္ဂလာနှင့် တိတ်ဆိတ်ငြိမ်သက်နေ၏။ ညှက်ကလေးများနှင့် ပုရစ်အော်သံမှအပ ဘာသံမျှမကြားရ။

တရားခံနှစ်ယောက်ကို တဲတစ်လုံးထဲတွင် ချုပ်နှောင်ထားသည်။ လက်နက်ကိုင်အစောင့် နှစ်ယောက်ချထား၏။ တဲတံခါးဖွင့်ပေးတော့ မှန်အိမ် မီးရောင်အောက်တွင် ခွေခွေကလေးအိပ်ပျော်နေသော ဇူလေခါကို မြင်ရသည်။ ဦးခေါင်းကို ချစ်သူ၏ ရင်ခွင်ထဲတွင် မြှုပ်နှံလျက်။

ဖိနပ်မပါသည့် ခြေယောက်ကလေးမှာ သွေးသံတို့ဖြင့် ခြောက်ကပ် နေသည်းပေနေ၏။ အလီဘာတ်က နိုးနေသည်။ သူတို့ကို မျက်လုံးရွဲကြီးများဖြင့် မျှော်လင့်ချက်ကင်းစွာစိုက်ကြည့်နေ၏။ လှောင်အိမ်တွင် အမိခံရသည့် သမင် တစ်ကောင်အလား။

သင်းအုပ်ဆရာ စကားပြောဖို့ ကြိုးစားနေသည်။ သို့သော် လည် ချောင်းထဲတွင် စကားလုံးများ တစ်ဆို့နေသဖြင့် ဘာသံမှထွက်မလာ။ အလီဘာတ် ၏ မျက်လုံးများနှင့် ဆက်ပြီး ရင်မဆိုင်နိုင်တော့သဖြင့် ဒူးထောက်ထိုင်ချ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကောက်ရိုးကြမ်းပြင်ပေါ်တွင် ရေတကောင်းတစ်ခုချထား၏။ ရေတကောင်းကိုငုံ့ပြီး လက်ကိုင်ပဝါကို ရေဆွတ်ကာ ဇူလေခါ၏ ခြေထောက်မှ ဒဏ်ရာများကို အသာအယာပွတ်သပ် သန့်ရှင်းပေးသည်။

တစ်ခါတုန်းက အလွန်လှပစွာ ပြေးလွှားကခုန်ခဲ့သည့် ခြေထောက်ကလေးတွေ။ မကြာခင် မြေကြီးထဲသို့ နက်ရှိုင်းစွာ အမြှုပ်ခံရတော့မည်။ သည်ဦးခေါင်းလှလှကလေးကို ခွေးရူးတစ်ကောင်လို သူတို့ ကျောက်တုံးကျောက်ခဲများဖြင့် ပစ်ခတ်ကြတော့မည်။

ပန်းပေါ်ကို လက်တစ်ဘက်လာတင်ကြောင်း သင်းအုပ်ဆရာ သတိထားလိုက်မိ၏။ ပြီးတော့ ဗိုလ်မှူးဂရန့်၏ တီးတိုးပြောသံကို ကြားလိုက်သည်။

"ကံစီမံရာပေါ့ ဆရာရယ်"

အခန်းထဲမှ ထွက်လာသည့်တိုင်အောင် အလီဘတ်၏ မျက်လုံးတွေက သူ့နောက်သို့ လိုက်နေသည်ဟု သင်းအုပ်ဆရာ ခံစားနေရ၏။

ညသည်ကြယ်ရောင်ဖြင့် ဖျော့ဖျော့လင်းနေ၏။ တဲထဲသို့ ဘယ်လိုဘယ်လို ပြန်ရောက်လာမှန်း မသိလိုက်၊ ဗိုလ်မှူးဂရန့်၊ ရွာလူကြီးတွေနှင့် ဝကားပြောကျန်ရစ်သည်။ တဲထဲတွင် တစ်ယောက်တည်း။ သူ ပါမလာသည်ကိုပင် ကြိတ်ကျေးဇူးတင်လိုက်မိသေးသည်။

သူ ကလေးနှစ်ယောက်အတွက် ဆုတောင်းပေးရဦးမည်။ ဆုတောင်းနေရင်း ကြောက်မက်ဖွယ် မြင်ကွင်းများကို မြင်ယောင်နေသဖြင့် အတင်းမောင်းထုတ်နေရ၏။ မြေပေါ်အုန်းသီးနှစ်လုံးလို ထင်းထင်းကြီးရှိနေသည့် ဦးခေါင်းနှစ်လုံးကို ကျောက်ခဲတွေက ...

သွေးတွေ ဖြာခနဲ၊ ဖြာခနဲ။ သွားတွေ အချောင်းလိုက်၊ အချောင်းလိုက်။

ဒါပေမယ့် ချစ်သူနှစ်ယောက်ရဲ့ နှုတ်ခမ်းအစုံဟာ ပြုံးနေလိမ့်မည်။ နောက်ဆုံး ထွက်သက်ရှူသည်အထိ အကြင်နာမျက်လုံးများက တစ်ဦးကိုတစ်ဦးကြည့်ကာ ကြည်နူးနေကြလိမ့်မည်။

သင်းအုပ်ဆရာသည် ဆုတောင်းခြင်း၌ အာရုံမတည်ဘဲ ပြင်းထန်သည့် စိတ်လှုပ်ရှားမှုကို ဆောက်တည်ရာမရ ခံစားနေရ၏။ ဗိုလ်မှူး၏ ဝီစကီပုလင်းက စားပွဲပေါ်တွင် သူထားခဲ့သည့်အတိုင်း ရှိနေဆဲ။

မတ်ခွက်ထဲကို အတိုင်းအဆမရှိ လောင်းထည့်ပြီး မော့ချလိုက်သည်။ ထိုစဉ် တဲတွင်းမှ အမှောင်ထုပါးလျလာ၏။

"အင်း .. မိုးလင်းတော့မှာပါလား" အိပ်ရာပေါ်တွင် ငုတ်တုတ်ထိုင်ပြီး နံနက်ခင်းကို နားစွင့်နေလိုက်သည်။ ဒစ်ကန်ရွာကလေး အိပ်ရာမှ နိုးလေပြီ။

ရွာဘက်ဆီမှ အသံဗလံတွေ ကြားရစပြုလာ၏။

ကွက်လပ်ထဲတွင် လူတွေစုဝေးကြမည်။ နေထွက်ချိန်တွင် တရားစီရင်ကြကြောင်း သူကြားဖူးပြီးသား။

ဝီစကီ ထပ်မော့သည်။ ခုမှ အနိဋ္ဌာရုံမြင်ကွင်းများကို အသိအာရုံထဲမှာ ဖယ်ရှားနိုင်တော့၏။ သည်တော့မှပင် ဆုတောင်းခြင်းအမှုကို ပြုနိုင်တော့သည်။

"အို .. အဖဘုရားသခင်၊ မရှုရက် မမြင်ရက်စရာ သည်အဖြစ်ဆိုးမှ အကာအကွယ်ပေးတော်မူပါ။ တန်ခိုးပြာဋိဟာဖြင့် ကယ်မတော်မူပါ။ သနားတော်မူပါ.."

အချိန်သည် အရွေ့အလျားမရှိ ရပ်တန့်နေဘိသို့ရှိ၏။ မည်မျှကြာအောင် ဆုတောင်းနေမိသည်ကို မသိ။ ကွက်လပ်ဆီက အော်ဟစ်သံတွေကြားမှ သတိဝင်လာပြီး တဲပြင်သို့ ကမန်းကတန်း ထွက်ကြည့်သည်။

ကွက်လပ်ဆီမှ လူအုပ်ကြီးကို တစ်ပိုင်းတစ်စ လှမ်းမြင်နေရ၏။ ခရစ်ကတ်ပွဲကြည့်သလို တန်းစီပြီးကြည့်နေကြခြင်းဖြစ်သည်။ သူတို့ဦးခေါင်းပေါ်မှ ကျော်၍ အရပ်မြင့်မြင့်အာရပ်တစ်ယောက် လက်လွှဲ၍ ပစ်လိုက်သည်ကို ရိပ်ခနဲမြင်လိုက်ရ၏။ အော်ဟစ်အားပေးသံတွေ ဆူညံသွားသည်။ ခဲပစ်တရားစီရင်ခန်း စလေပြီ။

အို ... ဘုရား ဘုရား။ ငါ့ ဆုတောင်းသံကို ဘုရားသခင် ကြားတော် မမူပြီလော။ တဲထဲသို့ပြန်ဝင်ပြီး အိပ်ရာပေါ်သို့ မျက်နှာမှောက်ချလိုက်သည်။ ဇူလေခါ၏ သနားစရာခြေထောက်ညိုညိုကလေးကို မျက်စိထဲက မထွက်နိုင်အောင်ဖြစ်နေ၏။ ခုလောက်ဆို သဲချိုင်းတွင်းမြေထဲမှာ အရှင်လတ်လတ် အမြှုပ်ခံနေရပြီပေါ့။

တစ်ယောက်တစ်လှည့် ပစ်နေကြသည်မို့ အော်ဟစ်အားပေးသံတွေ မှန်မှန်ထွက်နေ၏။ နားနှစ်ဖက်ကို တအားပိတ်ထားလိုက်သည်။ သို့သော် ကြားမြဲ ကြားနေရ၏။ အော်သံတွေ ဆူဆူညံညံဝင်သွားသော ကျောက်တုံးများကို မြင်ယောင်လျက်။

အော်သံတွေ၊ အော်သံတွေ။ တစ်ခါပြီး တစ်ခါ..။ နောက်ဆုံးတွင်မှ တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

ရှိသမျှအားအင်တွေ ကုန်ခန်းသွားသလို အရုပ်ကြိုးပြတ် လှဲချလိုက်သည်။

တဲထဲသို့တစ်စုံတစ်ယောက် ဝင်လာသံကြား၍ ဆတ်ခနဲခေါင်းထောင်





ရန်အောင်စာပေ (၂)

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ ဗိုလ်မှူးဂရန့်၏ ယီမင်အာရပ်လူမည်းတပ်ကြပ်ကြီးဖြစ်၏။ မတ်ခွက်ကိုင် ဝင်လာပြီး...

"လက်ဖက်ရည်ပါ ဆရာ။ ဗိုလ်မှူးက ခရီးဆက်ဖို့အသင့်လုပ်ထားပါတဲ့ ဆရာ"

တွမ်လင်ဆန်အိပ်ရာပေါ်မှ ထထိုင်သည်။ လက်ဖက်ရည် တစ်ကျိုက်မော့ရင်းစကားစလိုက်၏။

"ပြီးသွားပြီလား"

"ဘာလဲ ဆရာ၊ လက်ဖက်ရည်လား"

"ဘယ်ကလာ၊ ဟိုက ခုံပစ်တရားစီရင်ခန်းကို ပြောတာကွ"

"ဟုတ်ကဲ့ ဆရာ၊ ပြီးပါပြီ။ ဟောဒီ အာရပ်တွေက သိပ်လူပါးဝတာ ဆရာ။ ဗိုလ်မှူးကလည်း .. ဗိုလ်မှူးပဲ။ ဗိုလ်မှူးဟာ တကယ်ဆိုရင် ကျွန်တော့် အဖေ ဆိုလည်းဟုတ်၊ အမေဆိုလည်းဟုတ်တာပါပဲ ဆရာ။ ဒါပေမယ့် တစ်ခါတလေ ကလေးတစ်ယောက်လိုပဲ။ ကျွန်တော့်ကို စောစောတိုင်ပင်ရင် ဒီလိုဘယ်ဖြစ်မလဲ"

"တရားစီရင်ခန်းအကြောင်းကို ပြောစမ်းပါကွ"

သင်းအုပ်ဆရာက စိတ်မရှည်ဘဲ အော်ပြောလိုက်သည်။ တပ်ကြပ်ကြီးက စိတ်ချဉ်ပေါက်နေသည့် လေသံဖြင့် ...

"တစ်ယောက်မှ မထိကြဘူးလေ။ သွေးတစ်စက်တောင် မထွက်ဘူး။ ဘယ်ကြည့်ကောင်းမလဲဆရာ။ ဗိုလ်မှူးညံ့လို့ပါလေ။ ကျွန်တော့်ကို ကြိုတိုင်ပင်ရင် ဒီလိုဘယ်ဖြစ်ပါ့မလဲ။ သူက သဘောကောင်းပြီး ထိအောင်ပစ်နိုင်တဲ့ လူတိုင်း တစ်ချက်ကို တစ်ကျပ်ဆုချမယ်လို့ ပြောတယ်။ ဒီအထိ မဆိုးသေးဘူး ဆရာ။ ကျွန်တော့် ဗိုလ်မှူးက ထိအောင်မပစ်နိုင်တဲ့သူတွေကိုလည်း နှစ်သိမ့်ဆုအဖြစ် ကျည်ဆန်တစ်တောင့်စီပေးမယ်လို့ ကြေညာလိုက်သေးတယ်။ ကျည်ဆန်တစ်တောင့် နှစ်ကျပ်ရတယ်ဆိုတာ ဗိုလ်မှူးမသိဘူးလေ။ အဲဒီမှာ ပစ်တဲ့လူတိုင်းဟာ အလ္လာအရှင်မြတ်ရဲ့ အလိုကြောင့် လွဲရတာဆိုပြီး လွဲပစ်ကြတယ်ပေါ့။ ခုလောက်ဆို ရှုလေခါနဲ့ အလီတို့နှစ်ယောက် တရားဝင်လက်ထပ်ခွင့်ရပြီ။ ဆရာ ... ဘာပြုလို့လဲဟင် ... နေမကောင်းဘူးလား"

သင်းအုပ်ဆရာ တွမ်လင်ဆန်သည် ကတုန်ကယင် ဖြစ်သွားသည်။ ရှုလေခါတစ်ယောက် ရယ်ကာမောကာ ဝဲပျံကခုန်နေသည်ကို မြင်ရဦးမည်ပေါ့။

အင်း... ဗိုလ်မှူး .. ဗိုလ်မှူး။ စကားနည်းသလောက် အာရပ်တို့၏





အထာကို ကျွမ်းပါပေ၏။ သူတို့ အားလုံး၏ စိတ်ကျေနပ်မှုကို အရယူပြီး ချစ်သူနှစ်ဦး၏ အသက်ကို ကယ်လိုက်ခြင်းပါတကား။

သင်းအုပ်ဆရာ၏ ရင်ထဲတွင်ကြည်နူးမှုတို့ဖြင့် ဆွတ်ပျံ့လှုပ်ခါ၍ နေလေသည်။

*Judgement on Lovers by Garnett Radcliffe*

၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ၊ မဟေသီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## လဝန်းနီနီ

လှပသည့် နွေဦးပေါက်ရာသီ တစ်ညနေခင်းတွင် ကျွန်တော်တို့တစ်တွေ ဆရာမကို ကြိုဆိုရန် ပင်လယ်ကမ်းခြေသို့ ထွက်ခဲ့ကြပါသည်။

ရွာအရောက်ပတ်သွားသည့် ပင်လယ်ကွေ့ကြီးမှာ ရေတိမ်သဖြင့် သင်္ဘောက ကမ်းခြေအရောက် လာမကပ်နိုင်ပါ။ ဆရာမကို လှေဖြင့်သွားခေါ်ရမည် ဖြစ်ပါသည်။ အငှားစွန်းတစ်ခုအား သင်္ဘောကြီးကျော်လာသည်ကို မြင်မြင်ချင်း ဒီကာသည် သူ့လှေပေါ် ခုန်တက်ပြီး တစ်ရှိန်ထိုး လှော်ထွက်သွားသည်။ ဒီကာက သူ့လှေကလေးကို သူ့မိန်းမနာမည်ယူပြီး 'ယာနာ' ဟု မှည့်ထားသည်။

ဒီကာသည် မြို့ကြီးပြကြီးကို ရောက်ဖူးသူမဟုတ်၍ ဆရာမ အသစ်ကို မျက်မှန်အထူကြီးနှင့်၊ ဒေါက်မြင့်ဖိနပ်ကြီးနှင့် တွေ့ရလိမ့်မည်ထင်နေ၏။

သို့သော် ရိုးရိုးအင်္ကျီပါးကလေးကိုဝတ်ထားပြီး ပတ္တူဖိနပ်ကလေးကို စီးထားသည့်ဆရာမကလေးကို တွေ့ရ၏။ ပိန်ပိန်သွယ်သွယ်နှင့် ငယ်ငယ်ရွယ်ရွယ် ဖြစ်၏။ မြက်ဦးထုပ်ကြီးဆောင်းပြီး ဒီကာ့လှေပေါ်သို့လှမ်းတက်သည်။

လှေပေါ်ကို လက်နှစ်ဖက်စလုံးအားပြုပြီး တက်လိုက်သဖြင့် ဆရာမလေး၏ ရင်သားအစုံသည် ပါးလွှာသောအင်္ကျီအောက်မှ ခုန်ထွက်တော့မည့်နှယ်။

ဆရာမကလေးက နူတ်ခမ်းမွှေးရေးရေးနှင့်ဒီကာကို စိုက်ကြည့်ပြီး ..

"ရှင်က သိပ်ချောတာပဲနော်" ဟု ဟန်ဆောင်မှုမရှိ ပကတိ ရိုးစင်းစွာ ပြောလိုက်သည်။ သည်လိုပြောလိုက်မိသဖြင့် ဆရာမကလေး၏ မျက်နှာတွင်





ရှက်သွေးဖြာခြင်းလည်း မရှိ။ ကြင်နာမှု အရိပ်အယောင်ထင်ဟပ်ခြင်းလည်း မရှိပေ။

နုမျစ်ငယ်ပျို့သည့် မျက်နှာကလေးတွင် အပြစ်ကင်းဟူသ၍ မြူငွေ့မျှမထင်သလို ရှိသော်လည်း မီးခိုးရောင် မျက်လုံးရွဲကြီးများတွင် ပူဆွေးရိပ်လိုလို အစိမ်းပွာယ် ရှာဖွေခက်သည့် အငွေ့တစ်မျိုးယှက်သန်းနေသည့်နှယ်။

ဟုတ်ကဲ့။ ကျွန်တော်တို့ရွာကို ရောက်လာသည့် ဆရာမကလေးမှာ အလွန်ထူးခြားသည့် ဆရာမကလေးဖြစ်ပါ၏။

ဒီကာမှာ လူရိုးလူအေးတစ်ယောက်ဖြစ်သည်။ မိန်းကလေး တစ်ယောက်က ယောက်ျားတစ်ယောက်ကို သည်လိုပြောလိမ့်မည်ဟု သူဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ။ ကျွန်တော်တို့ရွာတွင် 'ချောတယ်၊ လှတယ်' ဟူသည့် စကားလုံးကို အမျိုးသမီးများအတွက်သာ သုံးနှုန်းလေ့ရှိပါသည်။ တစ်ခါတစ်ရံ လှေတို့၊ မြင်းတို့ ကိုလည်း 'ချောတယ်၊ လှတယ်' ဟု ပြောတတ်ကြပါသည်။

လှော်တက်ကို ရေထဲပြန်မချသေးဘဲ ဒီကာ စိတ်ဆိုးမာန်ဆိုးပြန်ပြောလိုက်၏။

"ဒီမယ် အမျိုးသမီး၊ ကျုပ်မှာ အိမ်ထောင်နဲ့ဗျ"

ဆရာမက ပခုံးကလေး မသိမသာတွန့်ပြီး..

"ရှင့်ကို ဘယ်သူက ရိုက်စစ်နေလို့လဲ" ဟု ပြန်ပက်သည်။

ဒီကာ ရှုံ့ရှုံ့ရှဲရှဲနှင့် လှေကိုသာ ဖိလှော်နေသည်။ မျက်နှာကို အခြားဘက်သို့ လွှဲထားပြီး "ဆရာမတစ်ယောက်ပို့လိုက်ပါဆိုတာ ဘယ့်နှယ့်မကောင်းဆိုးဝါး သူယောင်မယ်ကို ပို့လိုက်ကြသလဲ မသိပါဘူး" ဟု သူ့ကိုယ်သူပြောသလို ပြောနေလိုက်၏။

ဆရာမက လှေနံပေါ်တစ်ဖက်စောင်း ရေထဲသို့လက်ဝါးဖြန့်ပြီကာ ဆော့ကစားရင်း ...

"ရှင့်မိန်းမနာမည်က ယာနာတဲ့လား၊ ဟုတ်လား"

ဒီကာက လှော်တက်ကိုလေထဲတွင်ရပ်ထားပြီး ဆရာမကို တအံ့ဘသြ စိုက်ကြည့်နေသည်။ အထိတ်တလန့်လည်း ဖြစ်သွား၏။ ကျောထဲစိမ့်သွားပြီး ...

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

မျက်စိကို အသာမှေးပြီး ဆရာမ ခပ်ယဲ့ယဲ့ပြုံးသည်။ ပြီးမှ လှေနံဘေးတွင်ရေးထားသည့် အမည်ကိုစိုက်ကြည့်ရင်း ...

"ရှင်ဟာ တော်တော်တုံးတဲ့လူပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီကာ စိတ်ချဥ်ပေါက်သည်ထက် ပေါက်လာသည်။ ချိုင်းအောက်က လျှိုမပြီး ပင်လယ်ထဲပစ်လိုက်ဖို့ စိတ်ကူးလိုက်၏။ သို့သော် မဖြစ်သေး။ ကမ်းစပ်တွင် လူတွေ အများကြီး စောင့်ကြည့်နေကြသည် မဟုတ်လား။ မျက်နှာကို ဆရာမနှင့်ဝေးနိုင်သမျှ ဝေးအောင်လွှဲထားပြီး လှေကိုဆက်လှော်သည်။

"ကမ်းခြေက လူအုပ်ထဲမှာ ယာနာလည်းပါမှာ သေချာတာပေါ့၊ ဟုတ်လား"

ဆရာမ မေးလိုက်သည်။ သို့သော် ဒီကာက တစ်ခွန်းမှ ပြန်မပြော။

"ကျွန်မ သိပါတယ်၊ ဒါကြောင့် ရှင် ကျွန်မကို ရဲရဲ မကြည့်ရဲတာပေါ့။ ရှင့်လက်မောင်းအိုးကြီးတွေက နွားသိုးတစ်ကောင်ရဲ့ ပေါင်သားတွေလောက်ရှိတယ်။ ဒါပေမယ့် ရှင့်အသည်းက ယုန်ကလေးရဲ့အသည်းလောက်ပဲ။ ရှင့်မိန်းမက ရှင့်ကို ရိုက်သလားဟင်"

ဒီကာက ဆရာမကို ဆတ်ခနဲ လှမ်းကြည့်လိုက်သည်။ ပြီးတော့ ချာခနဲပြန်လှည့်ကာ အားရပါးရ အော်ရယ်ပါတော့သည်။ သူ့ရယ်သံကို ကမ်းခြေက ကျွန်တော်တို့တစ်တွေ အတိုင်းသားကြားရတော့ ဆရာမဟာ တော်တော် ရယ်စရာပြောတတ်လိမ့်မည်ဟု ထင်လိုက်ကြပါသည်။

ညတွင် ကျွန်တော်တို့ရွာမှ ဘိုးဘိုးက တောင်ဝှေးနှင့်သဲထဲဆွရင်း..

"မင်းတို့ထဲက ဘယ်သူမကောင်းဆိုးဝါးနဲ့ရကြသလဲဟေ့" ဟုလှမ်းမေးပါသည်။

"ဘယ်လို မကောင်းဆိုးဝါးလဲဗျ"

ရွာဦးဘုရားရှိခိုးကျောင်းမှ ကပ္ပိယကြီးက နားမလည်သလို ပြန်မေးတော့ ဘိုးဘိုးက...

"ဘာရယ်လို့တော့ ကျုပ်မသိဘူး၊ ဒါပေမယ့် ကြက်သွန်ဖြူနံ့ကို လှတိုင်းသိသလို မကောင်းဆိုးဝါးနံ့ကို ကျုပ်နှာခေါင်းက သိတယ်" ဟု ပြန်ပြောသည်။

"ဆရာမကို ပြောနေတာလား"

ကပ္ပိယကြီးက ဘိုးဘိုးကို ထပ်မေးလိုက်သည်။

"ဘာရယ်လို့ ကျုပ်မသိပါဘူးဆိုနေ၊ ဒါပေမယ့် မြက်တောထဲမှာ မြွေတစ်ကောင်တိုးသွားနေရင် မြွေကိုမမြင်ရဘဲ မြွေရှိမှန်းသိသလိုပေါ့၊ ကျုပ်ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေတယ်။ သိနေတယ်"

ကပ္ပိယကြီးက ပခုံးတွန့်လိုက်ပြီး စိတ်မဝင်စားသလို အမှုအရာဖြင့် ပြန်ပြောသည်။





"ခင်ဗျားကြီး ရင်ထဲမှာ လှုပ်ရှားနေတာကို ဘယ်သူမြင်ရတာ မှတ်လို့ဗျာ"

ဘိုးဘိုးကို ရွာသားတွေက ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုးကွယ်ကြပါသည်။ ဘိုးဘိုးမှာ ကျမ်းတတ်ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ပါ။ သို့သော် ဉာဏ်ပညာ အလွန်ကြီးသူ ဖြစ်ပါသည်။ ကပ္ပိယကြီးကတော့ ဘိုးဘိုးကို သိပ်သဘောမကျလှပါ။ တစ်ခေါင်းလုံးဖြူဖွေးနေသည့် အဘိုးအိုကို တစ်ရွာလုံးလိုလိုက ဘိုးဘိုးဟု တလေးတစားခေါ်ကြ၏။ ဘိုးဘိုးသည် ကောင်းကင်၊ ပင်လယ်နှင့် တောတောင်ရေမြေများကို ချစ်မြတ်နိုးသူဖြစ်ပါ၏။ သဘာဝ၏ လျှို့ဝှက်ချက်များ အကြောင်းကိုလည်း နှောကြေနေအောင် သိသူဖြစ်ပါသည်။ ကြယ်ကြွေသည့်အခါ ဖြစ်ပေါ်ကျန်ရစ်သည့် အပြာရောင်အလင်းတန်းများ၏ ဒဏ္ဍာရီကို ရှည်လျားစွာ ပြောတတ်ပါသည်။

ထို့ပြင် ရေနက်သမုဒ္ဒရာထဲမှ ရေသူမများအကြောင်း၊ တောနက်ထဲမှ သစ်ပင်များအကြောင်းကိုလည်း တဖွဲ့တနွဲ့ပြောပြတတ်ပါသည်။

လူတွေ၏ မျက်လုံးကိုကြည့်ပြီး အင်္ဂဝိဇ္ဇာပညာဖြင့်ဟောပြောရာတွင်လည်း နာမည်ကြီးသူဖြစ်ပါ၏။ ဘိုးဘိုးအသက်ရှင်နေသမျှ ရွာအကြီးအကဲအဖြစ် ကျွန်တော်တို့ ကိုးကွယ်သွားကြဖို့ ဆုံးဖြတ်ထားကြပါသည်။

စကားကို နောက်ဆုံးမှပြောလေ့ရှိသည့် ဘိုးဘိုးသည် ဆရာမလေးကို ရှေ့ဆုံးမှသွားကြိုပြီး လက်တွဲကာ "ဘိုးဘိုးတို့ရွာက ကြိုဆိုပါတယ်ဆရာမ" ဟု ပဋိသန္ဓာရ ပြုပါသည်။

ဆရာမက ကျွန်တော်တို့အားလုံးကိုကြည့်ပြီး ရွှင်လန်းအားတက်သည့် လေသံဖြင့် ...

"ရှင်တို့အားလုံးဟာ သိပ်ယောကျ်ားပီသကြတာပဲ" ဟု ဆိုပြီး ဒီကာကို လက်ညှိုးထိုးပြကာ ...

"ဟော ဒီတစ်ယောက်ကတော့ တကယ့်ကို သူရဲဘောကြောင်တာပဲ"

ဒီကာက ဒေါသအမျက်ချောင်းချောင်းထွက်နေသည့် လေသံဖြင့် ..

"ဘိုးဘိုးခင်ဗျား... ကျွန်တော်"

ဘိုးဘိုးက လက်ကာပြပြီး သူ့ကို တားလိုက်သည်။

"လာ .. မမောင်ခင်ရွာရောက်အောင် သွားကြစို့"

ကျွန်တော်တို့ ရွာဆီကိုပြန်ကြဖို့ ပြင်ကြစဉ် ဒီကာက ကျောက်ဆောင်တစ်ခုပေါ်တွင်ထိုင်ပြီး...

"ကဲ .. သွားနှင့်ကြပါ၊ ဒါပေမယ့် ကျွန်တော် ရွာကို မမောင်ခင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်မယ်၊ သေမင်းတမန် တောင်ကြားလမ်းက ကျွန်တော်ပြန်ခဲ့မယ်လေ၊ ကဲ.. ဘယ်သူ ကျွန်တော်နဲ့ လိုက်မလဲ"

ကပ္ပိယကြီးက ပခုံးတွန့်ပြီး ...

"ဟော့.. ဒီကာ၊ မင်းရူးနေသလား"

ဘိုးဘိုးကမူ တည်ငြိမ်စွာဖြင့် ...

"မိုးကုန်ခါစပဲရှိသေးတယ် ဒီကာ"

"မိုးကုန်ခါစရော ဘာဖြစ်သေးလဲ ဘိုးဘိုး"

"ကျောက်ဆောင်ပေါ်မှာ ရေညှိတွေမခြောက်သေးဘူး လူလေး"

"တောင်ကြားလမ်းက ဖြတ်လမ်းလားဟင်"

ဆရာမကလေးက ဝင်မေးသည်။

"ဟုတ်တယ် ဆရာမ။ ရွာကိုလမ်းရိုးအတိုင်းသွားရင် တစ်နာရီခွဲလျှောက်ရတယ်၊ သေမင်းတမန် တောင်ကြားလမ်းကသွားရင် သုံးမိနစ်ပဲကြာတယ်"

"ဒါဖြင့် ကျွန်မ သူနဲ့ လိုက်မယ်"

ကပ္ပိယကြီးက ကျိုးတို့ကျဲတဲသွားတွေ ပေါ်သည်အထိ ပါးစပ်ကိုဖြဲပြီး အော်ရယ်သည်။

ဘိုးဘိုးက အလေးအနက်လေသံဖြင့် ...

"သေမင်းတမန်တောင်ကြားလမ်းဆိုတာ ဘာလဲ ဆရာမသိလား"

"ဟင့်အင်း .. မသိဘူး"

"ကမ္ဘာမြေကြီးရဲ့ အဆုံးစွန်းပဲ သူငယ်မ"

"အဲဒီ ကမ္ဘာမြေကြီးရဲ့အစွန်းက ဘယ်နားမှာလဲ"

"ဟော ဟိုးအပေါ်မှာ"

ဘိုးဘိုးက ကြောက်မက်ဖွယ်ကျောက်ဆောင်ပြတ်ကြီးကို လက်ညှိုးထိုးပြသည်။ ပင်လယ်ရေပြင်အထက် ပေတစ်ထောင်ကျော်တွင် ပုဆိန်ဖြင့်တိထားသလိုပြတ်နေသည့် ကျောက်ဆောင်ကြီး။

ရေညှိရောင်ဖြင့် မှိုင်းကာစိမ်းဖန့်ဖန့်ဖြစ်နေသည့် ကျောက်တောင်ပြတ်ကြီးအကြောင်းကိုလည်း ပြောဖူးသည်။ ဘုရားသခင်သည် ကမ္ဘာမြေကြီးကို ဖန်ဆင်းစဉ်အခါက အဆုံးအစမရှိသည့် ကမ္ဘာမြေကြီးအဖြစ် ဖန်ဆင်းဖို့ စိတ်ကူးရှိခဲ့သည်။ ထိုအခါ ဘဝသည်လည်း အဆုံးရှိလိမ့်မည် မဟုတ်။ သေလွန်ပျက်သုဉ်းခြင်းရှိလိမ့်မည် မဟုတ်။ အလားတူ ပျော်ရွှင်ခြင်းသည်လည်း အဆုံးမရှိနိုင်တော့။ သို့သော် ဘုရားသခင်သည် ရုတ်ခြည်းစိတ်ပြောင်းတော်မူကာ





(ဘယ်အတွက် သည်လို စိတ်ပြောင်းသွားကြောင်းကိုမူ ဘယ်သူမှမသိနိုင်ကြဟုဆို၏။) ကမ္ဘာမြေကြီးကို သည်နေရာတွင် ဖြတ်ပစ်လိုက်သည်။

ဖရဲသီးတစ်လုံးကို ဓားနှင့်ပိုင်းသလို ပိုင်းပြီး တစ်ပိုင်းကိုအနိမ့်ပိုင်းအမှောင်ထဲသို့ ပစ်ချလိုက်သည်။

သည်ကမ္ဘာမြေအစွန်း၏ ဟိုမှာဘက်တွင် အဆုံးမရှိသည့်ရေပြင်သမုဒ္ဒရာသာရှိပြီး ယင်းမှာ တခြားကမ္ဘာတစ်ခု ဖြစ်၏။ ထိုရေကမ္ဘာတွင် ငါးများနှင့် ရေသူမ်များသာ ရှိကြ၏။

ရေသူမဆိုသည်မှာ လူသားများကို အလွန်ချစ်ခင်သည့် မိန်းမချောများဖြစ်၏။ လသာသောညများတွင် ရေပြင်ပေါ်သို့တက်ပြီး လရောင်ဖွေးဖွေးမှာ ဆံပင်ဖြီးသင်အလှပြင်ဆင်လေ့ရှိကြ၏။ သို့သော် လဝန်းကြီးနီကျင်ကျင် ဖြစ်နေလျှင် သူတို့တစ်တွေ ရေအောက်တွင်ငိုကြွေးကြ၏။

လူသားတို့ ပူဆွေးသောကရောက်ပြီဟု သူတို့ယုံကြည်သဖြင့် တစ်ယောက်ယောက်ကို ရေပြင်ပေါ်လွှတ်ပြီး လူလောကအကြောင်း စုံစမ်းစေ၏။ လူသားတို့ အလွန့်အလွန် ပူဆွေးသောကရောက်သည့်အခါတွင်သာ ဖိုးလမင်း၏ မျက်နှာတွင် သွေးရောင်လွှမ်းတတ်သည်ဟု သူတို့ယုံကြည်သောကြောင့်ဖြစ်သည်ဆို၏။

"ဒါဆိုရင် ဒီကျောက်တောင်ကြီးကို ဘယ်သူဖြတ်သွားနိုင်သလဲ"

ဆရာမကလေးက သိချင်အောဖြင့်မေးသည်။ ကပ္ပိယကြီးက ဝင်ဖြေသည်။

"ကင်းလိပ်ချောတွေ၊ ပုတ်သင်ညိုတွေ ဖြတ်နိုင်တာပေါ့"

တစ်ဆက်တည်း ယာနာ့ဘက် လှည့်ပြောလိုက်၏။

"ဟဲ့ ယာနာ၊ နင့်ယောက်ျား အရက်များမူးနေသလား"

ယာနာကို ကြည့်ချင်အောဖြင့် ဆရာမကလေး ချာခနဲခေါင်းငဲ့ပြီး ကြည့်လိုက်၏။ သို့သော် ပဝါခြုံထားသဖြင့် မျက်နှာကိုသဲသဲကွဲကွဲ မမြင်ရ။

ယာနာသည် မျက်ဝန်းနက်ကြီးများ ကလည်ကလည်ဖြစ်ကာ ထိတ်သန့်ကြောက်ရွံ့စွာဖြင့် ဝေခွဲမရဖြစ်နေ၏။ ရေခဲပြင်တွင် မတ်တတ်ရပ်သေဆုံးနေသည့် စစ်သားတစ်ယောက်ပမာ သစ်ပင်တစ်ပင်လို အတောင့်သားရပ်လျက်။

ယောက်ျားလုပ်သူကို ခပ်တိုးတိုးမေးလိုက်သည်။

"ရှင် စိတ်ဆုံးဖြတ်ပြီးပြီလား ဒီကာ"

"အင်း .."

လင်တော်မောင်ကို သူစိုက်ကြည့်နေသည်။ ခေါင်းစည်းပဝါကို တင်းကြပ်စွာသုံးခြုံပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. သူဆုံးဖြတ်ပြီးပြီတဲ့၊ ကျွန်မတို့ သွားရအောင်"

ယာနာသည် အလွန့်အလွန် အေးဆေးနူတ်နည်းသည့် မိန်းကလေးဖြစ်၏။ သို့ရာတွင် ယောကျ်ားလုပ်သူ၏ မျက်လုံးများကို အသေးစိတ်အဓိပ္ပာယ်ရှာဖွေတတ်သူဖြစ်သည်။ ပြီးတော့ သိပ်လည်းယုံကြည်သည်။

လွန်ခဲ့သည့် နှစ်နှစ်က သူတို့ နိုးပြေးခဲ့ကြသည်။ ထိုစဉ်ကလည်း ခုလိုပင် ယာနာမေးခဲ့၏။

"ရှင် ဆုံးဖြတ်ပြီးပြီလား" ဟူသည့် မေးခွန်းပင်။ ယာနာ့အစ်ကိုတွေက ဒီကာကို သတ်မည်တကဲကဲ လုပ်နေချိန်။ သို့သော် ဒီကာက ဆုံးဖြတ်ပြီးနေပြီ။

ညတွင် ယာနာ့အိပ်ခန်း ပြတင်းပေါက်နားသို့ မြင်းတစ်စီးဖြင့် ရောက်လာကာ ချစ်သူကို အရနိုးယူခဲ့ပြီး တောနက်ထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

တစ်ညလုံး တောထဲတွင်နေပြီး နောက်တစ်နေ့ နေ့လယ်မှ ရွာသို့ပြန်လာခဲ့၏။ သည်တုန်းက ပွဲကြီးပွဲကောင်းတစ်ခုတော့ ကြည့်ရဦးမည်ဟု ကျွန်တော်တို့ထင်ခဲ့ကြသည်။ သို့သော် ယာနာ့အစ်ကိုတစ်သိုက်သည် အရှက်ကြီးရှက်ကာ မြင်းတွေ မြေတွေရောင်းပြီး ချက်ချင်းရွာမှ ထွက်သွားကြသည်။ ယခုတိုင် သူတို့အကြောင်း ဘာမှ မကြားရတော့ပါ။

"ကဲ .. သွားစို့၊ ငါလည်း ဒီအတိုင်းပဲထင်ပါတယ်၊ သူဆုံးဖြတ်ပြီးနေပြီ"

ဘိုးဘိုးကပါ ယာနာကိုထောက်ခံသည်။

တစ်ချိန်လုံးစဉ်းစားနေဟန်တူသည့် ဆရာမကလေးက ကျွန်တော်တို့အားလုံးကိုတားမြစ်နေသည့်အလား လက်ဆန့်ကာဆီးပြီး ....

"အို .. ရှင်တို့အားလုံး ရူးနေကြသလား" ဟု အော်ပြောသည်။ တစ်ဆက်တည်းတွင် ဒီကာ့လက်မောင်းကို ဆွဲဆုပ်ကာ တအားလှုပ်ယမ်းရင်း...

"ရှင် ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ"

"လုပ်ချင်လို့ လုပ်တာပေါ့"

"ရှင်သေချင်လို့လား၊ ဟုတ်လား"

ယာနာက လေးနက်တည်ငြိမ်သည့်လေသံဖြင့် ...

"သူ့ လက်ကိုလွှတ်လိုက်ပါ" ဟုပြောပြီး ဆရာမ၏ လည်ဟိုက်အင်္ကျီကို ငေးကြည့်လိုက်သည်။ ရင်သားတစ်ဝက်နီးပါး ဟိုက်ထားပြီး လည်တိုင်အထိ ဟင်းလင်းပွင့်လျက်။





"ပြီးတော့ တဆိတ် ရှင့်အင်္ကျီကို အပေါ်ဆွဲတင်ပါဦး"

ဆရာမက ကျွန်တော်တို့အားလုံးကို မျက်မှောင်ကြုတ်ကြည့်နေသည်။ မီးခိုးရောင်မျက်လုံးများက ဝမ်းနည်းကြေကွဲနေသည့် အသွင်ကိုဆောင်လျက်။ ချစ်စရာမျက်နှာကလေးမှာ ညိုမှိုင်းနေသည်။ စိတ်မချမ်းမြေ့သည့် လေသံဖြင့် ညည်းတွားနေသည်။

"အင်း .. ရှင်တို့အားလုံး သိပ်ခေတ်နောက်ကျတာပဲကိုး"

ပြီးတော့ ဒီကာ့ဘက်သို့ လှည့်လိုက်ပြန်သည်။

"အဓိပ္ပာယ်မရှိလုပ်တာကို ကျွန်မ သိပ်မုန်းတာပဲ။ ရှင့်ကို သူရဲဘောကြောင်တယ်ပြောလို့"

"ခင်ဗျား လျှာရှည်မနေနဲ့၊ သွားတော့"

သည်တော့မှ ဆရာမမျက်လုံးတွေ မီးဝင်းဝင်းတောက်လာပြီး ချာခနဲလှည့်ကာ ကျွန်တော်တို့အားလုံးကို ကျောင်းသားများပမာ အမိန့်ပေးတော့သည်။

"ကဲ .. အားလုံးသွားကြမယ်"

နေဝန်းကြီးကရေပြင်ပေါ်သို့ တဖြည်းဖြည်း လျှောကျနေပြီ။ မကြာခင် မိုးကုတ်စက်ဝိုင်းကို အသာကလေးထိတွေ့နူတ်ဆက်ပြီး ပင်လယ်ထဲသို့ ငုပ်လျှိုးဆင်းသက် အနားယူတော့မည်။ အချိန်တန်တော့မှ ရွာအရှေ့သစ်တောထဲမှ တောက်တောက်ပပ ပြန်ပေါ်လာပေမည်။

ကျွန်တော်တို့တစ်တွေ ဆရာမကလေးကို မြင်းပေါ် ဝိုင်းတင်ပေးပြီး ထွက်ခဲ့ကြသည်။ လမ်းချိုးတစ်ခုမှ မရောက်ခင် ဒီကာကို လှမ်းကြည့်တော့ မက်စောက်စောက်ကျောက်ဆောင်ကြီးကို ကုပ်ကပ်တွယ်တက်နေသည်ကို မြင်ရ၏။ ပခုံးတွင် ဖိနပ်ကို သိုင်းလျက်။

မကြာမီ မှောင်စပြုလာသည်။ သို့သော် ဆည်းဆာရောင်ဖျော့ဖျော့သည် တဖျပ်ဖျပ်လှုပ်ရှားကာ ဝါကြန့်ကြန့်လင်းနေဆဲ။ လမင်းသည် မရွံ့မရဲဖြင့် ထွက်ပြူဖို့ အားယူနေသည်။

ကျွန်တော်တို့ရွာထဲတွင် ကုန်မျိုးစုံဆိုင်တစ်ဆိုင်ရှိသည်။ ဆိုင်ရှေ့ဝက်သစ်ချပင်ရှေ့တွင် သံစားပွဲလေးများ ချထား၏။ စားပွဲပေါ်တွင် သတင်းစာအဟောင်းများထားပေးလေ့ရှိသည်။ ဆိုင်ရှင်အားနက်စ်က ကျွန်တော်တို့ကို ထိုင်စောင့်နေသည်။

ကျွန်တော်တို့ကို မြင်လျှင်မြင်ချင်း ကလေးတစ်ယောက်လို လက်ခုပ်လက်ဝါးတီးပြီး ဝမ်းသာအားရ အော်ပြောသည်။

"မိန်းမရေ ဆရာမကလေးပါလာပြီဟ၊ ငယ်ငယ်ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခွေးတိအားနက်စ်က ဘာမှပြန်မပြောဘဲ ခေါင်းရမ်းပြီး ဆိုင်ထဲသို့ ဝင်သွားကာ ကျွန်တော်တို့အတွက် အချိုပွဲနှင့်အဖျော်ယမကာများတိုက်ဖို့ ပြင်ဆင်သည်။

ဒီကာ၏ ကံကြမ္မာကို ဘယ်သူမှမသိကြသေး။

ဒီကာရွာထဲပြန်ရောက် မရောက် အားနက်စ်အား မေးမည်အပြုတွင် ဝက်သစ်ချပင်ပေါ်မှ ဥသြတွန်သံကြားလိုက်ရသဖြင့် ကျွန်တော်တို့အားလုံး တစ်ပြိုင်တည်း မော့ကြည့်လိုက်ကြပါသည်။ သစ်ကိုင်းကြီးတစ်ကိုင်းပေါ်တွင် ခြေဆန့်လက်ဆန့် လဲလျောင်းနေသည့် ဒီကာကို တွေ့ရ၏။

"ဒီကနေကြည့်တော့ ခင်ဗျားတို့အားလုံး ကြွက်ကလေးတွေလိုပဲ။ ဟိုတစ်ယောက်ကတော့ ပိုးဟပ်ကလေးပေါ့" ဟုပြောပြီး အားရပါးရ အော်ရယ်နေပါသည်။

ထိုစဉ်တွင် ဝါဖျော့ဖျော့ဆည်းဆာရောင်သည် ရုတ်ခြည်းမေးမှိန်ကာ ကြောက်မက်ဖွယ် အလင်းတန်းကြီးတစ်ခု ဘွားခနဲပေါ်လာပြီး ပင်လယ်ပြင်ကိုရော သစ်တောအုပ်ကြီးကိုပါ လွှမ်းခြုံလိုက်၏။

တစ်လောကလုံး ငြိမ်သက်သွားသည်။ ဒီကာ၏ရယ်သံသည် တစ်ဝက် တစ်ပျက်နှင့် ရပ်သွားသည်။

ဘိုးဘိုးက တောင်တန်းဆီကို လက်ညှိုးညွှန်ပြီး ..

"ဟော.. ဟိုမှာ ကြည့်ကြစမ်း။ လဝန်းကြီးကို ကြည့်စမ်း"

ကျွန်တော်တို့အားလုံး လှည့်ကြည့်လိုက်ကြသည်။

လဝန်း၏မျက်နှာပြင်သည် ရဲရဲနီနေ၏။

* * *

နွေဦးပေါက်ရာသီသည် လျင်မြန်စွာကုန်ဆုံးနေသည်။ ဆည်းဆာချိန်များတွင် အရောင်ပြောင်းသည့်အခါ တဖျပ်ဖျပ် လှုပ်ရှားခြင်းမရှိတော့။ ညနေခင်းများတွင် ဆည်းဆာရောင်သည် သစ်တောနှင့် ပင်လယ်ပြင်ပေါ်တွင် လှပသော လုံမငယ်တစ်ယောက်၏ အလောင်းကောင်လို မလှုပ်မယှက်ငြိမ်သက်လျက်ရှိသည်။

သပြေပင်တို့သည် အတောင့်သားရပ်ကာ ကြေကွဲဝမ်းနည်းဖွယ် ပုံပြင်တစ်ပုဒ်ကို စူးစူးစိုက်စိုက် နားစွင့်နေကြသည့်နှယ်။

တဖြည်းဖြည်းနှင့် နွေသည် ပီပြင်လာလေပြီ။





သို့သော် ကျွန်တော်တို့ဆရာမသည် ရွာတွင်မြဲနေဆဲ။ ညနေ နေဝင်ရီဘရောအချိန်များတွင် ဟုတ်တစ်ချောင်းနှင့် တောထဲသို့ လမ်းလျှောက်ထွက်တတ်သည်။

ဗလကောင်းကောင်း သစ်ခုတ်သမားလူငယ်များနှင့်တွေ့လျှင် အကြာကြီးရပ်ပြီး ငေးကြည့်နေတတ်၏။ ရင်သားအစုံကို ပင့်တင်လက်ပိုက်ပြီး သစ်ကိုင်းပေါ်တွင် နားနေသောစာကလေးကို ချောင်းမြောင်းနေသည့် ကြောင်တစ်ကောင်၏ မျက်လုံးများဖြင့် စိုက်ကြည့်နေခြင်းမျိုး။

သစ်ခုတ်သမားသည် တဖြည်းဖြည်းအားလျော့လာကာ ပုဆိန်ချက်မမှန်တော့ဘဲ နောက်ဆုံးတွင် လက်ထဲမှပုဆိန် လွတ်ကျသွားတော့သည်။ ပြီးတော့ ဆရာမကို မေးစင်းသည့် မျက်လုံးများဖြင့် ငေးကြည့်နေတတ်သည်။

ထိုစဉ် ဆရာမက ရှက်ကြွေတောပေါ် လှဲချလိုက်၏။ လက်နှစ်ဖက်ကို ခေါင်းအောက်တွင် ပတ္တာဆက်ကာ သစ်ခုတ်လုလင်ကို မော်ကြည့်ပြီး ...

"လာလေ ဒီအနားမှာထိုင်ပါလား" ဟု ဖိတ်ခေါ်တတ်၏။

ဤသည်မှာ ရွာထဲတွင်ပြန့်နေသည့် ဆရာမကလေး၏ သတင်းများဖြစ်၏။

သည်သတင်းများကို ကြားထားသည့် ကုန်စုံဆိုင်ပိုင်ရှင်အားနက်စ်က တစ်နေ့ အိမ်တွင်မိန်းမမရှိခိုက် ဆရာမကလေးကို လေချွန်ပြီးခေါ်သည်။ ပြီးတော့ "လာပါ ဆရာမရယ်၊ ကျွန်တော် တစ်ခုခုကျွေးပါရစေ" ဟု ဖိတ်မန္တကပြု၏။

သို့သော် ဆရာမက မသိကျိုးကျွန်ပြုကာ ဆက်လျှောက်သွားသည်။ ဆရာမသည် ရွာသားများနှင့် စကားပြောခဲလှသည်။

ရွာထိပ်ရေထွက်ဦးဘက်ကို ဘိုးဘိုးနှင့်အတူ ရံခါလမ်းလျှောက်ထွက်တတ်၏။ တစ်နေ့တွင် ဆရာမကို ဘိုးဘိုးက မေးကြည့်သည်။

"ဆရာမ ဒီမှာမပျော်ဘူးလား၊ ဘာတွေစိတ်ဆင်းရဲစရာ ရှိနေလို့လဲ"

"မသိဘူး ဘိုးဘိုး၊ ဟောဒီနေရာမှာ .."

ဆရာမက အသည်းနှလုံးရှိသည့်နေရာကို ပုတ်ပြပြီး တစ်စုံတစ်ခုကို အပြင်းအထန်ခံစားနေရသည့် ပုံစံဖြင့်ပြန်ပြောသည်။

"သန့်ထိုးတာများဖြစ်နေမလား ဆရာမ"

"ရှင် .. သန့်ကောင် .. ဟုတ်လား"

ဆရာမ အထိတ်တလန့် ဖြစ်သွားပုံရသည်။ ပို၍စိတ်ညစ်သွားပုံလည်းရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာမ၊ သန်ကောင်တွေ ဒုက္ခပေးတာဖြစ်နိုင်တယ်"

ဤတွင် သူ့ဘဝအကြောင်းကို ဘိုးဘိုးအား ဖောက်သည်ချခြင်းဖြစ်သည်။

တစ်နေ့တွင် ရေတွင်းသို့ ရေခပ်ရန်ထွက်လာခဲ့စဉ် မြေလျှောင်ကြီးဖွာ လှုပ်လေ၏။ အိမ်သားခုနစ်ယောက်ရှိသည့် ဆရာမကလေး၏ မိသားစုအားလုံး အိမ်နှင့်အတူ ပြိုကျပျက်စီးခဲ့ရသည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည်။ ရုတ်ခြည်း မြေမျိုခံလိုက်ရခြင်း ဖြစ်၏။ အငယ်ဆုံးညီမလေးသာ အမေ အမေဟု တစ်ခွန်း နှစ်ခွန်း အော်နိုင်ရှာသည်။ ပြီးတော့ အိမ်နေရာတွင်ဖုန်လုံးကြီးတွေသာ ကျန်ရစ်ပြီး တစ်အိမ်လုံးကို မဟာပထဝီမြေကြီးက ဝါးမျိုပစ်လိုက်တော့၏။

သည်ပုံပြင်ကို ဘိုးဘိုးက မယုံပါ။ "ဆရာမကလေးက လူမဟုတ်ဘူး၊ ရေသူမဖြစ်မယ်" ဟု ဘိုးဘိုးပြောလေ့ရှိသည်။ တဖြည်းဖြည်းနှင့် ကပ္ပိယကြီးပင် ယုံလာသည်။ ကပ္ပိယကြီးက သူ့ဆရာဘုန်းကြီးအား ဆရာမ တောထဲထွက်နေတုန်း သူ့အခန်းထဲဝင်ပြီး ပရိတ်ရွတ်ဖို့ တိုက်တွန်းသေးသည်ဆို၏။

ဒီကာကမူ ဒါတွေကို မယုံ။ "အလကားပါဗျာ။ အဓိပ္ပာယ်မရှိပါဘူး" ဟုပြောသည်။ ဒါတင်မကသေး မကြာခင် ခွေးမလေးတစ်ကောင်လို သူ့နောက်ကို ဒီဆရာမလိုက်နေစေရမည်ဟု ဒီကာကြုံးဝါးသဖြင့် အားနက်စ်နှင့် အလောင်းအစားပင် လုပ်ဖြစ်လိုက်သေးသည်။

ယင်းသို့ အလောင်းအစားပြုလုပ်ပြီး နောက်တစ်ညနေတွင် ဆရာမ ထွက်သွားရာတောထဲသို့ ဒီကာ နောက်ယောင်ခံလိုက်သွားသည်။ ရေထွက်ဦးသို့ ရောက်ခါနီးတွင် သူ့နောက်မှ ဒီကာလိုက်လာနေကြောင်း ဆရာမ သိသွား၏။

ဆရာမက တုံ့ခနဲ ရပ်ပြီး ဒီကာဆီသို့လျှောက်သွားကာ ဘာတစ်ခွန်းမှ မပြောဘဲ လက်ထဲက ကြိမ်လုံးနှင့် ဇက်ပိုးကို တအား ဖြတ်ရိုက်ချလိုက်သည်။

နောက်တစ်နေ့တွင် ဒီကာက ဆရာမကို ရွာထိပ်တံတားပေါ်မှ ကြိုတင်၍စောင့်နေ၏။ ဆရာမရဲ့ဆံပင်ကိုဆွဲပြီး ရေထဲနှစ်ထားလိုက်မည်ဟု ကျွန်တော်တို့ကို ပြောသွားခဲ့သည်။

သို့သော် ဆရာမအနားသို့ ရောက်လာပြီး အေးစက်စက်မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရသည့်အခါ ဒီကာ့သတ္တိတွေ သူ့ကိုယ်ထဲမှထွက်ပြေးကုန်တော့သည်။





နောက်နေ့များတွင် ဤသို့ပင်ဆက်စောင့်သည်။ တံတားပေါ်တွင် ထိုင်ကာ ခြေအစုံကို ချောင်းထဲတွဲလဲချလျက်။

ကြိမ်လုံးကလေးတဒေါက်ဒေါက်နှင့် တံတားပေါ်ဖြတ်လျှောက်လာသည့် ဆရာမကို မြင်လို့ လှမ်းနှုတ်ဆက်တိုင်း ဒီကာကို ဘယ်တော့မှ အဖက်လုပ်ပြီး တုံ့ပြန်ခြင်းမပြု။

မိုးစုပ်စုပ်ချုပ်မှ ဒီကာချောင်းကူးတံတားက ထပြန်လေ့ရှိသည်။ အိမ်ပြန်ရောက်လျှင် ခြေပစ်လက်ပစ်လှဲကာ မျက်နှာကိုနံရံဘက်လှည့်ပြီး တညည်းညည်းတညူညူ ဖြစ်နေတတ်သည်။ ခေါင်းအုံးကိုဖက်ပြီး ကိုင်သည့်အခါ ကိုင်နေတတ်၏။

ယာနာက သူ့ကိုစောင့်အကဲခတ်နေတတ်သည်။ မျက်လုံးရွဲကြီးများကမူ ဖယောင်းတိုင်မီးလျှံတွင် စိုက်လျက်။

ယာနာ အခြေအနေကို သိနေပါပြီ။ သို့သော် လင်တော်မောင်ကို မမေးရဲသဖြင့် မသိလိုက်မသိဘာသာ နေနေရခြင်းဖြစ်ပါ၏။ တစ်ညတွင် ဒီကာ ကြိတ်ငိုနေသည်ကို ယာနာကြားနေရသည်။ သည်တော့မှ ချစ်လင်၏ ဦးခေါင်းကို ရင်ခွင်ထဲတွင်ထည့်ကာ ဆံပင်တွေကိုအသာပွတ်သပ် ပေးလိုက်သည်။

ထိုအခါ ဒီကာသည် ဒေါသအမျက်ချောင်းချောင်းထွက်ကာ ယာနာကို မောင်ကြီးမည်းကြီးထဲတွင် ရိုက်ပုတ်တွန်းထိုးလေတော့၏။ ပြီးတော့ တစ်ဖက်သို့လှည့်ကာ ငြိမ်သွားပြန်သည်။ ယာနာက နောက်မှသိုင်းဖက်ကာ ဆံပင်တွေကို ပွတ်သပ်ပေးပြန်သည်။

ဒီကာ ဆက်လက်ခံနိုင်စွမ်း မရှိတော့ပါ။ ဇနီးသည်၏လက်ကို ယူ၍ ဆုပ်နယ်ပြီး ချာခနဲလှည့်ကာ ယာနာ့ရင်ခွင်ထဲသို့ မျက်နှာအပ်လိုက်သည်။

"ယာနာ .. ကိုယ် မင်းကိုပြောစရာရှိတယ်" ဟု အစချီလိုက်သည်။ ယာနာ၏လက်ချောင်းကလေးတွေက သူ့နှုတ်ခမ်းပေါ်ရောက်လာပြီး ..

"အိပ်ပျော်အောင် အိပ်လိုက်ပါ အစ်ကိုရယ်။ မနက်ဖြန်ဆို ကမ်းခြေကို သွားရဦးမယ် မဟုတ်လား။ အစ်ကိုလေ့ဆီ မရောက်တာ ကြာပြီလေ၊ သွားကြည့်ဦးမှပေါ့"

"အေး .. ဟုတ်တယ်၊ ဟုတ်တယ်၊ သွားမယ်"

ဒီကာက ဇနီးလုပ်သူကို ဖျတ်ခနဲလှည့်ကြည့်ပြီး အထိတ်တလန့်လေသံဖြင့် ...

"ကမ်းခြေကိုသွားရင် ... မင်းဆိုလိုတာက .."

ယာနာက ဘာမှမပြောဘဲ ဖယောင်းတိုင်မီးလျှံကိုသာ စိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အသက်ရှူသံ အနိမ့်အမြင့်အလိုက် ဖယောင်းတိုင်မီးလျှံကလေး လှုပ်ရှားနေ၏။

ဒီကာ အိပ်ရာပေါ်တွင် ပက်လက်လှန်ချကာ မျက်နှာကြက်သို့ စိုက်ကြည့်နေရင်း ခပ်တိုးတိုးမေးလိုက်သည်။

"ကိုယ် သူ့ကို သတ်ပစ်လိုက်ရမလား ဟင်"

"အစ်ကိုဟာ အရင်တုန်းက သိပ်ယောက်ျားပီသတာပဲ။ ခုမှဘာလို့ ပျော့ညံ့နေရတာလဲ"

* * *

နောက်တစ်နေ့။ တံတားတွင် နှစ်ယောက်သားဆုံတော့ ဒီကာက ခါတိုင်းလို နှုတ်ဆက်စကားမဆိုဘဲ ခပ်ရိုင်းရိုင်းလှမ်းခေါ်သည်။

"ဟေး .. ဒီမှာ .. ဒီမှာ"

ဆရာမက မကြားယောင်ပြုပြီး ဆက်လျှောက်သွားသည်။

"ဟေ့ .. ဒီမှာ၊ ခဏလို့ဆိုနေ"

ဒီကာ ထပ်အော်ပြောသည်။ ဆရာမကရပ်ပြီး ဒီကာကို နားမလည်နိုင်စွာ ကြည့်နေ၏။ ပြီးတော့ သူ့အနားလျှောက်လာပြီး ကျောက်တုံးတစ်တုံးပေါ်တွင်ထိုင်လိုက်သည်။

ဖိနပ်ကြိုးကို ဖြေနေရင်း...

"ပြောစရာရှိ ပြောလေ။ နားထောင်နေတယ်"

"ခင်ဗျားဟာ လူမဟုတ်ဘူး။ ရေသူမလို့ ကျွန်တော်ထင်တယ်၊ မကောင်းဆိုးဝါးဖြစ်ချင်လည်း ဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ အတူတူပဲ"

"အဲဒီတော့"

"အဲဒီတော့ ဘာမှမဖြစ်ဘူး။ ကျွန်တော့်အတွက် အတူတူပဲလို့ ပြောပြီးပြီပဲ။ ကျွန်တော်ပြောတာ ကြားလား"

"ကြားသားပဲ။ ဆက်ပြောလေ"

"ဟင့်အင်း၊ ပြောစရာမရှိတော့ဘူး"

"ကောင်းပြီ၊ ဒါဖြင့် ရော့ .. သွားကောက်ချေ"

ဆရာမက ပြောပြောဆိုဆို ဖိနပ်ဖြူလေးတစ်ဘက်ကို ချောင်းထဲသို့ လွှင့်ပစ်လိုက်သည်။





ဒီကာက အော်ရယ်ပြီး ...

"ဘာ .. ကျုပ်က ဖိနပ်ကို ကောက်ပေးရမယ် ဟုတ်လား"

"ငါးတစ်ကောင်လို ပါးစပ်ကြီးဟပြီး ဘာငေးနေတာလဲလို့၊ သွားစမ်းပါ။ ရှင် မသွားလို့ ဘယ်သူသွားမလဲ"

"အို .. ကိုယ့်ဘာသာကိုယ် သွားပါလား။ ပင်လယ်ထဲကို အဲဒီရေစီးကြောင်းနဲ့ တစ်ခါတည်းလိုက်သွားတော့၊ မကောင်းဆိုးဝါးမ"

"အို .. သွားပါဆို၊ ဟိုမှာမျောပါသွားပြီ၊ လုပ်ပါရှင့်။ ဆယ်ပေးပါနော်၊ မနက်ဖြန် ရှင့်ကိုသေမင်းတမန်တောင်ကြားမှာ လာစောင့်နေမယ်နော်"

ဒီကာက မတ်တတ်ထပြီး အတောင့်သားရပ်ကာ ခါးမှ စားမြှောင်ကို ခပ်ကြောင်ကြောင် ငုံ့ကြည့်နေသည်။

"ဘာ ..ခင်ဗျား ကျွန်တော့်ကို လာစောင့်နေမယ် ဟုတ်လား"

"အင်းပါဆို၊ ကဲ .. မြန်မြန်လုပ်။ ဟိုမှာဝဲထဲမှာ မြုပ်တော့မယ်"

"သွားဆယ်ပေးပါ့မယ်၊ ဒါပေမယ့် .."

"ဩော် .. ဒုက္ခပါပဲ။ ရှင်ဟာ သိပ်တုံးတာပဲ။ ခုချိန်ဟာ စကားပြောဖို့ မဟုတ်ဘူး"

ဒီကာ ဝေခွဲမရဖြစ်နေ၏။ တစ်နေရာရာမှ ယာနာ စောင့်ကြည့်နေသည်ဟု စိတ်ထဲက သိနေသောကြောင့် ဖြစ်သည်။ သို့သော် ဘာမှ ဆက်မစဉ်းစားနိုင်တော့ဘဲ ချောင်းထဲခုန်ဆင်းကာ လျှင်မြန်ကျွမ်းကျင်စွာ ရေစီးကြောင်းအတိုင်း ကူးလိုက်သွားတော့၏။

* * *

နောက်တစ်နေ့မနက်တွင် လေ့ကိုသွားကြည့်ရင်း သေမင်းတမန်တောင်ကြားသို့ တစ်ဆက်တည်းသွားမည့်အကြောင်း ယာနာ့ကိုမှာပြီး ဒီကာထွက်ခဲ့သည်။ ကျောက်စွန်းတစ်ခုပေါ်မှ ပက်သစ်ချပင်ကြီးအောက်တွင် လှဲကာ မယုံမရဲ နှင့် ဆရာမကို စောင့်နေ၏။

စိတ်ထဲက မတင်မကျကြီး ဖြစ်နေသည်။ ကျောက်တုံးလေးများကို ချောက်ထဲသို့ အဓိပ္ပာယ်မရှိ တွန်းချနေ၏။ ကျောက်တုံးတွေ ပင်လယ်ထဲသို့ ကျသွားသည့်အသံကို မကြားနိုင်မှန်းသိလျက် နားစွင့်နေမိ၏။

စိတ်လျှော့ပြီး ပြန်တော့မည်ပြုတော့ မွန်းတည့်လုနေပြီ။ ထိုအခိုက်တွင် သူ့ဆီသို့ တဖြည်းဖြည်းလျှောက်လာနေသည့် ဆရာမကို လှမ်းမြင်လိုက်ခြင်း

www.burmeseclassic.com



ဖြစ်သည်။ ဆရာမက သူ့အနားလာထိုင်ပြီး အဓိပ္ပာယ်ကောက်ရခက်သည့် လေသံဖြင့် သရော်တော်တော် ပြောသည်။

"ကျွန်မ ကတိတည်ပါတယ်နော်"

"ဟုတ်ကဲ့.. တည်ပါတယ်ဗျာ"

ကျောက်တုံးတွေ ဆက်ပြီးလိမ့်ချနေသည်။ ဆရာမက သူ့ကို ဘေးတိုက်ကြည့်နေ၏။ နက်ကြုတ်ကြုတ် နှုတ်ခမ်းမွေးအောက်မှ နှုတ်ခမ်းအစုံက ခပ်ထော်ထော်။ သွားတွေက အဖွေးသား။ တကယ့် ကလေးတစ်ယောက်နှင့် တူနေ၏။

တစ်ယောက်နှင့်တစ်ယောက် ဘာမှဆက်မပြောဘဲ သည်အတိုင်း အကြာကြီး ဆက်ထိုင်နေကြ၏။ အတန်ကြီးကြာမှ ဆရာမက သူ့ကိုမကြည့်ဘဲ နူးညံ့သည့် လေသံဖြင့်ပြောသည်။

"ရှင့်မှာ မိန်းမရှိသားပဲ။ ကျွန်မဆီက ဘာလိုချင်လို့လဲဟင်"

အလေးအနက်စဉ်းစားပြီး ဒီကာ ခေါင်းညိတ်သည်။ ဘယ်လိုအဖြေပေးရမှန်းမသိဖြစ်ကာ သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး ...

"ကျွန်တော်လည်း မသိပါဘူးဗျာ"

"ဒါပေမယ့် ရှင်ဘာလိုချင်တယ်ဆိုတာ ကျွန်မသိပါတယ်"

"ဟုတ်မှာပေါ့၊ ခင်ဗျားက မကောင်းဆိုးဝါးပဲ"

ဆရာမက ရယ်သည်။ ပြီးတော့ အတန်ကြာ ပါးချင်းထိလုမကတတ် ကပ်ထားလိုက်သည်။ ဘယ်သူမှ အသက်မရှူကြ။

နှစ်ယောက်သား နွေနေ့လယ်လို ကျောက်ဆောင်ကျောင်ကောင်တွေလို ငြိမ်သက်နေကြ၏။ ခဏကြာမှ လူချင်းခွာလိုက်ပြီး ဆရာမက ...

"ရှင်လိုချင်တာ ဒါပဲမဟုတ်လား" ဟု ခပ်တိုးတိုးကလေးမေးသည်၊ သည်တစ်ကြိမ်လည်း သူဘာဖြေရမှန်း မသိပြန်။

ဆရာမကို ခပ်ကြမ်းကြမ်းဆွဲဖက်ကာ တအားညှစ်ထားလိုက်သည်၊ လွှတ်ပေးလိုက်သည်နှင့် ဆရာမသူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီးတစ်စုံတစ်ခုကို သတိရလိုက်သည့် ဟန်ဖြင့် ...

"ခုနေကော ဒီတောင်ကြားကို ရှင်ဖြတ်နိုင်မလားဟင်"

သူသွားလိမ့်မည်ဟု ဆရာမ မထင်ပါ။ ရင်ခုန်ကြည်နူးစရာကလေးတွေ လက်တစ်ကမ်းတွင် ရှိနေချိန်မှာ ဘယ်သူ သေချင်ပါ့မလဲ။ ကြောင်တစ်ကောင်ကို ပြတင်းပေါက်က တွန်းချလျှင် တွယ်ကပ်တတ်သလို ဒီကာ ဘတ်ယောက် သူ့ကိုဖက်တွယ်ထားလိမ့်မည်ဟု ဆရာမ မျှော်လင့်ထား၏။ သည်





တော့မှ သူ့မျက်နှာကို လက်နှစ်ဖက်နှင့်ကပ်ပြီး အသက်တစ်ချောင်း ပစ်စလက်ခတ် မဆုံးရှုံးသင့်ကြောင်း ပြောမည်ဟု စိတ်ကူးထား၏။

သို့သော် ဒီကာ့တုန့်ပြန်မှုက တစ်မျိုး။ ပခုံးတွန့်ပြီး ..

"အကြိမ်တစ်ရာ ဖြတ်နိုင်တာပေါ့" ဟု ဆိုသည်။

ဆရာမ စိတ်ပျက်သွားသည်။

"သေတော့မှာပဲ။ ရှင့်ကိုအကြိမ်တစ်ရာ ဖြတ်ခိုင်းတာ မဟုတ်ဘူး၊ သွားဖို့ရယ်၊ ပြန်လာဖို့ရယ် ဒါပဲ ကျွန်မပြောတာ"

"ကောင်းပြီလေ၊ ကြိုက်တဲ့အချိန်ပြော သွားပြမယ်"

ပြောပြောဆိုဆို ဒီကာက ဆရာမကို လှမ်းဖက်သည်။ ဆရာမက သူ့ရင်ဘတ်ကို တွန်းပြီး ..

"ဟင့်အင်း၊ ဟင့်အင်း ၊ ပြန်လာမှ"

"ဘာလဲ၊ ကျွန်တော် အခုသွားရမှာလား"

"ဒါပေါ့"

"ခင်ဗျား ဘာလို့အဲဒီလိုလုပ်သလဲဟင်"

"အို.. အဲဒါအကြောင်းမဟုတ်ပါဘူး၊ သွားမယ် မဟုတ်လားဟင်"

"သွားမှာပေါ့"

ဒီကာ ဆရာမကို အတော့်သားငေးကြည့်နေ၏။

"သွားလေ ဘာငေးနေတာလဲ။ ရှင်ဟာ တကယ့်တုံးပဲ"

ဘာကြောင့် ဒေါသတကြီး အော်ပြောပါလိမ့်ဟု ဒီကာ နားမလည်နိုင်အောင်ဖြစ်နေ၏။

သစ်ပင်ခြေရင်းတွင် ဖိနပ်အစုံကို ချွတ်ပြီး ကျောက်ဆောင်ပေါ်ကို လှမ်းတက်သွားသည်။ ကြောက်စရာ ပတ်ကြားအက်ကြီးတွေကို လွှားခနဲ ကျော်ဖြတ်ကာ ငှက်တစ်ကောင်ပမာ ဝဲပျံတက်သွားသည်။ —

တောင်အောက်ကို ပြန်ဆင်းလာတော့ ဆရာမရှေ့တွင်ရပ်ပြီး ဆောင်းဘီအိတ်ကို လက်နှိုက်ကာ ...

"ကဲ ခင်ဗျားရှုံးပြီ" ဟုပြောလိုက်သည်။

"အင်း .. ဟုတ်ပါတယ်။ လာလေ ရှင့်ကို ကျွန်မ အနမ်း လက်ဆောင်ပေးမှာပေါ့" ဟု ပြောပြောဆိုဆို ကြိမ်လုံးနှင့် လည်ပင်းကို ဖြတ်ရိုက်လိုက်ပြန်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ တစ်ညနေလုံးနှင့် တစ်ညလုံး ဆရာမတစ်ယောက် အိပ်ရာထဲတွင် လှဲနေသည်။ ခေါင်းအောက်တွင် လက်နှစ်ဖက်ကို ပတ္တာဆက်လျက်၊ မျက်လုံးအစုံက မျက်နှာကြက်တွင် စိုက်နေ၏။

နောက်တစ်နေ့ ညနေတွင် ကြိမ်လုံးကိုဆွဲကာ တောထဲသို့ ထွက်ခဲ့ပြန်သည်။ ရွာထိပ်တွင် ဘိုးဘိုးနှင့်တွေ့သည်။

"ဆရာမ တောထဲကိုလား"

"ဟုတ်ကဲ့"

"ဘိုးဘိုး အဖော်လိုက်ခဲ့ရမလား"

"ဟင့်အင်း၊ နေပါစေ"

"လမ်းလျှောက်ရင်း လိုက်ခဲ့မယ်လေ"

ဘိုးဘိုးက သူ၏ကြည်လင်တောက်ပပြီး ကျောက်ဆောင်လို တည်ငြိမ်ကာ အမြော်အမြင်ကြီးသည့် မျက်လုံးအစုံဖြင့် ဆရာမကို စူးစူးစိုက်စိုက်ကြည့်နေ၏။ ဆံပင်သပ်ပေးတော့မည့်နှယ် လက်ကို ဆရာမခေါင်းပေါ် တင်မည်ပြု၏။ သို့သော် ထိကား မထိပေ။

"လာ .. သွားစို့၊ မိန်းကလေးကို ဘိုးဘိုး အရေးတကြီးပြစရာတစ်ခုရှိတယ်"

ဆရာမက အောက်နှုတ်ခမ်းကိုကိုက်ပြီး အတန်ကြာ စဉ်းစားနေသည်။ ပြီးမှ ခေါင်းငုံ့ကာ ခြေလှမ်းပြင်သည်။

စူးစူးဝါးဝါး နေပူရှိန်အောက်တွင် တစ်နေ့လုံးစင်းခံနေရသည့် သစ်တောအုပ်သည် နေအချိုးတွင် ပြန်လည် အသက်ဝင်လျက်ရှိ၏။ သစ်အယ်ပင်တန်းသို့အရောက်တွင် ဆရာမလေးက ရုတ်တရက် ရပ်ပြီးသက်ပြင်းချကာ..

"တော်ပြီ၊ ကျွန်မ ဒီအထိပဲလျှောက်တယ်"

"လာပါ ဘိုးဘိုးတို့ ဟိုကတောင်တန်းပေါ်က ပေါ်ပလာပင်တွေဆီ ဆက်လျှောက်ကြရအောင်။ ဒီသစ်အယ်ပင်ရိပ်က သိပ်မှောင်လွန်းတော့ လူသားတွေရဲ့ ဝိညာဉ်ကို အေးစက်စေတယ်ကွဲ့။ ဘာလို့လဲ သိလား ဆရာမ"

"ဟင့်အင်း .. မသိဘူး ဘိုးဘိုး"

"ဒီလိုကွဲ့။ ဒီအကြောင်းပုံတစ်ခုရှိတယ်။ ဟိုရှေးရှေးတုန်းက လူတွေအားလုံးဟာ သစ်ပင်တွေတဲ့ကွယ့်။ လမ်းလျှောက်ရင်း ဘိုးဘိုးဆက်ပြောရမလား"

"ကျွန်မ ပုံနားထောင်တာ ဝါသနာမပါဘူး။ ဆက်လည်း မလျှောက်ချင်ဘူး"





"သဘောပါလေ။ ဒါပေမယ့် ဆက်လျှောက်မှ ပေါ်ပလာပင်တွေဆီရောက်မှာ။ အဲဒီမှာမှ ဘိုးဘိုးမိန်းကလေးကိုပြချင်တဲ့ ငှက်ကိုတွေ့ရမှာ"

"ဘာငှက်လဲဟင်"

"လာပါ တွေ့ရမှာပေါ့"

အဘိုးအိုနှင့် ဆရာမကလေးတို့ စကားမဆိုကြတော့ဘဲ ဆက်လျှောက်လာကြသည်။ မြေပြင်သည် မြင့်သထက် မြင့်လာ၏။ ထို့အတူ တောသည် ပင်မြင့်ပင်စောက်တို့ဖြင့် ပို၍ ပို၍ဝိတ်မှောင်လာသည်။ ပေါ်ပလာပင်များအောက်သို့ ရောက်ခဲ့ကြသည်။

ပေါ်ပလာပင်ရိပ်သည် အခြားအပင်ရိပ်များနှင့်မတူဘဲ ထူးခြားနေကြောင်း ဆရာမ သတိထားမိသည်။ ငှက်မွေးနုနုကလေးဖြင့် ပွတ်သပ်ခံလိုက်ရသလို နူးနူးညံ့ညံ့ အေးမြသွားခြင်းမျိုး။ မွေးပျံ့အေးမြခြင်းကို ရှူသွင်းလိုက်သည်။ အသည်းနှလုံးသို့တိုင် ရောက်သွားသည် ထင်လိုက်၏။

"ဘာငှက်မှလည်း မတွေ့ပါလား"

ဆရာမက မကျေမနပ်မေးလိုက်၏။

"ခဏလေး ခဏလေး၊ ဒီလိုငှက်မျိုးက သိပ်ရှားတယ်လေ။ ဒီသစ်ပင်တွေမှာ သန်ကောင်တွေအများကြီး ရှိတယ်။ ဒါကြောင့် သူတို့ လာကို လာရမယ်။ ခရီးသည်တစ်ယောက်ကိုလည်း ဘိုးဘိုးအဲဒီအတိုင်း ပြောပြတာပဲ"

"ဘယ်လို ခရီးသည်လဲ"

"သူ့ကိုယ်သူ သတ်သေချင်နေတဲ့ ခရီးသည်တစ်ယောက်လေ"

"ဘာပြုလို့လဲ"

"ဘယ်သိမလဲကွယ်"

"သူ့ကိုယ်သူ သတ်သေသွားသလား"

"ဟင့်အင်း၊ အဲဒီလိုမလုပ်ပါဘူး။ သူအိမ်ထောင်ပြုသွားတယ်။ လူတွေကပြောတော့ ဒါမျိုးဟာ ဒီလိုပါပဲတဲ့။ ဒါပေမယ့် ဘိုးဘိုးက အဲဒီလိုမထင်ဘူး။ ဘိုးဘိုး အဲဒီငှက်ကို ပြလိုက်လို့"

ဘိုးဘိုးက ရုတ်တရက်ရပ်ပြီး သူတို့ညာဘက်က အပင်အိုကြီးတစ်ပင်ကို လက်ညှိုးထိုးပြရင်း တိုးတိုးပြောလိုက်သည်။

"ဟောဟို အပေါ်ကိုကြည့်"

"ဘယ်မှာလဲ"

"ရှူး ... တိုးတိုး။ အဲဒါဘိုးဘိုးပြောတဲ့ ငှက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို လက်ညှိုးညွှန်ရာသို့ ဆရာမ လိုက်ကြည့်သည်။ သစ်ကိုင်းတစ်ကိုင်းပေါ်တွင် နားနေသည့်ငှက်တစ်ကောင်ကို တွေ့ရ၏။ သူ့ကိုယ်လုံးနှင့် မလိုက်အောင် ကြီးသည့် ရောမနှုတ်သီးကြီးနှင့်။

"ဒါ ဘာငှက်လဲ ဘိုးဘိုး"

"သစ်တောက်ငှက်လို့ ခေါ်တယ် မိန်းကလေး"

"သူက သစ်သားကိုစားတဲ့ ငှက်မျိုးလားဟင်"

"မဟုတ်ဘူး မိန်းကလေး။ သူက သန်ကောင်တွေကို စားတယ်။ ဟိုမှာ ကြည့်ပါလား သူလမ်းလျှောက်ပုံက ဘယ်လောက်ကြေကွဲစရာ ကောင်းသလဲ။ ဘာလို့လဲ သိလား"

"ဟင့်အင်း"

"သစ်ပင်ကြီးရဲ့ ငိုညည်းသံကို သူနားထောင်နေတာလေ၊ သစ်ပင်တွေငိုတယ်ဆိုတာ မိန်းကလေးယုံပါ့မလား မသိဘူး။ ဒါပေမယ့် သူတို့ ဝမ်းတွင်းမှာ သန်ကောင်တွေ ဒုက္ခပေးနေလို့ သစ်ပင်တွေရဲ့ငိုကြွေးသံတွေကို သစ်တောက်ငှက်က ကောင်းကောင်းကြားရတယ်ကွဲ့'

"ကျွန်မ မယုံဘူး"

အဘိုးအို ပြုံးသည်။ ပခုံးကို အသာတွန့်ပြသည်။

ခဏအကြာတွင် သစ်တောက်ငှက်သည် ရောမ သူ့နှုတ်သီးကြီးဖြင့် ခြေထောက်နှစ်ဖက်ကြားမှ သစ်ကိုင်းတစ်နေရာကို တအားခေါက်လေတော့၏။ ပြီးတော့ ငြိမ်သက်စွာရပ်နေပြန်သည်။ နောက်ထပ်တစ်ကြိမ် ခေါက်ပြီး နှုတ်သီးကို အတောင်နှင့်သပ်ကာ ပျံထွက်သွားလေတော့၏။

"သူ ဘာပြုလို့ အဲဒီလိုလုပ်တာလဲ ဘိုးဘိုး"

"မိုက်မဲတဲ့ ငှက်မို့လို့ပေါ့ မိန်းကလေး"

ဆရာမက အဘိုးအိုကို မလေးမခန့်မျက်နှာလေးနှင့်ကြည့်ကာ ..

"ဒါပဲလား" ဟုပြောပြီးကာမှ တစ်စုံတစ်ခုကို သတိရသလို မျက်နှာအမူအရာ ပြောင်းသွားပြီး သစ်ပင်ဆီသို့ လျှောက်သွားသည်။ နောက်သစ်ပင်ပေါ်ကို တွယ်တက်ပြီး သစ်တောက်ငှက်ခေါက်သွားသည့် သစ်ကိုင်းနေရာအရောက် တက်ကြည့်သည်။ သစ်ကိုင်းတွင် အခေါင်းကြီးဖြစ်နေသည်ကို ဆရာမ တွေ့ခဲ့ပြီ။ သစ်ပင်အောက်ပြန်ဆင်းလာပြီး ဘိုးဘိုးကိုမေးသည်။

"ဒါဆိုရင် သစ်ပင်တွေမှာ တကယ်သန်ကောင်တွေရှိတာပေါ့နော်"

"သစ်ပင်တိုင်းမှာ မရှိပါဘူး၊ ပုပ်ဆွေးနေတဲ့ သစ်ပင်တွေမှာရှိတယ်။ ဘယ်သူမှမတတ်နိုင်ဘူး။ ဘာနဲ့မှ ကုလို့မရဘူး"





"ကျွန်မကိုလည်း ပုပ်ဆွေးနေတဲ့ သစ်ပင်လို့ ပြောချင်တာပေါ့ ဟုတ်လား"

"မဟုတ်ဘူး မိန်းကလေး၊ မင်းက မိုက်မဲတဲ့ငှက်ပဲ။ တို့တစ်တွေကို မင်းကသစ်ပုပ်ပင်လို့ သဘောထားနေတာ"

သည်တော့မှ ပြူးကျယ်သည့် မျက်လုံးကြီးများဖြင့် အဘိုးအိုကို ဆရာမ မော့ကြည့်သည်။ သူ့မျက်လုံးများတွင် လေးစားခြင်း၊ ကြည်ညိုခြင်း၊ အရိပ်အယောင်များ ထင်ဟပ်လျက်၊ အဘိုးအို၏လက်ကို အသာယူပြီး ဆုပ်နယ် ပွတ်သပ်ပေးနေ၏။

အရိပ်တို့သည် ပို၍ ပို၍ ထူထပ်လာသည်။ သစ်ပင်တို့သည် တုန်တုန်ယင်ယင်ဖြစ်လာကြ၏။ သူတို့နှစ်ယောက် အမှောင်လာချိန်ကို စောင့်နေကြသည်။ ကမ္ဘာမြေအဆုံးအစွန်မှ အမှောင်ထုသည် မကြာမီရောက်လာတော့မည်။

တောင်ပေါ်မှအဆင်းလမ်းတွင် သူတို့နှစ်ယောက် စကားမပြောဖြစ်ကြတော့။

အဘိုးအို၏မျက်နှာသည် ကြည်လင်ချိုသာသည့် အပြုံးဖြင့်တင့်တယ်လျက်။ ဆရာမက ကျောက်တုံးတစ်တုံးကို ကြိမ်လုံးဖြင့် ဒေါသတကြီး ရိုက်လိုက်သည်။

ရေဦးထွက်သို့အရောက်တွင် ဆရာမက သက်ပြင်းချပြီး ဟိုးအဝေးကြီးသို့ မျှော်ကြည့်ရင်းပြောသည်။

"ကျွန်မ မနက်ဖြန်သွားပါတော့မယ် ဘိုးဘိုး"

အဘိုးအိုက မိန်းကလေး၏ ဆံပင်ကိုကြင်နာစွာ သပ်ပေးရင်း ..

"ကောင်းတယ် မိန်းကလေး၊ မင်းအိမ်ထောင်ပြုဖို့ အချိန်တန်ပြီလေ"

အဘိုးအိုက တစ်ဆက်တည်း တိုးတိုးပြောလိုက်သေးသည်။

"ပြီးတော့ ယာနဲ့က သူ့ကို မင်းထက်ပိုချစ်တယ် မိန်းကလေး"

"ဘယ်သူ့ကိုလဲ ဘိုးဘိုး"

ငြင်းဆိုရန်အင်အား မရှိတော့သည့်အလား ဆရာမခပ်တိုးတိုး ပြန်မေးသည်။

"မိန်းကလေး သစ်ခုတ်သမားတွေကို တကယ်သဘောကျတာ မဟုတ်ဘူးဆိုတာ ဘိုးဘိုးသိပါတယ်။ နောက်ပိုင်းမှာ သူဟို့ကို မင်းရွံမုန်းလာတယ် ဆိုတဲ့သတင်းကို ဘိုးဘိုးယုံတယ်လေ"

ဆရာမ ပြန်လှန်မေးခွန်းမမေးတော့၊ ပခုံးတွန့်ပြီး ..

"ရွံမုန်းတယ်လို့လည်း မဟုတ်ပါဘူး ဘိုးဘိုး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို တံတားမှာတွေ့ရင် ကောင်းကောင်းမွန်မွန် နှုတ်ဆက်လိုက်ပါ။ မိန်းကလေးက မနက်ဖြန်ပြန်တော့မှာ မဟုတ်လား"

သို့သော် သူတို့ချောင်းကူးတံတားကိုရောက်တော့ ဒီကာအစား ယာနာ စောင့်နေသည်ကို တွေ့ကြရ၏။ ယာနာသည် လက်ပိုက်ကာ ရေပြင်ကို ငုံ့ကြည့်နေ၏။

"မင်္ဂလာပါ ယာနာ"

ဆရာမက ချိုသာစွာနှုတ်ဆက်သည်။

ယာနာခွန်းတုံ့မပြန်ဘဲ အဘိုးအိုဘက်လှည့်ပြီး ခြောက်ကပ်ကပ် အသံဖြင့် ...

"ဘိုးဘိုး၊ မနေ့က ဒီကာကမ်းခြေကို သွားတယ်။ လှေကြည့်ဖို့ဆိုပြီး ထွက်သွားတာ ပြန်လာတော့ ကုပ်ပိုးမှာ အရှိုးရာတွေနဲ့။ ခုလည်း အိပ်ရာထဲမှာ တငိုငို တရှိုရှိုနဲ့ လုပ်နေတယ်"

ယာနာက ဆရာမလေးကို အေးစက်စက်မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ ပြီးမှ ကျောချမ်းစရာ ကောင်းသည့်အသံမျိုးဖြင့် ..

"မင်္ဂလာပါ ဆရာမ" ဟု ပြန်ပြော၏။

မိန်းမသားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေကြသည်။ တောရိုင်းတိရစ္ဆာန်နှစ်ကောင် မီးခိုးနံ့ကို ခံနေသည့်နှယ်။ ဆရာမက အိပ်ငိုက်နေသည့် ငှက်တစ်ကောင်အလား မျက်လွှာကို ချလိုက်၏။ သို့သော် မျက်လွှာက မျက်ဝန်းကိုမဖုံးမီခင် ယာနာ၏ ဘလောက်စ်အင်္ကျီထဲမှ ဓားမြှောင်ကို လှမ်းမြင်လိုက်သည်။ ဘဝတစ်ခုလုံးသည် ဓားဦးတွင် တည်နေခြင်းပါကလား။

မျက်လွှာတစ်ချက်ပင့်ပြီး ကြယ်တွေကိုမော့ကြည့်လိုက်၏။ ကြယ်ရောင် တလက်လက်ကိုမြင်တော့ ဒီကာပြုံးသည့်အခါ သွားတွေအဖွေးသားနှင့် တူသည် ထင်လိုက်၏။

ကျောင်းပရဝဏ်ထဲက မိမိအိမ်ကလေးကိုရော၊ အိမ်ရှေ့မှ ရေတွင်းကိုပါ မြင်ယောင်လာသည်။ ပြီးတော့ မညာမတာသာတတ်သော လရောင်ရွှန်းညများ။

"ဘဝဆိုတာ ဘယ်တော့မှဆုံးလေ့မရှိဘူး" ဟု တရားဟောဆရာ ပြောလေ့ရှိသည့်စကားလုံးများကိုလည်း ကြားယောင်လာ၏။

ဟုတ်တယ်၊ ဘဝဆိုတာ မဆုံးနိုင်ပါဘူး။

ထိုစဉ် ငယ်ဘဝမြင်ကွင်းများ ပေါ်လာပြန်သည်။ ပြိုကျပျက်စီးနေပုံတွေ။ ဖုန်လုံးကြီးတွေ။

ရန်အောင်စာပေ (၂)



ထိုအရာအားလုံး ဆရာမရင်တွင်းသို့ ဓားဖြင့်ထိုးသွင်းသလို နစ်ဝင်လာကြ၏။ ဓားထိုးသွင်းပုံကလည်း သစ်ပင်ကို သစ်တောက်ငှက်နှုတ်သီးဖြင့် ရိုက်သလို အင်နှင့်အားနှင့်။ တဖြည်းဖြည်းနှင့် အသည်းနှလုံးထဲကို ရောက်သွားသလို ခံစားလိုက်ရသည်။ ရင်ထဲနွေးသွားသည်။

ယာနာလျှောက်လာနေပြီး ဆရာမက အသင့်စောင့်နေလိုက်၏။ မျက်လုံးအစုံက သစ်တောအုပ်၏ ဟိုမှာဘက်ဆီကိုကျော်ကာ အဝေးကြီးသို့ ငေးမျှော်လျက်။ သေလွန်ပြီးသူတို့၏ ငေးမောခြင်းမျိုး။

အမှောင်ထုနှင့်အတူ နီးကပ်လာနေသည့် သေခြင်းတရား၏ အနံ့ကို ဘိုးဘိုးတစ်ယောက် မရလိုက်ပေ။ ယာနာ့ပခုံးကို အသာပုတ်ပြီး ..

"ဆရာမကလေးကို နမ်းပြီးနှုတ်ဆက်လိုက်ပါ ယာနာ။ သူ မနက်ဖြန်သွားတော့မယ်လေ"

"ဟုတ်လား၊ ဆရာမ မနက်ဖြန်သွားတော့မှာလား"

ယာနာ အထိတ်တလန့် ဖြစ်သွားဟန်ဖြင့် ခပ်တိုးတိုးမေးလိုက်သည်။

ဆရာမက မဖြေ။

"ရှင် ဒီက မနက်ဖြန်ထွက်သွားမှာလား"

ယာနာက သံပြတ်ဖြင့် ထပ်မေးလိုက်၏။ ဆရာမက ဖြူဖွေးသေးသွယ်သည့် လက်ချောင်းကလေးများဖြင့် ယာနာ့မျက်နှာပေါ် ဝဲကျနေသည့် ဆံနွယ်ကလေးများကို ပင့်တင်ပေးရင်း ...

"မနက်ဖြန် မဟုတ်ပါဘူး။ ဒီညသွားမှာပါ"

* * *

ကျွန်တော်တို့အားလုံး ဆရာမအကြောင်း နောက်ထပ်မကြားရတော့ပါ။ ရွာမှ ထွက်သွားသည့် ညမှာပင် ဆရာမကလေး ရေနစ်သေဆုံးသွားသည်ဟု အချို့က ပြောကြသည်။ ဘိုးဘိုးကတော့ သည်သတင်းကို လုံးဝမယုံကြည်ပါ။

နွေးနွေးထွေးထွေးရှိသည့် ချစ်စရာညများတွင် ဘိုးဘိုးသည် ကျွန်တော်တို့အား ရေသူမများအကြောင်း ပြောမြဲပြောလျက်ပင်။

လာသာ ညများတွင် ရေနက်သမုဒ္ဒရာအောက်၌ သူတို့၏ရှည်လျားလှသည့် ဆံပင်တွေကို ဖြီးသင်ကာပျော်မြူးနေတတ်ကြသည့် အကြောင်းများ။

*The Red Moon* by ဂရိစာရေးဆရာ *Sotiris Patazis*

၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မဟေသီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ဒယီးဒယိုင်

တရုတ်စာပေ သင်နေချိန် တစ်နေ့ဖြစ်ပါသည်။ ထိုနေ့ သင်ရမည့် သင်ခန်းစာက လူရွှန်း၏ 'နှစ်ကူးယာဇ်ပွဲတော်'။ ကျွန်တော်တို့၏ တရုတ် ဘာသာဆရာ အစည်းအဝေးတက်နေသဖြင့် ဆရာမအသစ်တစ်ယောက် အစားဝင်ပေးသည်။ ဆရာမ အသစ်ကလေးမှာ ဆရာဖြစ်သင်ကောလိပ်မှ လောလောလတ်လတ် ဘွဲ့ရလာသည့် မစ္စလီ ဖြစ်ပါသည်။

ဆရာမက ကျွန်တော်တို့အား သင်ခန်းစာကိုကြေညက်အောင် သင်ပါသည်။ ထုံးစံအတိုင်း ကျွန်တော်တို့တစ်တန်းလုံး ဆရာမ အသစ်ကလေးမို့ ခြေဆုံးခေါင်းဆုံးကြည့်ပြီး အကဲခတ်နေကြသည်။ အရွယ်ငယ်လွန်းသဖြင့် ပို၍ စိတ်ဝင်စားနေကြခြင်း ဖြစ်ပါ၏။

အရစ်ပြတ်ပြတ် ဆံပင်ဖားဖားနှင့်၊ အဝတ်အစား ရိုးရိုးကလေးဝတ်ထားသည်။ တက်ကြွနေပုံရ၏။ မျက်လုံးများက တဖျပ်ဖျပ်တောက်ပလျက်။ ပီဘိ ကလေးငယ်တစ်ယောက်၏ မျက်လုံးများ၊ အပြစ်ဟူသမျှ မြူမှုန်မျှ မထင်။ သို့သော် အားလုံးခြုံကြည့်လျှင် ဆရာမအင်္ကျီရပ်နှင့်တော့ ညီသည်။ ကျွန်တော်တို့ အားလုံး ကျေနပ်နေကြ၏။

အတန်းစသည်နှင့် ဆရာမကလေးသည် စာသင်ခုံဆီသို့ လျှောက်သွားသည်။ ပြီးတော့ တခြားဆရာမ အသစ်များလို အတန်းကို မစိမ်းဘဲ၊ မရှုံ့ဘဲ၊ အလွန်အမင်း လိုက်လျောခြင်းလည်း မရှိဘဲ ပုံမှန်အတိုင်း သင်သွားသည်။ ဆရာမကလေးက တည်တည်ငြိမ်ငြိမ် စာသင်နိုင်သော်လည်း ကျွန်တော့်မှာ စိတ်တွေ လှုပ်ရှားနေ၏။ ဆရာမအတွက် စိုးရိမ်နေမိခြင်း ဖြစ်ပါ





သည်။ ကျွန်တော်တို့အတန်းက အမေးအမြန်းထူသည့် စာသူရဲတွေချည်း မဟုတ်လား။

ဆရာမစာသင်ပုံကို ကျွန်တော်တို့တစ်တွေ သဘောကျနေကြသည်။ သင်ကြားရမည့် သင်ခန်းစာကို ထုံးလိုခြေ ရေလိုနှောက်ထားပုံရ၏။ သူ့အကြောင်းကိုလည်း တိုတိုတုတ်တုတ် ထည့်ပြောသွားသည်။ အတန်းသားဘပည့်များကို ပွဲကြည့်ပရိသတ်နေရာမှာထားပြီး အက်တင်လုပ်ပြခြင်းမျိုး မဟုတ်ပါ။ ကျောင်းသားများ နားမလည်နိုင်သည့် စကားလုံးကြီးများဖြင့် ဆရာကို အထင်ကြီးအောင် သွေးဆောင်ဖြားယောင်းခြင်းမျိုးလည်း မဟုတ်ပါ။ ခေတ်အဆက်ဆက် ကမ္ဘာ့စာပေမှ ကိုးကားကောက်နုတ်ချက်များနှင့် ရောထွေးပြီး သင်နေရသည့် သင်ခန်းစာအား ပိုမိုနားစွဲအောင် သင်ကြားသွားလေသည်။ စာသင်ရာတွင်လည်း ကိုယ်ပိုင်ဟန်ဖြင့် သင်နိုင်သည့် ဆရာမကလေး ဖြစ်ပါသည်။

“. . . ကောင်းကင်ဘုံနှင့် မဟာပထဝီမြေပြင်ပေါ်မှ သူတော်စင်သူတော်မြတ်တို့သည် လှူဖွယ်ဝတ္ထုခဲဖွယ် ဘောဇဉ်တို့ကို လက်ခံစားသုံးပြီးနောက် မူးယစ်ရီဝေကာ ကောင်းကင်တွင် ဒယီးဒယိုင် လျှောက်လှမ်းသွားလာလျက် ရှိကြသည်”

နောက်ဆုံးအပိုဒ်အထိ တစ်တန်းလုံး သံပြိုင်ဖတ်ပြီး သွားလေပြီ။

“ဝမ်လီ၊ ဒီဝတ္ထုမှာ ဒယီးဒယိုင်ဆိုတဲ့ စကားဟာ ဘာကိုဆိုလိုတာလဲ ထရှင်းပြပါ”

ကျွန်တော်နှင့်ယှဉ်ထိုင်နေသည့် ကျောင်းသားကို ဆရာမက မေးခွန်းထုတ်လိုက်သည်။ ကျွန်တော်အသက်ရှူမှားမတတ် ဖြစ်သွား၏။ ဝမ်လီ ခပ်လေးလေး ထရပ်သည်။ လက်နှစ်ဖက်ဖြင့် စားပွဲကို အားပြုလျက်။ သို့သော် သူ ဘာမှမဖြေပါ။

ဆရာမက မေးခွန်းကို ထပ်မေးပြီး “စကားလုံးရဲ့ပင်ရင်း အဓိပ္ပာယ်ကို သတိထားနော်” ဟုထပ်ဖြည့်ပြောသည်။ ဆရာမက အဖြေကို စိတ်ဝင်တစား စောင့်နေ၏။ သိပ်ခက်သည့် စကားလုံးမဟုတ်ပါ။ ကျွန်တော်တို့အားလုံး လွယ်လွယ်ကလေး ဖြေနိုင်ကြပါလိမ့်မည်။ သို့သော် ဝမ်လီသည် စားပွဲထောင့်စွန်းကို စိုက်ကြည့်ကာ နှုတ်ခမ်းကို တင်းတင်းစေ့ထားလေသည်။ ကျောက်ဆစ်ရုပ်လို မလှုပ်မယှက်ငြိမ်လျက် မေးခွန်းကို မဖြေဘဲ ပေရပ်နေသည်။

“ဝမ်လီ၊ မင်းကိုဆရာမ မေးနေတယ်၊ ဖြေလေ”



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ အမိန့်တွင်ဒေါသသံကလေး စွက်လာသည်။ သို့သော် ဝမ်လီက ဆရာမကို မော့်၍ပင် မကြည့်။ တစ်တန်းလုံး အပ်ကျသံကိုမျှ ကြားရလောက်အောင် တိတ်ဆိတ်နေ၏။ ဆရာမမေးသည့် မေးခွန်းကလေးကြောင့် ကျွန်တော်တို့ အတန်းလို အတန်းမျိုးထဲတွင် သည်မျှဆွံ့အနေကြသည်မှာ မယုံကြည်နိုင်စရာပေ။

ဘာပြုလို့ သူ့ကိုမှရွေးပြီး ဆရာမ ဒီမေးခွန်းကို မေးတာပါလိမ့်။ ဆရာမအတွက် ကျွန်တော် စိတ်မကောင်းဖြစ်သွားမိသည်။

"မေးခွန်းကို မဖြေဘဲ မင်းလုပ်ပုံက ဘာအဓိပ္ပာယ်လဲ"

ဆရာမမျက်နှာ နီစပြုလာပြီး ခပ်ဒေါက်ဒေါက် မေးလိုက်သည်။

"ကျွန်တော် မဖြေနိုင်ပါဘူး ဆရာမ"

ဆရာမက စိတ်ကို ထိန်းထားလိုက်ဟန်ဖြင့် ..

"ကဲ .. ဒါဖြင့် ဘယ်သူဖြေနိုင်သလဲ" ဟု အတန်းကိုမေးသည်။

ကျွန်တော်က ဆတ်ခနဲ လက်ထောင်ပြပြီး ..

"ဒယီးဒယိုင်ဆိုတာ ဟန်ချက်မညီတာ၊ မတည်ငြိမ်တာကိုပြောတာပါ ဆရာမ။ ဒီစာပိုဒ်မှာတော့ သူတော်စင်တွေဟာ အရက်မူးသမားတွေလို သိုင်းကွက်နင်းပြီး .." စသည်ဖြင့် ကျွန်တော်က စကားစပ်နှင့်တကွ ကရားရေလွှတ် ပြောချလိုက်ပါသည်။

ဆရာမက ကျေကျေနပ်နပ်ဖြင့် ကျွန်တော့်ကို ထိုင်ခိုင်းသည်။ အချိန်များများ မကျန်တော့သဖြင့် ကျွန်တော်က ဆရာမကို စာဆက်သင်စေချင်၏။

သို့သော် ဆရာမက ဝမ်လီကို အခဲမကျေဟန်ဖြင့် ..

"မင်း သေသေချာချာ ကြားရဲ့လား၊ ဝမ်လီ" ဟု ထပ်မေးသည်။

ဝမ်လီသာ အကျိုးနှင့်အပြစ်ကိုတွက်တတ်မည်ဆိုလျှင် ခေါင်းတစ်ချက် ညိတ်လိုက်ရုံပင်။ ဆရာမကလည်း ကျေနပ်ပြီး ထိုင်ခိုင်းမည်မုချ။ သို့သော် ဝမ်လီက ပေပြီး ရပ်မြဲ ရပ်နေ၏။

"ကလင်း .. ကလောင်၊ ကလင်း .. ကလောင်"

ခေါင်းလောင်းထိုးသံ ထွက်ပေါ်လာ၍ အတန်းဖြုတ်လိုက်သည်။

ဆရာမက ချီတုံချတုံဖြစ်နေသည့်အမူအရာဖြင့် အောက်နှုတ်ခမ်းကို ကိုက်ထားသည်။ သူ ဘာကို မျိုသိပ်နေတာပါလိမ့်။ ရှက်သွားတာလား၊ ဒေါသဖြစ်နေတာလား။

"ဒီအတန်းက အတန်းခေါင်းဆောင်နဲ့ဝမ်လီ ဆရာမရုံးခန်းကို လာတွေ့ပါ" ဟုပြောပြီး ထွက်သွားသည်။

ရန်အောင်စာပေ (၂)



သို့သော် အတန်းထဲဝင်စဉ်ကလို တက်ကြွသည့် ခြေလှမ်းများဖြင့် မဟုတ်တော့ပေ။

အတန်းထဲတွင် ဆူဆူညံညံ လှုပ်လှုပ်ရွရွ ဖြစ်နေဆဲကာလမှာပင် ကျွန်တော်နှင့်ဝမ်လီ ဆရာမ ရုံးခန်းဆီသို့ သွားကြရသည်။ ဆရာ၊ ဆရာမတွေ၊ ကျောင်းသူ၊ ကျောင်းသားတွေ လေ့ကျင့်ခန်းလုပ်ရန် ကွင်းထဲသို့ ဒလဟော ထွက်သွားကြ၏။

ရုံးခန်းထဲရောက်တော့ ဆရာမကို တွေ့ရသည်။ စားပွဲတွင် မထိုင်သေး။ မတ်တတ်ရပ်လျက် ကျွန်တော်တို့ကို စောင့်နေပုံရ၏။

ကျွန်တော့်နောက်မှ ခြေတစ်ဖက်ကျိုးဝမ်လီတစ်ယောက် ဒယီးဒယိုင်နှင့် ထော့နင်းထော့နင်း လိုက်ပါလာသည်ကို ကြည့်ပြီး ဆရာမ အထိတ်တလန့် ဖြစ်သွားပုံရသည်။ အကြာကြီး ကြက်သေသေနေ၏။

ပြီးမှ ကျွန်တော်တို့ဆီလျှောက်လာပြီး တုန်တုန်ယင်ယင် ပြောလေသည်။

"ဆရာမကို ခွင့်လွှတ်ပါ ဝမ်လီရယ် .. ဆရာမတောင်းပန်ပါတယ်နော်၊ ဆရာမ မင်းကို ဒီမေးခွန်း မမေးသင့်ဘူးကွယ်.."

အတန်းထဲမှာတုန်းကလိုပင် ဝမ်လီငြိမ်ပြီး ရပ်နေသည်။ သူ့ ပါးပြင်ပေါ်တွင် မျက်ရည်တစ်ပေါက်လိမ့်ကျလာသည်ကို ကျွန်တော် တွေ့လိုက်ရ၏။

*Reel by Xing Ge*

၁၉၈၈ ခုနှစ်၊ ဇူလိုင်လ၊ မဟေသီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## ဦးရဲ့သမီး

(၁)

ရှခင်းသာတည်းခိုရိပ်သာ၏ ထမင်းစားခန်းထဲတွင် မစ္စလိုမတ်စ်နှင့် မစ္စတာဆန်ဒါးဆင်တို့ ညစာကို တိတ်ဆိတ်စွာ စားသောက်နေကြသည်။ စားပွဲတစ်ခုစီတွင် ထိုင်စားနေကြခြင်းဖြစ်၏။ တည်းခိုရိပ်သာခန်းတွင် ဧည့်သည်ဆို၍ သူတို့နှစ်ဦးသာရှိသည်။

မစ္စလိုမတ်စ်မှာ အသက်အားဖြင့် ၃၅၊ ၄၀ ခန့်အမျိုးသမီးတစ်ဦးဖြစ်သည်။ အရပ်မနိမ့်မမြင့်၊ ဆံပင်မညီတညီနှင့် ဣန္ဒြေကြီးသည်။ ခပ်မှန်မှန်ခပ်အေးအေးနေတတ်ပုံက ခပ်ဆွေးဆွေးပုံ ဟန်ဆောင်နေဘိသို့။

မစ္စလိုမတ်စ်မှာ မပြောင်းလဲသော နိစ္စမ္မဝကျင့်ဝတ်မှာ စားရင်းသောက်ရင်း ပင်လယ်ပြင်ကို ငေးစိုက် ကြည့်နေတတ်ခြင်းပင် ဖြစ်သည်။

ယနေ့ မိုးဖွဲဖွဲရွာနေသည်။ ပင်လယ်ကမ်းခြေတွင် မိုးသက်မုန်တိုင်းဆင်လေတော့မည်။ အောက်တိုဘာလကုန်ပိုင်းသို့ ရောက်နေပြီ။ ဝသန္တရာသီကို နှုတ်ဆက်နေသည်ဟု မစ္စတာဆန်ဒါးဆင် ခံစားမိလိုက်ရ၏။ ရှခင်းသာတည်းခိုရိပ်သာသို့ သူရောက်လာသည်မှာ သုံးရက်ရှိခဲ့ပြီ။ မစ္စလိုမက်စ်က သူ့ကို 'မင်္ဂလာနံနက်ခင်းပါ' 'မင်္ဂလာနေ့လယ်ခင်းပါ' ထက်ပိုပြီး စကားမပြော။ 'မင်္ဂလာညပါ' ဟု နှုတ်ဆက်စကားဆိုဖို့အထိမူ မရင်းနှီးကြသေးပေ။

အမျိုးသမီးကို ကြည့်ရသည်မှာ အမြဲတမ်း သောကရိပ်သမ်းနေသည့် အသွင်ဆောင်နေ၏။ ဖွင့်ဟထုတ်ဖော်ရန်မသင့်သည့် ဝေဒနာတစ်မျိုးကို ခံစား





နေရသူတစ်ဦး၏ အသွင်မျိုး။ မိမိကိုယ်တိုင်လည်း ပျော်ပျော်ရွှင်ရွှင်ရှိလှသူတော့မဟုတ်ချေ။ ဇနီးဆုံးပြီးကတည်းက နေ့ရက်များသည် ခြောက်သွေ့လွန်းလာသည်။ အထီးကျန်နိုင်လွန်းလာသည်။ မစ္စတာဆန်ဒါးဆင်သည် အသက် ၅၂ နှစ်ရှိ လူကြီးလူကောင်းတစ်ဦးဖြစ်၏။ လူချောလူခန့်တစ်ယောက်လည်း ဖြစ်ပါသည်။ သို့သော် စိတ်ထဲတွင် မိမိအသက်ထက် ပိုပြီးအိုစာသလိုခံစားနေရသည်။ ရှခင်းသာသို့ ရောက်လာသော်လည်း ရွှင်ရွှင်ပျပျ မရှိလှချေ။

လတ်ဆတ်ဆတ်ဆတ်မရှိလှသည့် ဟင်းနံ့ကျွေးနံ့များက နေရာတကာတွင် နလုံးနာချင်စဖွယ် ပျံ့လွင့်နေ၏။ မေ့ဆေးနံ့ကို ရှူရသည်နှင့်မခြား။ နာမည်နှင့် မလိုက်ဖက်လှသည့် သည်တည်းခိုခန်းကို နောင်ဝေးဝေးရှောင်တော့မည်။

နောက်ဆုံးတွင် တွေးတွေးဆဆလေသံဖြင့် မစ္စတာဆန်ဒါးဆင်က—

"အင်း .. ကျွန်တော့် အထင်တော့ .." ဟု စကားစပြီး ရှေ့မဆက်ဘဲ ရပ်ထားသည်။

ပန်းကန်ခွက်ယောက်တွေကိုချဖို့ စားပွဲထိုးကောင်မလေး ရောက်လာသည်။ သူဘာမှ ဆက်မပြောဘဲ ဆားပန်းကန်ကို ဟိုရွှေ့သည်ရွှေ့ လုပ်နေသည်။ ကလေးက မစ္စလိုမတ်စ်၏ စားပွဲကို အရင်ပြင်သည်။ သည်တော့မှ မစ္စလိုမတ်စ်အား ပြောချင်သည့်စကားကို ဆက်ပြောဖို့သူဆုံးဖြတ်လိုက်သည်။

"အင်း .. ကျွန်တော့်အထင်တော့ ရာသီပြောင်းတော့မယ် ထင်တယ်"

"ပြောလို့မရဘူးရှင်၊ သည်လိုပဲ ဆက်ပြီး အီချင်အီနေတတ်တယ်"

စားပွဲထိုး မိန်းကလေးက ဝင်ပြောသည်။ မိန်းကလေးက တရင်းတနှီး လေသံဖြင့် ပြောခြင်းဖြစ်၏။ မစ္စတာဆန်ဒါးဆင် ပျော်သလိုလို ဖြစ်သွား၏။ ကောင်မလေးမှာ နုနုငယ်ငယ် အပျိုအရွယ်ကလေး။ ထမင်းစားခန်းမှ ထွက်သွားတော့ ခြေသလုံးဖွေးဖွေးကလေးကို သူငေးကြည့်နေမိသည်။

ဆိတ်သားပြုတ်ကြော်၊ အာလူးနှင့် ဂေါ်ဖီထုပ်ပန်းကန်တွေကို ကိုင်ပြီး ကောင်မလေး ပြန်ဝင်လာသည်။ ပြတင်းပေါက်ဘက်ကို မစ္စလိုမတ်စ် ငေးမြဲငေးနေဆဲ။ နှစ်ယောက်သား ဆက်စားကြသည်။ မစ္စလိုမတ်စ်သည် အစားအစာတွင် လုံးဝအာရုံမရှိဘဲ စားနေ၏။ ဆာလောင်ခြင်းမရှိ၊ အရသာခံခြင်းမရှိ၊ ချိုခြင်းငန်ခြင်းမသိ၊ မည်သည့်ခံစားမှုမှမရှိဘဲ စားနေပုံ။ တစ်ခုံတစ်ခုကို အလိုမကျဖြစ်နေဟန်။ တစ်ပြိုင်တည်းတွင် ယင်းကိုဖုံးကွယ်ရန် အားထုတ်နေပုံလည်းရ၏။ ထို့ကြောင့် မစ္စတာဆန်ဒါးဆင်သည် အမျိုးသမီးကို စိတ်မဝင်စားဘဲ မနေနိုင်အောင် ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်သူလဲ။ ဘာကြောင့် ဒီကိုရောက်နေခြင်းလဲ သိချင်စရာ တွေချည်းဖြစ်နေ၏။ လှို့ဝှက်ဆန်းကြယ်မှု သရဖူကို ဆောင်းထားသည့် အမျိုး သမီး။

အချိုပွဲရောက်လာပြန်သည်။ မစ္စလိုမတ်စ် ထသွားသည်။ ဆက်မစား တော့ဟုသည့် အဓိပ္ပာယ်။ သူ့ကို ရှိလေသည်မျှ မထင်ဘဲ ဘာမပြောညာ မပြော ထသွားခြင်း။

စားပွဲထိုးကောင်မလေး ကော်ဖီလာမပို့ခင် မိုးရွာချသည်။ ပင့်လယ် ပြင်သည် ချက်ချင်းအရောင်ပြောင်းသွားသည်။ ကမ်းခြေတစ်ဝိုက်တွင် မိုးသက် နှင့်ရောကာ လေပြင်းတွေပါ ကျလာသည်။ သူက စားပွဲထိုးကောင်မလေးကို နှုတ်ဆက်လိုက်သည်။ ကောင်မလေးက "ဦးဦး အပြင်မထွက်ဘူးလား" ဟု မေးသည်။

"အင်း .. ထွက်လည်း ထွက်ချင်ရဲ့၊ မထွက်လည်း မထွက်ချင်ဘူး။ ဘာလုပ်ရမှန်း မသိပါဘူးကွာ၊ ဘာလုပ်ရင် ကောင်းမလဲဟင်၊ မင်းကတော့ ဒီအရပ်အကြောင်း ကိုယ့်ထက်ပိုသိမှာပေါ့"

"ရုပ်ရှင်သွားကြည့်ချင် ကြည့်ပေါ့။ ဒါမှမဟုတ် မိုးတိတ်ရင် လမ်း လျှောက်ထွက်ပေါ့။ ကမ်းခြေဘက် လျှောက်လို့ သိပ်ကောင်းတာပဲ၊ လေ တဖြူးဖြူးနဲ့"

သည်ကလေးမ စကားပြောပုံက စားပွဲထိုးကောင်မလေးနှင့် မတူပါ လား၊ အမူအရာ လေယူလေသိမ်းကအစ အေးအေးဆေးဆေး၊ ယဉ်ယဉ်ကျေး ကျေး။

"မင်းဒီမှာ အလုပ်လုပ်တာ ကြာပြီလားဟင်"

ကောင်မလေးက မတ်တတ်ရပ်လျက်က ရယ်နေသည်။ ပြီးတော့ ရဲရဲတင်းတင်း အမူအရာဖြင့် ..

"ဒါ ကျွန်မတို့ဆိုင်လေ၊ ကျွန်မက မစ္စက်ဟာရက်ရဲ့ သမီးပါ"

"ဟာ.. ဒုက္ခပါပဲ။ ကိုယ်က မင်းကိုအလုပ်သမားလေး ထင်နေတာ"

"ဩဂုတ်လတုန်းက ကျောင်းပြီးတယ်လေ။ ကျွန်မအလုပ်ဝင်ဖို့ စောင့် နေတာ"

"ဟုတ်လား"

ကလေးမကို သေသေချာချာ ကြည့်လိုက်သည်။ မိန်းမချောလေး ဖြစ်၏။ ဝါကြန့်ကြန့်ဆံပင်ကို ခပ်တိုတို ညှပ်ထားသည်။ လက်မောင်းအိုး ကလေးက တစ်တစ်ရစ်ရစ်၊ နဖူးအကျလည်း လှသည်။





"ခုမှ မင်းကို သေသေချာချာ ကြည့်မိတယ်။ မင်းက အမေတူသမီးပဲ"

ကောင်မလေးက ရယ်သည်။ မစ္စတာဆန်ဒါးဆင်၏ ရင်ထဲတွင် ဆပ်ပါးသွားသည်။ ကလေးမနှင့်အတူ လိုက်ရယ်သည်။ သူတို့နှစ်ယောက် ချက်ချင်းရင်းနှီးသွားကြသည်။

"မင်း စားပွဲထိုးလုပ်ရတာ ပျော်နေတယ်ပေါ့ ဟုတ်လား"

ကလေးမ ပြုံးပြီး ...

"ဒီလိုပဲပေါ့"

"မင်း အပြင်လေး ဘာလေး မထွက်ဘူးလား"

"ထွက်တဲ့အခါ ထွက်ပါတယ်။ ဒါပေမယ့် ဒီလိုနေရာမျိုးမှာထွက် ပြီးတော့ကော ဘာလုပ်စရာရှိမှာလဲ"

"အေး .. အဲဒါကို ကိုယ်သိချင်နေတာကွယ်"

သူက ကော်ဖီငုံ့သောက်သည်။ ကောင်မလေးက မိုးရည်စက်တွေကို ငေးကြည့်နေ၏။

"အို .. ဘာလို့မဖြစ်နိုင်ရမှာလဲ" ဟု သူ့ဘာသာ တစ်ယောက် တည်း စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

"ကိုယ် ရုပ်ရှင်သွားကြည့်မယ်ဆိုရင် မင်းလိုက်မလား"

"လိုက်မယ်လေ၊ ကောင်းတာပေါ့"

သူ့စိတ် ရုတ်ခြည်းပို၍ပေါ့ပါး လွတ်လပ်သွားသည်။

"မစ္စလိုမတ်စ်ကိုတော့ မခေါ်ရဲဘူး၊ ကိုယ့်အသက်အရွယ်နဲ့ မခေါ်ရဲ စရာ မရှိပါဘူး၊ ဒါပေမယ့် မခေါ်ရဲဘူးလေ"

"ခေါ်လည်း သူလိုက်မှာ မဟုတ်ပါဘူး"

"ဟုတ်လား၊ ဘာပြုလို့လဲဟင်"

"သူက တစ်မျိုးပဲ၊ ယုံမှာ မဟုတ်ဘူး၊ ဟို ကျွန်မဆိုလိုတာက ယောကျ်ား မိန်းမ ဆက်ဆံရေးကို ပြောတာပါ၊ ဘယ်လောက်သန့်ရှင်း သန့်ရှင်းလေ၊ သူက စာအုပ်တွေထဲမှာပဲ သူ့ဘဝသူ မြှုပ်နှံထားတာ"

ကောင်မလေးက ချက်ချင်း စကားလမ်းကြောင်းပြောင်းပြီး ..

"ကဲ .. ရုပ်ရှင်သွားမယ်ဆိုရင် ကျွန်မ လစ်တော့မယ်၊ ရုံမှာ ဆုံမယ် နော်။ ကျွန်မတို့ အတူတူသွားမယ်ဆိုတာ လူတွေသိဖို့ မလိုပါဘူးနော်"

"ဒါပေါ့ကွယ်၊ ဒါပေါ့"

မိုးကာအင်္ကျီကိုယူဖို့ ပြန်အဝင်တွင် ဝတ္ထုစာအုပ်တစ်အုပ်နှင့် ဖြတ် လျှောက်သွားသော မစ္စလိုမတ်စ်နှင့် ဆုံသည်။ အမျိုးသမီးက ဘာမျှမပြော။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ခပ်တည်တည် လျှောက်သွားသည်။ မျက်လုံးအစုံကို ရှေ့တည့်တည့်တွင် စိုက်လျက်။ မိုးကုတ်စက်ဝိုင်းဆီမှ ဝိညာဉ်ရိပ်တစ်ခုကို လှမ်းကြည့်နေသည့်အလား။ သူ၏ အရောင်အဆင်းမဲ့မျက်လုံးညိုများတွင် ဝေဒနာအရိပ်ကို ထင်းစွာတွေ့မြင်ရ၏။ သည်အမျိုးသမီးမှာ အစာမကြေရောဂါများ ရှိနေသလား မသိဘူး။ မစ္စတာဆန်ဒါးဆင်တစ်ယောက်တည်း တွေးကြည့်နေမိသည်။

ကောင်မလေးနှင့် ရုပ်ရှင်ရုံတွင်ဆုံတော့ မစ္စလိုမတ်စ်အကြောင်းကို သူ တွေးမိသည့်အတိုင်း ပြောပြလိုက်သည်။ သူတို့ ရုပ်ရှင်ရုံရောက်ချိန်တွင် မိုးစဲသွားပြီ။ သို့သော် လေကပြင်းထန်နေဆဲ။ ကောင်းကင်တွင်မူ ကြည်လင်စပြုလာ၏။

"ဒီလိုအချိန်ကို ရုပ်ရှင်ကြည့်ပစ်ရမှာ နှမြောစရာကြီးနော်။ ကမ်းခြေဘက် လမ်းလျှောက်ရအောင်လား" ဟု ကောင်မလေးက အကြံပြုသည်။ သူက "အင်း ... ကောင်းသားပဲ" ဟုဆိုပြီး အရှေ့စူးစူးဆီသို့ နှစ်ယောက်သား ထွက်ခဲ့ကြသည်။ ဆည်းဆာသည် ကြည်လင်တောက်ပနေသည်။

မြို့ပြင်သို့ရောက်လာကြသည်။ ဝါဖန့်ဖန့် သဲသောင်ပြင်ကို တစ်မျှော် တစ်ခေါ်လှမ်းမြင်ရသည်။ ကောင်မလေးက ခပ်သွက်သွက်လျှောက်နေသည်။ ဦးထုပ်ဆောင်းမထားသဖြင့် ဆံပင်တွေက မျက်နှာတစ်ဝိုက်တွင် တလွင့်လွင့်ဝဲလျက်။ စကားတွေ တတွတ်တွတ် ပြောလာ၏။ တကယ့်ကလေး တစ်ယောက်လို မြူးနေသည်။

ရုံခါတွင်ရပ်ပြီး ပင်လယ်ငှက်တွေ၊ အင်္ဂူစွန်းတွေနှင့် ကမ်းခြေ၏ ဟိုဘက်စွန်းမှ ဘုရားရှိခိုးကျောင်းကြီးများကို လက်ညှိုးညွှန်ပြပြီး "ကျွန်မ သိပ် သဘောကျတာပဲ" ဟု တဖွဖွပြောလာ၏။ သည်စကားလုံးကို သူကလေး အကြိုက်ဆုံး ဖြစ်ဟန်တူသည်။ သူကြိုက်သည့် ရှုခင်းနေရာတွေကို ညွှန်သည် အား လိုက်ပြနေသည့်အလား။ နောက်ဆုံးမှ သူတို့နှစ်ယောက် မစ္စလိုမတ်စ် အကြောင်းကို ပြောဖြစ်ကြသည်။ မစ္စတာဆန်ဒါးဆင်က ...

"ကိုယ်တော့ ဒီအမျိုးသမီးကို အစာမကြေရောဂါက နှိပ်စက်နေတယ်ထင်တာပဲ"

"ဒါတော့ မသိဘူး။ ဆောင်းတွင်းတိုင်း သူဒီကို ရောက်လာတတ်တယ်။ ဒါပါနဲ့ဆိုရင် လေးခေါက်ရှိပြီ။ နွေမှာလာတဲ့သူတွေ ပြန်ချိန်လောက်မှာ သူ ရောက်လာတတ်တယ်။ ပြီးတော့ အီစတာပွဲတော်အထိ နေတတ်တယ်"





"ဟုတ်လား၊ ဒါလောက်တင်ပဲလား"

"ဒါပဲ၊ ရောက်လာရင် ထိုင်ပြီးစာဖတ်နေတာပဲ။ အဲဒါဟာ သူ့ပုံသေလှုပ်ရှားမှုပဲ"

"ကိုယ်တော့ သူ့မှာ အဲဒီရောဂါရှိတယ် ထင်တာပဲ"

သည့်နောက် မစ္စလိုမတ်စ်အကြောင်းကို သူတို့မေ့သွားကြသည်။ မစ္စတာဆန်ဒါးဆင်က အလွန့်အလွန် ပေါ့ပါးရွှင်လန်းစွာဖြင့် လျှောက်နေ၏။ သူသည် ကုန်သည်တစ်ဦးဖြစ်၏။ ယခုလို နားရရိုက်တွင် သက္ကလပ်ထည်နံ့၊ ချည်ထည်နံ့တွေကို မရှူရှိုက်ရတော့ဘဲ ပင်လယ်ကမ်းခြေ၏သဘာဝအလှတွင် ယစ်မူးခွင့်ရကာ လွတ်လပ်လန်းဆန်းလျက်ရှိသည်။

"ခုလို လမ်းလျှောက်ရတာ ကိုယ့်အတွက်သိပ်တန်ဖိုးရှိတာပဲ။ ဒါထက် မင်းနာမည် ကိုယ့်ကိုမပြောရသေးဘူးနော်"

"ဖရီးဒါပါ ဦး"

"မစ္စလိုမတ်စ်ရဲ့ နာမည်အပြည့်အစုံကရော"

"မသိဘူးလေ"

မှောင်ရီပျိုးအချိန်တွင်မှ သူတို့ရပ်နားလိုက်ကြသည်။ ရေစပ်တွင် နှစ်ယောက်သားထိုင်ချလိုက်ကြသည်။ ကောင်မလေးက သဲသောင်ပြင်ပေါ်တွင် လှဲအိပ်လိုက်သည်။ သူကလည်း သဲပေါ်တွင် တံတောင်ဆစ်ထောက်ခါ ကိုယ်တစ်ပိုင်းလှဲလိုက်သည်။ သူကလေး၏ ဆံပင်က သဲနှင့် တစ်ရောင်တည်း ဖြစ်နေသည်။ လက်မောင်းနှစ်ဖက်ကို ဆန့်ပြီးလှဲနေခြင်းဖြစ်သည်။ ခပ်ကျပ်ကျပ် အဝတ်အစားများကြောင့် ကိုယ်နေဟန်ကောက်ကြောင်းများ အထင်းသား ပေါ်လွင်သည်။

ထိုစဉ်တွင်ပင် အမှောင်ထုက ပတ်ဝန်းကျင်ကမ်းခြေကို လွှမ်းခြုံလိုက်သည်။

ဒီရေတက်လာနေပြီ။ ဟိုအဝေးမှ သင်္ဘောကြီးများ သွားလာရာလမ်းကို နှစ်မိနစ်၊ သုံးမိနစ်ခန့်ငေးကြည့်နေ၏။ ပြီးမှ ကလေးမဘက်ကို တစ်ချက်ပြန်ငဲ့ကြည့်သည်။ ဖရီးဒါက သူ့ကို စူးစူးရဲရဲ ပြန်ကြည့်သည်။ ထိုအကြည့်တွင် ပွင့်လင်းစွာ ကြည့်နေခြင်းကို တွေ့ရ၏။ သူအလန့်တကြား ဖြစ်သွားသည်။

"ဘာမှန်းမသိဘူး၊ ဦးက သိပ်လေကန်တာပဲ"

အပြန်လမ်းတွင် တစ်ချိန်လုံးသတိပေးနေသည့် မိမိ၏ ဒုတိယအသံကို ကြားနေရ၏။ "သူဟာ ကလေးသာသာအရွယ်လေးနော် သတိထား"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်လျှောက်လုံး သူ့ခါးကလေးကို သိုင်းဖက်ပြီးပြန်လာခဲ့သည်။ သူ့အလိုကျ လိုက်လျောခြင်းပါ။

မြို့ထဲပြန်ရောက်တော့ လမ်းခွဲလိုက်ကြသည်။ စိတ်ထဲတွင် ပို၍ အိုမင်းသွားသည်ထင်၏။ ပင်ပန်းနွမ်းနယ် ကျန်ရစ်သည်။ လေထန်ထန်ညနေခင်းတွင် လမ်းလျှောက်ထွက်ရင်း မမျှော်လင့်ဘဲ ကြုံတွေ့ရသည့်စိတ်လှုပ်ရှားမှုသည် သူ့အတွက် သေးငယ်သည့် ကိစ္စမဟုတ်ပါချေ။

ရှခင်းသာကိုပြန်ရောက်မှ စိတ်ထဲပေါ့သွားကာ ရေမိုးချိုးပြီး အနားယူသည်။ ညနေစာဝိုင်းတွင် ထုံးစံအတိုင်း မစ္စလိုမတ်စ်နှင့်ဆုံရပြန်သည်။ ထုံးစံအတိုင်းပင် အမျိုးသမီးက နှုတ်ဆိတ်လျက်။ ဖရီးဒါလည်း ပေါ်မလာသဖြင့် စိတ်ထဲ မပျော်ဘဲဖြစ်နေ၏။ မစ္စက်ဟာရက်မှာ ခပ်ပျော်ပျော်နေတတ်သူဖြစ်၏။ နားကွင်းကြီး ဆွဲထားသည်။

တည်းခိုခန်းပိုင်ရှင် အမျိုးသမီးကြီးကိုယ်တိုင် ညစာကျွေးသော်လည်း မစ္စလိုမတ်စ် တစ်ခွန်းမှမဟ။ ညပိုင်းမို့ ပင်လယ်ရေပြင်ကို မမြင်ရတော့။ ပိတ်ထားသည့် တရုတ်ကပ်များကို ငေးစိုက်ကြည့်နေသည်။ လုံးဝ အပြောင်းအလဲမရှိ။

ပင်လယ်ရေပြင်၏ ဟိုမှာဘက်မှမိုးကုပ်စက်ဝိုင်းကို မမြင်နိုင်တော့သော်လည်း ကမ္ဘာတစ်ဖက်စွန်းမျဉ်းဖြောင့်သည် သူ၏ အသက်မဲ့ မျက်လုံးညိုများတွင် ထင်ဟပ်နေဘိသို့ရှိ၏။

ညဉ့်နက်သည်အထိ ဖရီးဒါပေါ်မလာသေး။ မစ္စလိုမတ်စ် သူ့အိပ်ခန်းဆီသို့တက်သွားပြီး မစ္စတာဆန်ဒါးဆင် တစ်ယောက်တည်း ပျော်ပျော်နေနည်းစာအုပ်ကို ဖတ်ကျန်ရစ်သည်။ အိပ်ခန်းထဲဝင်ဖို့ မတ်တတ်ရပ်ချိန်မှ ဖရီးဒါ ပေါ်လာသည်။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ရုတ်တရက် ဘယ်သူမှ စကားမစကြ။ ကလေးကလေးက ပြုံးပြုံးကလေးရပ်နေရာမှ ဧည့်ခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။ နှစ်ယောက်သားဧည့်ခန်းထဲသို့ ဝင်ခဲ့ကြသည်။ အမှောင်ထဲတွင် စကားတစ်ခွန်းမှ မပြောကြဘဲ ဖရီးဒါက သူ့ကို သိုင်းဖက်ပြီး နမ်းသည်။ သူက အလိုက်အထိုက် ပြန်ဖက်ထားလိုက်သည်။ စိတ်ပါလက်ပါ တုံ့ပြန်သည် မဟုတ်။

သူတို့နှစ်ယောက်ဧည့်ခန်းထဲမှ ပြန်ထွက်လာတော့ လှေကားမှခြေသံကြားရသည်။ အရိပ်တစ်ခုဖျတ်ခနဲ တွေ့လိုက်ရသလိုလို။

သူက စိုးရိမ်တကြီးဖြင့် ...

"ဘာပါလိမ့်၊ တစ်ယောက်ယောက် တို့ကို ချောင်းကြည့်နေတာထင်တယ်"





"ဘာမှ မဟုတ်ပါဘူး။ ဟုတ်တော့ကော ဘာဖြစ်လဲ"

ခဏနေတော့ သူနှုတ်ဆက်ပြီး လှချင်းခွဲလိုက်ကြသည်။ ဖရီးဒါက ဘာမျှဂရုစိုက်ဟန်မတူ၊ အပေါ်ထပ် အိပ်ခန်းရှိရာကို တက်သွားတော့ မစ္စလိုမတ်စ်၏ အခန်းတံခါး ဟနေသည်ကို သတိထားမိလိုက်၏။

(၂)

နောက်နှစ်ရက်အကြာတွင်မှ သူ့ကို မစ္စလိုမတ်စ် စကားပြောသည်။ သည်အတောအတွင်း သူနှင့် ကောင်မလေး နေ့စဉ် အပြင်ထွက်ဖြစ်ကြသည်။ တစ်ရက်က ရုပ်ရှင်ကြည့်ပြီး၊ တစ်နေ့တွင် ညဘက်မှောင်သည်အထိ ကမ်းခြေဘက်သို့ လမ်းလျှောက်ကြသည်။ ရုပ်ရှင်ရုံအထွက်တွင် မစ္စလိုမတ်စ်ကို လှမ်းမြင်လိုက်ရ၍ တအံ့တသြဖြစ်သွားသည်။ လက်တစ်ဖက်က ထီးနှင့် မိုးကာအင်္ကျီကို ကိုင်လျက် ပလက်ဖောင်းပေါ်တွင် ရေးကြီးသုတ်ပျာပုံသဏ္ဌာန်ဖြင့် လျှောက်နေသည်။

သူက ဦးထုပ်ကိုချွတ်၍ နှုတ်ဆက်တော့မည်ဆဲဆဲတွင် သူတို့ နှစ်ယောက်ကို မမြင်ဘဲလမ်းတစ်ဖက်သို့ ဖြတ်ကူးသွားသည်။ နောက်တစ်နေ့တွင် မစ္စလိုမတ်စ် သူ့ကို စကားစပြောသည်။ သူက နေ့လည်စာ စားအပြီးဧည့်ခန်းထဲတွင် သတင်းစာထိုင်ဖတ်နေစဉ်ဖြစ်သည်။ ခုတလော ဥတုသဘာဝမှာတပြီး နေလို့ကောင်းသည်။ စာဖတ်လျှင် စာထဲတွင်နစ်မြောနေတတ်သည်။ ကောင်မလေးတစ်ယောက်နှင့် တွဲနေသည့်အကြောင်းကို စဉ်းစားမိပြန်လျှင်လည်း နှလုံးမွေ့လျော် ပျော်ရွှင်နေမိ၏။ သို့သော် အရေးကောင်းတုန်း ဒိန်းဒေါင်းဖျက်သလို မစ္စလိုမတ်စ်ဘွားခနဲ ရှေ့တွင်ရပ်လာသည်။ တစ်စုံတစ်ခုကို ပြောချင်နေသည့် အမူအရာဖြင့်။ အမျိုးသမီး ဘာမှမပြောမီ သူ့အမူအရာကို အကဲခတ်လိုက်၏။ တစ်စုံတစ်ခုကို မကျေမချမ်းဖြစ်နေသည့်ပုံ။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက်။ မျက်လုံးအစုံက မိမိကိုကျော်ပြီး တစ်နေရာသို့စူးစိုက်နေ၏။ ဆောက်တည်ရာမရဖြစ်နေဟန်လည်း ရှိ၏။

သူ့ကိုကြည့်ပြီး နေမထိထိုင်မသာ ဖြစ်လာသည်။ ကတိုက်ကရိုက် ထရပ်တော့ ကုလားထိုင်တစ်လုံးကို တိုက်မိသည်။ လက်ထဲမှ သတင်းစာ လွတ်ကျသွား၏။ စာကြည့်မျက်မှန်ကို ကပျာကယာ ချွတ်လိုက်သည်။

"ရှင်နဲ့ခဏ စကားပြောချင်လို့"

မစ္စလိုမတ်စ် နိဒါန်းပျိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ဟုတ် .. ဟုတ်ကဲ့ ပြောပါခင်ဗျာ၊ ပြောပါ မစ္စလိုမတ်စ်"

သို့သော် အမျိုးသမီးက ရုတ်တရက် စကားမဆက်။ သူ နားထောင်နေသည်။ ခဏနေမှ ပိုင်စိုးပိုင်နင်းလေသံဖြင့် ဆိုင်းမဆင့်ဗုံမဆင့် ဖွဲ့ချက်တင်ပါလေတော့သည်။

"ရှင် ဟိုကောင်မလေးနဲ့ တွဲနေတာ ကျွန်မသိတယ်"

သူ တစ်စုံတစ်ခုကိုပြောဖို့ ပါးစပ်ပြင်နေတုန်း အမျိုးသမီးက ဆက်ပြောသည်။

"ရှင် လုပ်ပုံက လုံးလုံးမတရားဘူး၊ ရှင် သူ့ကို ဒီလိုပဲ နိုးကြောင်နိုးဝှက် တွေ့နေတယ်ပေါ့ ဟုတ်လား။ လုံးဝ မလုပ်သင့်ဘူး"

"လုံးဝ မတရားဘူးလို့ ခင်ဗျားထင်တယ်ပေါ့၊ ဟုတ်လား"

"အဲဒီအတိုင်းထင်တယ်၊ ရှင်လုပ်ပုံက ဟုတ်မှမဟုတ်တာ"

"ကဲ .. ဒါဆို ကျွန်တော်ဘာလုပ်ရမလဲ"

မစ္စလိုမတ်စ် ကျောက်ဆစ်ရုပ်လိုတွေပြီး ရပ်နေသည်။ အသက်ရှူမြန်လာ၏။ မခံချိမခံသာ ဖြစ်နေပုံရသည်။ သူ့အမှုအရာက ပေါက်ကွဲလုဆဲဆဲ ဗုံးတစ်လုံးနှင့်တူနေ၏။ မျက်လုံးတွေက ရီဝေဝေ။ အိပ်မက်မျက်လုံးများ မဟုတ်တော့။ မျက်ဝန်းနက်များသည် တဖျပ်ဖျတ် ကခုန်လှုပ်ရှားနေ၏။ ရယ်စရာကောင်းလောက်အောင် ဒေါသအမျက်ချောင်းချောင်းထွက်နေပုံလည်းရ၏။ အနီးမှုန်လုလု မျက်လုံးများက ခံစားမှုအဟုန်ကို တားဆီးနိုင်စွမ်းမရှိကြတော့ချေ။ ပြီးမှ ဝုန်းခနဲ ပေါက်ကွဲလေတော့၏။

"ရှင့်ကိုဘာလုပ်ရမယ်၊ ဘာကိုင်ရမယ်ဆိုတာ ကျွန်မက ပြောပြနေရမှာလား" ဟု ဆောင့်ကြီးအောင့်ကြီးပြောကာ အခန်းထဲမှ ထွက်သွားလေတော့သည်။

ဟာ .. သေတော့မှာပဲ။ အားလုံးပြောင်းတိပြောင်းပြန်တွေဖြစ်သွားပြီဟု စိတ်ထဲထင်လိုက်ရ၏။ သို့သော် ဒေါသဖြစ်မိသည်မှာ တဒင်္ဂမျှသာ။ ထိုနေ့ညနေတွင် ကောင်မလေးနှင့်အပြင်သို့ ထွက်ဖြစ်အောင် ထွက်ခဲ့သည်။ မစ္စလိုမတ်စ်အကြောင်းပြောပြတော့ ဖရီးဒါက "သာသနာ့ဖျက်မကြီး" ဟု မှတ်ချက်ချသည်။ နှစ်ယောက်သား တပျော်တပါးရယ်မိကြ၏။ ထိုနေ့ညညစာဝိုင်းအပြီးတွင် မမျှော်လင့်ဘဲ ထူးထူးဆန်းဆန်းတွေ ဖြစ်လာသည်။ ညနေပိုင်းတွင် သတင်းစာကို ကိုင်ပြီး ဧည့်ခန်းထဲသို့ ဝင်လိုက်သည်။ တစ်စုံတစ်ခု ဖြစ်တော့မည်လားဟု စိုးရိမ်စိတ်ဖြင့် ဖတ်လို့မဆုံးနိုင်သည့် စာအုပ်ကိုကိုင်ပြီး မစ္စလိုမတ်စ်ထိုင်နေသည်။





မစ္စတာဆန်ဒါးဆင် ထိုင်မည့်ဟန်ပြင်တုန်း အမျိုးသမီးက ထရပ်လိုက်သည်။ ပြီးတော့ အထူးဆန်းဆုံး၊ မမျှော်လင့်သည့် အဖြစ်နှင့်ကြုံရတော့၏။ တောင်းပန်တိုးလျှိုးခြင်းပြုသည်လေ။

"ဒီနေ့ ဖြစ်ရတဲ့ကိစ္စအတွက် ကျွန်မ တောင်းပန်ပါတယ်ရှင်"

သူဘာပြောရမှန်းမသိ ဖြစ်သွားသည်။ အမျိုးသမီးက စိတ်လိုက်မာန်ပါတောင်းပန်နေခြင်းဖြစ်၏။ သူက အတောင့်သားရပ်ပြီး နားထောင်နေရသည်။

"တခြားလူတွေရဲ့ကိစ္စကို ချောင်းမြောင်းစောင့်ကြည့်ဖို့ မလိုဘူးခင်ဗျ"

မစ္စလိုမတ်စ် တွေပြီးရပ်နေသည်။ မှန်နေသည့် သူ့ဖွဲ့ချက်ကို မငြင်းဘဲလက်ခံပုံရ၏။ ရီဝေဝေမျက်လုံးများကမူ ရီဝေနေဆဲ။ သောကရိပ်တွေ ဝိုပြီးထင်ဟပ်လာသည်။ အမျိုးသမီးကို ဆက်မကြည့်တော့ဘဲ မျက်နှာလွှဲလိုက်သည်။

သည်နောက်တွင်ပြောစရာ ဘာမှမရှိတော့သဖြင့် အခန်းထဲမှထွက်ခဲ့သည်။ မိုးကာအင်္ကျီယူပြီး လမ်းလျှောက်ထွက်ခဲ့၏။ ပင်လယ်လေတဖြူးဖြူး တိုက်နေသဖြင့် ညနေခင်းက အေးမြမြရှိလှသည်။ တည်းခိုခန်းပြန်ရောက်တော့ ဧည့်ခန်းထဲတွင် ဘယ်သူမှမရှိ။ ခလုတ်နှိပ်ပြီး ကော်ဖီမှာလိုက်သည်။ ကော်ဖီဇွန်းကို ဖရီးဒါလာပို့သည်။

"မစ္စလိုမတ်စ်အကြောင်း မင်းကိုပြောရအုံးမယ်၊ ဒါထက် သူ ဘယ်မှာလဲ၊ အိပ်ပြီလား"

"ရှစ်နာရီကျော်ကျော်လောက်ကတည်းက အပေါ်တက်သွားတယ်"

"ကိုယ့်ကို စောစောက သူ တောင်းပန်တယ်ကွ"

သူတို့နှစ်ယောက် အမျိုးသမီးအကြောင်း ဆက်ပြောပြီး ရယ်ပွဲဖွဲ့ကြပြန်သည်။ "အမျိုးသမီးက ဆိုးတော့မဆိုးဘူး။ အစာမကြေတဲ့ရောဂါကြောင့်သာ တိမ်တိမ်ပွေ့ပွေ့ ဖြစ်နေတာပါ"ဟု သူ့အမြင်ကို ထပ်ပြောသည်။

"သူ့ကြည့်ရတာ ကျန်းမာရေးကောင်းပုံပါပဲ၊ သူ့ကို ဦး ရုပ်ရှင်ခေါ်ပြကြည့်ပါလား။ ဘယ်လိုနေမလဲလို့လေ၊ ဘာဖြစ်လာမလဲ ကြည့်ရအောင်"

"သူက အဲဒီဆက်ဆံရေးမျိုးကို မယုံဘူးလို့ မင်းပဲပြောခဲ့တယ် မဟုတ်လား"

"ထားပါလေ၊ ဒါပေမယ့် ဦးစမ်းကြည့်ပါလား၊ အပျော်ပေါ့။ ရယ်စရာသက်သက်ပေါ့နော် ဦး။ စမ်းကြည့်မယ် မဟုတ်လားဟင်"

နောက်တစ်နေ့တွင် ခရီးသွားဟန်လွှဲသဘောမျိုးဖြင့် မစ္စလိုမတ်စ်ကို ရုပ်ရှင်ကြည့်ဖို့ခေါ်သည်။ အံ့ဩစရာတွေ့ရပြန်၏။ အမျိုးသမီးက လိုလို



www.burmeseclassic.com

www.burmeseclassic.com



ချင်ချင် လက်ခံသည်လေ။ ညစာစားအပြီးတွင် နှစ်ယောက်သား ထွက်ခဲ့ကြသည်။ လမ်းတွင် သူက ဘဝဆိုသည်မှာ ရေပွက်ပမာမျှသာဖြစ်ကြောင်း၊ တွေ့ခိုက် ဆုံခိုက် ရင်းနှီးချစ်ခင်စွာ ဆက်ဆံဖို့လိုကြောင်းများ ပြောတော့ အမျိုးသမီးက သူ့အယူအဆကို လက်ခံသည်။ သို့သော် ဘဝသည် တဒင်္ဂမျိုးမဟုတ်ဘဲ ရံခါတွင် ငြီးငွေ့ဖွယ် ရှည်လျားလှသည် ထင်ကြောင်း ပြန်လည်ဆွေးနွေးသည်။

မစ္စတာဆန်ဒါးဆင်က အမျိုးသမီး၏ ထင်မြင်ကို ဘဝင်မကျပေ။ သို့သော် နောက်ထပ် စကားများများ မပြောဖြစ်ကြတော့။

မစ္စလိုမတ်စ်က သည်ညနေအဝတ်အစားကို ဂရုတစိုက် ဝတ်လာသည်။ ခရမ်းရောင်ဦးထုပ်ကလေးကို ဆောင်းလာ၏။ ကုတ်အင်္ကျီအောက်မှ ပိုးအင်္ကျီကလည်း ဦးထုပ်နှင့်တစ်ရောင်တည်း။

အေးမြမြညချမ်းတွင် ပူအိုက်လှကြောင်း နှစ်ခါသုံးခါမျှ ထုတ်ညည်းသည်။ အမျိုးသမီးစိတ်လှုပ်ရှားနေသည်ဟု ထင်လိုက်၏။ တည်းခိုခန်းပြန်ရောက်ပြီး ထင်သည့်အတိုင်းပင်ပြောလိုက်တော့ ...

"ကျွန်မကော ဒီလိုပဲရှင့်၊ ဒါပေမယ့် ကျွန်မ တကယ့်ကို ပျော်ပါတယ်"

အိပ်ခန်းထဲသို့ မဝင်မီ လက်ဆွဲနှုတ်ဆက်ကြသည်။ သူ့လက်တွေ ပူနွေးနေကြောင်း အံ့သြစွာတွေ့ရ၏။ ချွေးကလေးများပင် စို့နေ၏။ ဝေဒနာတစ်မျိုးကို အပြင်းအထန် ခံစားနေရသည့်အလား။

နောက်တစ်နေ့ နေ့လည်စာစားအပြီးတွင် ဖရီးဒါက သိချင်၍ အခြေအနေကိုမေးသည်။ သူက ရယ်ကျဲကျဲ အမူအရာဖြင့် ...

"အင်း .. သူ့အတွက်တော့ သိပ်တော့မလွယ်ဘူး။ တော်တော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ တစ်ကိုယ်လုံးလည်း ပူနွေးနေတာပဲ"

"ဘာမှ မဟုတ်ဘူး၊ ဦးကို သူသဘောကျနေပြီ။ ဦးကို သူ့မျက်စိထဲမှာ ဓာတ်လိုက်မင်းသားထင်နေမှာ၊ ကောင်းတယ်၊ ကောင်းတယ်"

ထမင်းစားခန်းထဲတွင် သူတို့နှစ်ယောက်တည်းရှိသည်။ ဖရီးဒါက ပြီးတော့ဆက်ပြောသေး၏။

"နောက် သူနဲ့ သွားဦးမှာလားဟင်၊ ဖရီးဒါ သူ့ကို မနာလို ဖြစ်နေရဦးမှာလား ဦးဦးဓာတ်လိုက်မင်းသားရယ်"

"မပူပါနဲ့ကွယ်၊ သူနဲ့တစ်ခါတည်းတွဲထွက်ပြီးတာနဲ့ နောက် တစ်သက်လုံးမသွားဖို့ ဆုံးဖြတ်ပြီးသားဖြစ်နေပါပြီ"





ပြောရင်းစိတ်ထဲ စနိုးစနောင့်ဖြစ်လာသည်နှင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ တံခါးဝတွင်ရပ်နေသော မစ္စလိုမတ်စ်ကို တွေ့ရ၏။ အရုပ်တစ်ရုပ်လို ငြိမ်ငြိမ်ကြီးရပ်နေသည်။ ဘာတစ်ခွန်းမှမပြော။ ပြီးမှ ချာခနဲလှည့်ကာ ဧည့်ခန်းဘက်သို့ ထွက်သွားသည်။

"ဒီလိုပဲ ဖြစ်ရမယ်၊ သူ့ဘဝ သူသိသွားပြီလေ" ဟု ဖရီးဒါက မှတ်ချက်ချသည်။

"ဟုတ်ပါတယ်၊ ဒီဇာတ်လမ်း ဒီမှာပဲ ဆုံးပါပြီကွယ်"

ထိုနေ့မှစ၍ ရှုခင်းသာတွင် နောက်နှစ်ပတ်ဆက်နေသည်။ သူ့ကို မစ္စလိုမတ်စ် လုံးဝ စကားမပြောတော့။ စကားမပြောရုံမက သူရှိသည့်နေရာကိုပင် သတိမမူလေဟန်ဖြင့် နေသည်။ မြင်ဖူးစကပုံစံအတိုင်း ဝိညာဉ်မဲ့လောကသို့ ပြန်ရောက်သွားသည်။ ပင်လယ်ပြင်ကို ငေးသည်။ စားချိန်တန်စားသည်။ မိုးကုပ်စက်ဝိုင်းကို ငေးသည်။ ညအချိန်တွင် ပိတ်ထားသည့် တရုတ်ကပ် မျဉ်းဖြောင့်များကို စိုက်ကြည့်သည်။

ထူးခြားသည့်လှုပ်ရှားမှုကို တစ်ခါမျှသာ တွေ့လိုက်ရသည်။ တစ်ညနေ ဧည့်ခန်းထဲတွင် စာဖတ်နေရာမှ မော့ကြည့်လိုက်စဉ် အကြည့်ချင်းဆုံသည်။

အမျိုးသမီး၏ မျက်လုံးအစုံတွင် မုန်းတီးခြင်း၊ စက်ဆုပ်ရွံရှာခြင်း၊ မယုံသင်္ကာဖြစ်ခြင်းစသည့် စိတ်လှုပ်ရှားမှုမျိုးစုံဖြင့် ပဋိပက္ခဖြစ်နေကြသည်ကို တွေ့ရ၏။ ထိုမျက်လုံးအစုံက သူ့ကိုစိတ်ညှိုးနေသည့်နှယ်။ ယင်းမျက်လုံးများထဲတွင်ပင် ကြင်နာခြင်းတစ်ဝက်၊ နာကြည်းခြင်းတစ်ဝက် ရောထွေးနေသော သဝန်တိုခြင်းကိုလည်း မြင်ရ၏။

နောက်နှစ်ရက်မကြာတွင် ရှုခင်းသာမှ ပြန်လာခဲ့သည်။ မပြန်ခင်တစ်ညတွင် ဖရီးဒါကို နှုတ်ဆက်ထားပြီးပြီ။ ကလေးမလေးခင်ဗျာ မချိတင်ကဲ ခံစားရရှာသည်။

ရာသီဥတုကနွေးထွေးစပြုနေပြီ။ ပင်လယ်ကမ်းခြေတစ်ဝိုက်တွင် မှောင်မိုက်နေ၏။

နောက်ဆုံးတွင် ကလေးမက ...

"ဦးပြန်သွားရင် ကျွန်မ နေတတ်မှာမဟုတ်တော့ဘူး၊ ဘယ်လိုနေရမှာလဲဟင်၊ ပြောပါ ဦးဦးရဲ့ ရေထဲခုန်ချမိမလား၊ တစ်ခုခုလုပ်မိမလားဘဲ"

"ဩော် .. ကလေးရယ်၊ မမိုက်ရဘူးလေ"

"အို .. မိုက်မှာပဲ၊ မမိုက်စေချင်ရင် ဦး မပြန်နဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဦးက စားဝတ်နေရေးအတွက် အလုပ်လုပ်ရဦးမယ်လေကွယ်၊ နောက်ပိုင်းမှာ အလုပ်တွေရှိသေးတယ်။ ဦးပြန်လာခဲ့မှာပါ သမီးရယ်၊ အဲဒီတော့မှ ပြန်တွေ့ကြမယ်နော်"

"ဟင့်အင်း မယုံဘူး၊ ဦး ကျွန်မကို မေ့သွားမှာပါ"

"မမေ့ပါဘူးကွယ်၊ ဦး ဆက်ဆက်ပြန်လာမှာပါ၊ ဖရီးဒါက လိမ္မာပါတယ်ကွယ်၊ ပြီးတော့ ဦးကိုကတိပေးနော်၊ စိတ်လိုက်မာန်ပါ လျှောက်မလုပ်ပါဘူးလို့"

သို့သော် တောင်းသည့်ကတိကိုမူ မရခဲ့ပေ။ အပြန်လမ်းတစ်လျှောက်လုံး ရထားပေါ်တွင် စိတ်၏ငြိမ်းချမ်းမှုကို မရခဲ့။ မိုက်မဲစွာ စိုးရိမ်နေမိ၏။

ဖရီးဒါသည် အလွန်ပြင်းထန်သည့် မိန်းကလေးဖြစ်သည်။ သည်အတိုင်း ထားခဲ့ရသည့်အတွက် ရင်တထိတ်ထိတ် ဖြစ်နေရမိသည်။ စိတ်လှုပ်ရှားမှုဒဏ်ကို မထိန်းနိုင်ဘဲ ပေါက်ကွဲသွားနိုင်သည်။ အချို့ မိန်းကလေးများသည် အချစ်နှင့် ပတ်သက်လာလျှင် ထင်ရာစိုင်းတတ်ကြသည်။ အသက်ကိုပင် ရန်ရှာတတ်ကြသည်။

တစ်လမ်းလုံးတွေးလေ တွေးလေ ကိုယ့်ကိုယ်ကိုယ် ဒေါပွမိလေဖြစ်နေ၏။

အိမ်ပြန်ရောက်လို့ တစ်ပတ်အကြာတွင် စာတစ်စောင် ရောက်လာသည်။ ဖရီးဒါကိုယ်တိုင်ရေးလိုက်သည့်စာ။ စာနှင့်အတူ သတင်းစာဖြတ်ပိုင်းတစ်ခုလည်း ပါလာ၏။

ကိုယ့်ကိုယ်ကိုသတ်သေသွားသူမှာ ဖရီးဒါမဟုတ်။ မစ္စလိုမတ်စ်ဖြစ်လေသည်။ ဖရီးဒါ၏စာထဲတွင် အဖြစ်အပျက်မှာ တုန်လှုပ်ချောက်ချားဖွယ်ကောင်းလှကြောင်း သူဘာကြောင့် ဒီလိုလုပ်သွားသည်ကို နားမလည်နိုင်အောင် ဖြစ်နေကြောင်းများ ပါရှိသည်။

မစ္စတာဆန်ဒါးဆင်ကိုယ်တိုင်လည်း နားမလည်နိုင်ပါချေ။

*The Case Of Miss Lomas by H.E. Bates*

၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ၊ မဟေသီမဂ္ဂဇင်း

# ဆရာမနဲ့ ကျွန်တော့်အဖေ

ဖေဖေသာ ကျွန်တော့် ကျောင်းစာတွေကို အိမ်မှာ ကူလုပ်မပေးရင်သည် ဇာတ်လမ်းဖြစ်လာမည် မဟုတ်ပါ။

ပြဿနာရဲ့ အစကတော့ သင်္ချာဘာသာမှာ ကျွန်တော် ညံ့ခြင်းပါပဲ။ အမှန်အတိုင်း ပြောရရင်တော့ ညံ့ဖျင်းရုံမကဘဲ သည်ဘာသာရပ်ကို ကျွန်တော် လုံးဝ နားမလည်တာပါ။ ရှုပ်လည်းရှုပ်သေးရဲ့။ ပြီးတော့ ဘာမှလည်း သုံးလို့ရတဲ့ ပညာမဟုတ်ဘူး။ ရိုးရိုးရှင်းရှင်း ကိစ္စတွေဆိုရင် ကျွန်တော် မကြောက်ပါ။ လာစမ်းပါ .. ဘယ်ရင်လို၊ ဘာဘာရေတာလို၊ လီတာလို လူတိုင်းနားလည်သင့်တဲ့ ပစ္စည်းမျိုးတွေအကြောင်း။ ကျွန်တော့်အတွက် ဘာမှ မခက်ပါ။

ဖေဖေက ချာတာစာရင်းကိုင်ဘွဲ့ရ နာမည်ကျော် ငွေစာရင်းအရာရှိကြီးတစ်ယောက်ဖြစ်နေ၍ ကျွန်တော်သည်လို ဖြစ်နေတာလားလို့ စဉ်းစားမိပါတယ်။ ကျွန်တော့်အဖေက သင်္ချာကဝေကြီးလေ။ သူ့အတွက် သင်္ချာဆိုတာ ပလပ်တစ်လုံး ဖြုတ်လဲတာလောက် မခက်ဘူးဗျ။

ဒါချက်စတာကို ကျွန်တော်တို့ ပြောင်းလာခဲ့ကြလို့ ကျွန်တော်လည်း ကျောင်းပြောင်းခဲ့ရပါတယ်။ ကျွန်တော်တို့ သင်္ချာဆရာမက မစ္စစ်ဘင်းစတုန်းတဲ့။ ဆရာမကို ကျွန်တော် သဘောကျပါတယ်။ ချောလည်းချောတယ်ဗျ။ မျက်လုံးပြူးပြူးကြီးတွေက အပြာရောင်၊ ဆံပင်ကတော့ ပြောင်းဖူးမွေးရောင်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကလည်း အရွယ်ကောင်းဗျ။ ဒါပေမယ့် ဆရာမကတော့ ကျွန်တော့်ကို သဘောကျပုံ မရပါဘူး။

ကျောင်းရောက်စက ဒါလောက်မဟုတ်သေးဘူး။ တဖြည်းဖြည်းနဲ့ ကျွန်တော် သင်္ချာမှာ ဘယ်လောက်ချာကြောင်း သိသွားပြီး ကျွန်တော့် လေ့ကျင့်ခန်းစာအုပ်တွေထဲမှာ မှတ်ချက်တွေနဲ့ ရဲပတောင်းခတ်အောင် ရေးတော့တာပါပဲ။

တစ်နေ့တော့ အဖေ့ရဲ့ အလုပ်အကိုင်ကို ဆရာမကမေးလို့ ကျွန်တော် အမှန်အတိုင်း ပြောလိုက်ပါတယ်။ ဒီမှာတင် ကျွန်တော့် သင်္ချာစာအုပ်ထဲမှာ မင်နီကြီးနဲ့ ရေးချတော့တာပါပဲ။

"ချာတာစာရင်းကိုင်တစ်ယောက်ရဲ့ သားဆိုတာ မယုံနိုင်စရာပါပဲ" တဲ့။ ပြီးတော့ ဖြေထားသမျှ အပုဒ်တိုင်းမှာလည်း ကြက်ခြေတွေ ရဲနေအောင် ခတ်ထားသေးတယ်ဗျ။

ဖေဖေဟာ ကျွန်တော် သင်္ချာညံ့တဲ့အတွက် မကျေနပ်လှသော်လည်း ခုလို အရေးခံရတာကိုတော့ အစော်ကားခံရတယ်လို့ ထင်သွားပုံရတယ်။ တော်တော်လည်း ဒေါသထွက်နေတယ်ဗျ။

ကျွန်တော့်အဖြေတွေကို တစ်ပုဒ်ချင်းပြန်တွက်တယ်။

"ဟေ့ ..တစ်ပုဒ်က မှန်သားပဲကွ" လို့ ဖေဖေပြောတော့ ကျွန်တော် အံ့သြလို့မဆုံး ဖြစ်ရတယ်လေ။ ကျွန်တော့်အကြောင်း ကျွန်တော် အသိဆုံးပေါ့။

ဒါပေမယ့် ဖေဖေကပြောတယ်။ အဲဒီအပုဒ်က တကယ့်ကို မှန်တယ်တဲ့။ ဆရာမ အမှားပေးထားတာက မှားတာတဲ့။ သူဟာ ချာတာစာရင်းကိုင်တဲ့ဗျ။

အဲဒီမှာ ဖေဖေကလည်း အားကျမခံ ကောက်ရေးတော့တာပါပဲ။ အဖေ့ မင်က အစိမ်း။ ဆရာမရဲ့ ကြက်ခြေခတ်ကို ဝိုင်းချလိုက်ပြီး "သင်္ချာဆရာမ ဒီလိုမှားတာ ပိုဆိုးတယ်" လို့ မှတ်ချက်ရေးချလိုက်ပါတယ်။

ဆရာမက ကျွန်တော့်စာအုပ်ကိုစစ်ရင်း ဖေဖေ့မှတ်ချက်ကို တွေ့သွားတော့ မျက်နှာတစ်ခုလုံး ရဲတက်သွားတော့တာပဲ။ တစ်ခုခုကို ပြောမလိုလိုနဲ့ ပြောမထွက်ဘူး။ သိတယ်မဟုတ်လား၊ တစ်ခါတလေ အဲဒီလို ဖြစ်တတ်တယ်လေ။

မကျေမနပ်နဲ့ အဲဒီပြဿနာပုစ္ဆာကို ဆရာမ ပြန်စစ်တယ်။ ဖေဖေ ပြောတဲ့အတိုင်း မှန်နေတယ်။ ဖေဖေပြောလို့ ပြောရတာပါ။ ကျွန်တော်ကတော့





ဘယ်ဟာမှန်တယ်၊ ဘယ်ဟာမှားတယ် ဘယ်သိပါ့မလဲ။ ဒါပေမယ့် ဆရာ၊ ဆရာမတွေ မှားတတ်ပါသလားလို့တော့ ကျွန်တော် တွေးလိုက်မိတယ်။

ဆရာမက စာရွက်လွတ်ကလေး တစ်ရွက်ပေါ်မှာရေးပြီး ဖေဖေ့ကို ပေးခိုင်းပါတယ်။ ညနေကျတော့ ဖေဖေ့ကို ကျွန်တော် ပေးလိုက်တော့ ဖေဖေက ကျွန်တော့်ကို ဖတ်ပြတယ်။

"မစ္စတာကမ်းမင်းရှင့်၊ အဲဒီအပုဒ်မှန်တယ်ဆိုတာ ကျွန်မ သဘောတူပါတယ်။ ကျွန်မလည်း လူထဲက လူတစ်ယောက်မို့ မှားသွားမိတာပါ။ ဒါပေမယ့် ရှင်ရေးလိုက်တဲ့ မှတ်ချက်ကိုတော့ ကျွန်မ ဂရုမစိုက်ဘူးမှတ်ပါ" တဲ့။ အောက်မှာ လက်မှတ်ထိုးထားလိုက်တယ်။ ဂျူလီယာဘလင်းစတုန်းတဲ့။

သည်တော့မှ ကျွန်တော့်ဆရာမရဲ့ ပထမနာမည်ကို သိတာပါ။

ဖေဖေက တအားအော်ရယ်နေတယ်။

"စုန်းမအိုကြီးတော့ အရှိုက်မိသွားပြီကွ" လို့ ဖေဖေပြောတော့ ဘာပြုလို့ ဆရာမကို 'စုန်းမ' လို့ ပြောတာပါလိမ့်။ 'အိုကြီး'လို့ ဘာလို့ အထူးပြုပြောတာပါလိမ့်ဆိုတာ ကျွန်တော် နားမလည်ပါ။

ဇာတ်လမ်းက သည်မှာဆုံးဖို့ ကောင်းပါတယ်။ ဒါပေမယ့် မဆုံးခဲ့ဘူးလေ။ တခြားကြောင့် ဟုတ်ပါရိုးလား၊ ကျွန်တော်က သင်္ချာမှာ ဆက်ညံ့နေလို့ပေါ့။ ဆရာမကလည်း ကျွန်တော့်လေ့ကျင့်ခန်းစာအုပ်ထဲမှာ မှတ်ချက်တွေ ဆက်ရေးရတော့တာပေါ့လေ။

ဖေဖေက သိပ်သဘောကျပုံမရပါဘူး။ ဒါပေမယ့် ကျွန်တော့်အထင် ဆရာမရဲ့ မှတ်ချက်တွေကတော့ စောစောပိုင်းကထက် ပိုပြီး ယဉ်ကျေးလာပုံရပါတယ်။

"ဟယ်ရီ၊ မင်းရဲ့ အဘွားကြီး သိပ်ယဉ်ကျေးနေပါလား၊ ဖေဖေ့ကို ရယ်စရာလုပ်နေတာပါကွာ" လို့ ဖေဖေက မှတ်ချက်ချတော့ ကျွန်တော် နားမလည်နိုင် ဖြစ်ရပြန်ပါတယ်။

ဘာလို့များ ဖေဖေက ဆရာမကို သဘောမကျတာပါလိမ့်။ ပြီးတော့ ဆရာမနဲ့လည်း မတွေ့ဖူးဘဲနဲ့ ဘာလို့ အဘွားကြီးလို့ ပြောတာပါလိမ့်။

"ဟေး ..ဒီမယ်၊ အဘွားကြီး သွားတာတွေ ထွက်ကျသွားအောင် ဘို့ လုပ်ကြမယ်"

သည်လိုပြောနေတုန်းမှာ အဖေ့မျက်လုံးတွေ တောက်တောက်ပပဖြစ်နေတယ်ဗျ။

ကျွန်တော်က ဆရာမမှာ သွားတုတွေမရှိကြောင်း ပြောတော့ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



က "သွားစမ်းပါကွာ" ဆိုတဲ့ အမူအယာမျိုး လုပ်ပြတယ်လေ။ အင်း .. ဖေဖေဆိုတဲ့ လူတွေဟာ တစ်မျိုးကြီးတွေနော်။

"ဒီည သားရဲ့သချ်ာတွေ ဖေဖေ ပိုင်းတွက်ပေးမယ်၊ ပုစ္ဆာတိုင်းမှာ အမှန်တွေ့နေတာကို သူတွေ့ရင် သူ့မျက်နှာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ကြည့်ထား သား၊ ပြီးတော့ ဖေဖေ့ကို ပြန်ပြော"

မိဘတွေက ကျောင်းစာတွေကို ကူလုပ်ပေးရင် ဆရာမ မကြိုက်တတ်ကြောင်း ကျွန်တော်ပြောတော့ ဖေဖေက မျက်မှောင်ကုတ်ပြီး ပြောပါတယ်။

"ဘာ ..မကြိုက်ဘူး၊ ဟုတ်စ"

ညကျတော့ ထုံးစံအတိုင်း ကျွန်တော် သချ်ာထိုင်တွက်ပါတယ်။ ထုံးစံအတိုင်း တစ်ဝက်တစ်ပျက်နဲ့ တစ်နေတယ်လေ။ အဖေက နားခိုင်းပြီး ကျွန်တော့်ကို တယ်လီဗွီးရှင်း ကြည့်ခွင့်ပေးပါတယ်။

နောက်တစ်နေ့ မနက်ပိုင်းမှာ ဆရာမ ကျွန်တော်တို့စာအုပ်တွေကို ခါတိုင်းလိုပဲ စစ်ဆေးတာပေါ့။ ကျွန်တော်က အဖေမှာတဲ့အတိုင်း မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေပါတယ်။ ကျွန်တော့်စာအုပ်ကို ဖွင့်ကြည့်ပြီးတော့ ဆရာမ မျက်နှာ ရဲသွားပြန်ပါတယ်။ ဟိုတစ်ခါထက် ပိုနီသွားတယ်ဗျ။ ကျွန်တော့် စိတ်ထင်လို့လားတော့ မပြောတတ်ဘူး။

ပြီးတော့မှ ပြုံးလာတယ်။ ရယ်ချင်လို့ ပြုံးတဲ့အပြုံးမျိုးမဟုတ်ဘူး။ ဘယ်လိုပြောရမလဲ၊ တစ်ခုခု ရှာဖွေတွေ့ရှိသွားလို့ ကျေနပ်သွားတဲ့ အပြုံးမျိုး ခင်ဗျ။

စကားတစ်ခွန်းမှမပြောဘဲ ကျွန်တော့်ကို စာအုပ်ပြန်ပေးတယ်။ ပြုံးနေတုန်းပဲ။ ကျောင်းဆင်းခါနီးကျမှ ကျွန်တော့်ကို ပြောတယ်။

"ဒီမယ် ဟယ်ရီကမ်းမင်း ..ကိုယ့်သချ်ာ ကိုယ့်ဘာသာကိုယ်တွက်နော်" တဲ့။

ညနေ အိမ်ပြန်ရောက်တော့ ဖေဖေက ဆေးတံခဲကာ ပြုံးပြုံးကြီးနဲ့ ကျွန်တော့်စာအုပ်ကို ယူကြည့်တယ်။ သူ့နှုတ်ခမ်းပေါ်က အပြုံး ချက်ချင်း ပျောက်သွားတယ်ဗျ။ တစ်ခုခုကြောင့် စိတ်အနှောက်အယှက်ဖြစ်သွားပုံပါပဲ။

"သည်ဟာမကြီးက ဘာအဓိပ္ပာယ်လဲကွ"

ပါးစပ်ထဲက ဆေးတံ လွတ်ကျသွားတယ်။ ပါးစပ်က တတွတ်တွတ်နဲ့ ဆက်ပြောနေတယ်။ ကျွန်တော်တစ်ခုမှ နားမလည်လိုက်ဘူး။

စာအုပ်ကို ကျွန်တော်ပြန်ဖွင့်ကြည့်လိုက်တော့လည်း ဆရာမ မင်နီကြီးနဲ့





ရေးထားတာတွေကို ကျွန်တော် နားမလည်ဘူး။ ဘာတွေ ရေးထားလဲလို့ ဖေဖေ့ကို မေးကြည့်တော့ ကျွန်တော့်ကို ဟောက်တယ်ဗျ။

နောက်တစ်နေ့မနက် ကျောင်းဆင်းတော့ ကျောင်းခန်းအပြင်ဘက် ဝရန်တာမှာ ဖေဖေရောက်နေတာကို တွေ့ရပါတယ်။ ဆရာမကို တွေ့ချင်တယ်တဲ့။ အခန်းထဲ ပြန်ဝင်ပြီး တွေ့ခွင့်တောင်းလိုက်တဲ့။

ကျွန်တော် ဖေဖေပြောတဲ့အတိုင်း လုပ်ရတာပေါ့။ ဆရာမရဲ့ မျက်လုံးတွေ ဝင်းခနဲ တစ်ချက်လက်သွားတယ်ဗျ။ ဘုရား ..ဘုရား၊ ရန်ပွဲတော့ စပြီ ထင်ပါရဲ့။

"ကဲ ..မင်းအဖေကို ဝင်ခဲ့ပါလို့ ပြောလိုက်"

ဆရာမအသံက အေးစက်စက်၊ ကျွန်တော် သချ်ာမှားတိုင်း ဆူတဲ့ လေသံမျိုး။

အဲဒါနဲ့ ဖေဖေအခန်းထဲ ဝင်လာရော ဆိုပါတော့။ ဆရာမရဲ့ ရောမ စားပွဲကြီးဆီကို လျှောက်သွားပါတယ်။ ဆရာမက ဖေဖေ့မျက်နှာကို လှမ်းကြည့်တယ်။ ဟင် ..ဖေဖေ ဘာဖြစ်သွားပါလိမ့်။ တုန့်ခနဲ ရပ်သွားပြီး မျက်လုံးကြီးတွေ အပြူးသားနဲ့ ဆရာမကို စိုက်ကြည့်နေတယ်။ ဟော ..လက်ထဲက ဦးထုပ်လွတ်ကျသွားပြီ။ ပြန်ကောက်တော့ ထပ်လွတ်ကျမလို ဖြစ်သွားပြန်တယ်။ မစ္စစ်ဘလင်းစတုန်းက ...

"ကျွန်မနဲ့ စကားပြောချင်လို့ဆို၊ ဟုတ်လား မစ္စတာကမ်းမင်း .."

"ဟုတ် ..ဟုတ် ..ဟုတ်ကဲ့။ ဟို .. အဲ .."

ဖေဖေ အဲဒီလို မိနစ်ဝက်လောက် ဖြစ်နေတယ်ဗျ။ ခုမှ ကျွန်တော် သဘောပေါက်လာတယ်။ လက်စသတ်တော့ ဖေဖေက ဆရာမကို အရုပ်ဆိုးဆိုး အဘွားကြီးတစ်ယောက်လို့ ထင်နေတာကိုး။ ကျွန်တော်တို့ ဆရာမက ဘယ်လောက်ချော မချော ကျွန်တော် ပြောပြမယ်။

ကျွန်တော့်သူငယ်ချင်း ဂျင်မီကင်မွန်ပြောတာကို ပြန်ပြောပြမှာပါ။ ဆရာမအကြောင်း အိမ်မှာပြောတိုင်း သူ့အဖေက သူ့အမေကို ကြည့်ပြီး သက်ပြင်းချတယ်တဲ့။

အဲဒီညမှာ သချ်ာပုစ္ဆာတွေအကြောင်း ခါတိုင်းလို ကျွန်တော်တို့ သားအဖ မပြောဖြစ်ကြဘူး ထင်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဖေဖေ့ကြည့်ရတာ ရွှင်ရွှင်ပျပျ ဖြစ်လာသလိုပဲ ခင်ဗျ။ ဆရာမကလည်း ကျွန်တော့်အမှားတွေကို တွင်တွင် ကြက်ခြေခတ်နေတုန်းပါပဲ။ တကယ်မှားတဲ့အမှားတွေ ဖြစ်မှာပါ။ ဒါပေမယ့် မှတ်ချက်တွေတော့ နောက်ပိုင်းမရေးတော့ဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



အဖေက ကျွန်တော် နေ့တိုင်းလိုလို ကျောင်းဆင်းချိန်မှာ လာကြိုစပြုပါတယ်။ ဟိုလိုလို ဒီလိုလိုနဲ့ အကြောင်းတစ်ခုခုရှာပြီး ဆရာမနဲ့ စကား တစ်ခွန်းစ နှစ်ခွန်းစ ပြောတယ်ဗျ။ ဆရာမကတော့ ခပ်တည်တည်ပဲ။

တစ်နေ့ ကျွန်တော်ကျောင်းမှာ ဂျင်မီနဲ့ဆော့ရင်း ဘောင်းဘီခွကြား ပြဲထွက်သွားပါတယ်။ ဆရာမက မြင်သွားပြီး ..

"ဟောတော့ .. မင်းတော့ အမေအဆူခံထိတော့မှာပဲ" လို့ ပြောတယ် ဗျ။ အဲဒီတော့လည်း ကျွန်တော်က ပြန်ပြောရတော့တာပေါ့လေ။

"ကျွန်တော့်ကို မွေးပြီးပြီးချင်း အမေဆုံးသွားပါတယ် ဆရာမ"

ဆရာမ စိတ်မကောင်းဖြစ်သွားပုံ ရတယ်ဗျ။ မျက်နှာတွေလည်း နီသွားတယ်။ စိတ်လည်း ရှုပ်သွားပုံပဲ။ ဘာဆက်ပြောရမှန်းမသိဘဲ ပါးစပ် အဟောင်းသား ဖြစ်သွားတယ်လေ။

ညနေ ကျောင်းဆင်းတော့ ဆရာမက ကျောင်းဂိတ်ဝထိ ကျွန်တော် နဲ့ လျှောက်လိုက်လာတယ်။ စောင့်နေတဲ့ ဖေဖေနဲ့တွေ့တော့ ဆရာမက ကျွန်တော့် ဘောင်းဘီအပြဲနေရာကို လက်ညှိုးထိုးပြတယ်။ မဟုတ်ရင် ဖေဖေ သတိထားမိမှာ မဟုတ်ဘူးဗျ။

ဆရာမနဲ့ဖေဖေ နှစ်မိနစ်လောက် စကားပြောကြတယ်။ ကျွန်တော် က ဟိုငေး ဒီငေးနဲ့ပေါ့။ လှည့်ကြည့်လိုက်တော့ ဖေဖေ့ကားပေါ် ဆရာမက ရောက်နေပြီ။ အိမ်မှာ လက်ဖက်ရည်လိုက်သောက်မယ်တဲ့လေ။

မစ္စက်ဘီးမစ်ရှ် ဘယ်လိုများ ပြောမလဲ မသိဘူးနော်။ သူက ကျွန် တော်တို့ အိမ်ဖော်လေ။

မစ္စက်ဘီးမစ်ရှ်က ဆရာမကို သဘောကျပုံရပါတယ်။ ဖော်ဖော်ရွေရွေ ပါပဲ။ သည့်နောက်ပိုင်းတော့ ကျွန်တော်တို့အိမ်ကို ဆရာမ မကြာခဏ လက် ဖက်ရည် လိုက်သောက်တယ်လေ။

မစ္စစ်ဘလင်းစတုန်း ကျောင်းက ထွက်မယ်၊ ကျွန်တော်တို့ အိမ်မှာ လာနေပြီး ကျွန်တော့်ရဲ့ ဒုတိယအမေလုပ်မယ်လို့ သူတို့ပြောတော့ ကျွန်တော် သိပ်မအံ့ဩတော့ဘူးလေ။ ခု အဲဒီအတိုင်း ဖြစ်နေပြီဗျ။

အဲဒီလိုနဲ့ ကျွန်တော်တို့ ကျောင်းကို သင်္ချာဆရာ အသစ်တစ်ယောက် ရောက်လာပါတယ်။ ဆရာ့နာမည်က မစ္စတာဝက်ချ်တဲ့။

ဒီဆရာကလည်း ထိုနည်းလည်းကောင်းပဲဗျ။ ကျွန်တော့် အဖြေတွေ ပေါ်မှာ ကြက်ခြေတွေ ခတ်တာပါပဲ။

တစ်ညတော့ သင်္ချာတစ်ပုဒ်က ပြီးဖြစ်နိုင်းတွက်လို့မရအောင်ကို ကျွန်





တော့်အတွက် ရှုပ်နေပါတယ်။ ဘယ်က စရမှန်းကို မသိဘူး။ ဒါနဲ့ မစ္စစ် ဘလင်းစတုန်း .. အဲလေ .. ကျွန်တော့်မေမေက ကူတွက်ပေးပါတယ်။

အဲဒီအပုဒ်ကို ဆရာဝက်ချ်က မှားတယ်တဲ့ဗျာ။

ရှေ့လျှောက် ဘာတွေ ဖြစ်လာဦးမလဲ မသိဘူးနော်။

*Dad and My Teacher by Huge Miller*

၁၉၉၃ ခုနှစ်၊ ဧပြီလ၊ ကျောက်ဖြူမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## ချစ်၍ခေါ်ရာ

**အဖေက ကိုဆိုဗိုကိုပြန်လာစေချင်သည်။ ချစ်သူက ပြင်သစ်ကို လိုက်ခဲ့ဖို့ခေါ်နေသည်။**

စကော့ဂျေ။ မာစီးဒိုးနီးယား။

သံဆူးကြိုးကာ စခန်းပတ်ပတ်လည်တွင် အစောင့်အကြပ်တွေချထားသည်။ ကွက်လပ်အလယ် ရွက်ထည်တဲတစ်လုံးတွင် ဂျိုဆာနောက်တစ်ကြိမ် လန့်နိုးလာပြန်သည်။

မိန်းကလေး၏လိပ်စာမှာ စတင်ကိုဗစ် အမှတ်(၂)၊ စစ်ပြေးဒုက္ခသည်စခန်း၊ ရွက်ထည်တဲအမှတ် (၃၇-အေ) ဖြစ်ပါသည်။ ၂၄ နှစ်အရွယ် မျက်လုံးပြာပြာ၊ ရွှေရောင်ဆံပင်နှင့် ဂျိုဆာဆိုသော ထိုမိန်းကလေးသည် ဘဝတွင် ပထမဆုံးအကြိမ်အဖြစ် လွန်ခဲ့သည့် (၃)ပတ်က လူတစ်ယောက်ကို နမ်းခဲ့သည်။ ဓာတ်လမ်းစခဲ့စဉ်က ခလိုရင်ကွဲစရာအဖြစ်နှင့် ကြုံလိမ့်မည်ဟု သူလုံးဝမမျှော်လင့်ခဲ့ပေ။

"ခုတော့ ကျွန်မ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပါဘူးရှင်" ဟု ဂျိုဆာမာလစ်ကီက သနားစဖွယ် ညည်းညူရှာသည်။

သူအကြိမ်ကြိမ် အနမ်းပန်းတွေပေးဆက်ခဲ့သည့် ချစ်သူက သည်စခန်းမှ သူ့ကို ထုတ်ယူဖို့ စီစဉ်နေပြီ။ ချစ်သူက သူ့ကို ပြင်သစ်ပြည်သို့ မရအရခေါ်ပြီး လက်ထပ်မည်တဲ့လေ။

သို့သော် တစ်ဖက်တွင် အဖေက သဘောမတူ၊ အဖေ့ကို ဂျိုဆာ





ချစ်ခင် မြတ်နိုးလှပါသည်။ တစ်သက်လုံး အဖေ့စကားကို မြေဝယ်မကျ နားထောင်ခဲ့သည့် ဗိုင်းကောင်းကျောက်ဖိ သမီးပါ။

ယခုတော့ ဂျိုဆာကလေး လမ်းဆုံလမ်းခွသို့ ရောက်နေလေပြီ။

"ကျွန်မလိုက်သွားရင် မိသားစုနဲ့တစ်သက်လုံး ပြန်တွေ့ရတော့မှာမဟုတ်ဘူး။ မလိုက်သွားပြန်ရင်လည်း ကျွန်မချစ်သူနဲ့ ရှင်ကွဲ ကွဲရတော့မယ်"

လေယာဉ်ပျံထွက်မည့်ရက်က မနက်ဖြန်။

မိသားစုကို စွန့်မလား၊ ချစ်သူကို စွန့်မလား။

နောက်နှစ်ရက်ဆိုလျှင် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဖြစ်တော့မည်ဟူသည့် သတင်းများထွက်နေသည်။ သို့သော် ဂျိုဆာ မသိ။ ဂျိုဆာသိသည်မှာ တစ်ရက်အတွင်း ဘဝတွင် အရေးကြီးဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချရတော့မည်ဟူသည့်အချက်ပင်ဖြစ်လေသည်။

သည်လိုနေရာမျိုး၊ သည်လိုအချိန်မျိုးတွင် အချစ်ဓာတ်လမ်းတစ်ပုဒ်ဖြစ်ပေါ်ရှင်သန်လာလိမ့်မည်ဟု ဘယ်သူမျှော်လင့်ပါမည်လဲ။ ပူပြင်းခြောက်သွေ့လွန်းသည့် လွင်တီးခေါင်ဒေသ။ အရိပ်အာဝါသဟူ၍ ခိုစရာကပ်စရာ မရှိ၊ ချုံပုတ်ငယ်များ ကျိုးတိုးကျဲတဲသာ ရှိသည်။ ရွက်ထည်တဲများထဲတွင် လေထုက ပူလောင်လောင် အိုက်စပ်စပ်။ ဘယ်ကို ကြည့်လိုက်ကြည့်လိုက် ရှည်လျားလှသော လူတန်းကြီးများကို နေရာအနှံ့တွေ့နေရသည်။ ဘာပေးမည်မှန်း မသိဘဲ စောင့်ကြရသည့် စစ်ပြေးဒုက္ခသည်များ။

သတင်းကို စောင့်သူတွေရှိ၏၊ ရေကိုစောင့်သူတွေရှိ၏၊ အစားအစာအတွက် တန်းစီသူတွေ၊ ဆရာဝန်နှင့်တွေ့ဖို့ တန်းစီသူတွေလည်းရှိ၏။ တယ်လီဖုန်းပြောဖို့၊ အိမ်သာတက်ဖို့ တန်းစီသူတွေလည်းရှိ၏။ ရေတစ်ပုံးရဖို့ စောင့်နေကြသူများလည်းရှိ၏။ တွင်းတူးအိမ်သာများနှင့် ရွက်ထည်တဲတန်းမှာ သိပ်မဝေးလှ။ ဆိုးရွားလှသောအနံ့အသက်ကို မည်သို့မျှရှောင်ကွင်း၍မရ။

အဝီစိပွက်သလို အော်ဟစ်ဆူညံနေသံများက အမြဲမင်းမူနေပြီး ငြိမ်းချမ်းမှု၊ လွတ်လပ်မှုဟူ၍ မြူငွေ့မျှမရှိ။ မိုးတွေအုံ့ဆိုင်းလာပြီး လေထန်လာလျှင် ဖုန်တသောသောနှင့်။ ဂျိုဆာ၏အဝတ်အစားတွေဆိုလျှင် ဖုန်နိုင်းချင်းနှင့် ညစ်ပတ်စုတ်ပြတ်နေပြီ။ ဆော့ဗ်တွေ အိမ်တံခါးဝတွင်ပေါ်လာပြီး ဆယ်မိနစ်အတွင်း ထွက်ခွာရမည်ဟု အတင်းလာပြောသည့်နေ့ကတည်းက ဝတ်ထားသည့် အဝတ်တွေ။

ဧပြီလ (၁) ရက်နေ့တွင် ပရိစတီးနားနေအိမ်တွင် မိသားစုနှင့် အေးအေးလူလူ ဖဲကစားနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ (၂) ရက်နေ့တွင် အထိတ်တလန့်ဖြစ်နေကြသည့် အခြားလူအုပ်ကြီးနှင့်အတူ ရထားပေါ်သို့ ပြတင်းပေါက်မှအတင်းတွန်းတင်ခံခဲ့ရသည်။

ဧပြီလ (၃) ရက်နေ့တွင် မာစီဒိုးနီးယားနယ်စပ်သို့ အခြားဒုက္ခသည် (၆၀၀၀၀) နှင့်အတူ ရောက်ခဲ့သည်။ မိုးထဲလေထဲတွင် နေစရာမရှိဘဲ သောက်ရေနှင့် ပေါင်မုန့်ရဖို့ လိုက်တောင်းကြရသည်။ ကွင်းပြင်တစ်ခုလုံး ဗွက်ပေါက်ကာ ရွှံ့အလူးလူး ဖြစ်နေကြ၏။

ဧပြီလ (၄) ရက်နေ့တွင် သူတို့မိသားစုသည် ကွင်းပြင်ထဲမှ တိုးဝှေ့ထွက်လာပြီး ဘတ်စ်ကားတစ်စီးဖြင့် ခရီးဆက်ခဲ့ကြသည်။ ဤသို့ဖြင့် စတင်ကိုဗစ်အမှတ် (၃၇-အေ) သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

သည်စခန်းကို သူတို့မိသားစုရောက်လာသည်မှာ နှစ်လကျော်ခဲ့ပြီ။ အဖေကတော့ "တို့ မကြာခင် အိမ်ပြန်ရမှာပါကွာ၊ မပြန်ခင်တော့ ဒီမှာပဲဆက်နေကြတာပေါ့" ဟူသည့်စကားကို နေ့စဉ်ရက်ဆက် ပြောနေ၏။

သို့သော် တစ်နေ့ပြီးတစ်နေ့သာ ကုန်သွားသည်။ ကီလိုမီတာ(၆၀) သာဝေးသည့်အိမ်သို့ ပြန်ရမည့်နေ့ကား ရောက်၍မလာခဲ့ပါချေ။ ကိုယ်နှင့် မဆိုင်သည့် ဘဝထဲမှာ ရောနှောတိုးဝင်နေရ၏။

* * *

စခန်းကို ဆီးမြင်နေရသည်။ တောင်ကုန်းပေါ်တွင် ကယ်ဆယ်ရေး အဖွဲ့တစ်ဖွဲ့မှ ကမကထပြုပြီးဆောက်ထားသည့် စာတိုက်တဲတစ်လုံးရှိသည်။ အရပ်ရပ်သို့ စာရေးချင်သည့် ဒုက္ခသည်များအား သည်တဲက လိုအပ်သမျှ အကူအညီ ပေးသည်။ စခန်းကိုရောက်ပြီး နှစ်ပတ်အကြာတွင် ဂျူဆာက သည်တဲတွင် လုပ်အားပေးနေရာမှ ပြင်သစ်လူရွယ်နှင့် တွေ့ဆုံသိကျွမ်းခြင်းဖြစ်လေသည်။

အိမ်ကိုစွန့်ခွာခဲ့သည့်နေ့မှစ၍ နေ့စဉ် ငိုကြွေးခဲ့ရသည့် ဂျူဆာသည် သူနှင့် တွေ့သည့်နေ့မှစ၍ မငိုဖြစ်တော့ပေ။ ပြင်သစ်လူရွယ်က သူ့နာမည်ကို မေးသည်။ ဂျူဆာက လက်ဖက်ရည်သောက်မလား ပြန်မေးသည်။

ဘာကြောင့် သည်အဖြစ်မျိုးရောက်လာရကြောင်း သူကမေးတော့ ဂျူဆာက ဖြစ်ကြောင်းကုန်စင် ပြောပြသည်။

သူ့နာမည်က ဂျီးလက်စ်တဲ့။ စတင်ကိုဗစ်စခန်း တည်ဆောက်ရေးအတွက် ပြင်သစ်မှလွှတ်ထားသည့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်းလည်း သိရ၏။ သူက အယ်လ်ဘေးနီးယား စကားမတတ်၊ ဂျူဆာကလည်း ပြင်သစ်





လို နားမလည်။ သို့သော် နှစ်ယောက်စလုံး အင်္ဂလိပ်စကား အနည်းအကျဉ်း ပြောနိုင်ကြသဖြင့် တစ်ယောက်အကြောင်း တစ်ယောက် ပြောပြနိုင်ကြသည်။

ဂျီးလက်စ်က အသက်(၃၃)နှစ်ရှိပြီ၊ လူပျိုလူလွတ်၊ ခွေးတစ်ကောင်နှင့် အတူနေသည်။ ဂျူဆာ့အဖေက အဇစ်။ လွန်ခဲ့သည့်နှစ်ပေါင်း (၃၀)လောက်က ပါရီတွင် ခဏနေဖူးသည်။

ထို့ကြောင့် ဂျီးလက်စ်က အဇစ် မာလီကီနှင့်တွေ့ဖို့ ဆုံးဖြတ်လိုက်၏။ မိသားစုအားလုံး ပြင်သစ်ကိုလိုက်ခဲ့ဖို့ ခေါ်မည်။ စတင်ကိုဗစ် အမှတ်(၂)စခန်းသည် ဒုက္ခသည်များအား ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံများသို့ ပို့ပေးနေသည့် ကြားစခန်းတစ်ခုဖြစ်သည်။

ဂျီးလက်စ်နှင့် အဇစ်တို့ လက်ဆွဲနှုတ်ဆက်ကြပြီး စကားပြောဖြစ်ကြသည်။ အဇစ်က သမီးလုပ်သူကို အယ်လ်ဘေးနီးယားလူမျိုးနှင့်သာ အိမ်ထောင် ပြုစေချင်သည်။ ဂျီးလက်စ်ပြန်သွားသည်နှင့် ဖအေလုပ်သူက စကားစသည်။

"သူက သမီးကို လိုချင်နေပုံရတယ်၊ ဟုတ်လား" ဟု မေးသည်။

နောက်ရက်များတွင် ဂျူဆာကို ဖအေကြီးက နားချသည်။

"ပြင်သစ်ဆိုတာ ကောင်းတဲ့လူမျိုးမဟုတ်ဘူး သမီးရဲ့၊ ဆာဗီးယားတွေနဲ့ ဘာမှမထူးဘူး"

* * *

"အဖေ့ကို ကျွန်မ ဘာမှ ပြန်မပြောပါဘူး၊ ကျိတ်ငိုရုံကလွဲပြီး ဘာတတ်နိုင်မှာလဲနော်"

"သမီး သူနဲ့ကင်းကင်းနေ၊ ပြဿနာတွေရှုပ်ကုန်မယ်" အဖေကြီးက သမီးကို အမျိုးမျိုးနားချသည်။

သို့သော် ဂျူဆာသည် အချစ်၏ခွန်အားကို မလွန်ဆန်နိုင်ပါချေ။ တောင်ကျောပေါ်က တဲကလေးထဲတွင် တွေ့ခွင့်ရကြလျှင် စခန်းကိုငေးမောရင်း အပြန်အလှန် ထွေးပွေ့ယုယကြသည်။ တစ်နေ့တစ်နေ့ ဖုန်းဆက်စကားပြောရသည်မှာလည်း အားရနိုင်သည် မရှိကြ။

စခန်းမှ သူထွက်သွားသည်မှာ နှစ်ပတ်ရှိပြီ။ သူ့သူငယ်ချင်း ပြင်သစ်တစ်ယောက်က သူ့ဖုန်းဆက်လာလျှင် လက်ကိုင်ဖုန်းကို တောင်ကုန်းပေါ်ကို အပြေးအလွှား လာပို့သည်။

ဂျူဆာက ဂျီးလက်စ်ကို 'ကျွန်မရဲ့ ပြင်သစ်ချစ်သူ' ဟု ခေါ်လေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ သည်အကြောင်းတွေကို အိမ်က လုံးဝမရိပ်မိ။ ပြင်သစ်အဖွဲ့ထဲကလည်း ကိုးလက်စ်နှင့် ရင်းနှီးသူများလောက်သာ သိသည်။

တစ်နေ့တွင် အဝတ်ကိုတတ်နိုင်သမျှ ဖုန်ခါပြီး တောင်ပေါ်မှ ဆင်းလာခဲ့သည်။ ပြင်သစ်တို့ စခန်းချရာဘက်သို့ ဆက်လျှောက်လာခဲ့၏။ စတင် ကိုဇစ် အမှတ်(၂)စခန်းတွင် သူတို့တာဝန်ပြီးဆုံးပြီမို့ ပစ္စည်းတွေ သိမ်းဆည်းထုပ်ပိုးနေကြ၏။ အင်း ..တယ်လီဖုန်းကလေးပါ သိမ်းနေကြပြီထင်ပါရဲ့။

အဖေက နယ်စပ်ဘက် ရောက်နေသည်။ နိစ္စဓူဝ လုပ်နေကျအလုပ်ကို သူလုပ်နေခြင်းဖြစ်သည်။ အိမ်ပြန်ရမည့်သတင်းကို သွားထိုင်စောင့်နေခြင်းဖြစ်၏။ အဇစ်မှာ (၅၄)နှစ်ရှိပြီ။ တက္ကသိုလ်မော်ကွန်းထိန်းဌာနတွင် အလုပ်လုပ်နေဆဲဖြစ်၏။ သူ့မျက်နှာမှာ နေလောင်ထားသဖြင့် နီရဲနေသည်။ မုတ်ဆိတ်မွေး ကျိုးတိုးကျဲတဲနှင့်။

သူသည် စကားပြောရာတွင် ယဉ်ကျေးသိမ်မွေ့သူတစ်ယောက် ဖြစ်သည်။ နေအိမ်မှ မောင်းထုတ်မည့် ဆာ့ဗ်သုံးယောက် အိမ်ထဲဝင်လာသည်ကိုပင် ယဉ်ယဉ်ကျေးကျေး ဆက်ဆံသည်။

အဇစ်၏အဖေသည် ကိုဆိုဗိုတွင် မွေးပြီး ကိုဆိုဗိုတွင် ခေါင်းချသွားသည့် ကိုဆိုဗိုနယ်သားစစ်စစ်ဖြစ်သည်။ မိမိသည်လည်း အဖေ့လမ်းစဉ်ကို လိုက်ရပေမည်။ ကိုဆိုဗိုက ဘယ်မှမခွာ။

တောင်ကုန်းပေါ်မှ စာတိုက်တဲထဲတွင် ပဝါပါးကို ကြက်သားထုပ်နေသည့် သမီးဂျူဆာ၏ အကြောင်းကိုကား အဇစ်တစ်ယောက် မသိပါချေ။ ကိုးလက်စ်ပြင်သစ်နိုင်ငံသို့ ပြန်သွားပြီး၊ ကျိတ်စီစဉ်နေကြောင်းလည်း သူ မသိ။ ကိုးလက်စ်က ပြင်သစ်သံရုံးမှ ပုဂ္ဂိုလ်တစ်ဦးကို ဂျူဆာဆီလွှတ်ပြီး နောက်တစ်နေ့ လေယာဉ်နှင့်ပါအောင် စီစဉ်ထား၏။

လေယာဉ်ထွက်ရန်နှင့် ထွက်ချိန်နီးလာလေ ဂျူဆာတစ်ယောက် ဆောက်တည်ရာမရလေ ဖြစ်နေ၏။ တစ်ချိန်လုံး တယ်လီဖုန်းလာကြောင်း၊ သတင်းပို့မည့်ဆက်သားကို ရင်တထိတ်ထိတ်စောင့်နေ၏။ ထိုစဉ် ပြန်ကြားရေးသင်ပုန်းရှေ့တွင် အုတ်အော်သောင်းတင်းဖြစ်နေသည့် လူအုပ်ကြီးကြားမှ ညီမငယ် အရီတာ သူ့ဆီ ပြေးချလာသည်။

"ဂျူဆာ .. ဂျူဆာ .. ပြင်သစ် တဲ့"

ဟု အော်ပြောရင်း အတင်းပြေးဖက်သည်။ မနက်ဖြန်ထွက်မည့် လူစာရင်းတွင် မိမိနာမည်ပါသည်မှာ သေချာနေပြီ။ ထိုစဉ် တယ်လီဖုန်းဝင်လာသည်။





"ကျွန်မနာမည် ပါလာပြီ ပြင်သစ်ချစ်သူရေ၊ စိတ်မပူနဲ့၊ အင်း .. အင်း .. အင်းပါ၊ ဟုတ် .. ဟုတ်ကဲ့၊ အားလုံးစိတ်ချပါနော်"

သူကိုယ်တိုင်ကြေငြာသင်ပုန်းကို ပြေးသွားကြည့်သည်။ အမှတ်(၁၃)တွင် "အဇစ်မာလီကီ၊ တဲအမှတ်(၃၇-အေ)" ဟု အထင်အရှား တွေ့ရပြီးခုမှ ဂျူဆာ အထိတ်တလန့် ဖြစ်လာသည်။ မိမိဘဝကို ငယ်စဉ်တောင်ကျေးကလေးဘဝမှ ယခုတိုင် ပြုစုပျိုးထောင်လာသည့် ဖခင်ကောင်းတစ်ယောက်နှင့် ရင်ဆိုင်ရတော့မှာပါလား။

"အဖေက ခါးခါးသီးသီး ငြင်းတယ်ရှင်"

အချိန်မှာ မှောင်စပျိုးနေပြီ။ ကြက်သားဘူးနှင့် နို့ရသဖြင့် မိသားစုညစာ စားပြီးခါစ။ အားလုံး တိတ်ဆိတ်နေ၏။ ဖယောင်းတိုင်နှစ်တိုင်၏ အလင်းရောင်ကြောင့် မိသားစု၏အရိပ်များ၊ အဖြူရောင် ရွက်ထည်တဲနံရံတွင် ရှည်မျောမျော ထင်ဟပ်နေသည်။ အဖေ့ပုံရိပ်က နံရံတစ်ဖက်၊ သမီးပုံရိပ်က အခြား နံရံတစ်ဖက်။ ဓစ်ဆွဲ ကင်းဘတ်တံခါးကိုချထား၏။ ရေဒီယို မြည်နေသည်။ ဘာသတင်းမှ မလွှင့်သေး။ သီချင်းတွေသာ တစ်ပုဒ်ပြီးတစ်ပုဒ်လာနေ၏။

ဂျူဆာက အားလုံးကို ခွင့်တောင်းပြီး တဲအပြင်သို့ထွက်ခဲ့သည်။ လေတစ်ချက်အဝေ့တွင် သူ့တစ်ကိုယ်လုံး ဖုန်တွေ ထပ်တင်သွားပြန်သည်။ ထိုစဉ် ကြိုတင်အချက်ပေးခြင်းမရှိဘဲ ရုတ်ချည်းမီးပြတ်သွားသည်။ စခန်းတစ်ခုလုံး ပိန်းပိတ်မှောင်မည်းသွား၏။ တစ်ပြိုင်တည်းမှာတွင် အမှောင်ထဲမှ အော်ဟစ် ဆူညံသံများ နားကွဲမတတ် ထွက်ပေါ်လာသည်။

မှောင်နှင့်မည်းမည်း၊ သည်အသံဗလံတွေထဲတွင် အရိပ်တစ်ခုသည် အတုံ့အဆိုင်းမရှိ မပြေးရုံတစ်မည် ဆက်လျှောက်နေ၏။

"ဒီလမ်းကို ကျွန်မ မျက်စိမှိတ်ပြီးလျှောက်နိုင်နေပြီလေ"

နောက်နာရီများစွာ ဂျူဆာ ဆက်လျှောက်နေသည်။ စဉ်းစားရင်းလျှောက်၊ လျှောက်ရင်းစဉ်းစား။

"ဒီစခန်းကို ရောက်လာကြတဲ့လူတိုင်းဟာ တစ်နေရာရာကို သွားဖို့ရောက်လာကြတာပါ။ ကျွန်မအဖေသာ ကိုဆိုဗိုကို ပြန်မယ်၊ ဘယ်မှမသွားဘူးဆိုပြီး ခေါင်းမာနေတာ၊ ကျွန်မရဲ့ပြင်သစ်ချစ်သူအတွက် ကျွန်မအသည်းတွေတစ်စစီ ကွဲကြေနေပါပြီ။ ကျွန်မ အဖေ့အနားမှာ ဆက်နေရင် အချင်လိုဘယ်ပြန်ဖြစ်တော့မလဲနော်"

သန်းခေါင်လောက်ကျမှ တဲဆီကို ခြေဦးပြန်လှည့်ခဲ့သည်။ အိမ်သား



www.burmeseclassic.com

www.burmeseclassic.com



တွေ အိပ်မောကျနေကြပြီ။ စိတ်ထဲမှာသူတို့နဲ့ မတွေ့ချင်တော့သလိုပဲ၊ ဒါပေမယ့် ဝေးဝေးသွားဖို့ကလည်း မလွယ်ပြန်ဘူးလေ။ တဲအပြင်ဘက်တွင် ထွက်ထိုင်နေမိ၏။ အထဲဘက်ကို တစ်ချက်မှငဲ့မကြည့်။ သူတို့မနိုးခင် နေထွက်ချိန်တွင် တဲရှေ့မှ ထွက်လာခဲ့သည်။ စခန်းအလယ် ကွက်လပ်ဆီသို့ လျှောက်သွားသည်။

ဆွိဒင်သို့ပို့မည့်ဒုက္ခသည်များ ဘတ်စ်ကားပေါ်သို့ အလုအယက် တက်နေကြ၏။ အော်ကြ ဟစ်ကြ၊ ငိုယိုနှုတ်ဆက်ကြနှင့် စိတ်မချမ်းသာစရာ နေ့စဉ်မြင်နေကျမြင်ကွင်းဖြစ်သည်။ မိန်းမသားတွေသာမက ယောကျ်ားရင့်မာကြီးများလည်း ရှိုက်ကြီးတငင်ငိုနေကြ၏။ ဘတ်စ်ကားကြီး လေယာဉ်ကွင်းဆီသို့ ထွက်သွားလျှင် ဒုက္ခသည်တစ်သိုက် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့မည်။

သည်လူအုပ်ထဲတွင် ဂျူဆာ့သူငယ်ချင်းတစ်ယောက် ပါသည်။ မိမိနှင့် တိုင်ပင်ဖက်သူငယ်ချင်း။ သူက မိသားစုနှင့်အတူ ဆွိဒင်ကို လိုက်သွားတော့မည်။ သူကငိုတော့ ဂျူဆာလည်း ငိုချလိုက်မိတော့သည်။

ဘတ်စ်ကားကြီး ဝေါခနဲစက်နှိုးလိုက်၏။ သူငယ်ချင်းလုပ်သူက မှန်ပြတင်းတွင် လက်ညှိုးဖြင့် စာရေးပြသည်။ "ပြင်သစ်ကိုလိုက်သွား" တဲ့။ ကိုးနာရီတွင် ကားထွက်သွားသည်။ ဂျူဆာဆုံးဖြတ်ဖို့ သုံးနာရီသာ ကျန်တော့သည်။

တောင်ကုန်းပေါ်သို့ တက်လာခဲ့သည်။ စာတိုက်တဲထဲ ရောက်တော့ ထောင့်တစ်ထောင့်တွင် ဝင်ထိုင်လိုက်သည်။

"လိုက်သွားလို့ မဖြစ်ပါဘူး၊ လိုက်သွားရင် အဖေဒုက္ခဖြစ်မှာ၊ တစ်ခါမှ အိမ်ကခွာဖူးတာ မဟုတ်ပါဘူးလေ။ အယ်လ်ဘေးနီးယား တစ်ယောက်ယောက်နဲ့ အိမ်ထောင်ပြုလိုက်ရင်တော့ အင်း ..အဖေ့လို လူမျိုး ဖြစ်ဦးတော့၊ အယ်လ်ဘေးနီးယားအိမ်ရှင်မတစ်ဦးရဲ့ဘဝမှာ မလွယ်လှပါ။ ယောကျ်ားကို ခြေသုတ်ပုဆိုး၊ မြေစွယ်ကျိုး အောက်ခြေသိမ်း အလုပ်အကျွေးပြုရသည်"

အပြင်ဘက်တွင် ရေကားတစ်စီးရပ်ထားသည်။ ပလတ်စတစ်ပုံး ကိုယ်စီနှင့် လူတွေတန်းစီနေကြ၏။

အဖေနှင့်စကားပြောရတော့မည်။ စိတ်ညစ်ရဦးမည်။ ဘာပဲဖြစ်ဖြစ် သတ္တိမွေးရမည်။ "ကဲ .. အဖေ၊ အထုပ်အပိုးပြင်တော့၊ သွားကြမယ်၊ သမီးအားလုံး စီစဉ်ပြီးပြီ" လို့ပြောရင် သူ ဘယ်လိုမှ လက်ခံမည်မဟုတ်ပေ။

"အဖေ အသက်ကြီးပြီဆိုတာ သမီးသိပါတယ်၊ ဒါပေမယ့် သမီး





မသွားလို့ မရတော့ဘူး၊ တစ်နေ့တော့ ကိုဆိုဗိုကို ပြန်လာပါ့မယ်" ဟုပြောရင်ကော။

"သမီးက သမီးရဲ့ ပြင်သစ်ကောင်နဲ့ ပြန်လာမှာလားလို့ မေးရင်တော့ အဖေခေါ်လာစေချင်ရင် ခေါ်လာမယ်လေ" လို့ ပြန်ပြောလိုက်ရုံပေါ့။

"ကဲ .. သွားချင်သွား၊ ကိုယ့်ဘဝကိုယ်ဖန်တီး၊ အေး..မှားပါပြီဆိုပြီးတော့ ပြန်မလာခဲ့နဲ့" လို့လည်း ပြောနိုင်သေးသည်။

"တော်တော့၊ ပါးစပ်ပိတ်ထား၊ နောက်ထပ်တစ်ခွန်းမှမဟနဲ့" လို့ အပြတ်ငြင်းရင်ကော။

သည်လိုနှင့် ဆယ်နာရီထိုးသွားလေပြီ။

ကျွန်မ ဦးနောက်တွေပူအောင် ထိုင်စဉ်းစားပါ၏။ လိုက်သွားဖို့မှ တစ်ပါး အခြားမရှိပါပြီ။

ဆယ်နာရီခွဲ။

မဖြစ်သေးပါဘူး။ မိသားစု၏မျက်နှာများ ကျွန်မ မြင်ကွင်းထဲသို့ အလျှိုလျှိုဝင်လာ၏။

ဆယ့်တစ်နာရီ။

ပြင်သစ်တွင် မိသားစုမရှိ။ ညီအစ်ကိုမောင်နှမ မရှိ။ အထီးကျန်ဘဝ ပိုင်ရှင်တစ်ယောက်က ဒုက္ခသည်စခန်းမှ ချစ်သူမိန်းကလေး လာမှလာပါ့မလား ဟု ရင်တမမဖြစ်နေ၏။

စကော့ဂျီလေယာဉ်ကွင်းကို ဖုန်းလှမ်းဆက်မေးတော့ လေယာဉ်ကွင်းကို ရောက်မလာသေးကြောင်း၊ လေယာဉ်မထွက်သေးကြောင်း သိရသည်။

မွန်းတည့်ချိန်သို့ရောက်ခဲ့ပြီ။

စာတိုက်ထဲမှ ဂျူဆာ ပြေးထွက်လာခဲ့သည်။ ဖိနပ်ကို သေသေချာချာ ဖုန်သုတ်ထား၏။ ပခုံးတွင် အိတ်တစ်လုံးလွယ်လျက်၊ နောက်က ဘယ်သူမှမပါ။

"သွားမယ်၊ တစ်ယောက်တည်းလစ်တော့မယ်" ဟု ယတိပြတ်ဆုံးဖြတ်လိုက်သည်။ လေယာဉ်ကွင်းသို့သွားမည့် ဘတ်စ်ကားဆီသို့ ဦးတည်လျှောက်ချလာခဲ့၏။

မောင်လေးရော၊ ညီမလေးရော၊ အမေပါ ဘတ်စ်ကားဆီသို့ ပြေးချလာကြသည်။ "သွားချင်သွားပစေ၊ သွားတဲ့နေ့ကစပြီး ငါ့သမီး မဟုတ်တော့ဘူး" ဟု အဖေက ပြောသည်တဲ့။ အားလုံးက ငိုယို တားမြစ်ကြသည်။ သို့သော် လူအုပ်ထဲတွင် အဖေ့ကို မတွေ့။

"ဘယ်တော့မှ ငါ့သမီးမဟုတ်တော့ဘူး" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးဆာ ရှိက်ကြီးတငင် ငိုကြွေးလေသည်။ ဤသို့ဖြင့် လေယာဉ်ကွင်းသို့ ရောက်ခဲ့သည်။ ရဲအရာရှိက အပြာရောင်ဝတ်စုံနှင့် ရွှေရောင်ဆံပင်များပိုင်ရှင် မိန်းကလေးအားကြည့်ပြီးမေးသည်။

"ဂျိုးဆာပါလား ခင်ဗျာ"

ရဲအရာရှိက ဂျိုးဆာ့ကို စားပွဲတစ်လုံးဆီကို ခေါ်သွားပြီး ..

"ဂျိုးဆာ့အတွက် တယ်လီဖုန်းပါခင်ဗျာ"

"ဟဲလို" ဂျိုးဆာ ထူးလိုက်သည်၊

"ဂျိုးဆာ"

ထိုအသံသည် ဂျိုးဆာ့ တစ်ကိုယ်လုံးသို့ ပျံ့နှံ့စီးဝင်သွားသည်။

"သမီး .. ဂျိုးဆာ .. မသွားပါနဲ့သမီးရယ်၊ သမီးကို ဖေဖေ သိပ်သိပ်ချစ်ပါတယ်။ ပြန်လာခဲ့ပါနော်"

"သမီး သွားတော့မယ် ဖေဖေ"

ပြောပြောဆိုဆို ဖုန်းချပြီး လေယာဉ်ဆီသို့ ပြေးချသွားသည်။ အဖေ့ကို ကျောခိုင်းပြီး ပြင်သစ်ချစ်သူ၏ ရင်ခွင်သို့ ပြေးသွားနေခြင်းဖြစ်လေသည်။ ထိုသူက ချစ်သူကို ရင်နှင့်အမျှ မျှော်လင့်နေသူ၊ ချစ်သူလာမည့်လမ်းကို လည်တဆန့်ဆန့်တမ်းတနေသူ၊ မလာဖြစ်မှာတွေးပူပြီး ငိုကြွေးနေသူ၊ "ဟောဒါ အချစ်အတွက်" ဆိုပြီး လက်စွပ်ကလေးပေးခဲ့သူ။

ချစ်၍ခေါ်ရာ၊ ချစ်သူရှာသို့ လိုက်ပါသွားလေပြီဖြစ်သည့် မိန်းကလေး၏ နောက်ကွယ်တွင်ကား ..

သမီးလုပ်သူအား ဘယ်လိုမှ နားမလည်နိုင်ဘဲ၊ ဒုက္ခသည်စခန်းတွင် ကျန်ရစ်သည့် ဖခင်ဖြစ်သူ အဇစ်မာလီကီသည် ရင်ဘတ်ကို လက်နှင့်ဖိကာ "အား .. အရမ်းအောင့်တယ်"ဟု ညည်းညူလိုက်သည်။

သူ့နှလုံးက သူ့ကို ဒုက္ခပေးလေပြီ။

ချက်ချင်းထမ်းစင်ပေါ်တင်ပြီး ရွက်ထည်တဲဆေးခန်းသို့ တန်းပို့လိုက်ကြသည်။ ဖုန်အလိမ်းလိမ်းနှင့် ဆေးခန်းထဲတွင် အဇစ်ရောက်နေသည်မှာ လေးရက်ရှိသွားပြီ။

တနင်္လာနေ့သို့ရောက်ခဲ့၏။

"ကျွန်တော် အမျိုးမျိုးတောင်းပန်ပါတယ်ဗျာ၊ မရဘူး" ဟု ယူကျုံးမရ ပြောရှာသည်။

နှလုံးသွေးကြောတချို့ ပျက်ဆီးသွားကြောင်း၊ သို့သော် စိုးရိမ်စရာမရှိတော့ကြောင်း ဆရာဝန်ကရှင်းပြသည်။





"အင်း .. ဘယ်လိုမှ တားလို့မရဘူးနော်" ဟု သက်ပြင်းချပြီး ဘာသာ ပြောနေရှာ၏။ သမီးက ချစ်သူရှိရာသို့ ကောက်ကောက်ပါသွားချိန်တွင် အဖေလုပ်သူက နှလုံးရောဂါနှင့် ဗုန်းဗုန်းလဲကျန်ရစ်သည့်အဖြစ်၊ ဆုံးပြီး သူ ဘယ်တော့မှ ပြန်လာတော့မည် မဟုတ်တော့ပေ။

မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ အဇစ် ငိုကြွေးပြန်လေသည်။ သမီးဦးဆိုတော့ ပိုချစ်ရတာပေါ့ဗျာ။

* * *

ပြင်သစ်ပြည်တွင် သမီးလုပ်သူကလည်း တယ်လီဖုန်းကို ကိုင်ပြီး ရှိုက်ကြီးတငင် ငိုနေ၏။ ညီမလုပ်သူထံမှ ဖုန်းဝင်လာခြင်းကြောင့် ဖြစ်သည်။

ဖုန်းခေါ်ပြီး ဘာမှမပြောသဖြင့် ဂျိုးဆာက ငိုရှိုက်နေလျက်က ..

"ဝိုင်အိုလက် ပြောလေဟာ"

ညီမငယ် ဝိုင်အိုလက် ပြောမထွက်နိုင်အောင်ဖြစ်နေသည်။ အစ်မလုပ်သူ ထွက်သွားပြီးနောက်ပိုင်း အဖေ့အဖြစ်တွေကို ပြောသင့်ပါ့မလား။

ယခုထိ တစ်ယောက်ယောက် ဂျိုးဆာ့နာမည်ကို အဖေ့ရှေ့တွင် ပြောလိုက်လျှင် သူ အသက်ရှူရပ်မလိုဖြစ်နေဆဲ။

လုံးဝအဆက်အသွယ်မလုပ်ရဟု မိသားစုကို အဖေ အမိန့်ထုတ်ထားကြောင်းကိုလည်း ဝိုင်အိုလက် ပြောမထွက်ပါ။

နောက်ဆုံးတွင်မှ ကြိုးစားပြီး ပြောချလိုက်သည်။

"အဖေ တော်တော်ဖြစ်နေတယ် ဂျိုးဆာ"

"ဘာ .. ဘာပြောတယ် ဝိုင်အိုလက်"

"နင်လုပ်သွားပုံက မဟုတ်ဘူးလေ ဂျိုးဆာ၊ အဖေအိပ်ရာထဲမှာ လဲနေပြီ"

"ဒီမယ် ဝိုင်အိုလက်၊ အဖေ့ကိုပြောပါ၊ စိတ်ခိုင်ခိုင်ထားပါလို့၊ တင်းထားပေးပါလို့၊ နော် ညီမလေး"

"နင်နဲ့ငါ ဘာမှမတော်တော့ဘူး၊ နင်ဘယ်တော့မှ ပြန်မလာနဲ့လို့ အဖေကပြောတယ်"

ဝိုင်အိုလက် ဖုန်းချသွားသည်။

ရွှံ့တောဗွက်တောထဲမှ မိန်းကလေးသည် ပြင်သစ်နိုင်ငံတွင် အိပ်ရာခုတင်နှင့် ရေချိုးခန်းနှင့် လက်တွင် လက်စွပ်ကလေးနှင့် ပြည့်ပြည့်စုံစုံ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ သို့သော် ရွှေးစရာလမ်းဆုံလမ်းခွတစ်ခုကို ရောက်လာပြန်၏။ ဘာကို ယုံရမည်လဲ၊ ဝိုင်အိုလက်ပြောတာ ဖြစ်နိုင်ပါ့မလား။

"ကျွန်မညီမ လိမ်ပြောတာဖြစ်ရမယ်၊ အဖေ နေကောင်းနေတယ်ဆိုတာ ကျွန်မသိတယ်၊ ဒီမှာ ကျွန်မ ပျော်မယ်ဆိုတာလည်း ကျွန်မ သိတယ်" ဟု ဂျိုဆာ ကြေကြေကွဲကွဲပြောနေသည်။

*Kosooo Story by Tim Martin*

၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ၊ **Fashion Image** မဂ္ဂဇင်း

## ကျောက်ဆောင်ပေါ်မှာ

ကော်လိုရာဒိုတောင်ထွတ်များဆီသို့ လှမ်းမြင်ရသည့်မြင်ကွင်းမှာ ရင်သပ်ရှုမောဖွယ်အတိ ဖြစ်ပါ၏။ ဇူလိုင်လထဲမှာပင် ကျွန်တော်တို့ဝတ်ဝန်းကျင် တစ်ဝိုက်မှာ တောင်တန်းတွေအားလုံး နှင်းတွေဖုံးကာ ဆွတ်ဆွတ်ဖြူနေသည်။

ကျွန်တော်နှင့် ချစ်သူပေါလာတို့နှစ်ယောက် အပျော်ခရီးထွက်လာကြခြင်းဖြစ်ပါ၏။ သို့သော် ပျော်စရာသိပ်မကောင်းလှဘဲ ကျွန်တော့်စိတ်ထဲ ခိုးလိုး ခုလုဖြစ်နေသည်။

ကျွန်တော်က ချောင်းလယ်မှကျောက်တုံးတွေပေါ်ကို လွှားခနဲ လွှားခနဲ ပျော်ပျော်ပါးပါးခုန်ကျော်ပြီး သူရှိရာသို့ လိုက်သွားရမည့်အစား ကျောက်ဆောင်တစ်ခုအောက်တွင် အငူသားထိုင်ကျန်ရစ်၏။ ကြည်လင်ပြာလဲ့နေသည့် တောင်ကျရေက ကျောက်ဆောင်ကို အရှိန်အဟုန်ဖြင့် ဖြတ်သန်းစီးဆင်းနေသည်ကို ကျွန်တော်ထိုင်ပြီး ကသိုဏ်းရှုနေမိ၏။ ကိုယ့်ဟာကိုယ်တော့ ဟုတ်နေသည် ထင်၏။

ထွက်လာစက ကျွန်တော်တို့နှစ်ယောက် ပျော်ပျော်ပါးပါး ဖြစ်ခဲ့သည်။ သူ့ကို ကျွန်တော်တကယ်ချစ်မိနေပြီဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားပြီး ဖြစ်ပါ၏။

သည်နေ့ကျမှ ဘာဖြစ်မှန်းမသိဘဲ ပေါလာတစ်ယောက် ထူးထူးခြားခြား ပြောင်းလဲလာသည်။ သူစိမ်းပြင်ပြင် မကြင်စိမ်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကာလ ဒေသ ပယောဂကိုကြည့်ပါ။ ဘယ်လောက် ကြည်နူးချမ်းမြေ့စရာကောင်းသည့်နေရာမျိုးပါလဲ။ သို့သော် သူကကျွန်တော့်ကို အေးစက်စက် လုပ်နေသဖြင့် ရင်ထဲတွင် တနုံ့နုံ့ခံစားနေရ၏။ နှစ်ယောက်သားအကြားတွင် ရေခဲတောင်ကြီး သီးခြားနေသည့်အလား။ သည်တောင်ကို မောင်မဖြိုနိုင် ဖြစ်နေ၏။

ငြင်းပယ်ခံရသူတစ်ယောက်လို စိတ်ခတ်တွေကျပြီး အိတ်ထဲမှအိတ်ဆောင်ကျမ်းစာအုပ်ကလေးကို ထုတ်ပြီးဖတ်နေမိ၏။ ရင်ထဲကဝေဒနာ ကြေရာကြေကြောင်း ဖြစ်မလားဆိုပြီး ထုတ်ဖတ်မိခြင်းဖြစ်ပါသည်။

ဖတ်လက်စအခန်းကို ဆက်ဖတ်ဖို့ စာမျက်နှာရှာရင်း ကျွန်တော် သက်ပြင်းရှည်ကြီးတစ်ချက်ချမိပါသည်။ စာမျက်နှာကိုလှန်မိသည်နှင့် စိတ်မပါတပါ ကျွန်တော်ဆက်ဖတ်သည်။

"ရန်သူတွေကို ချစ်ပါ"

ဖတ်နေရင်း ကျွန်တော်စိတ်ပါလာသည်။ ပေါ်လာဟာ ကျွန်တော့ရန်သူလား၊ သူ လုပ်နေပုံက ရန်သူတစ်ယောက် ပမာ။ ဆက်ဖတ်သည်။

"သင့်ကို မကောင်းမှုပြုသူများအား အကောင်းဖြင့်တုံ့ပြန်ပါ"

သူ ကျွန်တော့်အပေါ် ဆက်ဆံနေပုံက မကောင်းမှုပြုနေသည်နှင့် မခြားပါ။ သူ့အပြုအမူကြောင့် ကျွန်တော်ထွက်ပြေးချင်နေပြီ။ သည်ဝေဒနာမျိုး ဘယ်သူ ခံစားနိုင်ပါမည်လဲ။

ကျွန်တော်က ဆက်ဖတ်သည်။ စာပိုဒ်များသည် ဖတ်လေ စိတ်ဝင်စားစရာ ကောင်းလေဖြစ်နေ၏။

"ပေးကမ်းလှူဒါန်းပါ။ ယင်းကုသိုလ်၏ တူသောအကျိုးကိုခံစားရပါလိမ့်မည်။ သင်က သည်ပေတံဖြင့်တိုင်းလျှင် သင့်ကိုလည်း ယင်းပေတံဖြင့် ပြန်တိုင်းပါလိမ့်မည်"

ကျွန်တော့်ကိုယ်ကျွန်တော် ပြန်လေ့လာမိ၏။ ပေါ်လာ့အပေါ် ကျွန်တော် ဒေါသဖြစ်နေသည်မှာ အမှန်ဖြစ်ပါသည်။ သူ့အပြုအမူက ကျွန်တော်တို့ ဇာတ်လမ်းဆုံးပြီဟု အရှင်းဆုံးပြနေချေပြီ။ ကျွန်တော် ကြိုးစားတည်ဆောက်ခဲ့သည့် မေတ္တာပေါင်းကူးတံတားကို သူဖြိုချဖျက်ဆီးနေပါပြီလား။

"ပေးကမ်းလှူဒါန်းပါ။ ယင်းကုသိုလ်၏တူသော အကျိုးကို ခံစားရလိမ့်မည်"

တောင်ကျရေတံခွန်များက ကျောက်ဆောင်ကျောက်တုံးများပေါ်သို့ တအားသွန်ချနေသလို ကျွန်တော့်အတွေးများသည်လည်း ခေါင်းထဲသို့အရှိန်





အဟုန်ဖြင့် စီးဆင်းနေ၏။ အချွေခင်ပွန်းကောင်းဆိုသည်မှာ ဘာပါလဲ။ ထိခိုက်နစ်နာသည့် အခါဖြစ်စေ၊ အထင်အမြင်လွဲမှားသည့် အခါတွင်ဖြစ်စေ အချွေခင်ပွန်းကောင်းတို့သည် ကွာဟမှုကို ဖြည့်တင်းကြ၏။ နားလည်မှု တံတား တည်ဆောက်ကြ၏။ မိတ်ဆွေစစ်မိတ်ဆွေမှန်သည် ပေးဆပ်သူသာ ဖြစ်၏။ ရယူသူ မဟုတ်။

ကျွန်တော်တစ်ဖက်သတ်တွေးပုံခေါ်ပုံကို ကျွန်တော်ပြန်သုံးသပ်မိပြီး တုန်လှုပ်သွားသည်။ ကျွန်တော်သည် ရန်လိုသည့်ရှုထောင့်မှ ကြည့်မြင်ခဲ့ခြင်းပါတကား။ မေတ္တာတရားကိုအခြေခံ၍ ဆင်ခြင်ရမည့်အကြောင်း ကျွန်တော် ယခုမှ နားလည်ခွင့်ရခဲ့ပါသည်။

"တားဆီးနေသည့် ရေခဲတောင်ကို ငါ့ဘက်က စဖြိုရမည်" ဟု ကျွန်တော့်ကိုယ်ကျွန်တော်ပြောလိုက်၏။ သို့သော် ပေါ်လာ့ကို ကျွန်တော့်ဘက်က စပြီး အလျှော့ပေးဖို့ကတော့ သိပ်မလွယ်ပါ။ ကျွန်တော့်ကို လုံးဝ ငြင်းလိုက်လျှင် ကျွန်တော်ပို၍ ခံစားရပါလိမ့်မည်။ သို့သော် စွန့်စားကြည့်သင့်သည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

ကျွန်တော်တို့ နှစ်ယောက် ကွဲသွားသည်မှာ တစ်နာရီကျော်ပြီ။ ချောင်းညာကို ဆန်တက်သွားပြီး သူ့ကို ကျွန်တော်ရှာသည်။ နောက်ဆုံးတွင် ကျောက် တုံးတစ်တုံးပေါ်တွင်ထိုင်နေသော သူ့ကို ကျွန်တော်မြင်ရသည်။ သူထိုင်နေသည့် ကျောက်ဆောင်ကို ချောင်းရေက ဆူညံစွာ တိုက်ခိုက်စီးဆင်းနေ၏။

ကျွန်တော်လာနေသည်ကို သူ သတိမထားမိပါ။ တစ်ဖက်သို့ မျက်နှာမူနေသောကြောင့် ဖြစ်ပါ၏။ ချောင်းရေစီးသံက ဆူညံလွန်းသောကြောင့်လည်း ကျွန်တော့်ခြေသံကို မကြားခြင်းဖြစ်ပါလိမ့်မည်။

သူနှင့် ကျွန်တော် ဆယ်ပေလောက်သာ ကွာတော့သည်။ သူ့ကို နောက်ဘက်မှကြည့်ပြီး စဉ်းစားလိုက်သည်။ အင်း .. သူ့ကိုရင်ဖွင့်ရမှာ ငါ အရှမ်းစိတ်လှုပ်ရှားနေပါကလား။ ကမ်းနဖူးမှ သစ်ပင်တွေဘက်ကို ကျွန်တော် အသာ တိုးကပ်လိုက်၏။ ကျွန်တော့်ရင်ခုန်သံကို ကျွန်တော်ပြန်ကြားနေရသည်။

ဒုတိယအကြိမ် သူ့အနားသွားဖို့ ကျွန်တော် ကြိုးစားပြန်သည်။ သို့သော် တစ်လှမ်းနှစ်လှမ်း လှမ်းပြီးနောက်တွန့်နေပြန်၏။ သိက္ခာကျမှာလည်း တစ်ဖက်က တွေးပူနေသေး၏။ သို့သော် ကျွန်တော့်ခေါင်းထဲတွင် "ပေးကမ်းလှူဒါန်းပါ။ ယင်းကုသိုလ်အတွက် တူသောအကျိုးပေးလိမ့်မည်" ဟူသည့် စကားလုံးများက ပဲ့တင်ထပ်နေ၏။

သည်စကားလုံးများက ကျွန်တော့်သတ္တိကို လှုံ့ဆော်ပေးနေ၏။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် ပြည့်ပြည့်ဝဝကားမဟုတ်။ တတိယအကြိမ်သွားဖို့ ကြိုးစားလျှင်လည်း လည်ထွက်လာဦးမည်ကို သိနေ၏။

အကြံတစ်ခု ခေါင်းထဲပေါ်လာသည်။ ကျွန်တော်အနားရောက်နေကြောင်း သူသိအောင်လုပ်မည်။ သူ မြင်သွားလျှင် ကျွန်တော်စကားစမည်။

ကျွန်တော်အော်လိုက်သည်။ သည်တော့မှ တောင်ကျချောင်း၏ ရေစီးသံကို ကျွန်တော်မလိုးအောက်နိုင်ကြောင်း သဘောပေါက်ရ၏။ သူကြားအောင် အော်ခေါ်ဖို့ မည်သို့မျှမဖြစ်နိုင်ပါ။ နောက်အကြံတစ်မျိုးရပြီး ကျွန်တော် ကျောက်ခဲဖြင့် ကောက်ပေါက်သည်။ သူ့ကိုပေါက်ခြင်းမဟုတ်ပါ။ သူ့နံဘေးကို ကျအောင်ပစ်ခြင်းဖြစ်ပါသည်။ သည်တော့မှ အလုပ်ဖြစ်တော့၏။ သူ လှည့်ကြည့်သည်။ သူ့ဆီရောက်အောင် ကျောက်တုံးများပေါ်သို့ ကျွန်တော် နင်းကျော်သွားသည်။

"ဟိုင်း"

အသံထွက်လာပုံက ကျွန်တော့်လည်ချောင်းထဲတွင် ကျောက်တုံးတစ်တုံး တစ်နေသည့်အလား။

"ကိုယ် ဒီမှာ ခဏထိုင်လို့ရမလားဟင်"

"အို .. ထိုင်လေ၊ ဘာလို့မရရမှာလဲ"

သူ့မျက်နှာက အံ့ဩနေပုံ။

"မင်း ဘာလုပ်နေတာလဲဟင်"

ဘာပြောရမှန်းမသိ ခဲရာခဲဆစ်ထွက်သွားသော စကားလုံးများ။

"ဩော် .. စဉ်းစားနေတာပါ။ ရှင်ကော"

"ကိုယ် စာဖတ်နေတာ၊ ကိုယ်ဖတ်ထားတာတွေ မင်းကိုပြမယ်နော်"

ကျွန်တော်က ကျမ်းစာအုပ်ကလေးကို ဆွဲထုတ်ပြီး ဖတ်ပြသည်။

"ရန်သူတွေကို ချစ်ပါ"

ကျွန်တော်က အကျယ်ရှင်းပြဖို့ကြိုးစားသေးသည်။ သို့သော် ကျွန်တော် ပျက်မည်စိုးသဖြင့် စာအုပ်ကိုပဲဆက်ဖတ်လိုက်သည်။

"ပေးကမ်းလှူဒါန်းဝါ။ ယင်းကုသိုလ်အတွက် တုသောအကျိုးပေးလိမ့်မည်"

လည်ချောင်းကိုရှင်းလိုက်ပြီး ပြတ်တောင်းပြတ်တောင်းဖြင့် စကားဆက် လိုက်သည်။

"ခုတလော မင်းနဲ့စကားပြောရတာ တစ်မျိုးကြီးပဲ၊ တို့နှစ်ယောက် ကြားမှာ ရေခဲနံရံကြီးခြားနေသလိုပဲ။ ဘယ်လိုဖြစ်သွားတာလဲဟင်၊ မင်း ကိုယ်နဲ့





နောက်ထပ်မတွေ့ချင်တောင်မှ သူငယ်ချင်းတွေလိုတော့ ကိုယ်ဆက်ခင်ပါရစေ။ မင်းကို ကိုယ်အရမ်းတွယ်တာတယ်၊ သံယောဇဉ်ကြီးတယ်ဆိုတာ ယုံပါနော်။ နောက်ထပ် မင်း ကိုယ်နဲ့မတွေ့ချင်တော့ဘူးဆိုရင်တော့ ကိုယ့်လောက် စိတ်ဆင်းရဲရမယ့်လူ ရှိတော့မယ်မထင်ဘူး။ သူငယ်ချင်းအဆင့်ကတော့ ကိုယ့်ကို လျှော့မချလိုက်ပါနဲ့နော်"

ကျွန်တော် ခဏနားပြီး သူ၏ဒေါသတကြီးတုန့်ပြန်မှုကို စောင့်နေလိုက်သည်။ ဤတွင် ကျွန်တော် ပါးစပ်အဟောင်းသားနှင့် အံ့ဩမဆုံး ဖြစ်ရပါတော့သည်။

"ကျွန်မ ဘာတွေစဉ်းစားနေတယ်ဆိုတာ ရှင့်ကို ပြောပြရမလား" ဟု ပေါ်လာက ဆိုလာသည်။

"အင်း .. ပြောပါဦး။ ဘာတွေများ စဉ်းစားနေလဲ"

"ကျွန်မ ရှင့်ကိုသဘောကျစပြုလာပြီ။ ဒါပေမယ့် ရှင် ငြင်းပယ်မှာကို ကျွန်မ အရမ်းစိုးရိမ်နေတာ၊ အရင်တစ်ယောက်နဲ့တုန်းကလည်း ကျွန်မ အကြီးအကျယ် စိတ်ဆင်းရဲခဲ့ရပြီ၊ အဲဒီအဖြစ်မျိုးနဲ့ နောက်ထပ်မကြုံချင်တော့ဘူး။ အဲဒါကြောင့် ကျွန်မရဲ့နှလုံးသားကို တံခါးပိတ်ထားချင်တာ။ ကျွန်မ ခုလို ရှောင်ဖယ်ဖယ်လုပ်မိတဲ့အတွက် ခွင့်လွှတ်ပါနော်"

ကျောက်ဆောင်ပေါ်မှာတင် သူနှင့်ကျွန်တော်စိုးရိမ်စိတ်တွေ တစ်ပြိုင်တည်းလွင့်ပြယ်သွားကြသည်။ ရေခဲနံရံကြီး ပျော်ကျသွားပြီ။

ဩော် .. တစ်စုံတစ်ယောက်ကို အဆိုးမြင်ဖို့လွယ်သလောက် အကောင်းမြင်ဖို့ ခက်ခဲလှပါတကား။

ရိုးသားစွာနှင့်အုတ်မြစ်ချနိုင်လျှင် သတ္တိရှိလာနိုင်ပါသည်။ သို့သော် ရေလယ်မှ ကျောက်ဆောင်ပေါ်တွင် ကျွန်တော်နောက်ထပ်ရခဲ့သည့် သင်ခန်းစာမှာ "ယုံကြည်စိတ်ချရသည့် မိတ်ဆွေကိုရှာပါ။ သူနှင့် ပွင့်လင်းဖို့ စွန့်စားပါ။ သည်လို စွန့်စားရာမှာ ရိုးသားမှုနှင့် လေးစားမှုကို အရင်းခံပါ" ဟူသည့် သင်ခန်းစာဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ယောက်အတွက်မူကား ကျောက်ဆောင်ပေါ်မှ အတွေ့အကြုံသည် အံ့ဩကုန်နိုင်ဖွယ်ဖြစ်ခဲ့ပါသည်။ နောက်(၆)လကြာသည့်အခါတွင် ကျော်ကြီးယာပြည်နယ်၊ အတ္တလန်တာမြို့၏ စိတ်ကူးယဉ်ချင်စရာကောင်းသည့် စားသောက်ဆိုင်တစ်ဆိုင်တွင် သူနှင့်ကျွန်တော်အတူထိုင်နေကြပါသည်။ သည် နေရာတွင် ကျွန်တော်က ပေါ်လာကို လက်ထပ်ခွင့်တောင်းလိုက်ပါသည်။ ဘဝကြင်ဖော်အဖြစ် လက်တွဲဖို့အဆိုပြုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်သည့်နေ့တွင် ကျွန်တော်တို့လက်စွပ်ချင်းလဲကြသည်။ လက်စွပ်နှစ်ကွင်းစလုံးတွင် ထွင်းထားသည့်စာကြောင်းကလေးမှာ "ပေးကမ်းခြင်းကုသိုလ်သည် တူညီသောအကျိုးကိုရရှိစေသည်" ဟူ၍ဖြစ်ပါသည်။

လက်စွပ်ကလေးကိုကြည့်မိတိုင်း ကိုယ့်ကိုယ်ကိုယ် ရယူသူမဖြစ်ဖို့၊ ပေးဆပ်သူသာဖြစ်နေဖို့ ကျွန်တော် အမြဲသတိရနေပါသည်။ ရိုးစင်းလှသောသည်စာတမ်းကလေးသည် ကျွန်တော်တို့၏ ၁၆ နှစ်တာ အိမ်ထောင်သက်တမ်းတွင် ကွဲလွဲချက်မှန်သမျှကို ညှိနှိုင်းပေးခဲ့သည့် စာတမ်းကလေးဖြစ်ပါလေသတည်း။

*On the Rock by Dick Purnell*

၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ **Fashion Image**မဂ္ဂဇင်း

## မျက်ကန်းဆရာဝန်

ဆရာဝန်ကြီး ဒေါက်တာမာလင်သည် ငယ်ရွယ်စဉ် ဆေးကျောင်းသားဘဝတွင် တစ်ဖက်စွန်းရောက် တစ်ယူသန်သမားတစ်ဦးဖြစ်ခဲ့သည်။ ကမ္ဘာကြီးထဲတွင် ကုရာနတ္ထိဆေးမရှိဘဲ မျှော်လင့်ချက်ကင်းနေသူများ၏ အရေးသည် အလွန်စိတ်ပျက်စရာကောင်းသည့် ကိစ္စတစ်ခုအဖြစ် စက်ဆုပ်စွာမြင်သည်။ သည်လိုဝေဒနာများသည် မနာကျင်စေဘဲ သေဆုံးသွားစေခြင်းက ပို၍ အဓိပ္ပာယ်ရှိသည်ဟု မြင်သည်။ သူတို့ကြောင့် အမှန်အသက်ရှင်ရမည့်သူတွေအတွက် အနှောင့်အယှက်ဖြစ်ရသည် မဟုတ်ပါလား။

သည်ကိစ္စကို အတန်းထဲတွင်လည်း သူငယ်ချင်းများနှင့် အမြဲတမ်းအငြင်းပွားရင်း "ငါတို့ ဒီနေရာကိုရောက်လာတာ လူနာတွေကိုဆေးကုပေးဖို့ ရည်ရွယ်ချက်နဲ့ ရောက်လာတာ မဟုတ်လား။ အကျိုးတွေ၊ အပြတ်တွေ၊ အကန်းတွေကို အကူအညီပေးဖို့ မဟုတ်လား" ဟုပြောလျှင် သူခေါင်းမာစွာပယ်ချတတ်သည်။

"ဆရာဝန်ဆိုတာ မကျန်းမာတဲ့လူတွေကို ကျန်းမာအောင်လုပ်ဖို့ပဲ။ မလုပ်နိုင်ရင် အဲဒီလူနာဘာကြောင့် ဝဋ်ခံနေမလဲ။ သေသွားတာက သူ့အတွက်ပိုကောင်းတာပေါ့" ဟု ဖွတ်ငြင်းတတ်၏။

သားဒီယပ်စ်မာလင်သည် နောက်ဆုံးနှစ်၌ ဆေးရုံတွင်တာဝန်ကျနေစဉ် ကလေးတစ်ယောက် မွေးဖွားခဲ့ရသည်။

မွေးလူနာ အမျိုးသမီးမှာ ဂျာမနီမှ ဝင်လာကြသည့် ဆိပ်ကမ်းမြို့ကွက်တွင် စုပြုံနေကြသော လူဆင်းရဲမိသားစုမှ ဖြစ်ကြောင်းသိရ၏။ မာလင်မွေးပေး



www.burmeseclassic.com

www.burmeseclassic.com



ရသည့်ကလေးမှာ ထိုအမျိုးသမီး၏ ဆယ်ယောက်မြောက်ကလေးဖြစ်၏။ သားယောက်ျားကလေးဖြစ်သည်။

ဟာ ..ခြေထောက်တစ်ဖက်က ဟိုတစ်ဖက်နှင့် မညီပါလား။ တစ်ဖက်က သိသိသာသာတိုနေတယ်။ လူကမူ စက်ရုပ်တစ်ရုပ်လို လုပ်နေကျအလုပ်ကို ဆက်လုပ်နေသည်။ စိတ်ကသာ ရှိတုံ့ချတုံ့ဖြစ်နေခြင်း။

"ဟာ .. ဒုက္ခပါပဲ။ ဒီကလေးက တစ်သက်လုံး လူစဉ်မီမှာမှ မဟုတ်ဘဲ၊ ကလေးအချင်းချင်းက သူ့ကို အကျိုးလို့ပဲ ခေါ်မှာပေါ့။ ဘဝတစ်လျှောက်လုံး အပြောင်အလှောင်ခံနေရမယ့် ဘဝထဲကို သည်ကလေး ဝင်လာစေသင့်သလား။ သူတစ်ယောက် မရှိတော့ကော ဒီကမ္ဘာကြီး ဘာလျော့သွားစရာ အကြောင်းရှိလို့လဲ"

သို့တစ်ဖက်တွင် သူ၏ဆရာဝန်လက်များက အလိုအလျောက် အလုပ်လုပ်လျက်ရှိ၏။ အဆုတ်ငယ်ငယ်ကလေး နှစ်ဖက်ထဲသို့လေမှုတ်သွင်းနေသည်။ နောက်ဆုံး သူစောင့်စားနေသည့် အသက်ရှူသံ သဲ့သဲ့ကလေး ပေါ်လာသည်။ ပြီးမှ မျက်နှာကလေးတစ်ခုလုံး သွေးရောင်ရဲလာကာ ဒေါသိတကြီးနှင့် ငိုသံလေး ဝါးခနဲ ထွက်လာသည်။

ဆရာဝန်လောင်းသည် ဆေးအိတ်ကိုကောက်ကိုင်ကာ အခန်းထဲမှ မကျေမနပ်နှင့် ထွက်ခဲ့၏။ တစ်လမ်းလုံး ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလာသည်။ လမ်းတွင် တွေ့ကရာကျောက်ခဲကို ကန်ကျောက်သွားသည်။

"ဘာကြောင့်၊ ငါ ဒီကလေးကို အသက်သွင်းပေးမိခဲ့ပါလိမ့်။ ကလေး တစ်ပြုံလုံးနဲ့ မဝရေစာစားနေရတဲ့ မိသားစုထဲကို ဒီ ဒုက္ခသည်ကလေး တစ်ယောက်ထပ်ထည့်ပေးသင့်သလား။ ဘာကြောင့် ငါ ဒီကလေးကို ကယ်မိပါလိမ့်။ သူ မရှိရင် ဒီကမ္ဘာပိုပြီးတော့တောင် သာယာအုံးမယ်"

နောင် နှစ်ပေါင်းများစွာ ကြာသည့်အခါ ဆရာဝန်ကြီး မာလင်သည် စက်မှုမြို့ကလေးတစ်မြို့တွင် ဇရာမဆေးခန်းကြီးဖွင့်ကာ နာမည်ကျော် ဆရာဝန်ကြီးဖြစ်နေပြီ။

ငယ်ငယ်တုန်းကလို မဟုတ်တော့။ မနုးမနပ်အတွေးအခေါ်တွေ မရှိတော့။ အားလုံးပြောင်းလဲလေပြီ။ တံတားအောက်မှာ ရေတွေအများကြီး စီးဆင်းသွားပြီဖြစ်၍ ဆရာဝန်ကြီးသည် ကိုယ်စွမ်းရှိသမျှ အလုပ်လုပ်ရင်းပင်ပန်းနွမ်းနယ်နေသည့် ဆရာဝန်ကြီးဘဝကို ရောက်နေခဲ့လေပြီ။

သို့သော် ငယ်ငယ်တုန်းကလို ဘယ်ရွေ့ဘယ်မျှ မုချအသက်ရှင်ရမည်။ ဘယ်ရွေ့ဘယ်မျှက ... စသည် စသည်တို့ကို မတွက်ချက်နိုင်တော့ပြီ။





တွက်ချင်စိတ်လည်း မရှိတော့။ အကြောင်းမဟုတ်တော့ပြီ။

ဆရာဝန်ကြီး၏ ကိုယ်ရေးကိုယ်တာဘဝတွင် စိတ်မချမ်းမြေ့ဖွယ်ရာများရှိခဲ့လေသည်။ ကားမှောက်သေဆုံးကြရာတွင် သားနှင့် ချွေးမပါသွားသည်။ မြေးကလေးနှင့်အတူ နေသည်။ မြေးအနှစ်ကလေးသည် ဘိုးအေအချစ်ကလေး ဖြစ်လာတော့သည်။

ဆယ်နှစ်အရွယ်ရောက်သည့်နေ့ တစ်နေ့တွင် မြေးကလေး ဘာဘာရာ အိပ်ရာမှနိုးလာတော့ ဇက်ကြောတွေတောင့်နေပြီး လက်မောင်းတွေ၊ ခြေထောက်တွေ ကိုက်ချင်သလိုလိုဖြစ်နေသည်။

ပထမတော့ မြေးကလေး၏ရောဂါကို ပိုလီယိုဟု ဆရာဝန်ကြီးထင်လိုက်၏။ သေသေချာချာ စမ်းသပ်ကြည့်တော့ ဆေးကျမ်းများတွင် တိတိကျကျ ရေးမထားသော အလွန်ရှားပါးသည့် ဗိုင်းရပ်စ်တစ်မျိုးကြောင့်ဖြစ်ကြောင်း၊ အလွန်ဖြစ်တောင့်ဖြစ်ခဲ ရောဂါမျိုးဖြစ်ကြောင်း သိရတော့၏။

သူ့တစ်သက်တာတွင် ဆရာဝန်ကြီးသည် သည်ရောဂါမျိုးနှင့် တစ်ခါမှ မကြုံခဲ့ဖူးပေ။

မိတ်ဆွေ အရိုးအကြော အထူးကုဆရာဝန်ကြီးများနှင့် ဆွေးနွေးသည်။ ဆရာဝန်ကြီးများက ခေါင်းရမ်းပြီး သည်ရောဂါအတွက် ကုသဖို့ဆေးဝါး မည်မည်ရရ မရှိသေးကြောင်း၊ အလိုအလျောက် သက်သာသွားတတ်သည့် အခါများလည်း ရှိကြောင်းဖြင့် သူ့ကိုနှစ်သိမ့်ကြသည်။

"ဒီလိုရောဂါမျိုးကို စမ်းသပ်ကုသရာမှာ အောင်မြင်နေတဲ့ ဆရာဝန်ကလေးတစ်ယောက်အကြောင်း ရေးထားတယ် ဆရာ။ သူ့နာမည်က တီ၊ ဂျေ၊ မီလာတဲ့။ ကျွန်တော်သာဆို သူ့ဆီတန်းသွားမှာပဲ" ဟု တစ်ယောက်က အကြံပြုသည်။

မြေးကလေးကိုခေါ်ပြီး ဒေါက်တာမီလာဖွင့်ထားသည့် ဆေးခန်းသို့ ဆရာဝန်ကြီး လာခဲ့သည်။ ခြေထောက်မသန်သည့်ကလေးများကို သူ့နည်းသူ့ဟန်ဖြင့် သူကိုယ်တိုင် တီထွင်ထားသည့် အထောက်အကူပြုပစ္စည်းများဖြင့် ကာယလေ့ကျင့်ခန်းများစွာကို ကလေးများနှင့်အတူ ကိုယ်တိုင်လေ့ကျင့်နေသည့် လူငယ်ဆရာဝန်ကို ဆရာဝန်ကြီးစောင့်ကြည့်နေသည်။

ဆရာဝန်ကလေး ကိုယ်တိုင်လမ်းလျှောက်သည့်အခါ ထော့နင်းထော့နင်းဖြစ်နေသည်ကို ဆရာဝန်ကြီး သတိထားမိလိုက်သည်။ ဒါကို ရိပ်မိသည့် ဆရာဝန်ကလေးက စကားပြောဖြစ်ကြသည့်အခါ "ကျွန်တော်ကိုယ်တိုင် ခြေထောက်မသန်တဲ့အတွက် သူတို့နဲ့ပိုပြီး ရင်းနှီးလို့ရတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမိလာက ဆက်ပြောသေးသည် "ကျွန်တော့် နာမည်ကိုလည်း ဆရာတော့ကျိုးလို့ပဲ ခေါ်ဖို့ သူတို့ကို ကျွန်တော်ပြောထားရတယ်။ သူတို့ သဘောကျကြတယ် ဆရာ။ ကလေးတွေက ကျွန်တော့်ကို ပိုခင်ကြတယ်။ တကယ့် ကျွန်တော့်ရှေ့နာမည်က သားဒီးယပ်စ်ပါ။ သားဒီးယပ်စ်မိလာပါ ဆရာ။ ဒီနာမည်ဟာ ကျွန်တော့်ကို လူ့လောကထဲရောက်အောင် မွေးပေးခဲ့တဲ့ ဆေးကျောင်းသားတစ်ယောက်ရဲ့ နာမည်ပါ။ ကျွန်တော့် ကျေးဇူးရှင်ရဲ့နာမည်ကို ယူထားတာ ဆရာရဲ့"

ဆရာဝန်ကြီး ဒေါက်တာ သားဒီးယပ်စ်မာလင်၏ လည်ချောင်းထဲတွင် တစ်ဆို့ဆို့ကြီးဖြစ်သွားသည်။ သည်ကလေးကို မွေးပေးခဲ့သည့်နေ့က စိတ်ထဲပေါ်လာသည့် စကားလုံးများကို အမှတ်ရလာသည်။ "သူ မရှိရင် ဒီကမ္ဘာကြီး ပိုတောင်သာယာဦးမယ်"

"ဩော် .. ဘယ်လောက် မျက်စိကန်းခဲ့တဲ့ ငါပါလဲ" ဟု ဆရာဝန်ကြီး နောင်တကြီးစွာ ရနေသည်။

ဘာဘရာကလေးကို လမ်းပြန်လျှောက်အောင် လုပ်ပေးနိုင်မည့် ဆရာဝန်ကလေးကို ဆရာဝန်ကြီးက လက်ကမ်းပေးလိုက်သည်။

လက်ဆွဲနှုတ်ဆက်ရင်း ဆရာဝန်ကြီး ငြိုးတွားလိုက်သည်။

"ခြေထောက်ကျိုးတာထက်စာရင် မျက်စိကန်းတာက ပိုဆိုးပါတယ်ကွာ"

*Yor Never Can Tell by Constance J.Foster*

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ၊ သရဖူမဂ္ဂဇင်း

## တောင်ပေါ်ရွာက ဆေးရုံကလေး

ကျွန်တော်သည် ဆေးကျောင်းသားအဖြစ် စကော့တလန်ဆေးရုံကြီးတစ်ရုံ၏ နာမည်ရခွဲစိတ်ဆရာဝန်ကြီး တစ်ယောက်ထံတွင် လက်ထောက်အဖြစ် အလုပ်လုပ်ခဲ့ဖူး၏။

ဆရာဝန်ကြီးသည် အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနှင့် မျက်နှာထားတင်းတင်းနေတတ်၏။ မညှာမတာပြောတတ်၏။ ပညာမာန ကြီးလွန်း၏။ လောကကြီးကို အလိုမကျသည့်ပုံ အမြဲဆောင်ထားသဖြင့် သူနှင့် ဆက်ဆံပေါင်းသင်းရသူများ အကျပ်တွေ့ကြရ၏။ အမှားမှား အယွင်းယွင်း ဖြစ်ကြရ၏။

ကျွန်တော်က အရွယ်လည်းငယ်၊ ဆင်းလည်း ဆင်းရဲ၍ အောင်မြင်မှုကို အငမ်းမရ လိုချင်နေချိန်ဖြစ်၍ မကြာခဏ အမှားတွေလုပ်မိ၏။ လုပ်မိတိုင်း ပက်ပက်စက်စက် အဆူခံရ၏။ အဆူခံရလေ သူ့ကိုကြောက်လေ၊ ကြောက်လေ မှားလေ ဖြစ်နေ၏။

အထူးသဖြင့် ခွဲစိတ်ခန်းထဲတွင် သူ့ကိုကူနေစဉ် အကြောက်လွန်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတတ်၏။ သူလိုချင်သည့် ပစ္စည်းတစ်ခုယူပေးဖို့ စက္ကန့်ပိုင်းကလေး နောက်ကျသွားလျှင် "မင်းဘယ်တော့မှ ခွဲစိတ်ဆရာဝန်ဖြစ်မှာမဟုတ်ဘူး" ဟူသည့် စကားလုံးမျိုးဖြင့် ချက်ချင်း ပစ်ပေါက်တတ်၏။

ရန်အောင်စာပေ (၂)

www.burmeseclassic.com

www.burmeseclassic.com



သည်စကားလုံးများသည် ကျွန်တော့်အား ဆရာဝန်ဖြစ်သည့် တိုင်အောင် ခြောက်လှန့်နေတော့သည်။ ကျွန်တော့်အပေါ်တွင် ကျိန်စာတစ်ခုလို ဖြစ်နေသည်။

ကျွန်တော်သည် နာစေးချောင်းဆိုးလောက်သာ ကုနိုင်သော ခပ်ချာချာ ဆရာဝန်တစ်ယောက်အဖြစ်နှင့် ဘဝကို ကုန်လွန်ရမလို ဖြစ်နေ၏။ အခြား ခွဲစိတ်မှုများလုပ်ဖို့ ခွဲစိတ်ခန်းထဲ မဝင်ရတော့ဘူးလား။ ကျွန်တော့် အကြီးမားဆုံး ရည်မှန်းချက်က ခွဲစိတ်ဆရာဝန်ကြီးတစ်ယောက်၏ ဘဝကို ရဖို့ဖြစ်၏။

ကျွန်တော် တာဝန်ကျသည့်အရပ်မှာ အလွန်ဝေးလံခေါင်သီလှသည့် အနောက်တောင်တန်းဒေသဖြစ်၏။ သည်နယ်တစ်ရိုးတွင် ဆရာဝန်ဆိုလို့ ကျွန်တော် တစ်ယောက်သာရှိသည်။ ဒေသခံလူတွေက ကျွန်းမာသန်စွမ်းကြသည်။ နှုတ်နည်းပြီး ဘာသိဘာသာနေတတ်ကြသည်။

သို့သော် ကျွန်တော်က ကျန်းမာရေးကိစ္စရပ်များတွင် တက်တက်ကြွကြွလုပ်ပြသည့်အခါ၊ ကျောင်းဦး ကလေးတိုင်းလိုလိုဖြစ်နေသည့် လည်ချောင်း ဆုံဆို့နာရောဂါကို နှိမ်နင်းနိုင်သည့်အခါ သူတို့အားလုံး ကျွန်တော့်ကို ယုံယုံကြည်ကြည် ဖြစ်လာကြသည်။

သည့်တိုင်အောင် ခွဲစိတ်ရမည့်အရေးပေါ်ကိစ္စများပေါ်လာလျှင် ရထားဖြင့် နှစ်နာရီစီးရသည့်ခရီးကိုသွားပြီး ပါ့သိမ် လုပ်ဖော်ကိုင်ဖက်များကို ပြေးခေါ်ရသည်။ ကိုယ်တိုင် မခွဲရဲ။

တောင်ပေါ်ဒေသတွင် သွေးခဲအောင်အေးသည့် ဒီဇင်ဘာလ ညတစ်ညဦ ၃ မိုင်ဝေးသည့်ရွာမှ ဆရာဝန်အပင့်ရောက်လာသည်။ ရိဘင်ဘာလဲယားဟုခေါ်သည့် လူငယ်တစ်ဦး သစ်ခုတ်ရင်းဒဏ်ရာရလာလို့တဲ့။

လာပင့်သူ့ လယ်သမားကလေးမှာ တစ်လမ်းလုံးပြေးချလာခဲ့သည်ဆို၏။ အသေးစိတ် ဘာမှမေးမရ။ ဒဏ်ရာကြီးကြောင်းသာ တွင်တွင်ပြောနေ၏။

ရိဘင်ဘာလဲယားကို ကျွန်တော်သိပါသည်။ သူတို့ရွာမှ မွေးဆရာ၏ သမီးနှင့် လွန်ခဲ့သည့် သုံးလခန့်ကမှ လက်ထပ်ခဲ့၏။ မင်္ဂလာဆောင်သို့ ကျွန်တော် သွားခဲ့ရသေးသည်။ သူသည် ရွာတွင် လူချစ်လူခင်ပေါသည့် လူငယ်တစ်ဦးဖြစ်၏။ ပါ့သိမ်တောင်ပေါ် အားကစားပွဲများမှာ လုံတံပစ်တွင် သူ့ဗိုလ်စွဲနေကျ။

ကျွန်တော်ခြေလျင်လျှောက်ပြီး လိုက်သွားသည်။ လမ်းကို နှင်းတွေဖုံးနေသဖြင့် မည်သည့်ဘီးတပ်ယာဉ်မှ သွားလို့မရ။ မနေ့ညက ကျခဲ့သည့် နှင်းမုန်တိုင်းဒဏ်ကြောင့် အရိုးကွဲမတတ် အအေးကဲလာခြင်းဖြစ်သည်။ လေပြင်း





ကို တစ်နာရီ ရင်ဆိုင်လျှောက်လှမ်းပြီးသောအခါ ကျွန်တော်နှင့်ရွာတိတ် ဘာလဲယား၏ ယာတောအိမ်သို့ ရောက်လာခဲ့ကြ၏။

ကျောက်တုံးစီ မီးဖိုဆောင်၏ မီးလင်းဖိုနံဘေးမှ ကြမ်းပေါ်တွင် လူနာလဲနေသည်။ လုံးဝ သတိလစ်နေသည်။ သူ့ပုံစံကို ကြည့်ပြီး ဒဏ်ရာပြင်းကြောင်း ကျွန်တော်သိလိုက်ပြီ။ သူ့မိန်းကလေးက ဘာမှ မေးမရ။ အထိတ်တလန့်နှင့် ငိုလို့ချည်းနေသည်။ လူနာ၏အမေက ကျွန်တော် သိချင်သည်များကို ပြောပြနေ၏။

သားအဖနှစ်ယောက် တောထဲသို့ သစ်ခုတ်ထွက်ခဲ့ကြပြီး သိုးခြံအသစ်ဆောက်ဖို့ ပေ ၅၀ မြင့်သည့် ထင်းရှူးပင်ကြီးကို ချိုင်ကြသည်။ ပုဆိန်ချက်များသည် တောလုံးပဲ့တင်နေ၏။ ခဏအကြာတွင် ထင်းရှူးပင်ကြီးသည် မထင်သည့် ဘက်သို့ လဲကျလာကာ ရိဘင်၏ကိုယ်ပေါ်သို့ ဝုန်းခနဲဖိချလိုက်တော့၏။ အောက်တွင် ထူထဲသော နှင်းထုရှိနေ၍သာ သူ ပွဲချင်းပြီး အသက်မပျောက်ခဲ့ခြင်း ဖြစ်သည်။

သူငယ်သည် လုံးဝသတိလစ်နေ၏။ အသက်ရှူသံက ပုံမမှန်။ အောက်ပိုင်းတစ်ခုလုံး လှုပ်ရှားမှု တုံ့ပြန်ခြင်း မရှိတော့။ ခါးရိုးတစ်ဝိုက်တွင် သွေးမည်းရောင်ကိုင်းနေ၏။ အသာမပြီး လှုပ်ကြည့်လိုက်သည်။ ခါးဆစ်ရိုး နံပါတ် ၃၊ သို့မဟုတ် ၄ ကျိုးကျေသွားပြီ။

ဆရာဝန်သက် နုသေးသဖြင့် ထိုစဉ်က လူနာရှေ့တွင်ထားရမည့် မျက်နှာထားမျိုး ကျွန်တော်မလုပ်တတ်သေးပေ။ မျက်နှာပျက်ပျက်နှင့် ကျွန်တော်ထရပ်လိုက်တော့ ရိဘင်၏အခြေအနေကို အိမ်သားတွေ ရိပ်မိသွားကြပုံရသည်။ သို့သော် သူတို့ ကျွန်တော့်ကိုအခြေအနေ မမေးနိုင်မီ ချက်ချင်း အလုပ်စဖို့ ကျွန်တော် မောင်းတော့သည်။

ရှိသမျှ စောင်တွေတောင်းပြီး သူ့ကိုယ်ကိုပတ်ခိုင်းသည်။ အရေးပေါ်နှင်းလျှောစွပ်ဖားတစ်စီး လုပ်ခိုင်းပြီး လူနာကိုဂရုတစိုက်တင်စေကာ ကျေးရွာဆေးရုံသို့ ရွှေ့ခိုင်းသည်။ ပြီးသည်နှင့် တယ်လီဖုန်းရှိသည့် အခန်းဆီသို့ ကျွန်တော် ပြေးချသွား၏။

သည်လူနာအတွက် အထူးကျွမ်းကျင်သည့် ခွဲစိတ်ဆရာဝန် မရှိမဖြစ် လိုအပ်နေပြီ။ ဂလပ်စကိုရှိ ဝိတိုရိယဆေးရုံမှ အထူးခွဲစိတ်ဆရာဝန်ကြီးတစ်ယောက်ယောက်ကို ခေါ်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်၏။

ဤတွင် ကျွန်တော်အရိုက်တိုး ခံလိုက်ရသလို ဖြစ်သွားတော့သည်။ မုန်တိုင်းဒဏ်ကြောင့် တယ်လီဖုန်းလိုင်းတွေ အားလုံးပျက်နေကြောင်း တယ်လီ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းအိတ်ချိန်းမှ သိရသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်က အရေးပေါ် အခြေအနေကို ရှင်းပြလိုက်၏။

တယ်လီဖုန်းအော်ပရေတာ အမျိုးသမီးကလေးက အကြံပေးသည်။ စတင်ချာဘူတာလောက်တော့ ရချင်ရမည်။ သူကြိုးစားပြီး ခေါ်ပေးမည်တဲ့။ စတင်ချာမှာ ၁၂ မိုင်ကျယ်သည်။ ဖုန်းဆိုးလွင်ပြင်၏ ဟိုမှာဘက်ရှိ ဘူတာရုံ ကလေးဖြစ်၏။ ဘူတာရုံမှတဆင့် မီးရထားကြေးနန်းနှင့် ဆက်သွယ်လျှင် ရနိုင်သည်။

ဘူတာကိုရဖို့ စောင့်ရသည့်အချိန်မှာ ကမ္ဘာချီကြာသည်ဟု စိတ်ထဲ ထင်၏။ နောက်ဆုံးတွင် ဘူတာရုံနှင့်အဆက်အသွယ်ရသည်။ နောက်တစ်ချက် အထိုးခံလိုက်ရပြန်၏။ မီးရထားကြေးနန်းလိုင်းတွေပါ ပျက်စီးကုန်ပြီတဲ့။

ကမ္ဘာကြီးနှင့် ကျွန်တော်တို့အဆက်ပြတ်သွားပြီ။ ခေါင်းထဲဝင်လာသည့် အတွေးများကြောင့် မျက်မှောင်ကုတ်လျက် မိသားစုရှိရာသို့ ပြန်လာပြီး အခြေအနေကို ရှင်းပြလိုက်သည်။

အားလုံး ငြိမ်နေကြ၏။ ခဏကြာမှ ဂျော်ဘင်၏အဖေက မဆိုင်းမတွ ပြောသည်။

"ဆရာပဲ ခွဲပါဆရာ"

သူ့အသံက အေးဆေးတည်ငြိမ်လျက်။

ကျွန်တော် အထိတ်တလန့် ဖြစ်နေ၏။ မဖြစ်နိုင်သည့် ကိစ္စကို တောင်းဆိုနေမှန်း လူကြီးသိပုံမရပေ။ ကျွန်တော့်လို ဆရာဝန်ပေါက်စ တစ်ယောက်ဆီမှ အလွန်ခက်ခဲရှုပ်ထွေးလှသော ခါးရိုးခွဲစိတ်မှုကို မျှော်လင့်သည်ဆိုလျှင် ရူးသွပ်ရာကျပါလိမ့်မည်။

ဆွံ့အစွာဖြင့် လယ်သမားကြီးကို ကျွန်တော်ငေးကြည့်နေမိ၏။ ပြီးတော့ သူ့ဇနီး။ နောက် ဆောက်တည်ရာမရ သောကရောက်နေသည့် ရိုဘင်၏ ဇနီးငယ်။

ဆရာဝန်က ကျွန်တော်မှလွဲ၍ ဘယ်သူမှမရှိ။ သည်လို ရိုးသား အေးဆေးကြသည့် တောသူတောင်သားများကို ကျွန်တော်မည်သို့ ငြင်းနိုင်ပါ မည်လဲ။ သူတို့သိသည်မှာ သူတို့ချစ်သည့် ရိုဘင်ဘဲလားပြန်လည် ကျန်းမာ လာဖို့ တစ်ခုတည်းသာဖြစ်၏။

သူတို့ထံမှ ကျွန်တော် မျက်နှာလွှဲလိုက်သည်။ ကျွန်တော့် မျက်လုံး များထံမှ အထိတ်တလန့်ဖြစ်နေသည့် စိုးရိမ်စိတ်ကို သူတို့ မမြင်စေလိုသော ကြောင့် ဖြစ်ပါ၏။ နောက်ခွဲစိတ်ခန်းထဲသို့ ကျွန်တော်တန်းဝင်ခဲ့သည်။





အခန်းမှာ ကျဉ်းကျဉ်းကလေး ဖြစ်၏။ သို့သော် သန့်ရှင်းပြောင် လက်နေ၏။ လိုအပ်သည့်အလင်းရောင်တော့ လုံလုံလောက်လောက်မရှိပေ။ ခွဲစိတ်ကိရိယာပစ္စည်းများလည်း များများစားစား မရှိ။

လူနာက အိပ်ရာခင်းအဖြူလွှမ်းထားသည့် သစ်သားခုတင်ပေါ်တွင် မှောက်လျက်သား အနေအထားဖြင့် အသက်ရှူနေ၏။ ကျေးရွာဆေးရုံ ဆရာမ ကြီးမှာ ပုပုသေးသေးကလေးဖြစ်၏။ မျက်နှာဖုံးအဝတ်စကို အိသာဆွတ်နေ သည်။

တကယ်လိုလို အိပ်မက်လိုလိုနှင့် ခွဲရမည့်နေရာတစ်ဝိုက်ကို ကျွန်တော် အိုင်အိုဒင်း ပွတ်လိုက်သည်။ ပြီး မရွံ့မရဲနှင့် ခွဲစိတ်ဓားကို လှမ်းယူလိုက်၏။

ကိုယ့်ကိုယ်ကိုယ် အားတင်းပြီး ကတုန်ကယင်ဖြင့် ခွဲစိတ်အံ့မူးမူး အချိန်တွင်ပင် "မင်း ဘယ်တော့မှ ခွဲစိတ်ဆရာဝန်ဖြစ်မှာ မဟုတ်ဘူး" ဟူသည့် ကျွန်တော့်ဆရာကြီး၏ အေးစက်မာကျောသည့် အသံကို ကြားယောင်လိုက်မိပါ သေးသည်။

ဤတွင် မယုံကြည်စရာအဖြစ်နှင့် ကျွန်တော်ကြုံရပါတော့သည်။ ဘာ ကြောင့်ပါလိမ့်၊ ဘယ်လိုပါလိမ့်၊ ကျွန်တော်မသိလိုက်ပါ။ တစ်ချက်မှလက်ခွင့် မရခဲ့သည့် ကျွန်တော့်ကိုယ်တွင်းမှ လျှပ်စီးတစ်ချက် ဝင်းလက်သွားခြင်း ဖြစ်နိုင် ပါသည်။

ခန္ဓာကိုယ်တွင်းမှ ဒေါသမီးလျှံတွေ ဖြာထွက်လာသလို ကျွန်တော် ခံစားလိုက်ရ၏။ ကျွန်တော့်ကိုယ် ကျွန်တော်ပြန်ပြီး ဒေါသထွက်မိခြင်း ဖြစ်ပါ သည်။ ပျော့ညံ့သည့် စိတ်ဓာတ်၊ အနိုင်မခံ အရှုံးမပေးချင်သည့် စိတ်ဓာတ်ကို ကျွန်တော် ဒေါသထွက်နေခြင်းဖြစ်၏။

ကျွန်တော့်ကို အမြဲနှိမ်ခဲ့သည့် ဆရာကြီး ကျွန်တော့်အာရုံထဲမှ ပျောက် ကွယ်သွားပြီ။ သူ့နေရာတွင် ကျွန်တော့်ကို ယုံကြည်အားကိုးကြသော တောသူ တောင်သားတို့၏ မျက်နှာများပေါ်လာ၏။

ချီတုံချတုံ မရွံ့မရဲနေရာတွင် ပြတ်သားသည့် ဆုံးဖြတ်ချက်တစ်ခု အရှိန်အဟုန်ဖြင့် ဝင်လာ၏။

သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီး ကျွန်တော်အလုပ်ဆက်လုပ်သည်။ ပျက်စီးသွားသည့် ကြွက်သားတွေကို ဖယ်ထုတ်သည်။ အောင်းနေသည့် သွေး တွေကို စုပ်ယူသန့်စင်သည်။ ပြတ်သွားသည့် သွေးကြောတွေကို ပြန်ဆက်သည်။

ဒဏ်ရာကြီးကို ရှင်းရှင်းမြင်လိုက်ရတော့ ကျွန်တော်တွန့်သွားသည်။ ခါးဆစ်ရိုး ၄၊ ၃ ကျိုးသွား၏။ ကျောရိုးတွင် အစတွေ စိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေဝေမနေတော့။ လွှတစ်ချက်အဆွဲမှားရုံဖြင့် ဒုက္ခဖြစ်နိုင်ကြောင်း အာရုံပြုပြီး အရိုးစများကို ဖြတ်ညှပ်ထုတ်ယူသည်။ အန္တရာယ်ဖြစ်နိုင်သည့် အစအနများ အားလုံးဖယ်ထုတ်သည်။

ပြီးမှ ဦးနှောက်ကိုသုံးကာ ကျိုးပဲ့နေသည့်အရိုးများကို ပြန်ဆက်သည်။ အမှောင်ထဲတွင် 'ဂျစ်ဆော' ကစားသလို အစိတ်အပိုင်းများကို စဉ်းစားပြီး ဆက်ရ၏။

ရှိရှိသမျှ ဉာဏစွမ်းအား၊ ကာယစွမ်းအားကို သုံးပြီး တစ်နာရီကြာသောအခါ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးသွား၏။

လူနာ အသက်ရှူပိုမှန်လာသည်။ ပြီးတော့ ကျွန်တော် မမျှော်လင့်ရဲသည့် မြင်ကွင်းကို တွေ့ရတော့သည်။ ရိုဘင်၏ ခြေထောက်အောက်ပိုင်း မသိမသာ လှုပ်လာခြင်းဖြစ်၏။

မလှုပ်ချင်အောင် ပင်ပန်းနေသည့်ကြားမှ ထအော်မိမတတ် ကျွန်တော် ဝမ်းသာသွား၏။ ကိုယ်တစ်ပိုင်းသေမည့်ဘေးမှ ဝေးတော့မည့် သာဓက။

မိနစ် ၂၀ အတွင်း ကျောက်ပတ်တီး စီးပြီးသွား၏။ မူးရီ မူးဝေဖြစ်နေသော်လည်း ကျွန်တော့်ရင်ထဲမှာ နွေးနေသည်။

ညှော့ခန်းထဲတွင် စောင့်နေသည့် မိသားစုဆီသို့ ကျွန်တော် ထွက်လာခဲ့၏။

"သူ နေကောင်းသွားမှာပါ" ဟူသည့် စကားလုံးကလေးများထက် ပို၍ ချိုမြိန်သောစကား ဆရာဝန်တစ်ယောက်တွင် မရှိနိုင်တော့ပါ။ ယခု ကျွန်တော် သည်အတိုင်း ပြောလိုက်နိုင်ပါပြီ။

နောက် ၃ လအကြာတွင် ရိုဘင်ဘလဲယားတစ်ယောက် ဆေးရုံမှ ဆင်းလာခဲ့သည်။ လမ်းလျှောက်ပြီး ဆင်းလာခဲ့ခြင်းဖြစ်၏။ လူကောင်းတစ်ယောက်လို မလျှောက်နိုင်သေးသော်လည်း သူ့ဒဏ်ရာတွေ လုံးဝပျောက်ကင်းသွားခဲ့လေပြီ။

နောက်နှစ်များတွင် ပျော်စရာအများအပြား ကျွန်တော်ရရှိခဲ့ပါ၏။ သို့သော် ပျက်စီးနေသည့် လူ့ခန္ဓာကိုယ်တစ်ခုအား စိတ်ပျက်လက်ပျက် ရပ်ကြည့်နေသည့် ထိုတစ်ခဏကို ပြန်တွေးမိသည့်အခါ၊ မခွဲရဲပါဘူးဟု စိတ်ဓာတ်ကျနေသော မြင်ကွင်းကို ပြန်လည်မြင်ယောင်သည့်အခါ ထိုတဒင်္ဂသည် ကျွန်တော့်ဘဝအတွက် 'မမေ့တဲ့နိုင်' အတွေ့အကြုံမျိုးဖြစ်ကြောင်း၊ ဆုလာဘ်တစ်မျိုးဖြစ်ကြောင်း ကျွန်တော် သဘောပေါက်ရပါသည်။

သည်အဖြစ်အပျက်သည် ကျွန်တော်၏ သိမ်ငယ်ကြောက်ရွံ့စိတ်ကို





ဖြိုဖျက်ဖယ်ရှားပေးနိုင်ခဲ့ပါသည်။ မဖြစ်မှာကို တွေးပူသည့် စိုးရိမ်စိတ်ကိုလည်း တွန်းလှန်ကျော်လွှားနိုင်ခဲ့ပါသည်။

ထိုအချိန်မှစပြီး "မလုပ်နိုင်ဘူး" ဟူသည့် စကားမျိုး ကျွန်တော် ဘယ်တော့မှ မပြောတော့ပါ။ ယင်းအစား "အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်" ဟူ၍သာ ကျွန်တော်ပြောလေ့ရှိပါတော့သည်။

အောင်မြင်မှုသည် အပြင်းအထန်ကြိုးစားလျှင် ကျဆုံးနေရာမှ ဝန်းခနဲ ထတောက်နိုင်ကြောင်း အကောင်းဆုံးသင်ခန်းစာကို ကျွန်တော်ရရှိခဲ့ပြီ မဟုတ်ပါလား။

*When You Dread Failure by A.J. Cronin*

၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလ၊ မဟေသီမဂ္ဂဇင်း

www.burmeseclassic.com

## မေမေ့နှလုံးသား

ကျွန်မနှင့် ကျွန်မ၏ အချစ်ဆုံးသူငယ်ချင်း မာရီလင်တို့နှစ်ယောက် ဆေးရုံနောက်မှ မိဘမဲ့ကလေးများအဆောင်ဆီသို့ ထွက်လာခဲ့ကြသည်။ သူနာပြုဆရာမများ ဂျူတီလဲချိန်တွင် ကျွန်မတို့စေတနာ့ဝန်ထမ်း လုပ်အားပေးကြခြင်း ဖြစ်ပါ၏။ မွေးစားမည့်မိဘများကို စောင့်နေသည့် ကလေးများအား ကျွေးမွေးပြုစုရပါသည်။ အားလုံးကလေးအယောက်နှစ်ဆယ်။

သည်အလုပ်တွင် ကျွန်မတို့နှစ်ယောက်ပျော်နေပြီး တစ်နေ့နေ့တွင် ကျွန်မတို့ ကိုယ်တိုင် သည်ကလေးတွေထဲမှ တစ်ယောက်ယောက်ကို မွေးစားရို့ အိပ်မက် မက်နေကြပါသည်။ ကျွန်မတို့နှစ်ယောက် ကိုယ်စီသံယောဇဉ် တွယ်နေသည့် ကလေးများ ရှိပါသည်။ သို့သော် နှစ်ယောက်စလုံးက ၁၈ နှစ်သာရှိသေးသဖြင့် သည်ကိစ္စမှာ အရေးတကြီးလုပ်ဖို့ မလိုအပ်သေးပါ။

မာရီလင်နဲ့ကျွန်မ သူနာပြုလုပ်အားပေးဝတ်စုံများ လဲနေစဉ် မှန်ထဲသို့ ကျွန်မ လှမ်းကြည့်လိုက်မိသည်။ မာရီလင်တစ်ယောက် ဘယ်လောက်ကံကောင်းလိုက်ပါသလဲ။ မအေ့ဆီမှ အလှအမွေတွေ သူ အားလုံးရလိုက်သည်။ မာရီလင်သည် မြင်သူငေးရလောက်သည့် အလှပိုင်ရှင်မကလေးတစ်ဦးဖြစ်၏။ ကျွန်မအမေလည်း မိန်းမချောတစ်ယောက် ဖြစ်ပါသည်။ သို့သော် မေမေ၏ ကောင်းခြင်းငါးဖြာ အလှကျက်သရေကို အမွေရသူက ကျွန်မ မဟုတ်။ ကျွန်မ မောင်လေး ဖြစ်နေသည်။





ကျွန်မက ဖအေတူပါ လူတိုင်းပြောကြ၏။ အသားညိုညို၊ နှာခေါင်းရှည်ရှည်၊ ဆံပင်တွေက မြင်းမြီးလို ခပ်ကြမ်းကြမ်း။ စကားနည်းပုံ၊ တွေးပုံခေါ်ပုံနှင့် အက်တက်တက်အသံကစ ကျွန်မက အဖေနှင့် တစ်ပုံစံတည်း။ ဖေဖေသည်လည်း ယောကျ်ားပီသပြီး ကြည့်လို့ကောင်းသည့် လူချော တစ်ယောက်ပဲ ဖြစ်ပါ၏။ သို့သော် ဖေဖေ့အလှအားလုံး ကျွန်မကိုယ်ပေါ်ရောက်မလာသဖြင့် ကျွန်မသည် မကျည်းတန်ကလေး ဖြစ်လာခဲ့ရပါသည်။

မေမေသည် အလွန်အလုပ်လုပ်နိုင်သည့် အမျိုးသမီးတစ်ဦးလည်း ဖြစ်၏။ ကျွန်မတို့လိုပင် ဆေးရုံလုပ်အားပေးတစ်ဦး ဖြစ်ပါသည်။ အိမ်ကို ထိန်းသိမ်းရာတွင် အစက်အပြောက် တစ်စွန်းတစ်စမရှိအောင် ဂရုစိုက်၏။ အိမ်နီးနားချင်းများကို ကူညီရာတွင်လည်း တကယ်ကရုဏာရှင် တစ်ယောက်ဖြစ်၏။ တစ်ယောက်ယောက် ဖျားနာပြီဆိုလျှင် သားငါးတွေကင်ပြီး မွှမွှနွေးနွေး ပြေးပို့၏။ ခဏတစ်ဖြုတ် အလုပ်လက်မဲ့ဖြစ်သည့်အိမ်မျိုးကိုလည်း စားစရာ၊ သောက်စရာ၊ ချက်စရာ ပြုတ်စရာတွေအိတ်လိုက် သွားပို့တတ်သည်။ သူ့လို ဆေးရုံတွင် လုပ်အားပေးနေကြသည့် မိခင်များ၏ ကလေးငယ်များကိုလည်း အိမ်တွင်ခေါ်ထားပြီး ကျွေးမွေးထိန်းကျောင်းပေး၏။

မေမေ့ ပရဟိတလုပ်ငန်းများက ဤမျှမကသေး။ လမ်းပျောက်နေသည့် ခွေးကလေးတွေ ကြောင်ကလေးတွေ တွေ့လျှင် အိမ်မှာမွေးထားသည့် ကျွန်မတို့၏ အချစ်တော်ကလေးများနှင့်အတူ အရှင်မပေါ်မချင်း ကျွေးမွေးထားသည်။ လမ်းပေါ်တွင် ခပ်ဆိုးဆိုးကောင်လေး တစ်ယောက်ယောက် ရန်ဖြစ်နေလို့ ကွဲလျှင်၊ ပြဲလျှင်၊ အနာကျက်သည်အထိ ဆေးထည့်ပြုစုပေးသည်။ မေမေ့တွင် နားချိန်ဟူ၍ မရှိပါ။

တစ်ခုသော သောကြာနေ့တစ်နေ့တွင် မာရီလင်နှင့် ကျွန်မ ထုံးစံအတိုင်း ကလေးဆောင်သို့ ရောက်ပြီး သံယောဇဉ်တွယ်နေပြီဖြစ်သည့် သူတို့ကလေးတွေကို သန့်ရှင်းရေးလုပ်ပေးပြီး မွေ့ရာခင်းထားသည့် ကြမ်းပြင်ပေါ်တွင် ကစားစရာများနှင့်အတူ ချထားပေးလိုက်ပါသည်။

ပြီးမှ ပုခက်ထဲက အိပ်ရာခင်းတွေကို ကျွန်မတို့နှစ်ယောက်အတူ လဲပေးကြပါသည်။ ထိုစဉ် ဆရာမတစ်သိုက်သည် ပိန်ပိန်သေးသေးကလေး ကလေးတစ်ယောက်နှင့် အရေးပေါ်အခန်းရှေ့တွင် ယောက်ယက်ခတ်နေကြသည်။

ဆရာမတစ်ယောက်က တိုးတိုးပြောသည်။

"ကလေးကလေး အခြေအနေသိပ်မကောင်းဘူး။ မင်းတို့ဆုတောင်းပေးကြပါနော်၊ ခွဲချင်တောင် ခွဲရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com





ကျွန်မ အပြေးအလွှား ဘုရားအာရုံပြုပြီး ဆုတောင်းလိုက်ပါသည်။ သို့သော် ကိုယ့်အလုပ်နှင့်ကိုယ်မို့ ကြာကြာအာရုံမပြုနိုင်ပါ။ နေ့လယ်စာအတွက် နို့တိုက်ဖို့ နို့ဘူးဖျော်ရာတွင် ကျွန်မတို့ကူရသည်။ ကလေးကြီးများအတွက် နေ့လယ်စာ ပူပူနွေးနွေးကို ပန်းကန်သေးသေးကလေးတွေထဲတွင် ဝိုင်းထည့်ပေးရသည်။

နေ့လယ်စာကျွေးပြီးသည့်အခါ အဝတ်အစားလဲပေးပြီး ပုခက်ကလေးများထဲတွင် ပြန်ထည့်သိပ်ရသည်။

ကလေးများအိပ်ချိန်တွင် အဆောင်သန့်ရှင်းရေး လုပ်ကြရ၏။ လျှော်ဖွပ်ပြီးသား သွားရေစက်တွေ၊ အဝတ်အစားတွေကို ခေါက်ရ သိမ်းရ၏။ ထုံးစံအရ ကျွန်မတို့ ကလေးများနှင့် ညနေစာကျွေးချိန်အထိ နေကြရသည်။

ကလေးတွေကို ကျွေးပြီးမှ ကျွန်မတို့ကိုယ်တိုင်လည်း ညစာစားကြရသည်။ ပြီးမှ ဆေးရုံတွင် လာစောင့်နေကြမည့် အတွဲကိုယ်စီဖြင့် ကျွန်မတို့ အပြင်ထွက်ကြပါမည်။

ရုတ်တရက် ဆရာဝန်နှစ်ယောက် ပြေးထွက်လာပြီး ခွဲစိတ်ခန်းအပြင်ဘက်တွင် ရှုပ်ယှက်ခတ်သွားသည်။ ဆရာမတစ်ယောက်က တရှုပ်ရှုပ်ငိုလျှက်။ ဆရာမကြီး ပြေးထွက်လာရင်း ကျွန်မတို့ကို ကြည့်ပြီးပြောသည်။

"မင်းတို့ကို တာဝန်မပေးချင်ပါဘူး။ ဒါပေမယ့် ကလေးက ခွဲရတော့မယ်၊ ဆရာမလေးတွေ ခွဲစိတ်ခန်းထဲအားလုံး ဝင်ကြရလိမ့်မယ်။ ကလေးဆောင်ကို မင်းတို့ပဲ ကြည့်ထိန်းလိုက်"

ကျွန်မတို့ တုံ့ပြန်မှုကိုမစောင့်ဘဲ ဆရာမကြီးထွက်သွားသည်။ ကျွန်မတို့ချည်း ကျန်ရစ်သောအခါ မာရီလင်က "ငါတော့ ဘရစ်လာတဲ့အချိန်ထိပဲ စောင့်နေနိုင်မယ်၊ ငါမပါလည်း သူကပွဲကိုသွားမှာပဲ။ ဟိုကောင်မတွေ သူ့ကို ဝိုင်းဆွဲကြမှာ သေချာတယ်။ ငါ ဒီလိုအဖြစ်မခံနိုင်ဘူး။ သူပါသွားလိမ့်မယ်" ဟု ငိုသံပါကြီးနှင့် ပြောနေ၏။

ကျွန်မတို့နှစ်ယောက် ကလေးများအတွက် ညစာကျွေးဖို့ပြင်ဆင်နေတုန်း ဘရစ်ရောက်လာသည်။

"နင် တစ်ယောက်ယောက်ကို ခေါ်ပြီးဆက်လုပ်၊ ဟုတ်လား" ဟု ပြောပြောဆိုဆို ဘရစ်လက်မောင်းကို အတင်းဆွဲပြီး အခန်းထဲမှ ထွက်သွားတော့၏။ ကျွန်မ တစ်ယောက်တည်း ကျန်ရစ်သည်။

ကျွန်မ နို့ဘူးတွေနွေးနေစဉ် ပခုံးပေါ်သို့လက်တစ်ဖက်လာတင်သည်ကို သတိထားလိုက်မိ၏။ လှည့်ကြည့်လိုက်တော့ ကျွန်မချစ်သူ 'နစ်'။

ရန်အောင်စာပေ (၂)

နစ်က ဟိုဟိုသည်သည် ဝေ့ကြည့်ပြီး ..

"တစ်ယောက်တည်းပါလား၊ ဘယ်သွားကုန်ကြလဲ"

အဖြစ်အပျက်ကို ကျွန်မပြောပြရင်း ကျွန်မ မျက်ရည်တွေ ကျလာသည်။ သူက သုတ်ပေး၏။

"နစ် တစ်ယောက်တည်း ကပွဲကို သွားတော့နော်၊ ကလေးတွေ အားလုံးဆာနေကြပြီ။ တစ်ယောက်တည်းဆိုတော့ တော်တော်နဲ့ပြီးမှာ မဟုတ်ဘူး"

နစ်က ဘောလုံးဂျာကင်ကို ချွတ်ရင်း ..

"ခြေ လက် ဘယ်မှာဆေးရမလဲ၊ ကိုယ့်လက်ထဲ ဘောလုံးရောက်လာရင် ဘယ်တော့မှ လွတ်မကျဘူး၊ ကလေးတစ်ယောက်လောက်တော့ အပျော့ပေါ့၊ ကိုယ် ဝိုင်းလုပ်ပေးမှာပေါ့"

"ကျေးဇူးပါပဲ နစ်ရယ်"

တစ်ခဏအတွင်း မွေ့ရာကြမ်းပြင်ပေါ်တွင်ထိုင်ပြီး ကျွန်မတို့ နှစ်ယောက် ကလေးတွေကို နို့ဘူးတိုက်ကြသည်။ နို့ဘူးကိုယ်စီဖြင့် ကျွန်မတို့နှစ်ယောက် ပတ်ပတ်လည်တွင် ကလေးတွေ အားရပါးရစို့နေကြသည်။ သိပ်ငယ်သည့် ကလေးများကို ကျွန်မတို့ ရင်ခွင်ထဲမှာပွေ့ပြီး တိုက်ကြသည်။

ဂျီတိုက်နေသည့် ကလေးတစ်ယောက်ကို ပွေ့ပိုက်ချော့မော့နေသည့် ကျွန်မကိုကြည့်ပြီး ချစ်သူက ခဏငေးနေသည်။ ပြီးမှ စကားစသည်။

"မာရီလင်ဟာ မင်းရဲ့ အခင်ဆုံးသူငယ်ချင်းဆိုတာ ကိုယ် သိပါတယ်။ မင်းက သူ့ကို သိပ်လှတယ် ထင်နေတယ်၊ ဒါပေမယ့် တကယ့်အလှက မင်းဆီမှာ ရှိတာ။ မင်းမှာ သိပ်ဖြူစင်ပြီး ကြင်နာတတ်တဲ့နှလုံးသား ရှိတယ်။ ဒါကြောင့် မင်းကို ကိုယ်ချစ်ရတာ"

သူက ကျွန်မပါးကို နမ်းရင်း ပြောနေခြင်းဖြစ်ပါသည်။

ချက်ချင်း ကျွန်မသဘောပေါက်လိုက်ပါသည်။ မေမေက မောင်လေးကို ရုပ်ဆင်းရူပကာအမွေကို ပေးပြီး ကျွန်မအား တန်ဖိုးမဖြတ်နိုင်သည့် လက်ဆောင်ပေးထားခြင်းပါကလား။

*Mama's Heart by Toni Fulco*

၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၊ မြားနတ်မောင်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## ရှီးပြာမြေဝယ်မြေ့စေတော့ (၂)

**(အဆုံးဆိုတာလည်း မရှိဘူး၊ အစဆိုတာလည်း မရှိဘူး၊ ထာဝရ တပ်မက်နေတဲ့ ဘဝပဲရှိတယ်။**

**ဖယ်လိနီ)**

ကျွန်မယောကျ်ား မစ်လ်မှာ အရပ်မြင့်မြင့်နှင့် သေသေသပ်သပ် ဝတ်စားဆင်ယင်တတ်ပြီး ခန့်ချောချောသူတစ်ယောက် ဖြစ်ပါသည်။ တစ်ပတ်လျှင် ၃ ကြိမ် ဘောလုံးရိုက်ကစားသည်။ ပြီးတော့ မိုင်ပေါင်းများစွာ စက်ဘီးစီးသည်။

ရုံးပိတ်ရက်များတွင် ပန်းခြံထဲဆင်း ပေါင်းသင်သည်။ သဲဖြည့်ခြင်း၊ ပန်းအိုးစင်တွေ ပြင်ဆင်ခြင်းဖြင့် တစ်နေ့ကုန်တတ်သည်။ မစ်လ်သည် အလွန်ကျန်းမာသန်စွမ်းသည့် ယောကျ်ားတစ်ယောက်ဖြစ်ပါ၏။

အသက်ငါးဆယ်ပြည့်သည့်အခါတွင်တော့ သွေးတိုးဝင်လာသည်။ သူ့အပေါင်းအသင်း ဆရာဝန်များက သူ့ကိုဆေးလိပ်ဖြတ်ဖို့ ဝိုင်းပြောကြသည်။ နောင်နှစ်အနည်းငယ်အတွင်းက နှလုံးကဒုက္ခပေးလာသည်။ နှလုံးအထူးကုဆရာဝန်က သူ့ကိုဆေးတွေပေးပြီး ဆေးလိပ်ဖြတ်ဖို့ ထပ်ပြောလေသည်။

မစ်လ်သည် သူကိုယ်တိုင် ဆရာဝန်ကြီးတစ်ယောက်ဖြစ်ရာ ဆေးလိပ်သောက်ခြင်းသည် ကင်ဆာရောဂါ ဖြစ်စေကြောင်း သူသိသည်။ သို့သော် သူက ဆေးလိပ်ကို ဖားဖိုကြီးတစ်ခုလို သောက်သုံးသူဖြစ်၏။

ခုမှ ဆေးလိပ်ဖြတ်တော့မည့်အကြောင်းကို ကျွန်မကို ပြောလာသည်။





သို့သော် သူ တကယ်မပြတ်ပါ။ ကျွန်မ ကွယ်ရာတွင် သောက်မြဲ သောက်လျက် ရှိပါသည်။ နာမည်ကျော် စိတ်ကုဆရာဝန်ကြီးဖြစ်သည့် ဒေါက်တာဂျိုက်စ်ဆိုသော ကျွန်မဘာများတတ်နိုင်ပါမည်နည်း။

၁၉၈၇ ခုနှစ် ဇူလိုင်လထဲတွင် ဆီးထဲတွင်သွေးပါလာကြောင်း မစ်လ်သတိထားမိသည်။ နယူးယောက်မှ မောင့်ဆိုင်းနိုင်းဆေးရုံတွင် သူသွားအစစ်ခံသည်။

ခွဲစိတ်ဆရာဝန်ကြီးများက သူ့ဆီးအိမ်တွင် အန္တရာယ်ပေးနိုင်သည့် အကျိတ်များ တည်နေပြီဖြစ်ကြောင်းပြောတော့ သူက ထုတ်ပစ်ခိုင်းလိုက်သည်။ အားလုံးရှင်းသွားပြီဟု သူထင်သည်။ ဆေးမှတ်တမ်းများအရ အားလုံးကောင်းသည်။

နွေလယ်ရောက်တော့ သူ့ဆေးခန်းကိုမစ်လ်ပြန်ဖွင့်သည်။ ညည သူအိမ်ပြန်ရောက်လာလျှင် သူ့အဝတ်တွေက ဆေးလိပ်နံ့တွေဟောင်လို့၊ ကျွန်မ စဉ်းစားကြည့်ပါသည်။ သူ မကြိုးစားဘဲနေမည်တော့ မဟုတ်။ ဘယ်လောက် ကြိုးစား ကြိုးစား သူ မပြတ်နိုင်ခြင်း ဖြစ်ပါလိမ့်မည်။ အသက်အန္တရာယ်ရှိမှန်းသိလျက်နှင့် သူ မဖြတ်နိုင်ခြင်း ဖြစ်ပါသည်။

သည်အခြေအနေထဲမှ သူ ရုန်းထွက်လာသည်။ သူ ကျန်းကျန်းမာမာ ဖြစ်လာသည်။ ကျွန်မတို့ဘဝ ပုံမှန်ပြန်ရောက်လာပါသည်။ ကျွန်မတို့၏ ပျော်စရာအချိန်များ ပြန်လည်ဆန်းသစ်လာသည့် ကာလပိုင်းဖြစ်ပါ၏။

အောက်တိုဘာလထဲတွင် မစ်လ်တစ်ယောက် သူ့ကိုယ်သူအားလုံးပြန်စစ်သည်။ အားလုံးကောင်းပါသည်ဟု အဖြေထွက်၏။ သို့သော် ဆရာဝန်များက "တနင်္လာနေ့မှာ ရမယ့် Biopsy အဖြေရမှ ပိုသေချာလိမ့်မယ်" ဟု မတင်မကျ ပြော၏။

တထိတ်ထိတ်နှင့် စောင့်နေသည့် တနင်္လာနေ့သို့ ရောက်ခဲ့ပါပြီ။ ညနေ ၅ နာရီတွင် တယ်လီဖုန်းဝင်လာသည်။ သူကိုယ်တိုင် ဖုန်းထကိုင်သည်။ အတန်ကြာနားထောင်ပြီး "ဟုတ်ပြီလေ၊ ကျေးဇူးတင်ပါတယ်ဗျာ" ဟု ပြန်ပြောသံ ကျွန်မ ကြားလိုက်သည်။ သူ ဖုန်းချလိုက်၏။

ကျွန်မ တန်းသိလိုက်သည်။ မကြားဝံ့မနာသာ 'ကင်ဆာ' ဟူသည့် စကားနှစ်လုံး ကျွန်မနားထဲတွင် ဆူညံသွား၏။

ကျွန်မ သူ့ကို သိုင်းဖက်လိုက်သည်။

"မောင်က သာမန်လူမှ မဟုတ်ဘဲ။ သာမန်လူတွေထက် ခွန်အားကြီးသူပဲ။ မောင် ကျော်လွှားနိုင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မမျက်နှာကို နူးညံ့စွာပွတ်သပ်ပြီး ကြိုးကြိုးစားစား ပြုံးရင်း ကတိစကား ဆိုသည်။

"မောင် ကြိုးစားပါ့မယ်ကွာ။ မောင့်မှာ လုပ်စရာတွေ အများကြီးရှိ ရယ်လေ"

ကျွန်မ ယောကျ်ားခွဲစိတ်ခန်းထဲ ပြန်ဝင်ရပြန်ပါသည်။ ခွဲစိတ်မှု အောင်မြင်ပါ၏။ သူ တကယ်ဆေးလိပ်ပြတ်သွားပြီ။ သေမင်းနှင့် မျက်နှာချင်းဆိုင် တွေ့သည့်အခါ သူဖြုံသွားခြင်း ဖြစ်ပါလိမ့်မည်။

သူ ဆေးလိပ်ဖြတ်သည်နှင့် သူ့နှလုံး အခြေအနေ ပြန်ကောင်းလာသည်။

ကျွန်မ စဉ်းစားကြည့်သည် "လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကများ သူဆေးလိပ်ဖြတ်ခဲ့နိုင်ရင် သည်ဘဝမျိုးနဲ့ ကျွန်မရင်ဆိုင်ရမလား။ သူ ဒီလောက်မိုက်မဲရှိ သလား"

စဉ်းစားရင်း ကျွန်မ ဒေါပွလာသည်။

သူ့ အခြေအနေပြန်ကောင်းလာပြန်သည်။ ဆေးခန်းပြန်ဖွင့်နိုင်သည်။ သူ့လူနာများနှင့် သူ ပြန်လည် ဆုံစည်းခွင့်ရခြင်း။ သို့သော် ၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလထဲတွင် ခါတ်ခွဲခန်းအဖြေတစ်ခုထွက်လာ၏။ ကင်ဆာမြစ်များ ပြန့်ပွားနေပြီတဲ့။

မစ်လ်၏ဆရာဝန်များက သူ့ကိုအမျိုးမျိုးစမ်းသပ်၏။ ဆေးဝါးအမျိုးမျိုးသွင်းပြီး စစ်ဆေး၏။ အဖြေထွက်သည်။ ဆေးဝါးအမျိုးမျိုးကြောင့် ခံစားရသည့် နောက်ထပ်အကျိုးသက်ရောက်မှုမှာ ဆံပင်တွေကျွတ်လာသည်။ ဆက်တိုက် ကြို့ထိုးလာသည်။ နာကျင်ခြင်းဝေဒနာ လျော့ကျမသွားကော့။ သူ ကြို့ထိုးသက်သာအောင် ကျွန်မတတ်သမျှ မှတ်သမျှ နှိပ်နယ်ပြုစုပေးပါ၏။ ခဏတော့ သက်သာသည်။ သူ့ဆံပင်တွေကို ကျွန်မဖြီးသင်ပေးသည်။ သူ့ကို သည်လိုလုပ်လျှင် သူက မကြိုက်ချင်။ သို့သော် သူသဘောကျနေမှန်း ကျွန်မ သိပါသည်။ ကျွန်မကလည်း သည်လိုပြုစုပေးနေရသည်ကို ကြည်နူးနေမိသည်။

ကျွန်မအတွက် စိတ်၏ငြိမ်းချမ်းမှုကို အဆမတန်ရသည့် တခဏ များ ဖြစ်ပါ၏။

နွေဦးပေါက်တော့ သူဆေးခန်းပိတ်လိုက်ရသည်။ သူ့လူနာဟောင်းများဆီက သူ့အတွက်ဆုမွန်ကောင်းတောင်းသည့်စာတွေ ရေးလာကြသည်။ ထိုအခါ မစ်လ်၏ စိတ်ဓာတ်တွေ တက်ကြွလာပြန်၏။ သူ့လူနာတွေက သူ့ကို ဘယ်လောက် အားကိုးကြောင်း၊ လူနာများအတွက် သူဘယ်လောက် အရေးကြီးကြောင်း သူ သိလာပြီ။





သည့်နောက်ပိုင်းတွင် ကျွန်မ၏ လင်တော်မောင်သည် ဆေးရုံနှင့် အိမ်ကို အိမ်ဦးနှင့် ကြမ်းပြင်ပမာ တက်ချည်ဆင်းချည်ဖြင့် စခန်းသွားနေတော့၏။

ဆေးရုံသို့ ကျွန်မရောက်သွားသည်။ သူ့အသိဉာဏ်တွေ ဝေဝေဝါးဝါး ဖြစ်လာသည်။ သူ့ကိုယ်သူ သေမည်ဟုလုံးဝမထင်။ "ဆေးရုံကဆင်းရင်၊ ကိုယ် ပြန်အားပြည့်လာလျှင်" ဟူသည့် စကားမျိုးသာပြောနေ၏။

ရာသီဥတုသာယာသည့် တစ်နေ့တွင်တော့ ကျွန်မတို့၏ ယာတောအိမ်သို့ သူ့ကို ကျွန်မကားမောင်းပို့ပေးသည်။ နေသာနေ၏။ သူသည် လူကောင်း ဖြစ်နေသည်။

ယာတောလမ်းတစ်လျှောက်တွင် ကားရပ်ပြီး ကျွန်မတို့ကြက်ဥတွေ ဝယ်သည်။ မနက်စာ စားလျှင် သူက ကြက်ဥပါမှ သဘောကျသည်လေ။ ယာတောအိမ်တွင် သူကိုယ်တိုင် ကြက်ဥကြော်သည့် ဒယ်အိုးကို သီးသန့်ထားသည်။ သည်ဒယ်အိုးကို ကျွန်မကိုလည်း သုံးခွင့်မပြု။ ဘယ်သူမှမသုံးရ။ ကျွန်မက ပေါင်မုန့် ထောပတ်သုတ်ပေးသည်။ ပြီးတော့ လိမ္မော်ရည်ဖျော်ပေးသည်။ ကျေးသမျှ သူ အကုန်စားသည်။ ကျွန်မပျော်လိုက်သည့် ဖြစ်ခြင်း။ သည်လို သူ မစားသည်မှာ ကြာပြီ။

မနက်စာ စားပြီးတော့ သူ တစ်ယောက်တည်း အပြင်ထွက်သွားသည်။ ကျွန်မ သူ့ကို စောင့်ကြည့်နေမိ၏။ သူလျှောက်သွားသည့် မြက်ခင်းပြင်တွင် ကျွန်မတို့ သမီးကလေး လီဆာလက်ထပ်ခဲ့ခြင်းဖြစ်ပါ၏။ သူစမ်းချောင်းကလေးဆီကို ဆင်းသွားသည်အထိ ကျွန်မငေးကြည့်နေမိ၏။ မြေးကလေး မိကာနှင့် သူ ငါးမျှားနေကျ စမ်းချောင်းကလေး။

ပြန်ချိန်တန်လို့ ယာတောအိမ်ကလေးကို သော့ခတ်ရင်း သူစကား တစ်ခွန်းပြောသည်။

"ကိုယ်တို့ ယာတောနေရာကလေးက သိပ်လှတာပဲနော်"

သူ့အသံတွင် လွမ်းဆွေးတမ်းတသံပါနေ၏။ သည်နေရာကလေးသို့ ကျွန်မတို့နောက်ဆုံးနှုတ်ဆက်သည့် အနေဖြင့် ရောက်လာခြင်းဖြစ်ကြောင်း ကျွန်မတို့နှစ်ယောက်စလုံး သိနေသလိုပင်။

မိုးရာသီကုန်ဆုံးလို့ ဆောင်းဝင်လာသည်။ သူ့ကိုယ်ထဲမှ ကင်ဆာက အရိုးထဲထိ ပျံ့နေပြီး သူအားနည်းသည်ထက် အားနည်းလာ၏။ ပိန်သည်ထက် ပိန်လာ၏။

ကျွန်မ မခံမရပ်နိုင်အောင် ဖြစ်လာသည်။ သည်ရွေ့ သည်မျှ ချိုမြိန်သောဘဝကို ဘယ်သူ အဆုံးသတ်စေချင်ပါမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



လီဆာ၏ စတုတ္ထကလေးမွေးတော့ ကျွန်မ အိုင်အိုဝါသို့ လေယာဉ်ခရီးစဉ်ဖြင့် သွားရောက်ခဲ့ရပြန်ပါ၏။ သည်တစ်ကြိမ် လီဆာမိန်းကလေး မွေးသည်။

မစ်လ်က ဆေးရုံပေါ်မှ ကျွန်မကိုမှာသည်။

"ကိုယ့်အတွက် မြေးကလေးကို နမ်းခဲ့နော်"

နောက်တစ်နေ့တွင် မြေးကလေး'ဓရိယယ်လ်'ကို ကျွန်မ ချိုပိုးရင်း နမ်းလိုက်သည်။ ပြီးတော့ သူ့ အဘိုးအတွက် ထပ်ပြီးအကြိမ်ကြိမ် နမ်းလိုက်သည်။

သို့သော် ကျွန်မ ကြာကြာမနေအားပါ။ မြေးကလေးအတွက် တစ်နာရီသာ အချိန်ပေးနိုင်ခဲ့ပါသည်။ မစ်လ်အတွက် စိတ်ကထင့်နေသဖြင့် ကျွန်မ ချက်ချင်း ပြန်လာခဲ့ပါသည်။

အိမ်ပြန်ရောက်တော့ ဘယ်လောက်ခရီးပင်ပန်းပန်း မနက်မိုးလင်းလျှင် လင်းချင်း သူ့ကို သွားကြည့်ဖို့ ကျွန်မ ဆုံးဖြတ်ထားသည်။ သို့သော် တစ်စုံတစ်ခုက စေ့ဆော်နေသည့်အလား ကျွန်မ စိတ်ပြောင်းသွားသည်။ ညတွင်းချင်း ကျွန်မ ဆေးရုံလိုက်သွားသည်။

အခန်းထဲရောက်တော့ သူ့လက်ကို ကျွန်မ ဆုပ်ကိုင်ထားလိုက်သည်။ သူမျက်လုံးဖွင့်ကြည့်၏။

"ဟင် ဂျိုက်စ်ပါလား၊ ထိုင်လေကွာ"

သူ မျက်စိပြန်မှိတ်သွားသည်။ ကျွန်မက ဆက်ထိုင်နေပြီး သူ့လက်ကို မလွှတ်တမ်း ဆုပ်ထားသည်။

ကျွန်မ အကြာကြီး သူ့ကို စကားတွေပြောနေမိ၏။ လီဆာ့သမီးကလေးအကြောင်း၊ ကျွန်မတို့ ဖြတ်သန်းခဲ့သည့် ဘဝအကြောင်း၊ အများဆုံး ပြောဖြစ်သည်ကတော့ သူ့ကို ကျွန်မ ဘယ်ရွေ့ ဘယ်မျှချစ်မြတ်နိုးကြောင်း၊ သူ့အချစ်ကိုရသဖြင့် ကျွန်မ ဘယ်လောက်ပျော်ရွှင်ခဲ့ရကြောင်း စသည် စသည်။

ကျွန်မပြောသမျှ သူကြားမကြား မသေချာပါ။ သန်းခေါင်ကျော်အချိန်တွင် ကျွန်မ ပြန်သင့်ပြီဖြစ်ကြောင်း တာဝန်ကျဆရာမများ လာပြောကြသည်။

နံနက် ၆ နာရီတွင် ကျွန်မအိပ်ရာနံဘေးမှ တယ်လီဖုန်းသံ မြည်လာသည်။ သူ ဆုံးပြီတဲ့။ ကျွန်မ ဆေးရုံရောက်သွားသော အချိန်တွင် သူ့ကို သယ်မသွားကြသေးပါ။ အခန်းထဲတွင် အိပ်နေသလို လဲလျောင်းလျက် ရှိပါသေးသည်။

သူ ငြိမ်းချမ်းစွာ အိပ်ပျော်လျက်ရှိပါသည်။ မရှိမဆန့် ခံစားသွားရ





သည့်အတွက်တော့ ဝေဒနာအရေးအကြောင်းကလေးများ သူ့မျက်နှာတွင် ပေါ်နေ၏။ ကျွန်မ သူ့ကိုငုံ့ပြီးနမ်းလိုက်ပါသည်။ ပြီးမှ နှုတ်ဆက်လိုက်၏။

"ဂွတ်ဘိုင်"

ကျွန်မအတွက် ပူဆွေးငိုကြွေးချိန် မရှိလိုက်ပါ။ လုပ်စရာတွေက အပုံအပင်။ အကြောင်းကြားရမည့် သူ့တွေ၊ ပန်းခွေမှာရမည့် ကိစ္စ၊ အသုဘ ပို့ဖို့ ဝေယျာဝစ္စများ။

အလုပ်တွေရှုပ်နေသဖြင့် ကျွန်မ၏ ခံစားမှုတွေ ထုံထိုင်းနေသည်။ ဒါကပင် ကျွန်မအတွက် ခပ်ကောင်းကောင်းဖြစ်နေ၏။

ကိစ္စဝိစ္စအားလုံးပြီးလို့ ကျွန်မ အသက်ရှူနိုင်ချိန်ရောက်မှ သူမရှိတော့ကြောင်း အထိတ်တလန့် သတိပြန်ဝင်လာခြင်း ဖြစ်ပါ၏။

တံခါးဝမှ သူဘယ်သောအခါမျှ ဝင်လာတော့မည် မဟုတ်ပါကလား။ ကျွန်မကို တွေးပွေ့မည့်သူသည် လူ့လောကထဲမှ တကယ်ပျောက်ကွယ် သွားခဲ့ပါပြီကော။ ကော်ဖီတစ်ခွက်ဖျော်ပြီး ရှေ့ရေးကိုတွေးကြည့်သည်။ ခုမှ ပါးပြင်ပေါ်သို့ မျက်ရည်တွေ စီးကျလာ၏။

စိတ်ရောဂါ ဆရာဝန်တစ်ယောက်အနေဖြင့် ကျွန်မသည် သောကအပါဒနှင့် အထီးကျန်ဝေဒနာအကြောင်း အကြိမ်ပေါင်း ရာနှင့်ချီပြီး သင်ကြားပို့ချခဲ့ဖူးပါ၏။

သို့သော် ကျွန်မ မရောက်ဖူးသည့် ဒေသအဝန်းအဝိုင်းထဲသို့ ရောက်လာသည့်အခါ ခံစားရသည့်ဝေဒနာမှာ သေလုမြောပါး ပါတကား။

ညဉ့်လယ်ယံတွင် အနားမှာ သူမရှိတော့ပါကလားဟူသည့် အသိကြောင့် ငိုကြွေးရ၏။ နှစ်ယောက်သားထိုင်နေကျ စားသောက်ဆိုင်ရှေ့ ဖြတ်လျှောက်သွားလျှင် မျက်ရည်လည်ရ၏။

တစ်စုံတစ်ယောက်က မစ်လ်အပေါ်တွင် ကျွန်မ ဒေါသဖြစ်နေသလား မေးလျှင် ကျွန်မ အထိတ်တလန့်ဖြစ်ရ၏။ ဘာကြောင့် ကျွန်မယောကျ်ားအပေါ် ကျွန်မဒေါသဖြစ်ရပါမည်လဲ။ မစ်လ်ကို ကျွန်မ ဘယ်တော့မှ စိတ်ဆိုးလိမ့်မည် မဟုတ်ပါ။

တစ်ခုတော့ ရှိသည်ပေါ့လေ။ ပြန်ပြောရလျှင် သူဆေးလိပ်တွေအလွန်အကျွံ သောက်နေသည့်အချိန်ကတော့ စိတ်ဆိုးခဲ့ဖူးပါ၏။ ကျွန်မတို့နှစ်ယောက်စလုံးပေါင်းပြီး လုပ်စရာတွေ၊ ရှေ့တွင် တစ်ပုံတစ်ပင် ရှိပါသေးသည်။ ခုတော့ သည်ဆေးလိပ်ကြောင့် အားလုံး ပျက်စီးခဲ့ရပါလေပြီ။

ကျွန်မယောကျ်ားအကြောင်း စဉ်းစားလျှင် မျက်ရည်မကျနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



**နေနိုင်သည့်** ပထမဆုံးအချိန်မှာ သူဆုံးပြီး တစ်နှစ်နီးပါးကြာမှ ဖြစ်ပါသည်။ သူ ကျွန်မကို 'မီးဖိုချောင်မင်းသမီး' ဟု ခေါ်တတ်သည်ကို သွားသတိရလိုက်သည့်အချိန် ဖြစ်ပါ၏။

ကျွန်မက မီးဖိုးထဲမှ နံရံကပ်ဘီဒိုတွေ၏ တံခါးကို ဖွင့်ဖွင့်ထားတတ်သည်။

"ဟင်း ..တစ်နေ့နေ့တော့ ခေါင်းကွဲမှာ မြင်ယောင်သေးတယ်"

"မပူပါနဲ့၊ ကျွန်မအရပ်နဲ့ အလွတ်ကြီးပါ"

ကျွန်မက ပြန်ပြောတတ်သည်။

တစ်နေ့တွင်တော့ ပွင့်နေသည့် တံခါးတစ်ချပ်နှင့် ကျွန်မ ဆောင့်မိတော့သည်။ အမယ်လေးတပြီး ကိုင်ကြည့်လိုက်တော့ ခေါင်းတွင် ဧရာမအာလူသီးကြီး။ နာလွန်းသဖြင့် မျက်ရည်လည်ရမည့်အစား သူ့အကြိမ်ကြိမ်သတိပေးသံကို ပြန်ကြားယောင်ပြီး ကျွန်မ ပြုံးလိုက်သည်။

ကျွန်မ အဖေဆုံးတုန်းက လင်တော်မောင်၏ နှစ်သိမ့်စကားသည် ကျွန်မရင်ထဲမှ အပူမီးကိုငြိမ်းစေခဲ့ပါသည်။

"သူ မင်းနဲ့ခွဲသွားတာမဟုတ်ပါဘူး။ ကလေးတွေ သူတို့မိတရဲ့ ဝိညာဉ်ကို အမြဲတမ်းသယ်ယူသွားတတ်ကြတယ်။ လင်နဲ့မယားကျတော့ ပိုပြီးခွဲလို့မရသေးတယ်။ နှစ်ယောက်ပေါင်းမှ တစ်ယောက်ဖြစ်တာကိုး"

သူပြောသည်မှာ အမှန်ဖြစ်ကြောင်း ကျွန်မ သိခွင့်ရခဲ့ပါ၏။ ကျွန်မသည် သူ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ထိုအချိန်မှစပြီး ဘဝသည် နေချင့်စဖွယ် ပြန်ဖြစ်လာသည်။

အောက်မေ့လွန်းလျှင် ငိုမိသော်လည်း တဖြည်းဖြည်းနှင့် ကျွန်မ နေသားကျလာ၏။ ကျော်ဖြတ်ခဲ့ရသည့် တစ်နှစ်တာကာလအတွင်း ရှုမတတ်ခံစားခဲ့ရပါ၏။ အထီးကျန်ဘဝ ဝေဒနာနှင့်ပင် ကျွန်မသေလိမ့်မည်ဟုပင် ထင်ခဲ့၏။ သို့သော် ကျွန်မ မသေခဲ့ပါ။

ယခုဆိုလျှင် ဘဝ၏အလှည့်အပြောင်းဒဏ်ကို ကျွန်မရင်ဆိုင်နိုင်လာပြီး ခံနိုင်ရည်ရှိလာပြီ။ ရင်ထဲမှ သောကကြောင့်ပင် လူတွေကို ကျွန်မ ပိုပြီးမေတ္တာထားနိုင်လာသည်။ စာနာတတ်လာသည်။

နှစ်သိမ့်စကားလုံးကလေးများသည် ဘယ်ရွေ့ဘယ်မျှ ဖြေပြေရာဖြစ်စေသည်၊ ခရီးရောက်သည်ကို ကျွန်မ သိရှိနားလည်ခဲ့ပြီ။ လူတွေနှင့် ကျွန်မမျှဝေ ခံစားတတ်လာ၏။

ကျွန်မရင်ထဲတွင် သောကဝေဒနာသည် ရှိနေဆဲဖြစ်၏။ သို့သော်





ကျွန်မ သိမ်းဆည်းထားနိုင်ပြီ။ သည်လို မျိုသိပ်နိုင်လာသည့်အခါတွင် **ဘဝသည်** မိနစ်တိုင်း ပို၍ ပို၍ အဓိပ္ပာယ်ရှိလာ၏။ ဆေးလိပ်၏ အန္တရာယ်ကို **ကျွန်မ** အခါသင့် အခွင့်ကြုံတိုင်း ကျွန်မပြောတော့မည်။

မစ်လ်ဆုံးပြီး ဒုတိယနွေဦးပေါက်တွင် ကျွန်မ အိပ်မက်တစ်ခု မြင်မက်ပါသည်။ ကျွန်မတို့နှစ်ယောက်တည်း ယာတောအိမ်ကို သွားကြသည်တဲ့။ နှင်းတွေ ဖွေးဖွေးလှုပ်ကျနေသော်လည်း အိမ်ထဲတွင် နွေးနေ၏။ မီးလင်းဖိုထဲတွင် မီးတွေ တဟိုန်းဟိုန်းတောက်လျှက်။

ချက်ချင်း! ကျွန်မတို့နှစ်ယောက် အပြင်ထွက်လိုက်ကြသည်။ ချက်ချင်းနေခြည်ဖြာလာ၏။ နှစ်ယောက်သား လက်ချင်းချိတ်ပြီး ရယ်ရယ်မောမောလျှောက်သွားကြ၏။ တောင်အဆင်းလမ်းကလေးတွေက နှင်းတွေရွှဲပြီး ချော်နေသည်။ ကျွန်မတို့စမ်းချောင်းကလေးကို ရောက်သွားတော့ မြင်ကွင်းမှာ မယုံနိုင်အောင်ပင် ခြံနွယ်ပိတ်ပေါင်းတွေ အကြားတွင် နှင်းပန်းတွေ၊ သစ္စာပန်းတွေ၊ အပြိုင်အဆိုင် ဖူးပွင့်နေကြ၏။ သစ်ပင်တွေက နှင်းဆီပွင့်တွေ၊ ဒေစီပွင့်တွေ ပွင့်နေကြ၏။

မစ်လ်သည် အရိုးပေါ်အရေတင်နေသည့် ရုပ်မျိုးမဟုတ်တော့ပါ။ ကင်ဆာရောဂါသည် တစ်ယောက်၏ ပုံဖွာနိမျိုးလုံးဝမရှိပါ။ ကျွန်မတို့ နှစ်ယောက် ယာတောအိမ်ကလေးဆီသို့ ပြန်ခဲ့ကြပါသည်။ လက်ထဲတွင် ပန်းပွင့်တွေ ကိုယ်စီပိုက်လျက်။

*He has not Left me by Joice Brothers*

၂၀၀၁ ခုနှစ်၊ ဧပြီလ၊ မဟေသီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## ချမ်းမြေ့ရိပ်မြုံ

အင်မာက ချက်လက်မှတ်ပါသည့် လစာ စာအိတ်ကိုခေါက်ပြီး အိတ်ထဲထည့်လိုက်သည်။ အင်း .. တစ်ပတ်စာတော့ စိတ်အေးရပြန်ပြီပေါ့။ စားစရာသောက်စရာတွေ ဝယ်ရမည်။ အိမ်ခန်းအတွက် လစဉ်ကြေးသွင်းရမည်။ လျှပ်စစ်မီတာခ ဆောင်ရမည်။

"သေသေချာချာ ကြည့်ဦးလေ အင်မာ၊ မင်းပျော်သွားလိမ့်မယ်" ဟု ကြီးကြပ်ရေးမှူးမေရီက လှမ်းပြောသည်။ အင်မာ့ မျက်နှာတွင် ဇဝေဇဝါ အမူအရာများ ဖျတ်ခနဲပေါ်လာပြီး စာအိတ်ကိုဖောက်ကြည့်လိုက်၏။ အလိုလစာ တိုးပြန်ပြီကော၊ ကာကွယ်ရေးပစ္စည်းအလုပ်ရုံတွင် စတင်ကတည်းက ဒုတိယအကြိမ် လစာတိုးခြင်းဖြစ်၏။ ဘက်စီကလေးအတွက် ဖိနပ်ဝယ်ပေးဖို့ ချက်ချင်းသတိရလိုက်သည်။

"အင်း .. မင်္ဂလာသတင်းပါပဲ မေရီရယ်" ဟု ပြုံးပြုံးစာလေး ပြန်ပြောလိုက်၏။

"မင်း ရသင့်ပါတယ် အင်မာ၊ ဒါထက်တောင် ပိုရသင့်ပါတယ်၊ တို့ဌာနစိတ်မှာ မင်းဟာအတော်ဆုံး အလုပ်သမတစ်ယောက်ပဲ"

အင်မာ ပြုံးလိုက်ပြန်သည်။ အမှန်အတိုင်းပြောရလျှင် အင်မာသည် အလုပ်ကို မလုပ်ချင်ပါ။ အင်မာသည် မိသားစုနှင့်အိမ်ကလွဲပြီး ဘယ်မှာမှ





မပျော်ပိုက်ပါ။ ကလေးတွေ မွေးမည်။ ဖရင့်နှင့်သားသမီးများအတွက် သိမ်မွေ့ဂေဟာကလေး ဖြစ်အောင် အိမ်ကိုမွမ်းမံမည်။

ယခုတော့ ဖရင့် မရှိရှာတော့ပြီ။ နာတာရှည် အဆုတ်ရောဂါသည်ဘဝဖြင့် နှစ်ရှည်လများခံစားပြီး ကွယ်လွန်သွားခဲ့ခြင်း ဖြစ်ပါ၏။ လင်တော်မောင်၏ ကုမ္ပဏီမှရသည့် ပင်စင်လစာကလေး မဖြစ်စလောက်နှင့် ငယ်ငယ်ရွယ်ရွယ် မုဆိုးမလေးမှာ ကလေးတစ်ပြုံလုံးနှင့် အသက်ဆက်နေရ၏။ ရသည့်ငွေနှင့် ကလေးများစရိတ်မှာ ဆင့်ပါးစပ် နှမ်းပက်သည့်ပမာဖြစ်နေသည်။

မြို့နယ်သာရေး နာရေးအဖွဲ့မှ ထောက်ပံ့ငွေပေးဖို့ အဆိုပြုလာသည်။ သည်သတင်းကြားရသည့်အခါ အင်မာ့မျက်နှာတစ်ခုလုံး ပူထူသွားသည်။ အင်မာသည် မာနကြီးသည့် မိန်းကလေးတစ်ယောက်ဖြစ်၏။ သာရေး နာရေးအဖွဲ့က မိသားစုထောက်ပံ့ငွေကို လက်ခံဖို့မှာ အင်မာ့အတွက်စဉ်းစားလို့ မရနိုင်သည့် ကိစ္စမျိုးဖြစ်ပါသည်။ လုံးဝ မဖြစ်နိုင်ပါ။

ကိုယ့်အားကိုယ်ကိုးပြီး အိမ်စရိတ်ရှာမည်။ သားသမီးတွေ မျက်နှာမငယ်ရအောင် လုပ်မည်။ လွယ်တော့ လွယ်မည်မဟုတ်၊ အချိန်မှာ ၁၉၄၄ ခုနှစ်၊ တိုင်းပြည်က ကမ္ဘာစစ်အတွက် အကျပ်အတည်းဖြစ်နေချိန်။

အင်မာ ကြိုးစားသည်။ အလုပ်မျိုးစုံ လုပ်သည်။ ပေါင်မုန့် ဖုတ်ရောင်းသည်။ အိမ်နီးနားချင်းများက အားပေးကြပါ၏။ စက်ချုပ်တော့လည်း အင်မာ လက်မလည်။ ဤသို့ဖြင့် ငွေစကလေးရှင်လာသည်။

ဖရက်ကီက သတင်းစာပို့လို့ရသမျှ ဝင်ငွေကို မအေဆီသို့ လိုလိုချင်ချင်အပ်သည်။ လူစီက ဝါသင်တန်လမ်းပေါ်မှ စတိုးဆိုင်တစ်ဆိုင်တွင် အကုအရောင်းစျေးသည် ဝင်လုပ်သည်။ သို့သော် သူတို့ငွေကလေးက မဖြစ်စလောက်မို့။ သိပ်ခရီးမရောက်လှပေ။ ကလေးတွေဆီက ငွေကို လက်ခံနေရသည့်အတွက် အင်မာ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင်ဖြစ်နေ၏။

သူတို့ကလေးတွေအတွက်လည်း စိတ်ပူပါ၏။ ၁၄ နှစ်သား ဖရန့်ကီက ချမ်းချမ်းစီးစီးနှင့် မနက်အစောကြီးထပြီး၊ ရောမသတင်းစာထုပ်ကြီးကို စက်ဘီးပေါ်တင်ကာ တောင်ဆင်းတောင်တက်လမ်းများတွင် နေ့တရှူဝသွားနေရ၏။ ပြီးလျှင် ကျောင်းတက်ရသေးသည်။ ကျောင်းကလည်း အဝေးကြီး။

လူစီက အိမ်တွင်မအေ့ အလုပ်တွေကို ကူလုပ်သေး၏။ သူက ၁၆ နှစ်ရှိပြီ။ ကျောင်းချိန်နှင့် စတိုးဆိုင်မှ အားလပ်ချိန်တိုင်းအဝတ်လျှော်သည်။ ၆ နှစ် သမီးကလေး ဘက်စီကို ထိန်းပေးသည်။ သူ့အရွယ်နှင့် သူ့ အားလပ်ချိန် နားချိန် ရှိသင့်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖရန်ကီထက် သုံးနှစ်ငယ်သည့် ဂျိတ်သည်ပင် အထိုက်အလျောက် အကူအညီရနေပြီ။ သူက အိမ်အတွက် ထင်းခွဲပေးဖော်ရသည်။ အိမ်နီးနားချင်းများအတွက်ပါ ထင်းခွဲမည်တကဲကဲ လုပ်နေသဖြင့် မအေက ဖွတ်ဝင်တားထားရ၏။

သူတို့သားအမိတစ်တွေ ဘယ်လောက် အပင်ပန်းခံခံ၊ ဘယ်လိုကြိုးစား ကြိုးစား၊ အိမ်စရိတ်က ကာမိသည်မရှိ။ ဤသို့ဖြင့် အင်မာအလုပ်ထွက်လုပ်ရသည့် အခြေသို့ ဆိုက်ခဲ့ခြင်းဖြစ်၏။

ယောကျ်ားသားများ စစ်ထွက်ချိန်ဖြစ်၍ သူတို့မိန်းမများ ဝင်နေရချိန်ဖြစ်၏။ အလုပ်တွေ ပေါလှသည်။ ကာကွယ်ရေး စက်ပစ္စည်းအလုပ်ရုံများတွင် အင်ဂျင်တွေ၊ စက်ကိရိယာတွေကို မိန်းကလေးတွေ ကိုင်တွယ်နေကြပြီ။

အလုပ်တွေက ပေါပါ၏။ သို့သော် အလုပ်လိုလိုတိုင်း အချိန်က ညနေ ၃ နာရီမှ ၁၁ နာရီဖြစ်သဖြင့် အင်မာဘယ်လို စီစဉ်ရမှန်းမသိ ဖြစ်နေ၏။ သို့သော် လိုလျှင်ကြံဆနည်းလမ်းရ ရမည်ဟု အင်မာယုံကြည်လေသည်။

အင်မာ အလုပ်သွားဖို့အဦးဆုံး ဘတ်စ်ကားမှတ်တိုင်က တစ်မိုင်ခွဲလမ်းလျှောက်ရသည်၊ ဘက်စီကလေး ကျောင်းဆင်းချိန်ကို စောင့်ပြီး အငယ်လေးနှင့် ခဏတစ်ဖြုတ်နေသည်။ ပြီးမှ အလုပ်သွားသည်။ ဘက်စီကလေးက သူ့အမေ အလုပ်သွားရမည်ကို နားလည်သော်လည်း၊ ပျော်စရာ ညနေခင်းကလေးများ ပျောက်ဆုံးသွားသည့် အတွက်တော့ နှမြောသည်။ မေမေ ဆိုပြသည့်သီချင်းသံကို အောက်မေ့သည်။ မေမေဖက်ရင်း ဆိုပြသည့် သီချင်းသံလောက် သာယာသည့် အသံမျိုး ဘက်စီဘယ်မှာမှ မကြားဖူး။

အင်မာကလည်း သမီးလေး မအေကို ဘယ်လောက် တမ်းတ နေမည်ကို သိသည်။ "ဒီတစ်ညတည်းပါ မေမေရယ်၊ အိမ်မှာနေပါနော်" လို့ ဘက်စီကလေး ပြောသည့်နေ့က မငိုမိအောင် အင်မာ မနည်းထိန်းထားရသည်။

ဤသို့ဖြင့် ည ၁၀ နာရီအထိ လုပ်ရသည့် အလုပ်တွင် အင်မာ အကျင့် ရလာသည်။ ဘတ်စ်ကားနှင့် ပြန်လာပြီးတောင်ခြေမှတ်တိုင်တွင် ဆင်းသည်။ ပြီးမှ မိမိ၏သီရိဂေဟာကလေးရှိရာသို့ လူသူကင်းမဲ့နေသည့် တောင်ပေါ်လမ်းကလေးအတိုင်း ဆက်လျှောက်သည်။

အလုပ်ပင်ပန်း ခရီးပန်းသည့်အတွက် အင်မာ မမှုပါ။ ကလေးတွေနှင့် ခွဲနေရခြင်းအတွက်သာ စိတ်ဆင်းရဲခြင်းဖြစ်၏။





တစ်နေ့ နေ့လယ်ခင်းတွင် စက်ရုံကို ဖရန်ကီမမျှော်လင့်ဘဲ ပေါက်ချလာသည်။ အိတ်တစ်လုံးကို လက်မှာဆွဲလျက်။ ဒီမှာ မေမေ မေ့ကျန်ခဲ့တဲ့ ညစာ ထမင်းထုပ်ဟုပြောရင်း ပြုံးပြုံးကလေးကမ်းပေးသည်။

ဂျိတ်၏ ဒူးခေါင်းတွင် ဒဏ်ရာရသွားသဖြင့် အနာကိုဆေးကြောသုတ်သင်၊ ချုပ်လုပ်ဆေးထည့်ပေးနေရသဖြင့် ထမင်းထုပ်မေ့ကျန်ခဲ့ခြင်းဖြစ်၏။

"ကျေးဇူးပါပဲ သားရယ်၊ သား လိုက်လာရတာ အဝေးကြီးပဲ"

အလွန်စိတ်ချရသော သားကလေးကိုဖက်ပြီး အင်မာ ပြောလိုက်သည်။

"သား အပြေးသန်ပါတယ် မေမေ" ဟု ပြောပြောဆိုဆို မအေ့ပါးကို နမ်းပြီး ပြေးထွက်သွားသည်။ လုပ်ဖော်ကိုင်ဖက် အမျိုးသမီးတစ်ယောက်က "အဲဒါ မင်း သားလေးလား အင်မာ" ဟု မေးတော့ "ဟုတ်တယ်" ဟု အင်မာ ဂုဏ်ယူစွာဖြင့် ခေါင်းညိတ်ပြီးပြောလိုက်သည်။

"ကလေးက ပိန်လိုက်တာနော်"

အမျိုးသမီး၏ မှတ်ချက်ကြောင့် အင်မာ တွေသွားသည်။ ဘာမှ ပြန်မပြောနိုင်အောင် အထိတ်တလန့် ဖြစ်သွားသည်။ ပခုံးနှစ်ဖက်လျှော့ကျသွား၏။ ပြေးဆင်းသွားသော သားကလေးကို လိုက်ငေးကြည့်နေမိ၏။

ဟုတ်သားပဲ၊ ပခုံး ကျဉ်းကျဉ်းကလေးနဲ့ သားကလေး တော်တော် ပိန်ရှာတာပဲ။ သူငယ်ချင်း အမျိုးသမီးပြောတာမှန်တယ်၊ အင်မာ စိတ်မာတ် အကျကြီးကျသွားသည်။

ဖရန်ကီကိုငေးကြည့်ကျန်ရစ်ရင်း၊ အင်း .. သားလေး တကယ် ပိန်နေရှာတာပါလားဟု ငြီးတွားမိ၏။ အကြာကြီး တွေရပ်နေရင်း တစ်ခုခုတော့ လုပ်ရမည်ဟု နားလည်လိုက်၏။ သို့သော် ဘာလုပ်ရမည်မသိ ဖြစ်နေသည်။

ထိုညတွင် အင်မာအလုပ်မှ နုတ်ထွက်ခွင့်တင်လိုက်သည်။ ဖြစ်ချင်ရာဖြစ်စေတော့၊ စက်ရုံသက်သာ ရန်ပုံငွေမှ ထောက်ပံ့ကြေးကိုမှ အင်မာ ဘယ်ဘုန်းကမှ ထည့်မတွက်ခဲ့ပေ။ စင်စစ် မိမိကလေးတွေအတွက် လိုအပ်နေသည်က မအေ့လစာငွေမဟုတ် မအေကိုယ်တိုင်သူတို့နားမှာ ရှိနေဖို့ဖြစ်၏။

ဖြစ်သမျှအကြောင်းကို သူတို့စုပေါင်း ဖြေရှင်းမည်။ တွေ့သမျှ အခက်အခဲကို လက်တွဲရင်ဆိုင်မည်။ သို့သော် မေမေကတော့ သူအပျော်ဆုံးနေရာဖြစ်သည့် သည်အိမ်ကလေးထဲမှာပဲ ရှိနေရမည်။

ရက်အနည်းငယ်အတွင်း အလုပ်ထွက်ရမည့်နေ့သို့ ရောက်လာခဲ့သည်။ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းတွေစုပြီး ပွဲ ဖက်နှုတ်ဆက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆုမွန်ကောင်းများတောင်းပေးကြသည်။ အင်မာက တစ်ယောက်ချင်း ပြန်ဖက်ပြီး သူ့ကို တရင်းတနှီး ပေါင်းသင်းခဲ့ကြသည့်အတွက်နှင့် ဆုတောင်း ပေးကြသည့်အတွက် ကျေးဇူးတင်ပါကြောင်းပြောပြီး စက်ရုံထဲမှ ထွက်လာ ခဲ့သည်။

မှတ်တိုင်ရောက်လို့ ဘတ်စ်ကားပေါ်က ဆင်းပြီး အိမ်ကို သုတ်ခြေ တင်သည်။ အင်မာ့ခြေသံသည် ခပ်ကြွမ်းကြွမ်း၊ တောင်တက်လမ်းကလေး ပေါ်တွင် ပဲ့တင်ထပ်နေ၏။ အချိန်မှာ သန်းခေါင်ကျော်နေပြီ။ ဧပြီလ အစော ပိုင်းညဉ့်လေသည် အေးမြလျက်ရှိ၏။

အိမ်နားရောက်ပြီ၊ အမှောင်ထုကို ဖြတ်ပြီးအိမ်ဆီသို့ အင်မာ လှမ်း ကြည့်လိုက်၏။ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွား၏။ တစ်အိမ်လုံးမှောင်လို့ပါ လား၊ ခါတိုင်းဆိုလျှင် မီးတစ်လုံးတလေ ဖွင့်ထားမြဲပါ။ သည်နေ့ သူတို့ အမေ အလုပ်ထွက်ပြီး အပြီးပြန်ခဲ့မည့်အကြောင်းလည်း သူတို့သိပြီးသားပဲ။ ကိစ္စမရှိပါ။ မိနစ်ပိုင်းအတွင်း မိမိ၏သီရိဂေဟာကလေး၊ အလုံခြုံဆုံး နေရာ ကလေးသို့ ပြန်ရောက်တော့မည်။

တိတ်ဆိတ်ငြိမ်သက်နေဆဲပါလား၊ အိမ်ဝင်းထဲသို့ ဝင်ခဲ့ပြီး နောက် ဘက်တံခါးဆီသို့ ခြေဖျားထောက်လျှောက်သွားသည်။

မီးဖိုတံခါးကို အသာဖွင့်လိုက်သည်။ အသံမထွက်အောင် သတိထား ပြီး ဖွင့်၏။ မီးဖိုဆောင်နှင့်ခန်းဆီးတစ်ခုသာ ခြားသည့်အခန်းတွင် အိပ်သည့် ကလေး နိုးသွားမည် စိုးရွံ့ဖြစ်၏။

နံရံတွင် မီးခလုတ်ကို လက်နှင့်လိုက်စမ်းနေစဉ် အမှောင်ထဲမှ လှုပ် ရှားသံ ကြားလိုက်၏။ မီးဖွင့်လိုက်သည်။ ဖြာကျလာသည့် အလင်းရောင်များ နှင့်အတူ ကလေးများ တစ်သံတည်းထွက်လာ၏။

သန်းခေါင်ကျော်အချိန်ကြီးတွင် သူတို့မောင်နှမတွေ မီးဖိုထဲတွင် ညဝတ် အင်္ကျီကိုယ်စီဖြင့် ရပ်နေကြ၏။ သူတို့ကလေးတွေ၏ မျက်နှာတွင် ပျော်ရွှင်မှု အပြုံးကိုယ်စီဖြင့်။

မီးဖိုဆောင်ကိုဖြတ်ပြီး စာတန်းတစ်ခု ချိတ်ထားသည်။ ဧရာမစာလုံး ကြီးတွေကို ရောင်ပြေးစက္ကူဖြင့် ရေးကပ်ထားခြင်းဖြစ်သည်။

"ကြိုဆိုပါတယ် မေမေ"

မီးဖိုပေါ်မှ ဒယ်အိုးအဟောင်းထဲတွင် ချောကလက်နွေးက အငွေ့ တစ်ထောင်းထောင်း ခပ်ရွှဲရွှဲကလေးစောင်းနေသည့် ကိတ်မုန့်က စားပွဲပေါ်တွင် အသင့်၊ လူစီဖုတ်ထားခြင်းဖြစ်သည်။ ဘက်စီကလေးက ပျော်လွန်းသဖြင့် လှည့်





ပတ်ကနေသည်။ "မေမေ အံ့သြသွားတယ်မဟုတ်လားဟင်၊ သမီး ကိတ်မုန့် ဖိုင်းလုပ်ပေးတယ်သိလား" ဟုလည်း ဝမ်းသာအားရပြောနေသည်။

ဂျိုတ်၏မျက်နှာကလေးမှာ တောက်ပရွှန်းလဲ့နေ၏။ ဖရန်ကီနှင့် လူစီ တို့ တစ်ယောက်ကို တစ်ယောက် ကြည့်ပြုံးနေကြသည်။

အံ့သြရင်ခုန်ဖွယ် တဒင်္ဂကလေးအပြီးတွင် အင်မာက အပြုံးမျက်နှာ ကလေးများကို ငုံ့ကြည့်လိုက်သည်။ သူတို့အားလုံးကို စုပြီးဖက်ဖို့ လက် နှစ်ဖက်ကားပေးလိုက်တော့ မျက်ဝန်းထဲတွင် မျက်ရည်တွေပြည့်လျှံလာသည်။

ဝမ်းသာလို့ကျရသည့် မျက်ရည်များ။ အားလုံးကို သူတို့ကျော်ဖြတ် ကြပါလိမ့်မည်။ သီရိဂေဟာမှ အင်မာဘယ်တော့မှ ခွဲသွားတော့မည် မဟုတ်ပါ။

*Where the Heart by Brenda Nicholes Aniley*

၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ၊ သရဖူမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## နာမည်ကလေးတော့ သိသင့်တာပေါ့

*ငါ ဘာကောင်မှ မဟုတ်၊*
*မင်းကော ဘယ်သူလဲ၊*
*ဟုတ်လား၊ မင်းလည်း အညတရပဲလား။*
*ဒါဆို ငါတို့နှစ်ယောက်*
*လျှောက်လှမ်းလို့ ရပြီပေါ့။*

**အေမီလီ၊ ဒစ်ကင်ဆင်**

တင်ကတ်ကီပြည်နယ်၊ လူဝီဗီးလ် ဆရာ၊ ဆရာမများ ပညာရေးနှီးနှော ဖလှယ်ပွဲသို့ တက်ရောက်ဖို့ ကျွန်မစာပို့လိုက်သည့်နေ့တွင် အေမီလင် ဒစ်ကင်ဆင်၏ ဘဝဇာတ်လမ်းကို ကပြမည့် ကဇာတ်လက်မှတ်လည်း ဝယ်ဖြစ်လိုက်သည်။ တစ်ကိုယ်တည်းသမားမို့ ဘယ်ကိစ္စမဆို တစ်ယောက်တည်း လုပ်နေရသူဖြစ်၍ လက်မှတ်ကို တစ်စောင်တည်း ဝယ်လိုက်ပါသည်။ တစ်ကိုယ်တော်လှုပ်ရှားရခြင်းကို အများအားဖြင့် ကျွန်မ ပျော်မွေ့နေပြီ။

နှီးနှောဖလှယ်ပွဲက စိတ်ဝင်စားဖို့ ကောင်းပါ၏။ သို့ရာတွင် နာမည်ကို ရင်ဘတ်တွင် တပ်ဆင်ပြီး သူစိမ်းတွေနှင့် စကားပြောရမည့်အတောတိတ်ဆိတ်သည့် ညနေခင်းများတွင် ကဗျာစာအုပ်တစ်အုပ်နှင့် အချိန်ဖြုန်းချင်ပါသည်။ သည်လို ငြိမ်းငြိမ်းချမ်းချမ်းဖြစ်လိမ့်မည်ထင်ပြီး ဖိတ်စာကို ကျွန်မလက်ခံလိုက်ခြင်း ဖြစ်ပါ၏။





တည်းသည့်ဟိုတယ်တွင် ညစာစားပြီး ကဇာတ်ရုံသို့ သွားဖို့လမ်းမေးကြည့်လိုက်ပါသည်။ လမ်းလျှောက်သွားမည်ဆိုလျှင် အတန်ဝေးကြောင်း ကျွန်မကို ရှင်းပြကြ၏။ ဘတ်စ်ကားစီးသွားလျှင်ရသည် ဆိုသဖြင့် ကားမှတ်တိုင်ရှိရာ လမ်းထောင့်ဆီသို့ ကျွန်မလျှောက်လာခဲ့သည်။ မစောင့်ရပါ။ ချက်ချင်း ဘတ်စ်ကားထိုးဆိုက်လာသည်။ ဒရိုင်ဘာနှင့်တစ်တန်းတည်း ရှေ့တန်းခုံတွင် ကျွန်မ ဝင်ထိုင်လိုက်သည်။ ကားဆရာက ကျွန်မဆင်းရမည့်နေရာရောက်လျှင် ပြောပါမည်ဟု ဆိုပါသည်။

ပြတင်းပေါက်မှ ဆိပ်ကမ်းရှုခင်းကို ကျွန်မငေးလိုက်လာသည်။ ကမ္ဘာလှည့်ခရီးသည်တွေ လာလေ့ရှိသည့်နေရာ။ နောက်တော့ ဘတ်စ်ကားသည် ကုန်တိုက်ကြီးတွေ၊ ရုံးအဆောက်အအုံတွေဆီကို ဖြတ်မောင်းလာ၏။ ပြီးတော့ လမ်းကျဉ်းကလေးထဲ ရောက်လာသည်။ တိုက်အို တိုက်ဟောင်းတွေ၊ တံခါးပိတ်ထားသည့် လူနေတိုက်ခန်းတွေသာ ရှိသည့်လမ်းကျဉ်းကလေးများ။

လမ်းပေါ်တွင် လူပြတ်သည်ထက် ပြတ်လာသည်။ ကျွန်မ နည်းနည်းတွေးလန့်လာ၏။ ခရီးသွားလမ်းညွှန်အရ တစ်ကိုယ်ရေတစ်ကာယ အမျိုးသမီးများ မသွားသင့်သည့်နေရာမျိုး။ ကျွန်မသွားသည့်နေရာက အထီးကျန်ဘဝပိုင်ရှင် ကဗျာဆရာမတစ်ယောက်၏ ဘဝဇာတ်လမ်းကို ကပြမည့်ဇာတ်ရုံ။ အချိန်က မှောင်ရီဖျိုးဖျ။ ပြီးတော့ တစ်ခါမှမရောက်ဖူးသည့်အရပ်။ နောက်ပြီး တစ်ယောက်တည်း။ သိပ်အခြေအနေ မကောင်းလှသည့် ခရီးစဉ်ကို မှန်းဆပြီး အတွေးနက်နေစဉ် ဒရိုင်ဘာက "ရောက်ပြီ ခင်ဗျ။ ဒီမှတ်တိုင်ပဲ၊ ကဇာတ်ရုံက သုံးပြလောက် ဝေးသေးတယ်" ဟု မှောင်ရိပ်ထိုးနေသည့် လမ်းထဲကိုလက်ညှိုးထိုးပြရင်း ပြောသည်။

ဟန်ကိုယ့်ဖို့ဆိုပြီး ခပ်တည်တည်ဖြင့် ကျွန်မသုတ်ခြေတင်ခဲ့သည်။

ကဇာတ်ရုံမှာ သေးသေးကလေးဖြစ်၏။ အားလုံးမှ ခေါက်ကုလားထိုင်ကလေး အလုံး ၄၀ လောက်သာဆံ့မည်။ ကျွန်မ ရှေ့ဆုံးတန်းတွင် ဝင်ထိုင်လိုက်သည်။ အလယ်လူသွားလမ်းနှင့် တစ်ခုံကျော်။

လူတွေတဖြည်းဖြည်းဝင်လာကြသည်။ အများအားဖြင့် အတွဲတွေ။ သို့သော် ရုံမပြည့်ပါ။ မီး မှိတ်တုတ် မှိတ်တုတ်လုပ်ချိန်တွင် ခုံလွတ်တွေ အများကြီးကျန်သေးသည်။ ရှေ့ဆုံးတန်း၊ ကျွန်မဘက်အခြမ်းတွင် ကျွန်မ တစ်ယောက်တည်း။ စိတ်ထဲတွင် ကျေနပ်သွားသည်။ အသက်ရှူချောင်သွား၏။ လူစိမ်းသူစိမ်းတွေနှင့် တစ်ပတ်လုံးလုံးစကားတွေ ပြောနေခဲ့ရသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မီးမှိတ်လိုက်ချိန်တွင် လူတစ်ယောက် ဒရောသောပါး ဝင်လာသည်။ ပြီးတော့ အမှောင်တည်းတွင် လူသွားလမ်းနှင့်ကပ်လျက် ကျွန်မနံဘေးခုံမှာ ဝင်ထိုင်ချလိုက်၏။ ရုံထဲတွင် ခုံလွတ်တွေအများကြီး ကျန်သေးတာပဲ။ စိတ်ထဲ အောင့်သက်သက်ဖြစ်သွား၏။

ဤတွင် ကျွန်မရှေ့ ငါးပေကျော်ကျော်လောက်တွင် အေမီလီဒစ်ကင်ဆင်ပေါ်လာသဖြင့် ကျွန်မအားလုံးကို မေ့သွားသည်။

အားလပ်ချိန် မီးတွေပြန်လင်းလာတော့ လူတွေနေရာမှထကြပြီး အပြင်ခန်းကျဉ်းကျဉ်းကလေးထဲတွင် အညောင်းအညာ ဖြေကြသည်။ သို့သော် ကျွန်မရော ကျွန်မနံဘေးမှ ပုဂ္ဂိုလ်ပါ မထကြ။

သူနှင့်ကျွန်မ ဘာမှမပြောကြဘဲ ကိုယ်စီရှေ့တည့်တည့်သို့ စိုက်ကြည့်နေကြသည်။ လုံးဝတိတ်ဆိတ်နေ၏။

လွတ်လွတ်လပ်လပ် စဉ်းစားချိန်ရသဖြင့် ကျွန်မဝမ်းသာနေ၏။ တစ်ယောက်ယောက်နှင့် စကားပြောနေရလျှင် ပြဇာတ်ကို အပြည့်အဝ ကျွန်မခံစားနိုင်မည်မဟုတ်ပေ။

အေမီလီ ဒစ်ကင်ဆင်၏ဘဝတွင် နစ်မြောနေစဉ် ပုဂ္ဂိုလ်က ကျွန်မဘက်လှည့်ပြီး "လူဝီစီးလ်ကပဲလားဟင်" ဟု စပါလေတော့၏။ လူဝီစီးလ်ကို သူ အသံထွက်ပုံက သည်အရပ်သားမဟုတ်မှန်း သိသာနေ၏။

"မဟုတ်ပါဘူး၊ အိုင်အိုဝါကပါ"

ယဉ်ယဉ်ကျေးကျေး ပြန်ပြောလိုက်သည်။ ရှေ့ဆက် စကားပြောချင်စိတ်မရှိသည့် လေသံမျိုးဖြင့် တမင်လုပ်ပြောလိုက်မိသည် ထင်၏။

"ဩော် အိုင်အိုဝါကလား၊ ကျွန်တော် ဒက်စ်မွိုင်းမှာ တော်တော်ကြာကြာနေခဲ့ဖူးတယ်၊ ခင်ဗျားတို့အိမ်နဲ့ နီးသလားဟင်" ဟု သူက မေးလာ၏။

"သိပ်မဝေးပါဘူး၊ အရှေ့ဘက် မိုင် ၁၂၀ လောက်ပဲ ဝေးပါတယ်"

သူက အိမ်ဆိုမှ ကျွန်မ၏ဟိုတယ်ခန်းကို ပြန်သတိရလာသည်။ ဘတ်စ်ကားမှတ်တိုင်အထိ ညကြီးမင်းကြီး တစ်ယောက်တည်း လျှောက်ပြန်ဖို့ ကျွန်မ မစဉ်းစားရပါ။ အပြင်တွင် လုံးဝမှောင်နေလောက်ပြီ။ ချက်ချင်း ကျွန်မ စိတ်အားငယ်သလိုလို ဖြစ်သွားသည်။

"နောက်ဆုံး ဘတ်စ်ကား ဘယ်အချိန်ထိ ရှိလဲ၊ သိလားဟင်"

ထိုလူကို ကျွန်မမေးလိုက်မိသည်။ သူ မသိပါတဲ့။ မီးတွေ ပြန်မှိတ်သွားပြီ။





ကဇာတ်ပြီးသွားတော့ စိတ်ညို့ခံထားရသူလို ကျွန်မ ငိုင်နေမိ၏။ ပွဲကြည့်ပရိသတ်တွေ ခပ်သွက်သွက်ထွက်သွားကြသည်။ သုတ်ခြေတင်ရမည့် ကျွန်မအခြေအနေကို ကျွန်မ မေ့နေ၏။ ဘတ်စ်ကားနှင့်ပြန်ရမည့် အဖြစ်ကိုလည်း သတိမရ။ အေမီလီ၏ဘဝတွင် နစ်မြောနေချင်သေးသည်။ ငြိမ်ငြိမ်ကလေး ဆက်ခံစားချင်နေသေးသည်။

ထိုစဉ်တွင် ကျွန်မနံဘေးမှ ပုဂ္ဂိုလ်က မေးလာခြင်းဖြစ်၏။

"ခင်ဗျား ဘတ်စ်ကားနဲ့လာခဲ့တာလား၊ ကျွန်တော့်မှာ ကားပါပါတယ်၊ အိမ်ပြန်ပို့ပေးမယ်လေ"

အေမီလီ ဒစ်ကင်ဆင်၏ ကမ္ဘာလေးကွယ်ပျောက်သွားပြီ။ သူ့ ဘက်လှည့်ကြည့်လိုက်၏။ စိတ် အနှောင့်အယှက်ဖြစ်သည့် အမူအရာ ပါသွားသလားမသိ။

သူ စကားဆက်သည်။

"မပူပါနဲ့၊ ကျွန်တော် လူကောင်းတစ်ယောက်ပါ၊ ဒီမြို့မှာ လုပ်နေတဲ့ နှီးနှောဖလှယ်ပွဲကို လာတက်နေတဲ့ အင်္ဂလိပ်စာနည်းပြဆရာ တစ်ယောက်ပါ"

သူက ပြောပြောဆိုဆို အပေါ်အင်္ကျီအိတ်ထဲမှ နာမည်ကတ်ပြားကလေးကို ထုတ်ပြသည်။ ကတ်ပြားကလေး၏ အနားကွတ်ဒီဇိုင်းကလေးကို ကျွန်မ မှတ်မိနေ၏။ သူ့နာမည်ကိုတော့ မမြင်လိုက်။

"ကျွန်မလည်း အဲဒီဆွေးနွေးပွဲကို လာတက်နေတာပါ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မလိုက်ခဲ့ပါမယ်"

ကားရပ်သည့်နေရာသို့ ကျွန်မတို့လျှောက်လာကြသည်။ သူ့ကားက အိုဟိုင်းယိုးပြည်နယ် နံပါတ်ပြားနှင့် ကားကလေး။

သူက ယဉ်ကျေးစွာဖြင့် ကျွန်မတက်ဖို့ တံခါးဖွင့်ပေးရင်း တည်းသည့် ဟိုတယ်ကို မေးသည်။ ကျွန်မက ဖြေလိုက်တော့ ကားမောင်းထွက်ခဲ့သည်။

သည်လိုအခြေအနေမျိုးတွင် စာဖတ်သူမျှော်လင့်ထားသလို ကျွန်မတို့ ဘာမှ မဖြစ်ကြပါ။ စကားမရှိ စကားရှာမပြောကြပါ။ အသေးအဖွဲ ကိစ္စများ မပြောဖြစ်ကြပါ။ မိန်းမနှင့်ယောက်ျား လွတ်လွတ်လပ်လပ် နှစ်ယောက်တည်း ရှိနေချိန်မျိုးနှင့် လုံးဝမတူပါ။

သူက မေးသည်။

"ဒစ်ကင်ဆင်ရဲ့ ကဗျာတွေထဲမှာ ဘယ်ကဗျာအကြိုက်ဆုံးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြန်ဖြေသည်။

"အညတရ ငါကို အကြိုက်ဆုံး"

သူက ကဗျာကို အစအဆုံးရွတ်ပြသည်။ နောက်ဆုံးအပိုဒ်ကို ကျွန်မ ပါဝင်ပြီး သံပြိုင်ဆိုလိုက်၏။ သည့်နောက်ပိုင်းတွင်တော့ ဟိုတယ်ရောက်သည် အထိ ကျွန်မတို့နှစ်ယောက် စကားတွေမနားတမ်း ပြောဖြစ်ကြတော့၏။

နှစ်ယောက်စလုံး စိတ်ဝင်စားသည့် အကြောင်းအရာများကို ပြော ဖြစ်ခြင်း ဖြစ်ပါသည်။ နှစ်ယောက်သား အတွေးအခေါ်ချင်းတူ၊ အယူအဆ ချင်း ထပ်နေလျှင် အံ့သြစိတ်ဖြင့် ကိုယ်စီစကားပြော ရပ်သွားတတ်၏။ ချက် ချင်း ကျွန်မတို့နှစ်ယောက် မိတ်ဆွေဟောင်းတွေလို ဖြစ်သွားကြသည်။

ကျွန်မဟိုတယ်ရှေ့တွင် ကားတိုးရပ်လိုက်တော့ ထိန်လင်းနေသည့် မီးရောင်တွေကို ကျွန်မအလန့်တကြားဖြစ်သွားသည်။ ကျွန်မစိတ်ထဲ အိပ်မက် ဆန်ဆန်ကမ္ဘာတစ်ခုမှ မြေကြီးပေါ်သို့ ပြန်ရောက်လာသလို ခံစားလိုက်ရ၏။

ခုမှ ကျွန်မအမူအရာတွေ တစ်မျိုးတစ်မည်ဖြစ်ကုန်သည်ထင်၏။ သူ့ ကားကလေးနှင့် လိုက်လာခဲ့ရသည့်တဒင်္ဂကလေးသည် ကျွန်မအတွက် ပြည့်စုံ လှသည်။ ကျေနပ်ဖွယ်အတိ။ ထို့ထက်ပို၍ ဘာမျှ ကျွန်မ မလိုချင်ပါ။ သူ့ ဘက်ကတော့ ဘာတွေစဉ်းစားနေမှန်းတော့ မသိဘူးလေ။

သူ့ အမူအရာလည်း တစ်မျိုးဖြစ်နေ၏။ ဆင်းဖို့ တံခါးဖွင့်ပေးရင်း ကျေးဇူးတင်ကြောင်း ကျွန်မထပ်ပြောလိုက်သည်။ ကျွန်မဆင်းတော့မည်လုပ် တော့ သူက "ဟော့ ..နေဦးလေ" တဲ့။ သူ့အသံက နည်းနည်းကလေး ပိုကျယ်သွားသလိုပဲ။

ကျွန်မတစ်ကိုယ်လုံး အေးစက်သွားသည်။ ပြီးမှ သူက ပို၍ညင်သာ သည့် အသံဖြင့်

"ကိုယ်တို့ စကားတွေ ဒါလောက်ပြောဖြစ်ခဲ့ပြီးမှ မင်း နာမည် ကလေးတောင် ကိုယ် မသိလိုက်ရတော့ဘူးလား"

ကျွန်မ ဖြေချင်သည့်စကားလုံးများက ...

"ငါ ဘာကောင်မှ မဟုတ်"

"တို့နှစ်ယောက် လျှောက်လှမ်းလို့ရပြီ"

အမှန်မှာ မိတ်မဆက်ဘဲ ဒီအတိုင်းခွဲသွားခြင်းက ပို၍လှမည်။ သို့သော် ကျွန်မ မည်သို့ငြင်းနိုင်ပါမည်လဲ။

"ကျွန်မ နာမည် ဂျင်းပါ"

"ကိုယ့်နာမည် တွမ်"





ကျွန်မတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ပြီး ရယ်ကြသည်။ တစ်ယောက်အကြောင်း တစ်ယောက်ကောင်းကောင်း သိ ကြပြီး နောက်မှ နာမည်ကိုယ်စီထုတ်ပြောရသည့် အဖြစ်မှာ တော်တော် ကြောင်ပါသည်။

ကျွန်မတို့နှစ်ယောက် နောက်ထပ် ဘာစကားမှ မပြောကြတော့ပါ။ ကျွန်မတို့ ရယ်နေကြဆဲဖြစ်ပါ၏။ တံခါးဖွင့်ပြီး ကျွန်မဆင်းလိုက်ပါသည်။ တံခါးပိတ်လိုက်သည်။ သူမောင်းထွက်သွား၏။

ကျွန်မ ဟိုတယ်ထဲသို့ လှမ်းဝင်ခဲ့ပါသည်။ အညတရဘဝကို ကျွန်မ ပျော်ပျော်ကြီး ခံယူလိုက်ပါပြီ။ အညတရဘဝကို ခင်တွယ်သူတစ်ဦးနှင့် ခရီး သွားဟန်လွှဲ တွေ့လိုက်ရခြင်းအတွက်လည်း ကျွန်မပျော်နေမိပါ၏။

*I Don't Even Know Your Name by Jean C.Fultan*

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အပျိုစင်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# လက်စွပ်ကလေးကပြောသောဇာတ်လမ်း

မီးကျည်ဖုံးတစ်လက်သည် အေးမြမြ ပြာလဲ့လဲ့ကောင်းကင်ပြင်ကို ဖြတ်သန်းပြီး အမေရိကန် ဘီ-၂၉ လေယာဉ်၏ ဘယ်တောင်ပံထဲသို့ ထိုးဖောက် ဝင်ရောက်သွားသည်။ တစ်စက္ကန့်အကြာတွင် ဆိုဗီယက်တိုက်လေယာဉ်မှ နောက်ထပ်ပစ်လွှတ်လိုက်သည့် အမြောက်ဆံတစ်တောင့်သည် ဘီ-၂၉ ၏ အမြီးပိုင်းကို ဖျက်စီးပစ်လိုက်ပြန်သည်။ လေယာဉ်သည် ရုတ်ခြည်း မီးခိုးမည်းမည်းများ၊ မီးလျှံများနှင့် လုံးထွေးကာ ချာလည်လည်လျက် အောက်သို့ ထိုးစိုက်ကျသွားတော့သည်။

လေးမိုင်အကွာအောက်မှ ရေပြင်တွင် အသက် ၂၄ နှစ်အရွယ်၊ ဆိုဗီယက် ကမ်းစောင့်တပ်မှ တပ်ကြပ်ကြီး ဗာဆီလီဆေကိုသည် ကင်း မော်တော်လေး၏ ကုန်းပတ်ပေါ်တွင် မတ်တပ်ရပ်လျက် ကောင်းကင်မှ ရုပ်ရှင်ဆန်ဆန် တိုက်ပွဲကို မော့ကြည့်နေသည်။ စက္ကန့်ပိုင်းအတွင်း အမေရိကန်ဘီ-၂၉ သည် ဂျပန်ပိုင် ယူရီကျွန်းကလေးအနီးမှ ဆိုဗီယက်ရေပြင်ပေါ်သို့ တစ်စစ် လွင့်စဉ် ပျက်ကျသွားတော့၏။

အချိန်မှာ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့၊ တစ်ကမ္ဘာလုံးက ကိုးရီးယားစစ်ပွဲကို ထင်ကြေးအမျိုးမျိုးပေးနေချိန် ဖြစ်သည်။ အမေရိကန် ထောက်လှမ်းရေး လေသူရဲရှစ်ယောက်တို့သည် ကမ္ဘာ၏အကြီးဆုံးဒေသကို ကင်းထောက်လေယာဉ်ပေါ်မှ ကောင်းကင်ဓာတ်ပုံရိုက်ယူနေခြင်း ဖြစ်သည်။

ဗာဆီလီဆေကိုနှင့် အခြားနှစ်ယောက်ကို စက်လှေငယ်ကလေး တစ်





စင်းဖြင့် သွားရောက်စစ်ဆေးရှာဖွေရန် အထက်အရာရှိက တာဝန်ပေးလိုက်သည်။ ပင်လယ်ပြင်မှာ လှိုင်းလုံးကြီးတွေ မြင့်လွန်းသဖြင့် ဆီတွေဝေ့နေ သည့် ရေပြင်တွင် ဘာမှသဲသဲကွဲကွဲ မမြင်ရ။ လေယာဉ်အပျက်အစီးအပိုင်းအစများနှင့်အတူ လှိုင်းလုံးကြီးများပေါ်တွင် တာယာတစ်လုံး နိမ့်ချည်မြင့်ချည်မျောပါ၏။ ချက်ချင်း သူတို့အဖွဲ့သားတွေ တစ်ဝက်တစ်ပျက်ပေါ်နေသည့် လေထီးတစ်လက်ကို လှမ်းမြင်လိုက်ကြသည်။ ဆီတွေ မည်းနေသည့် ရေပြင်တွင် ကြိုးတွေနှင့် ရစ်ပတ်နေသည့် လူတစ်ယောက် မှောက်လျက်သား ပေါ်လောပေါ်နေသည်။

"သူ့ အသက်ရှိချင် ရှိဦးမှာ"

ဗာဆီလီဆေကို အော်ပြောပြီးသူ့ဆီသို့ တအားမောင်းချသွားကြသည်။ အမေရိကန်ကို ဆွဲတင်တော့ ထိတ်လန့်စရာမြင်ကွင်းနှင့် သူတို့ကြုံကြရသည်။ လေသူရဲတွင် မျက်နှာဟူ၍မရှိတော့။ ခေါင်းတစ်ခုလုံး ပြတ်ထွက်သွားခြင်းမျိုး ဖြစ်သည်။ ဆိုဗီယက် ရေတပ်သားသုံးယောက် ရှုံ့မဲ့ပြီး မျက်နှာလွှဲလိုက်ကြသည်။ အလောင်းကို မိုးကာဖျင်နှင့်သေသေချာချာ ပတ်လိုက်ကြသည်။

နောက်တစ်နေ့တွင် အလောင်းကို ယူရီကျွန်းသို့ပို့ရန် ဗာဆီလီကိုပင် တာဝန်ကျသည်။ သက်ရာဆိုင်မှ စစ်ဆေးမြှုပ်နှံဖို့ လာယူသည်အထိ ဆေကို စောင့်ရမည်။ အလောင်းချရမည့် ဆိပ်ကမ်းရောက်တော့ စက်တပ်ရော်ဘာမော်တော်ဘုတ်ကလေးပေါ်တွင် အမေရိကန်လေသူရဲအလောင်းနှင့် သူ နှစ်ယောက်တည်း။

ဆေကို အတွေးနယ်ချဲ့နေသည်။ သူ့မှာ မိဘတွေရှိကြမှာပဲ။ မိန်းမလည်း ရှိကောင်းရှိမည်။ ကလေးတစ်ယောက်တောင် ရှိချင်ရှိနေမှာ၊ ဪ သူ့မှာ ချစ်တဲ့သူတွေ ရှိမှာသေချာပါတယ်။

ရုတ်ခြည်းစိတ်ကူးပေါက်ပြီး ပတ်ထားသည့် မိုးကာဖျင်ကို ဖြေကြည့်လိုက်သည်။ သူ့ညာလက်တွင် လက်စွပ်တစ်ကွင်းပါလား။ ဆေကို တစ်ခါမှ မမြင်ဘူးသည့် ထူးထူးဆန်းဆန်းပုံစံဖြင့် လက်ရာမြောက်လှသည့် လက်စွပ်မျိုး။

ရွှေသားတောက်တောက်များမည့်ပုံ။ ဝင်းပြီးအိနေသည့် အကောင်းစား ရွှေမျိုး။ လက်စွပ်ကို အသာချွတ်ပြီး ဆေကို သေသေချာချာကြည့်သည်။ အတွင်းဘက်တွင် စာလုံးတွေရေးထိုးထားသည်ကိုတွေ့ရ၏။ နာမည်တစ်ခုဖြစ်မည်။ အကွေးအတွန့်တွေပါသဖြင့် ဆေကိုမဖတ်တတ်။ လက်စွပ်ကို အိတ်ထဲထည့် လိုက်သည်။

အင်း၊ သည်အတွက် ငါထောင်ထဲကိုရောက်သွားနိုင်တယ်ဟု ဆေကို



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသည်။ သို့သော် ရေတပ်အရာရှိ ဒါမှမဟုတ် ကေဂျီတစ်ယောက်ယောက်ကတွေ့ရင်လည်း သူတို့ယူကြမှာပဲဟု သုံ့ ယုံကြည်သည်။ ပင်လယ်ထဲပစ်ချလိုက်ရကောင်းမလား။

မကြာခင်အလောင်းကို စစ်ဆေးမည့်အဖွဲ့ ရောက်လာသည်။ လေသူရဲကို သူတို့ထမ်းစင်ပေါ်တင်ကြသည်။ ဆေကို အသာစောင့်ကြည့်နေသည်။ ပြီးမှ သူ့မော်တော်ဘုတ်ကလေးကို ကမ်းမှခွာခဲ့၏။ သူတို့နှင့် ဝေးသည်ထက်ဝေးကာ နင်းမှုန်ထဲတွင် ပျောက်ကွယ်သွားတော့သည်။ အိတ်ထဲကို စမ်းကြည့်လိုက်သည်။ အလေးချိန်စီးလှသော လက်စွပ်ကလေးကို သူ့လက်ချောင်းများနှင့် ပွတ်သပ်နေမိသည်။

* * *

အဖြူရောင် မိသားစုမင်္ဂလာဝတ်စုံကို ဝတ်ဆင်ထားသည့် မေရီ၏ ဆံပင်မှာ ရွှေရောင်လက်နေသည်။ ချစ်သူ ဂျွန်ဒူဟန်က ကတ္တီပါသေတ္တာကလေးထဲမှ လက်စွပ်ကို ထုတ်ယူလိုက်သည်။ အချိန်မှာ ၁၉၄၉ ခုနှစ်၊ မေလ ၂၈ ရက်ဖြစ်၏။ အခမ်းအနားမှာ 'ဗိုလ်လောင်းလက်စွပ်အပ်နှင်းပွဲ' ဖြစ်သည်။ အမေရိကန်ပြည်နယ် အင်နာပိုးလစ်ရေတပ် ဗိုလ်သင်တန်းကျောင်းတွင် ကျင်းပခြင်းဖြစ်၏။

ဗိုလ်လောင်းဂျွန်က အပြည့်ဝဆုံးအပြုံးဖြင့် အပြာရောင်ဖဲကြိုးကို လက်စွပ်တွင် လျှိုကာ မေရီ၏လည်ပင်းတွင် စွပ်ပေးလိုက်သည်။ ကပွဲ တစ်ချိန်လုံး မေရီလည်ပင်းတွင် ဆွဲထားရမည်ဖြစ်သည်။ ပြီးမှ လက်စွပ်ကို ဂျွန်၏ ညာဘက်လက်တွင် မေရီက ပြန်ဝတ်ပေးရမည်ဖြစ်သည်။ ဂျွန်၏ ဘဝ တစ်လျှောက်လုံး မချွတ်တမ်း ဝတ်ဆင်ထားရမည်ဖြစ်သည်။ ဤသည်မှာ ရေတပ်ဗိုလ်သင်တန်းကျောင်း၏ ဂုဏ်ယူစရာအကောင်းဆုံး၊ ချစ်စရာ အစဉ်အလာတစ်ခုဖြစ်ပါသည်။

မေရီနှင့် ဂျွန်သည် ၁၇ နှစ်အရွယ်ကပင် စတင်ချစ်ကျွမ်းဝင်ခဲ့ကြသည်။ အရပ်မြင့်မြင့်နှင့် ရင်းနှီးဖော်ရွေသည့် ဂျွန်၏မျက်လုံးညိုများကို မေရီက သဘောကျသည်။ မိဘများကခေါ်ကြသည့်အတိုင်း သူ့နာမည်ကို အားလုံးက ချစ်စနိုး 'ချို' ဟုပင် ခေါ်ကြသည်။

၁၉၅၀ ခုနှစ် ဘွဲ့ယူသည့်နေ့တွင်ပင် ရေတပ်ဗိုလ်သင်တန်း၊ ဘုရားရှိခိုးကျောင်းတွင် ချိုနှင့်မေရီတို့လက်ထပ်လိုက်ကြသည်။ ထိုခေတ်က လေတပ်ဗိုလ်သင်တန်းကျောင်း မရှိသေး။ အင်နာပိုးလစ် ရေတပ်ဗိုလ်သင်တန်းကျောင်းမှ





ဘွဲ့ရများ၏ လေးပုံတစ်ပုံကို လေတပ်သို့သွားလိုလျှင် ပို့ပေးသည်။ ချိုက လေတပ်ဝင်ပြီး ဝေဟင်ကင်းထောက်လေယာဉ်မောင်းတပ်စုတွင် အမှုထမ်းဖို့ ရွေးချယ်လိုက်သည်။

၁၉၅၂ ခုနှစ်တွင် ချိုနှင့် မေရီတို့ လက်ပြနှုတ်ဆက်ကြသည်။ ချို၏ ကင်းထောက်လေယာဉ်တပ်ခွဲက ဂျပန်ကို ပြောင်းရတော့မည်ဖြစ်၏။ မေရီ ဝမ်းဗိုက်ထဲမှ ကလေးက နောက်သုံးလဆိုလျှင်ပင် မျက်နှာမြင်တော့မည်။ ချိုက မေရီဗိုက်ကိုပုတ်ပြီး သားအမိနှစ်ယောက်ကို တွေ့ဖို့နိုဝင်ဘာလတွင် ပြန်လာမည့်အကြောင်း ပြောသွားသည်။

သမီးကလေး ဆူဇန်နီကိုမွေးပြီး တစ်ပတ်အကြာတွင် ကြက်ခြေနီ တယ်လီဖုန်းဖြင့် မေရီ နှင့် ချို စကားပြောဖြစ်ကြသည်။ လင်မယား နှစ်ယောက်စလုံး အတွက် အပျော်ဆုံးတဒင်္ဂ ဖြစ်လေသည်။ ဘဝရှေ့ခရီးသည် အချစ်ဖြင့်ထုံမွမ်းကာ နှလုံးမွေ့လျော် ပျော်စရာအတိဖြစ်နေပြီဟု မေရီ ယုံကြည်ထားလိုက်၏။ စာတွေအပြန်အလှန် နေ့တိုင်းလိုလို ရေးဖြစ်ကြသော်လည်း တယ်လီဖုန်းဖြင့် စကားပြောခွင့်ရသည်မှာ သမီးကလေးမွေးပြီးစ တစ်ကြိမ်သာ ရှိခဲ့သည်။

နောက်ထပ် သူတို့လင်မယား စကားပြောခွင့် မရကြတော့ပေ။

* * *

၁၉၅၃ ခုနှစ်တွင် ဗာဆီလီဆေကို ရေတပ်မှနုတ်ထွက်ခဲ့ရသည်။ အိမ်ထောင်ရက်သားကျပြီး ဒွန်မြစ်ကမ်းမှ ရော့စတော့မြို့တွင် ပြည်တွင်းရေကြောင်း သင်္ဘောကပ္ပတိန်ဘဝဖြင့် အသက်မွေးလျက်ရှိသည်။ တပ်ထဲတုန်းက ရှုပ်ရှုပ်ရှုပ်ရှုပ် တိုင်နိုင်ခဲ့သဖြင့် ရရှိခဲ့သည့် ဆုတံဆိပ်များနှင့်အတူ လက်စွပ်ကလေးကို လုံလုံခြုံခြုံသိမ်းထားသည်။ မကြာခဏ ထုတ်ယူကြည့်ပြီး ပင်လယ်ထဲမှ သူဆယ်ယူခဲ့သည့် အမေရိကန်လေသူရဲအကြောင်းကို ဆေကို စဉ်းစားတတ်သည်။

* * *

ဆူဇန်နီကလေး ခြောက်ပတ်သမီးအရွယ် ရောက်ပြီးတစ်နေ့ ကလေးအိပ်နေစဉ် မေရီတံခါးခေါက်သံကြားလိုက်သည်။ လွန်ခဲ့သည့်ရက်များက မေရီတို့ သားအမိနှစ်ယောက် ချို၏အမေ အင်နာဒူဟမ်ရှိရာ အီလီနွိုင်းသို့ သွား



www.burmeseclassic.com

www.burmeseclassic.com



လည် နေခဲ့ကြသည်။ တံခါးဖွင့်လိုက်တော့ အပေါက်ဝတွင် ရပ်နေသည့် လေတပ်အရာရှိနှစ်ယောက်ကို တွေ့ရသည်။ မေရီက အူကြောင်ကြောင်ဖြင့် သူတို့ နှစ်ယောက်ကို စိုက်ကြည့်နေသည်။

အရာရှိတစ်ယောက်က ကြေးနန်းစာတစ်ရွက်လှမ်းပေးသည်။

"ဒုဗိုလ်ဂျွန်ဒူဟာန်သည် တာဝန်ထမ်းဆောင်ရင်း ပျောက်ဆုံးသွားပါ၍ သဖြင့် အထူးကြိုးစားရှာဖွေလျက်ရှိကြောင်း စိတ်မချမ်းမြေ့စွာ အကြောင်း ကြားပါသည်"

နောက်လများတွင် ကြေးနန်းတွေဝင်လာမစဲ တသဲသဲပင်။ နောက် ဆုံးတွင်မှ ဆိုဗီယက်အစိုးရက ဒူဟာန်၏လေယာဉ်ကို ပစ်ချခဲ့ကြောင်းဖွင့်ဟ ဝန်ခံသည်။ သို့သော် လေယာဉ်ပေါ်တွင် ပါသူများ၏ ကံကြမ္မာအကြောင်း ကိုမူ မည်သို့မျှ ဝေဖန်ချက်မပေးခဲ့ပေ။

နောက်တစ်နှစ်ကြာတော့ လေတပ်မှ ချို၏ ပျောက်ဆုံးနေခြင်းကို ထပ်မံအကြောင်းကြားသည်။ သို့သော် စာကြောင်းတစ်ကြောင်းကြောင့် မေရီ့ ရင်ထဲတွင် ဆယ်နှစ်ဆယ်မိုး မတင်မကျကြီး ဖြစ်နေခဲ့လေသည်။

"အချင်းဖြစ်ပွားသည့် နေရာမှာ၊ အသက်ရှင်လျက် ရှိသူများကို နိုင်ငံ ခြားသားများက ကယ်ဆယ်နိုင်သည့်နေရာမျိုး၊ သယ်ယူသွားနိုင်သည့် နေရာ မျိုး ဖြစ်ပါသည်" ဟူသည့်စာကြောင်း။ မေရီ့အတွက် ချိုတစ်ယောက်ကျဆုံး သွားပြီဆိုသည့် သတင်းမျိုးရသည်ကမှ ပိုကောင်းပါလိမ့်ဦးမည်။ သူ ဆိုဗီယက် ထောင်ထဲတွင် ရှိနေသလား။ နှိပ်စက်ညှင်းပန်းခံနေရပြီလား။

ချို့လေယာဉ် ပစ်ချခံရပြီး ၃ နှစ်အကြာ၊ ၁၉၅၅ ခုနှစ်တွင် မေရီ့ထံ သက်ဆိုင်ရာက အကြောင်းကြားသည်။ ထုံးတမ်းစဉ်လာအရ ချို့ကိုဗိုလ်ကြီး ရာထူးတိုးပေးလိုက်ပြီတဲ့။ နောက်တစ်လအကြာတွင် အကြောင်းကြားစာ တစ် စောင်ရပြန်သည်။ "ဗိုလ်ကြီးဂျွန်ဒူဟာန်သည် အသက်ရှင်လျက်ရှိသည်ဟု ယူဆ ၍ မရနိုင်တော့ပါကြောင်း"

မေရီ့နားထဲတွင် မိုးကြိုးပစ်သလို ဆူညံသွားသည့် စကားလုံးများ စိတ်ဓာတ်အကျကြီး ကျသွားသည်။ သို့သော် ရင်ထဲကအပူကို လူမသိအောင် မေရီ မျိုသိပ်ထားနိုင်ခဲ့သည်။

နောက်ပိုင်းတွင် သူငယ်ချင်းအပေါင်းအသင်းများက ဘဝသစ်တစ်ခု ဖော်ဖို့အကြံပြုကြသည်။ သို့သော် မေရီ စဉ်းစားလို့မရပါ။ နီးနေသည့် အချိန်တိုင်း အနားတွင် ချိုရှိနေသည်ဟု ခံစားနေရဆဲဖြစ်၏။

မေရီသည် သမီးကလေး ဆူဇန်နီမှလွဲပြီး ဘာကိုမှ အာရုံမစိုက်အဲ





နေသည်။ အဖေကို မမြင်ဖူးလိုက်ဘဲ ကြီးပြင်းရမည့် သမီးကလေးကို စောင့်ရှောက် ရမည်။ အချစ်တွေ ပုံအောပေးရမည်။ ရင်အုပ်မကွာ ပြုစုရမည်။

* * *

၁၉၈၇ ခုနှစ်တွင် ဗာဆီလီဆေကိုသည် မိန်းမမှလွဲ၍ ဘယ်သူ့မှ မပြောဖူးသည့် ကိစ္စကို မိတ်ဆွေတစ်ယောက်အား ဖွင့်ပြောလိုက်သည်။ သူနှင့်အတူ လိုက်လာ သည့် သစ်ကုန်သည်မိတ်ဆွေအား လွန်ခဲ့သည့် ၃၅ နှစ်က အတွေ့အကြုံကို ရင်ဖွင့်လိုက်ခြင်းဖြစ်၏။ သည်လက်စွပ်ကို လေသူရဲ၏မိသားစုဆီ ပြန်ပို့ဖို့ သူ အမြဲ စိတ်ကူးခဲ့ကြောင်း၊ ထုခွဲရောင်းချစားသောက်ဖို့ ဆန္ဒကို အမြဲချိုးနှိမ်ခဲ့ ကြောင်းများကို ပြောပြလိုက်သည်။

ဗာဆီလီဆေကိုက သေတ္တာမီးခံသေတ္တာထဲတွင် ထည့်ထားသည့် လက်စွပ်ကလေးကို သွားယူလာပြီး မိတ်ဆွေကိုပြသည်။ လက်စွပ်ကိုကိုင်ပြီး သူ အကြာကြီး စိုက်ကြည့်နေသည်။ ပြီးမှ သူပိုင် 'ဗော်လ်ဂါ'ကားဖြူကလေးနှင့် လဲမလား မေးသည်။ ဗော်ဂါကားကလေးကို ဆေကိုမြင်ဖူးသည်။ သိပ်လှသည့် ကားကလေး။

ဗာဆီလီဆေကို၏ ဘဝတွင် ကားတစ်စီးဝယ်နိုင်ဖို့လောက် ပြင်းပြ သည့် ဆန္ဒမျိုးမရှိခဲ့။ သို့သော် အခြေအနေသည် ဘယ်တုန်းကမှ မပေးခဲ့ပေ။

"နေဦးဗျာ၊ မိန်းမနဲ့တိုင်ပင်လိုက်ဦးမယ်"ဟု သစ်ကုန်သည်မိတ်ဆွေ ကိုပြောလိုက်သည်။ ခရီးတစ်လျှောက်လုံး လက်စွပ်ကလေးကိစ္စကိုသာ ဗာဆီလီ စဉ်းစားလာခဲ့သည်။

သူ့မှာ မိသားစုရှိမှာတော့ သေချာတယ်။ ပြီးတော့ သူ ဘာဖြစ် သွားတယ်ဆိုတာလည်း သူတို့သိကြဦးမှာ မဟုတ်ဘူး။ ဒါပေမယ့် ငါက ဘာကတတ်နိုင်မှာလဲ။ သက်ဆိုင်ရာကို သွားအပ်လိုက်ရင် သူတို့အိတ်ထဲ ထည့် လိုက်ကြမှာပဲ။

အိမ်ပြန်ရောက်တော့ မိန်းမနှင့်တိုင်ပင်သည်။ ဇနီးလုပ်သူ လျူဘာ ကို ရတောင့်ရခဲ အခွင့်အရေးမျိုး လက်တစ်ကမ်းတွင် ရောက်လာကြောင်း ပြောပြသည်။ လျူဘာက မဆိုင်းမတွချက်ချင်း တုံ့ပြန်သည်။

"ဒီလက်စွပ်က လေသူရဲရဲ့မိသားစုပိုင်တာပဲ။ တစ်နေ့နေ့မှာ သူတို့ ဆီကိုပြန်ပေးဖို့ နည်းလမ်းတွေ့ချင်တွေ့မှာပေါ့"

* * *



www.burmeseclassic.com

www.burmeseclassic.com



ဆူဇာနီဒူဟန် ၁၀ နှစ်သမီး ရှိခဲ့ပြီ။ မျက်နှာချိုချို၊ ဆံပင်ကောက်ကောက်နှင့် ပျော်ရွှင်နေသည့် ကလေးတစ်ယောက်ဖြစ်လာ၏။ မျက်လုံးအပြာရောင်၊ လက်ချောင်းကလေးတွေက ထိပ်ရှူးရှူးကလေးတွေ။ သမီးကို ကြည့်ပြီး မေရီသည် ချို့ကိုအမြဲသတိရလျက်ရှိသည်။ သမီးကလေးကို အဖေလုပ်သူ အကြောင်း သိစေချင်ပါသည်။ သို့သော် သူတစ်ခါမှ မမြင်ဖူးလိုက်သော၊ အိမ်မှထွက်သွားပြီး လုံးဝပြန်မလာသည့် လူတစ်ယောက်အကြောင်းကို သမီးကလေး သိအောင် ပြောဖို့ မလွယ်လှပါ။

တစ်နေ့တွင် မေရီစိတ်ကူးတစ်ခုရသည်။ သမီးကလေးကို ရွှေချိန်း လက်ကောက်ကလေးတစ်ခုလုပ်ပြီး ဆင်သည်။ လက်ကောက်ကလေးတွင် အမြတ်တနိုးသိမ်းထားသည့် အမှတ်တရပစ္စည်းကလေးများ ချိတ်ပေးလိုက်သည်။ သူ့အဖေ တက္ကသိုလ်ကျောင်းသားဘဝက ရခဲ့သည့် ဆုတံဆိပ်ကလေးတစ်ခုပါ၏။ သူတို့နှစ်ယောက် တက္ကသိုလ်တွင်စတွေ့သည့် အထိမ်းအမှတ်ကျောင်းတံဆိပ်ရင်ထိုးကလေးတစ်ခုလည်းပါ၏။ ဆူဇာနီ့မွေးစာရင်းကို ချုံ့ကူးပြီး ရွှေနှင့် လုပ်ထားသည့် ပုံတူရွှေပြားသေးသေးကလေးတစ်ခု။ အထူးခြားဆုံးကတော့ မေရီ့လက်မှဖြုတ်ပြီး ချိတ်ပေးထားသည့် လက်ထပ်လက်စွပ်။

"အဲဒါ သမီးဖေဖေနဲ့ မေမေရဲ့ဘဝပဲ သမီး"

ဆူဇာနီက ပစ္စည်းမျိုးစုံပါသည့် ချိန်းလက်ကောက်ကလေးကို ပွါးစပ်အဟောင်းသားနှင့် ငေးနေသည်။ အဖေနှင့်အမေ လက်ထပ်တုန်းက အယ်လ်ဘမ်ကို ဆူဇာနီ ဘယ်တော့မှကြည့်လို့မဝပေ။ အမေ့နံဘေးတွင် ပြုံးပြုံးကြီး ရပ်နေသော လူကို အကြာကြီးငေးကြည့်နေတတ်၏။ ခုတော့ ဖအေကို စိတ်ကူးပုံဖော်ကြည့်ဖို့ အထောက်အကူများ ပိုရလာပြီ။

ချိန်းလက်ကောက်ကို ကိုင်ထားရင်း အမေ့ကိုကြည့်နေသည်။ အဖေ့အကြောင်းမေးတိုင်း အမေစိတ်ထိခိုက်တတ်ကြောင်း ဆူဇာနီခပ်စောစောကပင် သိနေခဲ့သည်။

ချိုပျောက်သွားပြီး ၁၃ နှစ်ကြာတော့ ၃၉ နှစ်အရွယ် မေရီဒူဟန်သည် ဒုတိယကမ္ဘာစစ်မှ စစ်ပြန်ဒေါနယ်နီးကိုးလ်နှင့် လက်ထပ်လိုက်သည်။ သူ အိမ်ထောင်ပြုချိန်တွင် ဆူဇာနီကို မေရီ လုံးဝယုံကြည်စိတ်ချထားလေသည်။ သမီးကလေးက လိမ္မာသည်။ စာတော်သည်။ ပတ်ဝန်းကျင်နှင့် လိုက်လျော ညီထွေနေတတ်သည်။

အချိန်တန်အရွယ်ရောက်သည့်အခါ ဆူဇာနီသည် ဝတ်စလေကောလိပ်မှဘွဲ့ရပြီး ဟားဗတ်တက္ကသိုလ်မှ ဥပဒေကျောင်းသားတစ်ယောက်နှင့်





လက်ထပ်လိုက်သည်။ ဆူဇာနီကလေး၏ ဘဝအတည်တကျဖြစ်သွားပြီ။ ထိုအခါတွင်မှ ဖခင်အကြောင်းကို သိချင်သည့် ဆန္ဒတွေပို၍ ပို၍ပြင်းပြလာသည်။ သည်တော့မှ 'ပျောက်ဆုံး' စာရင်းဝင် စစ်သားများကို ရှာဖွေနိုင်ကြောင်း ဆူဇာနီနားလည်လာသည်။ ဒါဆိုလျှင် အဖေ့အကြောင်း အဖြစ်အမှန်သိရအောင် သူတို့သားအမိ ကြိုးစားနိုင်သေးသည်ပဲ။

ဘီ - ၂၉ လေယာဉ်ပေါ်မှ လေသူရဲနှင့် ရဲဘော်တို့၏ ကံကြမ္မာကို ဆိုဗီယက်အစိုးရ သိရမည်ဟု ယုံကြည်နေသော မေရီတို့သားအမိသည် အခြားဘဝတူ မိသားစုများကိုပါ လိုက်လံဆက်သွယ်သည်။

"ကျွန်မ သေချာတယ်။ ကျွန်မယောကျ်ား ဘာဖြစ်သွားတယ်ဆိုတာ သိတဲ့ တစ်ယောက်ယောက်တော့ ဆိုဗီယက်နိုင်ငံထဲမှာ ရှိကိုရှိရမယ်" ဟု မေရီက သတင်းထောက်များကို ပြောပြသည်။

၁၉၉၂ ခုနှစ်တွင် ရုရှားကဖွင့်ဟဝန်ခံတော့မှ ဒူဟန်မိသားစုကို သက်ဆိုင်ရာမှ ဝမ်းသာအားရအကြောင်းကြားသည်။ ဘီ ၂၉ ကို ဆိုဗီယက်လေတပ်ကပစ်ချခဲ့ကြောင်း၊ လေယာဉ်ပေါ်ပါ လူအားလုံးသေဆုံးခဲ့ကြောင်း ကြေညာသည်။

သို့သော် မေရီက ဘဝင်မကျ။ အမှန်တရားကို ဖုံးကွယ်ကြေညာချက်မျိုးဟု စိတ်ထဲထင်နေ၏။

* * *

၁၉၉၃ ခုနှစ်၊ တစ်ညနေခင်းတွင် ဆေကိုတို့လင်မယား တယ်လီဗီးရှင်းထိုင်ကြည့်နေကြသည်။ သူတို့ ကမ္ဘာတွင်အပြောင်းအလဲကြီး ပြောင်းလဲခဲ့လေပြီ။ ကွန်မြူနစ်ဝါဒ လုံးဝကျဆုံးသွားပြီ။ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲသွားပြီ။ သည်အပြောင်းအလဲများသည် အမေရိကန်လေသူရဲ၏ လက်စွပ်နှင့် မည်သို့ ပတ်သက်နိုင်ပါမည်လဲ။

ဤတွင် အမေရိကန်သုံ့ပန်းများနှင့် ပျောက်ဆုံးနေသူများကိစ္စအတွက် အမေရိကန်နှင့် ရုရှားပူးတွဲကော်မရှင်တစ်ရပ် ဖွဲ့စည်းလိုက်ကြောင်း သတင်းကို သူတို့ ကြားမြင်လိုက်ကြရသည်။ လင်မယားနှစ်ယောက်စလုံး အံ့သြဝမ်းသာခဆုံး ဖြစ်သွား၏။ ပျောက်ဆုံးနေသော အမေရိကန်များသတင်းကို စုံစမ်းနေကြောင်းလည်း သိရ၏။ ညက တီဗွီတွင်ပေးသွားသည့် မော်စကိုဖုန်းနံပါတ်ကို လျူဘာ လှမ်းဆက်သည်။

ထိုညတွင် လျူဘာက ယောကျ်ားအား တိုက်တွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ရောက်လာပြီ ဗာဆီလီ။ ရှင်လက်စွပ်ယူပြီး မော်စကို လိုက်သွားတော့"

လှျူဘာက ပူးတွဲကော်မရှင်မှ ရုရှားကိုယ်စားလှယ်နှင့် သူစကားပြောခဲ့ပုံများကို ယောက်ျားအား ပြန်ပြောပြသည်။ ၁၉၅၂ ခုနှစ်တွင် ယူရီကျွန်းစုအနီးတွင် ပစ်ခံရသည့်လေသူရဲအကြောင်းကို သတင်းပေးနိုင်ကြောင်း ပြောပြလိုက်သည်ဆို၏။ သို့သော် လက်စွပ်အကြောင်းကို လှျူဘာက လုံးဝမပြောဘဲထားသည်။

သက်ဆိုင်ရာတွေက သူတို့ဆီကိုလာတွေ့မည့်အကြောင်း ပြောတော့ လှျူဘာက သူ့ယောက်ျားအနေဖြင့် လာတွေ့ပါမည့်အကြောင်း ပြန်ပြောပြလိုက်သည်။ လှျူဘာတို့လင်မယားက သူတို့ကို မယုံချင်သေး။ သည်ကော်မရှင်ဆိုသည်ကကော တကယ်ရှိတာဟုတ်ပါ့မလား။

"သည်လက်စွပ်ကို ရုရှားတွေလက်ထဲတော့ ကိုယ်မထည့်ဘူး" ဟု ဗာဆီလီက မိန်းမလုပ်သူကိုပြောသွားသည်။

မကြာမီ ဆေကိုသည် မော်စကိုသို့ရထားဖြင့် ထွက်လာခဲ့သည်။ ဘောင်းဘီအိတ်ထဲမှ လက်စွပ်ကို မကြာခဏလက်နှင့်စမ်းကြည့်သည်။ လှျူဘာချုပ်ပေးလိုက်သည့် ဆာလာအိတ်ကလေးထဲတွင် လက်စွပ်ကလေးသည် လုံလုံခြုံခြုံရှိနေ၏။

ထွက်လာခဲ့သည့် ခရီးအကြောင်းကို ရထားပေါ်တွင် ဗာဆီလီ အေးအေးဆေးဆေး စဉ်းစားချိန်ရလေသည်။ ဆေကိုသည် ရုရှားတောင်သူမျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်သည်။ ဘာသာရေးကိုင်းရှိုင်းပြီး ရိုးသားအေးဆေးသည့် မျိုးရိုးစဉ်ဆက် အစဉ်အလာရှိသူဖြစ်သည်။

အဘွားက ဘုရားသခင်တွင် သက်ဝင်ယုံကြည်ဖို့ရန်နှင့် မေတ္တာတရားပွားများရန် ဆေကို့ကို ငယ်ငယ်လေးကတည်း သင်ကြားခဲ့သည်။ ဓာတ်နိပါတ်တွေကို ပုံပြောသလို ပြောပြသည်။ ဗာဆီလီသည် သူ့ပတ်ဝန်းကျင်မိသားစု ရိုးရာဓလေ့အတိုင်း ကြီးပြင်းလာသူဖြစ်လေသည်။

ပူးတွဲကော်မရှင်ဌာနချုပ်တွင် ဗာဆီလီက ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့အကြောင်းပြောပြတော့ ရုရှားအရာရှိကြီးတွေ ဝမ်းသာအားရနားထောင်ကြသည်။ နောက်တစ်နာရီကြာတော့ စားပွဲခန်းမကြီးတစ်ခုတွင် ရုရှားနှင့်အမေရိကန်အရာရှိကြီးများ မျက်နှာချင်းဆိုင်နေသည့် အခန်းတစ်ခန်းထဲသို့ သူ့ကိုခေါ်သွားကြသည်။ သည်လောက် ကြီးကျယ်ခမ်းနားသည့် နေရာမျိုးကို ဗာဆီလီတစ်ခေါက်မှ မရောက်ဖူးခဲ့ပေ။





လွန်ခဲ့သည့် ၄၁ နှစ်က အမေရိကန်လေသူရဲ၏ အလောင်းဆယ်ယူရရှိပုံကို ပြောပြပြီး အိတ်ထဲမှ လှျူဘာအသေချုပ်ပေးလိုက်သော ချုပ်ရိုးများကို ဖြေနေသည်။

ပြီးမှ လက်စွပ်ကိုမြှောက်ပြပြီး...

"ဟောဒါ ကျွန်တော်ရေထဲက ဆယ်ယူခဲ့တဲ့ လေသူရဲလက်က ရခဲ့တဲ့ လက်စွပ်ပါ။ အဲဒီမှာ သူ့နာမည်ပါပါတယ်" ဟုပြောပြလိုက်သည်။ အခန်းထဲရှိ လူကြီးအားလုံး အံ့သြလွန်းသဖြင့် ကြက်သေ သေနေကြသည်။ ဗာဆီလီက လက်စွပ်ကို စားပွဲထိပ်တွင်ထိုင်သည့် အမေရိကန်ကြီးလက်ထဲကို သွားထည့်လိုက်သည်။

ထိုလူကြီးက လက်စွပ်ကို သေသေချာချာစစ်ဆေးနေသည်။

"ဒါဟာ အမေရိကန်ရေတပ်သင်တန်းကျောင်းက ဗိုလ်လောင်း လက်စွပ်ပဲ။ အထဲမှာ ထွင်းထားတဲ့နာမည်က ဂျွန်ဒူဟန်တဲ့"

ဗာဆီလီဆေကိုသည် စားပွဲမှ လူကြီးတွေကို အံ့သြကြည်ညိုစွာ စေ့ကြည့်လိုက်သည်။

နောက်တစ်နေ့တွင် ဗာဆီလီကအမေရိကန်သံအမတ်ကြီးကို တရားဝင်လက်စွပ်ပေးအပ်သည့် အခမ်းအနားကျင်းပပေးသည်။ ပူးတွဲကော်မတီဥက္ကဋ္ဌလုပ်သူက သည်လက်စွပ်ကို ဂျွန်ဒူဟန်၏မိသားစုလက်ထဲ အရောက်ပို့ဖေးပါမည်ဟု ကတိပေးသည်။

* * *

၁၉၉၃၊ ဒီဇင်ဘာ ၇ ရက်နေ့၊ နံနက် ၆ နာရီတွင် မေရီဒူဟန်နီကိုးလ်၏ အခန်းထဲတွင် တယ်လီဖုန်းမြည်လာသည်။ မော်စကိုရှိ အမေရိကန်သံရုံးမှ လှမ်းခေါ်ခြင်းဖြစ်၏။ ပင်တာဂွန်အရာရှိ မစ္စကေးဝုစ်လေက အကြောင်းကြားခြင်းဖြစ်သည်။

"ကျွန်မ မေရီ့အတွက် မင်္ဂလာသတင်းပေးစရာရှိလို့ပါ။ မေရီ့အမျိုးသားရဲ့ ဗိုလ်သင်တန်းလက်စွပ် ကျွန်မတို့ရထားလို့ပါ။ မကြာသေးခင်ကပဲ ဆိုဗီယက် သင်္ဘောသားတစ်ယောက် ကျွန်မတို့ဆီ လာအပ်သွားတယ်လေ။ ၁၉၅၂ ခုနှစ်က ဗိုလ်ဒူဟန်ရဲ့အလောင်းကို ပင်လယ်ထဲက သူဆယ်ယူခဲ့တာတဲ့ရှင့်။ ခုမှ အခြေအနေပေးလို့ ပိုင်ရှင်ဆီပြန်ပို့ပေးဖို့ လာအပ်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



မေရီ မျက်မှောင်ကုတ်သွားသည်။ ဘာပြောရမှန်းမသိဘဲ အကြာကြီး ငြိမ်နေသည်။

မိနစ်အနည်းငယ်အတွင်း မီဂျိဂန်တွင်နေသည့် သမိုင်းလုပ်သူ ဆူဇန်နီကို လှမ်းဖုန်းဆက်ပြီး သတင်းထူးကိုပြောပြလိုက်သည်။

"၄၁ နှစ်ရှိခဲ့ပြီ သမီး။ ဘာအစိမ့်ဗွာယ်လဲဟင်"

"အားလုံးပြီးသွားပြီ ဆိုတဲ့အဓိပ္ပာယ်ပေါ့ မေမေ။ ပြည့်ပြည့်စုံစုံ ပြီးသွားတာမျိုးလေ"

နောက် ရက်သတ္တပတ် အနည်းငယ်အကြာတွင် ပင်တဂွန်စစ်ဌာနချုပ်က အခမ်းအနားကလေးတစ်ခု ကျင်းပပေးသည်။ အသက် ၆၇ နှစ်အရွယ်ရှိနေပြီဖြစ်သော မေရီ့ကို ချို၏လက်စွပ်ကလေး ပြန်လည်ပေးအပ်သည့် အခမ်းအနား။ မေရီသည် ဘယ်တုန်းကမှ မရရှိခဲ့ဖူးသည့် ပီတိသုခမျိုးဖြင့် ကြည်နူးဆွတ်ပျံ့လျက် ရှိသည်။

သမိုင်းလုပ်သူ ဆူဇန်နီကို ...

"နှစ်ပေါင်းများစွာ မေမေတို့အမှန်တရားကို ရှာဖွေခဲ့ကြတယ်နော်။ ခေတ်ဟောင်းဆိုဗီယက်နိုင်ငံက ငြင်းဆိုခဲ့လို့ မေမေတို့အမှန်ကို မသိခဲ့ကြဘူး။ ခုတော့ လူတစ်ယောက်ရဲ့ ဂုဏ်ယူစရာကောင်းလောက်တဲ့ ရိုးသားမှုကြောင့် မေမေတို့ရဲ့ သံသယတွေပျောက်ပြီး အမှန်ဘဝကို ရောက်ခဲ့ရတာပဲ" ဟု မေရီက အလေးအနက် ပြောပြသည်။

မေရီတို့ သားအမိတွင် ပြင်းပြသောဆန္ဒနှစ်ခု ကျန်ရစ်သည်။ ဂျွန်ဒူဟာန်၏ ရုပ်ကြွင်းကိုရှာဖွေရန်နှင့် ဗာဆီလီဆောကိုကို ကျေးဇူးတုံ့ပြန်ဖို့ နည်းလမ်းရှာရန်ဖြစ်သည်။

* * *

ဂျွန်ဒူဟာန်ကိုချစ်သော အပေါင်းအသင်းများသည် နောက်ဆုံးတွင် အပြီးအပိုင် နှုတ်ဆက်ခွင့်ရကြလေသည်။ မိသားစု၊ ဆွေမျိုးများ၊ အပေါင်းအသင်း အားလုံး အီစတွန်ဘုရားကျောင်းတွင် ကျင်းပသည့် အသုဘအခမ်းအနားသို့ တက်ရောက်ကြသည်။ ၎င်းတို့အထဲတွင် ဘုရားကျောင်းထဲမှ သူတို့စောင့်နေသည့် အထူးဧည့်သည်နှစ်ဦးလည်း ပါ၏။

မေရီဘုရားကျောင်းထဲ လှမ်းဝင်လာသည်နှင့် ဗာဆီလီဆောကိုသည် ထိုင်ခုံမှဝုန်းခနဲ ထရပ်လိုက်သည်။ သူ့ မျက်နှာကြီးမှာ ရောမအပြုံးကြီးဖြင့်





တောက်ပဝင်းလက်နေ၏။ သူတို့နှစ်ယောက်သည် လက်များကို ပြိုင်တူဆန့်တန်းကာ တစ်ဦးကိုတစ်ဦးအားရပါးရ ပွေ့ဖက်လိုက်ကြသည်။ မည်သည့်ဘာသာစကားမှ မလိုပါ။

သည်နေ့မှာ ဗာဆီလီနှင့်လျူဘာတို့အတွက် မေရီတို့မိသားစု စီစဉ်ပေးသည့် အမေရိကန်အလည်အပတ်ခရီးစဉ် ပထမနေ့ဖြစ်သည်။

ခမ်းမဆောင်ထဲရှိ ပရိသတ်ကို မေရီစကားစပြောသည်။

"ကျွန်မဟာ နှစ်ပေါင်းများစွာ အထီးကျန်ဘဝမှာ နေခဲ့ရပါတယ်။ ဘယ်သူမှ နားမလည်နိုင်တဲ့ အထီးကျန်ဘဝမျိုးပါ။ ဒါပေမယ့် ကမ္ဘာရဲ့ဟိုဘက်အခြမ်းက ယောဒီအမျိုးသားနဲ့ အမျိုးသမီးဟာ ကျွန်မဘဝကို နားလည်ကြပါတယ်။ ဒါကြောင့်လည်း ကျွန်မခင်ပွန်းရဲ့လက်စွပ်ကလေးကို သူတို့ သိမ်းဆည်းထားတာ ဖြစ်ပါတယ်"

ဘုရားကျောင်းခန်းမထဲမှ ရုပ်ပွားတော်ရှေ့တွင် ချို၏အရိုးအိုးကို တင်ထားသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ က ဘုရားကျောင်းတွင် ခင်ပွန်းသည်ကို မေရီ ရည်စူးလှူဒါန်းထားသည့် အဝတ်ဖြင့် အရိုးအိုးကိုလွှမ်းထား၏။ ဗာဆီလီဆောကို၏ အကူအညီဖြင့် ချို၏အရိုးစုကို ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်၏။ ဗိုလ်ကြီးဒူဟာန်၏ အရိုးများကို အမေရိကန်သို့ သယ်ဆောင်လာခဲ့ပြီး စစ်ဆေးမှုများပြုလုပ်ကာ သက်ဆိုင်ရာမှ အတည်ပြုပြီးဖြစ်သည်။

အသုဘ အခမ်းအနားစတော့ ဆူဇန်နီက သူ့အဖေအကြောင်းပြောသည်။

"သူဟာ ကျွန်မတို့ဘဝထဲက ပျောက်သွားတာ ၄၃ နှစ်ရှိပါပြီ။ ကျွန်မ အဖေပျောက်ဆုံးနေတာပါ။ ပျောက်ဆုံးတာဟာ သေဆုံးတာနဲ့မတူပါဘူး။ သေတဲ့လူတွေ ပြန်လာတတ်ကြတဲ့အကြောင်း ပုံပြင်တွေထဲမှာ ကျွန်မတို့ ဖတ်ဖူးကြပါတယ်။ ဒါပေမယ့် ပျောက်ဆုံးနေတဲ့ လူတွေအကြောင်းတော့ သိပ်မပြောပြကြပါဘူး။ ဒါဟာ သိပ်သဘာဝမကျဘူးလို့ ကျွန်မထင်ပါတယ်။

"ကျွန်မ အဖေဟာ သူ့ရဲ့တိုတောင်းလှတဲ့ဘဝမှာ ဘဝများစွာကို ဆက်စပ်ပေးခဲ့ပါတယ်။ မိတ်ဆွေတွေကို ပင့်ကူအိမ်ယက်သလို သူဖွဲ့စည်းပေးခဲ့လို့ ခုဒီမှာစုဝေးမိကြခြင်း ဖြစ်ပါတယ်။ သူဟာ နှစ်နှစ်ကာကာ ချစ်တတ်တဲ့လူ ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးက သူ့ကို လိုက်လိုက်လှဲလှဲ ပြန်ချစ်ကြပါတယ်"

နောက်တစ်နေ့ အာလင်တန်စစ်သင်္ချိုင်းသို့ ဗိုလ်ကြီးဒူဟာန်၏ အရိုးအိုးကို မြင်းရထားဖြင့် သယ်ဆောင်သွားသည်။ အုတ်ဂူနံဘေးတွင် မေရီနှင့် သူ့



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်း ဒွန်နီကိုးလ် ရပ်နေသည်။ ပြီးတော့ ဆူဇန်နီတို့ မိသားစု။ ဆူဇန်နီက သားနှစ်ယောက် ရနေပြီ။ သူတို့နောက်တွင် ဗာဆီလီနှင့် လျူဘာ။ မေရီ့ လည်ပင်းတွင် ဆွဲထားသည့် လက်စွပ်ကလေးသည် အားလုံးမြင်သာအောင် နေရောင်တွင် တလက်လက်တောက်နေ၏။

ဘုန်းတော်ကြီး၏ သရဏဂုံ ရွတ်ဖတ်သရဇ္ဈာယ်မှုများ ပြီးခါနီး တွင် ဆါခနဲမြည်ဟည်းသံကြီးကို ကြားလိုက်ရသည်။ မီးခိုးရင့်ရောင် ဘီ– ၅၂ ဗုံးကြဲ လေယာဉ်ကြီး ခေါင်းပေါ်မှ ဖြတ်သန်းသွားသံဖြစ်၏။ ဗိုလ်ကြီး ဂျွန်ဒူဟာန် ကို နောက်ဆုံးအလေးပြုခြင်းဖြစ်သည်။

မေရီ့ခေါင်းထဲတွင် အတွေးပေါင်းစုံဖြင့် ပြည့်ကျပ်လာသည်။ သည် ဘီ–၅၂ ကို ပျံသန်းနေကြသည့် လေသူရဲလူငယ်များသည် မိမိ၏ချစ်စွာသော ချိန်နှင့်တူကောင်း တူနေကြပါလိမ့်မည်။ ချိန်နှင့်အပေါင်းပါ ရဲဘော်များကဲ့သို့ သော လူမျိုးများမရှိလျှင် လွတ်လပ်ရေးဆိုသည်မှာ ရှိနိုင်မည်မထင်ပါ။ အမှန် တရားလည်း ရှင်သန်နိုင်မည် မဟုတ်ပါ။

ထုံးတမ်းစဉ်လာအရ ကျဆုံးလေသူအတွက် ဂုဏ်ပြုတပ်ဖွဲ့က သေနတ်ဖောက် အလေးပြုမည့်ဆဲဆဲတွင် မေရီက မြေးနှစ်ယောက်ကို လှမ်း ဖက်လိုက်သည်။ မလှမ်းမကမ်း တောင်ကုန်းကလေးပေါ်မှာ ရင်ခုန်ချင်စရာ သေနတ်သံများ ကြားလိုက်ရတော့ ရင်ဘက်ပေါ်မှ လက်စွပ်ကလေးကို မေရီ အသာကိုင်ကြည့်လိုက်သည်။

ဗိုလ်ကြီးဂျွန်ဒူဟာန်၏ အရိုးအိုးမြေချပွဲနှင့်အတူ ဂုဏ်ယူစရာကောင်း သည့် အောက်မေ့ဖွယ်ရာများ စတင်လေပြီဖြစ်ပါ၏။

•

*Ring of Truth by Henry Hurt*

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ မဟေသီမဂ္ဂဇင်း



## မွေ့ရာပျော်

လပ်ဇင်ဘတ်နိုင်ငံ၊ ဒစ်ဖာဒိန့်ချ်မြို့မှ လူတစ်စုသည်ဂျာမန်လူမျိုး တစ်ယောက် ကို ခြေရာခံရှာဖွေနေကြသည်မှာ ၁၅ နှစ်ကြာခဲ့ပြီ။ သည်ဂျာမန်ကို ရာဇဝင်ကြွေးဆပ်ဖို့ သူတို့ သည်းသည်းမည်းမည်း လိုက်နေကြခြင်းဖြစ်၏။

သူ့နာမည်က ဂျိုဟာန်ပန်ဇယ်လ်။ သူ့ကိုယ်ပိုင်နံပါတ်ကိုလည်း သူ တို့ သိထားကြသည်။ သူက နာဇီပါတီဝင်တစ်ယောက်လည်း ဖြစ်သည်။ သို့သော် ၁၉၅၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ထိ သူ့ကိုရှာဖွေရှိခြင်း မရှိသေးပေ။

သူတို့သည် ဂျာမန်ကိုရှာဖွေနေရခြင်း အကြောင်းရင်းမှာ ၁၉၄၀ ခုနှစ်၊ နွေဦးက သူတို့မြို့တွင် ဖြစ်ပွားခဲ့သည့်ဖြစ်ရပ်တစ်ခုကြောင့် ဖြစ်ပါသည်။

ပိုလန်စစ်မျက်နှာတွင် စစ်ကြီးပြီးဆုံးသွားလေပြီ။ ဂျာမန်စစ်တပ်ကြီး နှင့် မဟာမိတ်တပ်များ မာဂီနော့တွင် ရင်ဆိုင်တွေ့ကြချိန်ဖြစ်၏။ ဒစ်ဖာဒိန့်ချ်က စစ်ကြောင်းကြီးနှစ်ခု၏ ကြားထဲတွင်ရှိနေသည်။ သို့သော် လပ်ဇင်ဘတ်နိုင်ငံ က ကြားနေနိုင်ငံဖြစ်၍ သူတို့မြို့ကို ဂျာမန်တို့ဝင်တိုက်မည်ဟု မြို့သူမြို့သား တို့ လုံးဝ မမျှော်လင့်ခဲ့ကြပေ။

ထိုစဉ် မေလ ၁၀ ရက်နေ့အရုဏ်တက်ချိန်တွင် မြေပြင်သိမ့်သိမ့် တုန်မတတ် များပြားလှသည့် လေယာဉ်အုပ်ကြီး၏ အသံကြောင့် တစ်မြို့လုံး အလန့်တကြား နိုးလာကြသည်။ အပေါ်ကို မော့ကြည့်လိုက်တော့ ကောင်းကင်



www.burmeseclassic.com

www.burmeseclassic.com



ကို မမြင်ရဘဲ ဝေဟင်တစ်ခွင်တွင် လေထီးများဖြင့်ပြည့်ကျပ်နေသည်ကို တွေ့ကြရ၏။

ဒစ်ဖာဒိန့်ချ်ကို ဂျာမန်တို့ လျှပ်တစ်ပြက်သိမ်းပိုက်လိုက်ကြပြီ။ မကြာမတင်အချိန်အတွင်း ပြစ်သစ်စစ်ကြောင်းတစ်ခုသည် မာဂီနော့မှ ထွက်လာပြီး ဒစ်ဖာဒိန့်ချ်ကို ပြန်သိမ်းဖို့ကြိုးစားကြသည်။

ပထမဆုံး အမြောက်ဆံကျပြီးစဉ်ကတည်းက မြို့ထဲတွင် စစ်ပြေးများဖြင့် ရှုပ်ယှက်ခတ်သွားတော့သည်။ သည်မြို့ကလေးမှာ လူဦးရေ တစ်သောင်းခွဲသာရှိသည့် မြို့ကလေးဖြစ်၏။ ‘ဟာဒါ’ သံမဏိစက်ရုံတွင် အလုပ်လုပ်ရသည့် လူပေါင်းလေးထောင်ရှိသည်။ စက်ရုံကို ဂျာမန်တို့က ပိတ်ပစ်လိုက်သည်။ စက်ရုံ မီးသတ်တာဝန်ကို တွဲဖက်ထမ်းဆောင်နေသည့် အလုပ်သမားလေးဆယ်ကိုသာ ဂျာမန်တို့က မြို့ထဲတွင်လွတ်လွတ်လပ်လပ် သွားခွင့်ပေးထားသည်။

စက်ရုံမန်နေဂျာက မီးသတ်ရဲဘော်များကို ခေါ်ပြီးဆွေးနွေးသည်။ စက်ရုံကို အချိန်မရွေးအမြောက်ဆံ ထိမှန်နိုင်ကြောင်း၊ တစ်မြို့လုံး၏ အသက်သွေးကြောဖြစ်သည့် သည်စက်ရုံကို အကာအကွယ်ပေးဖို့ မိမိတို့တွင် တာဝန်ရှိကြောင်း ပြောပြီး စေတနာ့ဝန်ထမ်းတပ်ဖွဲ့ကလေး တစ်ခုဖွဲ့ဖို့ အကြံပေးသည်။ ခဏငြိမ်သွားသည်။ နောက်မှ ဂျိုးဇက်ဝေလာက ရှေ့တစ်လှမ်းတိုးထွက်လာ၏။ သူက အသက် ငါးဆယ်အရွယ်ဖိုမင်တစ်ယောက်ဖြစ်ပြီး မီးသတ်ပိုက်တာဝန်ယူထားသူ ဖြစ်သည်။

"ကျွန်တော် ပါမယ်"

သူက အဆိုပြုတော့ အခြား ၁၄ ယောက်ပါလာ၏။ သူတို့အထဲတွင် ဆေးရုံသူနာပြု ကားမောင်းသမား နီးကလပ်စ်ဝေါလာလည်း ပါသည်။ ဝေါလာ့မိန်းမကလည်း ချက်ရေးပြုတ်ရေးတာဝန်ယူဖို့ သူပါ ပါမည်ဆို၏။ နောက်ထပ် ၃ ယောက်ပါလာသဖြင့် သူတို့အဖွဲ့၏အင်အားမှာ စုစုပေါင်း ၁၈ ယောက် ဖြစ်လာသည်။

ရုံးချုပ်အဆောက်အအုံ အောက်ဆုံးထပ်မှ ဗုံးခိုကျင်းထဲတွင် သူတို့စခန်းချလိုက်ကြသည်။ ဧရာမကွန်ကရစ် နံရံကြီးတွေကိုဖြတ်သန်းပြီး ပေါက်ကွဲသံတွေ၊ စက်သေနတ်သံတွေကို နားပွင့်မတတ်သူတို့ကြားနေရ၏။ အပြင်းအထန် တိုက်ပွဲနှစ်ရက်ဖြစ်ပြီးနောက် မေလ ၁၁ ရက်နေ့တွင် ပြင်သစ်တပ်များ အားမတန် မာန်လျှော့ကာ ဆုတ်ခွာသွားကြရတော့သည်။

ဂျာမန်လေထီးတပ်သားတွေ မိုးလုံးပြည့်မျှ ထပ်ဆင်းချလာပြီး ကျွန်း





လမ်းက သံချပ်ကာတပ်ရင်းတွေ၊ အမြောက်တပ်တွေပါ မြို့ထဲဝင်လာတော့၏။ ပထမပိုင်းတွင် ဂျာမန်တို့က စက်ရုံမီးသတ်တပ်ဖွဲ့ဝင်များကို ခပ်တင်းတင်းဆက်ဆံသည်။ မြို့ထဲတွင် လုပ်စရာတွေက အပုံအပင်မဟုတ်လား။ တိုက်ပြိုက တိုက်ပျက်တွေရှင်းဖို့ တိရစ္ဆာန် အသေကောင်တွေကိုမြှုပ်ဖို့၊ မီးမငြိမ်းသေးသည့် အိမ်တွေကို မီးသတ်ဖို့ စသည့်အလုပ်တွေက အပုံအပင်။ သူတို့က စက်ရုံ အတွက် သီးသန့်မီးသတ်ဖြစ်နေ၍ သည်ကိစ္စတွေအတွက် အသုံးမချနိုင်ဖြစ်နေ၏။

နောက်နှစ်ပတ်ကြာသည့်အခါ အခြေအနေမှာ လုံးဝပြောင်းလဲသွားသည်။

မေလ ၂၇ ရက်နှင့် ၂၈ ရက်နေ့တွင် မဟာမိတ်တို့က အကြီးအကျယ် ဗုံးကြဲပြန်သည်။ အမြောက်နှင့်လှမ်းထုသည်။ ပစ်မှတ်ကို အလုံးတိုင်း၊ အချက်တိုင်း တိတိကျကျထိသည်။ မှန်သည်။ ဂျာမန်တို့၏ ခဲယမ်းမီးကျောက်များ၊ တင့်ကားများ၊ လက်နက်ကြီးများ ထားရှိသည့်နေရာကို အထူးလျှို့ဝှက်စွာ သိမ်းဆည်းထားသော်လည်း မရှုမလှ ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

၂၉ ရက်နေ့ ညဦးနက်ပိုင်းတွင် ဂျာမန်စစ်ပုလိပ်တစ်သိုက် သံမဏိစက်ရုံ ဗုံးခိုကျင်းထဲသို့ ဝင်လာပြီးအိပ်ပျော်နေသည့် စက်ရုံမီးသတ်ရဲဘော်များအား ကန်ကျောက်ပြီး နှိုးကြသည်။ မစ္စက်ဝေါလာ အပါအဝင်အခန်းတွင်းရှိ လူအားလုံးကို ပိုက်စိပ်တိုက်ရှာဖွေကြတော့သည်။ အထူးထောက်လှမ်းရေး ပစ္စည်းကိရိယာများနှင့် ဓာတ်ကြိုးမှန်သမျှ၊ ခလုတ်မှန်သမျှ၊ ပလပ်ပေါက်မှန်သမျှကို တစ်ခုမကျန် စစ်ဆေးသည်။

နံရံများကို တူနှင့်ထုပြီး ပလာစတာတွေကို ခွာကြည့်သည်။ စိတ်ကြိုက် မွှေနှောက် စစ်ဆေးပြီးမှ သူတို့ထွက်သွားကြ၏။ သို့သော် စက်ရုံတံခါး(?)တွင် အစောင့်စစ်သားတွေ ချထားခဲ့သည်။

သူတို့အားလုံး လွတ်လွတ်လပ်လပ်သွား၍ မရကြတော့ပေ။ မဟာမိတ် လေယာဉ်အုပ်စုတို့က ပြတ်တောင်းပြတ်တောင်း ဗုံးကြဲနေကြဆဲပင်။ ၃ ရက်ကြာသည့်အခါ ဂျာမန်စစ်ပုလိပ်များ ပြန်ရောက်လာပြီး စက်ရုံမီးသတ်ရဲဘော်တွေ အားလုံးလမ်းပေါ်သို့ထွက်ခဲ့ရန် အမိန့်ပေးလိုက်သည်။

သူတို့လူတွေနှစ်ယောက်တစ်တွဲ ထွက်လာခဲ့ကြသည်။ ဂျာမန်စစ်သားတစ်သိုက် တူးနေသည့်ဧရာမတွင်းကြီးကို ဖြတ်ပြီးသူတို့လျှောက်လာခဲ့ကြ၏။ သူတို့အထဲမှ တော်တော်များများက အခြေအနေကို ရိပ်မိလိုက်ကြသည်။ တွင်းကြီးမှာ လူ ၁၈ ယောက်စာမြှုပ်ဖို့တူးနေသည့် တွင်းကြီးဖြစ်၏။

www.burmeseclassic.com



ရှေ့နားမှ အုတ်နံရံကြီးကို ကျောပေးပြီးသူတို့အား တန်းစီရပ်ခိုင်းလိုက်၏။ ဗိုလ်တစ်ယောက်ထွက်လာပြီး သူတို့တစ်ယောက်စီ၏မျက်နှာကို ခပ်ဖြည်းဖြည်းလျှောက်ရင်း သေသေချာချာကြည့်သည်။ သူ့မျက်နှာမှာ ကြောက်မက်ဖွယ်ရာ ခက်ထန်ပြီး ပါးစပ်တစ်ဖက်တွင် အမာရွတ်ကြီးနှင့်ဖြစ်၏။ နောက်မှ သူစကားစသည်။

"မင်းတို့ထဲက လူတချို့ဟာ ငါတို့ရဲ့ပစ်မှတ်တွေကို ရန်သူ့ဘက်ကို သတင်းပေးနေတယ်လို့ ငါတို့သတင်းရထားပြီးပြီ။ အပြစ်ကျူးလွန်တဲ့သူတွေက ဝန်မခံရင် မင်းတို့အားလုံးကိုပစ်သတ်မယ်"

ဤသို့ ရာဇသံပေးပြီးလျှင် ကားဂိုဒေါင်တစ်ခုထဲတွင် သူတို့ကို သော့ခတ်ထားလိုက်၏။ ကားဂိုဒေါင်ထဲတွင်ပြတင်းပေါက် သံတိုင်များမှ ဝင်နေသည့် အလင်းရောင်မှိန်မှိန်သာ ရှိသည်။ စိုစွတ်စွတ် ကွန်ကရစ်ကြမ်းခင်းမှာ အနံ ၁၀ ပေ၊ အလျား ၁၄ ပေခန့်ရှိမည်။ မစ္စက်ဝေါလာက လင်တော်မောင်ကိုဖက်ပြီး ဆောက်တည်ရာမရ ငိုကြွေးတော့၏။ အခြားသူများလည်း အထိတ်တလန့် ငိုနေကြပြီ။ အချို့က ဒူးထောက်ပြီးဘုရားသခင်ထံတွင် ဆုပန်နေကြ၏။ မီးသတ်ဗိုလ်ဝေလာက တည်ငြိမ်ပြတ်သားသည့်အသံဖြင့် စကား ● သည်။

"တို့ကို ချမှတ်တဲ့ပြစ်ဒဏ်နဲ့ပတ်သက်ပြီး တစ်ယောက်ယောက်က တစ်ခုခုပြောစရာရှိသလား"

အားလုံး တုတ်တုတ်မျှမလှုပ်ကြ။ သို့သော် ခဏမျှအကြာတွင် တစ်ယောက်ကိုတစ်ယောက် အပြစ်ပုံချကာ အပြန်အလှန်စွပ်စွဲကြတော့၏။

ဆူဆူညံညံအသံတွေထဲမှ ဝေလာ၏ပြတ်သားသည့်အသံ ထွက်လာပြန်၏။

"ဟေ့ မင်းတို့ စိတ်ထိန်းထားကြစမ်း။ တို့တစ်တွေ စုစုစည်းစည်းနဲ့ ယောက်ျားပီပီ ဂျာမန်တွေကိုရင်ဆိုင်မှ သေဘေးကလွတ်မှာ။ တခြား နည်းလမ်း မရှိဘူး"

သည်တော့မှ အားလုံးငြိမ်သွားသည်။ အချိန်တွေ မည်သို့ကုန်သွားသည်ကို သူတို့မသိလိုက်ကြ။ တံခါးပြန်ပွင့်လာပြီး စောစောကဂျာမန်စစ်ဗိုလ် ပြန်ဝင်လာပြီးမေးသည်။

"ကဲ.. မင်းတို့အထဲက ဝန်ခံမယ့်လူ ပေါ်ပြီလား"

အားလုံးငြိမ်နေကြ၏။

"ကောင်းပြီ။ တစ်နာရီအတွင်း ပစ်မိန့်ရောက်လာလိမ့်မယ်"





စစ်ဗိုလ်က အသက် ၃၀ ခန့်ရွှေရောင်ဆံပင် မျက်လုံးပြာနှင့် တပ်ကြပ်ကလေးတစ်ယောက်ကို လက်ယပ်ခေါ်လိုက်သည်။

"ဆရာပန်ဇယ်လ်၊ ဒီလူတွေကို ပစ်မိန့်မလာမချင်း မင်းစောင့်ကြည့်ရမယ်။ အမိန့်ရောက်လာရင် နှစ်ယောက်ချင်းခေါ်ထုတ်လာခဲ့။ သူတို့အတွက် တွင်းတူးထားပြီးပြီ"

တပ်ကြပ်ကလေးက အလေးပြုပြီး တံခါးကိုပိတ်လိုက်သည်။

* * *

ဂျိုဟန်ပန်ဇယ်ကို ဘာဗေးရီးယန်းပြည်နယ်၊ ပရက်ဆစ်မြို့တွင် ၁၉၁၀ ခုနှစ်၌ မွေးဖွားခဲ့သည်။ မိဘနှစ်ပါးမှာ စားသောက်ဆိုင်ပိုင်ရှင်များဖြစ်ကြ၏။ ပထမကမ္ဘာစစ်အတွင်းက အစ်ကိုတစ်ယောက်ကျဆုံးခဲ့သည်။

၁၉၂၀ ခုနှစ်များတွင် ဂျာမနီနိုင်ငံ၏လူလတ်တန်းစားများအားလုံး ငွေကြေးဖောင်းပွမှုဒဏ်ကို အလူးအလဲခံကြရပြီး စီးပွားပျက်ကပ်ဆိုးကြီးနှင့် ကြုံခဲ့ရသည်။ ပန်ဇယ်လ်မိသားစုသည်လည်း သည်ကပ်ဘေးမှ ပြေးမလွတ်ခဲ့ပါချေ။ ထိုဆယ်စုနှစ်၏ ဒဏ်ကိုဂျာမနီနိုင်ငံတွင် အခံရဆုံးမှာ ဂျာမန်လူငယ်ကလေးများ ဖြစ်၏။ သူတို့သည် ခေတ်ဆိုးကြီးထဲတွင် လမ်းပျောက်ကာ ဆမ်းတဝါးဝါးနှင့် တစ်ဝမ်းတစ်ခါးအတွက်ပင် အခက်အခဲဖြစ်လာ၏။ ကိုယ့်ကိုယ်ကိုယ် သတ်သေသည့်နှုန်း မြင့်တက်လာ၏။

ဗိုက်ရတော့မည့်ဆဲဆဲ စားသောက်ဆိုင်ကို ကျပန်းအလုပ်တွေ လိုက်လုပ်ပြီး ဂျိုဟန်ကအကူအညီပေးနေရ၏။ ထိုခေတ်က ဂျိုဟန်တို့လို လူငယ်ကလေးများ၏ မျှော်လင့်ချက်အလင်းရောင်မှာ တစ်ခုတည်းသာရှိသည်။ ဟစ်တလာ။ အသက် ၁၇ နှစ်အရွယ်တွင် ဂျိုဟန် နာဇီပါတီသို့ ဝင်လိုက်သည်။ ဟစ်တလာကိုမြင်ဖူး၊ သူ့မိန့်ခွန်းများကို နားထောင်ဖူးသည့်အခါမှစ၍ ဂျိုဟန်သည် နာဇီလှိုင်းလုံးကြီးထဲတွင် မျောပါသွားလေတော့သည်။ သေမင်းတမန်ကြီး၏ ဩဇာအောက်သို့ ရောက်သွားခြင်းပင်။

ပထမဦးဆုံး ပရက်ဆစ်ပါတီရုံးခွဲတွင် အချိန်ပြည့်စာရေးတာဝန်ယူသည်။ စစ်ဖြစ်တော့ ဆံပင်နက်နက်နှင့်ရုပ်ချောချော ကောင်မလေးတစ်ယောက်ကို လက်ထပ်ယူလိုက်သည်။ ကလေးနှစ်ယောက်ရသည့်အချိန်တွင် စစ်မှုထမ်းရန် တပ်ထဲသို့ ဆင့်ခေါ်ခြင်းခံရသည်။

တပ်ထဲရောက်တော့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့၏။ ခြေ



www.burmeseclassic.com

www.burmeseclassic.com



လျှင် တပ်မ ၃၃၀ နှင့်အတူ ဒစ်ဖာဒိန့်ချ်သို့ ရောက်လာချိန်တွင် သူ တပ်ကြပ်ဖြစ်နေပြီ။

* * *

တပ်ကြပ်ကလေး ပန်ဇယ်လ်သည် ကားရုံအပြင်ဘက်တွင်ရပ်ရင်း စိတ်ထဲတွင် မတင်မကျဖြစ်နေ၏။ အမိန့်သည်အမိန့်သာဖြစ်၏။ လိုက်နာဆောင်ရွက်ရုံမှအပ အခြားမရှိ။ ဒါပေမယ့် ဒီအထဲကလူတွေကတော့ ..။ အမျိုးသမီး၏ ငိုရှိုက်သံကို အတိုင်းသားကြားနေရ၏။

တာဝန်ကို ရှောင်ဖို့ ပန်ဇယ်လ်ဆုံးဖြတ်လိုက်၏။ ကားရုံတွင် အစောင့်စစ်သားတွေနှင့် ထားခဲ့ပြီး သူ၏ဗိုလ်ကဲလက်ချ်ကို ရှာဖို့ထွက်လာခဲ့သည်။ ဗိုလ်လုပ်သူမှာ အခြားအလုပ်တွေနှင့် ရှုပ်ယှက်ခတ်နေသဖြင့် မီးသတ်ရဲဘော်များကိစ္စကို သိပ်အာရုံမစိုက်နိုင်ဖြစ်နေ၏။

"အဲဒီအမှုကို စစ်ဥပဒေရုံးက ကိုင်တာကွ၊ အမိန့်မချသေးဘူးလား မင်းသွားမေးကွာ" ဟုပြောသည်။

ပန်ဇယ်လ်က ချက်ချင်းမသွားဘဲ ကားရုံထဲမှ အကျဉ်းသားများဆီသို့ ပြန်လာခဲ့သည်။ သူတို့မှာ အပြစ်မရှိကြောင်း အားလုံး ဝိုင်းပြီး သူ့ကို တစ်ယောက် တစ်ပေါက် ပြောကြ၏။ အသနားခံကြ၏။ ဂျိုးဇက်ဝေလာက အားလုံးကိုငြိမ်ဖို့ ဟန့်လိုက်ပြီး သူတို့အားစွပ်စွဲချက်မှာ လုံးဝ အခိုင်အမာ မရှိကြောင်း၊ သူတို့အားလုံးတွင် မဟာမိတ်ပြင်သစ်တို့အား သတင်းပို့ဖို့ မည်သို့မျှ အခွင့်အလမ်း မရှိကြောင်း ပန်ဇယ်လ်အား ရှင်းပြသည်။

"ခင်ဗျားတို့အားလုံး ကျွန်တော်တို့ဗုံးခိုကျင်းထဲကို ဝင်မွှေပြီးပြီးချင်း နောက်ထပ်သွားရှာဖို့ ကျွန်တော်တိုက်တွန်းတယ်"

ပန်ဇယ်လ်က မီးသတ်ဗိုလ်ပြောပုံကို သဘောကျသည်။ စစ်ဗိုလ်လုပ်သူက သူ့ကို အမိန့်ပေးရာတွင် "ဒီလူတွေ" ဟုပြောသွား၏။ ဒါ အမျိုးသမီး မပါနိုင်။ သူက မစ္စက်ဝေါလာကို ဆွဲထုပြီးအပြင်သို့ခေါ်ထုတ်သွားသည်။ လပ်ဇင်ဘတ်ကိုသွားမည့် စစ်ကားတစ်စီး အသင့်တွေ့သဖြင့် အမျိုးသမီးကို တင်ပေးလိုက်သည်။

ပြီးမှ ဥပဒေရုံးသို့သွားပြီး တာဝန်ခံအရာရှိအား အယောက်အထား ဆက်ရှာပေးပါမည်။ စီရင်ချက်ချဖို့ ဆိုင်းပေးပါဟု မေတ္တာရပ်ခံသည်။ ထို အရာရှိက အံ့ဩစရာတုံ့ပြန်သဖြင့် ပန်ဇယ်လ်တအံ့တဩဖြစ်ရသည်။ သည်





ကိစ္စ သူ ကြည့်လုပ်ပေးမည်။ နောက် ၄၅ မိနစ်ကြာလျှင် လာခဲ့ဟုပြောလိုက်သောကြောင့်ဖြစ်၏။ ပန်ဇယ်လ်နောက်တစ်ခေါက် ဥပဒေရုံးရောက်တော့ အဖြေထွက်နေပြီ။ မဆိုင်းနိုင်ပါတဲ့။ ဝန်ခံချက်မပေးလျှင် အားလုံးပစ်သတ်စေတဲ့။

သို့သော် ၂၄ နာရီဆိုင်းငံ့ခွင့်ကို ချွင်းချက်ဖြင့်ပေးလိုက်သည်။ သည်အတောအတွင်း ပြင်သစ်လေတပ်က ဗုံးကြဲလာလျှင်တော့ ချက်ချင်းပစ်သတ်စေ။

ပန်ဇယ်လ်၏စိတ်ထဲတွင် ဗိုလ်ဗိုလ်ဇဝေဇဝါဖြစ်လာသည်။ သည်လူတွေတွင် အပြစ်မရှိဟူ၍ သူ ယုံကြည်နေလေပြီ။ သို့သော် သူဘာလုပ်ပေးနိုင်ပါမည်နည်း။

လုပ်ပေးနိုင်သလောက်တော့ လုပ်ပေးရမည်။ အကျဉ်းသားများကို ကားဂိုဒေါင်ထဲမှ လမ်းတစ်ဖက်ရှိ စတိုခန်းထဲသို့ ပြောင်းထားလိုက်သည်။ စတိုခန်းက ကားဂိုဒေါင်ထက်စာလျှင် ခြောက်ခြောက်သွေ့သွေ့ ရှိသည်။ ကန်တင်းမှ စားစရာတွေနှင့် ကော်ဖီပူပူပို့ပေးသည်။

ထိုည၊ တစ်ညလုံးပန်ဇယ်လ်အိပ်မပျော်။ ပြင်သစ်လေတပ်၏ ဗုံးသံကိုသာ နားစွင့်နေမိ၏။ ဗုံးတစ်လုံးကျသည်နှင့် သူတို့အားလုံးသေရတော့မည်။ သိပ်တော့ မထူးပါဘူးလေ။ နောက်နေ့ နေ့လည်ဆိုလျှင်သူတို့ အသတ်ခံကြရတော့မှာ မဟုတ်လား။

နောက်နေ့မနက်တွင် အကျဉ်းသားများကို သူသွားတွေ့သည်။ သူတို့တွင် ချမ်းသာပေးဖို့မှလွဲပြီး ဘာမှပြောစရာမရှိကြတော့ပါ။ ဥပဒေရုံးသို့ ထပ်သွားပြန်သည်။ ဗိုလ်ကဲလက်ချ်ကို တွေ့ရန်မဟုတ်ပါ။ ထမင်းစားချိန်တွင် သူ အပြင် ထွက် မထွက်သိလို၍ ဖြစ်ပါသည်။

စတိုခန်းဆီကို အမြန်ပြန်ချလာသည်။ အနီးအနားတွင် သူ့လူတွေမှလွဲပြီး အခြားစစ်သားများ မရှိကြ။ သူ့လူတွေနှင့် သူဆွေးနွေးသည်။ အားလုံး သူ့ကို မျက်လုံးအပြူးသားနှင့် ဝိုင်းကြည့်နေကြ၏။

စတိုခန်းထဲဝင်သွားပြီး အကျဉ်းသားတစ်ယောက်ကို စက်ရုံထဲမှကားတစ်စီးရနိုင်မည်လား မေးသည်။ ထိုလူက သူ့ကိုနားမလည်နိုင်သလို စိုက်ကြည့်နေ၏။ ပြီးမှ ရနိုင်ကြောင်းဖြေသည်။ ပန်ဇယ်လ်က သူ့လူနှစ်ယောက်ထည့်ပေးလိုက်၏။

ကားရောက်လာတော့ အခန်းထဲဝင်ပြီး ခပ်လောလောပြောလိုက်၏။

"ခင်ဗျားတို့အားလုံး လွတ်ပြီ။ ခပ်မြန်မြန်လုပ်ကြ။ ကားပေါ်တက်ကြ။ မြန်မြန်တက်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ပထမအားလုံး ကြောင်ကြည့်နေကြသည်။ ပြီးမှ သွေးရူးသွေးတန်း ငိုသူငို၊ ရယ်သူရယ်ဖြစ်ကုန်ကြ၏။ သူ့အနားသို့ ဝိုင်းလာပြီး လက်ဆွဲနှုတ်ဆက်ကြ၏။ ပိုက်ဆံတွေ၊ နာရီတွေပေးဖို့ ကြိုးစားကြ၏။ သို့သော် ပန်ဇယ်လ်က လုံးဝလက်မခံခဲ့။

"တော်ပြီ။ တိတ်တိတ်ကလေး ကားပေါ်တက်ကြ။ မြန်မြန်လုပ်"

နှစ်ကလပ်စ် ခရမ်ဆိုသူ အငယ်ဆုံး မီးသတ်သမားကလေးက သူ့နာမည်ကိုမေးသည်။ သူက ကိုယ်ပိုင်နံပါတ်ကိုပါ ပြောပြသည်။ ၁၀၅၂၇၅ အေ တဲ့။

ပြီးသည်နှင့်ကားကြီးသည် လပ်ဇင်ဘတ်မြို့တော်ဆီသို့ ဦးတည်မောင်းထွက်သွားလေတော့သည်။

သူ့အခန်းကို ပြန်ရောက်တော့ ပန်ဇယ်လ်တစ်ယောက် တစ်ကိုယ်လုံးတုန်တုန်ယင်ယင်ဖြစ်နေသည်။ မိမိလုပ်ခဲ့သည့် လုပ်ရပ်သည် အန္တရာယ်စက်ကွင်းထဲကို ခုန်ချလိုက်ခြင်းနှင့် မခြားပါကလား။

တစ်နည်းမဟုတ် တစ်နည်းနှင့်ပေါ်မည်မုချ ဖြစ်ပါ၏။ မိမိလူတွေထဲက ယခု ကောင်းချီးပေးကြသော်လည်း အကြောက်လွန်ပြီး ဖော်ကောင်လုပ်မည့်သူ ပေါ်ကောင်းပေါ်လာနိုင်၏။

မည်သို့ဖြစ်စေ၊ မကြာခင် ကွပ်မျက်မည့်အဖွဲ့ရောက်လာတော့မည်။ မိမိအတွက် ဖြစ်ရတော့မည်မှာ မုချဧကန်ပင်။

သို့သော် ပန်ဇယ်လ်ကံကောင်းပါသည်။ တစ်နာရီအတွင်း သူတို့တပ်ရင်း မက်ဂီနော့ရှေ့တန်းသို့ ချီတက်ဖို့အမိန့်ထွက်လာသည်။ ချက်ချင်းရှပ် ယှက်ခတ်သွားသည်။ သည်လိုအခြေအနေတွင် အကျဉ်းသားမီးသတ်သမားများကို ဘယ်သူမျှ သတိမရကြတော့။ ဘယ်သူမှ သတိမရကြတော့။

* * *

ပန်ဇယ်လ်သည် မည်သည့်အမိန့်ကိုမျှ မလေးမစားမပြုတော့ပေ။ စစ်ကြီးပြီးတော့ အိုလ်အဖြစ်ဖြင့် တပ်မှထွက်လိုက်သည်။

ဓာတ်ရှပ်ရှာ ပရက်ဆစ်သို့ ပြန်သွားပြီး စင်ဒဏ်ကြောင့် ပျက်စီးနေသည့်ပတ်ဝန်းကျင်တွင် မိသားစုစားဝတ်နေရေးအတွက် အလားအလာမကောင်းလှသော စီးပွားရေးလုပ်ငန်းကလေးများတွင် ဝင်လုပ်ကြည့်သည်။ မနိုင်သည်နှင့် စားသောက်ဆိုင်လုပ်ငန်း ပြန်လုပ်ကြည့်သည်။ အရှုံးနှင့်ရင်ဆိုင်ရပြန်၏။ လခစားအလုပ်တွေ အမျိုးမျိုးဝင်လုပ်သည်။ တစ်ခုမှ မမြဲ။





နာဇီပါတီဝင်တစ်ယောက် ဖြစ်ခဲ့ဖူးခြင်းအတွက် စစ်ခုံရုံးတွင်စစ်ဆေးခံရမည့် စာရင်းဝင်ဖြစ်နေကြောင်း ၁၉၄၆ ခုနှစ်တွင် ပန်ဇယ်လ်သိရသည်။

အတိတ်တစ်ကဏ္ဍကို သတိရသဖြင့် သူ မည်သူမည်ဝါဖြစ်ကြောင်း၊ စစ်အတွင်းက မီးသတ်သမားများကို မည်သို့ အကူအညီပေးခဲ့ဖူးကြောင်း ဒစ်ဖာဒိန့်ချ်သတ္တုတွင်းသို့ စာတစ်စောင်ရေးလိုက်သည်။ သူ့အမှုအတွက် အထောက်အကူဖြစ်လိုဖြစ်ငြားပေါ့။

ပြန်စာ မရရှိခဲ့ပါ။ သည်တစ်ကြိမ်လည်း သူကံကောင်းပြန်ပါသည်။ သူ့တွင် အပြစ်မရှိကြောင်း ရုံးတော်ကဆုံးဖြတ်ပေးလိုက်၏။

ဤသို့ဖြင့် နှစ်တွေ ကုန်လွန်လာခဲ့သည်။

* * *

ထွက်ပြေးသွားကြသည့် မီးသတ်ရဲဘော်များသည် ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဆက်အသွယ်ရပြီး နေရာအသီးသီးတွင် ကိုယ်ယောင်ဖျောက် အောင်းနေနိုင်ခဲ့ကြ၏။

၁၉၄၀ ခုနှစ်၊ ဖရန်ကို၊ ဂျာမန် ယာယီငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးမှ ဒစ်ဖာဒိန့်ချ်သို့ သူတို့အားမသိ ရန်မခ ပြန်လာခဲ့ကြသည်။ အချို့က သံမဏိစက်ရုံတွင် အလုပ်ပြန်ဝင်ကြသည်။ ထိုအချိန်တွင် ဂျာမန်တို့၏ စီမံခန့်ခွဲမှုအောက်တွင် စက်ရုံရောက်နေပြီ။

ပြင်သစ်တို့ဆီသို့ သယ်ယူသတင်းပေးခဲ့သည်ဆိုသည့် ကိစ္စကို ထင်ကြေးအမျိုးမျိုးပေးခဲ့ကြ၏။ အမှန်ကိုကား ယနေ့အထိ ဘယ်သူမှမဖော်ထုတ်နိုင်ခဲ့ကြပေ။

ဂျိုးဇက်ဝေလာသည် နလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ မစ္စက်ဝေါလာလည်း ထိုရောဂါဖြင့်ပင် ဆုံးသွားရှာသည်။

ထိုစဉ်က လူငယ်ကလေး နှစ်၊ ခရမ်မာက နိုင်ငံရေးလောကထဲရောက်သွားပြီး စစ်ပြီးချိန်တွင် လပ်ဇင်ဘတ်ပါလီမန်အမတ် ဖြစ်လာခဲ့သည်။

ဂျိုဟာန်ပန်ဇယ်လ်ကို ရှာဖွေဖို့စိတ်အားထက်သန်ဆုံး ပုဂ္ဂိုလ်မှာ သူဖြစ်၏။ စစ်ရှုံးသဖြင့် ဖရိုဖရဲဖြစ်နေသည့် နိုင်ငံတစ်နိုင်ငံတွင် စစ်သား တစ်ယောက်ကို ကိုယ်ပိုင်နံပါတ် သိရုံလောက်ဖြင့် ရှာဖွေရန်မှာ အလွန်ခက်ခဲသည့် ကိစ္စ ဖြစ်ပါ၏။

သတ္တုတွင်းသို့ ပန် ယ်၏စာတစ်စောင် ရောက်ခဲ့ဖူးသည်ဟူသည့်

www.burmeseclassic.com



သတင်းကို ခရမ်မာရသဖြင့် အကျိုးအကြောင်းဖော်ပြပြီး အစိုးရသို့စာတစ်စောင်ရေးတင်လိုက်သည်။ အကြောင်းမထူးခဲ့ပါ။(သို့သော် သူ့စာသည် တစ်စုံတစ်ရာ အထောက်အကူ ဖြစ်စေကြောင်း နောင်မှသိရ၏။)

သူက အားမလျှော့ဘဲ ဂျာမန်မြို့ပေါင်းများစွာမှ ရဲတပ်ဖွဲ့များသို့စာ တွေရေးပြီး အကူအညီတောင်းသည်။ ၁၉၅၅ ခုနှစ်တွင် ပန်ဇယ်လ်၏ ပရက်ဆစ် လိပ်စာကို နူရင်ဘတ်ရဲအဖွဲ့မှ အကြောင်းပြန်ကြားစာ ရတော့သည်။

သူ့စွမ်းဆောင်မှုများအတွက် ကျေးဇူးတင်ကြောင်းကိုလည်း ဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။

ခရမ်မာက ချက်ချင်းလှမ်းဖိတ်လိုက်သည်။ အကျဉ်းသားဟောင်းများနှင့် ပြန်လည်တွေ့ဆုံပွဲကလေး လုပ်လိုပါကြောင်း လှိုက်လှဲစွာဖိတ်လိုက်ခြင်းဖြစ်၏။

ဖိတ်စာရတော့ ပန်ဇယ်လ်တစ်ယောက် အံ့သြစရာဘဝအတွေ့ကို မယုံကြည်နိုင်စွာဖြင့် မျက်ရည်လည်မိလေသည်။ လာခဲ့ပါမည်ဟု ချက်ချင်းအကြောင်း ပြန်လိုက်၏။

၁၉၅၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် ပန်ဇယ်လ်တို့ဇနီးမောင်နှံရောက်ချလာသည်။ ထိုနေ့မှာ သူတို့တစ်တွေ လွတ်မြောက်သွားသည့် ၁၅ နှစ်မြောက်နေ့ ဖြစ်၏။

ပန်ဇယ်လ်တို့လင်မယား ညည့်ခံစရိတ်အတွက် အကျဉ်းသားဟောင်းများငွေစုကြသည်။ စက်ရုံကလည်း ပါဝင်ကူညီသည်။

သုံးပတ်လုံးလုံး ညည့်သည်လင်မယားကို ကျွေးမွေးပြုစုသည်။ ဧရာမညည့်ခံပွဲကြီးများနှင့် ဂုဏ်ပြုသည်။

"၃-၆-၁၉၄၀ နေ့အတွက် မပြောပလောက်သည့် အမှတ်တရကျေးဇူးလက်ဆောင်" ဟု ကမ္ပည်းထွင်းထားသည့် ရွှေနာရီလက်ဆောင်ပေးတော့ လက်ခုပ်သံတွေ ဟော်တော်နှင့်မစဲ။

သူတို့မပြန်မချင်း အလည်အပတ်ခရီးတွေ၊ လက်ဆောင်ပစ္စည်းတွေနေ့လယ်စာဖိတ်ကျွေးသူတွေ၊ ညစာကျွေးသူတွေနှင့် တစ်ရက်မှနားချိန်မရှိလိုက်ပေ။

ပန်ဇယ်လ်ကို လပ်ဇင်ဘတ်တရားရေးဝန်ကြီးက ကမကထပြုကြိုဆိုခဲ့ခြင်းဖြစ်သည်။ အစိုးရကိုယ်စား တနင်္ဂနွေတစ်ရက်တွင် ဒစ်ဖာဒိန့်ချ် ဘုရားရှိခိုးကျောင်းကြီးတွင် ပန်ဇယ်လ်အား ဂုဏ်ပြုဆုတောင်းပွဲတစ်ရပ် ကျင်းပ





သည်။ ဓမ္မဆရာမှာ နာဇီဂေရဲစခန်းတွင် ၃ နှစ်စိမ်းမြိန်းခဲ့ရသူဖြစ်သည်။ ပန်ဇယ်လ်အတွက် စပ်ဆိုထားသည့် ဂုဏ်ပြုဓမ္မတေးကို ဝိုင်းဆိုကြတော့ ပန်ဇယ်လ်ခမျာ ဣန္ဒြေမဆည်နိုင်တော့ဘဲ ရှုံ့ပွဲချ၍ ငိုကြွေးပါလေတော့၏။

အိမ်ပြန်ရောက်တော့ သူနောက်ဆုံး လုပ်နေသည့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှာ ဟိုတုန်းကသူလုပ်ခဲ့ဖူးသမျှ အလုပ်များထက် ပိုကောင်းလာကြောင်းတွေ့ရ၏။

သူ့ဖိတ်ခေါ်ခရီးစဉ်ကြောင့် သူစိတ်ဓာတ်တွေ မြင့်တက်လာခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ခုတော့ သူ့ဘဝ သူကျေနပ်နေပြီ။ သူ့အလုပ်တွင် သူပျော်နေပြီ။ ရှေ့အလားအလာမှာလည်း စိတ်ချရလောက်အောင် ကောင်းမွန်နေပြီ။

လပ်ဇင်ဘတ်တရားရေးဝန်ကြီး၏ "ဟိုမှာ အလုပ်အကိုင် အဆင်မပြေရင်၊ အချိန်မရွေး ပြန်လာခဲ့ပါ။ ကျွန်တော်တို့ အလုပ်ကောင်းကောင်းပေးနိုင်ပါတယ်" ဟူသည့် ကမ်းလှမ်းချက်ကို သူ စဉ်းစားဖို့မလိုတော့ပါပြီ။

*The Prisoners Of Differdange by Edwin Muller*

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ၊ မဟေသီမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## အဝေးပြေးလမ်းပေါ်မှာ

ငါးနာရီလောက်တွင် ရုံးဆင်းမည်ဟု ဒိုင်ယာနာစိတ်ကူးထား၏။ သို့မှ ယာတော အိမ်ကို ညစာစားဖို့အချိန်မီ ရောက်မည်။ ၄ နာရီ၊ ၃၇ မိနစ်တွင် သူ့အခန်းထဲသို့ လက်ထောက်အရာရှိ၊ ဖီးလစ်ဟက်စကင် ဝင်လာသည်။ လက်ထဲတွင် ၁၂ မျက်နှာရှိသည့် စာရွက်ထပ်ကြီးကိုင်လျက်။ သေသေချာချာ စစ်ပြီး လက်မှတ်ထိုးရမည့်စာဖြစ်၏။ သည်အပတ်အတွင်း ကန်ထရိုက်နှစ်ခု လွတ်သွားပြီဖြစ်ကြောင်း ဖီးလစ်က သတိပေးသွားသေး၏။

သောကြာနေ့တိုင်း သည်လိုချည်းပါလားဟု ဒိုင်ယာနာ စိတ်ပျက်လက်ပျက် တွေးနေ၏။ ညနေပိုင်းရောက်လျှင် ဖုန်းအလာ ကျဲသွားတတ်သည်။ အလုပ်ပါးသွားပြီဆိုပြီး စောစောလစ်မည်ကြံတိုင်း ကပ်ပြီးအလုပ်ကျလာတတ်၏။ ခုလည်း ၆ နာရီမထိုးမချင်း ပြီးတော့မည်မဟုတ်။

သားနှင့်သမီး တာဝန်ကိုတစ်ယောက်တည်း ယူထားရသည့် မိခင်ဖြစ်နေပြီး ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာလည်း ဖြစ်နေပြန်သဖြင့် ဒိုင်ယာနာတွင် နားချိန်ဟူ၍ မရှိသလောက်ပင်။

သားကျိမ်းစ်နှင့် သမီးကာရိုလိုင်းတို့မောင်နှမကို သူတို့အဖေက လေးပတ်လျှင် တစ်ခါလာခေါ်သည်။ သည်နေ့ သောကြာနေ့၊ သူတို့အဖေ လာခေါ်မည့်နေ့ ဖြစ်သည်။ သည်လိုနေ့မျိုးတွင် ညနေပိုင်းကားရှုပ်တတ်သဖြင့် ဒိုင်ယာနာ စောစောလစ်ချင်ခြင်းဖြစ်၏။ နောက်ဆုံးစာမျက်နှာကို ဖတ်ပြီး လက်မှတ်ထိုးတော့ ၅ နာရီ ၅၁ မိနစ်ရှိနေပြီ။

လက်ပွေ့အိတ်ကိုဆွဲပြီး စာရွက်ထပ်ကို ဖီးလစ်စားပွဲပေါ် ပစ်ချခဲ့





ကာ ခပ်သွက်သွက်ထွက်လာခဲ့၏။ စိတ်ထဲတွင် သိပ်မကျေနပ်။ သည်စာချုပ်မှာ မနက်ကတည်းက ပြီးနေပြီးသား ဖြစ်ရမည်။ ဖီးလစ် သက်သက် တမင်ဖြုတ်ခြင်းဖြစ်မည်။ အမျိုးသမီးတစ်ယောက် ဌာနမှူးဖြစ်လာခြင်းကို အချို့က သိပ်မကျေနပ်ချင်ကြ။

ဓာတ်လှေကားထဲ ရောက်တော့ ခလုတ်ကိုနှိပ်ရင်း သွားရမည့်ခရီး တစ်နာရီတော့ နောက်ကျပြီဟု တွေးမိလိုက်၏။

ဓာတ်လှေကားထဲမှထွက်ပြီး အော်ဒီကားကလေးရှိရာသို့ ခပ်သွက်သွက် လျှောက်သွားသည်။ လက်ပွေ့အိတ်ကို နောက်ခန်းထဲပစ်ထည့်ပြီး တံခါးသော့ ဖွင့်ဝင်သည်။ မောင်းထွက်ခဲ့ပြီး လမ်းပေါ်ရောက်တော့ ကားတန်းကြီးထဲတွင် မျောပါသွားတော့၏။

နေဝင်ဆည်းဆာချိန် လူသွားလမ်းပေါ်တွင် အိမ်ပြန်နေကြသည့် လူအုပ်ကြီးက မြေအောက်ရထားဘူတာအသီးသီးဆီသို့ ဦးတည်ကာသုတ်ခြေတင်နေကြ၏။ သတင်းနားထောင်ဖို့ ရေဒီယိုခလုတ်ကို ဖွင့်လိုက်၏။ ဘစ်ဘင်နာရီစင်ကြီးမှ နာရီထိုးသံကြီး ဟိန်းထွက်လာသည်။ ဥရောပနိုင်ငံများ၏ ရွေးကောက်ပွဲ သတင်းတွေလာနေ၏။ ဂျွန်မေဂျာက သူ့ အခြေအနေကို မှန်းဖို့ငြင်းဆိုသည်ဆို၏။ ပြီးတော့ ဘော့စနီးယားသတင်းတွေ ဆက်လာနေသည်။ နေ့စဉ် အပ်ကြောင်းထပ်နေသည့် သတင်းများ။

ကားမောင်းနေရင်း သည်ရက်သတ္တပတ်ကို မည်သို့ကုန်ဆုံးစေရမည်လည်းစဉ်းစားနေ၏။

အင်း…တစ်နှစ်တင်းတင်း ပြည့်ခဲ့ပါပြီလား။ ယောက်ျားလုပ်သူ ဂျွန်က နောက်တစ်ယောက် တွေ့နေပြီဖြစ်လို့ ကွာရှင်းပေးဖို့ ပြောလာသည်။ ခုနစ်နှစ်လုံးလုံး ပေါင်းလာပြီးမှ ရုတ်တရက် သူဖောက်လာခြင်း ဖြစ်သည်။ အံ့သြလွန်းသဖြင့် ဒေါသဖြစ်ဖို့တောင် မေ့နေ၏။ တစ်ခုတော့ရှိသည်ပေါ့လေ။ ကုမ္ပဏီတွင် ဒါရိုက်တာဖြစ်လာကတည်းက နှစ်ယောက်အတူနေချိန် ပါးလျားလာ၏။ သိပ်ထူးထူးခြားခြားမတုန်လှုပ်ခြင်းက ယနေ့ခေတ်တွင် အိမ်ထောင်သည် သုံးပုံတစ်ပုံမှာ ကွဲလျှင်ကွဲ၊ မကွဲလျှင် တခြားစီနေနေကြသောကြောင့်လည်း ဖြစ်နိုင်၏။ အိမ်ထောင်သက် ၄၂ နှစ်ရှိပြီဖြစ်သော အဖေနှင့်အမေကတော့ စိတ်အပျက်ကြီး ပျက်နေကြ၏။

ဂျွန်၏ဝင်ငွေက မိမိထက်နည်းနေသည့်ကိစ္စကလည်း ကွဲရခြင်းအကြောင်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်လိမ့်မည်ထင်၏။ ခွဲခွာခြင်းမှာ အေးအေးဆေးဆေးပင်။ ဂျွန်က ဒိုင်ယာနာတောင်းဆိုသမျှ အားလုံးလိုက်လျော၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှစ်ယောက် အုပ်ထိန်းခွင့်ရော၊ တိုက်ခန်းနှင့်ကားပါ ပေးခဲ့၏။ သားနှင့်သမီးကို ရက်သတ္တလေးပတ်တွင် တစ်ပတ် သူ ခေါ်တွေ့ခွင့်ရ၏။ သောကြာနေ့ညနေတွင် ကျောင်းမှာသွားကြိုပြီး တနင်္ဂနွေနေ့ညတွင် ပြန်ပို့၏။

ဒိုင်ယာနာက ကလေးတွေမရှိလျှင် တိုက်ခန်းတွင် မနေတတ်။ တစ်နေရာရာသို့ သွားနေတတ်၏။ ဒိုင်ယာနာသည် အရွယ်ရှိသေးသော်လည်း ချစ်သူရှာဖို့ စိတ်မကူး။ လုပ်ဖော်ကိုင်ဖက်များကလည်း နေ့လယ်စာအတူစားဖို့ အဆင့်ထက် ရှေ့မတိုးကြ။ သူတို့က ညပိုင်းတွင်သာတွဲချင်ကြပြီး နေ့ပိုင်းတာဝန်ကို ယူချင်ကြသူများ မဟုတ်ကြောင်း ဒိုင်ယာနာ သိထားသောကြောင့်ဖြစ်၏။

ပြီးတော့ ကုမ္ပဏီ၏အမျိုးသမီးဒါရိုက်တာ တစ်ယောက်အနေဖြင့်သည်ကိစ္စမျိုးတွေ ကင်းနိုင်မှ တန်ကာကျမည်ဟု ဒိုင်ယာနာ သဘောပေါက်ထားသည်။ ခြေလှမ်းတစ်ချက်မှားသည်နှင့် တန်ဖိုးလျော့သွားနိုင်သည် မဟုတ်လား။

မီးပွိုင့်က မီးနီသွားပြန်သည်။ မိနစ်နှစ်ဆယ်ရှိပြီ။ နှစ်မိုင်တောင် ခရီးမပေါက်သေး။ ကားရပ်ထားရင်း ကက်ဆက်ကိုလှမ်းဖွင့်လိုက်သည်။ ဒင်နီယယ်အကြောင်းစဉ်းစားမိတော့ ပြုံးလိုက်သည်။ မီးစိမ်းသွားသဖြင့် ဆက်မောင်းလာခဲ့သည်။

ဒိုင်ယာနာနှင့် ဒင်နီယယ်သည် တက္ကသိုလ်တွင်ဘာသာတွဲတူ သူငယ်ချင်းများဖြစ်၏။ တတွဲတွဲ နေခဲ့ကြသော်လည်း ချစ်သူများဖြစ်မလာခဲ့ကြ။ သူတို့ထက် တစ်တန်းငယ်သည့် ရေချယ်နှင့်တွေ့တော့ ဒင်နီယယ်တစ်ယောက် ဘယ်မိန်းကလေးကိုမှ ငဲ့မကြည့်တော့ပေ။ ဘွဲ့ရပြီးပြီးချင်း ရေချယ်ကို ဒင်နီယယ် လက်ထပ်လိုက်သည်။

မင်္ဂလာခရီးမှ ပြန်ရောက်ရောက်ချင်း အဖေ့စိုက်ပျိုးရေးမွေးမြူရေး လုပ်ငန်းကို ဒင်နီယယ်လက်လွှဲယူလိုက်သည်။

သူတို့လင်မယား ကလေးတွေဆက်တိုက်ရကြသည်။ အကြီးဆုံးမဆိုဖီက ဒိုင်ယာနာ့အချစ်တော်။ သူတို့အိမ်ထောင်သက် ၁၂ နှစ်ရှိပြီ။ အိမ်ထောင်ရေး ဖြောင့်ဖြူးနေသဖြင့် နှစ်ဖက်မိဘများ စိုးစဉ်းမျှ စိတ်အနှောင့်အယှက်မဖြစ်ကြရ။ လုပ်ငန်းခွင်တွင် အောင်မြင်နေသော ဒိုင်ယာနာကို သူတို့လင်မယားက အားကျခဲ့ကြသည်။ ဒိုင်ယာနာကလည်း သူတို့၏အေးမြငြိမ်းချမ်းသောဘဝကို မနာလိုဖြစ်နေ၏။

ရုံးပိတ်ရက်များတွင် သူတို့ယာတောအိမ်ကြီးတွင် လာပြီး အနားယူရ





လင်မယားနှစ်ယောက်က အမြဲတမ်း ခေါ်၏။ ကလေးတွေမရှိသည့် အပတ်တိုင်းတော့ မရောက်ဖြစ်။

ဒိုင်ယာနာသည် သူ့လုပ်ငန်းခွင် သူပျော်မွေ့နေသည့်မိန်းကလေး ဖြစ်သည်။ သည်တစ်ပတ်ကတော့ ဖိစီးမှုတွေများလှ၏။ ကန်ထရိုက်နှစ်ခု လက်လွှတ် ဆုံးရှုံးခဲ့ရ၏။ ဂျိမ်းစ်က ကျောင်းဘောလုံးအသင်းမှ အထုတ်ခံရသည်။ ကာရိုလိုင်းက အဖေနှင့်သွားနေရသည့်နေ့တွေမှာ စာမကျက်ရဘဲ အချိန်ပြည့် တီဗွီကြည့်ရကြောင်းကို တဖွဖွပြောနေ၏။

မီးပွိုင့်တစ်ခုသို့ အရောက်တွင် မီးနီသွားပြန်သည်။ မြို့ပြင်ရောက်ဖို့ ခုနစ်မိုင်ကို ဒိုင်ယာနာမောင်းလာတာ တစ်နာရီပြည့်ပြီ။ မြို့ပြင် အဝေးပြေးလမ်းမကြီးပေါ်ရောက်တော့ အမှတ်တစ်လမ်းမကြီး၏ လမ်းညွှန်ဆိုင်းဘုတ်တွေကို အမှတ်မထင် လှမ်းကြည့်မိလိုက်၏။ သို့သော် ကြည့်စရာမလို။ သည်လမ်းတစ်လျှောက် ဘယ်နေရာက ဘာရှိသည်ကို သူ့အလွတ်ရနေပြီ။ ဒင်နီယယ်တို့ ယာတောအိမ်အရောက် မျက်စိမှိတ်မောင်းလို့ရသည်။

အရှိန်မြှင့်မောင်းဖို့ ပြင်လိုက်သည်။ ဘယ်လိုမှ မဖြစ်နိုင်။ အတွင်းလမ်း၊ အလယ်လမ်း၊ အပြင်လမ်းအားလုံးကားတွေ ပြည့်ကျပ်နေ၏။

"ဟာ.. သေတော့မှာပဲ"

ခုမှ သတိရသည်။ သူတို့ အိမ်အတွက် ဘာမှ ဝယ်မလာခဲ့ပါလား။ ဒင်နီယယ်နှင့် ရေချယ်တို့ဆီက မိမိအနေဖြင့် အယူသာရှိပြီး အပေးမရှိသလောက်ဖြစ်နေ၏။ ပြန်လှည့်ပြီး ချောကလက်တစ်ဘူးလောက် ဝယ်ရကောင်းမလား။ သူတို့က ချောကလက်မကြိုက်။ အရင့်အရင်ဘူးတွေသည်အတိုင်း ရှိနေသေးသည်ကို ပြီးခဲ့သည့်တစ်ခေါက်က သတိထားမိ၏။ လမ်းတွင် ဓာတ်ဆီဆိုင်တစ်ဆိုင်ကလွဲပြီး ဘာမျှမရှိ၊ မိုင်ငါးဆယ်နှုန်းလောက် မောင်းလို့ရတော့မှ စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားသည်။ ရေဒီယိုမှ ထွက်နေသော ဂီတသံကိုခုမှ အာရုံစိုက်နိုင်တော့၏။

"ဟိုက်"

ချက်ချင်းဘရိတ်ကို ဆောင့်နင်းလိုက်သည်။ သို့သော် နောက်ကျသွားပြီ။ လမ်းကို ဖြတ်ပြေးသွားသော မည်းမည်းအရာကလေးတစ်ခုကို ဒုတ်ခနဲ ဝင်တိုက်မိသည်။ ထိုအရာကလေး အဝေးကြီးသို့ လွင့်စဉ်သွားသည်။

လမ်းတစ်ဖက်ကို တုန့်ခနဲထိုးရပ်လိုက်၏။ သတ္တဝါကလေး အသက်ရှင်ကောင်း ရှင်နိုင်သေးသည်။ ကားတွေ ဝေါခနဲ ဝေါခနဲဖြတ်တက်သွားကြ၏။ လမ်းနံဘေးမြောင်းပြီးတိုက်မိသည့် နေရာသို့ ခပ်သွက်သွက်လျှောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်က ဆင်းလိုက်သည်နှင့် လှမ်းမြင်ရသည်။ လမ်းနံဘေး မြက်ခင်းပေါ်တွင် ခွေခွေကလေးသေနေသည့် ကြောင်နက်ကလေး။ ဒိုင်ယာနာ အရမ်းစိတ်မကောင်းဖြစ်သွားသည်။ သူကိုယ်တိုင် ကြောင်ချစ်တတ်သူ။ ကြောင်ကလေးနှစ်ကောင် မွေးထား၏။ သည်အဖြစ်ကို သားနှင့်သမီးအား မည်သို့မျှ ပြန်ပြောရဲမည်မဟုတ်ပေ။ ကြောင်ကလေးကို ကောက်ယူကာ လမ်းနံဘေးမြောင်းထဲသို့ ယူသွားပြီး ချလိုက်သည်။

"စိတ်မကောင်းလိုက်တာကွယ်" ဟုပြောပြီး ကားဆီပြန်လျှောက်လာခဲ့၏။ ကားမောင်းထွက်လာတော့ ဂီတသံကို အာရုံခံ၍ မရတော့။ ကြောင်ကလေးကို မျက်စိထဲက မထွက်နိုင်အောင် ဖြစ်နေ၏။ အမြန်လမ်းထဲသို့ ရုတ်တရက် ဝင်မရသဖြင့် အနေးယာဉ်လမ်းကြောအတိုင်း မောင်းနေရ၏။

ဝင်ပေါက်ရလျှင်ရချင်း ဖျတ်ခနဲကူးပြီး မိုင်ငါးဆယ်နှုန်းပြန်တင်ပြီး စမောင်းသည်။ နောက်ကားက မီးကြီးနှစ်လုံးထိုးပြီး ကပ်လိုက်လာ၏။ ဒိုင်ယာနာက လက်တစ်ဖက်ထုတ်ပြီး ကျော်တက်ဖို့လက်ပြလိုက်၏။ သို့သော် သူက ကျော်မတက်ဘဲ မီးထိုးလျက်သာနောက်က ကပ်လိုက်နေ၏။

အရှိန်ကို လျှော့ချလိုက်သော်လည်း သူက မတက်။ မိမိကား အချက်ပြ မီးတွေ တစ်ခုခုဖြစ်နေပြီလား။ အိတ်ဇောက မီးခိုးတွေများ ထွက်နေသလား။

အရှိန်ပြန်တင်လိုက်၏။ နောက်ကားက ကပ်လိုက်ပြန်နေပြီ။ နောက်ကြည့်မှန်ထဲမှ နောက်ကားကို တချက်လှမ်းကြည့်လိုက်၏။ ဖျတ်ခနဲ ဖျတ်ခနဲ အလင်းရောင်တွင် သူ့ကို မြင်ဖို့မလွယ်။

တဖြည်းဖြည်းရှေ့မှ ထိုးလာနေသောအလင်းတန်းများကို မျက်စိ ကျင့်သားရလာတော့ နောက်ကကပ်လိုက်လာသောကားမှာ အနက်ရောင်ဗင်ကား ဖြစ်ကြောင်း တွေ့ရ၏။ ကားမောင်းသူက လူငယ်တစ်ယောက်နှင့်တူသည်။ မိမိကို လက်လှမ်းပြနေသည် ထင်ရ၏။

ရှေ့နားကွေ့တစ်ကွေ့ရှိသည်။ သူကျော်တက်ဖို့ အခွင့်အရေးပေးလိုက်သည့်အနေဖြင့် ဒိုင်ယာနာက အရှိန်လျှော့ပေးလိုက်ပြန်၏။ သို့သော် သူက ကျော်မတက်။ မီးထိုးလျက် ဆက်ကပ်လိုက်နေဆဲ။ ရှေ့မီးကြီးကို ဆက်ထိုးထားဆဲ။

ညာဘက်က ကားတန်းထဲကို ဝင်ပေါက်ချောင်းနေလိုက်၏။ တစ်စီးစာဝင်ပေါက်ရသည်နှင့် လီဗာကိုစောင့်နင်းပြီး အမြန်လမ်းပေါ်သို့ ကူးလိုက်သည်။ ခုမှ စိတ်အေးသွား၏။ စိတ်ထဲပေါ့ပါးသွားသည်နှင့် ဆိုဖီအကြောင်း





ခေါင်းထဲဝင်လာသည်။ မိမိကို အမြဲမျှော်နေတတ်၏။ ဆိုဖီကို ဝတ္ထုတွေဖတ်ပြရဦးမည်။ ထိုစဉ် ဘုရား ... ဘုရား သူကပါ လမ်းကူးလိုက်လာနေပြီကော။ မီးမောင်းကြီးထိုးလျက်ပင်။ ပို၍ပင် နီးနီးကပ်ကပ်၊ ကားချင်းထိလုမတတ်လိုက်နေခြင်း ဖြစ်၏။

တစ်ခုခု လုပ်မှဖြစ်တော့မည်။ တူရူမှလာနေသည့် ကားတွေကို လက်တစ်ဖက်ထုတ်ပြီး နောက်ကားဆီသို့ လက်ညှိုးထိုးပြ၏။ သို့သော် သူ့ဒုက္ခတွေကို ဘယ်သူမှ ဂရုမပြုမိကြ။

ဘာဆက်လုပ်ရမလဲ။ ဒိုင်ယာနာ စဉ်းစားသည်။ ကုမ္ပဏီက ကားဖုန်းတပ်ပေးမည်ပြောလျက်သားနှင့် မိမိနှောင့်နှေးနေခြင်းအတွက် အခုမှ နောင်တရနေ၏။

နဖူးပြင်ပေါ်မှ ချွေးစေးတွေကိုလက်နှင့် သုတ်လိုက်၏။ စဉ်းစားနေရင်း နောက်တစ်လမ်းသို့ ကူးလိုက်ပြန်သည်။ အနက်ရောင်ဗင်ကားကလည်း ချက်ချင်း ကူးလိုက်လာ၏။ သည်တစ်ခါ ကားချင်းထိလုမတတ် ကပ်လာ၏။ ဘရိတ်ကို နင်းမိလျှင် သူဝင်ဆောင့်တော့မည်။ ပြီးလျှင် တစ်တန်းကြီးတောက်လျှောက် တစ်စီးနှင့်တစ်စီး ဝင်အောင်းကြတော့မည်။

ဒိုင်ယာနာ အရှိန်မြှင့်သည်။ မိုင် ၉၀ အထိတင်သည်။ နောက်ကကားကလည်း အလားတူတင်ပြီး ကပ်လိုက်လျက်ပင်။ လီဗာကို ဒိုင်ယာနာ နောက်ထပ် ဖိနင်းသည်။ မိုင် ၁၀၀။ နောက်ကားသည် ကားတစ်ပြန်အကွာမှ လိုက်နေဆဲ။ ရှေ့က ကားတွေလမ်းပေးဖို့ မီးကြီးကို ဖွင့်ချည်ပိတ်ချည် လုပ်ပြသည်။ ဟွန်းကို ဆက်တိုက်တီးသည်။ မိုင် ပိုမောင်းနေခြင်းအတွက် ရဲမြင်ပါစေဟုလည်း ဆုတောင်းမိ၏။ ဒဏ်ဆောင်ရသည်က အကြောင်းမဟုတ်။ ဘယ်တုန်းကမှ မမောင်းဖူးသည့်အရှိန်ဖြင့် ဒိုင်ယာနာ မောင်းနေပြီ။ ဒိုင်ခွက်အိမ်မြှောင်က မိုင် ၁၁၀ ကိုရောက်နေပြီ။

သို့သော် အနက်ရောင်ဗင်ကလည်း အလားတူ အရှိန်မြှင့်ပြီး ဆက်လိုက်၏။

ဘာမှ အချက်မပြဘဲအလယ်လမ်းကြောင်းသို့ ရုတ်ခြည်းကူးလိုက်သည်။ ခြေထောက်ကို လီဗာပေါ်မှ ဖယ်လိုက်၏။ သည်တော့မှ နံဘေးချင်းယှဉ်လျက်ဖြစ်သွားသော ကားထဲမှ ကားမောင်းသူကို သေသေချာချာ မြင်ရတော့သည်။ သားရေဂျာကင်နှင့် လူရွယ်တစ်ယောက်။ မိမိကိုလက်ညှိုးထိုးပြီး ဘာတွေ လှမ်းပြောနေမှန်း မသိ။

ဒိုင်ယာနာက လက်[illegible]ပ်ပြပြီး လီဗာကို ဖိနင်းလိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားမောင်းပြိုင်ပွဲဝင်နေသူတစ်ယောက်ပမာ အရှိန်လျှော့ကာ အလယ် လမ်းကြောင်းကို အလွယ်တကူဝင်ကာနောက်က ကပ်လိုက်လာပြန်သည်။

အဖြစ်အပျက်တစ်ခုကို သတိရပြီး ခုမှ ဒိုင်ယာနာ ဘုရားတမိတော့ သည်။ မကြာသေးခင် သည်လမ်းပေါ်တွင် လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ အမျိုးသမီးတစ်ယောက်ကို မတရားကျင့်ပြီး လည်ပင်းကိုလှီးကာ အလောင်း ကို မြောင်းထဲ ပစ်ချထားသည့် လူသတ်မှု။

ယနေ့တိုင် ရဲက တရားခံကိုလိုက်နေဆဲ။ ထူးခြားသည့် သတင်းရ လျှင် ရဲကိုအကြောင်းကြားဖို့ လမ်းဘေးတစ်လျှောက်တွင် စာရွက်တွေကပ်ထား သည်။ ယခုတော့ စုတ်ပြဲကုန်ပြီ။ အမျိုးသမီးကားမောင်းသူများ လမ်းတွင် မရပ်နားဖို့လည်း သတိပေးဆိုင်းဘုတ်တွေ ထောင်ထား၏။

ဒိုင်ယာနာ ချွေးတွေပြန်လာသည်။ တအားမောင်းချလာသဖြင့် ထင် တာထက်စောပြီး ခရီးပေါက်ခဲ့သည်။ သို့သော် ယာတောလမ်းခွဲကို ရောက် ဖို့ ၃ မိုင်လောက် လိုသေးသည်။ လမ်းခွဲရောက်လျှင် ဘာမှအချက်မပြဘဲ ဝုန်းခနဲ ကွေ့ချလိုက်မည်။ ဒါဆို သူ့ရန်ကလွတ်ပြီ။ သူဘယ်လိုမှ လိုက်ကွေ့နိုင် မည် မဟုတ်။

ဘယ်ဘက်လမ်းကြောင်းကို ပြန်ယူပြီး မိုင် ၁၀၀ နှုန်းအထိ တင် လိုက်ပြန်သည်။ တစ်ကိုယ်လုံးချွေးတွေ စက်စက်နစ်နေပြီ။ လီဗာကို ဆက်နင်း သည်။ မိုင် ၁၁၀။ နောက်ကြည့်မှန်ထဲကို တစ်ချက် ကြည့်လိုက်၏။ သူက ကပ်လိုက်နေမြဲ။ လမ်းဘေးဆိုင်းဘုတ်တွေကို သေသေချာချာ ကြည့်သွား သည်။ သွားရမည့် နေရာရောက်ဖို့ ၁ မိုင်သာလိုတော့၏။ နောက်ကြည့်မှန် ကို မကြည့်တော့။ သူ မလွတ်တမ်း လိုက်နေမှန်းသေချာနေပြီ။

ထောင့်ဖြတ်အဖြူလိုင်း ၃ လိုင်းဆိုင်းဘုတ်ကို မြင်လိုက်သည်။ ကွေ့ မည်ဆိုလျှင် အတွင်းဆုံးလမ်းကြောင်းကို ယူဖို့သတိပေးဆိုင်းဘုတ်ဖြစ်၏။ ဒိုင်ယာနာက ဒုတိယလမ်းကြောင်းအတိုင်း ဆက်မောင်းနေ၏။ အတွင်းဆုံး လမ်းကြောင်းကို ယူလိုက်လျှင် ကွေ့မည့်အကြောင်း သူရိပ်မိသွားနိုင်သည်။ မိုင် ၁၁၀ နှုန်းမောင်းနေရာမှ လမ်းချိုးကိုသတိကြီးစွာ လှမ်းကြည့်၏။ ကံအားလျော်စွာ အတွင်းလမ်းတွင် ကားတစ်စီးဝင်ရုံသာ ဝင်ပေါက်ရှိနေသည်။ မိုင် ၉၀ နှုန်း လောက်ဖြင့် တအားချိုးကွေ့ချလိုက်သည်။ ကားဟွန်းသံတွေ၊ ဒေါသတကြီး အော်ဟစ်ကြိမ်းမောင်းသံတွေ ဆူညံသွားသည်။ သို့သော် ဒိုင်ယာ နာ ဘာမှမမှုတော့။ မြေနီလမ်းပေါ်ရောက်တော့မှ ဒိုင်ယာနာ ဟင်းချနိုင်ပါ တော့၏။ အနက်ရောင်ဗင်ကားသည် ကားတန်းကြီးနှင့်အတူ သူ့အရှိန်နှင့်





သူ ဆက်လိမ့်သွားပြီ။ ခုမှ ဒိုင်ယာနာ အော်ရယ်နိုင်တော့သည်။ သို့သော် ရယ်သံနှင့်တစ်ဆက်တည်း အော်သံထွက်လာ၏။ တစ်ဒင်္ဂအတွင်း အနက် ရောင် ဗင်ကား မြေနီလမ်းပေါ် ရောက်လာသည်။ ဆက်လိုက်လာနေပြီ။ မီး မောင်းကြီး တအားထိုးလျက်။

ဒိုင်ယာနာက မြေနီလမ်းကုန်းမြင့်ကို မောင်းတက်ပြီး ယာတောအိမ် ရှိရာ လက်ယာဘက်သို့ ချိုးကွေ့ချလိုက်သည်။ စိတ်ထဲတွင် ဘာဆက်လုပ်ရ မည်လဲဟု အပြေးအလွှားတွက်နေ၏။ အနီးဆုံးမြို့ကို မောင်းပြေးရလျှင် ၁၂ မိုင်ဝေးသည်။ ယာတောက ၇ မိုင်သာဝေး၏။ ယာတောအိမ်သွားလျှင် ၅ မိုင်လောက်က အကွေ့အကောက်တွေ များသည်။ ပြီးတော့ လမ်းမီးမရှိ။

ဆီဒိုင်ခွက်ကို ကြည့်လိုက်၏။ လက်ကျန်နည်းနေပြီ။ သို့သော် ယာ တောကို မောင်းမောင်း၊ မြို့ကိုမောင်းမောင်း ရောက်နိုင်လောက်သည်။

လမ်းခွဲကိုရောက်ဖို့ တစ်မိုင်ပဲလိုတော့သည်။ ဆုံးဖြတ်ဖို့ တစ်မိနစ်ပဲ အချိန်ရတော့မည်။ လမ်းခွဲရောက်ဖို့ ကိုက်တစ်ရာအလိုတွင် ယာတောကို သွား ဖို့ ဆုံးဖြတ်လိုက်၏။ လမ်းမီးမရှိပေမယ့် အချိုးအကွေ့တိုင်း အလွတ်ရပြီးသား လမ်းမဟုတ်လား။ သူ ဘယ်လိုမှ အရှိန်ပြင်းပြင်းမောင်းနိုင်မည်မဟုတ်။ ယာ တောအိမ်ကို မိမိအရင်ရောက်လျှင် သူပြန်လှည့်ပြေးမည် မုချ။

ဒိုင်ယာနာ ချိုးကွေ့ချလိုက်သည်။ လမ်းပေါ်တွင် လရောင်ရေးရေး သာ ထိုးဆင်းနေ၏။ နောက်မှန်ထဲကို ကြည့်လိုက်သည်။ သူလက်လျှော့ပြီး မြို့လမ်းအတိုင်း ဆက်မောင်းသွားမည်လား။ မဟုတ်ပါချေ။ ကိုယ်တော်ချော ( ) ဆက်လိုက်လာ၏။

စတီယာရင်ကို လက်သီးနှင့်ထုလိုက်၏။ ဆုံးဖြတ်ချက် မှားလေပြီ လား။ ဟင် .. ရှေ့တွင် လင်ဒရိုဗာတစ်စီး၏နောက်ပိုင်း ဘွားခနဲပေါ်လာ သည်။ အရှိန်လျှော့ချလိုက်ရ၏။ ရှေ့နားကလေးတွင် လမ်းကွေ့ရှိသည်။ တော်တော်ကလေးကျယ်သည်။

အသက်အောင့်ပြီး ဂီယာကို နံပါတ် ၃ ပြောင်းကာ ကတ်သီးကတ် သတ် တအားကျော်တက်လိုက်၏။ ကားမှောက်လို့ သေသွားခြင်းက သူ အနိုင်ကျင့်ပြီးမှ လည်လှီးသတ်ခံရခြင်းထက် ပိုကောင်းမည်မဟုတ်လား။

လမ်းပေါ်ကို အောင်မြင်စွာပြန်ရောက်၏။ ရှေ့တွင် လမ်းရှင်းနေ သည်။ ဘာကားမှ မရှိတော့။ လီဗာကို ဖိနင်းလိုက်ပြန်၏။ သူကလည်း လင်ဒရိုဗာကို ကျော်တက်ပြီး ဆက်လိုက်လာ၏။ သို့သော် ကိုက် ၁၀၀ ကျော် ပြတ်ကျန်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်သူက အမှီလိုက်ဖို့ ကြိုးစားပြန်သည်။ မီးကို ရှူးရှူးဝါးဝါး ထိုးလျက်။ အချိုးတွေ၊ အကွေ့တွေမှာ ဒိုင်ယာနာက အသာစီးရနေ၏။ သူ့ကို ကျော်တက်ပြီး ဗင်ကို ရှေ့ပိတ်ရပ်လိုက်လျှင် ...

ဒိုင်ယာနာက သူ့ကားကလေးကို လမ်းအလယ် တည့်တည့်ယူပြီး ဂရုတစိုက် ဆက်မောင်းနေသည်။ ထိုစဉ် ရှေ့မှကားတစ်စီး ဘွားခနဲ ပေါ်လာသည်။ မီးကြီးကို မပိတ်ဘဲဟွန်းတီးကာ ဒိုင်ယာနာ ကပ်ရှောင်လိုက်သည်။

မီတာခွက်ကို ကြည့်လိုက်သည်။ နှစ်မိုင်ပဲကျန်တော့၏။ သူက ကြိုးကြိုးစားစား ဆက်လိုက်နေဆဲ။ ဒိုင်ယာနာကလည်း သူကျော်မတက်နိုင်အောင် ဂရုတစိုက်မောင်း၏။ ဟိုရောက်လျှင် ဘာဆက်လုပ်ရပါမည်လဲဟု စဉ်းစားသည်။ ခြံဂိတ်ဝနှင့် အိမ်က တစ်မိုင်ဝေးသေး၏။ လမ်းက ကားတစ်စီး သွားသာရုံသာ ကျယ်၏။ အိမ်အဝင်လမ်းက လုံးဝမကောင်း။ တစ်လမ်းလုံး ချိုင့်တွေ၊ ခွက်တွေနှင့်။ ဒင်နီယယ်က ပြင်ချိန်မရသေးလို့ဟုပြောသည်။ ဒိုင်ယာနာလာမည့်ရက်တွင် ဂိတ်တံခါးကို အများအားဖြင့် ဖွင့်ထားသည်။ တစ်ခါတလေ ဒင်နီယယ်မေ့ပြီး ပိတ်ထားလျှင် ကိုယ့်ဘာသာကိုယ်ဆင်းဖွင့်ရ၏။ သည်ညတော့ ဘယ်လိုမှဆင်းဖွင့်ချိန် ရမည်မဟုတ်။ ပိတ်ထားလျှင် ကွေ့ပတ်ပြီး မြို့ကို ပြန်မောင်းရမည်။ ဂိတ်တဲကို တန်းမောင်းမည်။

ဆီဂိတ်ကို ငုံ့ကြည့်လိုက်ပြန်၏။ အနီမှတ်ကို ရောက်လုနေပြီ။ သေလိုက်ပါတော့။ ဘယ်လိုမှ မြို့ကိုရောက်အောင်မောင်းနိုင်မည် မဟုတ်။

တံခါးဖွင့်ထားပါစေဟုသာ ဆုတောင်းရတော့၏။ ကွေ့တစ်ကွေ့အရောက်တွင် အရှိန်နှင့်ကွေ့ချလိုက်ပြန်သည်။ သူက ကိုက် ၁၀၀ ခန့်ပြတ်ကျန်ခဲ့ပြန်၏။ သို့သော် စက္ကန့်ပိုင်းအတွင်းမီလာဦးမည်။

မီတာခွက်ကို ငုံ့ကြည့်လိုက်၏။ တစ်မိုင်ကျန်သေးသည်။ တံခါးဖွင့်လျက်သား ရှိပါစေဟုအထပ်ထပ် ဆုတောင်းနေမိသည်။ အိမ်ကြီးဆီမှ မီးလင်းနေသည်ကို လှမ်းမြင်ရတော့ ဒိုင်ယာနာ အားတက်သွားသည်။

နောက်ဆုံးကွေ့ကို ချိုးချလိုက်သည်။ ဂိတ်ဝကို လှမ်းမြင်ရသည်။ ဒိုင်ယာနာ ဆုတောင်းပြည့်ပါ၏။ တံခါးက ဖွင့်လျက်သား။

သူ့တစ်ကိုယ်လုံး ချွေးတွေ စက်စက်နစ်နေပြီ။ အရှိန်ကို လျှော့ချလိုက်ပြီး နံပါတ် ၂ ဂီယာဖြင့် တံခါးပေါက်ထဲသို့ ဝင်ချသွားသည်။ ချိုင့်ကိုနင်းမိပြီး လက်ယာဘက်တိုင်နှင့် ကားပွတ်မိသွား၏။ ပြီးတော့ အိမ်ကြီးဆီသို့ ဆက်မောင်းသွားသည်။ အလို သူကလည်း အိမ်ထဲအထိ မောင်းဝင်လိုက်





နေပါရောလား။ ဒိုင်ယာနာက ဟွန်းကိုဆက်တိုက်တီးပြီး လမ်းကြမ်းပေါ်တွင် ဝုန်းဒိုင်းကျဲ မောင်းချသွားသည်။

လမ်းနံဘေးသစ်ကိုင်းများပေါ်တွင် အိပ်တန်းတက်နေသည့် ကြက်တွေ လန့်ပြီး ပျံကုန်ကြသည်။ ဝရန်တာအောက်ရောက်ဖို့ ကိုက် ၂၀၀ လောက်ကတည်းက ဒိုင်ယာနာ အော်ခေါ်သည်။

"ဒင်နီယယ်၊ ဒင်နီယယ်"

ရှေ့မီးကြီးထိုးကာ ဟွန်းကိုအဆက်မပြတ်တီးလျက် ဆင်ဝင်အောက်သို့ တန်းမောင်းသွားသည်။ နောက်မှ ကားကလည်း ထက်ကြပ်မကွာ လိုက်လာသည်။

ဒင်နီယယ် စိုးရိမ်ထိတ်လန့်သည့် မျက်နှာဖြင့်။ နောက်ကလိုက်သည့် အနက်ရောင်ဗင်ကားသည် တုန့်ခနဲရပ်လိုက်သော ဒိုင်ယာနာ၏ ကားနောက်ပိုင်းကို ဝုန်းခနဲ ဝင်ဆောင့်တော့၏။ အရှိန်က ပြင်းလွန်း၍ နေရာတွင်မရပ်ဘဲ အိမ်၏ မီးဖိုဆောင်ဘက်ကို လည်ထွက်သွားပြီး နံရံကိုဝင်တိုက်၏။ မီးဖို မှန်ပြတင်း ကွဲသွားသည်။

ဒိုင်ယာနာက ကားထဲမှ ခုန်ဆင်းပြီး ...

"ဒင်နီယယ် သေနတ်၊ သေနတ် မြန်မြန်ယူ။ အဲဒီလူ ဒိုင်ယာနာ့နောက်ကို တောက်လျှောက်လိုက်လာတာ"

ဒင်နီယယ် အိမ်ထဲပြေးဝင်သွားသည်။ စက္ကန့်ပိုင်းအတွင်း ယုန်ပစ်ဖို့ဆောင်ထားသည့် နှစ်လုံးပြူးသေနတ်ကြီးနှင့် ပြန်ပြေးထွက်လာသည်။

"မလှုပ်နဲ့၊ လှုပ်တာနဲ့ ငါ မောင်းဖြုတ်လိုက်မယ်" ဟု တည်ငြိမ်သည့် အသံဖြင့် လှမ်းပြောလိုက်သည်။ ပြောပြီးမှ သေနတ်မောင်း မတင်ရသေးကြောင်း သတိရ၏။

"ကျွန်တော် မဟုတ်ဘူး။ ကျွန်တော် မဟုတ်ဘူး" ကားထဲမှ လူရွယ်က အလန့်တကြား အော်သည်။

ရေချယ် ပြေးထွက်လာပြီး ...

"ဟင် .. ဘာတွေဖြစ်နေကြတာလဲ" ဟု တအံ့တသြမေးသည်။

ဒင်နီယယ်က မိန်းမကို လှမ်းအော်ပြောသည်။

"ရဲကို မြန်မြန်ဖုန်းဆက်စမ်း ရေချယ်"

ရေချယ် အိမ်ထဲပြန်ပြေးဝင်သွားသည်။

ဒင်နီယယ်က ရှေ့တိုးသွားပြီး ကားထဲမှလူရွယ်၏ ရင်ဘတ် တည့်တည့်ကို ထိုးချိန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ထပ်အော်ပြောသည်။

"ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော် မဟုတ်ဘူး။ ကားထဲမှာ ကားထဲမှာ"

သူက ဒိုင်ယာနာ၏ အော်ဒီကားကလေး၏ နောက်ခန်းထဲကို လက်ညှိုးထိုးပြသည်။

"သူ အဲဒီအထဲမှာ"

သူက ဒိုင်ယာနာကို အပြေးအလွှား လှမ်းကြည့်ပြီး ..

"ခင်ဗျား လမ်းဘေးမှာ ကားရပ်ပြီးထွက်သွားတော့ သူ ကားပေါ် တက်သွားတာ ကျွန်တော် မြင်လိုက်တယ်။ ကျွန်တော် ဒါထက်ပိုပြီး ဘယ်လို အကူအညီပေးရမှန်း မသိလို့ပါဗျာ"

ဒင်နီယယ်က လူရွယ်ကို ကားပေါ်ကဆင်းခိုင်းပြီး သေနတ်နှင့် ချိန်လျက် ဒိုင်ယာနာ၏ ကားနောက်ခန်းကို ဖွင့်ခိုင်းသည်။ လူရွယ်က သတိကြီးစွာနှင့် တံခါးဖွင့်ပြီး နောက်သို့ ပြန်ဆုတ်လိုက်သည်။

လေးယောက်သား ကားကြမ်းပြင်ပေါ်တွင် မှောက်လျက်လိုက်ပါလာသူကို တွေ့ကြရသည်။ ညာဘက်လက်ထဲတွင် ရောမ ဓားမြှောင်ကြီးကိုင်လျက်။ ဒင်နီယယ်က ဘာမှမပြောဘဲ သေနတ်ကို သူ့ဆီပြောင်းချိန်လိုက်သည်။

ရဲကားများ၏ ဥဩသံတွေကို ကြားနေရပြီ။

*Never stop on the Motorway by Rose Wyne*

၂၀၀၃ ခုနှစ်၊ မတ်လ၊ မဟေသီမဂ္ဂဇင်း

## နှင်းဆီတစ်ပွင့်၏ဒဏ္ဍာရီ

အချိန်မှာ စပိန်လူမျိုးတို့က 'ဂရင်နာဒါ' မြို့တော်ကို မော်ရိုကိုတို့ လက်မှ ပြန်လည်သိမ်းပိုက်ပြီးစကာလ ဖြစ်သည်။ ပျော်စရာအဖုံဖုံဖြင့် ကုံလုံလှသည့် တောင်ပိုင်းကမ်းခြေမြို့ကြီးဆီသို့ စပိန်ဘုရင်မင်းမြတ်သည် အပျော်ခရီးဖြင့် ခြေစကြာဖြန့်တော်မူလေ့ရှိ၏။

နှစ်ပေါင်းများစွာကြာသည့်အခါ ထိုအရပ်တွင် မြေလျှင်ကြီးစွာ တုန်လှုပ်ခဲ့သဖြင့် နန်းတော်ကြီးနှင့် ရောမရဲတိုက်ကြီးများပင် အုတ်မြစ်မှစ၍ သိမ့်သိမ့်ခါသွားခဲ့၏။ ထိုအချိန်မှစ၍ ဘုရင်များလည်း ထိုအရပ်သို့ တိုင်းခန်းလှည့်လည်ခြင်း မပြုကြတော့ပေ။

ထိုအခါ ဂရင်နာဒါမှ ရှေးဟောင်းရဲတိုက်ကြီးများနှင့် နန်းတော်တစ်ပိုက်တွင် ကျီးနှင့်ဖုတ်ဖုတ် သုသာန်တစပြင်ပမာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိတော့သည်။

အလမ္ဗရာရဲတိုက်ကြီးမှာ အမြင့်မားဆုံးမျှော်စင်ကြီးနှင့် ဂရင်နာဒါတွင် အခမ်းနားဆုံး ရဲတိုက်ကြီးတစ်ခုဖြစ်သည်။ ဂရုစိုက်မည့်သူ မရှိတော့သဖြင့် ပန်းဥယျာဉ်ကြီးထဲတွင် မြက်ရိုင်းများမင်းမူလျက် ရဲတိုက်ကြီးမှာ ဝမ်းနည်းကြေကွဲနေဟန် အထီးကျန်စွာ ရပ်တည်လျက်ရှိလေသည်။ အလမ္ဗရာရဲတိုက်ကြီးသို့ လာရောက် ...ည်ပတ်သူများလည်း မရှိကြတော့ပေ။ သည်

www.burmeseclassic.com



ရဲတိုက်ကြီးမှာ တစ်ရံရောအခါက မော်ရိုကို မင်းသမီး ၃ ပါးစံမြန်းရာ ရဲတိုက်ကြီး ဖြစ်လေသည်။

ဘုရင့်သမီးတော် ၃ ပါးတို့နေထိုင်ရာ အဆောင်ဆောင်အခန်းခန်း တို့မှာလည်း လင်းနို့များ၊ ပိုးမွှားတိရစ္ဆာန်များ၏ ပျော်စံရာဖြစ်နေတော့၏။ မင်းသမီး ၃ ပါး တို့၏အမည်များမှာ အကြီးဆုံးက ဇေဒါ၊ အလတ်က နိုရေဒါ၊ အငယ်ဆုံးကလေးက ဇိုရာဟေဒါတို့ဖြစ်ကြသည်။

အငယ်ဆုံးနှင့် အလှဆုံးမင်းသမီးကလေး ဇိုရာဟေဒါသည် သည်ရဲ တိုက်ကြီးတွင် ကွယ်လွန်ခဲ့လေသည်။ လသာသောညများတွင် ခန်းမကြီးထဲမှ ရေပန်းနံဘေးတွင်ထိုင်ကာ ငိုကြွေးနေသောမင်းသမီးကလေးကို မြင်ကြရသည် ဆို၏။ မင်းသမီးကလေး တီးခတ်လေ့ရှိသော ငွေဖျတ်စောင်းသံကိုလည်း ညဥ့်သန်းခေါင်အချိန်တွင် လမ်းသွားလမ်းလာများကြားရတတ်သည်ဟု ပြော ကြ၏။

နှစ်ပေါင်းများစွာ ကြာမြင့်လာသည့် အခါတွင် ပဥ္စမမြောက် ဖီးလစ် ဘုရင်သည် နန်းတော်ကြီးကို ပြန်လည်ပြုပြင်ကာ ရှေးဘုရင်များကဲ့သို့ပင် တိုင်း ခန်း လှည့်လည်ခြင်း ပြုလေသည်။

အားလုံးသိရှိတော်မူကြသည့်အတိုင်း ပဥ္စမမြောက်ဖီးလစ်ဘုရင်သည် အလွန့်အလွန် ချောမောလှပသော အီတလီမင်းသမီး အယ်လိဇဘက်တာနှင့် လက်ဆက်ခဲ့သည်ဖြစ်ရာ နာမည်ကျော် သည့်မင်းနှင့်မိဖုရားကြွမြန်း ရောက် လာမည်ဆိုသောအခါ နန်းတော်ကို အရေးတကြီးပြုပြင် မွမ်းမံကြရ၏။

ဘုရင်နှင့်မိဖုရားရောက်လာချိန်တွင် နန်းတော်မြင်ကွင်းမှာ အပြောင်း လဲကြီးပြောင်းလဲခဲ့လေပြီ။ ဘုရင်နှင့်မိဖုရားသည် မင်းချင်း၊ အခြွေအရံများ နှင့် တခမ်းတနား ကြွမြန်းလာခြင်းဖြစ်လေသည်။ ရွှေနန်းတော်မှ မှူးကြီးမတ် ရာ၊ သေနာပတိများလည်းပါ၏။

နန်းတော်တစ်ဝိုက်တွင် သာယာနာပျော်ဖွယ် တေးဂီတသံတို့ ပျံ့လွှင့် နေသည်။ နန်းပရိဝုဏ်အတွင်းမှ ရှေးဟောင်းနံရံကြီးများ ဝန်းရံထားသည့် ကွက် လပ်ထဲတွင်တော့ တောက်ပြောက်ပပ၊ အရောင်များနှင့် အလံတွေတလွှလွှ လွင့်လျက်။ စစ်မြင်းများကိုစီးကာ ဟန်ရေးပြနေသည့် စစ်သည်တော်များက လည်း တပျော်တပါး။

သို့သော် နန်းတွင်းဆောင်များမှာတော့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။ ပိုးဝတ်ရုံများပွတ်တိုက်ရွေ့လျားသံ၊ ဖျော့နင်းခြေသံ၊ တီးတိုးလေသံ များမှလွဲ၍ ဘာသံမျှမကြားရပေ။





ဘုရင်နှင့် မိဖုရားထံတွင် ပြားပြားဝပ်ခစားနေကြခြင်းဖြစ်လေသည်။ နန်းတွင်းပန်းဥယျာဥ်ထဲတွင်မူ ညင်းပြေပြေဂီတသံများ တငြိမ့်ငြိမ့်လွင့်နေ၏။

မင်းပျို မင်းလွင် မင်းလုလင်တို့နှင့် နန်းတွင်းသူကလေးများ၏ စကား ဝိုင်းကလည်း တီးတိုးညင်သာလှသည်။

အဆိုပါ လူပျိုတော်သားများထဲတွင် ဘုရင်နှင့်မိဖုရားတို့ အထူး အရေးပေးခြင်းခံရသည့် 'ရုဖ်ဒီအလာကွန်' အမည်ရှိ မင်းလုလင် တစ်ဦးပါ သည်။ စာရိတ္တကောင်းမွန်ခြင်း၊ ယောကျ်ားပီသသည့် အဆင်းအင်္ဂါနှင့် ပြည့်စုံခြင်း တို့ကြောင့် အဲယ်လိဇဘက်တာ မိဖုရား၏အချစ်တော် မင်းလုလင်အဖြစ် မြှောက်စားခြင်းခံနေရသူဖြစ်၏။

အလာကွန်လုလင်ပျိုမှာ ၁၈ နှစ်ပြည့်ရုံသာရှိသေးသည့် ဖိဖုရားကြီး ၏ အချစ်တော်ဖြစ်သဖြင့် နန်းတွင်းသူများထဲမှာ အလွန်စန်းပွင့်သူဖြစ်၏။ နန်းတွင်းသူများစွာတို့အလယ်တွင် ကာလကြာရှည်စွာနေခဲ့သူဖြစ်၍ မိန်းကလေး တို့ အကြောင်းကို သူနှင့်ရွယ်တူတန်းတူများထက် ပိုကျွမ်းသူလည်းဖြစ်၏။

တစ်နေ့မနက်တွင် အားနေသဖြင့် အလမ္ဗရာသစ်တောဘက်သို့ လမ်း လျှောက်ထွက်လာခဲ့သည်။ မိဖုရားကြီး၏ အချစ်တော်သိမ်းငှက်ကလေးကို အပျော်အမဲလိုက်ဖို့ ပခုံးပေါ်တင်ခေါ်လာခဲ့၏။ တောထဲသို့လျှောက်သွားနေစဉ် ချုံပုတ်တစ်ခုထဲမှ ငှက်တစ်ကောင်ထပျံသွားသည်ကို တွေ့လိုက်ရ၏။

လျှပ်တစ်ပြက်အတွင်း သိမ်းငှက်သည် သူ့ပခုံးပေါ်မှထပျံကာ ငှက်က လေးနောက်သို့ လိုက်တော့သည်။ လိုက်ရင်း လိုက်ရင်း၊ အမြင့်ကြီးသို့ ပျံတက် သွားလေတော့၏။ လုလင်ကလေး ပြန်ခေါ်တော့လည်း နားမထောင်ဘဲဆက်ပျံ နေလေသည်။ သည်တော့ မျက်စိတစ်ဆုံး စောင့်ကြည့်နေရန်မှတပါး အခြား မရှိတော့ပြီပေါ့။

နောက်ဆုံးတွင်မူ ဟိုးအဝေးကြီးတစ်နေရာတွင် မားမားထီးထီးကြီး သီးခြားရှိနေသည့် ရဲတိုက်ကြီးတစ်ခုတွင် သွားနားသည်ကို လုလင်ငယ်လှမ်း မြင်ရ၏။ လျှိုတစ်ခု၏အစွန်းတွင် ပင်မနန်းဆောင်နှင့်ဝေးလံသီခေါင်လှစွာ တည် ရှိနေသည့် ရဲတိုက်အဆောက်အအုံကြီးဖြစ်၏။ စင်စစ် မင်းသမီးညီအစ်မများ ၏ ပင်တိုင်စံရဲတိုက်ကြီးဖြစ်လေသည်။

လုလင်ငယ်သည် လျှိုထဲကိုဆင်းသွားပြီးနောက် ရဲတိုက်ကြီးဆီသို့ လျှောက်သွားသည်။ သို့သော် သူရောက်သွားသည့်ဘက်တွင် ဝင်ပေါက်မရှိ ပေ။ ဝင်ပေါက်ရှာဖို့ အုတ်နံရံပတ်ပတ်လည်လျှောက်ကြည့်တော့ မျက်နှာစာ ဘက်တွင် ပြအိုး၊ ပစ္စင်နှင့် မုခ်ဝကြီးတစ်ခုကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲတိုက် ရှေ့ဘက်တွင် ပန်းပင်အနည်းငယ်သာရှိ၏။ တံခါးမကြီးကို တွန်းဝင်သွားပြီး ပန်းပင်များနှင့် နှင်းဆီရုံများကိုဖြတ်ကာ ရဲတိုက်တံခါးဝဆီသို့ ရောက်သွားသည်။ တံခါးသော့ခတ်ထားသည်ကို တွေ့ရ၏။

ပေါက်ပြဲနေသည့် တံခါးရွက်ကြီးနားကပ်ပြီး အတွင်းဘက်သို့လှမ်းကြည့်လိုက်သည်။ အာရုပ်ဆန်ဆန် ခမ်းမဆောင်ကြီးကို တွေ့ရ၏။ တိုင်ကြီးများမှာ ကျောက်ဖြူသားစစ်စစ်တွေဖြစ်သည်။ ပန်းပင်များ၏အလယ်တွင် ရေပန်းတစ်ခုရှိသည်။ ရေပန်းအနီးတွင် ကုလားထိုင်တစ်လုံးရှိသည်။ ကုလားထိုင်ပေါ်တွင် ပိုးစများ၊ အပ်ချည်လုံးများ၊ အမျိုးသမီးအသုံးအဆောင်များနှင့် ကြောင်တစ်ကောင် အိပ်နေသည်။

ရေပန်းဖွားကျောက်တိုင်ကို မှီလျက်၊ ဖဲကြိုးများနှင့် အလှဆင်ထားသည့် ကြိုးတပ် တူရိယာတစ်လက်ထောင်ထား၏။

သည်မျှလူသူပြတ်လတ်သည့် လောကအပြင်ဘက်လိုနေရာမျိုးတွင် အမျိုးသမီးအသုံးအဆောင်များကို တွေ့ရသည့်အခါ လုလင်ငယ်မှာ ရင်သပ်ရှုမောအံ့သြမဆုံးဖြစ်နေလေသည်။ သည်လိုနေရာတွင် လူသူလေးပါးနေထိုင်သွားလာသေးသည်ဟု သူလုံးဝမထင်ခဲ့ပေ။ တဖြည်းဖြည်းမှ လူတွေပြောပြောနေကြသည့် အလမ္ပာရဲတိုက်ကြီးအကြောင်း ခေါင်းထဲပြန်ပေါ်လာသည်။ အိပ်နေသည့်ကြောင်ဝါကြီးသည် မင်းသမီးတစ်ပါးပါး၏ ကြောင်ဝါကြီးများဖြစ်နေမည်လား။

တံခါးကို အသာခေါက်ကြည့်လိုက်သည်။ အပေါက်ငယ်ကလေးတစ်ခုပွင့်လာပြီး မျက်နှာလှလှကလေးတစ်ခု ပေါ်လာသည်။ ပြီးတော့ ချက်ချင်းပြန်ပျောက်သွား၏။

တံခါးမကြီးပွင့်လာနိုးနှင့် သူစောင့်နေလိုက်၏။ သို့သော် ပွင့်မလာ။ အတွင်းမှခြေသံလည်း မကြားရ။ ပတ်ဝန်းကျင်တစ်ခုလုံး ပကတိငြိမ်သက်တိတ်ဆိတ်နေ၏။ စောစောက တွေ့လိုက်ရသည့် မျက်နှာကလေးကကော တကယ်မဟုတ်ရဲ့လား။ သည်တစ်ပင်တိုင်မြနန်း၏ သူယောင်မယ်ကလေးများလား၊ လှငယ်သည် ဝိုးတဝါးတွေးတောစပြုလာ၏။

တံခါးကို မပြင်းပြင်းထပ်ခေါက်လိုက်သည်။ စောစောက မျက်နှာကလေး၊ အပေါက်ငယ်မှ ပေါ်လာပြန်၏။ မိမိထက်ပင် ငယ်ပုံရသည့် မိန်းကလေးတစ်ယောက်၏ ပြစ်မျိုးမဲ့မထင် နုတ်ရုပ်သွင်မျက်နှာကလေး။

မင်းလုလင်သည် ငှက်တောင်စိုက်ဦးထုပ်ကို ကတိုက်ကရိုက်ချွတ်ပြီး၊ အလွန့်အလွန်ရိုကျိုးသည့် အမူအရာဖြင့် အတွင်းသို့ဝင်ခွင့်ပေးပါမည့်





အကြောင်း၊ မိမိသိမ်းငှက်ကို ပြန်လည်ရယူလိုပါကြောင်း၊ အနူးအညွတ် တောင်းပန်ခြင်း ပြုလေသည်။

မိန်းမပျိုကလေးက ငြင်းဆန်ရင်းရှင်းပြသည်။

“အကျွန်တောင်းပန်ပါတယ် မိန်းကလေးရယ်၊ အကျွန် ပျောက်သွားတဲ့ သိမ်းငှက်ဟာ မိဖုရားကြီးရဲ့ အချစ်တော်သိမ်းငှက်ဖြစ်နေလို့ပါ”

“ဒုက္ခပါပဲ ရှင်ရယ်၊ အကျွန့်အဒေါ်က မင်းရိပ်စိုးရိပ်မကင်းတဲ့ နန်းတွင်းသားမှန်သမျှ ဘယ်သူ့ကိုမှ ဖွင့်မပေးရဘူးလို့ တင်းတင်းကျပ်ကျပ် အမိန့်ထုတ်ထားလို့ပါ”

“မှန်ပါတယ် မိန်းကလေးရယ်၊ မင်းရဲ့အဒေါ်ဟာ အတော်အမြော်အမြင်ကြီးပါပေတယ်၊ တချို့နန်းတွင်း မင်းလုလင်တွေဟာ မင်းလို ချောချောလှပတဲ့ မိန်းကလေးတစ်ယောက်အတွက် အန္တရာယ်ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အကျွန်က လုံးဝရိုးသားအပြစ်ကင်းတဲ့ မင်းမှုထမ်းတစ်ယောက်ပါကွယ်၊ အကျွန် တောင်းပန်တဲ့ ကိစ္စကလေးကို မိန်းကလေးအနေနဲ့ မလိုက်လျောဘူးဆိုရင်တော့ အကျွန့်ဘဝ ပျက်ရတော့မယ် မိန်းကလေးရယ်”

သည်လိုကြားရပြန်တော့ မိန်းကလေးစိတ်ထိခိုက်သွားသည်။ မပြောပလောက်သည့်ကိစ္စကလေးကို မိမိငြင်းဆိုလိုက်ခြင်းဖြင့် တစ်ပါးသူဒုက္ခရောက်ရတော့မည်ပါလား။ သည်လူဟာ အဒေါ်ပြောသလို အန္တရာယ်ပေးနိုင်တဲ့ လူစားမျိုးမဟုတ်နိုင်ပါဘူး။ သူက သိပ်ယဉ်ကျေး သိပ်သိမ်မွေ့တဲ့လူပဲ။ ကြည့်ပါဦး၊ ဦးထုပ်ကိုပိုက်ပြီး မတ်မတ်ရပ်နေပုံကိုက ဘယ်လောက်ချစ်စရာကောင်းလိုက်ပါသလဲ။

လူရိပ်လူကဲကို အလွန်သိတတ်သည့် လုလင်ငယ်က မိန်းကလေး ဘာတွေးနေသည်ကို အကဲခတ်မိလိုက်သည်။ နောက်ထပ် ငြင်းဆန်လို့မရနိုင်အောင်ထပ်ပြီး စကားလုံးလှလှကလေးများဖြင့် အသနားခံပြန်သည်။

ထိုအခါ မိန်းမပျိုသည် မငြင်းရက်တော့ဘဲ တုန်ရီသည့်လက်များဖြင့် တံခါးမကြီးကို ဖွင့်ပေးလိုက်လေသည်။

မျက်နှာကလေးမြင်ရုံဖြင့် စိတ်တွေလှုပ်ရှားနေသည့် မင်းလုလင်သည် မိန်းကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရသောအခါ အသက်ရှူများမတတ်ဖြစ်သွားလေတော့၏။

အရွယ်ရောက်စ မိန်းမသားဘဝကို တိုးဝင်စခန္ဓာကိုယ်သည် တင်းတင်းရင်းရင်းဆင်ယင်ထုံးဖွဲ့ထားသည့် အဝတ်အစားများဖြင့် လှချင်တိုင်းလှနေသည်။ နက်မှောင်ပျော့ပျောင်းသည့် ပိတုန်းရောင်ဆံကေသာအခွေသည် နဖူး



www.burmeseclassic.com

www.burmeseclassic.com



ဓေါ်တွင် ကျက်သရေရှိစွာ ဝဲကျနေ၏။ ပန်ထားသည့် နှင်းဆီတစ်ပွင့်ကြောင့် အလှတွင် အယဉ်ဆင့်ကာ အတင့်တယ်ကြီးတင့်တယ်နေပြန်သည်။

ရုဗ်ဒီအလာကွန်လုလင်သည် သည်အလှအပတွေကို တဒင်္ဂအတွင်း အမှတ်အသားပြုမိလေသည်။ မိန်းကလေးနှင့် အချိန်သိပ်မယူဖို့လည်း ကိုယ့်ကိုယ်ကိုယ် သတိထား၏။

ကျေးဇူးတင်ကြောင်းအသံပြုပြီး ကြောင်လိမ်လှေခါးထစ်များအတိုင်း သူ့သိမ်းငှက်ရှာဖို့ မျှော်စင်ပေါ်သို့ တက်လာခဲ့သည်။

မကြာခင် သိမ်းငှက်ကိုပိုက်ပြီး သူပြန်ဆင်းလာသည်။ မိန်းကလေးက တစ်ချိန်လုံး ခန်းမထဲမှ ရေပန်းနံဘေးတွင် ထိုင်ပြီး အချုပ်အလုပ်ကိစ္စများနှင့် အလုပ်ရှုပ်နေသည်။ သို့သော် အလုပ်ထဲတွင်စိတ်မပါတော့ပေ။ မင်းလုလင် ပြန်ဆင်းလာတော့ သူ့ပိုးစတွေဘေးချထားလိုက်သည်။

မင်းလုလင်ကလေးသည် မိန်းကလေးဆီသို့ ခပ်သုတ်သုတ်လျှောက်သွားပြီး ပိုးစကလေးများကို ကောက်ယူလိုက်သည်။ ပြီးတော့ ထိုးမှုနန်းဟန်အပြည့်ဖြင့် ဒူးတစ်ဖက်ညွှတ်ကာ ပိုးစကလေးများကို မိန်းကလေးအားပေးသည်။ မိန်းကလေးက လှမ်းယူဖို့လက်ကမ်းလိုက်တော့ လုလင်ကလေးက လက်ကလေးတစ်ဖက်ကို အသာကိုင်ပြီး နမ်းလိုက်သည်။ မိဖုရားကြီးလက်ကို နမ်းရသည်ထက်ပင် ပို၍သူ့စိတ်တွေလှုပ်ရှားနေ၏။

မိန်းကလေးသည် တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမျှ ယောက်ျားတစ်ယောက်၏အနမ်းကို မခံခဲ့ဖူးပေ။

"အို .. ရှင်ဘာယ်လိုလုပ်တာလဲ" ဟု လက်ကိုရုတ်ပြီး အလန့်တကြားအော်လိုက်၏။

မင်းလုလင်သည် သူ့အပြုအမူအတွက် အနူးအညွတ်တောင်းပန်သည်။ လက်ကိုနမ်း၍ တောင်းပန်ခြင်းသည် နန်းတွင်းဓလေ့အရ အလေးနက်ဆုံး မြတ်နိုးမှုဖြစ်ကြောင်း၊ အနစ်ကာဆုံး လေးစားမှုဖြစ်ကြောင်းရှင်းပြသည်။

မိန်းကလေး၏ ဒေါသတွေ ချက်ချင်း လွင့်ပြယ်သွားတော့သည်။ သို့သော် ရင်တွေ တဖျပ်ဖျပ်ခုန်ကျန်ရစ်၏။ မျက်နှာတစ်ခုလုံး သွေးရောင်လွှမ်းကာ အပ်ချည်နှင့် အပ်ကိုပြန်ကိုင်သည်။ မျက်လုံးအစုံက အပ်တွင်စိုက်နေသော်လည်း အလုပ်လုပ်၍ မဖြောင့်တော့ပေ။

အတွေ့အကြုံရှိပြီးသား မင်းချင်းလုလင်ယ်သည် မိန်းကလေး၏ **စိတ်** အနေကို ကောင်းစွာအကဲခတ်နိုင်လေသည်။ လသာတုန်းဗိုင်းငင်ဖို့လည်း **သူ** မမေ့ပေ။ သို့သော် နန်းတွင်းသူများအကြားတွင် အလွန်အာဝဇ္ဇန်းရှင်၊ **အလွန်**





စန်းပွင့်သော၊ ချစ်ခြင်းမေတ္တာအနုပညာတွင် အလွန်ကျွမ်းကြသော **ထိုလုလင်** သည် ရိုးသားသန့်စင်သည့် ၁၅ နှစ်သမီးကလေးရှေ့တွင် **ဆွံ့ဆွံ့အအဖြစ်** နေ၏။

စင်စစ် မိန်းကလေးကို အကာအကွယ်ပေးနေသည်မှာ မိန်းကလေး၏ အဒေါ်မဟုတ်၊ သော့ခလောက်တွေ၊ သံတိုင်တွေမဟုတ်၊ သူကလေးကိုယ်တိုင်၏ ရိုးသားမှု အပြစ်ကင်းစင်မှုဖြစ်၏။

သို့ရာတွင် မိန်းကလေး၏နှလုံးသားသည် အချစ်၏ တီးတိုးခေါ်သံကို မသိကျိုးကျွံ ပြု၍မရတော့ပါချေ။ အတွေ့အကြုံမရှိသော်လည်း လုလင်၏ ရင်ခုန်သံကို မိန်းကလေးကြားနေသည်။ ဘဝတွင် ပထမဦးဆုံးအကြိမ်အဖြစ် ရင်မှဖြစ်သော မေတ္တာပန်းငုံကလေး ပွင့်အာလာခြင်းဖြစ်လေသည်။

ထိုစဉ် ခပ်လှမ်းလှမ်းမှ အသံတစ်သံကြားလိုက်သည်။

"ဟော .. အဲဒါ အကျွန့်အဒေါ်အသံပဲ၊ ဘုရားကျောင်းက ပြန်လာပြီ၊ ဒုက္ခပါပဲ၊ သွားပါတော့ရှင်"

"အကျွန့်အတွက် အမှတ်တရ ဖြစ်အောင် မင်းပန်ထားတဲ့ နှင်းဆီပွင့် လက်ဆောင်ပေးမှ ကိုယ်သွားမယ်"

မိန်းကလေးက ပန်းပွင့်ကို ခပ်သွက်သွက်ဖြုတ်ပြီး ကမ်းပေးရင်း ..

"ကဲ .. ရော့ ရော့၊ မြန်မြန်သွားပါတော့ ရှင်ရယ်"

မင်းလုလင်သည် နှင်းဆီပွင့်ကိုလှမ်းယူရင်း မိန်းကလေး၏ လက်ချောင်းသွယ်သွယ်ကလေးများကို တရှိုက်မက်မက် နမ်းပြန်သည်။ ပြီးမှ နှင်းဆီပွင့်ကို ဦးထုပ်မှာထိုး သိမ်းငှက်ကိုပိုက်ကာ၊ ပန်းခြံထဲသို့ ပြေးထွက်သွားလေတော့သည်။ သူနှင့်အတူ နှင်းဆီပွင့်ကလေးသာမကပဲ ဂျာစင်တာကလေး၏ အသည်းနှလုံးပါ ပါသွားလေပြီ။

မျက်စိဒေါက်ထောက်ကြည့်နေသည့် အဒေါ်ပြန်ရောက်လာတော့ ဣန္ဒြေပျက်နေသည့် တူမချောကို သတိထားမိသည်။ သို့သော် အမဲလိုက် သိမ်းငှက်တစ်ကောင် အခန်းထဲဝင်လာလို့ပါဟူသည့် တူမကလေး၏အဖြေကို အဒေါ်လုပ်သူ ကျေနပ်သွားသည်။

"ဒုက္ခပါပဲ၊ ကြုံဖူးပေါင်တော် နန်းတော်ထဲက သိမ်းငှက်တစ်ကောင်ဟာ အတားအဆီးတွေ ဒါလောက်များတဲ့ ဒီရဲတိုက်ထဲအထိဝင်လာရတယ်လို့ပဲ၊ သူတို့ ဒီအနီးအနားမှာ ရှိနေသမျှ ဘာမှစိတ်မချရဘူး"

အဒေါ်လုပ်သူက အပျိုကြီးဖြစ်၏။ ဗိုသတ္တဝါမှန်သမျှ စက်ဆုပ်စရာ ဘယ်သူမှ မယုံရဟူသည့်အစွဲရှိသည့် အပျိုကြီးမျိုး။



www.burmeseclassic.com

www.burmeseclassic.com



တူမကလေးမှာ မိဘနှစ်ပါးမရှိကြတော့ပေ။ အဖေက တပ်မတော်အရာရှိတစ်ဦးဖြစ်ပြီး စစ်မြေပြင်တွင် တိုင်းပြည်အတွက် အသက်စွန့်သွားသည်။

မိန်းကလေးကို သီလရှင်ကျောင်းတစ်ကျောင်းတွင် ပညာသင်ပေးပြီး အဒေါ်လုပ်သူက စောင့်ရှောက်ထားရခြင်းဖြစ်သည်။ သည်ရဲတိုက်ကြီးတွင် အဒေါ်နှင့်အတူ အထီးကျန်စွာနေရင်း အပျိုဖော်ဝင်လာခြင်း ဖြစ်လေသည်။

အဒေါ်လုပ်သူက ပတ်ဝန်းကျင်နှင့်မည်သို့ ဖြတ်တောက်တားဆီးထားသည်ဖြစ်စေ၊ မိန်းကလေး၏အလှဂုဏ်သတင်းမှာ စပိန်ရွာနီးချုပ်စပ်တစ်ဝိုက်တွင် ပျံ့နှံ့နေလေပြီ။ ရွာသားများက မိန်းကလေးကို 'အလမ္ဗရာ နှင်းဆီ' ဟု နာမည်ပေးထားကြ၏။

ဘုရင်နှင့်မိဖုရားတို့ နန်းတွင်းသူ နန်းတွင်းသားများနှင့်အတူ ဂရင်နာဒါစံနန်းတော်တွင် အပန်းဖြေနေကြစဉ် အဒေါ်လုပ်သူသည် တူမချောကလေးအား မျက်စိအောက်မှ အပျောက်မခံဘဲ စောင့်ကြည့်နေခဲ့သည်။ မျှော်စင်အောက်ဘက်ဆီမှ သီဆိုသံ၊ တီးမှုတ်သံများကြားလျှင် အဒေါ်လုပ်သူက ဂျာစင်တာကို နားပိတ်ထားခိုင်း၏။ ဂီတသည် မိန်းကလေးများကို ဖျက်ဆီးသည့် ပုရိသတို့၏ လက်နက် ဟုဆို၏။

လသာသော ညအခါတွင် ပျံ့လွင့်လာသော ချစ်တေးသံကို အပျိုမကလေးတစ်ယောက် မခံစားနိုင်အောင် ဘယ်အရာနှင့်တားဆီးနိုင်ပါမည်လဲ။

နောက်ဆုံးတွင် ဘုရင်နှင့်မိဖုရားတို့သည် နန်းတွင်းသူ နန်းတွင်းသားများနှင့်အတူ နေပြည်တော်သို့ ပြန်မည့်ရက်သို့ ရောက်လာခဲ့သည်။

မိန်းကလေး၏အဒေါ် ဖရီဒီဂွန်ဒါသည် လူတန်းကြီးကို မျှော်စင်ပေါ်မှ စောင့်ကြည့်နေ၏။ မြင်ကွင်းထဲက နောက်ဆုံးအလံပျောက်ကွယ်သွားမှ စိတ်ထဲပျော်သွားသည်။ ရင်တမမ နေခဲ့ရသည့် အချိန်တွေကုန်ဆုံးသွားပြီပေါ့။

အဝေးသို့မျှော်ကြည့်နေသော ဖရီဒီဂွန်ဒါသည် ခုမှ ရဲတိုက်အတွင်းဘက်ကို ငုံ့ကြည့်မိသည်။ ဘုရား .. ဘုရား၊ မုခ်ဝမှာ ဧရာမအာရပ်မြင်းကြီးတစ်ကောင်၊ လှုပ်လှုပ်ရွရွနှင့် ရပ်နေပါကလား။ ဟင် .. အိပ်မက်ဆိုးကြီးများလား၊ နှင်းဆီရုံတွေထဲတွင် ရပ်နေသည့် ဂျာစင်တာ၏ရှေ့တွင် ဒူးထောက်နေသည့် နန်းဝတ်နန်းစားနှင့် လုလင်ငယ်တစ်ယောက်။

အဒေါ်၏ခြေသံကြားသည်နှင့် လူငယ်သည် မိန်းကလေးအား နှုတ်ဆက်၍ ပေါ့ပါးစွာထွက်ပြေးသွားပြီး မြင်းကြီးပေါ်သို့ လွှားခနဲခုန်တက်ကာ လေ၏အဟုန်ဖြင့် စီးထွက်သွားလေတော့သည်။

ဒေါသအမျက်ချောင်းချောင်းထွက်နေသည့် အဒေါ်၏မျက်နှာသို့





ဂျာစင်တာ မမြင်တော့ပေ။ အဒေါ်၏ရင်ခွင်ထဲသို့ အတင်းတိုးဝင်ပြီး သည်းထန်စွာငိုကြွေးလေတော့၏။

"သူ သွားပြီအဒေါ်၊ သူ ပြန်သွားပြီ။ သမီးသူ့ကို ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်တော့ဘူး အဒေါ်ရဲ့"

"ဟဲ့ .. ဟဲ့ ဘယ်သူ ဘယ်ကိုပြန်သွားတာလဲ၊ အဲဒီသူငယ်က ဘယ်သူလဲ"

"နန်းတွင်းက မင်းလုလင်တစ်ယောက်ပါ အဒေါ်၊ မိဖုရားကြီးရဲ့ အစေတော်ပါ။ သူ သမီးကိုလာနှုတ်ဆက်တာလေ"

"မင်းလုလင် ဟုတ်လား၊ မိဖုရားကြီးရဲ့အစေတော် ဟုတ်လား၊ ဘယ်တုန်းက သူနဲ့တွေ့တာတုန်း"

"ရဲတိုက်ထဲကို သိမ်းငှက်ဝင်လာတဲ့ မနက်မှာပဲ အဒေါ်၊ သိမ်းငှက်နောက်လိုက်ရင်း သူဒီရောက်လာတာပါ"

"ညည်းမိုက်လှချည်လား ဂျာစင်တာ၊ မင်းမှုထမ်းတွေဟာ သိမ်းငှက်တွေ သားကောင်ဖမ်းသလိုပဲ၊ မိန်းကလေးတွေကို အမဲလိုက်နေတယ်ဆိုတာ ညည်း မသိဘူးလား"

အစတွင် ဒေါသဖြစ်နေသော်လည်း ကံကောင်းထောက်မစွာဖြင့် ဘာမှုမဖြစ်ခင် ဇာတ်လမ်းပြီးသွားသည့်အတွက် အဒေါ်လုပ်သူမှာ စိတ်သက်သာရာ ရသွားလေတော့သည်။

ဤနည်းဖြင့် အဒေါ်က နှစ်သိမ့်သော်လည်း မိန်းကလေး၏ နားထဲတွင် အထပ်ထပ်ဆိုသွားသည့် ချစ်သူ၏ကတိစကားများကိုသာ ကြားယောင်လျက်ရှိသည်။

သူ့အချစ်မျိုးဟာ တစ်ပွင့်ပြီးတစ်ပွင့် လှည့်ပတ်ပျော်မြူးနေသည့် လိပ်ပြာတစ်ကောင်၏ အချစ်မျိုးလားကွယ်။ သည်လိုတွေးမိတော့ မျက်ရည်တွေ စီးကျလာသည်။

* * *

နှစ်တွေ လတွေပြောင်းခဲ့လေပြီ။ နွေအကုန်၊ ဆောင်းအကူးကာလသို့ ရောက်ခဲ့၏။ တောင်တန်းကြီးများသည် နှင်းလွှာရုံအောက်သို့ ရောက်နေကြပြီ။ အလမ္ဗရာတစ်ဝိုက်တွင် နှင်းမုန်တိုင်းများမစဲတော့အောင် တိုက်ခတ်လျက်ရှိ၏။ ကိုရွှေလိပ်ပြာကား ပေါ်မလာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဖွေဦးသို့ရောက်ခဲ့ပြန်သည်။ ချစ်သူထံမှ သတင်းအစအန မှုမကြားရ။

ဂျာစင်တာကလေးသည် တစ်နေ့တခြားဖြူဖျော့ဖျော့ ဖြစ်လာသည်။ အလေးအနက် တွေးတတ်လာသည်။ လုပ်နေကျအလုပ်တွေကို စိတ်မဝင်စားတော့ပေ။ အချုပ်အလုပ်ကိစ္စတွေကို လှည့်မကြည့်တော့၊ ဂီတတွင်လည်း အာရုံမသိတော့။

အလွမ်းသယ်မကလေးဘဝဖြင့် ကျိတ်ငိုရလွန်းလို့ ရွှန်းလဲ့တောက်ပခဲ့သည့် မျက်ဝန်းကလေးများလည်း အရောင်အဆင်းကင်းမဲ့စ ပြုခဲ့လေပြီ။

အလမ္ဘာရာသည် ချစ်သူများအတွက် ပျော်စရာနိဗ္ဗာန်ဖြစ်ခဲ့ဖူးသော်လည်း၊ မျှော်လင့်ချက်ကင်းမဲ့နေသည် မိန်းကလေးအတွက်မူကား သုသာန်တစပြင်ပမာဖြစ်နေလေသည်။

အဒေါ်ဖရီဒီဂွန်ဒါ၏ ခါးသီးရက်စက်သည့် စကားလုံးများကြောင့် ဂျာစင်တာ ပို၍ ထိထိခိုက်ခိုက်ခံစားရလေသည်။ သို့သော် အဒေါ်ရှေ့တွင် ဗျာပါရုပ်မပေါ်အောင် ဟန်လုပ်ထားရ၏။

တစ်ညတွင် အဒေါ်လုပ်သူ စောစောအိပ်ရာဝင်သွားသဖြင့် ခန်းမထဲမှ ရေပန်းနံဘေးတွင် တစ်ယောက်တည်း ထိုင်ငေးကျန်ရစ်သည်။ သူ့လက်ကလေးကို လုလင်ပျိုနမ်းသွားသည့် နေရာလေ။

တွေးရင်း တွေးရင်း မျက်ရည်တွေကျလာပြန်သည်။ ဂျာစင်တာ၏ မျက်ရည်ပေါက်များသည် ရေပန်းမှထွက်လာသည့် ရေစက်များနှင့် ရောနှောခဲ့လေပြီ။

ခဏကြာတော့ ရေပန်းပွားများ ရေမှုန်ရေမွှားများသည် တိမ်တိုက်များလိုလို၊ လှိုင်းလုံးတွေလိုလို ဖြစ်လာပြီး၊ တဖြည်းဖြည်းနှင့် မိန်းမငယ်တစ်ယောက်၏ပုံ ပေါ်လာသည်။ အလွန်လှပသည့် အာရပ်ဝတ်ရုံနှင့် မိန်းမချော၏ ရုပ်ပုံလွှာသည် ပို၍ ပီပြင်ကြည်လင်လာလေသည်။

ဂျာစင်တာသည် လိပ်ပြာလွင့်မတတ်ကြောက်လန့်ပြီး နောက်လှည့်မကြည့်ရဲတော့ဘဲ အတွင်းဆောင်သို့ ပြေးဝင်ခဲ့လေသည်။

နောက်တစ်နေ့မနက်တွင် အဒေါ်လုပ်သူအား ညကအဖြစ်အပျက်ကို ပြောပြလိုက်သည်။

"သမီး အိပ်မက်မက်တာဖြစ်မှာပါ၊ မော်ရိုကိုမင်းသမီး ၃ ပါး။ သမီး အိပ်မက်ထဲရောက်လာတာ ဖြစ်မှာပေါ့" ဟု အဒေါ်က ထင်မြင်ချက်ပေးသည်။





"သမီး မသိဘူးဒေါ်ဒေါ်၊ ဘယ်က မော်ရိုကိုမင်းသမီး ၃ ပါးလဲ"

"သမီးကြားဖူးမှာပေါ့၊ ဒီဇာတ်လမ်း လူတိုင်းကြားဖူးတာပဲ၊ မင်းသမီး ၃ ပါးဖြစ်တဲ့ ဇေဒါရယ်၊ ဇိုရေဒါရယ်၊ ဇိုရာဟေဒါရယ်။ သူတို့ကို ဟောဒီရဲတိုက်ကြီးထဲမှာ အကျဉ်းချထားသတဲ့။ ညီအစ်မ ၃ ယောက်စလုံး ခရစ်ယာန်သူရဲကောင်းတွေနဲ့ လိုက်ပြေးဖို့သဘောတူထားကြတယ်။ အကြီးမနှစ်ယောက်က သူတို့ချစ်သူတွေနဲ့ ထွက်ပြေးလွတ်မြောက်သွားကြပြီး အငယ်မက သူ့အစ်မတွေလောက် သတ္တိမကောင်းတော့၊ မအောင်မြင်ဘဲ ကျန်ရစ်ခဲ့တယ်။ အဲဒီမင်းသမီးကလေးဟာ ဒီရဲတိုက်ကြီးထဲမှာပဲ သေဆုံးသွားခဲ့တယ်လို့ ပြောကြတယ်"

"အင်း... အင်း... မှတ်မိပြီ၊ ငယ်ငယ်တုန်းက ဇိုရာဟေဒါ မင်းသမီးကလေးကို သနားပြီး ငိုရသေးတာပဲ"

"သမီးငိုသင့်တာပေါ့၊ သမီးဟာ အဲဒီမင်းသမီးကလေးရဲ့ ချစ်သူသူရဲကောင်းမျိုးဆက်သွေးပဲ။ ချစ်သူနဲ့ ကွေကွင်းခဲ့ရတဲ့ အဲဒီ စပိန်သူရဲကောင်းဟာ နှစ်ပေါင်းများစွာ ပူဆွေးသောက ရောက်ခဲ့ရတယ်၊ နောက်ဆုံးကျမှ စပိန်အမျိုးကောင်းသမီးတစ်ယောက်နဲ့ အိမ်ထောင်ပြုဖြစ်ပြီး သမီးတို့ရဲ့မိသားစုမျိုးဆက်ကို စခဲ့တာလေ"

* * *

ထိုညအဖြစ်အပျက်သည် အိပ်မက်မဟုတ်ကြောင်း ဂျာစင်တာကောင်းကောင်းသိပါသည်။ သည်ရဲတိုက်ကြီးတွင် ဇိုရာဟေဒါ၏ ဝိညာဉ်ကိန်းအောင်းနေဆဲဖြစ်ရမည်။ သည်ကံဆိုးသူမင်းသမီးကလေးကို ဘာကြောက်စရာရှိသလဲ။

"သူ့ကို စောင့်ကြည့်မယ်၊ ရေပန်းနားမှာ တစ်ညလုံးထိုင်စောင့်မယ်။ သူပြန်လာမှာပါ"

ဂျာစင်တာ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ပြီး စောင့်နေသည်။ ညဉ့်သန်းခေါင်ယံအချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ ထိုင်နေကျနေရာတွင် ဂျာစင်တာထိုင်စောင့်နေသည်။ ၁၂ နာရီခေါင်းလောင်းသံသည် ဂရင်နာဒါ နန်းမဆောင်ဆီမှ ပျံ့လွင့်လာ၏။

ရေပန်းမှာ ဖြာထွက်နေသည့် ရေမှုန်များသည် တဖြည်းဖြည်း ပြိုတက်လာကာ မော်ရိုကိုမင်းသမီးကလေး၏ ရုပ်သွင်ဘည် တစ်စတစ်စ ကြည်လင် ပီပြင်လာလေသည်။ ဝတ်ထားသည့်အာရပ်ဝတ်ရုံမှာ အဖိုးတန် ကျောက်မျက်ရတနာများနှင့် တဖိတ်ဖိတ်လက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာစင်တာသည် တဆတ်ဆတ်တုန်ကာ မေ့မျောသွားလေတော့သည်။ သို့သော် ပင်ကိုယ်သတ္တိကြောင့်ချက်ချင်းသတိပြန်ရလာ၏။ ကြေကွဲစရာမျက်နှာကလေးကို ဂျာစင်တာ လှမ်းမြင်ရသည်။ သို့သော် ထိုမျက်နှာတွင် ပြုံးရွှင်ချိုမြခြင်းကိုပါ မြင်ရ၏။ ထိုမျက်နှာမှ ဂရုဏာသံကလေး ထွက်လာသည်။

"အို .. သက်ရှိကမ္ဘာမှ သမီးငယ်၊ အဘယ်ကဲ့သို့သော သောကဝေဒနာကို သမီးငယ်ခံစားနေရပါသလဲ၊ အဘယ်ကြောင့် သင့်မျက်ရည်တွေ ရေပန်းနှင့်အတူ စီးသွန်ကျဆင်းရခြင်းပါလဲ။ အဘယ်ကြောင့် သင့်ငိုရှိုက်သံသည် တိတ်ဆိတ်သည့်ညများတွင် ပုံတင်နေခဲ့ပါသလဲ"

"သမီးအပေါ်မှာ သစ္စာသွေဖီသွားလေပြီဖြစ်တဲ့ ချစ်သူအတွက် ဆောက်တည်ရာမရ ငိုကြွေးနေမိခြင်းပါ အစ်မတော်"

"စိတ်မပူလင့်နဲ့တော့ သမီးငယ်၊ သင့်သောကဝေဒနာများ ချုပ်ငြိမ်းပြီးဆုံးတော့မှာပါ၊ ခုသမီးငယ် မြင်နေရတဲ့ မော်ရီကိုမင်းသမီးတစ်ပါးဟာ သမီးငယ်လိုပဲ ဒီရဲတိုက်ကြီးထဲမှာ အသည်းကွဲခဲ့ရဖူးတယ်"

"သမီးငယ်ရဲ့ ဆင်းသက်ရာ မျိုးဆက်သွေးဖြစ်တဲ့ ခရစ်ယာန် သူရဲကောင်း တစ်ယောက်ဟာ ဗိုရာဟေဒါရဲ့ အသည်းနှလုံးကို ပိုင်ဆိုင်ခဲ့ဖူးတယ်လေ၊ ဗိုရာဟေဒါရဲ့ သတ္တိနည်းမှုကြောင့် သူနဲ့ထွက်ပြေးဖို့ချိန်းထားတဲ့နေရာကို အချိန်မီအရောက်မသွားနိုင်ခဲ့ဘူးကွယ်၊ အဲဒီသစ္စာမဲ့မှုအတွက် ကိုယ်ဆိုတဲ့ ဗိုရာဟေဒါဟာ ကျိန်စာသင့်ခဲ့ရတယ်လေ၊ အဲဒီကျိန်စာကနေ ကင်းလွတ်အောင် သမီး ကယ်တင်နိုင်ပါ့မလားဟင်"

"သမီးတတ်နိုင်သလောက် ကူညီပါရစေရှင်"

ဂျာစင်တာ တုန်တုန်ယင်ယင်ဖြင့် ပြန်ပြောလိုက်၏။

"ကဲ .. သမီးဘာမှမကြောက်နဲ့၊ ရှေ့တိုးလာခဲ့။ သမီးလက်နဲ့ ရေပန်းက ရေတွေယူလိုက်၊ ပြီးတော့ အစ်မတော်ရဲ့ကိုယ်ပေါ်ကို ဖြန်းလိုက်။ ပြီးတော့ သမီးနှုတ်က ဘုရားစာရွတ်လိုက်၊ အဲဒီအခါမှာ အစ်မတော်အပေါ်သင့်နေတဲ့ ကျိန်စာဟာ လွင့်ပျယ်သွားလိမ့်မယ်။ အကျဉ်းချခံနေရတဲ့ အစ်မတော်ရဲ့ ဝိညာဉ်ဟာလည်း လွတ်ငြိမ်းချမ်းသာခွင့်ရလိမ့်မယ်"

ပြောသည့်အတိုင်း ဂျာစင်တာ လုပ်သည်။ ထိုအခါ မော်ရီကို မင်းသမီးသည် ဂျာစင်တာ့ခြေရင်းတွင် ဗျတ်စောင်းတစ်လက်ချပေးပြီး ရင်သားအစုံပေါ်တွင်ပိုက်လျက်၊ လေထဲတွင်လွင့်မြော ပျောက်ကွယ်သွားလေတော့သည်။

နောက်ကစ်နေ့မနက် နိုးသည့်အခါ ဂျာစင်တာသည် ညကအဖြစ်





ကို အိပ်မက်ဟုပင်ထင်နေ၏။ သို့သော် ခန်းမဆောင်ထဲသို့ ဆင်းလာသည့်အခါတွင် ရေပန်းနံဘေးမှ ငွေဗျတ်စောင်းကလေးကို တွေ့ရသည်။

အဖြစ်အပျက်ကို အဒေါ်လုပ်သူအား ပြေးပြောတော့ ဗျတ်စောင်းကလေးသည် သက်သေခံနေသဖြင့် အမျိုးသမီးကြီးမှာ တုမချော၏ စကားလမ်းကို မယုံကြည်၍မရတော့ပေ။

ဂျာစင်တာက ဗျတ်စောင်းကလေးကို ယူပြီး တီးခတ်လိုက်သည်။ သည်မျှ သာယာနာပျော်ဘွယ်ကောင်းသည့် ဂီတသံမျိုးကို ဂျာစင်တာ ကိုယ်တိုင် တစ်ခါမျှ မကြားဖူးခဲ့ပေ။

ဂျာစင်တာ၏ ဗျတ်စောင်းသံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ယူကြုံးဖမ်းစားခဲ့လေပြီ။ လမ်းသွားလမ်းလာတွေ စိတ်ညှို့ခံရသလို ရပ်တန့်ငေးမောနားထောင်ကြ၏။ တေးဆိုငှက်ကလေးများပင် နှုတ်ဆိတ်လျက်အနီးဆုံးသစ်ပင်တစ်ပင်တွင် စုရုံးနားခိုကာ၊ ဂျာစင်တာ၏ ဂီတသံကိုနားထောင်ကြ၏။

ဂျာစင်တာ၏ဗျတ်စောင်းသံသတင်းသည် အတိုင်းတိုင်း အပြည်ပြည်သို့တိုင် ပျံ့လွင့်သွားလေတော့၏။ ဂရင်နာဒါ မြို့သူမြို့သားများလည်း အလမ္ဗြာသို့ စုရုံးရောက်ရှိလာကြပြီး ရှေးဟောင်းရဲတိုက်ကြီးမှ ပျံ့လွင့်လာသည့် တေးဂီတ သင်္ကေတများကို လိုက်လံရေးမှတ်ယူကြ၏။

မကြာမီ ချစ်စရာ ဗျတ်စောင်းတေးသံရှင်ကလေးကို ဖိတ်ကြားဧည့်ခံကြ၊ ဝိုင်းဝန်းဂုဏ်ပြုကြနှင့် ဂရင်နာဒါလူကုံတန်အသိုင်းအဝိုင်းတွင် မိန်းကလေးသည် မျက်နှာပွင့်လန်းလျက်ရှိသည်။ ဧည့်ခံပွဲတိုင်းသို့ အဒေါ်လုပ်သူက အမြဲလိုက်ပါ စောင့်ရှောက်၏။

ဤသို့ဖြင့် ဂျာစင်တာ၏ဂုဏ်သတင်းသည် လေနှင့်အတူပျံ့နှံ့ကာ အင်ဒါလူစီယားပြည်နယ်ဆီသို့တိုင် ရောက်ရှိသွားလေတော့၏။

အင်ဒါလူစီယားပြည်နယ်တစ်ခုလုံး ဂီတကို အရူးအမူး မြတ်နိုးကြ၏။ ဂီတနှင့် ရူးနေကြသူများဖြစ်၏။ နာမည်ကျော်ကြားဆုံးမှာ ဖိလစ်ဘုရင် ကိုယ်တော်တိုင်ဖြစ်၏။

ဘုရင်ကြီးသည် အသက်ကိုအန္တရာယ်ပြုနိုင်သည့် ရောဂါခံစားနေရသည်ဟု စိတ္တဇဖြစ်နေ၏။ ရံခါတွင်ရက်သတ္တပေါင်းများစွာ အိပ်ရာထဲမှ မထဘဲလှဲနေတတ်၏။

နန်းစွန့်ပြီး တိုင်းပြည်ကို တစ်စုံတစ်ယောက်လက်သို့ လွှဲအပ်ဖို့ပင် မိဖုရားကြီးနှင့် တိုင်ပင်သည်။ မိဖုရားကြီးက လုံးဝလက်မခံဘဲ ပါးနပ်လိမ္မာစွာ ဘုရင်ကြီးကို ချော့မော့စည်းရုံးသိမ်းသွင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးနာမကျန်းဖြစ်လျှင် (စင်စစ်ဘာရောဂါမျှ မရှိ) ဂီတသံဖြင့် သက်သာရာရ၏။ မိဖုရားကြီးက အတော်ဆုံးဂီတပညာရှင်များဖြင့် ကြင်ရာတော်ဘုရင်ကြီး၏ ရောဂါကိုသက်သာစေ၏။ အီတလီမှ နာမည်ကျော် အဆိုတော်ကြီး ဖာရီနယ်လီကိုပင် နန်းတွင်းသို့ပင့်ပြီး သီဆိုဖျော်ဖြေစေ၏။

သို့သော် ကြာလာသည့်အခါ နန်းတွင်းဂီတပညာရှင်များနှင့် ဖာရီနယ်လီကိုယ်တိုင်၏ တေးသံများကို နားယဉ်လာပြီး စိတ်ဓဝေဒနာဟောင်း ပြန်ပေါ်လာပြန်၏။ လပေါင်းများစွာကြာသည့်အခါတွင် သည်ဝေဒနာဖြင့်ပင် သူ့ကိုယ်သူ နတ်ရွာစံလေပြီဟု ဘုရင်ကြီး ယုံကြည်နေလေ၏။

မိဖုရားကြီးအား မိမိရုပ်အလောင်းကို ဂူသွင်းသင်္ဂြိုဟ်ဖို့ အမိန့်ပေးသောအခါ နန်းတော်တစ်ခုလုံး မည်သို့ဆုံးဖြတ်ရမှန်း မသိကြတော့ချေ။ ဘုရင့်အမိန့် မည်သည် မနာခံ၍ရသည့် ကိစ္စမျိုးမဟုတ်ပေ။ အမိန့်အတိုင်း ဆောင်ရွက်ပြန်ပါကလည်း ဘုရင်ကြီးအား သတ်ဖြတ်သလိုဖြစ်တော့မည်။

သည်အချိန်တွင် ဂျာစင်တာ၏သတင်း နန်းတွင်းသို့ရောက်လာသည်။ မိဖုရားကြီးက မိန်းကလေးအား အမြန်ဆင့်ခေါ်စေလိုက်သည်။

ဒေသခံရိုးရာဝတ်စုံဖြင့် ငွေဖျတ်စောင်းကလေးကို ကိုင်ကာ အခစားဝင်လာသည့် မိန်းကလေးကို မိဖုရားကြီး တအံ့တသြငေးကြည့်နေသည်။ မျက်လွှာချကာ ဒူးညွှတ်ခစားနေသည့် မိန်းကလေးမှာ ငယ်ရွယ်လွန်းသူကလေးပါကလား၊ ရင်းသန့်ရိုးသားပုံကလည်း 'အလမ္ဗရာနှင်းဆီ' ဟူသည့် သူ့အမည်ကလေးနှင့် လိုက်ဖက်လှပါပေ၏။

မိန်းကလေး၏ မျိုးရိုးအစဉ်အဆက် အကြောင်းကို အဒေါ်လုပ်သူ ဖရီဒီဗွန်ဒါက မိဖုရားကြီးထံလျှောက်တင်သောအခါ အမျိုးကောင်းသမီးကလေးကို မိဖုရားကြီးပိုလို့ပင် သဘောကျလျက်ရှိသည်။ တိုင်းပြည်အတွက် အသက်စွန့်သွားသည့် ဖခင်အကြောင်းပါသိရသဖြင့် ဆင်းဆင်းရဲရဲနေနေရသည့် မိန်းကလေးကို သနားမဆုံးဖြစ်နေလေသည်။

"ဘုရင်ကြီးမှာ မကောင်းဆိုးဝါးစီးနေတဲ့ ဝေဒနာမျိုး ဖြစ်နေတယ်ကွယ်၊ သမီးရဲ့ ဂီတသံဟာ နာမည်ကျော်သလောက် အစွမ်းထက်ပြီး၊ ဘုရင်ကြီးမှာ ကပ်ငြိနေတဲ့ အပ ပယောဂတွေကို ဖယ်ရှားပေးနိုင်မယ်ဆိုရင် သမီးကို မိဖုရားကြီး ချီးမြှောက်တော်မူမယ်"

ဘုရင်ကြီး၏ အိပ်ဆောင်တော်မှာ အနက်ရောင်ခန်းဆီးများနှင့် အလင်းရောင်ကို ကာဆီးထား၏။ အားနည်းလှသော ဖယောင်းတိုင်ကလေးများ၏ အလင်းရောင်မှာ သနားစဖွယ်ဖြစ်နေသည်။





ခန်းမဆောင်ထဲတွင် ဝတ်စုံနက်များဝတ်ထားသည့် မှူးကြီးမတ်ရာများ၏ မျက်နှာတွင် ကြေကွဲဝမ်းနည်းသည့် အသွင်ကို ဆောင်လျက်ရှိကြ၏။ သူ့ခန္ဓာကိုယ်ကို သင်္ဂြိုဟ်မြှုပ်နှံနိုင်းနေသည့် ဘုရင်ကြီးသည် ရင်ဘတ်ပေါ် လက်တင်ကာ အလောင်းကောင်တစ်ခုပမာ မလှုပ်မယှက်ငြိမ်သက်နေ၏။

ဘုရင်မကြီးက ဂျာစင်တာကို နေရာချပေးလိုက်သည်။ မိန်းကလေးသည် ဖျတ်စောင်းကြိုးကလေးများကို အသာအယာတို့ထိလိုက်၏။ ပြီးသည်နှင့် ယုံကြည်မှုအပြည့်ဖြင့်ဆက်၍ တီးခတ်လေတော့သည်။

လူသားတို့၏နားတွင် မကြားစဖူးသော ဂီတသံစဉ်သည် အခန်းထဲတွင် ငြိမ့်ညောင်းနာပျော်ဖွယ် တဖြည်းဖြည်းပျံ့လွင့်လာလေသည်။

သူ့ကိုယ်သူ ဝိညာဉ်လောကထဲရောက်နေပြီဟုထင်နေသည့် ဘုရင်ကြီးသည် တေးသံစဉ်ကို နတ်စောင်းသံဟုထင်မှတ်လျက်ရှိနေ၏။

တဖြည်းဖြည်းနှင့် သံစဉ်ပြောင်းသွားသည်။ အလမ္ဗရာ၏အလှကို ဖွဲ့ဆိုထားသည့် ရှေးဟောင်းအာရပ်တေးသွားတစ်ပုဒ် ထွက်လာသည်။ ဂျာစင်တာသည် ဖျတ်စောင်းထဲတွင် စိတ်ကိုနှစ်ထားပြီး တီးခတ်ရင်း သူကိုယ်တိုင် တေးသွားထဲတွင် မျောပါနေတော့၏။ တကယ်တွင် အလမ္ဗရာသည် မိမိ၏ ဆွေးမြေ့ဖွယ်ရာ၊ အချစ်ဇာတ်လမ်းနှင့် ဆက်စပ်နေသည် မဟုတ်ပါလား။

ငွေဖျတ်စောင်းသံသည် တစ်ခန်းလုံးအပြည့်အလျှံ ပဲ့တင်နေလေ၏။ ဂီတသံသည် ဘုရင်ကြီး၏အသည်းနှလုံးသို့တိုင် စိမ့်ဝင်သွားလေပြီ။ ခဏကြာတော့ ခေါင်းထောင်ပြီး ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။ နောက် ထထိုင်သည်။ မျက်လုံးတွေ တဖျတ်ဖျတ် အရောင်တောက်လာသည်။ နောက်ဆုံး ကြမ်းပြင်ပေါ်သို့ ခုန်ဆင်းကာ လက်သုံးတော်ဓားချက်ချင်းဆက်သဖို့ တောင်းတော့၏။

ဂျာစင်တာ၏ ဖျတ်စောင်းသံသည် ဘုရင်ကြီးထံမှ အမှောင့်ပယောဂများကို နှင်ထုတ်နိုင်ခဲ့လေပြီ။ ပြတင်းပေါက်တွေဖွင့်လိုက်တော့ တောက်ပသည့် စပိန်နိုင်ငံ၏ နေရောင်ခြည်ကြောင့် အခန်းထဲတွင် လင်းထိန်သွားလေသည်။

သည်တော့မှ အားလုံး၏မျက်လုံးများသည် ဖျတ်စောင်းသမကလေးဆီသို့ ရောက်လာကြတော့သည်။ ငွေဖျတ်စောင်းကလေး ဂျာစင်တာ့လက်ထဲမှ လွတ်ကျသွား၏။ ဒူးညွှတ်ခွေကျတော့မည့်ဆဲဆဲတွင် ချစ်သူရင်ခွင်ထဲသို့ ဂျာစင်တာရောက်သွားလေတော့သည်။ ပြေးလာထွေးပွေ့သူက ရုဒ်ဒီဂိုလာကွန်း။

မကြာခင်အချိန်အတွင်း နန်းတော်ထဲတွင် အလမ္ဗရာနှင်းဆီကလေး

www.burmeseclassic.com



နှင့် မင်းလုလင်ကလေးတို့ မင်္ဂလာပွဲကြီးတခမ်းတနား ဝှံချီးကျင်းပဖြစ်လေသည်။ ဂျာစင်တာသည် ရွှေနန်းတော်၏ ရတနာကလေးဖြစ်လာလေတော့၏။

* * *

သည်ဇာတ်လမ်း၏ ဇာတ်သိမ်းခန်းကို စာဖတ်သူအချို့က ဘဝင်မကျကြပါ။ တုံးတိတိနိုင်လွန်းလွန်းသည်ဟု ကျွန်တော့်ကိုပြောလာကြပါသည်။ ဂျာစင်တာဆီသို့ ဘာကြောင့် အလာကွန် ပြန်ရောက်မလာကြောင်းလည်း သူတို့ သိချင်ကြ၏။

အဖြစ်က သည်လိုပါ။ အလွန်ရှေးရိုးဆန်ပြီး မာနကြီးလွန်းသော ဖအေလုပ်သူအမတ်ကြီးက လုံးဝသဘောမတူနိုင်သဖြင့် အလာကွန်တစ်ယောက်အားမတန်မာန်လျှော့ခဲ့ရခြင်းဖြစ်သည်။ နောက်တစ်ချက်မှာ ငယ်ရွယ်သူတို့၏ သဘာဝအရ မီးဝေးချိတ်မာဖြစ်သွားခြင်းလည်း ဖြစ်နိုင်ပါ၏။

ဒါဖြင့် မာနကြီးသည့်အမတ်ကြီးက လက်ထပ်ပွဲကို ဘာကြောင့်ခွင့်ပြုရခြင်းပါလဲ။

မိဖုရားကြီး စကားတစ်ခွန်းနှစ်ခွန်းပြောလိုက်ရုံမျှဖြင့် သည်ကိစ္စ ပြေလည်သွားခဲ့သည်။ ဂျာစင်တာကလေးကလည်း ရွှေနန်းတော်တစ်ခုလုံး ဖူးဖူးမှုတ်ထားခြင်းခံရသည့် နှင်းဆီပွင့်ကလေးဖြစ်နေပြီ မဟုတ်လား။ ပြီးတော့ ဂျာစင်တာ၏ စောင်းသံကလည်း လူတို့၏အသည်းနှလုံးကို ညှို့ယူဖမ်းစားနိုင်ခဲ့ပြီလေ။

ဒါဆို အဲဒီငွေဗျတ်စောင်းကလေး နောက်ဆုံးဘာဖြစ်သွားသလဲ။

မေးသင့်ပါသည်။ ငွေဗျတ်စောင်းကလေးမှာ သူတို့မိသားစုနှင့်အတန်ကြာအတူရှိနေပြီး နောက်ဆုံးအခိုးခံရသည်။ ခိုးသူမှာ နန်းတွင်းဂီတအဖွဲ့မှ အဖယ်ရှားခံရသည့် အီတာလျံအဆိုတော်ကြီး ဖာရီနယ်လီဖြစ်သည်ဟု အဆိုရှိကြ၏။

သူကွယ်လွန်သည့်အခါတွင် ဗျတ်စောင်းမှာ အီတလီတွင် တစ်လက်မှ တစ်လက်သို့ပြောင်းပြီး ယင်း၏အစွမ်းသတ္တိကို မသိသူများလက်ဝယ်တွင် လှည့်လည်နေသည်ဆို၏။

နောက်ဆုံး ငွေကိုယ်ထည်သည် လက်ဝတ်ရတနာများဖြစ်ကုန်ပြီး ဗျတ်စောင်းကြိုးများကိုလည်း အခြားကြိုးတပ်တူရိယာများတွင် တပ်ဆင်တီးခတ်ကြသည်ဟုပြောကြ၏။ သည်ကြိုးများတွင်ပင် ဂီတတန်ခိုးအကြွင်းအကျန်





များ ရှိနေသေးသည်ဟုလည်း ဆိုကြ၏။ ယနေ့ကမ္ဘာကျော်နေသော ဂီတပညာရှင်ကြီး 'ပါဂါနီနီ'၏ ဗျတ်စောင်းတွင် သည်ကြိုးများပါဝင်ခဲ့သည်ဟု အများကယုံကြည်လျက်ရှိလေသည်။

*Legend of the Rose of the Alhambra by Washington Irvin*

၂၀၀၃ ခုနှစ်၊ ဇွန်လ၊ သရဖူမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

## တံမြက်စည်းလှည်းသူ

အစ်နေးရှပ်အဂါဘီ ဘဏ္ဍာရေးဝန်ကြီးဖြစ်လာတော့ နီကာဒါးဒီးယားပြည်သူတွေ သိပ်ထူးထူးခြားခြားစိတ်မဝင်စားကြ။ ဆယ့်ခုနစ်နှစ်အတွင်း ဆယ့်ခုနစ်ယောက်မြောက် ဘဏ္ဍာရေးဝန်ကြီးမဟုတ်လား။

သူက တက်လာလာချင်း တိုင်းပြည်အတွင်း အဂတိလိုက်စားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှု ကိစ္စတွေကိုအပြတ်ရှင်းမည်ဟု ကြေညာခဲ့သည်။ ရိုးသားမှုမရှိသူများအတွက် ဆိတ်ကွယ်ရာမရှိစေရဟု မဲဆန္ဒရှင်များကို ကတိပေးသည်။

သူ ပထမဆုံးပြောသည့် ပါလီမန်အဖွင့်မိန့်ခွန်းတွင် "ကျော်မကောင်းကြားမကောင်းဖြစ်နေတဲ့ အဂတိလိုက်စားမှုအားလုံးကို ကျုပ်အပြတ်ရှင်းမယ်" ဟု အတိအလင်းကြေညာသည်။

ဝန်ကြီး၏ ရဲရဲတောက်မိန့်ခွန်းသည် သတင်းစာများတွင် ပါမလာ။ အယ်ဒီတာတို့က သည်ကိစ္စကို သတင်းအဖြစ် မသတ်မှတ်တော့။ သူ့ရှေ့မှသွားလေသူဝန်ကြီး ဆယ့်ခြောက်ယောက်စလုံးလည်း ဘက်ခါစတွင် သည်အတိုင်း အပ်ကြောင်းထပ်သွားကြပြီ မဟုတ်လား။

သို့သော် အစ်နေးရှပ်စ်က သူပြောသည့်အတိုင်း လုပ်သူဖြစ်၏။ သူတက်လာပြီဆိုကတည်းက လက်သံပြောင်ပြောင်နှင့် လုပ်ငန်းစသည်။ ရက်ပိုင်းအတွင်း သွင်းကုန်စာရွက်စာတမ်း အတုလုပ်မှုဖြင့် ကုန်သွယ်ရေး ဝန်ထမ်း





တစ်ဦးကို ထောင်ချပစ်လိုက်၏။ နိုင်ငံခြားငွေလဲလှယ်မှုဥပဒေကို လက်တစ်လုံးခြားလုပ်နေသည့် လက်ဘာနွန်ငွေကုန်သည်တစ်ယောက်ကို အရေးယူလိုက်၏။

နောက်တစ်လအကြာတွင် လာဘ်ယူမှုဖြင့် ရဲမင်းကြီးကို ဖမ်းလိုက်ပြန်သည်။ လေးလအကြာတွင် အမှုကို ကြားနာစစ်ဆေးပြီး ထောင်ဆယ့်ရှစ်လ ချပစ်လိုက်၏။ ဘဏ္ဍာရေးဝန်ကြီးသစ်၏ သတင်းတွေ နေ့စဉ်သတင်းစာများတွင် မျက်နှာဖုံးသတင်းများ ဖြစ်လာ၏။ "တံမြက်စည်းလှည်းနေသည့် ဝန်ကြီး အစ်နေးရှပ်စ်" ဟု ကောင်းချီးပေးရေးသား၏။

ဝန်ကြီး၏ တံမြက်စည်းကို တိုင်းပြည်တွင်အပြစ်ရှိသူတိုင်း ဖိန့်ဖိန့်တုန်အောင် လန့်နေကြပြီ။ အစ်နေးရှပ်စ်သည် မစ္စတာသန့်ရှင်းဟူသည့် အမည်ဖြင့် ဂုဏ်သတင်းကြီးလျက်ရှိ၏။ အဖမ်းအဆီးသတင်းများ၊ ဖြုတ်ထုတ် ထောင်ချသည့်သတင်းများ နေ့စဉ်ပါနေ၏။ နိုင်ငံခေါင်းဆောင် ဝန်ကြီးချုပ်ကိုတောင် ဘဏ္ဍာရေးဝန်ကြီးက စစ်ဆေးနေသည်ဟူသည့် ကောလာဟလများထွက်လျက်ရှိ၏။

ဒေါ်လာတစ်သန်းနှင့်အထက် နိုင်ငံခြားကန်ထရိုက်များကို ဘဏ္ဍာရေးဝန်ကြီးကိုယ်တိုင် စစ်ဆေးသည်။ အတည်ပြုသည်။ အတိုက်အခံများက သူ့နောက်ကို လိုက်ကြ၏။ တန်ပြန်ထောက်လှမ်း စစ်ဆေးကြ၏။ သို့သော် မစ္စတာသန့်ရှင်း၏အမည်ကို စိုးစဉ်းမျှထိခိုက်အောင် မလုပ်နိုင်ကြချေ။

ဤသို့ဖြင့် အစ်နေးရှပ်စ်၏ ဘဏ္ဍာရေးဝန်ကြီးသက်တမ်း တစ်နှစ်ကျော် ကြာလာခဲ့သည်။ အတိုက်အခံများအားလုံး ဦးကျိုးသွားကြ၏။ သူ့အရည်အချင်းကို အသိအမှတ်မပြု၍ မရကြတော့ပြီ။ အလားတူ ဝန်ကြီးချုပ်ကိုယ်တိုင်လည်း သူ့ဘဏ္ဍာရေးဝန်ကြီးကို လက်ရုံးတစ်ဆူအဖြစ် အားကိုးလာရတော့၏။

တစ်နေ့တွင် ဝန်ကြီးချုပ်က ခေါ်ဆွေးနွေးသည်။

"ကျုပ် ခုပဲ မောင်ရင့်ဘတ်ဂျက်အစီရင်ခံစာကို ဖတ်ပြီးတယ် အစ်နေးရှပ်စ်၊ မောင်ရင် ထောက်ပြတာတွေကိုဖတ်ပြီး ကျုပ်လန့်သွားတယ်၊ နိုင်ငံခြားကုမ္ပဏီတွေက ပြည်တွင်းမှာ လာဘ်ထိုးနေရတာ ဒေါ်လာသန်းပေါင်းများစွာလို့ ပြထားတယ်၊ ဒီငွေတွေ ဘယ်လိုလူတွေဆီ ရောက်ကုန်တာလဲ၊ အဲဒါတော့ ကျုပ်သိချင်တယ်"

ဘဏ္ဍာရေးဝန်ကြီးက ဝန်ကြီးချုပ်ကို တည့်တည့်ကြည့်ပြီး ပြောလိုက်သည်။

"လောလောဆယ်တော့ ကျွန်တော် သက်သေပြနိုင်သေးပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးချုပ်၊ ဒါပေမယ့် ကျွန်တော် လိုက်နေပါတယ်၊ အများဆုံး ဖြစ်နိုင်ချေကတော့ ဆွစ်ဇာလန်ဘဏ်တွေကနေ လျှို့ဝှက်စာရင်းနဲ့ အပေးအယူလုပ်နေကြတာပါ"

"ဒါဆို ဒီကောင်တွေကို မိအောင်ဖမ်းပါ၊ မောင်ရင်လိုသမျှ လုပ်ပိုင်ခွင့်တွေ ကျုပ်ပေးမယ်၊ ကက်ဘိနက်ဝန်ကြီးတွေက စလိုက်ပါ၊ သွားလေသူတွေကိုရော၊ လက်ရှိဝန်ကြီးတွေနောက်ကိုပါ လိုက်ပါ၊ နောက်ခံ ဘယ်လောက်တောင့်တောင့် တွေ့ရင်အားလုံးအရေးယူမယ်"

"ဒီလိုတာဝန်မျိုးကို ကျွန်တော်လုပ်ရမယ်ဆိုရင် ဝန်ကြီးချုပ်အနေနဲ့ ကျွန်တော့်ကို အထူးတာဝန်လွှဲအပ်တဲ့ အမိန့်စာတစ်စောင် ထုတ်ပေးဖို့ လိုပါလိမ့်မယ် ခင်ဗျာ"

"ဒီနေ့ ညနေခြောက်နာရီမှာ အဲဒီအမိန့်စာ မောင်ရင့်စားပွဲပေါ်ရောက်နေစေရမယ်"

ဝန်ကြီးချုပ်က ကတိပေးသည်။

"ပြီးတော့ နိုင်ငံခြားကို ကျွန်တော် ခရီးထွက်ရပါလိမ့်မယ်၊ အဲဒီအတွက် အထူးသံတမန်တာဝန်နဲ့ လုပ်ပိုင်ခွင့်ရဖို့လည်း လိုအပ်ပါလိမ့်မယ်"

"အဲဒါလည်း ပြီးပြီးသားထားလိုက်"

"ကျေးဇူးတင်ပါတယ် ဝန်ကြီးချုပ် ခင်ဗျား"

အစ်နေးရှပ်စ် ထရပ်လိုက်သည်။ ဆွေးနွေးပွဲပြီးသွားပြီဟု နားလည်လိုက်သောကြောင့်ဖြစ်၏။ ဝန်ကြီးချုပ်က သူ့ကိုတံခါးဝလိုက်ပို့ရင်း "ရော့ မောင်ရင်၊ ဒါကလေး လိုချင် လိုလိမ့်မယ်၊ မောင်ရင်ရော ကျုပ်ပါ ရန်သူများမှာ သေချာတယ်" ဟု ပြောပြီး အော်တိုမစ်တစ်သေနတ်ကလေး သူ့လက်ထဲ ထည့်ပေးသည်။

ဘဏ္ဍာရေးဝန်ကြီးက ဝန်ကြီးချုပ်လက်ထဲမှ သေနတ်ကလေးကို ခပ်ကြောင်ကြောင်နှင့် လှမ်းယူပြီး ကျေးဇူးတင်ကြောင်း ဗလုံးဗထွေးပြောလိုက်၏။ သူ့ရုံးခန်းရှိရာသို့ ဘဏ္ဍာရေးဝန်ကြီးကားမောင်းပြန်လာခဲ့၏။

နီကားဒီယား ဗဟိုဘဏ်ဥက္ကဋ္ဌကိုရော၊ သူ့အထက်တန်း အရာရှိများကိုပါ အသိမပေးဘဲ အစ်နေးရှပ်စ်သည် သူ့သေတနလုပ်ငန်းကို တစ်ကိုယ်တော် စတင်လေသည်။ ညညတွင် မအိပ်ဘဲ သုတေသနလုပ်ငန်းကို တစ်ယောက်တည်းလုပ်သည်။ လေ့လာတွေ့ရှိသမျှကို ဘယ်သူနှင့်မျှ မဆွေးနွေးသုံးလကြာသောအခါ တိုက်ပွဲစဖို့ သူအသင့်ဖြစ်နေပြီ။

ဝန်ကြီးသည် ဩဂုတ်လထဲတွင် ခရီးထွက်ဖို့ စီစဉ်လိုက်သည်။ ဘယ်





နိုင်ငံသို့ သွားကြောင်း ဘယ်သူမှမသိရ။ သူတို့တိုင်းပြည်တွင် ဩဂုတ်လသည် အနားယူကြသည့်လဖြစ်၍ သူခရီးထွက်မည့်ကိစ္စကို ဘယ်သူမှ အာရုံမထားကြ။

ဇနီးနှင့်အတူ ကလေးနှစ်ယောက်ပါ ခေါ်သွားသည်။ အတွင်းရေးအတွင်းဝန်ကို အော်လန်ဒိုသို့ လေယာဉ်လက်မှတ် စီစဉ်ခိုင်းလိုက်၏။ ကုန်ကျစရိတ်ကို မိမိစာရင်းမှ ကျခံရန်လည်းအမိန့်ပေးလိုက်၏။

ဖလော်ဒါရီကိုရောက်တော့ မားရီယော့ဟိုတယ်တွင် တည်းသည်။ နောက်တစ်နေ့တွင် အရေးတကြီးကိစ္စနှင့် နယူးယောက်သို့ သွားရန်ရှိကြောင်း၊ အနားယူမည့်ကာလတွင် သားအမိတွေချည်း ပျော်ကြရန်မှာခဲ့၏။

နောက်တစ်နေ့တွင် မိသားစုကို ဒစ်စနေဥယျာဉ်သို့ပို့ခဲ့ပြီး သူက နယူးယောက်မှ ကနေဒီလေဆိပ်သို့ တက္ကဆီနှင့်သွားလျှင် ခဏလေးရောက်၏။ ကနေဒီလေဆိပ်တွင် အဝတ်အစားလဲသည်။ ဆွစ်လေကြောင်း ကုမ္ပဏီတွင် ဂျနီဗာကမ္ဘာ လှည့်ခရီးသည်လက်မှတ် အသွားအပြန်ဝယ်သည်။ ပြီးတော့ လေယာဉ်ပေါ်သို့ အသာကလေးတက်လိုက်ခဲ့၏။ ဘယ်သူမှ သူ့ကို ဂရုမစိုက်ကြ။

ဂျနီဗာရောက်တော့ မထင်မရှားဟိုတယ်ကလေးတစ်ခုတွင် နေရာယူပြီး ရှစ်နာရီလုံးလုံး တောက်လျှောက် အိပ်ပစ်လိုက်သည်။ နောက်တစ်နေ့မနက်စာစားရင်း အိမ်တွင်လေ့လာခဲ့သည့် ဂျနီဗာဘဏ်များ၏စာရင်းကို ပြန်ကြည့်သည်။ မိမိလက်ရေးဖြင့် ရေးယူလာသည့် ဘဏ်အမည်များ ဖြစ်သည်။

တည်းသည့်ဟိုတယ်နှင့် အနီးဆုံး 'ဂါဘာအက်စီဘဏ်' နှင့် အလုပ်စဖို့ ဆုံးဖြတ်လိုက်၏။ ဖုန်းဆက်ပြီးလှမ်းချိန်းလိုက်သည်။ ဘဏ်ဥက္ကဋ္ဌက ဆယ့်နှစ်နာရီတွင်တွေ့ဖို့ သဘောတူသည်။

ခပ်နွမ်းနွမ်း ခရီးဆောင်သေတ္တာကိုဆွဲပြီး ချိန်းထားသည့်အချိန်ထက် မိနစ်အနည်းငယ်စော၍ အစ်နေးရှပ်စ်ရောက်သည်။ ထူးထူးခြားခြားရောက်လာသည့် နီကားဒီယားဝန်ကြီးကို မီးခိုးရောင်ဝတ်စုံနှင့် သပ်သပ်ရပ်ရပ် လူငယ်တစ်ယောက်က စောင့်ကြိုနေသည်။ ဝန်ကြီးကို ဦးညွှတ်အရိုအသေပြုရင်း သူကိုယ်သူ ဘဏ်ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိဖြစ်ကြောင်းပြောကာ မိတ်ဆက်သည်။ ဝန်ကြီးနှင့်တွေ့ဖို့ ဘဏ်ဥက္ကဋ္ဌကြီးအသင့်စောင့်နေကြောင်းပြောပြီး ခေါ်သွားသည်။

လမ်းတွင် တစ်ယောက်မျှစကားမပြောကြ။ လူရွယ်က ဥက္ကဋ္ဌ၏ အခန်းတံခါးကို တိုးတိုးခေါက်ပြီး ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နီကာရာဂွါ ဘဏ္ဍာရေးဝန်ကြီးပါ ခင်ဗျား" ဟု မိတ်ဆက်ပေး၏။ ဘဏ်ဥက္ကဋ္ဌက ပျာပျာသလဲထလာပြီး ဝန်ကြီးအားကြိုသည်။ ဥက္ကဋ္ဌ ကိုယ်တိုင်လည်း မီးခိုးရောင်သက္ကလပ်ဝတ်စုံကို ဝတ်ထားကြောင်း ဝန်ကြီး သတိထားလိုက်မိ၏။

"မင်္ဂလာပါ ဝန်ကြီးခင်ဗျား၊ ထိုင်ပါခင်ဗျာ၊ ကျွန်တော်တို့နှစ်ယောက်အတွက် ကော်ဖီလုပ်ခိုင်းထားပါတယ်၊ ဝန်ကြီးလက်ခံမယ်လို့ မျှော်လင့်ပါတယ်ခင်ဗျာ"

အစ်နေးရှပ်စ် ခေါင်းညိတ်ပြလိုက်သည်။ သေတ္တာကို ကုလားထိုင်နံဘေးတွင် ထောင်ပြီးချထားလိုက်၏။ ပြီးတော့ ဧရာမမှန်ပြတင်းများမှ အပြင်သို့ လှမ်းကြည့်လိုက်သည်။ လှပသည့်ရှုခင်းကိုကြည့်ပြီး ဝန်ကြီးက ချီးမွမ်းစကားအနည်းငယ်ဆိုသည်။ မိန်းကလေးတစ်ယောက် ကော်ဖီဗန်းနှင့် ဝင်လာသည်။ မိန်းကလေး ပြန်ထွက်သွားလျှင်သွားချင်း ဝန်ကြီးက အလုပ်အကြောင်းတန်းစသည်။

"ဥက္ကဋ္ဌကြီးရဲ့ဘဏ်ကို ထူးထူးခြားခြား အကူအညီတစ်ခုတောင်းဖို့ ကျွန်တော့်ဝန်ကြီးချုပ်က တာဝန်ပေးလိုက်လို့ ကျွန်တော်ရောက်လာတာပါ" ဟု စကားစသည်။ ဘဏ်ဥက္ကဋ္ဌကြီးရော သူ့ကိုယ်ရေးအရာရှိပါ ဘာမှမထူးဆန်း သလို နားထောင်နေကြ၏။

"ကျွန်တော့်ဝန်ကြီးချုပ်က လူကြီးမင်းရဲ့ဘဏ်မှာ လျှို့ဝှက်စာရင်းဖွင့်ထားတဲ့ နီကာရာဂွါနိုင်ငံသားတွေရဲ့ အမည်စာရင်းကို ရချင်ပါတယ်တဲ့ အဲဒီအတွက်ဆောင်ရွက်ဖို့ ကျွန်တော့်ကို တာဝန်ပေးလိုက်ပါတယ်"

ဝန်ကြီး၏ လာရင်းကိစ္စကိုသိသည်နှင့် ဘဏ်ဥက္ကဋ္ဌ၏ နှုတ်ခမ်းလှုပ်လာသည်။

"အဲဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ လုံးဝ .."

"ကျွန်တော့်ကို ဖြတ်ပြောခွင့်ပြုပါ။ ကျွန်တော် ခုရောက်လာတဲ့ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ ကျွန်တော့်အစိုးရရဲ့ အာဏာကုန်လွှဲအပ်ထားတဲ့ အခွင့်အာဏာပါလာပါတယ်"

ဝန်ကြီးက စာအိတ်တစ်လုံးထုတ်ပြီး ဘဏ်ဥက္ကဋ္ဌအား ကမ်းပေးသည်။ ဥက္ကဋ္ဌက ခပ်ဖြည်းဖြည်းဖောက်ဖတ်၏။ စာဖတ်ပြီးတော့ လည်ချောင်းရှင်းစာကို စာအိတ်ထဲပြန်ထည့်၊ ဝန်ကြီးဆီသို့ပြန်ပေးရင်း စကားစသည်။

"ဝန်ကြီးခင်ဗျား၊ ကျွန်တော်ရှင်းပြပါရစေ။ ဝန်ကြီးရဲ့စာက ကျွန်တော်တို့တိုင်းပြည်မှာ သိပ်ပြီးအရာရောက်လိမ့်မယ် မထင်ပါဘူး၊ ဝန်ကြီးမှာ ဝန်ကြီး





ချုပ်ရဲ့ အာဏာကုန်လွှဲအပ်ခြင်းရော၊ အထူးသံအခွင့်အရေးများပါ ရှိထားတယ်ဆိုတာ ကျွန်တော်ယုံပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့လက်ရှိ ဘဏ်စည်းမျဉ်းဥပဒေကို အဲဒါတွေက မကျော်လွှားနိုင်ပါဘူး။ ကျွန်တော်တို့ရဲ့ ထိပ်တန်းလျှို့ဝှက်စနစ်ဟာ အင်မတန်တိကျခိုင်မာပါတယ်။ ကာယကံရှင်ရဲ့ ခွင့်ပြုချက်မရှိဘဲ ဘယ်သူ့ကိုမှ အမည်ထုတ်ဖော်ခွင့် မရှိပါဘူး၊ ကျွန်တော်တို့ ဘယ်လိုမှ အကူအညီမပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး ခင်ဗျား"

ဘဏ်ဥက္ကဋ္ဌက မတ်တတ်ထလိုက်သည်။ အစည်းအဝေးပြီးပြီ ဟူသည့်အဓိပ္ပာယ်။ သို့သော် တံမြက်စည်းလှည်းသည့်ဝန်ကြီးက မလျှော့သေး။ ပို၍ပျော့ပျောင်းသည့်အသံဖြင့် စကားဆက်သည်။

"ကျွန်တော့်ဝန်ကြီးချုပ်က ကျွန်တော့်ကို သီးသန့်တာဝန်တစ်ခုလည်း ပေးလိုက်သေးတယ် ခင်ဗျ၊ ဥက္ကဋ္ဌကြီးရဲ့တိုင်းပြည်နဲ့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဘဏ္ဍာရေးတာဝန်အားလုံးကို ကျွန်တော့်ကို ဆုံးဖြတ်ခွင့်ပေးလိုက်ပါတယ်"

"ဝန်ကြီးခင်ဗျား၊ ဒီစကားမျိုးကြားရတာ ကျွန်တော့်အနေနဲ့ ဂုဏ်ယူလို့ မဆုံးနိုင်အောင်ပါပဲ၊ ဒါပေမယ့် ကျွန်တော့်တို့ဘဏ်ရဲ့ လျှို့ဝှက်ငွေစာရင်းကိစ္စနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့မူကို လုံးဝ မလျှော့နိုင်ပါဘူးခင်ဗျာ"

နီကာရာဂွါ ဘဏ္ဍာရေးဝန်ကြီးသည် ယခုအချိန်အထိ လုံးဝရာခိုင်နှုန်း ကျေနပ်မှု ပျက်ပြားခြင်း မရှိသေးပေ။

"ဒါဆိုရင်တော့ ဘဏ်ဥက္ကဋ္ဌကြီးကို စိတ်မကောင်းစရာ သတင်းတစ်ခု ကျွန်တော် ပေးရတော့မယ် ခင်ဗျ၊ ကျွန်တော်တို့ရဲ့ သံအမတ်ကြီးအနေနဲ့ လူကြီးမင်းရဲ့ဘဏ်ကို နှစ်နိုင်ငံဆက်ဆံရေးမှာ ပူးပေါင်းဆောင်ရွက်မှု နည်းပါးခြင်းကိစ္စနဲ့ပတ်သက်ပြီး ဆွစ်အစိုးရကို ကန့်ကွက်စာပေးပို့ရပါလိမ့်မယ်"

ဝန်ကြီးက သူ့စကားလုံးများကို ဘဏ်ဥက္ကဋ္ဌခေါင်းထဲသို့ တစ်လုံးချင်း ရိုက်သွင်းနေသလို အလေးအနက်ပြောနေခြင်းဖြစ်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ဖြစ်လာမယ့် လှိုင်းဂယက်တွေကို ဥက္ကဋ္ဌကြီး ရင်ဆိုင်ချင်မယ် မထင်ပါဘူး၊ အဲဒါကို ဥက္ကဋ္ဌကြီး လွယ်လွယ်လေး ရှောင်ကွင်းနိုင်သားပဲ၊ ကျွန်တော့်ကို ကျွန်တော်လိုချင်တဲ့ လူစာရင်းအနည်းအကျဉ်း ပေးလိုက်ရုံပါပဲ၊ မဟုတ်ဘူးလား ဥက္ကဋ္ဌကြီး"

"ကျွန်တော့်ကို ခုလို အကြံဉာဏ်ပေးတာကို ကျေးဇူးတင်ပါတယ် ဝန်ကြီးခင်ဗျား၊ အဲဒီလိုမဖြစ်နိုင်တဲ့အကြောင်းကို ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးဝန်ကြီးက ဝန်ကြီးရဲ့သံအမတ်ကြီးကို ရှင်းပြပေးပါလိမ့်မယ် ခင်ဗျား၊ လျှို့ဝှက်ဘဏ်စာရင်းကိစ္စဟာ ကျွန်တော်တို့ဘဏ်လုပ်ငန်းရဲ့ အသက်ပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ရဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနကို ဆွစ်လျှို့ဝှက်ဘဏ်စာရင်းရှင်တွေနဲ့ ပတ်သက်တဲ့ ငွေပေးငွေယူကိစ္စတွေကို ရပ်ဆိုင်းပစ်ဖို့ ကျွန်တော်ညွှန်ကြားရပါလိမ့်မယ်။ လူကြီးမင်းတို့က ဒီနာမည်တွေကို ဖော်ထုတ်ဖို့ ဆက်ပြီးငြင်းဆိုနေရင်ပေါ့လေ"

"အဲဒါကတော့ ဝန်ကြီးရဲ့လုပ်ပိုင်ခွင့်ပါ ခင်ဗျာ"

ဘဏ်ဥက္ကဋ္ဌ လုံးဝ ဣန္ဒြေမပျက်။

"နောက်တစ်ခုရှိသေးတယ် ဥက္ကဋ္ဌကြီး၊ ဆွစ်အစိုးရနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဘဏ္ဍာရေးဆက်ဆံမှုတွေကိုလည်း ကျွန်တော် ပြန်စဉ်းစားရပါလိမ့်မယ်၊ စာချုပ်စာတမ်းတိုင်းမှာ ပြစ်ဒဏ်နဲ့တာဝန်ယူရမယ့်အပိုင်းတွေပါစမြဲပါ"

"အဲဒီကိစ္စနဲ့ပတ်သက်လို့ကတော့ ဝန်ကြီးအနေနဲ့သိပ်များ ဆန္ဒစောနေမလား ခင်ဗျား"

"ဒီမယ် ဥက္ကဋ္ဌ၊ ကျွန်တော်လိုချင်တာ ရဖို့ဆိုရင် ခင်ဗျားအစိုးရဘာဖြစ်ဖြစ် ဂရုမစိုက်ဘူး၊ အဲဒီနာမည်တွေရမလား"

"ကျွန်တော်တို့ရဲ့ ဘဏ်စည်းမျဉ်းတွေက အင်မတန်တင်းကျပ်တဲ့အကြောင်း ကျွန်တော်ပြောပြီးပါပြီ ဝန်ကြီးခင်ဗျား"

"အဲဒါဆိုရင်တော့ ကျွန်တော်တို့ ဟိုဘက်ဒီဘက် သံရုံးတွေ ပိတ်လိုက်ရုံကလွဲပြီး အခြားမရှိတော့ပြီပေါ့ ဥက္ကဋ္ဌကြီး"

"ကျွန်တော်တို့ ဘဏ်ရဲ့ ဂုဏ်သိက္ခာဟာ ဒါပဲရှိတာပါ ဝန်ကြီးခင်ဗျား၊ ဒီကိစ္စကို ကျွန်တော်တယ်လိုမှ ချိုးဖောက်ပြောင်းလဲနိုင်ခွင့် မရှိပါဘူးခင်ဗျား"

"ခင်ဗျား အဲဒီလိုဆက်ပြီးခေါင်းမာနေမယ်ဆိုရင် နှစ်နိုင်ငံ သံအဆက်အသွယ်ပြတ်သွားတဲ့အထိ ဖြစ်နိုင်တယ်နော် ဥက္ကဋ္ဌကြီး၊ တရားခံဟာလည်း ခင်ဗျားဖြစ်သွားနိုင်တယ်"

ပထမဆုံးအကြိမ်အဖြစ် ဘဏ်ဥက္ကဋ္ဌမျက်ခုံးများ မြင့်တက်သွားသည်။

နီကားဒီးယား ဘဏ္ဍာရေးဝန်ကြီးက ဖိပြောသည်။

"နောက်တစ်ခု ရှိသေးတယ်ဗျ၊ ကျွန်တော် ဒီကအပြန် လန်ဒန်မှာ သတင်းစာရှင်းလင်းပွဲတစ်ခု လုပ်ဖို့ရှိတယ်၊ ခင်ဗျားတို့ဘဏ်ရဲ့ သဘောထားနဲ့အမြင်ကို ကျွန်တော် ထည့်မပြောလို့ရမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့လိုနိုင်ငံရဲ့ လူကြီးမင်းတို့ ဘဏ်အပေါ် သဘောထားဟာ အင်း.. ခင်ဗျားတို့ဘဏ်အတွက် အနာဂတ် မကောင်းနိုင်ဘူးထင်တယ်"

ဘဏ္ဍာရေးဝန်ကြီးက အခြေအနေကို စောင့်ကြည့်နေသည်။ သို့သော် ဘဏ်ဥက္ကဋ္ဌက တုံ့ဏှိဘာဝေလုပ်နေပြန်သည်။





"ဒါဆိုရင်တော့ ခင်ဗျားကျုပ်ကို ရွေးစရာလမ်းရှာပေးလိုက်တာပေါ့ဟုတ်လား"

ဝန်ကြီးက ထိုင်လို့ကောင်းလှသည့် သားရေကုလားထိုင်ကြီးမှ ထရပ်လိုက်သည်။ အင်း .. ခုမှပဲ ကိစ္စပြတ်ခြင်းပါကလားဟု သက်ပြင်းချပြီး ဘဏ်ဥက္ကဋ္ဌကလည်း မတ်တတ်ထရပ်လိုက်၏။ လက်ကိုဆန့်ပေး၏။ ဤတွင် မမျှော်လင့်သည့်အဖြစ်အပျက်နှင့် မျက်ကလူးဆန်ပျာ ကြုံလိုက်ရခြင်းဖြစ်သည်။

နီကားဒီးယား ဘဏ္ဍာရေးဝန်ကြီးသည် အိတ်ထဲမှ ပစ္စတိုကို ထုတ်ကာ ဘဏ်ဥက္ကဋ္ဌနားထင်ကို ထောက်လိုက်သည်။ ဘဏ်ဥက္ကဋ္ဌရော သူ့ကိုယ်ရေးအရာရှိပါ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"ကျုပ်လိုချင်တဲ့ နာမည်တွေပေးမလား၊ ခင်ဗျားဦးနှောက်တွေ စားပွဲပေါ်တွက်အကျခံမလား၊ ကျုပ်ပြောတာ ရှင်းတယ်နော်"

ဥက္ကဋ္ဌနဖူးပြင်ပေါ်တွင် ချွေးတွေချက်ချင်း ဥလာသည်။

"ခင်ဗျားပြီးရင် သူ့အလှည့်"

ဝန်ကြီးက ကိုယ်ရေးအရာရှိလူရွယ်ကို မေးငေါ့ပြလိုက်၏။ လူရွယ်သည် အကြောက်လွန်ကာ ဆတ်ဆတ်တုန်နေ၏။ သူ့ကို စိုက်ကြည့်ပြီး တည်ငြိမ်စွာ အမိန့်ပေးလိုက်သည်။

"ကဲ .. ကျုပ်လိုချင်တဲ့ လျှို့ဝှက်စာရင်းနံပါတ်တွေကို ပေး၊ မပေးရင် မင်း ဥက္ကဋ္ဌ အရင်ကြွမယ်၊ ပြီးတော့ မင်း၊ ရှင်းတယ်နော်"

လူရွယ်က သူ့ဥက္ကဋ္ဌကို လှမ်းကြည့်သည်။ ဥက္ကဋ္ဌကိုယ်တိုင်လည်း ဆတ်ဆတ်တုန်နေပြီ။ သို့သော် သူ့အသံ တည်တည်ငြိမ်ငြိမ် ထွက်လာ၏။

"မပေးနဲ့၊ အဲဒီနာမည်တွေ မင်းမပြောရဘူး"

"အမိန့်အတိုင်းပါ ခင်ဗျာ"

လူရွယ်၏အသံ ခပ်တိုးတိုးထွက်လာသည်။

"ခင်ဗျားကို ကျုပ် အခွင့်အရေးပေးတယ်နော်"

ပြောရင်း ဝန်ကြီးက ချောက်ခနဲ သေနတ်မောင်းကို ဆွဲတင်လိုက်၏။ ဥက္ကဋ္ဌတစ်ကိုယ်လုံး ချွေးတွေစက်စက်နှစ်နေပြီ။ ကိုယ်ရေးအရာရှိ လူငယ်က မျက်နှာလွှဲလိုက်ပြီး သေနတ်သံကို အသက်မရှူနိုင်ဘဲ စောင့်နေ၏။

"နိုပ်တယ်၊ နိုပ်တယ်၊ အရမ်းနိုပ်တယ်"

ဝန်ကြီးသေနတ်ကို ပြန်ချလိုက်သည်။ ဘဏ်ဥက္ကဋ္ဌနှင့် သူ့ကိုယ်ရေးအရာရှိမှာ ဆတ်ဆတ်တုန်နေဆဲ။ ဝန်ကြီးက ထိုင်ခုံတွင်ပြန်ထိုင်၏။ နံဘေးတွင်ထောင်ထားသည့် တစ်ပတ်နွမ်းခရီးဆောင်အိတ်ကို ကောက်ယူပြီး ဥက္ကဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com



ရှူးစားပွဲ ပေါ်တင်လိုက်သည်။ ပြီးတော့ မောင်းသော့ကလေးနှစ်ဖက်ကို နှိပ်ပြီး ဖွင့်လိုက်၏။

ဘဏ်ဥက္ကဋ္ဌနှင့်သူ့ကိုယ်ရေးအရာရှိတို့သည် အိတ်ထဲတွင် စီစီညီညီ အတန်းလိုက် အတန်းလိုက် ထည့်ထားသည့် ဒေါ်လာတစ်ရာတန် ငွေစက္ကူထုပ်များကို မျက်လုံးအပြူးသားနှင့် စိုက်ကြည့်နေကြ၏။ ဥက္ကဋ္ဌက စိတ်တွက်နှင့် ချက်ချင်းတွက်ကြည့်လိုက်သည်။ အနည်းဆုံး ဒေါ်လာငါးသန်းလောက် ရှိလိမ့်မည်။

"ကျွန်တော် ကြိုက်သွားပြီ၊ ကဲ .. ကျွန်တော့်အတွက် စာရင်းဖွင့်ဖို့ ဘာတွေဆက်လုပ်ရမလဲဆိုတာ အမိန့်ရှိကြဗျာ"

*Clean Sweep Ignatius by Jeffery Archer*

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ၊ သည်းထိတ်ဖိုမဂ္ဂဇင်း

## ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်ထုတ် ရန်အောင်စာပေ-၂ စာအုပ်များ


၁၇။ မောင်ထွန်းသူ ✤ ဝက်ပါ
၁၈။ နတ်နွယ် ✤ တံခွန်တိုင်မောင်နှမများ
၁၉။ ချစ်ဦးညို ✤ အဆိပ်နှင့်ကမ္ဘာတစ်သိန်း
၂၀။ တွင်းကြီးဝမ်းမောင် ✤ တော်းလေ့ဝတ္ထုတိုများ (၁+၂)
၂၁။ ချမ်းမြေအောင် ✤ ဝင်ကစွပ်ခရုအိမ်
၂၂။ (မောင်စိန်ဝင်း၊ ဇော်ဇင်၊ စုထား) ✤ ဖွဲ့လန်းရာ တိမ်အနီးက ကေရယ်
၂၃။ စိန်လွင်လေး ✤ မင်းတရားရွှေထီးနှင့်ဘုရင့်နောင်
၂၄။ မင်းလူ ✤ မိညီမ
၂၅။ မောင်မိုးသူ ✤ ရိုလာကိုစတာ
၂၆။ ရန်အောင် ✤ အောင်လံသားကွနှင့် အခြားဝတ္ထုတိုများ
၂၇။ တင်မောင်မြင့် ✤ သံမဏိလိပ်ပြာ
၂၈။ ချစ်ဦးညို ✤ ဒုဋ္ဌဂါမဏိ
၂၉။ ယုဝတီခင်စိန်လှိုင် ✤ ရန်ကင်းသူ
၃၀။ လင်းယုန်မောင်မောင် ✤ အော်တိုစကောစနီ
၃၁။ နတ်နွယ် ✤ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၃၂။ အိကြာကွေး ✤ သေမင်းကိုယ်တိုင်သေချင်တယ်နှင့် အခြားဝတ္ထုတိုများ
၃၃။ ချစ်ဦးညို ✤ စစ်သူကြီးဒလဗန်းနှင့် အခြားရာဇဝင်ဝတ္ထုရှည်များ

ယခုလ

၃၄။ တင်မောင်မြင့် ✤ အတိတ်ခြေရာ-၂

ဆက်လက်၍

၃၅။ ရွှေကူမေနှင်း ✤ ပိန်းရွက်ပေါ်မှ မိုးစက်များနှင့် အခြားဝတ္ထုတိုများ
၃၆။ စိန်လွင်လေး ✤ နတ်သျှင်နောင်နှင့် ခါတုကလျာ
၃၇။ ။ ✤ မြန်မာ့စစ်မှတ်တမ်းများနှင့် သေနင်္ဂဗျူဟာများ
၃၈။ ရွှေစကြာ ✤ စစ်ကိုင်းမင်းသား
၃၉။ အောင်လင်း ✤ ဗေဒါနှင့် မောင့်မမငြိမ်း
၄၀။ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) ✤ ကမောက်ကမဟာသတ်စရာ
၄၁။ အိကြာကွေး ✤ မိမိကိုယ်ကိုပြန်လည်တွေ့ရှိခြင်းနှင့် အခြားဟာသဝတ္ထု
၄၂။ တင်မောင်မြင့် ✤ တမ်းတတတ်သည် (၁+၂)
၄၃။ သုမောင် ✤ အချစ်-၂
၄၄။ နတ်နွယ် ✤ ပျံလေသည့်ငှက်ခါး
၄၅။ မင်းလူ ✤ သံယောဇဉ်အဖွဲ့


www.burmeseclassic.com